ဟော်ဒ္ဒိစာပေ

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း

BURMESE CLASSIC .com

- ဥပဒေကို
  လက်တစ်လုံးခြား လုပ်၍မရ။
- ရာဇဝတ်ဘေး
  ဘယ်ခါမှ ပြေး၍မလွတ်။
- လူ့ပြည်မှာ
  အမှုမပွေ့ကြပါနှင့်...။
- ဥပဒေဘောင်အတွင်း နေထိုင်ခြင်းဖြင့်
  အေးချမ်းသာယာပါလိမ့်မည်...။



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုး တက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။ (စိုက်ပျိုးရေးကို ဝိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင် ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။)
- ဈေးကွက်စီးပွားရေးစနစ် ပြည့်ဝစွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည် မြင့်မားရေး။

မဂ္ဂဇင်း

⊛ မောင်မောင်မြင့်အား စီစဉ်မွမ်းမံတည်းဖြတ်သည်။


## အယ်ဒီတာအဖွဲ့

ဦးသန့်

နန္ဒာမိုးကြယ်

ကေလတ်

## ထုတ်ဝေသူ

ဒေါ်ပြုံး(မြဲ-၀၂၉၆၀)

အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

## ပုံနှိပ်သူ

စန္ဒာညွန့် ပုံနှိပ်တိုက်

အမှတ် - ၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၅၄၆၀

## အယ်ဒီတာအဖွဲ့ နှင့် ဖြန့်ချိရေး

လာဘ်မိုးရွှေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅


www.burmeseclassic.com

www.burmeseclassic.com

# မြစ်မှု

မဂ္ဂဇင်း

## မာတိကာ

၂၀၁၃ ခုနှစ်၊ ဇွန်လ၊ အမှတ် (၂၁၃)

### ကဗျာ မြစ်မှု

သားထက်ချွေး၊ မောင်စိမ်းနိုး၊ နွေနှောင်း(အိမ်မဲ)၊ မင်းထက်သားညီ(တောင်ငူ)၊ ခုမှန်ဦး(ဟသ်ာတ)၊ မောင်မိုးလှိုင်(သစ္စာမြေ)၊ မောင်စိုးစမ်း(သဲကုန်း)၊ အံပွား(စလေ)။

### ကာတွန်း မြစ်မှု

မြေဇာ၊ သိန်းထွန်း၊ ကျီးမနီးတင်ဝင်း(ပေါင်းတည်)၊ Ko Tay၊ မြေရိုင်း၊ ကိုငယ်၊ မြင့်သန်း(မင်္ဂလာဒုံ)၊ သူရိန်။

### [illegible]

မြစ်မှုစာအုပ်စင်
[illegible] ---------- [illegible]
သုခုမသတင်းလွှာ
[illegible] ---------- [illegible]

### ဥပဒေ မြစ်မှု

နောင်မှ အကြံရ၍ ထုချေချက်
[illegible] ---------- [illegible]
နိုင်ငံကြီးသား ပီသဖို့
[illegible] ---------- [illegible]
ဖိုးတွမ်တီးနှင့် ဆင်ခြင်တုံတရား
ဦးခင်လှိုင်([illegible]) ---------- [illegible]
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
[illegible] ---------- [illegible]
ဥပဒေရေးရာ သုတအဖြာဖြာ
[illegible] ---------- [illegible]

### [illegible]

မြစ်မှုဆိုင်ရာ ရယ်စရာ
[illegible] ---------- [illegible]

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


နန့်ရှူးချောင်း လူသတ်မှု
ခင်မောင်ထွန်း(လမ်းမတော်) ---------- ၄၆

အလွတ်စုံထောက်မြဒင်နှင့် မာယာရှင်
ဇော်မော်သင်း ---------- ၁၇၄

တတိယမျက်လုံး
ဝေဒီကို ---------- ၁၈၂

ဘုံပြုတ်သမားအောင်ဘ၏ ကလဲ့စား
မြသိန်း ---------- ၁၉၄

အမှုတာဝေဒနာ
ရဲကော်ရေချမ်း(သန်လျင်) ---------- ၁၉၈

လော်ကားငါးမွေးကန် ဂျပန်သရဲ
ကျော်မင်းနိုင် ---------- ၂၀၆

သတင်းထောက်ဗီပဇော်နှင့် ကိုယ်ပျောက်ဝိဇ္ဇာမိုးဒင်
ငှညာဦး(ဒီမိုမဲ) ---------- ၂၀၈

ဥပုသ်စောင့်သောကျား
မော်ဟင်-သိန်းဇော်ဒ ---------- ၂၂၆

အကြားအမြင် ဦးဘဆန်းနှင့် ဂဏန်းဘုရားကျိန်စာ
ဧအောင်ဘုန်းမြင့်(ကချင်မြေ) ---------- ၂၃၀

မာနှင့်မသတ် စိတ်နှင့်သတ်
ဝသုန်ဟိန်းထက် ---------- ၂၃၆

ခင်ရာခွေမျိုး ဆိုမယ့်
ဟန်... ---------- ၂၄၆

အသီးတစ်ခိုင် အသက်တစ်ချောင်း
စိန်ဇော်ကို ---------- ၂၅၀

ငှက်မှဆိုး၏ လျှို့ဝှက်ချက်
ကိုပိုက် ---------- ၂၅၄

မိုးတွေညှို့နေသည့်...
ဖါရိုက်တာမျိုးဇော်အောင် ---------- ၂၆၀

ရေဲတစ်သမ်း
ထွဋ်းသစ်(ဗန်းမော်) ---------- ၂၆၆


## နိုင်ငံရပ်ခြားသတင်းပြစ်မှု


အာဖရိကတိုက်မှ ထူးဆန်းသောမှုခင်းများ
ကိုမောင်သန်းဝင်း ---------- ၄၁

လော်ရီကားမောင်းသူ ယာဉ်တိုက်မှု ဖြစ်ပွားပြီး တိမ်းရှောင်ခဲ့သူ (၃)နှစ်ကြာမှ ဖမ်းမိ ထောင်ချ
ကေသီအောင်သိန်း ---------- ၇၉

မလေးရှား ဖဲဝိုင်းဗိုလ်ကြီး ဗိုင်းရုံဖမ်းဆီး အပေါင်ပစ္စည်း ကွန်ပျူတာ ၁၅၁၇ နှင့် ငွေများလက်ရ သိမ်းဆည်းခဲ့
ကေသီအောင်သိန်း ---------- ၁၁၅

ဗုဒ္ဓဆင်းတုတော်နှင့် နတ်ရုပ်ခိုးဂိုဏ်းအား လက်ရဖမ်းဆီးမိ
ကေသီအောင်သိန်း ---------- ၁၃၃

ကမ္ဘာ့အမြင့်ဆုံးတောင်ကြီး ၁၄ လုံးကို ခြေချခဲ့သည့် ဂျပန်တောင်တက်သမား
ညိုမင်းလွင်(မော်ကျွန်း) ---------- ၁၅၁

ဝီကာဆို၏ ပန်းချီကားများ ခိုးသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ
ဦးဦးသိန်း ---------- ၁၆၆

ပါကစ္စတန်မှသည် ကမ္ဘာ့အနှံ့တိုင်အောင်
မြင့်လွင်(ဂျပန်ဘာသာ) ---------- ၁၆၇

သားအသက်မသေရန် ၇ နှစ်လုံးလုံး အသက်ရှူကိရိယာကို လက်ဖြင့်ဖိပေးသော မိဘနှစ်ပါး
ဦးဦးသိန်း ---------- ၁၇၁

မှောင်ခိုကလေးအရောင်းအဝယ်အလုပ် ကြီးထွားနေသည်
မြသိန်း ---------- ၁၈၁

ခွင့်ပြုပမာဏထက်ကျော်သော ဒေါ်လာသယ်မှု
ညိုမင်းလွင်(မော်ကျွန်း) ---------- ၂၀၆

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မျိုးတုံးဘေးရင်ဆိုင်နေသည့် တိရစ္ဆာန်များကို ကုန်သွယ်ခွင့်ပြုသည့် ၇ နိုင်ငံ ပြစ်ဒဏ်ခတ်
ညိုမင်းလွင်(မော်ကျွန်း) ---------- ၂၀၇

အင်တာနက်မှ ဆေးလိပ်သောက်ခြင်း ဆန့်ကျင်ရေးအစီအစဉ်
မောင်မောင်စန်းထွေး ---------- ၂၂၉

ကမ္ဘာကျော်လက္ခဏာပညာရှင်ကြီး၏ ဖြစ်ရပ်ဆန်းကြယ်
မြသိန်း ---------- ၂၉၃

အမေရိကန်တပ်မတော်တွင် စစ်သားစုဆောင်းခြင်းအကြောင်း
မောင်မောင်စန်းထွေး ---------- ၂၉၅

မြွေကို မွေးရန်၊ စားရန်၊ ဆေးဖော်ရန်နှင့် ဖက်ရှင်ဒီဇိုင်းလုပ်ရန် ဝယ်ကြသည်
မြသိန်း ---------- ၂၆၅


www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက် ရသပြစ်မှု


တစ်ပြည်သူအဖြစ်နဲ့ ချစ်ပါရစေ(၂)

ညိုမင်းလွင်(မော်ကျွန်း) ---------------- ၆၆

ထောင်မှူးများ အလိုရှိသည်(၇၅)

ဗဟိုစော ---------------- ၈၀

တန်းမြင့်ဂျင်(၈)

ပန္နလက် ---------------- ၉၀

သိဒ္ဓိရှင်နေအေး(၅)

ကျော်မြသန်း ---------------- ၁၀၄

အိပ်မက်ဆိုးမှ နိုးပါရစေ(ဇာတ်သိမ်း)

ခင်မမလင်း(ကလော) ---------------- ၁၁၆

နဂါးမင်းသမီးနှင့် ကြွင်ယာတော် ရန်ဘက်ချစ်သူ(ဇာတ်သိမ်း)

ဂန္ဓာရီမောင်မောင် ---------------- ၁၂၆

ကျားပွဲနှင့် ကြွဲလိုက်ပွဲ(၆)

ဖိုးကျော် ---------------- ၁၃၄

ကြမ္မာငင် လင်မယား(၁)

လှအောင် ---------------- ၁၄၂

ကတိုးဂူရတနာသိုက်နှင့် လောဘနိဂုံး(ဇာတ်သိမ်း)

ရွှေကျီးသာ ---------------- ၁၅၂

အားလုံးကောင်းပါတယ်ခင်ဗျာ(၁)

အောင်ရဲကျော်(မှခင်း) ---------------- ၁၅၈


## နိုင်ငံရပ်ခြား ရသပြစ်မှု


အဝတ်ဝတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

လှမိုး(ပညာရေး) ---------------- ၈၆

မိစ္ဆာမျက်လုံး

အောင်မြတ်ဦး ---------------- ၁၀၁

အကြင်နာနှလုံးသားပိုင်ရှင်

ခင်မောင်အေး(မန္တလေး) ---------------- ၁၁၃


## တစ်မျက်နှာ ပြစ်မှု


ခြေချော်တဲ့ပြေးလမ်း

နန္ဒာမိုးကြယ် ---------------- ၃၃

ပဲ့တင်သံ

အာကာထက်ရှား ---------------- ၃၄

လမ်းပြောင်

ပိုက်မင်းဝေ ---------------- ၃၅

လှုစွမ်းကောင်းလေးများ

ငြိမ်းအောင်(သစ်လုပ်ငန်း) ---------------- ၃၆


## ဗေဒင် ပြစ်မှု


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာ စောယုနွယ် ---------------- ၂၇၂



အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးရွှေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်



မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖသင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - DEEP BLUE၊ မယ်(DOVE)
အလင်းရောင်၊ မယု(သင်းနိုင်)၊
အောင်မျိုးသန့်၊ Glory၊ တင်မိုးနိုင်
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကေလင်၊ K.N၊ စကျွ၊ ပညတ်၊
သန့်ဇော်သစ်၊ ဖိုးအောင်၊
ကျော်ဝင်းမောင်၊ လှသစ်အောင်။


www.burmeseclassic.com

www.burmeseclassic.com

"အေး...
မင်းမှာ အားနည်းချက်တော့ မရှိဘူး၊
ဒါပေမဲ့
တစ်ခုတော့ မှာလိုက်ချင်တယ်"
ခင်မောင်ထွန်း(လမ်းမတော်) ------- ၄၆



BURMESE CLASSIC .com

"ဆရာကြီး...
လှုပ်ဖို့ မကြိုးစားပါနဲ့၊
ကျွန်တော်တို့
လူသတ်ဖို့ လာတာမဟုတ်ပါဘူး"
ညီမြင်းလှိုင်(မော်လျှန်း) ------- ၆၆



"နာနာဘာဝတွေ မဟုတ်ပါဘူးဗျာ၊
ကျွန်တော်တို့
ပတ္တရောင်ရဲတွေပါ၊
ဆက်စစ်ကြပါ ဆရာတို့ ..."
ပဉ္စလက် --------------- ၉၀



"ရီလေးရယ်
ကိုယ်လည်း ဒါတွေ နားလည်ပါတယ်၊
ရီလေး မေမေ့အပေါ်ထားတဲ့
သဘောထားကို သိရတော့လည်း..."
ကျော်မြသန်း ---------------၁၀၄



www.burmeseclassic.com

www.burmeseclassic.com



"ဟော့...

ဘယ်လိုဖြစ်တာလဲကွ၊

ညတိုင်းလည်း ဘာသံမှ မကြားပါဘူး၊

ခြံစုန် ပြေးထွက်ကြသလား"

ဆင်မမညင်း(ကဒေါ) ------ ၁၁၆



"ကဲ...မင်းသားလေးရေ

ကျွန်တော်မျိုးတို့က အမိန့်တော်အတိုင်း

ပြုကြရတာပါ၊

ကောင်းရာမွန်ရာ ရောက်ပါစေ..."

ဂန္ဓာရီမောင်မောင် -------- ၁၂၆



"သြော်...ဒါနဲ့ သူကြီး

ကျုပ်တို့ကို

စိုင်ခေါင်းလည်း ယူမလာပါနဲ့၊

ကျွန်ုပ်က ချိုပဲ လိုချင်တာပါ"

မြို့အ ဘျာ ------------- ၁၃၅



"ကျွန်မမှာ ရေစွနဲ့ သူပအောကို

ညစာ ကျွေးချင်းမယ်၊

သူတို့သားအပ

ဘောလုံးပွဲ သွားမကြည့်ခင်လေ"

လှအောင် -------------- ၁၄၂

www.burmeseclassic.com

www.burmeseclassic.com



"မင်း...အဲသလို

ရမ်းသမ်း မတွေးနဲ့ကွ၊

ညကလည်း မင်းကြောင့်

စက်ဝံကုတ်လို့ မသေတယ်"

ရွှေကျီးသာ -------------- ၁၅၂



...ပုသိမ်ထောင်ကြီးမှာ

အင်းစိန်ထောင်ကဲ့သို့ပင်

နိရဲ့ရှန်ထက်သော

ဗဟိုဖူးဝကြီး ရှိသော်လည်း...

ခေအာင်ရဲကျော်(မှူးခင်း) ---------- ၁၅၈



"ဒီမှာ...ကိုမြင်

စင်မျှားလည်း ကန်တော်လေးသား

ကျွန်တော်လည်း

ကန်တော်လေးသားပါဗျာ၊ ဟဲ...ဟဲ..."

[illegible] ------------ ၁၆၂



"ရှင်...ကျွန်မကို

ကြိုးရှည်ရှည်နဲ့ လှန်ထားတာလား၊

အဲဒီကြိုးပြတ်တဲ့နေ့ကျရင်

ရှင် သေပြီသာမှတ်"

ဒေဒီကို -------------- ၁၆၂

www.burmeseclassic.com

www.burmeseclassic.com



...ထိုဖြစ်ရပ်ဖြစ်ပြီး
ခုနစ်လကျော်ခန့်အကြာ
ညနေ နေဝင်ခါနီးအချိန်တွင်
ကျွန်ုပ်ထံ ရောက်လာပြီး...
မြသိန်း -------------- ၁၉၄



"ခင်ဗျား...တော်တော်ကြီးကျယ်တာပဲ၊
ကျွန်တော်...
ရဲ့အရာရှိတစ်ယောက်ပါဗျာ၊
ကဲ...မယုံဘူးလား"
ရဲဘော်ရေချမ်း(သန်လျင်) --- ၁၉၈

BURMESE CLASSIC .com



"လူတွေ
သိပ်ပြီး အပျော်လွန်တာမြင်ရင်
ငါးရစ်တက်တယ်လို့
ခါ့ကြောင့် ပြောတာကိုး"
ကျော်မင်းနိုင် ---------- ၂၀၆

စာဖတ်ပရိသတ်အပေါင်းတို့ ခင်ဗျား · · ·

၂၀၁၃-ခုနှစ်၊ မေလထုတ်၊ ပြစ်မှုမဂ္ဂဇင်း၌ စာမျက်နှာအတော်များများတွင် အချို့သော စာပိုဒ်များရှိ စာသားများမှာ ပုံနှိပ်စက်၏ ချို့ယွင်းချက်ကြောင့် မင်များမထင်ဘဲ မှုန်ဝါးဝါး ဖြစ်သွားခဲ့သည်များကို တွေ့ရှိရပါသည်။ သည့်အတွက် လေးစားရသော ပြစ်မှုစာဖတ်ပရိသတ်ကြီးအား ကျွန်တော်များ "လာဘ်မိုးရွာ စာပေတိုက်" မှ (အနူးအညွတ်) တောင်းပန်အပ်ပါသည်။ နောက်ထုတ်ဝေမည့် စာအုပ်များတွင် ထိုကဲ့သို့သော မှားယွင်းမှုများ မဖြစ်စေရေးအတွက် ရိုက်နှိပ်သော ပုံနှိပ်တိုက်အား အထူးကြပ်မတ် ဂရုစိုက်ပါမည့်အကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

(အယ်ဒီတာအဖွဲ့)

www.burmeseclassic.com

www.burmeseclassic.com



# ဥယျာဉ်ထဲမှာ

※ ဥယျာဉ်တစ်ခု တည်ဆောက်နေ
တာဝန်များခွဲဝေ
ငှက်ပျောတောကိုလေ ကာကွယ်ထား
'မျောက်' များဝန်းရံလွှား ...။

※ ကြခင်းကြီးက ပြိုင်ဆိုင်ဝေ
'ဆင်' တို့ကြီးကြပ်နေ
စိုစိုပြည်ပြည် မှန်လာခင်း
'ယုန်' တို့ကိုအပ်နှင်း ...။


※ လကုန်၍ စာရင်းချုပ်သော်
အရှုံးတွေကပေါ်
အဘယ့်ကြောင့်ဆိုသော် အကြောင်းမှုကား
ထို့ကြောင့် ဤသို့လား ...။ ။



www.burmeseclassic.com

www.burmeseclassic.com

# ပုတ်တင်းဆူး



※ မိးယပ်ဆရာရဲ့
အတွေးအထင်၊ လူမြင်တိုင်း
မိးယပ်၊ သူ့အမှတ်မဲ့သူ
သူ့အတွတ်နဲ့သူ ...။

※ ယပ်တောင်နဲ့နံရံ
လုံတံနဲ့မြွေ၊ အထွေထွေအပြားပြား
ပုဏ္ဏားခြောက်ယောက်
တစ်ယောက်တစ်ပေါက် ...။

※ ကိုယ့်နေရာနဲ့ကိုယ်
ကိုယ့်အလို ကိုယ့်ဆန္ဒ
ရှေ့တန်းတင်နေကြ
ဆေးဆရာကလည်း ရယ်စရာ
ဆင်ကလည်း ပြုံးစရာ
လုံးချာလိုက်နေတဲ့
သည်အမှိုက်
သည်စရိုက် ...။

※ ကျီးမိုက်ရဲ့အပျော်အရွှင်
ပင်လယ်ပြင်ရေစီး
ဆင်သေကြီးလည်းမြုပ်
မိုးလည်းချုပ် ...။

※ မင်းပုတ်သင်
ပျော်ရွှင်စရာမဟုတ်
မြော်မြင်စရာအလုပ်
တလှုပ်လှုပ်သွားနေတဲ့ဆင်
တသွင်သွင်စီးတဲ့ပင်လယ်
ကြယ်တချို့ကြွေ
ကြယ်တချို့ဝေဆဲ ...။ ။



www.burmeseclassic.com

www.burmeseclassic.com

# ညပျော်ငှက်ရိုင်းများ



⁖ ဘဝရဲ့ လိုအပ်ချက်ကွက်လပ်များစွာကို
ဖြည့်ဆည်းဖို့
သူတို့ရဲ့ အပျိုစင်ဘဝနဲ့
သူတို့ရဲ့ အရှက်ဟာများတွေကို
စတေးခဲ့ကြ ...။

⁖ နေ့လယ်နေ့ခင်း
အနီးပတ်ဝန်းကျင်ကလွဲလို့
အခြားတစ်နေရာ
စိတ်ရှိရာအတိုင်း
လွတ်လပ်စွာ မပျံသန်းရဲတဲ့ဘဝ
အလှူမင်္ဂလာ ညည့်ခံပွဲတွေမှာလည်း
သူတို့မှဲ့ ပေးခဲ့ကြရပြီ ...။

⁖ အတိတ်ဆိုတဲ့ ကလေးဘဝမှာ
ဖြူစင်စွာနေထိုင်ခဲ့ဖူးတဲ့
ညပျော်ငှက်ရိုင်းများ ...။

⁖ ပစ္စုပ္ပန်ကို
နိုးကြောင်နိုးငှက် နပ်းနေကြရတဲ့
ညပျော်ငှက်ရိုင်းများ ...။


⁖ သူတို့ရဲ့ ဘဝတစ် လျှောက်မှာ
ပြန်လည်မရရှိနိုင်တော့တဲ့
အရာတွေက
သူတို့ရဲ့ သိက္ခာတရားနဲ့
သူတို့ရဲ့ အပျိုစင်[illegible]သာဖြစ်တယ် ...။



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာမြေချစ်သူ



✰ သယံဇာတ
ပေါကြွယ်ဝတဲ့
လှပဲ့နဲ့ကမ္ဘာ
အစဥ်သာယာဖို့
အေးရိပ်ပြာဝေ
သစ်ပင်တွေစိုက်ကြစို့။

✰ သစ်ပင်စိမ်းစိမ်း
ရှုခင်းစိမ်းကြောင့်
စိမ်းလန်းပျော်ရွှင်
ကျန်းမာရွှင်ပျ
ဘေးရန်ကွမျှား မကျရောက်ဘူး။

✰ လူ့ဘဝတစ်ခု
အစပြုရာ
မြေကမ္ဘာကို
ကိုယ့်ချစ်သူလို ချစ်တတ်မှ။
ကမ္ဘာမြေချစ်သူလို့ ဆိုထိုက်မှ။ ။

www.burmeseclassic.com


www.burmeseclassic.com

# ရန်ကုန်ည

✫ စိန်တွေစီခြယ်မှုန်းထားတဲ့
တော်ဝင်နတ်သမီးလေးတစ်ပါးလို
ဘော်ဒီစပရေးနဲ့တွေ တသင်းသင်း
မက်(စ်)ဖက်တာနဲ့တွေ တသင်းသင်း
ချဉ်စူးစူးဘီယာနံ့တွေ တသင်းသင်း
ညှီစို့စို့ ချွေးနံ့တချို့လည်းသင်း
အားလုံးဟာ
ညခင်းနဲ့အပြိုင်
လမင်းကတော့ မှိုင်မှိုင်ငေးငေး ...။

✫ ဟိုး ...
ဝေးဝေးမှာရယ်
စီလီကွန်၊ နီယွန်
ရောင်စုံထည်ဝါ ပြာပြာလဲ့လဲ့
ရန်ကုန်ညရဲ့ အလှမြင်ကွင်း
ရင်တွင်းမှတ်သပ်
ပန်းချီကားတစ်ချပ်ရေးမိပေါ့ ...။

✫ လူတွေ ...
လူတွေ ...
ကူးချည်သန်းချည်
သွားချည်ပြန်ချည်
ဘယ်ဆီဘယ်ရပ် အတပ်မသိ။
ညက တဖြည်းဖြည်း
အေးခဲရင်းမှုန်ဝါး
ဘဝများတွေတိတ်ဆိတ်
ရန်ကုန်ညကတော့
ခုထိ
အိပ်ဖို့မလုပ်သေး ...။





www.burmeseclassic.com

www.burmeseclassic.com

# အသေဆိုတာ မေတ္တာထီး

(သစ္စာမြ)



✰ ဘဝခရီးမှာဖြင့်
ခဏမငြိုးရှာ ကာကွယ်ပေးပါတဲ့
အလှထီးကလေး ချစ်မေမေ ...။

✰ ပလောကစ်အခြေသဘာဝ
လာသမျှ 'နေ' 'မိုး' 'နှင်း'
ကြမ်းရှခြင်းသည့်အရာတွေ
မထိစေအဝေးရှားဖို့အောင်ပ
အုပ်မိုးကာမလေ ...။

✰ သွားလာရအဆင်ပြေပြေ
သူ့သားဘဝကြည်လင်စေ
သည်အမေ 'နေ'ဒဏ်ခံ
သည်အမေ 'မိုး'ဒဏ်ခံ
သည်အမေ 'နှင်း'ဒဏ်ခံ
ထီးဘဝအနေအစားနဲ့
သူ့သားသူချစ် ...။

✰ ဪ ...
ထီးကလေးတစ်ချောင်းလိုပ
ခရီးအပေါင်းကို ပူပန်မှုနဲ့
အန့်ဟုကာမေတ္တာစိတ်
အေးရိပ်အလှတဝဝ
အိုရှာပေ အရွယ်မှာရင့်သော်လည်း
စေတနာမော် မာန်မကျသေး
သူ့သားလေးကိုလူပျို့က
တူနှစ်ကိုယ်ချစ်ခရီး
အပြီးနှင်အဝေးထွက်သွား
ထီးရိပ်ကို မေ့ရက်အားတာကြောင့်
(ကွယ်) ...
ဆွေးလျက်ကျန်ရစ် ...။



www.burmeseclassic.com

www.burmeseclassic.com

## တာဝဟ်မှုန်



☆ တကယ်လို့သာ၊ ငါသေပါက
ငါ၏အဖေ၊ ငါ့အမေတို့
လိုက်သေကြမည် မဟုတ်ပါ။

☆ တကယ်လို့သာ၊ ငါသေပါက
ငါချစ်မငြီး။ ငါ့ဇနီးနှင့်
သမီး,သားတွေ
လိုက်သေကြမည်မဟုတ်ပါ။

☆ တကယ်လို့သာ၊ ငါသေပါက
ငါ့သူငယ်ချင်း။ ပေါင်းအသင်းတွေ
လိုက်သေကြမည် မဟုတ်ပါ။

☆ ငါရှာထားသည့်
စီးပွားဥစ္စာ၊ မြောက်မြားစွာနှင့်
လယ်ယာအိုးအိမ်၊ စည်းစိမ်မှန်သမျှ
ထားခဲ့ရမည်
ဘာမှယူ၍ မသွားနိုင်။


☆ သြော် ... တကယ်လို့သာ၊ ငါသေပါက
သစ္စာရှိစွာ၊ ရဲရင့်စွာနှင့်
ငါသေလွန်ရာ၊ မရဏ,ရွာသို့
ငါနှင့်မကွာ၊ နှစ်ဖြာတူကွ
လိုက်ပါကြမှာ၊ နှစ်ဦးသာတည်
ငါပြုခဲ့သမျှ မြတ်ကုသိုလ် ...
ငါပြုခဲ့သမျှ အ,ကုသိုလ် ...။



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းအလွှနဲ့ထိုက်




✰ ကြည့်စမ်း ...
တစ်ခြမ်းပဲ့လမင်းမှိန်
တိမ်မည်းကာစီးချိန်မှာ
ဖန်မီးအိမ်ပျက်
ဘယ်သူတက်ချိတ်
စိတ်ပျက်ပါဘိ
အိပ်မက် မက်နေတာများလား ...။


✰ **ကြည့်စမ်း** ...
**လဝန်းဝိုင်း**စက်သာချိန်မှာ
**မာကျူရီမီး** ဘယ်သူတက်ချိတ်
စိတ်ပျက်ပါဘိ
အိပ်မက် မက်နေဆဲများလား ...။

✰ ကြည့်စမ်း ...
ချမ်းလွန်းတယ်ဆိုကာမှ
ရွာချတဲ့မှန်တိုင်းမိုး
ငါနဲ့အပြိုးမရှိဘဲ
သဲကြီးမဲကြီးရွာသင့်သတဲ့လား ...။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ပျောက်နေတဲ့အမှု

ကျီးမနိုး၊တင်ဝင်း၊ပေါင်းတည်၊






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## နီမင်းညို၏ နရသိန်စံအိမ်၏ ဆေးရောင်စုံမြင်ကွင်းများ

စာရေးဆရာ နီမင်းညို၏ အကျဉ်းထောင်ဝတ္ထုတိုများကို စုစည်းထားခြင်းဖြစ်သည်။ ထိုဝတ္ထုများကို နရသိန်မဂ္ဂဇင်းတွင် အစဉ်တစိုက်ရေးသားခဲ့ခြင်းဖြစ်ပြီး ပြည်သူလူထုအနေဖြင့် အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်များနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို အမှန်အတိုင်း သိမြင်ကြစေရန် ရေးသားခဲ့ခြင်းဖြစ်သည်။ အကျဉ်းဦးစီးဌာန၌ အုပ်ချုပ်ရေးပိုင်း၌ တာဝန်ထမ်းဆောင်ခဲ့၍လည်း အကျဉ်းထောင်နှင့် ပတ်သက်သမျှတို့အား မှတ်သားစရာ၊ အတွေ့အကြုံနှင့် ဗဟုသုတသင်ခန်းစာကောင်းများကို ပေးနိုင်ခဲ့ခြင်းဟု ဆိုချင်သည်။

ဤစာအုပ်တွင် စိန်ခေါ်သူများ၊ ရိုက်ချက်များ၊ မြင်းပျံဘသိန်း၊ ငြိမ်းချမ်းခြင်းအတွက် တရားခံမှုတစ်ပုဒ်၊ အမေမသေခင်၊ ဘဲအုပ်က တစ်ရာနှစ်ရာ၊ ပုံပြင်မပြောသော အုတ်ခဲကလေးများ၊ အကြံကောင်းသော်လည်း၊ ဆေးရောင်စုံမြင်ကွင်းများ၊ တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်း၊ အမှောင်လောကသံသရာ၊ လေနင်ရာ ...အစရှိသည့် ထောင်ဝတ္ထုတို ၁၂ ပုဒ်တိတိကို ဖော်ပြထားသည်။ အတင်အပြ ပိုင်းခိုင်ရာတွင် ထောင့်စေ့ခြင်း၊ အရေးအသားကျွမ်းကျင်ခြင်း၊ ဇာတ်လမ်းအချိတ်အဆက် ကောင်းမွန်ခြင်း၊ စိတ်ဝင်စားဖွယ်အကြောင်းအရာဖြစ်ခြင်းတို့ကြောင့် လက်ကမချနိုင်အောင် တစ်ပုဒ်ပြီးတစ်ပုဒ် ဆွဲခေါ်သွားပါလိမ့်မည်။ ဤစာအုပ်ကို ဒီဇိုင်းမိုးနေက အလှဆင်ပေးထားပြီး ရတနာစာပေက တန်ဖိုး ၁၅၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ခြင်းဖြစ်သည်။

## ကိုရွှေတောသား၏ လောင်းကျော်တို့ရွာ

ဟာသချစ်ပရိသတ်နှင့် တစ်နှစ်ကျော်မျှ ကင်းကွာနေခဲ့သော ဆရာကိုရွှေတောသား၏ ပြန်လည်ပေါ်ထွက်လာသော ကျေးလက်ပျော် ဟာသလုံးချင်းဝတ္ထုစစ်စစ် စာအုပ်ဖြစ်သည်။ ကျေးလက်တောရွာများ၌ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝ၊ မွေ့လျော်တတ်သော လောင်းကစားမှု အစရှိသည်တို့ကို ဟာသအမြင်နှင့် ဇာတ်ကွက်တတ်လမ်း ဆင်ကာ စာအုပ်အစမှသည် အဆုံးတိုင်အောင် မနောကြည်မွေ့ ဘဝင်ခွေ့ရလေအောင် ဆွဲခေါ်သွားမည့် ဟာသဝတ္ထုဖြစ်သည်။

ဤစာအုပ်ကို ငြိမ်းစိမ်ရှင်စာပေမှ စီစဉ်ထုတ်ဝေကာ ပန်းချီသန့်ဇော်သစ်က ဖန်တီးပေးထားပြီး တန်ဖိုး ၁၂၀၀/-ကျပ် သတ်မှတ်လျက် အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး၊ အမှတ်(၂၇၄)၊ ပထမထပ်၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၄၈၀ ၄၇၆၁၉၊ ၀၉-၄၂၁၀၅၆၃၅၄ မှ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## သိဒ္ဓိစိုး၏ ဗိဿနိုးသခင်မ

ကွယ်လွန်သူ စာရေးဆရာကြီး မင်းသိခ်၏ စာရေးခြင်းအတတ်ပညာ၌ နှစ်နှစ်ကာကာ ချီးကျူးခြင်းခံရသူ သိဒ္ဓိစိုး၏ သမိုင်းဖြစ်ရပ်မှန်ကို အခြေခံ၍ ဝတ္ထုရေးသားခြင်း အတတ်ပညာဖြင့် ခြယ်မှုန်းထွက်ပေါ်လာသော လုံးချင်းဝတ္ထုစာအုပ် ဖြစ်သည်။ ဤစာအုပ်နှင့်ပတ်သက်၍ ထုတ်ဝေသူက -

"အလုပ်မအားလပ်သူများ ဤဝတ္ထုကို မဖတ်ပါနှင့်။ ဖတ်လိုက်မိသည်နှင့်တစ်ပြိုင်နက်တည်း လက်ကမချချင်အောင် စာရေးသူ သိဒ္ဓိစိုးက သူ့ရဲ့ စာရေးနည်းမော်အတတ်နဲ့ သင့်ကို ပြုစားထားတယ်ဆိုတာ သတိပေးလိုက်ပါရစေ"

ဟု ညွှန်းဖွဲ့ထားပေသည်။ ထုတ်ဝေသူ ညွှန်းဖွဲ့သကဲ့သို့ပင် ဆရာသိဒ္ဓိစိုး၏ ဖန်တီးမှု အတတ်ပညာကို ဤစာအုပ်၌ တွေ့မြင်ခံစားရမည် ဖြစ်သည်။ ဤစာအုပ်ကို ပြည့်မင်းမောင်က ပန်းချီခြယ်မှုန်းပေးထားပြီး၊ အလိုတော်ပြည့်စာအုပ်တိုက်က တန်ဖိုး ၁၅၀၀/-ကျပ်သတ်မှတ်လျက် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## ခင်မောင်ဌေး(ပညာရေး)၏ ပညာရေးအတွေးရှုခင်းများ

ဆရာခင်မောင်ဌေး(ပညာရေး)၏ ဤစာအုပ်၌ ဆရာဂုဏ်ထူးဦးသိန်းနိုင်နှင့် ဆရာကောင်းသန့်တို့က အမှာစာရေးသားပေးထားသကဲ့သို့ စာရေးသူ၏ အမှာလည်း ပါဝင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်တွင် "လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား" ဟူသော အတွေး၊အမြင်ဆောင်းပါးမှသည် "အညာရပ်ဆီ လွမ်းမိသည်"အထိ ပညာရေးအတွေးရှုခင်းပေါင်း (၂၆)ပုဒ် တိတိ ပါဝင်ပေသည်။ ဤစာအုပ်နှင့်ပတ်သက်၍ အမှာစာ ရေးပေးကြသော ဆရာများက နိုင်ငံတော်၏ ပညာရေးခရီး သစ်အတွက်၊ ပညာရေးဗိမာန်အသစ်အတွက် "သံတစ်ချောင်း အုတ်တစ်ချပ်"မျှသာမကဘဲ "အုတ်မြစ်တစ်လွှာ၊ သံတစ်ဖျာ"ဖြစ်မှာ ကေနဲဟူ၍လည်းကောင်း။ ထိုကဲ့သို့သော စာအုပ်ကောင်းတစ်အုပ်ကို ပညာရေးစိတ်ဝင်စားသူများသာ မက အခြားသောသူများကိုလည်း ဖတ်မိစေချင်ပါသည်ဟု ၍လည်းကောင်း ဆန္ဒပြုထားပေသည်။ ဤစာအုပ်ကို ရန်အောင်စာပေမှ ဖြန့်ချိပေးထားပါသည်။

## လင်းယုန်သစ်လွင်၏ ဘုံကျွန်

ကွယ်လွန်ရှာပြီဖြစ်သည့် ဆရာကြီးလင်းယုန် သစ်လွင်၏ စာအုပ်များစွာအနက်မှ စာအုပ်ကောင်းတစ် အုပ်ဖြစ်ပြီး ရာပြည့်စာပေတိုက်မှ ပဉ္စမအကြိမ် ထုတ်ဝေ လိုက်ခြင်း ဖြစ်သည်။

ဤစာအုပ်နှင့်စပ်လျဉ်း၍ မလိခ၏ မြန်မာဝတ္ထု အညွှန်းပေါင်းချုပ် (၂၀၀၇)တွင် -

"တစ်သီးပုဂ္ဂလကျွန်အဖြစ်မှ တစ်ရွာလုံး၏ ကျွန် အဖြစ်သို့ (ဘဝပြောင်းခဲ့ရသည့် အောက်ဆုံးအလွှာ လူ သားတစ်ဦး၏ ဖြစ်တည်မှုများနှင့်အတူ) ပြည်သူ့ခေါင်းရှ ကြီး၏ ချွတ်ယွင်းချက်များ၊ ပုလိပ်ဝန်၏ နိမ့်ကျသော စီးပွားရေးအခြေအနေ၊ ခိုးသီးသော ထောင်အတွေ့အကြုံ များနှင့် ရန်ကုန်မြို့ တရားရုံးများမှ ပြည့်တန်ဆာလေလံပွဲ များ···စသည်ဖြင့် ပါလီမန်ဒီမိုကရေစီခေတ်၏ ပြယုဂ် များကို ဖော်ဆောင်းထိုးပြထားသည်"ဟု ကောက်ချက်ချခဲ့ လေသည်။ ဤစာအုပ်သည် ပြေယာမှဲ့သယ်ကုလီ(သူရင်း ငှား)တစ်ယောက်၏ ဘဝကို သရုပ်ဖော်ထားသော ဝတ္ထု တစ်ပုဒ်ဖြစ်ပြီး ထိုလူတန်းစားအပေါ်၌ ဖိနှိပ်ခြယ်လှယ်နေ သော ဝန်းကျင်အသိုင်းအဝိုင်းများကိုလည်းကောင်း၊ ခိုးသီး သော စီးပွားရေးနှင့် လူမှုဆက်ဆံရေးများကိုလည်းကောင်း အတတ်နိုင်ဆုံး ပေါ်လွင်အောင် ကြိုးပမ်းအားထုတ်ထားပေ သည်။ ဤစာအုပ်ကို ပန်းချီတင်ထွတ်မှ အဖုံးဆွဲထားပြီး တန်ဖိုးမှာ ၁၅၀၀ိ/ ကျပ် ဖြစ်ပေသည်။

## မောင်မောင်မိုးအောင်၏ ဟာသအိုင်ဇက် ကြောင်းနှင့် အုတ်ဂူဟောင်းတစ်လုံး အခြားဂမ္ဘီရဝတ္ထုများ

ပရိသတ်များစွာ လက်ခံအားပေးနေသည့် ကာလ၌ ပေါ်ထွက်ခဲ့သော ဂမ္ဘီရဝတ္ထုများ စာအုပ်ဖြစ်ပေသည်။ စာရေး ဆရာ မောင်မောင်မိုးအောင်သည် စာမျိုးစုံရေးသားနေသူ ဖြစ်ပေရာ ဤဂမ္ဘီရအမျိုးအစားဝတ္ထုများကိုလည်း၊ စာနယ်ဇင်း များစွာ၌ ပရိသတ်စွဲမက်အောင်ရေးသားလျက်ရှိပေသည်။

ဤစာအုပ်တွင် ကဗ္ဗိယရွှေမိုးနှင့် ကုဏ္ဍာသယ ပုဏ္ဏကအင်း။ အနီရောင်သက်ပျောက်ဝတ်စုံတစ်စုံ၊ စေတနာမှန်သော ကံအကျိုး၊ ကဗ္ဗိယကြီးရွှေမိုးနှင့် ဘုရင်မ ကြီး၊ အနွယ်တော်၊ နဂါးစောင့်သည့်တောင်၊ ငြိုးသူကသဲ့ တား။ ကဗ္ဗိယရွှေမိုးနှင့် ဂမ္ဘီရကွမ်းရွက်၊ မိဘဖြစ်များ ငရဲ လား။ ကဗ္ဗိယရွှေမိုးနှင့် ရွှေမြင်သူ ခင်ခင်ချစ်၊ ဟာသအိုင် ဇက်ကြောင်းနှင့် အုတ်ဂူဟောင်းတစ်လုံး···စသည့် ဂမ္ဘီရဝတ္ထု (၁၀)ပုဒ်ကို အားပါးတရ ဖတ်ရှုရမည် ဖြစ် သည်။ ဤစာအုပ်ကို အောင်မင်းထိုက်မှ ဓိမိုင်းပြုလုပ်ပေး ထားပြီး သသင်စာပေမှ တန်ဖိုး ၄၀၀ိ/-ကျပ်သတ်မှတ်လျက် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## နန္ဒာမိုးကြယ်၏ ငါးရှဉ့်ငါးအသယ် စကားပြေ ဇာတ်ဝတ္ထုများ(၂၂)

ဆရာနန္ဒာမိုးကြယ်၏ ငါးရှဉ့်ငါးအသယ်နိပါတ်တော် စကားပြေဇာတ်ဝတ္ထုများဖြစ်ပြီး ခေတ်စွဲမှုနှင့်ရှ၍ ရေးသားရာ ဤစာအုပ်သည် အတွဲ(၂၂) ဖြစ်ပေသည်။ ဤစာအုပ် တွင် အလမ္ဗုသာဇာတ်၊ သင်္ခပါလဇာတ်၊ စူဠသုတသောမ ဇာတ်၊ နိလိနီဇာတ်၊ ဥမ္မာဒန္တီဇာတ်၊ မဟာဗောဓိပရိဗ္ဗာဇက ဇာတ်၊ သောသေကဇာတ်၊ သံကိစ္စဇာတ်နှင့် ကုသဇာတ်တို့ ပါဝင်သည်။ လူငယ်လူရွယ်တို့ အလွယ်တကူ ဖတ်နိုင်ကြ စေရန်အတွက် ပါဠိဝေါဟာရ ပေါရာဏစကားလုံး စသည် တို့ကို ရှောင်လျက် ခေတ်မီစကားပြေဖြင့် ရေးသားထားပေ သည်။ ပန်းဝေဝေစာပေမှ တန်ဖိုး ၅၁၀ိ/-ကျပ်ဖြင့် ဖြန့်ချိ လိုက်သည်။

ကသစ်နီ



www.burmeseclassic.com

www.burmeseclassic.com

## ပထမအကြိမ် မြတ်ပန်းရဂုံ ရသစာပေ၊ ဝတ္ထုတိုဆုပေးအပ်ပွဲကျင်းပ

ပထမအကြိမ် မြတ်ပန်းရဂုံ ရသစာပေ၊ ဝတ္ထုတိုဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို (၁၇-၂-၂၀၁၃) တနင်္ဂနွေနေ့ မွန်းလွဲ (၁း၀၀)နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတား ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားမှူးအဖြစ် ဆရာမဒေါ်သန်းသန်း(မန်းတက္ကသိုလ်)ခေါ် ဆရာမ ရွှေသဥ္ဇာက တာဝန်ယူပြီး အခမ်းအနားအစီအစဉ်အရ မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဆရာခင်မောင်ထွန်း(လမ်းမတော်)မှ မိန့်ခွန်းစကား ပြောကြားခဲ့သည်။ ထို့နောက် မြတ်ပန်းရဂုံစာပေဆုရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ (မြတ်ပန်းရဂုံစာပေထုတ်ဝေသူ) ဦးအောင်ကျော်ထွေးက စာပေဆုရွေးချယ်ရခြင်း၊ အကြောင်းရင်းများကို ရှင်းလင်းပြောကြားခဲ့သည်။ အစီအစဉ်အရ မြတ်ပန်းရဂုံစာပေဆုရွေးချယ်ရေး ကော်မတီအဖွဲ့ဝင် စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းနှင့် ဆရာကြီးဒွေးမောင်တို့က ဆုရွေးချယ်ရေးနှင့် စပ်လျဉ်းသည်တို့ကို အကျယ်တဝင့်ပြောကြားခဲ့သည်။

ထို့နောက် ၂၀၁၁ ခုနှစ်အတွင်း ပုံနှိပ်ထုတ်ဝေခဲ့သော ရသဝတ္ထုတိုပေါင်းချုပ် စာအုပ်များအနက်မှ ပြိုင်ပွဲသို့ တင်သွင်းလာသော စာအုပ်များအနက်မှ စာရေးဆရာ မောင်ဖြိုး၏ "ယင်းပေါင်စာတိုးရုံနှင့် ယင်းကျိုးမယ်မောင်ကထင်" စာအုပ်နှင့် စာရေးဆရာမ တင်မိနိုင်၏ "ပေဖေ့ရဲ့ ငှက်ကလေး"စာအုပ်တို့ ပူးတွဲရရှိခဲ့ရာ ဆုရရှိသူတို့အား ဆရာဦးအောင်ကျော်ထွေးက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ စာပေဆုရရှိသူနှစ်ဦး၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဆရာမောင်ခေတ်ထွန်း၊ ဆရာမဟန်သီဝင်တို့က အသီးသီးဖတ်ကြားကြပြီး ဆုရရှိသူတို့အား စာပေချစ်သူ အသီးသီးက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ အခမ်းအနားကို အကျွေးအမွေးပြင့်ဧည့်ခံပြီး မွန်းလွဲ (၃း၀၀)နာရီတွင် အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိပါသည်။

## စာရေးဆရာမ စိမ်းသန့်(ရေတာရှည်)၏ အပူဆုံးနေ၊ အအေးဆုံးလ စာအုပ်မိတ်ဆက်ပွဲ

ပြင်ဦးလွင်မြို့၌ နေထိုင်လျက်ရှိသော စာရေးဆရာမ စိမ်းသန့်(ရေတာရှည်)၏ "အပူဆုံးနေ၊ အအေးဆုံးလ"စာအုပ် မိတ်ဆက်ပွဲကို (၂၂-၂-၂၀၁၃) သောကြာနေ့ ညနေ(၅း၀၀)နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ် ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါစာအုပ်မိတ်ဆက်ပွဲ အခမ်းအနားသို့ ကြွရောက်လာကြသော စာပေမိတ်ဆွေအပေါင်းအား စာရေးဆရာမ စိမ်းသန့်(ရေတာရှည်)က လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ အကျွေးအမွေးဖြင့် ဧည့်ခံခြင်းတို့ ပြုလုပ်ခဲ့သည်။ စာအုပ်မိတ်ဆက်ပွဲလာ စာပေမိတ်ဆွေအပေါင်းကလည်း စာရေးဆရာမစိမ်းသန့်(ရေတာရှည်)အား ကျန်းကျန်းမာမာ၊ အသက်ရှည်စွာဖြင့် စာအုပ်ကောင်းများစွာ ရေးထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းပေးခဲ့ကြကြောင်း သိရှိရပါသည်။

## SMALL BEUTY ပန်းချီပြပွဲ

SMALL BEAUTY ပန်းချီပြပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်း၊ 32/1 ရှိ Myanmar Ink Art Gallery တွင် ၂၀၁၃၊ ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအတွင်း ပြသခဲ့ပါသည်။

ယင်းပြပွဲတွင် ပန်းချီကြီးမြင့်၊ မောင်ညြ၊ ဝင်းဖေမြင့်၊ တင်ဦး၊ စိုင်း၊ မောင်မြင့်အောင်၊ မြင့်သန်းဦး၊ မြတ်ဦး(APM)၊ ဉာဏ်လင်းမောင်၊ ယဉ်ဇော်ထူး၊ ကျော်လင်း၊ အေးငြိမ်းမြင့်၊ အောင်ကျော်ဆန်း၊ သီသီဝင်တို့၏ ပန်းချီလက်ရာများကို တွေ့ရပြီး (၉)ကား ပြည်တွင်းမှ အားပေးခဲ့ကြသည်။

ဤသို့အားပေးနိုင်အောင် ရည်ရွယ်၍ ကားဆိုဒ်သေးသေးဖြင့် ပြသဟန်လည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## Promise Magazine ထွက်ပြီ

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂ ရက် (စနေနေ့) နေ့လယ်(၁း၀၀)နာရီက ရန်ကုန်မြို့ City Star Hotel ၌ Promise အနုပညာ၊ သုတ၊ ရသမဂ္ဂဇင်း ထွက်ရှိခြင်းအဖြစ် တနယ်ဝင်းသို့ အသိပေးမိတ်ဆက်သည့် အခမ်းအနားတစ်ရပ်အား ကျင်းပပြုလုပ်ခဲ့ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် နာယကအဖြစ် တာဝန်ယူပေးတဲ့ ဆရာလွှမ်းဝေနိုင်၊ အယ်ဒီတာချုပ် လွင်လွင်မိုး၊ အမှုဆောင်အယ်ဒီတာ ခင်သီတာအေးတို့က Promise မဂ္ဂဇင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကြသည်။ Promise မဂ္ဂဇင်းတွင် ကဗျာကဏ္ဍ၊ ကာတွန်းကဏ္ဍ၊ ဖက်ရှင်ကဏ္ဍ၊ ဆောင်းပါးများ၊ ဖန်စီကဏ္ဍ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့် ပတ်သက်သည့်ကဏ္ဍများ၊ ပညာပေးကဏ္ဍများ စသည်တို့ ပါဝင်သည်။ အဆိုပါ Promise မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၁)၊ ဖေဖော်ဝါရီလထုတ်ကို ထုတ်ဝေဖြန့်ချိထားပြီးဖြစ်ကြောင်း သိရသည်။

---

## STUPID CUPID တေးစီးရီး Promotion

STUPID CUPID ဆိုတဲ့ နာမည်ဆန်းဆန်းလေးနဲ့ စုံတွဲတေးသီချင်းတွေ ပါဝင်သော Valentine's Day အမှတ်တရ တေးစီးရီး DVD, KARAOKE လက်မှတ်ရေးထိုးရောင်းချခြင်း Promotion ပွဲတစ်ရပ်ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်၊ ကြာသပတေးနေ့၊ သို့မဟုတ် ချစ်သူများနေ့ ညနေ(၃း၀၀)နာရီအချိန်က ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ တော်ဝင်စင်တာ Promotion Area တွင် ကျင်းပပြုလုပ်ခဲ့ရာ တေးစီးရီးတွင်ပါဝင်သော အနုပညာရှင်များဖြစ်ကြသည့် စည်သူလွင်၊ အိမ့်ချစ်၊ ဖွေးဖွေးနှင့် မာရီနာတို့က အမှတ်တရလက်မှတ်ရေးထိုး ရောင်းချပေးခဲ့ပါတယ်။ STUPID CUPID တေးစီးရီးမှာ စည်သူလွင်၊ R-ဇာနည်၊ Big Bag၊ ရဲမီး၊ ဉာဏ်လင်းအောင်၊ ဟေမာနေဝင်း၊ သီရိဆွေ၊ အိမ့်ချစ်၊ Bobboy Soxen Oopsie EYES (သရုပ်ဆောင်ဖွေးဖွေး)တို့ ပါဝင်သီဆိုထားကြပြီး တေးရေးတွေကတော့ ညီညီသွင်၊ ရွှေရော်ရော်၊ နေဇီလင်း၊ ဟန်ထူးလွင်၊ ရဲမီး၊ Ar-Ti Z လွင်၊ ရန်လေး၊ Bobby Soxer တို့ ဖြစ်ကြပါတယ်။ STUPID CUPID တေးစီးရီးမှာ အချစ်သူချင်းတွေ ပါဝင်ပြီး စုံတွဲတေးတွေအဖြစ် နာမည်ကြီးအဆိုရှင်တွေက တွဲဖက်ညီညီ သီဆိုထားကြပါတယ်။ ဂီတအမျိုးအစား စုံလင်စွာပါဝင်ပြီး Nescafe မှ ပံ့ပိုးပေးခဲ့ကာ The Sun Music မှ ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သိရှိခဲ့ရပါတယ်။

---

## ရကောက်ဘဝဖြင့် နေထိုင်ခြင်း Promotion ကျင်းပ

"ရကောက်ဘဝဖြင့် နေထိုင်ခြင်း"လို့ အမည်ပေးထားတဲ့ သူ့ရဲ့ ပဉ္စမမြောက် တစ်ကိုယ်တော်တေးအယ်လ်ဘမ် Promotion ပွဲကို ရဲလေးက ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်၊ တနင်္ဂနွေနေ့မှာ ရန်ကုန်မြို့ ပြည်လမ်းပေါ်မှာရှိတဲ့ Junction Square (Promotion Area) မှာ နေ့လယ် (၂း၀၀)နာရီအချိန်လောက်ကစပြီး ပြုလုပ်ခဲ့ပါတယ်။ ရဲလေးက သူ့ရဲ့ပရိသတ်တွေနဲ့အတူ အမှတ်တရ ဓာတ်ပုံတွေရိုက်ခဲ့သလို သူ့ရဲ့တေးစီးရီးကို လက်မှတ်ရေးထိုးတဲ့အခါမှာတော့ ရဲလေးနဲ့အတူ အနုပညာညီအစ်ကိုမောင်နှမတွေဖြစ်ကြတဲ့ ထွန်းထွန်း(Examplez)၊ လွှမ်းပိုင်၊ ရဲမီး၊ သိန်းလင်းစိုး၊ ကွတ်တီး၊ အိမ့်ချစ်၊ Bobby Soxer (ထက်ထက်)၊ ဂျိုကာနဲ့ တခြားအနုပညာရှင်များစွာတို့က အမှတ်တရလက်မှတ်ရေးထိုးရောင်းချပေးခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ရဲလေးက သူ့ရဲ့ ပရိသတ်တွေအတွက် ဂီတညီအစ်ကို မောင်နှမတွေနဲ့အတူ Junction Squre အရှေ့ကွင်းပြင်မှာ တေးသီချင်းများစွာကို သီဆိုဖျော်ဖြေခဲ့ပါတယ်။

**သစ်ကော**



www.burmeseclassic.com

www.burmeseclassic.com




### မင်းလောက်ပြဿနာကြီးတာ ဘာမှမရှိဘူး

အိမ်ထောင်သက်တမ်းရင့်ပြီဖြစ်သော လင်မယား။

လင်ဖြစ်သူသည် လုပ်ငန်းဆောင်တာကိစ္စရပ်များအတွက် အပြင်သို့သွားလေတိုင်း မယားဖြစ်သူ၏ ငိုင်စင်ဓာတ်ပုံကလေးတစ်ပုံကို အိတ်ကပ်အတွင်း ထည့်သွားတတ်သည်ကို မယားဖြစ်သူသိလေသောအခါ အကြောင်းရင်းကို သိလိုသဖြင့် မေးမြန်းလေ၏။

"ဒီမှာ ကိုအတာ . . . ရှင်အဲလုပ်သွားတိုင်း ကျွန်မဓာတ်ပုံကို ထည့်သွားလေ့ရှိတာ ဘာသဘောလဲရှင့်။ ပြောစမ်းပါဦး"

"ဘာရယ်လို့တော့မဟုတ်ပါဘူးကွာ။ ငါအဖို့ လုပ်ငန်းခွင်မှာ ကြီးမားတဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ရတော့မယ်ဆိုတာနဲ့ မင်းရဲ့ဓာတ်ပုံလေးကို ထုတ်ကြည့်လိုက်တဲ့အခါ ကြီးမားတဲ့ပြဿနာဟိုင်းဟာ ဘာဆိုဘာမှ မဟုတ်လောက်အောင်ကို သေးငယ်ပျောက်သွားလို့လေ"

"အယ် . . . တယ်ဟုတ်ပါလား။ ကျွန်မရဲ့ပုံက ပြဿနာတွေပပျောက်သွားတယ်။ အို . . . အံ့အားသင့်စရာ ကောင်းမှကောင်းပဲနော်။ ကျွန်မပုံက ဒီလောက်ထိတောင်မှ အသုံးဝင်တယ်ပေါ့ . . . ဟုတ်စ"

"သေချာတာပေါ့ကွာ။ မင်းပုံကိုကြည့်ပြီး ငါကြုံရတဲ့ ပြဿနာဆိုတာ ဘာဟုတ်သေးလဲလို့ အတွေးပေါက်ပြီး ပြေလည်အောင် ဖြေရှင်းနိုင်လို့ပဲပေါ့"

"အဲတော့ . . ."

• • •

### ဟန်ချက်ညီတဲ့အိပ်မက်

လွှန်စွာမှ ကပ်စေးနဲလှသော ယောကျ်ားနှင့် အစားအသောက်လွန်စွာဝှံမင်မက်မောသည့် မိန်းမတို့မှာ မမျှော်လင့်ဘဲ အိမ်ထောင်ရက်သား ကျသွားခဲ့ကြလေ၏။

တစ်နေ့သ၌ ဇနီးသည်က အလုပ်ခွင်မှပြန်လည်ရောက်ရှိလာသော ခင်ပွန်းသည်အား –



www.burmeseclassic.com

www.burmeseclassic.com

"ကိုကိုရေ … နေ့လယ်က မေလေ တစ်ရေးတစ်မော အိပ်ပျော်သွားတုန်း အိပ်မက်မက်တယ် သိလား။ အိပ်မက်က သိပ်ပျော်စရာကောင်းတာပဲ"

"ဟုတ်လား။ ဘာတွေများ သိပ်ပျော်ရစရာကောင်းရတာတဲ့လဲ … ပြောစမ်းပါဦး"

"အင်း … အိပ်မက်ထဲမှာလေ ကိုကိုက မေကြိုက်တတ်တဲ့ ကိုရီးယားကြက်ကင်ရယ်၊ ဝက်စတူးရယ်၊ အသည်းအမြစ်ငုံ ဒံပေါက်ရယ် ဝယ်လာပေးတယ်တဲ့"

"အို … ဟုတ်လား။ တိုက်ဆိုင်တိုက်ဆိုင်လှပါလားကွယ်။ ကိုကိုလည်း နေ့လယ်က မှေးခနဲဖြစ်သွားပြီး အိပ်မက်မက်တယ်"

"ဘယ်လိုအိပ်မက်တဲ့လဲ ကိုကို"

"အိပ်မက်ထဲမှာလေ မေသိပ်ကြိုက်တဲ့ စားသောက်ဖွယ်ရာမျိုးစုံကို ဖော်ပြထားတဲ့ 'ချက်နည်းပြုတ်နည်းပဒေသာ' စာအုပ်ကြီးကို ကိုကိုက မေ့အတွက် လက်ဆောင်ဝယ်ပေးလိုက်တယ်တဲ့"

"ဟောတော့ …"

• • •

## တစ်ခုလောက်တော့ ကူညီပါ

ရပ်ကွက်တစ်ခုအတွင်းရှိ အပေါင်ဆိုင်မှာ ပိတ်ချိန်နီးပြီဖြစ်၍ မန်နေဂျာလည်း ပိတ်ရန် ပြင်နေ၏။

ထိုစဉ် လက်နက်ကိုင်လူဆိုးတစ်ဦး ဝင်လာပြီး မန်နေဂျာအား ကြိုးဖြင့်တုပ်နှောင်ကာ ပါးစပ်အတွင်းသို့လည်း အဝတ်ဖြင့် ပိတ်ဆို့လိုက်၏။ ထို့နောက် ဗီရိုအတွင်းမှ ပစ္စည်းများကို ရှာဖွေယူငင်လိုက်၏။ ထိုစဉ် မန်နေဂျာလည်း ဟူးဟူးဟဲဟဲ အသံပြုလျက်ရှိရာ –

"ဟေ့လူ … ခင်ဗျားဘာပြောချင်လို့လဲ။ ပြောစရာရှိတာမြန်မြန်ပြော။ အသံမကျယ်နဲ့။ ကျယ်လို့ကတော့ အသေပဲမှတ်ပါ"

ဟုဆိုကာ ဓားမိုးထားရင်း ပါးစပ်အတွင်းမှ အဝတ်စကို ဆွဲထုတ်လိုက်၏။

"တစ်ခုလောက် အကူအညီတောင်းချင်လို့ပါ"

"ဘာများလဲ … ပြော"

"ဒီ … ဒီလိုပါ။ ခင်ဗျားပြန်ထွက်သွားရင် စာရင်းစာအုပ်ပါယူသွားပါ။ တစ်နေရာရောက်တဲ့အခါ အဲသည်စာရင်းစာအုပ်ကို အစဖျောက်ပေးပါ"

"ဘာဖြစ်လို့လဲ"

"စာရင်းစာအုပ်မှာ ငွေတွေ တော်တော်လေးလျော့နေလို့ပါ"

"အယ် …"

• • •

## ဟောတော့

သမီးကညာ အခါမလင့်သာ ဆိုသကဲ့သို့ သမီးရှင်ဖြစ်သော ဒေါ်ဘုမသည် သမီးချောလေး မသင်းထုံအတွက် သတို့သားကို အောင်သွယ်နှင့် အရှာထွက်လေ၏။ အောင်သွယ်ကိုလည်း –

"ဒါပဲနော်။ ရုပ်ရည်တို့၊ ပညာအရည်အချင်းတို့က အဓိကမဟုတ်ဘူး။ ငွေကြေးဥစ္စာ ကျိကျိတက်ချမ်းသာရင် ကျေနပ်ပြီ"

ဟူ၍ မှာကြားထားလေ၏။

သို့ဖြင့် ရက်မကြာမီမှာပင် အောင်သွယ်တော်လည်း သတို့သားလောင်းကို ဒေါ်ဘုမတို့အိမ်သို့ ခေါ်လာခဲ့လေ၏။ မသင်းထုံလည်း သူနှင့်ပူးစာဖက်ရမည့်သူကို ချောင်းကြည့်ပေါက်မှ ချောင်းကြည့်ရင်း လွန်စွာမှ စိတ်ပျက်သွားလေ၏။ စိတ်မပျက်ဘဲ နေပါ့မည်လော။ သတို့သားလောင်းဆိုသူမှာ လွန်စွာမှ ချမ်းသာကြွယ်ဝပါသော်လည်း ရုပ်ကမူ လွန်စွာဆိုး၏။ အသားက မည်းမည်း။ နဖူးက မောက်မောက်၊ မျက်ပေါက်က ကျဉ်းကျဉ်း၊ နှာယောင်က ကောက်ကောက်၊ အရပ်က ဂင်တိုတို၊ ဗိုက်က ရွဲရွဲ။

သည်တွင် အောင်သွယ်တော်လည်း အခန်းတွင်းသို့ ဝင်လာရာ မသင်းထုံခမျာ မနေသာတော့။

"ဘယ့်နှယ်ရှင် … ဘယ်လိုလူကို ခေါ်လာတာလဲ။ ရုပ်ကလည်း ပုံဆိုးပန်းဆိုးကြီး"

ဟူ၍ အသံခပ်တိုးတိုးဖြင့် ပြောလေ၏။ ဤတွင် အောင်သွယ်တော်က –

"ကျယ်ကျယ်ပြောလည်း ရပါတယ်ကွယ်။ သူက နားလည်းအင်မတန်ကိုလေးတာ"

"ဟောတော့"

• • •

## စိတ်သာချအတည်

စေ့စပ်ကြောင်းလမ်းပြီးစီး၍ မကြာခင်လက်ထပ်ကြတော့မည့် စုံတွဲတစ်တွဲသည် ပန်းခြံတစ်ခုအတွင်းရှိ ခုံတန်းလျားပေါ်၌ စကားပြောဆိုနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"အချစ်ရေ . . . ကိုယ့်အဖေက ကိုယ့်ကို သိပ်ချစ်တာ။ ဒါကြောင့် သူမသေခင် အချစ်နဲ့ ကိုယ့်ကို လက်ထပ်ပေးဖို့ စီစဉ်ပြီး အမွေတွေ အများကြီးပေးခဲ့တာပေါ့။ ဘကယ်လို့များ ကိုယ့်အဖေသာ အဲသလိုမလုပ်ခဲ့ရင် အချစ် ကိုယ့်ကို လက်ထပ်နိုင်ပါ့မလား"

'ဪ . . . ဒါလေးများ စိုးရိမ်ရန်ကော ကိုယ်ရယ်။ ကိုယ့်အဖေက အဲသလိုမျိုး မလုပ်ခဲ့ရင်လည်း ကိစ္စမရှိပါဘူး။ ကိုယ်နဲ့ပတ်သက်တဲ့လူမှန်သမျှ ဘယ်သူကပဲဖြစ်ဖြစ် အမွေတွေ ပေးသာပေးပါစေ။ ကိုယ့်ကို လက်မထပ်တဲ့ မနေပါဘူး။ စိတ်သာ ချပါကိုယ်ရယ်နော် . . ."

• • •

## လည်လိုက်တာမှ ပါးပါးလေး

ပန်းဆိုးတန်းဆိပ်ကမ်းသို့ စက်ကူးတို့ သင်္ဘောကြီး ဆိုက်ကပ်လေသည်နှင့် ခရီးသည် တစ်အုပ်တစ်မကြီး တက်လာကြသည်။

ယိုသို့တက်လာသော ခရီးသည်လူတစ်အုပ်တစ်မကြီး ကြား၌ မြန်မာစည်ဘီယာအပါအဝင် နိုင်ငံခြားဖြစ်အရက်မျိုးစုံနှင့် တကွ အစားအသောက်များ ရောင်းချသော စားသောက်ဆိုင် ပိုင်ရှင် ဘိုကလေးဦးထွန်းဆိုသူ ပါလာ၏။ သူ့အဖို့ စားသုံးသူ သောက်သုံးသူများကြား၌ မိမိ၏ စားသောက်ဆိုင်မှာ မည်ရွေ့ မည်မျှ ခရီးရောက်နေကြောင်း၊ ရေပန်းစားနေကြောင်းကို လွန်စွာမှ သိလိုလှ၏။

သည့်အတွက် ပန်းဆိုးတန်းဆိပ်ကမ်းသို့ ခြေချမိလျှင် ခြေချမိချင်း၊ ၎င်းသိလိုသည့်ကိစ္စကို ဖော်ထုတ်ရန်အတွက် ရပ်ထားသော ဆိုက်ကားများထဲမှ တစ်စီးကို ငှားလိုက်ပါသည်။

"ဘယ်သွားမှာလဲ အာစရိ"

"ဖအေးကွာ . . . သွားချင်တာကတော့ ဘီယာဆိုင် တစ်ဆိုင်ပေါ့။ အဲသည့်ဆိုင်က ဘီယာထည့်လည်း ခွက်ပြည့်ရမယ်။ နိုင်ငံခြားအရက်တွေရောင်းရင်လည်း စစ်စစ်မှန်မှန်ဖြစ်ရမယ်။ အင်ဆိုရင်တော့ 'နီး'ပဲ။ အဲ . . . အရေးကြီးဆုံးကတော့ 'တော့စ်'ပဲကွ။ အရသာရှိတဲ့ စားသောက်ကောင်းဖွယ် အမြည်းတွေ ရရမယ်။ အေး . . . အဲသလို အရည်အသွေးပြည့်စုံတဲ့ ဆိုင်ကောင်းကောင်းတစ်ဆိုင်ကို လိုက်ပို့စေချင်တယ်။ ဦးက ဘိုကလေးက ခုမှ ရောက်လာလို့ပါ"

"ဟာ . . . ဒါလေးများ ဦးရယ်။ နီးဘလော်ဘလာပ်ပါ။ ဒီကိစ္စအတွက် ကျွန်တော့်ကာဝန်ထား။ ကျွန်တော့်နာမည်က 'ဗိုလ်တထောင်ရော်နယ်ဒို'တဲ့။ ဘော်ဒါတွေကတော့ 'ဗိုလ်တထောင်ဒိုလေး'လို့ ချစ်စနိုးခေါ်ကြလေရဲ့။ ကဲ . . တက်တက်"

အပြောကောင်းသော ဆိုက်ကားဆရာ၏ စကားကြောင့် မှန်နှုံပေါ်သို့ တက်ထိုင်လိုက်ရင်း အကဲခတ်ကြည့်လိုက်သည်။

အံမာ . . . ဟုတ်တော့ဟုတ်သား။

ခေါ်လေးက ဆိုက်ကားမှာ [illegible] လုပ်နေသည်၊ ရုပ်က ကမ္ဘာကျော် [illegible] နှင့် နင်လားငါလား။ လှုပ်ရှားမှုက [illegible] တကယ့်ကို [illegible]

"ငါက ငွေရေးကြေးရေး နမြောတတ်တဲ့သူ မဟုတ်ဘူးကွ။ ဒါပေမဲ့ တန်ရာတန်ရာတော့ ဖြစ်စေချင်တယ်။ လူပါး ပုလင်းထိရင် သေရောပဲ"

"မှန်တာပေါ့ အာစရိရယ်၊ သိပ်မှန်တာပေါ့။ လောကမှာ ပုလင်းအထိခံရတာ လူပါးတွေပဲ အာစရိရဲ့။ ဒါဖွေအသာထား လိုက်ပါ အာစရိရယ်။ အခု အာစရိဆန္ဒရှိတဲ့အတိုင်း ဟောဒီ ကျောက်တံခါးတစ်ဝိုက်၊ ဗိုလ်တထောင်တစ်ဝိုက်မှာရှိကြတဲ့ စားသောက်ဆိုင်တွေအနက်က အကောင်းဆုံးဆိုတဲ့ ဆိုင်တစ်ဆိုင်ရှေ့ကို တည့်တည့်မတ်မတ်ကြီး ပို့ပေးမယ် စိတ်ချ"





www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတာပေါ့ကွာ။ နေပါဦး၊ မသိလို့မေးရဦးမယ်။ အဲသည်ဆိုင်က ဘယ်လိုကောင်းတာတွေလဲ ပြောစမ်းပါဦး"

"ပြောရရင်တော့ ဆက်ဆံရေးကအစ ဝန်ဆောင်မှု အဆုံးလို့ဆိုပါတော့ အာစရိရယ်။ ဗိတ်တာကလေးတွေဆိုရင် ကာစတန်မာတွေအပေါ် သိဝ်ကို တာဝန်ကျေတယ်။ အခုမှာ လိုက်တာနဲ့ အခုစားပွဲပေါ် အရောက်ပဲ။ ရေခဲဆိုရင် တောင်းတောင်မနေရဘူး။ ကုန်ပြီဆိုတာနဲ့ ချက်ချင်းလာဖြည့်ပေးတော့တာပဲ။ အရေးအကြောင်းရှိလို့ ဖုန်းဆက်မယ်ဆိုရင် ကောင်တာမှာထိုင်နေတဲ့သူတွေက တစ်ပြားမှ မယူဘူး။ အဲလိုကောင်းတာ အာစရိရဲ့"

"တယ်ဟုတ်ပါလား ဒိုလေးရာ"

"ဟုတ်တယ် အာစရိရဲ့။ အမြည်းတွေဆိုရင်လည်း လူတကာစားနိုင်အောင် သင့်တင့်တဲ့ဈေးနှုန်းပဲယူတယ်။ အကြော်အလှော်တွေဆိုရင်လည်း တစ်ခါလောက်သာ စားကြည့်၊ လျှာမလည်ဘဲကို မနေဘူး။ အာစရိစွဲကိုစွဲသွားရမယ်"

"တယ်ညွှန်းပါလား၊ ဒိုလေးရဲ့"

"မှန်တာပြော သစ္စာပါ အာစရိရယ်၊ ဟုတ်တာပြောရင် ဥစ္စာပေါပြီး ရုပ်ပါချောမယ်။ မဟုတ်တာတွေ ပြောလို့ကတော့ ဥစ္စာလျှောပြီး သမုဒ္ဒရာမျောပါလိမ့်မယ် အာစရိ။ အာစရိတင် မဟုတ်ပါဘူး၊ ကျွန်တော်နဲ့တွေ့လို့ စားသောက်ဆိုင်ကောင်းကောင်း၊ ယမကာဆိုင်ကောင်းကောင်းကို ပို့ပေးပါဆိုလို့ကတော့ ခု ကျွန်တော်ဦးတည်ပြီး နင်းနေတဲ့ဆိုင်ကို မရောက်ရောက်အောင် နင်းပို့တော့တာပဲ အာစရိ"

ဆိုက်ကားမာစတာ ဗိုလ်ဟထောင်ဒိုလေးက စကားတွေ ရွှန်းရွှန်းဝေအောင် ဖောင်ဖွဲ့ရင်း အထာညက်စွာဖြင့် ကမ်းနားလမ်းအတိုင်း နင်းနေ၏။ လမ်းမကြီးက နှစ်လမ်းသွားမို့ ဖြတ်သန်းသွားလာ မောင်းနှင်နေသော ကားတွေက တကယ့်ကို ဥဒဟို။ စားသောက်ဆိုင်ပိုင်ရှင် ဘိုကလေးဦးထွန်းအဖို့ မည်သို့ စားသောက်ဆိုင်ကိုများ နင်းပို့လေမည်နည်းဟူ၍ ရင်ထဲမှာ တဖိုဖို။

မကြာခင်မှာတော့ ဗိုလ်တထောင်ဒိုလေး၏ ဆိုက်ကားသည် ဘိုကလေးဈေးလမ်းထဲသို့ ဖျတ်ခနဲဆိုသလို ချိုးကွေ့လိုက်သည်။ ထို့နောက် ဘိုကလေးဈေးလမ်းနှင့် ကုန်သည်လမ်းသို့ ရောက်လေသော် ဆိုက်ကားဘရိတ်ကို ကွိခနဲဖမ်းညှစ်ကာ ထိုးရပ်လိုက်သည်။ ရပ်လိုက်သည့်နေရာကို ကြည့်လိုက်တော့ စားသောက်ဆိုင်ကြီးတစ်ဆိုင်။

'ယမင်းဘီယာဆိုင်' ဆိုပါလား။

ဆိုင်းဘုတ်ကြီးက အစိမ်းရောင်အောက်ခံပေါ်တွင် အနီရဲရဲနှင့် ဟည်းမှ ဟည်းပါပဲလား။

"ကိုင်း . . . ရောက်ပါပြီ အာစရိ၊ ဟောဒီ ဗိုလ်တထောင်မြို့နယ်ထဲမှာသာမက တခြားမြို့နယ်တွေကပါ အထူးတလည် နှစ်သက်ကြပါတယ်ဆိုတဲ့ အကောင်းဆုံး စားသောက်ဆိုင်ပါခင်ဗျာ။ ယမင်းတဲ့။ ညနေပိုင်းဆို နာမည်ကျော် စာရေးဆရာတွေတောင် ပုံမှန်လာထိုင်ပြီး စားသောက်တတ်ကြပါတယ်"

"ဟာ . . . မင်းက စာရေးဆရာတွေကိုတောင် သိသကိုး"

"သိဆို သူတို့ဝိုင်းသိမ်းရင် ကျွန်တော့်ဆိုက်ကားကိုပဲ စီးတတ်ကြတာမို့ပါ အာစရိ"

"အေးကွာ"

ခရီးသည်ဟန်ဆောင်ထားသော ဘိုကလေးဦးထွန်းလည်း ၎င်းဆိုင်၏ ဂုဏ်သတင်းအတွက် ဝမ်းသာအားရဖြစ်ရင်းမှ ငါးထောင်တန်တစ်ရွက်ကို ထုတ်ပေးလိုက်၏။

ထိုအခါ ဆိုက်ကားမာစတာဒိုလေးလည်း –

"အာစရိရယ် . . . ပြန်အမ်းဖို့ ပိုက်ဆံ မပြည့်ဘူးခင်ဗျ၊ တစ်ထောင်တန်ပဲ ပေးပါလား။ ဒါမှမဟုတ် ယမင်းဆိုင်ရဲ့ ကောင်တာမှာ လဲပြီး ပေးလို့လည်းရပါတယ်။ ကောင်တာထိုင်ပုဂ္ဂိုလ်တွေက သိပ်သဘောသဘောကျရ ကောင်းကြတာ အာစရိရဲ့"

ဟော . . . ကိုယ့်ဆိုင်ကဝန်ထမ်းတွေကိုလည်း ထုတ်ဖော်ချီးကျူးနေပြန်ပြီ။ သည်တော့လည်း ယမင်းဆိုင်ရှင် ဘိုကလေးဦးထွန်းအဖို့ ပီတိမဖြစ်ဘဲ အဘယ်မှာလျှင် နေပါမည်နည်း။

"ကိုင်း . . . မအမ်းပါနဲ့တော့ကွာ။ အကုန်သာယူလိုက်ပါ။ မင်းအပြောကောင်းလွန်းလို့ ဘောက်ဆူးချတာပါ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အာစရိ"

သည်မျှနှင့် ကျေးဇူးတင်စကားဆိုပြီး ထွက်ခွာသွားလျှင် ကိစ္စမရှိ။

ခုတော့ . . . ထိုမျှမဟုတ်ဘဲ စကားရှည်စွာ ကျေးဇူးတင်သွားသည့်အတွက် ဘိုကလေးဦးထွန်းမှာတော့ အောင့်သီးအောင့်သက်။

ကိုင်း . . . ကြည့်ပါဦး။

"ဟုတ်ကဲ့ . . . ခုလိုမျိုး ဘောက်ဆူးချတဲ့ အာစရိ ဘိုကလေးဦးထွန်းရဲ့ ယမင်းဘီယာဆိုင်၊ စားသောက်ဆိုင်ကြီး ဒီ့ထက် အောင်မြင်ပါစေဗျား" . . . တဲ့။

တစ်လမ်းလုံး ပုလင်းရန်မှ လွတ်ခဲ့သမျှ ခုကျမှ ပုလင်းထိခံရပါပကော . . . ။

မြို့မေတ္တာခံယူမယ်

ကိုရွှေကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



# ငွေချောက်တဲ့ ပြေးလမ်း

နန္ဒာမိုးကြွယ်

လူအသွားအလာ အစာနင်ငယ်ရှင်းသည့် အဝေးပြေးလမ်းမကြီးတစ်နေရာတွင် ဖြစ်သည်။ နေပြည်တော်ဘက်ဆီမှ မြို့တော်ရန်ကုန်သို့ မောင်းနှင်လာခဲ့သော စူပါဆလွန်းကားဖြူကလေးသည် ကားလမ်းဘေးတစ်နေရာသို့အရောက်တွင် အရှိန်လျှော့ကာ ထိုးရပ်လိုက်၏ ...။ အကြောင်းမှုကား ကားမောင်းလာသူအနေဖြင့် ကျန်းမာရေးကိစ္စ ဆောင်ရွက်လိုသောကြောင့် ဖြစ်သည်။

သည်ကားတစ်စီးလုံးတွင် ကားမောင်းသူတစ်ဦးမှအပ မည်သူမည်ဝါမျှမရှိ။

ပြီးတော့ သည်ကားက အငှားကားမဟုတ်။ ကိုယ်ပိုင်ကား နံပါတ်အနက်။

ကားမောင်းသူသည် မကြာခင်ရန်ကုန်မြို့ဧရိယာအတွင်း ချဉ်းနင်းဝင်ရောက်လာတော့မည်မို့ အေးအေးလူလူပင် သန့်ရှင်းလတ်ဆတ်သောလေကို ရှူကာ ချုံပုတ်ငယ်တစ်ခု၏ရှေ့၌ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပင် အန္တရာယ်ဝန်ထုပ်ကို လျှော့ချပစ်နေလေ၏။

ကိစ္စဝိစ္စတွေ ပြီးပြီဆိုတော့မှ လေကလေးတချွန်ချွန်ဖြင့် ကားရပ်ထားရာသို့ ခြေဦးလှည့်လိုက်သည်။ ကားရှိရာအရောက် ကားတံခါးကိုဖွင့်တော့ အံ့သြဖွယ်ရာ အဖြစ်နှင့် ကြုံလိုက်ရသည်။ အကြောင်းကမူ ကားရှေ့ခန်းတွင်တစ်ယောက်၊ ကားနောက်ခန်းတွင်တစ်ယောက်၊ ဆေးဆိုးပန်းရိုက်မျက်နှာနှင့် မိန်းမရွယ်နှစ်ဦးကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ၎င်းတို့ထံမှလည်း အပေါ်စားပေါင်ဒါနံ့က ထုံ၍အီနေသည်။

"ဟာ ... ငါ့ကားပေါ်ကို ဘယ်ကဘယ်လိုရောက်လာရတာတဲ့တုံး။ ဒါ အငှားကားတက္ကစီမဟုတ်ဘူး။ ဆင်း .. ဆင်း ... ဆင်းကြလေ"

ကားသမား၏နှုတ်မှ ထွက်ကျလာသော စကားသံ။

ဤတွင် မိန်းမရွယ်နှစ်ဦး တစ်ဦးကိုတစ်ဦးကြည့်ရှုချင်း ခေါင်းချင်းဆတ်လိုက်ကြသည်။ ထိုအခါ ကားရှေ့ခန်းမှ အမျိုးသမီး၏ စကားသံထွက်ပေါ်လာ၏။

"ကိုင်း ... ကားဆရာ၊ ခဏထိုင်ပါဦး။ ကျွန်မတို့ ဆင်းဆိုရင်လည်း ဆင်းပါ့မယ်။ ဒါပေမဲ့ သည်အတိုင်းတော့ မဆင်းနိုင်ဘူး။ ရှင့်ဆီမှာပါလာတဲ့ ငွေကြေးဝတ္ထုအစုစုကို ကြည်ဖြူစွာနဲ့ ရယူပြီးမှ ဆင်းပေးနိုင်မယ်"

"ဟုတ်တယ် ... ဟုတ်တယ်။ ကျွန်မတို့ကို ပေးပြီးမှ ဆင်းနိုင်မယ်"

မိန်းမရွယ်နှစ်ယောက်က အံတိုင်အဖောက်ညီသလောက် ကားဆရာမှာမူ ကြောင်အမ်းအမ်း ...။

"ဒီ ... ဒီမှာ .. ဘာအကြောင်းကြောင်း လုပ်နေရတာလဲ၊ ကျွန်မတို့ကိုယ်ပေါ်က အဝတ်အစားတွေကို ဆုတ်ဖြဲပြီး အော်လိုက်ရင် ရှင်ဘာဖြစ်သွားမယ်မှတ်လဲ"

"အို ... မိန်းကလေး မင်းပြောတာ ငါ့ဘာမှ သဲသဲကွဲကွဲ မကြားရဘူး။ ငါက နားသိပ်လေးတာ။ ရန်ကုန်ရောက်ရင် နားဆေးခန်းသွားပြမလို့"

ကားဆရာက သည်သို့ဆိုတော့ အနောက်ခန်းမှ မိန်းမရွယ်က –

"ဒါဆိုလည်း လွယ်ပါတယ်။ နားမကြားတဲ့သူအတွက် စာရေးပေးလိုက်ရင် သဘောပေါက်သွားမှာပေါ့"

ဟု ဆိုကာ မိမိ၏ အိတ်အတွင်းမှ စာရွက်တစ်ရွက် ထုတ်ကာ ဘောလ်ပင်နှိုက်၍ စာအမြန်ရေးလိုက်သည်။

"ရှင့်မှာပါတဲ့ ငွေတွေ၊ ပစ္စည်းတွေ ပေးခဲ့ပါ။ မပေးရင် ကျွန်မတို့ အဝတ်အစားတွေ ဆုတ်ဖြဲပြီး ဘလက္ကာရလုပ်ပါတယ်လို့ အော်လိုက်မယ်"

သည်သို့ရေးပြီးနောက် ကားဆရာလက်တွင်းသို့ ထည့်လိုက်သည်။ ကားဆရာလည်း စာရွက်ရရော စာကိုဖတ်ပြီး ပြုံးလိုက်ရင်း ...

"ဝမ်းနည်းပါတယ် အမိတို့၊ မင်းတို့က နေရာတကာ လျှော့တွက်တာကိုး။ ငါနားလေးချင်ယောင်ဆောင်နေတာ။ မင်းတို့ဆီက သက်သေအထောက်အထားခိုင်ခိုင်မာမာရချင်လို့။ ခုရပြီ။ မင်းတို့ကို ငဲ့ညှာတဲ့အနေနဲ့ ခုချက်ချင်း ဆင်းသွားဖို့ အချိန် နှစ်မိနစ်ပေးမယ်။ နို့မဟုတ်ရင် ရဲကင်းကို ခုပဲ ဖုန်းဆက်လိုက်မယ်"

"ရှင် ..."


"ဟုတ်တယ်။ ငါ့ကို နလပိန်းတုံး မထင်နဲ့။ ငါက သည်ကနေ့မှ အငြိမ်းစားယူလိုက်တဲ့ ဥပဒေအရာရှိ"

သည်ခဏအတွင်းမှာပင် မိန်းမရွယ်နှစ်ယောက်လည်း ကားတံခါးကိုဖွင့်၍ ကသောကမျော ဆင်းပြေးသွားပါလေတော့၏။

နန္ဒာမိုးကြွယ်

www.burmeseclassic.com

www.burmeseclassic.com



# ပွဲတင်သံ

## အာကာထက်ရှား

ကိုမိုးဦးမှာ မိသားစုလေးယောက် ရှိပါသည်။ သူရယ်၊ သူ့ဇနီးမေချိုရယ်၊ တစ်နှစ်သား သားငယ်လေးရယ်၊ ယောက္ခမကြီးရယ်ပေါ့။ ကိုမိုးဦးက ကားစက်ပြင်အလုပ် လုပ်ပါတယ်။ သူ့ဇနီးမေချိုက ပုဂ္ဂလိကဘဏ်မန်နေဂျာပေါ့။ ယောက္ခမကြီးကတော့ မြေးထိန်းကျွမ်းကျင်သူ ဆိုပါတော့။ ကိုမိုးဦးဝပ်ရှော့က သူ့ယောက္ခမကြီးရဲ့ အိမ်ရှေ့မှာ ဖွင့်ထားပါတယ်။ တစ်ခါတစ်ရံမှာ ကိုမိုးဦးကို လမ်းမှာပျက်နေတတ်တဲ့ ကားဆရာတွေက ခေါ်ယူအကူအညီတောင်းတတ်ပါတယ်။

ပထမနေ့ ကိုမိုးဦးရဲ့ဇနီး၊ မချိုက ရုံးသွားဖို့ပြင်နေတယ်။ သားလေးအိပ်ပျော်နေလို့ ယောက္ခမကြီးက အသံတိုးတိုး၊ တရားခွေဖွင့်ပြီး တရားနာနေတယ်။ ကိုမိုးဦးကတော့ အလုပ်သိမ်းလို့ ကလေးအနှီးတွေနဲ့ ဇနီးအဝတ်တွေ လျှော်နေတယ်။ အဲဒီအချိန်မှာ ဇာတ်လမ်းကစတာပါပဲ။

"ကံကြွေးဆပ်နေတာပေါ့ကွယ်"

အိမ်ဘေးက အုတ်ကန်အနီးမှာ အဝတ်လျှော်နေတာကို ဘယ်အချိန်က ယောက္ခမကြီး မြင်သွားတာလဲ မသိပါဘူး။

"ဆရာတော်ဟောတဲ့တရားက သိပ်မှန်တာပဲ။ အရင်ဘဝက ကံကြွေးပါလာရင် ဆပ်ရစမြဲပဲတဲ့"

လို့ ယောက္ခမကြီးဟာ ကိုမိုးဦးနဲ့ မနီးမဝေးမှာရောက်လာပြီး မေချိုကို လှမ်းပြီးပြောသလိုလို၊ သူ့ဘာသာသူ ဆရာတော်တရားကို ပြန်ပြီးရေရွတ်သလိုလိုနဲ့ အနှီးလျှော်နေတဲ့ ကိုမိုးဦးကို အနှောင့်အသွားမလွတ်တဲ့စကားနဲ့ ရိသွားတယ်။ ယောက္ခမအိမ်တက် သမက်မျက်နှာငယ်ဆိုတဲ့စကား သိပ်မှန်သွားတာပေါ့။

ဒုတိယနေ့ ... ရုံးသွားဖို့ အဆင်သင့်ဖြစ်နေတဲ့ မေချိုက -

"မောင်ရေ ... မောင့်သားလေးက မာမီ့စောင်ပေါ်မှာ ရှူးတွေပေါက်ထားလို့တဲ့။ မောင့်ကိုလည်း မာမီခေါ်နေတယ်၊ သူ့စောင်ကိုလျှော်ခိုင်း မလို့တဲ့"

"ဘာကွ ..."

ကိုမိုးဦးစိတ်ထဲမှာ ရုတ်တရက်ဆိုတော့ ဒေါသတွေထွက်သွားတယ်။ သို့သော် ခေတ်ပညာတတ်တစ်ယောက်ပီပီ

"ယောက္ခမဆိုတာ ဇနီးမချိုရဲ့ အမေဖြစ်တယ်။ မိန်းမနဲ့ပတ်သက်ပြီးမှတော့ ကိုယ့်အမေပါပဲ"

ဆိုတဲ့ အတွေးမျိုး သူ့ဦးနှောက်ထဲမှာ ပြန်ဝင်လာတယ်။ ဒါပေမဲ့ လူငယ်ဆိုတာ လူငယ်အတွေးအခေါ်၊ လူငယ်မာန်မာနဆိုတာမျိုးလည်း ရှိစမြဲပဲမဟုတ်လား။ ဟိုတစ်နေ့က ကလေးအနှီးလျှော်နေတာကို ကိုယ့်သမက်ဟာ မအားလပ်တဲ့ကြားက ကလေးအနှီးတောင် လျှော်ပါလား။ ရိုးသားကြိုးစားပါလားလို့ မတွေးခေါ်တတ်တဲ့အပြင် ရှုတ်ချအပြစ်မြင်တတ်တဲ့ ယောက္ခမကြီးတော့လား သူ့စောင်သူလျှော်ပလေ့စေ"

ဆိုတဲ့အတွေးက ကောင်းစိတ်နဲ့ ဆိုးစိတ်နှစ်ခုဟာ အားပြိုင်ပြီး လွန်ဆွဲနေကြတယ်။ ဒါပေမဲ့ နောက်ဆုံးတော့ "မိုးဦးဟာ မိုးဦးပါပဲကွာ"ဆိုတဲ့ ကောင်းစိတ်ကအနိုင်ရပြီး စောင်လျှော်ပေးဖို့ ဆုံးဖြတ်ချက်ချလိုက်တယ် ဆိုရင်ပဲ ...

"ဆရာမိုးဦး ရှိလား"

"ရှိတယ်ဟေ့"

"ဆရာ ကျွန်တော့်ကား တာမွေမီးပွိုင့်နားမှာ ဘရိတ်ပေါက်သွားလို့"

"ဟော .. ဖြည်းဖြည်းမောင်းပြီးယူလာခဲ့ပေါ့ကွာ"

"ကျွန်တော် မမောင်းရဲဘူးဆရာ"

"ဒီနေ့ကျမှ ငါ့တပည့်တွေလည်း မလာကြဘူး။ ငါလိုက်မောင်းပါ့မယ်ကွာ"

"ဟုတ်ကဲ့ဆရာ သွားစို့"

ဆိုတော့ ကိုမိုးဦးလည်း ယောက္ခမကြီးကို ရာနှုန်းပြည့်အပြုံးနဲ့ ပြုံးပြလိုက်ပြီး

"မာမီ သား ကားပြင်သွားလိုက်ဦးမယ်နော်"

ပြောတော့ ယောက္ခကြီးက ခပ်ပြင်းပြင်းလေသံနဲ့ "အင်း ..."တဲ့။

မေချိုက အိမ်မှာမရှိ၊ ကိုမိုးဦးလည်း မရှိ၊ သားလေးလည်းအိပ်ပျော်နေတုန်း အားလပ်နေတဲ့ ယောက္ခမ ဒေါသန်ပြန့်ကြီးဟာ စောင်ကိုရှုံ့ရှုံ့နှံ့စွဲသွားမှာ အလွန်ကြောက်တယ်ဆိုတာ ကိုမိုးဦးသိထားပြီးမို့ စောင်လျှော်ပြီး ကံကြွေးဆပ်တော့မယ့် ယောက္ခမကြီးကို အရမ်းအားနာ တယ်ဗျာ။ ။

အာကာထက်ရှား



www.burmeseclassic.com

www.burmeseclassic.com



# လမ်းဖြောင့်

■ ပိုက်မင်းဝေ

သည်ကနေ့ ကျွန်တော့်နားရက်ဖြစ်သည်။ မနေ့ကဝယ်လာသော စာအုပ်ကိုယူ၍ အိမ်ရှေ့ ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ကာ ရေနွေးကြမ်းလေး ငုံ့သောက်လိုက်၊ စာအုပ်လေး ဖတ်လိုက်နှင့် ဇိမ်ကျနေခိုက် အိမ်ရှေ့မှ ကျွန်တော့်အမည်ခေါ်သံ ကြားလိုက်ရသည်။

"ကိုပိုက်ကြီး . . . ကိုကြီးပိုက်ကြီး၊ဝေး . . . ကိုပိုက်ကြီး"

"မောင်ဇော်ပါလား၊ လာလေကွာ အစ်ကိုကြီးရှိပါတယ်၊ သည်နေ့နားတယ်"

တစ်ရပ်ကွက်တည်း နေသော မောင်အောင်ဇော်ဆိုသည့် ချာတိတ်ဖြစ်သည်။ ကျွန်တော့်အား အစ်ကိုကြီးအရင်းတစ်ယောက်သဖွယ် ခင်ရှာလေသူ ဖြစ်သည်။ ဘွဲ့ရပြီးသား၊ အလုပ်ကိုင်ကိုင်မည်မည်ရရ မရှိသေး။ သူဘာလုပ်လုပ် ကျွန်တော့်အား တိုင်ပင်လေ့ရှိသည်။ သည်ကောင် ကျွန်တော့်ဆီမလာသည်မှာ တစ်လနီးပါးခန့်ရှိပြီ။ နယ်က သူ့ဦးလေးထံ သွားရောက်ဦးမည်ဟု မသွားခင်က ကျွန်တော့်အား ပြောသွားခဲ့လေသည်။

"ညကပဲ ပြန်ရောက်တယ် ကိုပိုက်ရယ်"

"အေးကွာ မင်းသည်တစ်ခေါက် တော်တော်ကြာတယ်နော်"

"ဟုတ်တယ် ကိုပိုက်ရယ်၊ ဦးလေးက ကျွန်တော်အလုပ်လုပ်မယ်ဆိုလို့ အရင်းအနှီးထုတ်ပေးလိုက်တယ်။ ကိုယ်ပိုင်အလုပ်လေး ရန်ကုန်မှာ လုပ်မယ်ဆိုလို့"

"မင်း ဘာအလုပ်လုပ်မယ်လို့ ပြောလိုက်လို့လဲ"

"အဲဒါတော့ မမေးဘူးကိုကြီးရဲ့။ မင်းက ဘွဲ့ရပြီးသားပဲ၊ မင်းဘာလုပ်လုပ် ဦးလေးကတော့ အလုပ်လုပ်ရင် ကျေနပ်တာပဲလို့တော့ ပြောတာပဲ"

"ဘယ်လောက် ထုတ်ပေးလိုက်သလဲ"

"သိန်းငါးဆယ်"

"ဟိုက်ရှားဘား"

"ဘာလဲ . . . မယုံလို့လား"

"ယုံပါတယ်ကွာ၊ မင်းဦးလေးက ကျောက်တွင်းသူဌေးပဲ၊ ဒါနဲ့ . . . မင်းဘာလုပ်မှာတုံး"

"အဲဒါကြောင့် ကိုကြီးဆီလာတာပေါ့။ အကြံလေးဘာလေး တောင်းရအောင်"

"အေးလေ . . . သည်အရင်းအနှီးနဲ့ဆို လုပ်ငန်းလေးတစ်ခုတော့ လုပ်လို့ရတာပေါ့"

"ဒါပေါ့ ကိုကြီးရ"

"ဘာလုပ်၊ ဘာလုပ်တော့ မပြောတော့ပါဘူးကွာ။ မင်းလည်း ပညာတတ်ပဲ။ တို့ရပ်ကွက်ထဲမှာပဲ စံနမူနာပြစရာရှိတဲ့ လူတွေအများကြီးပဲ။ ဟိုဘက်ရပ်ကွက် သူဌေးဦးကျော်စွာပဲကြည့်။ ဟိုးအရင်က ဘာမှရှိတာမဟုတ်ဘူး။ ရိုးရိုးကုပ်ကုပ်နဲ့ ဖြူးခြဲချွေတာပြီး အလုပ်လုပ်။ ဟော . . . အရင်းအနှီးလေးရှိလာတော့ ကွမ်းဗိုင်တွေက ကွမ်းတွေဝယ်၊ ကွမ်းယာဆိုင်လိုက်သွင်း။ အဲသည်ကစ အရင်းအနှီးတွေပွား။ အရင်းအနှီးများလာတော့ သူ့ထက်မြင့်တဲ့ လုပ်ငန်းတွေ လေ့လာပြီး အလုပ်လုပ်လိုက်တာ ဟော . . . အခု တိုက်နဲ့ ကားနဲ့။ နမူနာပေါ့ကွာ"

"ဟုတ်တယ်နော် ကိုကြီး"

"ဟုတ်တာပေါ့ကွာ။ ကဲ . . . ကြည့်၊ တို့ရပ်ကွက်ထဲက ကိုစိုးဝင်းကိုကြည့်။ အစကတော့ အလုပ်လုပ်လိုက်တာ ဖရောင်းစက်ရုံထောင်၊ အောင်မြင်လိုက်တာ ရွှေနဲ့ ငွေနဲ့။ နောက်တော့ အပေါင်းအသင်း တပည့်တပန်းတွေများလာ၊ အသောက်အစား အပျော်အပါးနဲ့ မကြာဘူး လုပ်ငန်းတွေထိုးရပ်၊ လုပ်ငန်းပြန်စမယ်ဆိုတဲ့ အချိန်မှာ အရင်းအနှီးက မရှိတော့ဘူး။ ဒါနဲ့ ဖြတ်လမ်းကလိုက် နှစ်လုံးတွေ၊ သုံးလုံးတွေထိုး။ နောက်ဆုံး နေစရာအိမ်ပါ ပေါင်ထိုး၊ ရောင်းထိုးလိုက်တာ ခုတော့ သူများအိမ်ဘေး အဖီလေးမှာ ကပ်ပြီးငှားနေရတဲ့ဘဝ။ နောက်ဆုံး အရက်သမားလုံးလုံး ဖြစ်သွားတာပဲလေ"

"ဟုတ်ပါ့ အစ်ကိုကြီးရာ"

"မင်းလည်းကျောင်းမှာ သင်ဖူးတယ်မဟုတ်လား။ ပညာရှိလူညီမှုလေး သူ့လိုကျင့်ပါလား။ အောင်မြင်ရမှာပေါ့။ ရှေ့ကသွားနှင့်တဲ့လူရဲ့ လမ်းအတိုင်း ဆိုးတာကိုဖယ်၊ ကောင်းတာယူရင် မင်းရဲ့ လိုချင်တဲ့ပန်းတိုင် ရောက် မပေါ့"

"ကျေးဇူးတင်လိုက်တာ ကိုကြီးရာ။ ကျွန်တော်စဉ်းစားထားတဲ့အတိုင်းပဲ။ ကောင်းတယ် ကိုကြီး . . ."

"မင်း . . . မင်းက ဘာများလုပ်မလို့လဲ"

"ကျွန်တော်ဝါသနာပါတဲ့ ဂီတ။ ကျွန်တော် စီးရီးထုတ်မယ်ဗျာ။ ဝါသနာပါတာလည်းဖြစ်၊ စီးပွားလည်းဖြစ်ပေါ့"

"ဘယ်လို . . . ဘယ်လို"

"ဟုတ်တယ်လေ။ ဟိုတုန်းက အောင်မြင်ပြီးသားသီချင်းတွေ၊ ဆုံးသွားတဲ့ အဆိုတော်တွေရဲ့သီချင်းတွေ ပြန်ဆိုမှာပေါ့ဗျ။ အစ်ကိုကြီးပြောသလို မကောင်းတာဖယ်၊ ကောင်းတာယူ၊ လျှောက်ပြီးသားလမ်း အေးဆေးလိုက်လျှောက်ရုံပဲ။ အနည်းဆုံးတော့ နာမည်တော့ ကျန်မှာပဲ၊ မကောင်းဘူးလား"

"မအေပေး"

ပိုက်မင်းဝေ

www.burmeseclassic.com

www.burmeseclassic.com



# လူစွမ်းကောင်းလေးများ

■ ငြိမ်းအောင်(သစ်လုပ်ငန်း)

အဘွားနေမကောင်းကြောင်း ဒေါ်လေးဖုန်းဆက်အကြောင်းကြား၍ ယုဇနမြို့သစ်ရှိ အဘွားတိုက်ခန်းသို့ လာခဲ့ရသည်။ ခရီးရောက်မဆိုက် ဒေါ်လေးက ညှိုးငယ်သောမျက်နှာနှင့် ဆီးကြိုနေရှာသည်။

''အဘွား ဘယ်လိုဖြစ်တာလဲ ဒေါ်လေးရယ်။ သီတင်းကျွတ်လာကန်တော့တုန်းက အဘွား မာမာချာချာကြီးပါ''

''ပြောကို မပြောချင်တော့ပါဘူး သားရယ်။ မင်းအဘွားမှာ နှလုံးရောဂါရှိနေတယ်တဲ့''

''ဗျာ ... အဘွားမှာ နှလုံးရောဂါရှိနေတယ် ... ဟုတ်လားဒေါ်လေး''

''ဟုတ်တယ်သားရဲ့။ နှလုံးအထူးကုဆရာဝန်ကိုယ်၌က ပြောလိုက်တာပါ''

''ဖြစ်မှဖြစ်ရလေဗျာ။ အဘွားရဲ့ နှလုံးရောဂါ ဘယ်ကနေဘယ်လို စဖြစ်တာလဲဟင်''

''ပြောကိုမပြောချင်ပါဘူး သားရယ်။ မင်းအဘွား သူငယ်ပြန်နေလားမသိပါဘူး။ ရုပ်သံလိုင်းဘစ်ခုက လွှင့်တဲ့ လူစွမ်းကောင်းလေးများ အစီအစဉ်ကို ကြည့်ရင်း ခုလို နှလုံးရောဂါ ရသွားတော့တာဘဲကွယ် ... ဟင့် .. ဟင့် .. ဟင့်။ ကဲ ... ကဲ ... အိပ်ခန်းထဲမှာ မင်းအဘွားလှဲနေတယ်။ ဝင်တွေ့လိုက်ပါဦး''

အိပ်ခန်းထဲဝင်လိုက်တော့ အိပ်ရာထဲတွင် လဲလျောင်းနေရှာသည့် အဘွားကိုကြည့်ရင်း ကျွန်တော် စိတ်မကောင်းဖြစ်သွားမိသည်။ အဘွားခမျာ အသက်မှုန်းမှုန်းရှူရင်း အရိုးပေါ်အရေတင် ပိန်လှီနေရှာသည်။

''အဘွား။ သက်သာရဲ့လားဟင်''

သစ်ကိုင်းခြောက်လေးလို ပိန်လှီနေသည့် အဘွား၏လက်မောင်းလေးကို ကျွန်တော်ယုယမြတ်နိုးစွာ ဆုပ်ကိုင်လိုက်မိသည်။

''အို ... ဘွားမြေးလေး အောင်ငွေထွန်းလားကွယ်''

''ဟုတ်ပါတယ် ဘွားဘွား''

''မြေးလေးလည်း ပျောက်ချင်းမလှ ပျောက်သွားလိုက်တာကွယ်။ ခုမှပဲ ပေါ်လာတော့တယ်''

''သား ဗိုလ်တထောင်မှာ မဟုတ်တော့ဘူး။ သန်လျင်အမှတ်(၁၀)သစ်စက်ကို ပြောင်းသွားပြီ အဘွားရဲ့''

''အေး ... အေး ... ထမင်းကျွေးတဲ့အလုပ်ကို ကြိုးစားလုပ်နော် သားလေး''

''ဟုတ်ကဲ့ပါ ဘွားဘွား''

ထိုစဉ် အိမ်ရှေ့ခန်းရှိ တီဗွီထဲမှ အသံလွှိုင်းများကြောင့် အဘွားလှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

''ဟော ... ရှူး ... ရှူး .. တိုးတိုး မြေးလေးရေ၊ သူတို့လေးတွေ လာနေကြပြီ။ အဘွားကို ဆွဲထူစမ်းပါဦးသားရယ်။ အဘွားတီဗွီကြည့်ချင်လွန်းလို့ပါ''

အဘွားဆန္ဒအရ အဘွားအား တီဗွီစားပွဲရှေ့သို့ တွဲခေါ်လာခဲ့သည်။ တီဗွီဖန်သားပြင်ပေါ်တွင် အသက်(၃)နှစ်အရွယ် လူစွမ်းကောင်းလေးများ၏ လုပ်ဆောင်ချက်များကိုကြည့်ရင်း အဘွားလက်ခုပ်လက်ဝါးတီးကာ အားပါးတရ အားပေးနေရှာသည်။

''သားလေးရေ ... ဟုတ်ပြီ၊ ဟုတ်ပြီ။ ဘောလုံးအဝါလေးကို ကောက်ပြီး ရှေ့က ဂိုးထဲ ကန်သွင်းလိုက်စမ်း။ ဟာ ... ဟုတ်ပြီ၊ ဂိုးသွားပြီတော့၊ ဂိုးသွားပြီ ... ဟေး ... ဟေး ''

အဘွား၏ အလန့်တကြားအော်သံကြောင့် ဒေါ်လေး အိမ်ရှေ့ခန်းထဲ ပြေးထွက်လာပြီး တီဗွီရှိမှုကို ကမန်းကတန်း လှမ်းပိတ်လိုက်သည်။

''ဆရာဝန်က အမေ့ကိုမှာထားတယ် မဟုတ်လား။ စိတ်လှုပ်ရှားစရာကောင်းတဲ့ ဒီအစီအစဉ်ကို မကြည့်ပါနဲ့လို့''

''မေမေ တော်ကြာ ဆေးသောက်ပြီး စိတ်ငြိမ်ငြိမ်ထားပါ့မယ်သမီးရယ်။ ဒီအစီအစဉ်ကို ကြည့်ခွင့်ပြုပါနော်''

အဘွား၏ အသနားခံ တောင်းပန်တိုးလျှိုးသည့် မျက်နှာကြောင့် ဒေါ်လေးမှာတော့ တီဗွီကို မဖွင့်ချင် ဖွင့်ချင်နဲ့ ပြန်ဖွင့်လိုက်ရသည်။

''ကဲ ... ကြည့်ကြည့်၊ တကာတဲ''

တီဗွီဖန်သားပြင်ပေါ်တွင် (၃)နှစ်အရွယ် လူစွမ်းကောင်းလေးများက သူတို့၏လုပ်ဆောင်ချက်နှင့် စွမ်းရည်ကို တစ်မျိုးပြီးတစ်မျိုး ထုတ်ပြနေကြသည်။

ဤအစီအစဉ်ကိုသာ နှစ်နှစ်ခြိုက်ခြိုက် ကြိုက်နေရှာသည့် အဘွား၏ ဝါသနာနှင့် စိတ်ဓာတ်ကို ကျွန်တော် အပြစ်မတင်ရက်တော့ပါ။

အကြောင်းမူ ကျွန်တော်သည်လည်း ဤအစီအစဉ်ကို နှစ်နှစ်ခြိုက်ခြိုက် မလွတ်တမ်းကြည့်တတ်သူပင်ဖြစ်သည်။

ငြိမ်းအောင်(သစ်လုပ်ငန်း)

www.burmeseclassic.com

www.burmeseclassic.com



# နောက်မှအကြံရ၍ ထုချေချက်

နိုင်မျိုးသစ္စာ(နမ္မတူ)

ပြစ်မှုဆိုင်ရာအမှုများတွင်လည်းကောင်း၊ တရားမမှုများတွင်လည်းကောင်း၊ သက်သေများကို စစ်မေးရာတွင် သက်သေခံဥပဒေပုဒ်မ-၁၃၈ အရ ဓာမိကစစ်ဆေးခြင်း၊ ပြန်လှန်စစ်ဆေးခြင်း၊ ရှင်းလင်းစစ်ဆေးခြင်း ဟူ၍ စစ်ဆေးခြင်းအစီအစဉ်အတိုင်း စစ်မေးကြရပါသည်။ 'အဓိကစစ်ဆေးခြင်း'ဆိုသည်မှာ သက်သေပြသူအမှုသည်က ၎င်း၏ သက်သေအား စစ်ဆေးခြင်းကို ခေါ်ဆိုပါသည်။ 'ပြန်လှန်စစ်ဆေးခြင်း'ဆိုသည်မှာ ၎င်းသက်သေကို တစ်ဖက်အမှုသည်က စစ်ဆေးခြင်းကို ခေါ်ပါသည်။ ထိုသို့ ပြန်လှန်စစ်မေးပြီးနောက် သက်သေတင်ပြသူအမှုသည်က စစ်ဆေးခြင်းကို 'ရှင်းလင်းစစ်ဆေးခြင်း'ဟု ခေါ်ပါသည်။

ပြစ်မှုဆိုင်ရာမှုခင်းများကို စစ်ဆေးရာတွင် စွပ်စွဲခံရသူ(တရားခံ)အနေဖြင့် တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးစဉ်တွင် မိမိအပြစ်မရှိကြောင်း သိသာရန် ထင်သာမြင်သာသည့် ပြန်လှန်မေးခွန်းများကို မေးလေ့ရှိပါသည်။ ထိုသို့ မေးမြန်းရာတွင် မိမိအပြစ်မရှိကြောင်း ခုခံချေပသည့် ခုခံမှုလမ်းကြောင်း (Defence Line) ကို ပြန်လှန်မေးခွန်းများ မေးမြန်းရာတွင် အတိအလင်း ထုတ်ဖော်မေးမြန်းထားရန် လိုအပ်ပါသည်။ ပြန်လှန်မေးခွန်းများ မေးမြန်းရာတွင် ထည့်သွင်းဖော်ပြမေးမြန်းခဲ့ခြင်းမရှိဘဲ မိမိအစစ်ခံ ထွက်ဆိုသည့်အချိန်မှ ထွက်ဆိုခြင်းဖြစ်ပါက 'နောက်မှအကြံရ၍ ထုချေချက်'(After Thought) ဖြစ်သည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးစဉ်က တရားခံအနေဖြင့် မိမိထုချေလိုသော အချက်ကို ပြန်လှန်မေးခွန်းတွင် ဖော်ထုတ်မေးမြန်းခြင်းမပြုဘဲ စွဲချက်တင်ပြီးမှ ထုချေလျှင် နောက်မှအကြံရ၍ လက်ခံခြင်းမပြုနိုင်ကြောင်း ဦးတင်ထွန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၆၆ ရုံးချုပ်စာ ၁၉၂ တွင် ဆုံးဖြတ်ထားပါသည်။ အဆိုပါ စီရင်ထုံးပါ လမ်းညွှန်ဆုံးဖြတ်ချက်အရ တရားခံသည် မိမိ၏ ခုခံမှုလမ်းကြောင်းကို တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးစဉ်အခါကပင် မလွဲမသွေ မေးမြန်းထားရန် ဂရုပြုရမည် ဖြစ်ပါသည်။

သို့ပါသော်လည်း စွပ်စွဲခံရသူ တရားခံအနေဖြင့် တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးစဉ်အခါက မိမိ၏ ခုခံကာကွယ်ရေးလမ်းကြောင်းကို မေးမြန်းခဲ့ခြင်းမရှိဘဲ မိမိ တရားခံအဖြစ် အစစ်ဆေးခံသည့်အချိန်ရောက်မှ အပြစ်မရှိကြောင်း ခုခံချေပသည်ဆိုကာမျှဖြင့် အမှုတွင် အပြစ်ရှိသည်ဟု တစ်ထစ်ချပုံသေ ကောက်ယူဆုံးဖြတ်ရမည် မဟုတ်ပေ။ အမှုတွင် စစ်ဆေးသော သက်သေများ၏ ထွက်ဆိုချက်အရ ပေါ်ပေါက်သော အချက်များပေါ်မူတည်၍ သေချာစွာ ဆင်ခြင်သုံးသပ်ရမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လူသတ်မှုတစ်ခုတွင် သက်သေထွက်ဆိုချက်များအရ တရားခံသည် မိမိကိုယ်မိမိ ခုခံကာကွယ်ခဲ့ခြင်း ထင်ရှားနေပါလျှင် အဆိုပါ တရားခံက ခုခံကာကွယ်ပိုင်ခွင့်ရှိသည်ကို ထုချေခြင်း၊ တင်ပြလျှောက်လဲခြင်း မပြုလုပ်မပေးကာမှု အဆိုပါအချက်ကို တရားရုံးက လက်ခံပြီး တရားခံအား တရားသေ လွှတ်ခွင့်ရှိပေသည်ဟူ၍ **အစိုးရနှင့် လှမောင် (၁၉၄၆) တရားလွှတ်တော် စာ-၅၀** တွင် ဆုံးဖြတ်ထားပါသည်။

ရာဇဝတ်မှု (ပြစ်မှု)ဖြင့် တရားစွဲဆိုခံရသည့် တရားခံတစ်ဦး၏ ပြုလုပ်မှုသည် ရာဇသတ်ကြီး ဥပဒေ(ပြစ်မှုဆိုင်ရာဥပဒေ)၏ အထွေထွေကင်းလွတ်ချက် (General Exception) တစ်ခုခုနှင့် အကျုံးဝင်ကြောင်း တွေ့ရှိပါက ထိုအချက်ကို တရားခံ၏ အကျိုးအလို့ငှာ ထည့်သွင်းစဉ်းစားနိုင်ပေသည်။ တရားခံကိုယ်တိုင်က ၎င်း၏ပြုလုပ်မှုသည် ကင်းလွတ်ချက်တစ်ခုခုနှင့် အကျုံးဝင်သည်ဟု ထုချေခြင်းမပြုပါသော်လည်း တရားလိုနှင့် တရားလိုပြသက်သေများ၏ ထွက်ဆိုချက်များအရ ကင်းလွတ်ချက်တစ်ခုခုနှင့် အကျုံးဝင်နေကြောင်း ပေါ်ပေါက်ပါက တရားရုံးသည် တရားခံ၏ အကျိုးအတွက် စဉ်းစားသုံးသပ်ခွင့်ရှိပါသည်။ အမှုအဖြစ်အပျက် အကြောင်းအရာတို့ကပင် တရားခံသည် ကင်းလွတ်ခွင့်တစ်ခု ဖြစ်သည့် စိတ်ပေါ့သွပ်နေချိန်တွင် ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်နေလျှင် တရားခံကိုယ်တိုင်က ထိုအချက်ကို တင်ပြထုချေခြင်းမပြုစေကာမူ ယင်းကင်းလွတ်ချက်၏ အကျိုးကျေးဇူးကို တရားခံအား ခံစားခွင့်ပေးရမည်ဟု **ဒေါ်ချစ်မယ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၁ တရားရုံးချုပ်၊ စာ-၄၆** တွင် ဆုံးဖြတ်ထားခဲ့သည်ကို အလေးဂရုပြုရမည် ဖြစ်ပါသည်။

ဒေါ်စောရီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၉၃ မတစ ၁၄ ပြစ်မှုတွင် တရားခံမှာ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ သတင်းပေါ်ထွက်မှုမရှိခြင်း၊ အခြားသူက လုပ်ကြံခြင်းဖြစ်နိုင်သည်ဟု တရားခံက စခန်းမှူးအား ချက်ချင်း ထုတ်ဖော်ပြောပြခဲ့ခြင်း၊ တရားခံနှင့် အိမ်ခြံမြေဝယ်ယူခဲ့သော ကိစ္စနှင့်စပ်လျဉ်း၍ မသင့်မြတ်သူများရှိကြောင်း ပေါ်လွင်ခြင်း၊ ဆေးခြောက်ထုပ်ကိုယူ၍ တရားခံအိမ်အောက်ရှိ သေတ္တာထဲ သွားရောက်ထည့်ပြီးနောက် ရဲထံသတင်းပေးခဲ့သည်ဟု ထွက်ဆိုချက်ရှိခြင်းကြောင့် မိမိကိုလုပ်ကြံခြင်း ဖြစ်ပါသည်ဟု တရားခံ၏ ချေပချက်မှာ နောက်မှအကြံဖြင့် ချေပချက်ဖြစ်သည်ဟု မဆိုသာနိုင်ကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်ကို တွေ့ရှိရပါသည်။

ပြစ်မှုများ စစ်ဆေးရာတွင် ပြစ်မှုတိုင်း၌ တရားခံဘက်မှ ဥပဒေနားလည်တတ်ကျွမ်းသူ ရှေ့နေမပါရှိနိုင်ပေ။ အလားတူ တရားခံကိုယ်တိုင်ကလည်း ဥပဒေပြဋ္ဌာန်းချက်များကို ပြီးပြည့်စုံစွာ နားလည်နိုင်မည်မဟုတ်သည့်အတွက် တရားလိုနှင့် တရားလိုပြသက်သေများကို စစ်မေးစဉ်တွင် မိမိပြစ်မှုမကျူးလွန်ကြောင်း၊ ထုချေချက်အား ပြန်လှန်မေးမြန်းခြင်းသည် ရှိချင်မှ ရှိခဲ့ပါမည်။ ထိုသို့မရှိခဲ့သည့်အတွက် တရားခံ၏ ထွက်ဆိုချက်သည် နောက်မှအကြံရ၍ ထုချေချက်ဖြစ်သည်ဟူ၍ တရားခံအား အပြစ်ပေးရန် သင့်မည်မဟုတ်ဘဲ တရားလိုနှင့် တရားလိုပြသက်သေ ထွက်ဆိုချက်များအရ တရားခံ ပြစ်မှုမကျူးလွန်ကြောင်း ပေါ်ပေါက်ပါက ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုရမည်သာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နိုင်မျိုးသစ္စာ(နမ္မတူ)



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံကြီးသား ပီသဖို့

**တင်မိုးခိုင်**

(၁)

ခရီးတစ်ခုသွားရင်း ကားပေါ်မှ လမ်းဘေးဝဲယာရှိ သစ်လွင်သော အမဆောက်အဦများနှင့် ကျယ်ပြန့်သန့်ရှင်းသော လမ်းမကြီးတို့ကို မျက်စိပသာဒရှိစွာ ခံစားကြည့်ရှုလာမိသည်။ ထိုစဉ် လမ်းဘေးတစ်နေရာမှာ စာလုံးကြီးကြီးဖြင့် အထင်အရှား စိုက်ထူထားသော ဆိုင်းဘုတ်တစ်ခု၏ စာတန်းကို မြင်လိုက်ရ၏။

"လမ်းပေါ် အမှိုက်မပစ်ရ" ... တဲ့။

သည်ဆိုင်းဘုတ်ကို စိုက်ထူထားသည်မှာ လမ်းပေါ်ကို အမှိုက်ပစ်ချတဲ့သူတွေ ရှိနေလို့လား။ ဒါမှမဟုတ် ကြိုတင်ကာကွယ်သတိပေးထားတာလားဟု တွေးမိသည်။ မည်သို့ဆိုစေ သုဆိုင်းဘုတ်စာတန်းသည် ရှင်းသန့်သစ်လွင်နေသော မြင်ကွင်းထဲမှာ မလှသည်ကတော့ အမှန်ပင် ...။

နိုင်ငံသားများအားလုံးသည် ပတ်ဝန်းကျင်သန့်ရှင်းမှုကို (သတိပေးဆိုင်းဘုတ်၏ အခန်းကဏ္ဍမပါရှိဘဲနှင့်) မိမိတို့ ကိုယ်ပိုင်အသိရှိရှိ၊ တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြလျှင် ကောင်းပေစွ။

ထိုအခါ သတိပေးဆိုင်းဘုတ် စိုက်ထူထားဖို့ မလိုသဖြင့် လမ်းပတ်ဝန်းကျင်၏ အလှကိုသာမက နိုင်ငံသားတို့၏ စိတ်ဓာတ်အလှကိုပါ မြင်တွေ့နိုင်ပည် ဖြစ်သည်။ ခုတော့ ...။

(၂)

ပြီးခဲ့သော တပေါင်းလက ရွှေတိဂုံဘုရားပွဲတော်သို့ သူငယ်ချင်းမတစ်ယောက်နှင့် အတူသွားခဲ့သည်။ ဘုရားပွဲတော်သည် ကြိတ်ကြိတ်တိုး စည်ကားလှ၏။ ဘုရားကုန်းတော်ပေါ်သို့ တက်ရာ စောင်းတန်းတစ်လျှောက်မှာလည်း လူတွေ အများအပြား။ ဆင်းသူတက်သူ လူပရိသတ်ကြားမှာ မြင်မကောင်းသည့် ရှုခင်းကား အမှိုက်ပုံများပင် ဖြစ်သည်။ စောင်းတန်းတွင် အမှိုက်ပုံးများ ချထားသည်ကို တွေ့ရသည်။ သို့သော် အမှိုက်များက အဆမတန် များပြားကာ အမှိုက်ပုံးပြည့်လျှံမက အမှိုက်ပုံး၏နံဘေးတွင် တောင်ပုံယာပုံ ရှိနေသည်မှာ အမြင်မတော်လှပါ။

လူအများသည် မိမိစားသုံးလိုက်သော မုန့်ပဲသရေစာမှ စွန့်ပစ်ပစ္စည်းများကို မိမိဘာသာ တာဝန်ယူသိမ်းဆည်းသင့်သည်။ ယခုကဲ့သို့ လူပရိသတ်ထူထပ်သောနေရာ၌ စွန့်ပစ်သမျှ အမှိုက်ပေါင်းစုံက ဘုရားပရိဝုဏ်တွင် စုပုံနေသည်မှာ မည်သို့မှ မတင့်တယ်ပါ။

(၃)

လွန်ခဲ့သော လအနည်းငယ်က နေပြည်တော်သို့ ရထားဖြင့် သွားခဲ့သည်၊ နေပြည်တော်ဘူတာသို့ ထိုအခါစ၍ ရောက်ဖူးခြင်းဖြစ်၏။ ရန်ကုန်မှ ည ၉ နာရီထွက်သော ရထားသည် နေပြည်တော်ဘူတာသို့ မနက်လင်းစ ခြောက်နာရီတွင် ဆိုက်သည်။ ရထားဆိုက်ရာ စင်္ကြံမှ ဘူတာဆင်ဝင်ဝသို့ ထွက်ကာ လာကြိုမည့်သူများကို စောင့်နေမိသည်။ သည်အတောအတွင်း လတ်ဆတ်အေးမြသော နံနက်ခင်း၏ လေကောင်းလေသန့်ကို ရှူရှိုက်ရင်း မိမိရပ်နေရာအနီးတစ်ဝိုက်ကို သတိထားမိသွားသည်။

လှေကားထစ်နားတစ်ဝိုက်မှာ အမှိုက်များ ဟိုတစ်စ၊ သည်တစ်စ။

ဘူတာ၏ ခမ်းနားထည်ဝါမှုနှင့် အမှိုက်သရိုက်များက ဘယ်လိုမှ မအပ်စပ်ပေ။ အမှိုက်တွေကို သည်လိုနေရာမျိုးမှာ ဘယ်လိုလူမျိုးတွေကများ ပစ်ချသွားပါလိမ့်။ အတွေးနှင့်အတူ အမှိုက်အမျိုးအစားတွေကို ကြည့်မိသည်။ ရေသန့်ဘူးခွံ၊ ပြောင်းဖူးရိုး၊ ကောက်ညှင်းကျည်တောက်ခွံ၊ မုန့်ထုပ်ခွံ၊ ( သတ်စတစ် အိတ်၊ ဂျာနယ်အပိုင်းအစ ...။

ခဏအကြာမှာ သန့်ရှင်းရေးဝန်ထမ်းက တံမြက်လှည်း



www.burmeseclassic.com

www.burmeseclassic.com

သိမ်းဆည်းနေသည်ကို တွေ့ရ၏။ မည်သို့ဖြစ်စေ ဘူတာတွင်းမှာ အမှိုက်ကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ခြင်းမပြုကြလျှင်၊ ဘူတာသည် အမြဲသန့်ရှင်းနေလျှင် ကောင်းပေစွ ...။

(၄)

သားသမီးလို ချစ်ခင်ရသော လူငယ်ဖိုးမောင်နှံနှစ်ဦး၏ ဖိတ်ကြားချက်အရ သူတို့နေထိုင်ရာ ဝန်ထမ်းအိမ်ရာလေးကို အလည်အပတ်သွားဖြစ်သည်။ အိမ်ရာလေးက သစ်လွင်လှပေသည်။ အပေါ်ဆုံးထပ်သို့ သွားရမည်ဖြစ်၍ တစ်ထပ်မှာ တစ်ခါနားစနစ်ဖြင့် ဖြည်းဖြည်းချင်းတက်သွားရ၏။ လှေကားတစ်ဆစ်ချိုးတိုင်းမှာ ကွန်ပျူတာစီ၍ ကပ်ထားသော သတိပေးစာတန်းလေးများကို တွေ့ရသည်။

''အမှိုက်မပစ်ရ''

''ကွမ်းတံတွေး မထွေးရ'' ... တဲ့။

လာ၍ ကြိုဆိုသူ လူငယ်လေးကို ကျွန်မက မေးလိုက်မိသည်။

''ဒီစာတန်းတွေကပ်ဖို့ လိုအပ်လို့လား''

''လိုအပ်လို့ပေါ့ ဆရာမရယ်။ ဒါကြောင့် သတိပေးထားရတာပါ''

လူငယ်လေးက စိတ်ပျက်လက်ပျက် အသံဖြင့် ဖြေပါသည်။ ဒီလိုအိမ်ရာအဆင့်တွေမှာ နေကြတဲ့သူတွေက အိမ်ရာတိုက်ခန်းတွေ၊ လှေကားတွေ သန့်ရှင်းသပ်ရပ်ဖို့ ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာကို စာတန်းတွေနဲ့ သတိပေးစရာမလိုအောင် တာဝန်သိတတ်ကြမှုင် မကောင်းပေဘူးလား။ စာကပ်သတိပေးလို့ ဆင်ခြင်ခြင်းထက် မိမိတို့အသိတရားဖြင့် ထိန်းသိမ်းခြင်းက ပို၍မသင့်မြတ်ပေဘူးလား ...။

(၅)

တစ်ညမှာ ဆူဆူညံညံအသံကြား၍ နားစွင့်လိုက်မိသည်။ ရပ်ကွက်ထဲမှ အိမ်တစ်အိမ်က လမ်းထိပ်ထွက်လာပြီး အမှိုက်များကို လမ်းထောင့်အိမ်တစ်အိမ်၏ နံဘေးမှာ လာပစ်သွားသောကြောင့်ဟု သိလိုက်ရသည်။ မိမိအိမ်မှ အမှိုက်များကို သူတစ်ပါး၏ ပိုင်နက်မှာ ရောက်စေခြင်းသည် ပြုမူသင့်ပါသလား။ တရားမျှတပါရဲ့လား။ အမှိုက်ကို သတ်မှတ်ထားသည့်နေရာမှာသာ စနစ်တကျ စွန့်ပစ်သင့်သည်။ မိမိအိမ်မှာ အမှိုက်မရှိလျှင် ပြီးရော၊ တခြား ဘယ်နေရာရောက်ရောက်ဆိုသော သဘောထားသည် ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ဓာတ်ဖြစ်၏။

(၆)

''ကျောင်းမှာ ကျောင်းသားလေးထောင်ကျော်ရဲ့ အမှိုက်လည်းကောက်ရသေးတယ်။ သန့်ရှင်းရေးသမားတစ်ယောက်တည်း မလုံလောက်လို့ ထပ်ခန့်ရတယ်''

ရန်ကုန်မြို့ ကျောင်းကြီးတစ်ကျောင်းမှ ကျောင်းအုပ်ချုပ်သူ၏ စကားဖြစ်သည်။ ကျောင်းသားများအား အမှိုက်စနစ်တကျစွန့်ပစ်ခြင်းအလေ့အကျင့်ကို ထိရောက်စွာ ဆောင်ရွက်စေလျှင် ကျောင်းမှာ အမှိုက်ကောက်စရာ မလိုတော့ပါ။ ကျောင်းသူကျောင်းသားများကိုလည်း ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် မိမိအသိစိတ်ဓာတ်ဖြင့် ကိုယ်စီကိုယ်င ထိန်းသိမ်းတတ်သော အလေ့ကို လေ့ကျင့်သင်ကြားပြီးသား ဖြစ်စေပါသည်။

(၇)

သည်အမှိုက်ကိစ္စက နေရာတိုင်းမှာ ရှိနေသည်။ ရပ်ကွက်၊ ကျေးလက်၊ မြို့ပြ၊ ဈေး၊ လမ်း၊ ရုံး၊ ကျောင်း၊ ရုပ်ရှင်ရုံ၊ ရထား၊ ကား၊ ဘူတာ၊ ဘုရားပေါ်ပါမကျန် အမှိုက်ပြဿနာကို တွေ့ကြုံနေရသည်။ သည်ကိစ္စသည် တစ်နိုင်ငံလုံး၏ အရေးကိစ္စဖြစ်၏။ နိုင်ငံ၏ဂုဏ်သိက္ခာလည်း ဖြစ်၏။

သူငယ်တန်းဖတ်စာမှာ ပါရှိသော ''အိမ်လမ်းရွာကျောင်း သန့်ရှင်းကြောင်း စုပေါင်းအမှိုက်သိမ်း''ဟူသည်ပင် အမှန်စင်စစ် မဖြစ်သင့်ပါ။

အမှိုက်တွေကို စုပေါင်းပြီး သိမ်းရသည်အထိ ရှုပ်ပွမခံသင့်ပါ။ အစကတည်းက အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်း အလေ့ရှိလျှင် အိမ်ပဲဖြစ်ဖြစ်၊ ရွာပဲဖြစ်ဖြစ်၊ လမ်းတွေ၊ ကျောင်းတွေပဲဖြစ်ဖြစ် လူစုပြီး အမှိုက်သိမ်းစရာမလိုအောင် သန့်ရှင်းပြီးသား ဖြစ်ပါလိမ့်မည်။ သို့ဆိုလျှင် အမှိုက်တွေကို စုပေါင်းဖို့ပြီး စုပေါင်းသိမ်းသောစနစ်ကိုလည်း ဆောင်ရွက်စရာ မလိုတော့ပေ။

အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်းသည် ကောင်းမြတ်သော စိတ်ထားဖြစ်၍ မိမိပယောဂဖြင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေခြင်း၊ မိမိအပြုအမူဖြင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံသားများသည် အမှိုက်ကို စနစ်တကျ စွန့်ပစ်ခြင်းဖြင့် မှန်မြတ်သော တိုင်းပြုပြည်ပြုစိတ်ဓာတ်၊ စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်ကို ထားရှိသင့်သည်။ သို့မှသာ ဒီမိုကရေစီနှင့် ထိုက်တန်သော စည်းကမ်းရှိသည့် နိုင်ငံကြီးသား ပီသပါလိမ့်မည်။

တင်မိနိုင်



www.burmeseclassic.com

www.burmeseclassic.com

# အာဖရိကတိုက်မှ ထူးဆန်းသောမှော်ခင်းများ

ကိုအောင်သိန်းဝင်း

အင်္ဂလိပ်ဘာသာအားဖြင့် (Magic) ဟု ခေါ်ဆိုသော စကားလုံးကို မြန်မာဘာသာအားဖြင့် မှော်ပညာဟု ဆိုရမည်လားမသိချေ။ ထိုစကားလုံးမှာ မူလက ရှေးဟောင်းပါးရှားပြည်မှ (MAGUS) မေးဂတ်(စ်)ဟူသော ဘုန်းတော်ကြီးများကို အစွဲပြု၍ ဖြစ်ပေါ်လာသော စကားလုံးဖြစ်လေ၏။

နောင်အခါတွင် ဥရောပတိုက်သားများသည် အရှေ့တိုင်းသား ဂန္ဓာရီပညာရှင်များကိုလည်း MAGUS ဟူ၍ ခြုံငုံခေါ်ဝေါ်ကြပြီး သူတို့၏ ပညာကိုလည်း MAGIC ဟူသော စကားလုံးမှ ယေဘုယျအားဖြင့် မှော်ပညာဖြစ်လာရသည်ဟူ၏။

ဥရောပအလယ်ပိုင်းခေတ်တွင် လူတို့သည် မှော်ပညာကို စိတ်ပါဝင်စားကြလေ၏။ ပါရာဆဲ(လ်)ဆပ်(စ်) (PARA-CELSUS 1493-1541) ဟူ၍ လူသိများလှသော တွေးခေါ်ပညာရှင်လည်းဖြစ်၊ ဆေးပညာရှင်လည်းဖြစ်၊ ဂန္ဓာရီပညာရှင်လည်းဖြစ်သော ပုဂ္ဂိုလ်ကြီးက မှော်ပညာနှင့် ပတ်သက်၍ အောက်ပါအတိုင်း မိန့်ဆိုခဲ့လေ၏။

လူသားတို့ ကျိုးကြောင်းဆင်ခြင်တုံဉာဏ်ဖြင့် ချဉ်းကပ်ခြင်းမပြုနိုင်သော အရာများကို မှော်ပညာက တွေ့ကြုံခံစားနိုင်ပြီး တိုင်းတာနိုင်သော စွမ်းရည်ရှိသည်ဟူ၏။

စာရေးသူသည် မှော်ပညာရပ်နှင့် ပတ်သက်၍ များစွာလေ့လာဖူးလေ၏။ အံ့သြဖွယ်၊ ထူးဆန်းဖွယ်၊ ထိတ်လန့်ဖွယ်ရာများကို လေ့လာတွေ့ရှိခဲ့ဖူးပါ၏။ သို့သော်ငြားလည်း မှော်ပညာရပ်အား မည်သို့မျှ ယုံကြည်မှုမရှိပါချေ။ တစ်ကိုယ်ရေယုံကြည်မှုမရှိခြင်းသာ ဖြစ်လေ၏။

စာရေးသူနည်းတူ မှုခင်းရေးရာကိစ္စ ဆောင်ရွက်နေသူ ဥပဒေအရာရှိမိတ်ဆွေကလည်း မှော်ပညာရပ်ကို မယုံ



www.burmeseclassic.com

www.burmeseclassic.com

ကြည်ဟု ဆိုပါသည်။ သူ၏ သက်သေပြမှုမှာ မှော်ပညာရပ်နှင့် ဆက်နွှယ်နေသော မှုခင်းကိစ္စရပ်များ ဖြစ်လာသည့်အခါ မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို အတော်ပင် ချင့်ချိန်ရပြီး မည်သည့်ပုဒ်မ၊ ပုဒ်ထီးတပ်ဆောင်ရွက်ရမည်မသိဟု ဆိုလေ၏။ ရိုးသားစွာ ရှင်းပြပြောဆိုခြင်း ဖြစ်ပါကြောင်း ဆို၏။ တစ်ဆက်တည်းပင် အာဖရိကမှ ထူးဆန်းသော မှုခင်းများဟူသော ဖာတ်ကြောင်းတို့ကို ပြောပြပါ၏။ အောက်ဖော်ပြပါအတိုင်း ဖြစ်လေ၏။ ဝတ္ထုသဏ္ဍာန်အတိုင်း ဖော်ပြပါမည်။

ယခင်အခါများက ကျွန်ုပ်သည် မှော်အတတ်ပညာ ပယောဂပညာများကို အလျင်းယုံကြည်မှု ရှိသော်လည်း အာဖရိကတိုက်တွင် ရဲအရာရှိအဖြစ် နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ အမှုထမ်းဆောင်ခဲ့ရပြီးနောက် စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေတို့နှင့် ဆက်စပ်၍ ပေါ်ပေါက်လာသော အမှုအခင်းများကိုမှု မကြာခဏ အံ့သြဖွယ်တွေ့ကြုံရသဖြင့် ယုံကြည်သည်ဟု ဆိုရမည်လည်း အခက်၊ မယုံကြည်ဟုဆိုရမည်ကိုလည်း မလွယ်လှပါ။

ကျွန်ုပ်ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရပါသော အဖြစ်အပျက်များမှာ ကျွန်ုပ်သာ မဟုတ်၊ ကျွန်ုပ်နှင့် အလားတူ အရည်အချင်းရှိသော အဆင့်တူအုပ်ချုပ်ရေးဆိုင်ရာ အရာရှိကြီးများ၊ ဆေးဆရာဝန်ကြီးများ၊ သာသနာပြုအဖွဲ့ဝင်များ၊ တောလိုက်မုဆိုးကြီးများပင် အံ့သြ၍မဆုံးနိုင်လောက်အောင် သေချာဂန တွေ့ကြုံကြားသိရသော တကယ့်ဖြစ်ရပ်များပင် ဖြစ်လေ၏။

✧ ✧ ✧

တစ်နေ့နံနက်တွင် ကျွန်ုပ်သည် ရဲဌာနတွင် တာဝန်ကျလျက်ရှိစဉ် ကျွန်ုပ်အား စုန်းပြုစားခြင်းခံရသည်ဟုဆိုသော အစိုးရဌာနတစ်ခုမှ ကာပွလီအမျိုးသား စာရေးလေးတစ်ဦးသည် ဝေဒနာကို အပြင်းအထန် ခံစားနေရပါသဖြင့် အရေးယူစုံစမ်းပေးရန် တိုင်တန်းလာသည့်အတွက် ကျွန်ုပ်မှာ ဘုမသိ၊ ဘမသိဘဲ စာရေးလေးမိခင်ခေါ်ရာ နေအိမ်သို့ လိုက်ပါသွားခဲ့ရလေ၏။

အိပ်ရာထက်တွင် ဖျော့တော့တော့ မျက်နှာနှင့် အလွန်အမင်း သွေးအားယုတ်လျော့နေဟန်ရှိသော စာရေးလေးကို ကြည့်ကာ ကျွန်ုပ်သည် များစွာပင် စိတ်မကောင်းဖြစ်ခဲ့ရလေ၏။ မျက်နှာဖြူဆရာဝန်တစ်ဦးမှာ မျှော်လင့်ချက် ကင်းမဲ့နေဟန်ရှိသော လူနာအနီးတွင် အဆင်သင့်ကာသစောင့်ကြပ်လျက်ရှိသော်လည်း မည်သည့်ရောဂါဟူ၍ကား တိကျစွာ မပြောနိုင်ဟု ဆိုလာသဖြင့် ကျွန်ုပ်မှ မယုံကြည်နိုင်လောက်အောင် အံ့သြမိလေတော့၏။

သာမန်ရောဂါမှန်သရွေ့ အကျိုးအပြစ်ကို တတ်ကျွမ်းနားလည်သော ဆေးဆရာဝန်ကြီးများပင် လက်လျှော့ထားရသော ကိစ္စ၌ ရဲအရာရှိတစ်ဦးမျှသာ ဖြစ်သော ကျွန်ုပ်မှာ မည်ကဲ့သို့ဆောင်ရွက်ရပါမည်နည်း။ ကျွန်ုပ်မှာ စာရေးလေးအား ပြုစားထားသည်ဆိုသော မှော်ဆရာကြီးဆိုသူမှာ မည်သူမည်ဝါဖြစ်သည်ကို သိရှိသည်ကား မဟုတ်ပေ။

အကယ်၍ သိရှိသည်ဆိုပါဦး။ သက်သေသက္ကာယ မရှိပါဘဲလျက် မည်သူ့အား မည်ကဲ့သို့သော ပုဒ်မဖြင့် ဖမ်းဆီးရပါမည်နည်း။

ကျွန်ုပ်မှာ မစဉ်းစားတတ်အောင် အခက်ကြုံနေစဉ် စာရေးလေး၏ မိတ်ဆွေများ၏ အခြားပယောဂဆရာကြီးတစ်ဦးအား ပင့်ဖိတ်လာကြကာ လူမမာကို ပြသကြရာ မည်းနက်သော အသားအရေနှင့် ကြမ်းတမ်းခက်ထရော်သော အသွင်သဏ္ဍာန်ရှိသည့် မှော်ဆရာကြီးဆိုသူမှာ

➡ ➡ ➡

လူမမာသည် တောင်သုံးလုံးကြားရှိ လိုဏ်ခေါင်းကြီးတစ်ခုတွင် ခိုအောင်းလျက်ရှိသော စပါးကြီးမြွေကြီးတစ်ကောင် အစာဝ၍ အနားယူအိပ်စက်လျက် ရှိနေစဉ် ၎င်းမြွေကြီး၏ ဦးခေါင်းဝယ်ထိပ် တည့်တည့်တွင် နာရီဝက်ခန့် အဝတ်အစားမဲ့သော ခန္ဓာကိုယ်ဖြင့် တက်ရောက် ထိုင်နေရုံမျှဖြင့် ထိုသူခံစားနေရသော ရောဂါကို မြွေကြီးဆီသို့ ရွှေ့ပြောင်းပေးလိုက်သော နည်းဖြစ်သည်ဟု ဆိုလေ၏။

➡ ➡ ➡

www.burmeseclassic.com

www.burmeseclassic.com

လူမမာကို တစ်ချက်မျှ အကဲခတ်ကြည့်ရှုလိုက်ပြီး ခေါင်းရင်းပိုင်းတွင် သွားရောက်မတ်တတ်ရပ်လျက်ပင် တစ်စုံတစ်ရာကို နှုတ်မှ တဖွဖွဖတ်ပြီး အထက်သို့ မော်ကြည့်လိုက်၍ တစ်ခဏကြာလျှင် ကျေနပ်သွားဟန်ဖြင့် ၎င်း၏ ဦးခေါင်းအား အဆတ်ဆတ်ညိတ်လိုက်သည်ကို ကျွန်ုပ်ကောင်းစွာမြင်လိုက်မိပါ၏။

မော်ဆရာကြီးသည် စူးရှသော အသံနက်ကြီးဖြင့် လူမမာ၏ သူငယ်ချင်းများအား လူမမာသည် ၎င်းပြောသည့် အတိုင်းပင် လိုက်နာပြုလုပ်ရန် သဘောတူပါက ခုနစ်ရက်အတွင်း လူမမာခံစားနေရသော ရောဂါမှာ လုံးဝပျောက်ကင်းအောင် တာဝန်ယူကုသပေးမည်ဟု ၎င်းက ကပ္ပလီဘာသာစကားဖြင့် ပြောကြားလိုက်သည်ကို အာဖရိကတိုက်တွင် နှစ်ပေါင်းအတော်ကြာမျှ နေထိုင်ခဲ့ရသဖြင့် ကပ္ပလီစကားကို အတော်အတန်လေ့လာမိသဖြင့် နားလည်လိုက်လေ၏။

မော်ဆရာကြီးပြောသော ကုထုံးနည်းမှာ အသည်းယားပြီး ကြောက်မက်ဖွယ်ကောင်းလှပါသော စွန့်စားနည်းတစ်မျိုးဖြစ်သည်ဟု ဆိုပါလျှင် ကြားရသူအပေါင်း ယုံကြည်ရန် ခဲယဉ်းလှပေ၏။ သို့သော် မော်ဆရာကြီးပြောသော ကုထုံးမှာ ကြောက်စရာကောင်းသလောက် အလွန်ပင် လွယ်ကူလှပါ၏။ သူ၏ဆေးကုနည်းမှာ အခြားတော့ မဟုတ်ပါချေ။

လူမမာသည် တောင်သုံးလုံးကြားရှိ လိုဏ်ခေါင်းကြီးတစ်ခုတွင် ခိုအောင်းလျက်ရှိသော စပါးကြီးမြွေကြီးတစ်ကောင် အစာဝ၍ အနားယူအိပ်စက်လျက်ရှိနေစဉ် ၎င်းမြွေကြီး၏ ဦးခေါင်းငယ်ထိပ်တည့်တည့်တွင် နာရီဝက်ခန့်အဝတ်အစားမဲ့သော ခန္ဓာကိုယ်ဖြင့် တက်ရောက်ထိုင်နေရုံမျှဖြင့် ထိုသူခံစားနေရသော ရောဂါကို မြွေကြီးဆီသို့ ရွှေ့ပြောင်းပေးလိုက်သော နည်းဖြစ်သည်ဟု ဆိုလေ၏။

ရောဂါဖြင့် နာလန်မထနိုင်သော ဝေဒနာသည်တစ်ဦးကို ဝေးလံလှသော တောင်သုံးလုံးစခန်းသို့ သတ္တိကောင်းလှဟန်ရှိသော လူရွယ်လေးဦးသည် ချက်ချင်းပင် ထမ်းစင်ဖြင့် တင်ဆောင်၍ ယူဆောင်သွားကြသည်ကို ကျွန်ုပ်သည် ကြက်သေသေ ငေးကြည့်နေမိလေ၏။

မော်ဆရာကြီးမှကား ထမ်းစင်ရှေ့မှ တစ်စုံတစ်ခုကို နှုတ်မှ တဖွဖွရွတ်ဆိုသွားနေခြင်းကိုလည်း ကျွန်ုပ်ကောင်းစွာ တွေ့ရှိလိုက်မိလေ၏။

◇ ◇ ◇

နောက်တစ်နေ့နံနက်သို့ ရောက်လျှင် လူမမာရှိရာသို့ တစ်စုံတစ်ခု အကြောင်းထူးရှိမည်လောဟု သွားရောက်ကြည့်ရှုလေရာ လူမမာမှာ အိပ်ရာထက်တွင် လဲလျောင်းလျက်ရှိနေသေးသော်လည်း မျက်နှာမှာမူ များစွာရွှင်လန်းလျက်ရှိနေသည်ကို ကျွန်ုပ်ကောင်းစွာ အကဲခတ်လိုက်မိလေ၏။

ကျွန်ုပ်သည် လူမမာအနီးတွင် ဝိုင်းဝိုင်းလည်မျှ သတင်းမေးရောက်ရှိနေကြသော ကပ္ပလီအမျိုးသား၊ အမျိုးသမီးများကို ကျော်လွှားလျက် လူမမာခုတင်အနီးသို့ သွားရောက်ပြီး အကျိုးအကြောင်း မေးမြန်းလေရာ လူမမာသည် စိတ်လက်သက်သာစွာဖြင့် မိမိမှာ မော်ဆရာကြီးတစ်ဦးအား အမှတ်မထင် မလေးမစား ပြောဆိုမိခဲ့သဖြင့် ယခုကဲ့သို့ မော်ဆရာကြီးက အငြိုးထားကာ ပြုစားလိုက်ကြောင်း ပြောဆိုလေ၏။

ကျွန်ုပ်မှ မည်သည့်မော်ဆရာကြီးက ပြုစားသည်နည်းဟု မေးလေရာ ၎င်းက မည်သို့မျှ မပြောမဆိုလေတော့၊ မည်သို့ဆိုစေ လူမမာမှာ လုံးဝပကတိ ကျန်းမာလာသည်ကို အံ့သြဖွယ်တွေ့မြင်ရလေ၏။

ယင်းအမှုအခင်းနှင့် အလားတူအမှုများကိုလည်း တွေ့ကြုံရပေ၏။ တစ်ခါက ကျွန်ုပ်သည် ရွာတစ်ရွာရှိ ကပ္ပလီအမျိုးသားခြောက်ဦးမှာ မည်ကဲ့သို့ဖြစ်သည်မသိ၊ နို့ယူသော နွားတစ်ကောင်ကို သတ်ဖြတ်စားမိသည်နှင့်တစ်ပြိုင်နက် သေဆုံးကုန်ကြသဖြင့် အမှုကိုလာရောက်စုံစမ်းရန် ၎င်းရွာမှ လူကြီးတစ်ဦးက အကြောင်းကြားလေရာ ကျွန်ုပ်သည် အမှုဖြစ်ပွားရာဆီသို့ ချက်ချင်းလိုက်သွားပြီး စုံစမ်းခဲ့လေ၏။

စုံစမ်းချက်အရ သေဆုံးသူခြောက်ဦးမှာ မော်အတတ်ပညာကို တတ်မြောက်ခဲ့ကြခြင်းကြောင့် မော်ပညာတတ်သူမှ ပြန်လည်ဒဏ်ခတ်ခဲ့သဖြင့် ယခုကဲ့သို့ မရှုမလှသေဆုံးကြရခြင်းဖြစ်ကြောင်း သိရှိကြားသိခဲ့ရလေ၏။ ကျွန်ုပ်သည် ညတွင်းချင်းပင် အလောင်းခြောက်လောင်းဖျက်ထားသော အမဲသားနှင့် ချက်ထားသော ဟင်းအိုးများကို အစိုးရဆေးရုံကြီးသို့ စစ်ဆေးရန် တင်ပို့လိုက်ရာ ရက်များမကြာမီ သက်ဆိုင်ရာ ရဲဘက်ဆရာဝန်ကြီးက အလောင်းတို့၏ အစာအိမ်နှင့် အမဲသားများတွင် တစ်စုံတစ်ရာ အဆိပ်အတောက်များ လုံးဝမတွေ့ရှိရကြောင်း၊ သေသူများမှာ ရုတ်တရက်အသက်ရှူကျပ်၍ သေဆုံးရခြင်းသာဖြစ်ကြောင်း အကြောင်းပြန်ကြားသဖြင့် မည်သို့မျှ ဆက်လက်အရေးယူနိုင်ခြင်းမရှိတော့ဘဲ အမှုကို မှားယွင်းစွာ ပိတ်လိုက်ရပေတော့၏။

၎င်းအမှုနှင့်မခြား အခြားသော အမှုတစ်ခုမှာ လူတစ်ဦးသည် ကြက်တစ်ကောင်ကို ခိုးယူချက်စားမိသဖြင့် များမကြာမီ စကားမေးမရအောင် အပြင်းဖျားလေရာ အစိုးရဆေးရုံ စကော့တလန်လူမျိုး ဆရာဝန်တစ်ဦး လာရောက်ကုသရာ အာဖရိကတိုက်၏အကြောင်းကို အတော်အတန်သိထားဟန်တူသော ထိုဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com

မှာ လူမမာအား လက်မခံဘဲ ၎င်းတို့ အမျိုးသားချင်းဖြစ်သော ပယောဂဆရာ ထံတွင် ကုသရန် လမ်းညွှန်လိုက်သည့် အတိုင်း ကုသရာမှ အသက်မသေဘဲ ရောဂါပျောက်ကင်းချမ်းသာရရှူကြောင်း ကြားသိရပေ၏။

◇ ◇ ◇

အာဖရိကတိုက်တွင် ရှေးအကျဆုံး နှင့် အသုံးအဝင်ဆုံးသော သူခိုးဖမ်းနည်း တစ်ခုမှာ ဆန်မန်းဖြင့် သူခိုးဖမ်းခြင်းပင် ဖြစ်လေ၏။

ခိုးယူမှုတစ်ခုခု ရွာတွင်ဖြစ်ပွားခဲ့ပါ လျှင် ခိုးမှုတွင် သင်္ကာမကင်းဖွယ်ရှိသော လူများကို တန်းစီစေပြီး မှော်ဆရာကြီး တစ်ဦးသည် မိမိပညာဖြင့် စီရင်ထားသော ဆန်မန်းများကို အဆိုပါလူများအား တစ် လုတ်မျှစီ ဝါးမျိုစေလေ၏။

ပြစ်မှုကျူးလွန်ခြင်းမရှိပါက လွယ် လင့်တကူ ဝါးမျိုနိုင်သော်လည်း တကယ် တမ်း ပြစ်မှုကျူးလွန်သူများသည်ကား ပါးစပ်မှ ဝမ်းတွင်းသို့ရောက်အောင် မျိုချ နိုင်ခြင်းမရှိပါဘဲ အမြုပ်တစီစီဖြင့် ဆန့် ငင်ဆန့်ငင်ဖြစ်နေကြသည်ကို တွေ့မြင်ရ မည် ဖြစ်လေ၏။

ပထမအစ ကျွန်ုပ်သည် လုံးဝယုံ ကြည်ခြင်းမရှိသော်လည်း ထူးဆန်း သလောက် ဤကဲ့သို့သော သူခိုးဖမ်း နည်းမှာ အမှန်တကယ် ထိရောက်၍ တရားခံအစစ်ကို ရှာဖွေနိုင်ကြောင်းသိရ လျှင် အံ့ဩ၍ မဆုံးနိုင်အောင် ဖြစ်ရလေ တော့၏။

ရဲအဖွဲ့အနေနှင့်ကား ဥပဒေနှင့် အကျုံးမဝင်သော အဆိုပါနည်းလမ်းများ ဖြင့် တရားခံဖမ်းဆီးခြင်းကို ကျပ်တည်း စွာ တားမြစ်ထားသဖြင့် တိုက်ရိုက်အသုံး မပြုနိုင်သော်လည်း သွယ်ဝိုက်သောနည်း ဖြင့် အသုံးပြုရခြင်းအတွက် များစွာ အကျိုးသက်ရောက်ပါပေ၏။

အာဖရိကတိုက်တွင် အစွမ်းထက် သော စောရများလည်း ရှိနေလေ၏။ ဂါထာ၊ မန္တရား၊ လက်ဖွဲ့၊ အင်းအိုင်၊ အစီ အရင်ပြီးသော ကြောင်နက်ရုပ်၊ ငှက်ရုပ်၊ ဝက်ရုပ်များ၊ ခြင်္သေ့စွယ်များ ဆောင်ယူ ခြင်းဖြင့် အစောင့်အကြပ် အထပ်ထပ်ချ ထားသော နေရာများမှာပင် အဖိုးတန်ရွှေ ငွေ၊ ရတနာပစ္စည်းများကို လွယ်လင့် တကူ ခိုးယူနိုင်သည်ကို ကျွန်ုပ်အခါပေါင်း များစွာ တွေ့ရှိခဲ့ရလေ၏။

ဥပမာပြုရသော် တစ်ခါက ခရစ် ယာန်သာသနာပြု ဘုန်းတော်ကြီးတစ်ပါး ၏ နေအိမ်မှ အဖိုးတန်ပစ္စည်းများကို ဘုန်းတော်ကြီးမွေးမြူထားသော အလွန် ဆိုးရွားခက်ထန်သည့် အမဲလိုက်ခွေး သမင်ကြီး ဆယ်ကောင်ကြားမှ လွယ်လင့် တကူ ဘေးမသီရန်မခဘဲ အောင်မြင်စွာ ခိုးယူသွားနိုင်သည်ကို တွေ့ရှိရလေ၏။

ကျွန်ုပ်သည် ဘုန်းတော်ကြီးအား တွေ့ရှိမေးမြန်းလေရာ သူသည် နေဝင် ချိန်၌ ဘုရားကျမ်းစာများ ရွတ်ဖတ်နေစဉ် တစ်ချိန်တစ်ခါမျှ မဖြစ်ပေါ်ဖူးသော ငိုက် မျဉ်းစိတ်များ ဖြစ်ပေါ်လာသဖြင့် အိပ်ရာ သို့စောစီးစွာ ဝင်ရောက်သည်နှင့် နှစ်မြိုက် စွာ အိပ်ပျော်သွားသည်ဟူ၏။

၎င်း၏ အလွန်လျင်မြန်သွက်လက် ၍ ကြောက်မက်ဖွယ်ကောင်းသော ခွေး ကြီးများမှာလည်း ထိုညတွင် အသက် ကင်းမဲ့နေဘိသို့ ရှိနေ၏။ သူခိုးများသည် ပုဆိန်ဖြင့် တဒုန်းဒုန်း တဒိုင်းဒိုင်းဖောက် ဖျက်၍ အိမ်အတွင်းသို့ ဝင်ရောက်ခဲ့ကြ သည်ကို ခွေးကြီးများက စိုးစဉ်းမျှ မသိ ကြချေ။ ယင်းအမှုနှင့် ပတ်သက်၍ ကျွန်ုပ် မှာ အပူတပြင်း လိုက်လံစစ်ဆေးရာ နှစ် လခန့်အတွင်းပင် လက်သည်တရားခံနှစ် ဦးကို ခိုးရာပါပစ္စည်းအချို့နှင့် လက်ပူး လက်ကြပ် ဖမ်းဆီးရခဲ့လေ၏။

ဖမ်းမိစဉ် တရားခံကိုယ်တွင် ပြောင် လက်ရှည်လျားလှသော ကျားသစ်စွယ် တစ်ချောင်းနှင့် သစ်နက်သား ကြောင် နက်ရုပ်တစ်ခုကို တွေ့ရာ ကျွန်ုပ်က အမှု နှင့်ပတ်သက်မှုကို ကပ္ပလီတာသင်(ရဲကြပ် ကြီး)အား မေးမြန်းလေရာ ရဲကြပ်ကြီးက ၎င်းအရာများသည် သူခိုးများ၏ အဆောင် အယောင် လက်ဖွဲ့များဖြစ်ကြောင်း။ ၎င်း၊ အဆောင်များ၏ စွမ်းရည်မှာ ကျားသစ် စွယ်ကို တစ်စုံတစ်ဦး၏ နေအိမ်၏ လေှ ကားထစ်တွင် မြှုပ်နှံထားရှိပါက အိမ်ရှိ လူအားလုံးမှာ ငိုက်မျဉ်းအိပ်ပျော်ခြင်း အဖြစ်သို့ ရောက်ရှိ၍ ကြောင်နက်ရုပ် အစွမ်းကမူ ဆောင်သူသည် ကြောင်တစ် ကောင်ကဲ့သို့ ပေါ့ပါးသွက်လက်စေပြီး ကိုယ်ပျောက်နိုင်သည် ဟူ၏။

လောကဓာတ်ပညာ အဆင့်အတန်း မှာ အချိန်နှင့်အမျှ တိုးတက်နေသော ခေတ်အခါသမယတွင် အာဖရိကတိုက် သား လူရိုင်းများသည်ကား စုန်း၊ နတ်၊ ကဝေများကို အလေးအနက်ထား ယုံ ကြည်နေဆဲ ဖြစ်လေရာ ၎င်းတို့ယုံကြည် သလောက် အစွမ်းထက်လှကြောင်း ကျွန်ုပ်ကိုယ်တိုင် အတိအကျ ဝန်မခံလို သော်လည်း တစ်စိတ်တစ်ဒေသအားဖြင့် မှန်ကန်မှုရှိနေသည်ကိုမူ ကျွန်ုပ်သည် မရှက်မကြောက် ဝန်ခံရမည် ဖြစ်ပါ သတည်း။

---

**ကိုမောင်သန်းဝင်း**

---

*(အထက်ပါ ဇာတ်ကြောင်းကို မိတ်ဆွေကြီးတစ်ဦးက ပြောပြခဲ့ခြင်း ဖြစ်ပါ၏။ S.T.KLSON ရေးသော Magic or Moonshine ကို ဖတ်မှတ်ခဲ့၍ ပြောပြခြင်းဖြစ်ကြောင်း ဆိုပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် ဓားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၏ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုပိဋ္ဌာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၃၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - ၈၁/ ၀၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၅၅


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နန့်ရှူးချောင်း
# လူသတ်မှု

..........ခင်မောင်ထွန်း(လမ်းမတော်)..........

ကျော်ဇေယျ ငါးမျှားနေသည်။ သုံးနာရီကျော်ကြာခဲ့ပြီဖြစ်သည်။ အစာလည်း ကုန်လုပြီ။ ငါးက တစ်ကောင်မျှ မရသေး။ စိတ်ပျက်စရာကောင်းနေသည်။ ကျော်ဇေယျက ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ ထို့နောက်ရေထဲသို့ချထားသော ငါးမျှားချိတ်ကို ဆွဲတင်ယူလိုက်သည်။ ချိတ်တွင် အစာမရှိတော့။

ငါးများက အတော်လေကို လျင်နေသည်။ ချိတ်ကို ကွင်းရှောင်၍ အစာများကိုသာ ဝါးမျိုစားသောက်ပစ်ကြသည်။ စိတ်ပျက်စရာပင်ကောင်းလှသေးတော့သည်။ ကျော်ဇေယျက အားမလျှော့ပါ။ ချိတ်တွင်အစာသစ်ကို ထပ်၍တပ်လိုက်သည်။ ငါးမျှားချိတ်ကို ရေထဲသို့ ပြန်ချပြီး နာရီကိုကြည့်သည်။ သုံးနာရီပင်မထိုးသေး။ ထို့ကြောင့် အေးအေးဆေးဆေးပင် ငါးကိုဆက်၍ မျှားနေသည်။

သူ ငါးမျှားသည့်နေရာနှင့် မနီးမဝေးတွင် အေတီဂိတ်ဟုခေါ်သော ရာဇဝတ်မှုစစ်ဆေးရေး စခန်းရှိနေသည်။ ကျော်ဇေယျကအေတီဂိတ်ကို လှမ်းမျှော်ကြည့်လိုက်သည်။ ထို့နောက် ကျော်ဇေယျက သူ၏ရှေ့တွင် တသွင်သွင်စီးဆင်းနေသော ချောင်းကို ကြည့်ပြန်သည်။ ထိုချောင်းကာနမ့်ရှူးချောင်းဟုခေါ်သည်။ နမ့်ရှူးချောင်း၏ ရေအလျင်သည် အေတီဂိတ်ရှိရာသို့ စီးဆင်းသွားနေသည်။ အေတီဂိတ်ဆိုသည်က နမ့်ရှူးချောင်းအား ဖြတ်သန်းဖောက်လုပ်ထားသော ချောင်းကူးတံတားထိပ်မှ စစ်ဆေးရေးစခန်းဖြစ်သည်။

နမ့်ရှူးချောင်းက ရေကာ အေးမြသည်။ ကြည်လင်သည်။ ရေစီးနှုန်းညင်သာသည်။ အနားတွင်ရှိသည့် အခြားသော ငါးမျှားသူများက ကျော်ဇေယျကို လှောင်ပြုံးပြုံးလျက် ကြည့်နေကြသည်။

ကျော်ဇေယျသည် ငါးမျှားခြင်းကို တပ်မက်သူမဟုတ်၊ ဝါသနာလည်းမပါ။ သို့ရာတွင် ကျော်ဇေယျကား ငါးမျှားနေပါသည်။

ငါးရရှိရေးသည် အဓိကမဟုတ်၊ တာဝန်တစ်ခုကို ထမ်းဆောင်နေခြင်းသာဖြစ်သည်။ သူတာဝန်ကျရာနယ်မြေတွင် သောင်းကျန်းသူအဖျက်သမားသတင်း၊ ရာဇဝတ်မှုသတင်း၊ မှုခင်းသတင်းရရှိရေးသည်သာ ကျော်ဇေယျ၏ အဓိကတာဝန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝေယျက သုတေသနဆောင်လုပ်ငန်းကို ဝါသနာပါသည်။ ထို့ကြောင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့တွင် ရဲတပ်သားအဆင့်ဖြင့် ဝင်ရောက်၍ တာဝန်များ ထမ်းဆောင်ခဲ့သည်။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့တွင် တာဝန်များ ထမ်းဆောင်ခဲ့စဉ်က တာဝန်ကျရာ နယ်မြေများမှာ ဗဟန်းမြို့နယ်နှင့် လမ်းမတော်မြို့နယ်ရဲတပ်ဖွဲ့စခန်းများ ဖြစ်ကြသည်။

ကျော်ဝေယျ ထမ်းဆောင်ခဲ့ရသည်မှာ နယ်ထိန်းတာဝန်များပင်ဖြစ်သည်။ သူတာဝန်ထမ်းဆောင်ခဲ့ရသည့်နယ်မြေရဲစခန်းအသီးသီးတို့တွင် အမှုကြီးများကို သုတေသနဆောင်လုပ်၍ ဖော်ထုတ်နိုင်ခဲ့၍ အတွေ့အကြုံရှိသော တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်လာခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဂဠုန်မှတ်တမ်းဌာနစုတွင် စခန်းမှူး ဦးတင့်ရွှေက ဌာနစုမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည်။

"မောင်ကျော်ဝေယျ . . ."

ဌာနစုမှူးဖြစ်သော စခန်းမှူး ဦးတင့်ရွှေ၏ ခေါ်သံကြောင့်ကျော်ဝေယျက ခေါင်းကိုမော့၍ ကြည့်လိုက်သည်။ ထိုအခါ စခန်းမှူးဦးတင်ရွှေက ပြောသည်။

"ဌာနခွဲမှူးရုံးခန်းကို သတင်းလာပို့ပါတဲ့၊ မောင်ကြည်သန်းက လာပြောသွားတယ်"

"ဟုတ်ကဲ့ပါဆရာ . . ."

ကျော်ဝေယျက ပြောရင်း ယူနီဖောင်းကို သပ်သပ်ရပ်ရပ်ဖြစ်စေရန် ပြင်ဆင်လိုက်သည်။ ထို့နောက် စီမံရေးနှင့် ထောက်လှမ်းရေးဌာနခွဲမှူး၏ ရုံးခန်းဘက်သို့ ထွက်သွားသည်။

ဌာနခွဲမှူး၏ စားပွဲရှေ့သို့ရောက်သည့်အခါ သတိအနေအထားဖြင့် ရပ်ပြီး ဌာနခွဲမှူးအားအလေးပြုလိုက်သည်။

ကျော်ဝေယျကသတိအနေအထားဖြစ်စေရန် ခြေထောက်နစ်ဖက်အား စုရပ်လိုက်သည့်အချိန်တွင် ဝတ်ဆင်ထားသော လည်ရှည်ဖိနပ်နှစ်ခုတို့ ထိခတ်သံက ကျယ်လောင်စွာ ထွက်ပေါ်သွားခဲ့သည်။ ထိုသို့ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သော ဖိနပ်ချင်းထိခတ်သံကိုကြားလိုက်ရသောအခါ ဌာနခွဲမှူးသည် အလုပ်လုပ်နေရာမှ ဦးခေါင်းကို ဖြည်းညှင်းစွာမော့ကြည့်သည်။ ကျော်ဝေယျ အားတွေ့မြင် လိုက်ရသည့်အခါ ဌာနခွဲမှူးက ပြောလိုက်သည်။

"သြော် . . . မောင်ကျော်ဝေယျ ထိုင်ဦးကွာ"

ကျော်ဝေယျက ဌာနခွဲမှူး၏ခွင့်ပြုချက်အရ စားပွဲဘေးရှိ ထိုင်ခုံအလွတ်တစ်လုံးကို ဆွဲယူ၍ ထိုင်လိုက်သည်။ ထိုင်ခုံတွင်ထိုင်မိသောအခါ ကျော်ဝေယျက ပြောသည်။

"ကျွန်တော့်ကို ဘာများခိုင်းစရာရှိလို့ပါလဲ ဆရာ"

"အေး . . . မင်းကို ခိုင်းစရာကိစ္စတစ်ခုရှိလို့ ခေါ်ခိုင်းလိုက်တာ"

"ဟုတ်ကဲ့ ကျွန်တော်ဘာလုပ်ရမှာလဲ ဆရာ . . ."

"ဒီလိုပါကွာ၊ ငါတို့ရဲတပ်ဖွဲ့ဝင်တွေအားလုံးဟာ တပ်ဖွဲ့ထဲကို ဝင်ရောက်လာခဲ့ကြတဲ့အချိန်ကစပြီး တာဝန်ကျရာနေရာ ဒေသမရွေးဘဲ သွားရောက်တာဝန်ထမ်းဆောင်ကြမယ်ဆိုပြီး ရဲတပ်ဖွဲ့ကို ဝင်ခဲ့ကြတယ်မဟုတ်လား"

ဟုတ်ပါတယ် ဆရာ . . ."

"တိုတိုနဲ့ လိုရင်းကို ပြောရရင်တော့ကွာ မင်းကို အခု ဒုတပ်ကြပ်ကနေ တပ်ကြပ်အဆင့်တိုးမြှင့်ပေးပြီး ရှမ်းပြည်နယ်ကို ပြောင်းဖို့အမိန့်ဌာနချုပ်က ထုတ်လိုက်တယ်၊ အခု ဒီမှာ ရောက်နေပြီ"

"ဟုတ်လား ဆရာ . . ."

ဌာနခွဲမှူးက ကျော်ဝေယျအား သံယောဇဉ်ရှိသည်၊ လက်ပွန်းတတီးနေထိုင်လုပ်ကိုင်ခဲ့ကြသော တပည့်တစ်ဦးဖြစ်၍လည်း ခွဲခွာကြရမည့်အချိန်သို့ရောက်ရှိပြီဖြစ်သည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

ထို့ကြောင့် ကျော်ဝေယျအား ကရုဏာသက်စွာဖြင့် ကြည့်နေသည်။

ကျော်ဝေယျကလည်း ဌာနခွဲမှူးအား သံယောဇဉ်တွယ်သော မျက်လုံးများဖြင့် ကြည့်နေပြီး ဌာနခွဲမှူးထံမှ ထွက်ပေါ်လာမည့် စကားသံများကို စောင့်စားနေသည်။ ခဏအကြာတွင် ဌာနခွဲမှူးထံမှ စကားသံများ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဗဟန်းရဲ့စခန်းမှာရောလမ်းမတော်ရဲစခန်းမှာရော ဆရာနဲ့အတူနေလာခဲ့တဲ့ မင်းရဲ့စိတ်သဘောထား၊ မင်းရဲ့ အရည်အချင်းတွေကို ဆရာသိပြီးသား ပါ ဒီတော့ မင်းကို အထူးမှာစရာမရှိပါဘူး"

"ကျွန်တော့်မှာ အားနည်းချက်တွေရှိသေးရင် ပြောပါဆရာ..."

"အေး မင်းမှာ အားနည်းချက်တော့ မရှိဘူး။ ဒါပေမဲ့ တစ်ခုတော့ မှာလိုက်ချင်တယ်..."

"ဘာများလဲ ဆရာ"

"ဘယ်ပြည်နယ်၊ ဘယ်တိုင်းကိုပဲ ရောက်ရောက် ဘယ်တာဝန်ကို ထမ်းဆောင်ရတာပဲဖြစ်ဖြစ် ရဲတပ်ဖွဲ့ဝင် တစ်ယောက်အနေနဲ့ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ လျော့နည်းပပျောက်ရေးဆိုတဲ့ လုပ်ငန်းတာဝန်တွေနဲ့ ပတ်သက်လို့ တို့တွေ ဆက်လက်ကြိုးစားဆောင်ရွက်ကြရမယ်"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ အဓိကထားပြီး မင်းကို မှာချင်တာက ရောက်တဲ့အရပ်မှာ ပျော်အောင်နေ၊ တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်း။ လူထုကို မနှိပ်စက်မိစေနဲ့ တတ်နိုင်သမျှ ကူညီပေးဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒီအချက်လေးချက်ကို မင်းအနေနဲ့ လိုက်နာဆောင်ရွက်နိုင်ရင် လုပ်ငန်းတိုင်းမှာ အောင်မြင်ပြီး မင်းအတွက် အကျိုးရှိလာပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် လိုက်နာဆောင်ရွက်ပါ့မယ်၊ ဒါထက် ဆရာ..."

"အေး ပြော..."

"ကျွန်တော်ပြောင်းရမယ့် နေရာက ဘယ်နေရာလဲ ဆရာ"

"ကျော်ဝေယျ၏ မေးခွန်းကြောင့် ဗှာနခွဲမှူးက ပြုံးသည်။ ထို့နောက်မှ စကားကို ပြောလိုက်သည်။

"အခု မင်းပြောင်းရွှေ့သွားရမှာက ရှမ်းပြည်နယ်ပဲ၊ ဘယ်မြို့နယ်၊ ဘယ်စခန်းဆိုတာကိုတော့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှာရှိနေတဲ့ ပြည်နယ်ရဲတပ်ဖွဲ့ရုံးကိုရောက်ပြီး သတင်းပို့တဲ့အချိန်ကျမှ သိရလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီတော့ မင်းအတွက် ဘာလိုသေးလဲ..."

"ဆရာ့ကျေးဇူးကြောင့် အားလုံးပြည့်စုံပါတယ်ဆရာ၊ ကျွန်တော့်ကို သွားခွင့်ပြုပါဆရာ"

"အေး အေး..."

ကျော်ဝေယျက ထိုင်နေရာမှထပြီး ထိုင်ခုံအား ဘေးသို့ဖယ်၍ နောက်သို့ ခြေနှစ်လှမ်းဆုတ်ပြီး အလေးပြုလိုက်သည်။ ထို့နောက် ကြမ်းခင်းပေါ်သို့ ပုဆစ်ဒူးတုပ်ထိုင်လျက် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာအား လက်အုပ်ချီမိုး၍ ရှိခိုးကန်တော့လိုက်သည်။

ဗှာနခွဲမှူးက ကျော်ဝေယျအား ကရုဏာသက်သော မျက်လုံးအစုံဖြင့် ကြည့်ရင်း ဆုမွန်ကောင်း တောင်းပေးလိုက်သည်။

"အေး ငါ့တပည့် ရောက်ရာဒေသတိုင်းမှာ စိတ္တသုခ၊ ကာယသုခတွေနဲ့ ပြည့်စုံပြီး ကြံစည်တိုင်းအောင်မြင်လို့ လုပ်ဆောင်သမျှတိုင်း အောင်မြင်ပြီး မြောက်နိုင်တဲ့သူဖြစ်ပါစေ"

ထိုအခါ ကျော်ဝေယျကလည်း ပြန်လည်၍ ဆုတောင်းလိုက်သည်။

"ပေးတဲ့ဆုတဲ့ ပြည့်စုံပါစေ ဆရာ"

ထို့နောက် ကျော်ဝေယျ ထိုင်ရာမှ ထပြီး ဗှာနခွဲမှူးရုံးခန်း အတွင်းမှ ထွက်ခွာလာခဲ့သည်။

ကျော်ဝေယျက ရှမ်းပြည်နယ်ရဲ တပ်ဖွဲ့မှူးရုံးသို့ သွားရောက်သတင်းပို့ခဲ့သည်။ ထိုအခါ ကျော်ဝေယျအား လားရှိုးမြို့နယ်၊ အမှတ်(၂)ရဲစခန်းတွင် တာဝန်ချထားပေးခဲ့သည်။

အမှတ်(၂)ရဲစခန်းဆိုသည်က လားရှိုးကြီးတွင် တည်ရှိနေသည်။ လားရှိုးသို့မရောက်မီက မှ အမှတ်(၂) ရဲစခန်းဆိုသည်ကို လားရှိုးမြို့ပေါ်တွင် သာတည်ရှိနေသည်ဟုထင်မှတ်ခဲ့သည်။

လားရှိုးမြို့သို့ ရောက်သည့်အခါ လက်ထောက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးဦးညွန့်ခင်ထံသို့ သွားရောက်သတင်းပို့သည်။ ထိုအခါလားရှိုးမြို့နယ် ရဲတပ်ဖွဲ့မှူးထံသို့ သွားရောက်သတင်းပို့ရမည်ဟု ဆိုပြန်သည်။ ထို့ကြောင့် လားရှိုးမြို့နယ် ရဲစခန်းရုံးသို့ ပြေးခဲ့ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

လားရှိုးမြို့နယ် ရဲတပ်ဖွဲ့မှူးမှာ ဒုရဲမှူး မြသန်းဖြစ်ကြောင်း သိရသည်။ မြို့နယ်မှူး ဦးမြသန်း၏ ရှေ့မှောက်သို့ ရောက်ပြီးသောအခါ ရုံးဦးစီးမှူးဖြစ်သူ ရဲအုပ် ဦးလှအေးထံသို့ သွားရောက်သတင်းပို့ခဲ့ရပြန်သည်။

ဦးလှအေး၏ ညွှန်ကြားချက်အရ လားရှိုးကြီးသို့ ခရီးဆက်ခဲ့ရပြန်သည်။ လားရှိုးနှင့် လားရှိုးကြီးတို့မှာ ဝေးကွာလှသည်မဟုတ်။ လားရှိုးမြို့၏ အရှေ့ဘက် တစ်မိုင်သာသာခန့်တွင် မန်ဆုစေတီတော် တည်ရှိနေသည်။ ထိုစေတီတော်သို့ရောက်လျှင် လားရှိုးကြီးမြို့ကို မြင်တွေ့ရသည်။ လားရှိုးကြီးမြို့၏ မြောက်ဘက်သို့ခရီးဆက်လျှင် လားရှိုးလေယာဉ်ကွင်းမှ လာသောလမ်းနှင့် ဆုံတွေ့ရမည်။

ထိုလမ်းသည် သိန္နီ၊ ကွတ်ခိုင်စသော မြို့များသို့သွားရာ လမ်းဖြစ်သည်။ မလှမ်းမကမ်းတွင်မူ မူဆယ်၊ နမ့်ခမ်းသို့ သွားရောက်နိုင်သည့် လမ်းရှိသည်။ ထိုလမ်းသည် တရုတ်ပြည် နယ်စပ်အထိ ပေါက်ရောက်သည်။

ထိုဒေသကား ကျော်ဝေယျအတွက် လေ့လာမှတ်သားစရာများ ပေါကြွယ်ပြည့်စုံနေပါသည်။ မူဆယ်၊ နမ့်ခမ်းသို့ သွားရာလမ်းတွင် ချောင်းကူးတံတားတစ်ခုရှိနေသည်။ ထိုတံတား(AT) အေတီဂိတ်တံတားဟု ခေါ်သည်။

ထိုတံတားသည် နမ့်ခမ်းချောင်းကို ဖြတ်သန်းဆောက်လုပ်ထားပြီး တံတား၏ တစ်ဖက်ထိပ်တွင် ရှာဖွေစစ်ဆေးရေးကင်းတစ်ခု ဆောက်လုပ်ထားသည်။ နမ့်ရှူးချောင်းအနီးတွင် မန်းနားရွာရှိသည်။ မန်းနားရွာမှ လားရှိုးကြီးသို့ သွားရာလမ်းခုလတ်တွင် သဘာဝရေပူကန် တစ်ကန်တည်ရှိနေသည်။ ထိုရေပူကန်မှ အငွေ့များပုံ့လွင့်လျက်ရှိသည်။ ရေပူကန်မှ လျှံထွက်လာသော ရေများသည် ရေမြောင်းငယ်တစ်ခုအနေဖြင့် နမ့်ရှူးချောင်းအတွင်းသို့ စီးဝင်သွားသည်။ ကျော်ဝေယျမှာ လာရှိုးကြီးသို့ ရောက်ခါစတွင် ပတ်ဝန်းကျင်ရှိ နယ်မြေများ၏ အနေအထားကို ဒုရဲအုပ်တင်သိန်း၏ အကူအညီဖြင့် လေ့လာသိရှိမှတ်သားထားခဲ့ရသည်။ ထိုဒေသကားတောင်ပေါ်မှ မြေပြန့်တစ်ခုဟူ၍ ကျော်ဝေယျမှတ်သား ထားလိုက်သည်။

တစ်နေ့တွင် ရေပူမြောင်းနံဘေးသို့ ကျော်ဝေယျရောက်ရှိသွားခဲ့သည်။ ထို ရေပူမြောင်းနံဘေးသို့ ကျော်ဝေယျရောက်ရှိသွားခဲ့သည်။ ထိုရေပူမြောင်းနံဘေးတွင် လူအများစုကို တွေ့မြင်လိုက်သည်။ ထို့ကြောင့် ကျော်ဝေယျက အနီးတွင်ရှိနေသော ကိုမောင်သော်ကို မေးလိုက်သည်။ ထိုအခါ ကိုမောင်သော်က ဖြေသည်။

"ဩော် ရေပူငွေ့ကို လှုံနေကြတာလေ၊ ဆရာကျော်ဝေယျရဲ့"

"ဟုတ်လား..."

"ဟုတ်ပါတယ်၊ တချို့က ရေပူချိုးကြတယ်၊ ဟို အထက်ဘက်မှာတွေ့လား။ ရေပူကန်နားမှာ လာရောက်တွေ့ရှိနေကြတယ်၊ အဲဒါ ရေပူချိုးနေကြတာ"

ဒုတပ်ကြပ် မောင်သော်က ရေပူမြောင်းအထက်ဘက်ဆီသို့ လက်ညှိုးဖြင့် ညွှန်ပြပြီးပြောသည်။ ထိုအခါ သူတို့နှင့်အတူပါလာသော ဒုတပ်ကြပ်စိန်သန်းက ရှင်းပြသည်။

"ဆရာကျော်ဝေယျရေ၊ မောင်သော် စကားပြောရင် မပြည့်စုံဘူး။ ဒီလိုဆရာရေ့ ရေပူဆိုတာက ကန့်ဓာတ်များတဲ့ မြေလွှာကို ဖြတ်ကျော်ပြီး စိမ့်ထွက်လာတာ၊ ဒီတော့ ရေပူမှာ ကန့်ဓာတ်တွေပါလာတတ်တယ်လေ၊ ရေငွေ့မှာလဲ ကန့်ဓာတ်တွေ ပါလာကြတယ်"

ဒုတပ်ကြပ် စိန်သန်း၏ စကားဆုံးသွားသည့်အခါ ကျော်ဝေယျက မေးသည်။

"ဒီလို ကန့်ဓာတ်ပါတဲ့ ရေပူကို ချိုးကြတာရယ်၊ ရေငွေ့ကို လှုံကြတာရယ်ဟာ ဘာအကျိုးရှိထူးတွေများကြရလို့လဲ ကိုစိန်သန်းရဲ့..."

"ဟာ အကျိုးထူးရှိပြီလား ဆရာကျော်ဝေယျရယ်"

"ဟုတ်လား ဘယ်လိုအကျိုးထူးတွေကိုများ ရကြလို့လဲ၊ လုပ်စမ်းပါဦး"

"အညောင်းအညာ အကိုက်အခဲပျောက်တယ်ပြီးတော့ ပိုးမွှားတွေကြောင့်ဖြစ်လာတတ်တဲ့ အရေပြားယားယံတဲ့ ဝေဒနာကင်းစင်းစေတယ်လေ ဆရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ခြော် ဟုတ်လား…"

"ဟုတ်တယ် ဆရာ ဒီလိုရေပူကန်မှာ ဆရာတို့ မြေပြန့်များတော့ အင်း နည်းသလောက်ကို ရှားပါးလိမ့်မယ်"

"ဟုတ်တယ် ကိုစိန်သန်းရဲ့ မြေပြန့်ဒေသမှာ လုံးဝမရှိဘူး။ ဒီတော့…"

"ဘာလဲ ဆရာက အနီးကပ်သွားကြည့်ပြီး လေ့လာချင်လို့လား"

"ဟုတ်တယ် ကိုစိန်သန်းရဲ့"

"ကဲ ဒီလိုဆိုရင်လဲ အနားကို သွားကြည့်ကြရအောင်"

ဒုတပ်ကြပ် စိန်သန်းက ဦးဆောင်၍ ရေပူကန်၏ အနီးသို့ သွားရောက်ခဲ့ကြတယ်။

ရေပူကန်နှင့် ရေပူများစီးဆင်းလာရာ မြောင်း၏အနီးသို့ ရောက်ရှိသွားကြသည့်အခါ ကျော်ဇေယျအတွက် အံ့ဩစရာကောင်းသည့် အထူးအဆန်းများကို တွေ့မြင်ရသည်။ လူအချို့မှာမူ ရေပူမြောင်းအတွင်းသို့ ဆင်း၍ ရေပူချိုးနေကြသည်။ ထိုအခါ ကျော်ဇေယျက ပြောသည်။

"အေးဗျာ…ဒါမျိုးကို ဒီတစ်ခါပဲ မြင်ဖူးသေးတယ်"

ထိုအခါ ဒုတပ်ကြပ် စိန်သန်းက ပြောသည်။

"ကဲ…ဆရာကျော်ဇေယျ၊ ဒီနေ့မှာ ဈေးရောင်းတဲ့နေ့ ဖြစ်နေတယ်"

"ဗျာ…ဈေးရောင်းတဲ့နေ့ ဟုတ်လား"

"ဟုတ်တယ် ဆရာ"

"သူတို့က နေ့တိုင်း ဈေးမရောင်းကြဘူး ဆရာ၊ သုံးရက်တစ်ခါ ငါးရက်တစ်ခါဆိုတာကို ရောင်းကြတယ်ဆရာ"

"ခြော် ဟုတ်လား…"

"ဟုတ်တယ် ဆရာ။ ဒီတော့ ဈေးရောင်းတဲ့နေ့နဲ့ ကြုံတုန်း သွားပြီး လေ့လာဦးမလားဆရာ"

"ကောင်းတာပေါ့ဗျာ"

"ဒီလိုဆိုရင် ဈေးရောင်းတဲ့နေရာကို သွားကြမယ်"

ဒုတပ်ကြပ် စိန်သန်းက ဦးဆောင်၍ ဈေးရောင်းချသည့်နေရာသို့ ထွက်ခွာသွားကြသည်။ ထို့ကြောင့် ကျော်ဇေယျနှင့် မောင်သော်တို့က စိန်သန်း၏ နောက်မှ လိုက်ပါသွားခဲ့ကြသည်။

ဈေးရောင်းချသည့် နေရာကား ကျယ်ဝန်းလှသည်။ ရောင်းချသည့်ပစ္စည်းများကလည်း စုံသည် ဈေးရောင်းချနေသော လူမျိုးများနှင့် ဈေးလာရောက်ဝယ်ယူသူ လူမျိုးများကလည်း စုံလင်နေသည်။

ဈေးရောင်းချသည့် နေရာကား ဈေးရောင်းသူ၊ ဝယ်သူများနှင့် စည်ကားရှုပ်ထွေးနေသည်။ ထိုသို့စည်ကား ရှုပ်ထွေးနေကြသောလူမျိုးစုများကား…

ကိုးကန့်၊ ကချင်၊ ပလောင်၊ လဝ၊ လီရှော၊ ရှမ်း၊ ရှမ်းတရုတ်၊ ထိုသို့သော လူမျိုးစုများက သူတို့၏ အမျိုးသားဝတ်စုံများကို ဝတ်စားဆင်ယင်ပုံနှင့်တကွ မှတ်မိအောင် ကြိုးစားမှတ်သားနေရသည်။ ကျော်ဇေယျသည် လားရှိုးကြီးတွင် တည်ရှိသော အမှတ်(၂)ရဲစခန်းသို့ရောက်ပြီးမှပင် တပ်ကြပ်အဆင့်သို့ ရာထူးတိုးမြှင့် ခံစားခဲ့ရသည်။ တာဝန်ကိုလည်း သတ်မှတ်ချထားပေးခြင်း ခံခဲ့ရသည်။

ကျော်ဇေယျအား ချထားပေးလိုက်သော တာဝန်မှာ နယ်ထိန်းဖြစ်သည်။ ကျော်ဇေယျ တာဝန်ကျရာဒေသမှာ နမ့်ရှူးချောင်း တစ်ချောင်းနှင့် ရေပူကန် အပါအဝင် မန်းနားရွာတစ်ဝိုက်ပင် ဖြစ်သည်။

နေရာကလည်း စိမ်းနေသည်၊ ဒေသကလည်းစိမ်းနေသည်။ ထို့ကြောင့်ပင်လျှင် ကျော်ဇေယျက နယ်မြေ အနေအထားများကို နှံ့စပ်ကျွမ်းကျင်အောင်စေ့စေ့လေ့လာနေရသည်။ လားရှိုးကြီးရဲစခန်း၌ ခေတ္တစခန်းမှူးဖြစ်သူ ဦးချင်းက တာဝန်ယူထားရသည်။

ထိုခေတ္တ စခန်းမှူးဦးချင်းက တစ်မျိုးသားလုံး လှူဒါန်းတုံးစေမည့် မူးယစ်ဆေးဝါးများအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သတ်သော စကားများကိုရနိုင်သလောက်ရအောင် ဆောင်ရွက်ရန် မကြာခဏ သွန်သင်ဆုံးမ မှာကြားတတ်သည်။

ကျော်ဇေယျက နမ့်ရှူးချောင်း၏ ရေစီးအလျင်တွင် စိတ်ကူးယဉ်လေ့ရယ်ဖြင့် စီးမျောနေသည်။ မျက်လုံးအစုံတို့က နမ့်ရှူးချောင်း၏ ရေပြင်တွင် ပေါ်နေသော ဖော့လုံးကလေးကို စူးစိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဗေယျ စူးစိုက်ကြည့်နေသော ဖော့လုံးကလေးမှာ ရေမျက်နှာပြင်အောက်သို့ စုပ်ခနဲမြုပ်သွားသည်။

ထို့ကြောင့် ကျော်ဗေယျက ငါးမျှားတံကို သုတ်ခနဲ ဆွဲယူမတင်လိုက်သည်။ ထိုအခါ ငါးမျှားချိတ်က ရေပြင်ပေါ်သို့ ရောက်လာခဲ့ပြီး ချိတ်တွင် တွန့်လိမ်လှုပ်ရှားရုန်းကန်နေသော ရွှေဝါရောင်ငါးသေးသေးလေး တစ်ကောင်ပါလာသည်ကို တွေ့မြင်ရသည်။

ငါးမျှားချိတ်က ထိုသေးငယ်သော ရွှေဝါရောင်ငါး၏ ပါးစပ်တွင် နိုင်မြဲစွာ ချိတ်တါယ်ထားနေသည်။

ကျော်ဗေယျ ငါးတစ်ကောင်မိခဲ့ပြီ။ သို့ရာတွင် သေးသေးကလေး။

ကျော်ဗေယျ က ချိတ်တွင်မိနေသော ငါးသေးသေးလေးကို ဖြုတ်ယူလိုက်သည်။ ထိုအချိန်တွင် အနီး၌ ငါးမျှားနေသော ဆန်ကျင်ဆု ဆိုသူက နောက်ပြောင်ကျီစယ်လိုက်သည်။

"မေဝ···ဆရာ ရွှေရောင်တဝင်းဝင်းနဲ့ပါလား။ ငါးကြင်းကြီး ရပြီထင့်ပါဗျာ"

ဆန်ကျင်ဆု သူ၏ စကားဆုံးသွားသောအခါ ကျော်လွင်က ပြောပြန်သည်။

"ဟ ကောင် ဆန်ကျင်ရင်းမျှားနေတာ သုံးနာရီလောက်သာကြာသေးတာ၊ ဒီတစ်ကောင်မိတာ တော်ပြီပေါ့ကွာ"

ကျော်ဗေယျကမူ မည်သို့မျှပြန်လည်ပြောကြားခြင်းမပြုဘဲပြုံးရယ်လျှက်ကြည့်နေသည်။ ငါးမျှားဖော် တိုင်းရင်းသားများက သားချင်းသဖွယ် ရင်းရင်းနှီးနှီး နောက်ပြောင်ကျီစယ်သည်မှာ ကြည်နူးစွာခံစားလိုက်ရသည်။ တိုင်းရင်းသား သွေးချင်းများကား ဖော်ရွေတတ်ကြသည်။

ကျော်ဗေယျက ဆန်ကျင်အား ပြုံးပြလျက် ဆန်ကျင်၏ ပလိုင်းအတွင်းသို့ ကြည့်လိုက်သည်။ ဆန်ကျင်၏ ပလိုင်းကား ငါးများဖြင့် ပြည့်လျှံ၍နေချေပြီ။ ကျော်လွင်၏ အနီးတွင်လည်း နီးကြိုးဖြင့် သီထားသော ငါးတို့မှာ မနည်းလှ။ မိမိတစ်ဦးတည်းသာလျှင်၊ သုံးနာရီကျော် ကြာမြင့်ခဲ့သည့်အချိန်တွင်မှ ငါးတစ်ကောင်ကိုသာရခဲ့သည်။ သို့ရာတွင် ကျော်ဗေယျမှာ စိတ်ပျက်ခြင်း အလျဉ်းမရှိခဲ့။ ငါးမျှားချိတ်တွင် တပ်ဆင်ထားသည့် ဖော့လုံးကလေးက ရေပြင်ပေါ်တွင်လှုပ်ရှားနေသည်။ ကျော်ဗေယျက ဖော့လုံးကလေးကို ကြည့်နေသည်။ထို့နောက် မျက်လုံးအစုံက နမ့်ရှူးချောင်းအလယ်သို့ ကြည့်ရှုနေမိခဲ့သည်။ ထိုအခါ နမ့်ရှူးချောင်းရေလယ်တွင် ရေစီးနှင့်အတူ မျောပါလာသည့်အရာဝတ္ထုကို တွေ့မြင်လိုက်ရသည်။

ထိုအရာဝတ္ထု၏ သဏ္ဍာန်ကရှည်ရှည်၊ လုံးလုံး သို့ရာတွင်သစ်တုံးမဟုတ်။ လိုင်းအပုတ်တွင် နစ်တုံပေါ်တုံဖြစ်နေသည်။ ထိုအရာကို အဝေးကပင် လှမ်း၍မြင်တွေ့နေရသည်။ ထိုခဏ၌ ဆန်ကျင်၏ အသံကိုကြားငိုက်ရသည်။

"ဝေး ဆရာ ရေလယ်မှာ မျောလာတာ ဘာကြီးလဲ မသိဘူး"

ဆန်ကျင်ကပြောရင်း လက်ညှိုးဖြင့် ညွှန်ပြသည်။ ကျော်ဗေယျကမူ မည်သို့မျှ ပြန်လည်ပြောကြားခြင်းမပြုခဲ့၊ သို့ရာတွင် ဆန်ကျင်ညွှန်ပြသောအရာကို သူလည်းတွေ့မြင်နေရကြောင်း အချက်ပြလိုက်သည်။

"ဟေ့ ကျော်လွင် ခဲနဲ့ပေါက်ကြည့်လိုက်စမ်း"

ကျော်ဗေယျ၏ စကားကြောင့် ကျော်လွင်က ခဲဖြင့်ပစ်ပေါက်လိုက်သည်။ ကျော်လွင်ပစ်ပေါက်လိုက်သော ခဲက ရေလယ်ရှိ အရာဝတ္ထုကိုမထိ။ ကျော်လွင်က ခဲဖြင့် နောက်တစ်ချက် ထပ်၍ပေါက်ပြန်သည်။ မထိ။ ထို့ကြောင့် ကျော်လွင်က သုံးကြိမ်မြောက် ခဲဖြင့် ပေါက်သည်။

သုံးကြိမ်မြောက် ပစ်ပေါက်လိုက်သော ကျော်လွင်၏ခဲက ရေလယ်မှ အရာဝတ္ထုအား ထိမှန်သွားခဲ့သည်။ ကျော်လွင် ပစ်ပေါက်လိုက်သော ခဲဖြင့် ထိမှန်ခြင်းခံလိုက်ရသော ရေလယ်မှ အရာဝတ္ထုက တစ်ပတ်လိမ့်၍လည်သွားပြီးမှ မူလအနေအထားအတိုင်း ပြန်ဖြစ်သွားခဲ့သည်။ ရေလယ်မှ ထိုအရာဝတ္ထုက ကျော်ဗေယျ၏ ရှေ့သို့ရောက်လာခဲ့၏။ ကျော်ဗေယျက သံသယစိတ်ဖြင့် မျက်လုံးကိုပွတ်ပြီး ထိုအရာဝတ္ထုအား ကြည့်သည်။ ထို့နောက် ကျော်ဗေယျက ရေထဲမှ ငါးမျှားချိတ်ကို ရုတ်တရက် ဆွဲယူမတင်လိုက်ပြီး ထိုအရာဝတ္ထုရှိရာသို့ ပစ်ပေါက်ပြီး လှမ်းချိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ငါးများချိတ်က ထိုအရာအားချိတ်မိသည် ဆိုရုံမျှသာ ချိတ်နေသည်။ ထို့ကြောင့် အသာအယာဆွဲကြည့်သည်။ ငါးမျှားကြိုးက တင်းခံနေသည်။ ရေကိုစုန်၍ မျောပါလာခဲ့သော . ထိုအရာဝတ္ထုက ရေစီးကိုဆန်၍ ကျန်နေခဲ့သည်။

ထို့ကြောင့် ကျော်ဧယျက ငါးမျှားချိတ်မိနေရာမှ ပြုတ်ထွက်မသွားစေရန် သတိကြီးစွာထား၍ အနီးသို့ ဆွဲယူလိုက်သည်။ ထိုအရာဝတ္ထုက ကျော်ဧယျ အနီးသို့ တဖြည်းဖြည်းရောက်လာသည်။

ထိုအခါ ထိုအရာဝတ္ထု၏ သဏ္ဌာန်က ရုပ်လုံးယူလိုက်သော အရာဝတ္ထုမှာ ရေပေါ်တွင် မြှုပ်တစ်ဝက်ပေါ်တစ်ဝက်ဖြစ်နေသော လူတစ်ယောက်ဖြစ်နေသည်။ အသက်မှာမူကား သူ၏ခန္ဓာကိုယ်အတွင်း၌မရှိတော့။ ထိုသူကား သေဆုံးနေပြီဖြစ်သည်။

ထိုသို့သေဆုံးနေပြီးဖြစ်သော လူသေအလောင်းက နမ့်ရှူးချောင်း၏ အထက်ပိုင်းမှ မျောပါလာသည်။ ကျော်ဧယျ၏ အနီးသို့ ဆန်ကျင်နှင့်ကျော်လွင်တို့ရောက်လာခဲ့ကြသည်။ သူတို့၏ မျက်နှာတွင် အံ့ဩသောအသွင်များ ပေါ်လွင်နေကြသည်။ မျက်လုံးများက ဝိုင်းစက်၍ ပြူးကျယ်နေကြသည်။

ကျော်ဧယျက လူသေအလောင်းကို ကမ်းစပ်သို့ ဆွဲယူလိုက်သည်။ ထိုအချိန်တွင် ဆန်ကျင်က တုန်လှုပ်စွာ မေးသည်။

"ဆရာ··· မသာလားဟင်···"

ထိုသို့မေးလာသော ဆန်ကျင်အား ကျော်ဧယျက ပြန်လည် ဖြေကြားလိုက်သည်။

"အေး···ဟုတ်တယ်···"

ထိုအခါ ဆန်ကျင်က ကျော်ဧယျ အနီးသို့ တိုးကပ်လာပြီး ရေထဲမှ အလောင်းအား ဝိုင်းကူ၍ဆွဲသည်။ ဆန်ကျင်၏ စိတ်တွင် ကြောက်လန့်နေသော်လည်း မျက်လုံးအစုံကမူ လူသေအလောင်းအား ကြည့်နေသည်။

ထို့နောက် ဆန်ကျင်ကမေးသည်။

"ဆရာကျော်ဧယျ ကျွန်တော်တို့ ဘာလုပ်ကြမလဲဟင်"

ထိုမေးခွန်းကို ကျော်ဧယျက မဖြေသေး။ အလောင်းကို ကြည့်၍ စဉ်းစားနေသည်။

အမှုကြီး(၁၀)မျိုးပါဝင်သော ပထမဆုံးအမှုမှာ လူသတ်မှု သို့မဟုတ် လူသေမှုဖြစ်သည်။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်ရဲစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကန်တော်ကြီး၌ ရေနစ်၍ သေဆုံးခဲ့သည့် အလောင်းများကို မကြာခဏတွေ့မြင်ခဲ့ရဖူးသည်။ ယခုတွေ့မြင်ခဲ့ရသည့် အလောင်းမှာလည်း လူသေမှု(သို့မဟုတ်) လူသတ်မှုဖြစ်နိုင်သည်။ ကျော်ဧယျက အတွေးမျှင်ကိုဖြတ်တောက်ပြီး ဆန်ကျင်အား မေးလိုက်သည်။

"ဟေ့ ဆန်ကျင် မင်းက ကြောက်နေတယ်မဟုတ်လား။ ဒီတော့ကျော်လွင်နဲ့ ငါက အလောင်းကို ကမ်းပေါ်မှာ တင်ထားမယ်။ မင်းက ရဲစခန်းကိုသွား"

"ဟုတ်ကဲ့"

"ဆရာ ဦးချင်းကို မင်းသိတယ်မဟုတ်လား"

"သိပါတယ်ဆရာ"

"စခန်းမှူးလုပ်နေတဲ့ ဒုရဲအုပ်ဦးချင်းလေကွာ၊ မင်းသွားနဲ့ သွားတွေ့၊ ဆရာဦးချင်းကို မတွေ့ရင် ဒုရဲအုပ်ဦးတင်သိန်းကိုတွေ့အောင်ရှာ၊ တွေ့တဲ့လူကို သတင်းပို့လိုက် ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ···"

ကျော်ဧယျ၏ စကားဆုံးသွားသည့်အချိန်တွင် ဆန်ကျင်က နေရာမှ လျင်မြန်စွာထွက်သွားသည်။ ကျော်လွင်၏ အကူအညီဖြင့် ကျော်ဧယျ အလောင်းကိုကမ်းစပ်သို့ရောက်အောင် ဆွဲယူလိုက်သည်။ ကမ်းစပ်၏ မြေမာအပေါ်သို့ရောက်သည့်အခါ ကျော်ဧယျက အလောင်းအားလေ့လာ ကြည့်ရှုလိုက်သည်။ သေသူမှာ အသား ဖြူဖြူဖျော့ဖျော့ဖြစ်နေသည်။ သေသူ၏လက်နှစ်ဖက်တွင် လက်များကို ပူးကပ်လျက် နိုင်လွန်ကြိုးဖြင့် တုပ်နှောင်ထားသည်။ မျက်လုံးအစုံက ပြူးကျယ်နေသည်။ ပါးစပ်မှာပွင့်ဟလျက်ရှိနေသည်။ ထိုသူ၏ လက်တစ်ဖက်အတွင်း၌ အရာဝတ္ထုတစ်ခုခုကို ခိုင်မြဲစွာဆုပ်ကိုင် ထားဟန်ရှိကြောင်း၊ တွေ့မြင်ရသည်။

ထိုအခါ ကျော်ဧယျ စိတ်တွင် သို့လော သို့လောဖြင့် လောပေါင်း

www.burmeseclassic.com

www.burmeseclassic.com

အသွယ်သွယ် သောသောကြွယ်သွား ခဲ့သည်။ ကျော်ဝေယျနှင့် အဖွဲ့က အလောင်းအား လားရှိုးမြို့နယ် ပြည်သူ့ ဆေးရုံကြီးသို့ သယ်ယူသွားခဲ့ကြသည်။

ထို့နောက် ရုံးဦးစီးမှူးဦးလှအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးမြသန်းနှင့် လက်ထောက်ပြည်နယ်ရဲတပ်ဖွဲ့မှူးဦးညွန့်ခင် တို့ထံ ဆင့်ကဲဆင့်ကဲ သတင်းပို့ခဲ့သည်။

တိုင်း ဆေးရုံအုပ်ကြီးဖြစ်သော ဦးခင်လှိုင်(ကမ္ဘောဇ-ခင်လှိုင်)ကလည်း လိုအပ်သော ကူညီမှုများကို ပြည့်စုံအောင် ပံ့ပိုးဖြည့်ဆည်းကူညီပေးခဲ့သည်။ သေမှုသေခင်းဆိုင်ရာ မှုခင်းဆရာဝန်က အလောင်းအားစမ်းဆေးပြီး မှတ်ချက်ပေးသည်။

"ဒဏ်ရာတစ်စုံတစ်ရာမရှိ၊ ရေနစ်သေဆုံးသည်။ သို့မဟုတ် ရေတွင်နစ်၍ အသတ်ခံရသည်။ ထိုသို့မှတ်ချက်ပေးပြီးသောအခါ ဆေးရုံ၏ တာဝန်ပြီးဆုံးသွားခဲ့ပြီ။ သို့ရာတွင် ရဲတပ်ဖွဲ့ဝင်တို့၏ တာဝန်ကား မပြီးဆုံးသေး။ သေသူ၏ အမည်ကို မသိရသေး။ ကျော်ဝေယျက သေဆုံးသူ၏ လက်တွင်း၌ ဆုပ်ကိုင်ထားသည့်အရာကို တွေ့ချင်မြင်ချင်သေးသည်။

ထို့ကြောင့် လက်သီးအတွင်းမှ (HARRA)အမျိုးအစား ဂျင်းဝတ်စုံတွင် တွေ့ရှိရတတ်သည့် ကြယ်သီးတစ်လုံး ထွက်ပေါ်လာခဲ့သည်။

ထို့ကြောင့် ကျော်ဝေယျက ရာဇဝတ်ပုံစံတွင် ရေးသားဖြည့်သွင်းသိမ်းယူခဲ့ပြီး ဒုရဲအုပ်ဦးတင်စိန်ထံသို့ တင်ပြခဲ့သည်။ ထို့နောက် သေဆုံးခဲ့သူ၏ အမည်၊ နေရပ်လိပ်စာ ရရှိရေးကို လုပ်ဆောင်ရပေဦးမည်။

ထိုအလုပ်ကား ဖြစ်ပေါ်လာခဲ့သည့် မှုခင်းအတွက် ပထမဦးဆုံးရယူရမည်။ သူတို့နှစ်ယောက်က လားရှိုးကြီးတစ်ဝိုက်တွင် အလွန်နံ့စပ်သူများဖြစ်ကြသည်။ သို့ရာတွင် သူတို့နှစ်ဦးက သေသူကို မသိ။ မြင်ဖူးသလိုတော့ရှိသည်။ မန်းနားရွာကဖြစ်နိုင်သည်။ ကျော်ဝေယျက အလောင်းအား ကြည့်ရင်း စဉ်းစားနေကြသည်။ ထိုအချိန်တွင် သူနာပြုဆရာမလေးတစ်ဦး ရောက်လာခဲ့သည်။

ထိုသို့ရောက်လာခဲ့သော သူနာပြုဆရာမလေးက အလောင်းအား တွေ့လိုက်ရသည့်အခါ သူမ၏နှုတ်မှ စကားသံ အချို့မပွင့်တပွင့်ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဟင်း . . . ကျန်ရောက်စိုင်း"

ထိုအသံကို ကျော်ဝေယျက ကြားလိုက်ရသည်။ ထို့ကြောင့် ကျော်ဝေယျက ဆရာမလေးကို မေးလိုက်သည်။

"ဆရာမလေးနာမည် ဘယ်လိုခေါ်ပါသလဲ"

ကျော်ဝေယျ၏ မေးသံကြောင့် သူနာပြုဆရာမလေးက ကျော်ဝေယျကို ကြည့်သည်။ ထို့နောက် ဖြည်းလေးစွာ ဖြေသည်။

"နန်းမူလို့ ခေါ်ပါတယ်"

"ဆရာမ သူ့ကို သိပါသလား"

ကျော်ဝေယျကပြောရင်းအလောင်းအား လက်ညှိုးဖြင့် ညွှန်ပြလိုက်သည်။ နန်းမူဆိုသော သူနာပြုဆရာမလေးက အလောင်းအား ဒုတိယအကြိမ် ကြည့်လိုက်ပြန်သည်။ သူမက ငြိမ်သက်နေသည်။ တွေဝေနေသည်လား၊ စဉ်းစားနေသည်လားဟု ဝေခွဲ၍မရခဲ့။

ကျော်ဝေယျ က ဆရာမလေးကို ကြည့်နေသည်။

ဆရာမလေးက အလောင်းအား ကြည့်နေရာမှ ကျော်ဝေယျဘက်သို့ လှည့်ကြည့်သည်။

ထို့ကြောင့် ကျော်ဝေယျကဆရာမလေးကို ပြုံး၍ကြည့်ရင်း မေးလိုက်ပြန်သည်။

"ဆရာမ သူ့ကိုသိပါသလား"

"ဟုတ်ကဲ့ . . . သိပါတယ်"

"သူ . . . ဘယ်သူပါလဲ"

"သူ . . သူ . . သူ . . ကျန် ရောက်စိုင်း"

"ကျန်ရောက်စိုင်း ဟုတ်လား . . ဆရာမ"

ကျော်ဝေယျက ဝမ်းသာအားရ မေးသည်။ ဆရာမလေးက ကျော်ဝေယျအားကြည့်၍ ပြောသည်။

"ဟုတ်ပါတယ် သူ့နာမည်က ကျန်ရောက်စိုင်းပါ၊ သူ့ကို ကျွန်မကောင်းကောင်းမှတ်မိပါတယ်"

"ဘယ်လိုကြောင့် မှတ်မိတာလဲ ဆရာမ . . ."

"သူက ကျွန်မတာဝန်ကျနေတဲ့ အဆောင်က လူနာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ…"

ကျော်ဝေယျက အံ့အားသင့်စွာ ပြောလိုက်သည်။ ထို့ကြောင့် သူနာပြုဆရာမလေးက ဆက်၍ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်ရှောက်စိုင်းမှ ကျွန်ရှောက်စိုင်းပါ၊ သူက ဆေးရုံမှာ ဆေးလာကုတာပါ။ ဒါကြောင့် ကျွန်မ တာဝန်ယူရတဲ့အဆောင်မှာ တင်ထားခဲ့ရာက ပျောက်သွားခဲ့ပါတယ်"

"ဗျာ…ဆေးကုတဲ့ လူနာက အဆောင်ကနေ ပျောက်သွားတယ် ဟုတ်လားဆရာမ"

"ဟုတ်ပါတယ်၊ သူဆေးရုံပေါ်က ပျောက်သွားခဲ့တာ အင်းနှစ်ရက်လောက် တောင်ရှိနေပြီလို့ ထင်ပါတယ်"

အခန်းတွင်းရှိ လူများက ငြိမ်သက်စွာ နားထောင်နေကြသည်။ ထို့နောက် သူနာပြုဆရာမ နန်းမူထံမှ စကားသံများ မပွင့်မပွင့် ထွက်လာခဲ့ပြန်သည်။

"အရင်တစ်ပတ်ကလဲ ဆေးရုံက တစ်ရက် ပျောက်သွားခဲ့သေးတယ်၊ နောက်ပြန်ရောက်လာလို့ မေးကြည့်တော့ သူ့ရွာကို ပြန်ပြီးခတ်စာနဲ့ ပိုက်ဆံ ပြန်ယူတာလို့ပြောခဲ့တယ်"

"ဟုတ်လား…."

"ဟုတ်ပါတယ်၊ အခုလဲ ပျောက်သွားခဲ့တာ တစ်ရက်ရှိပြီ အရင်တစ်ခေါက်လိုပဲ၊ သူ့ရွာကိုပြန်နေတာလို့ ထင်နေခဲ့တာ"

သူနာပြုဆရာမလေး နန်းမူက စကားကိုရပ်ထားလိုက်ပြီး ကျွန်ရှောက်စိုင်းကို ကြည့်နေသည်။ ထို့နောက် သူနာပြုဆရာမလေး နန်းမူက မှတ်ချက်ချလိုက်သည်။

"ဩော် …. ကျွန်ရှောက်စိုင်း နင်ဒီတစ်ခါ ပြန်လာခဲ့တာ အသက်ပါ မလာခဲ့တော့ဘူးနော်"

ကျော်ဝေယျက သူနာပြုဆရာမ နန်းမူ၏ အကူအညီဖြင့် နမ့်ရှူးချောင်းအတွင်းမှ ဆယ်ယူရရှိခဲ့သောအလောင်းနှင့်ပတ်သက်သည်များကို သိရှိခဲ့ပါသည်။

အမည်က - ကျွန်ရှောက်စိုင်း

သို့မဟုတ် ကျွန်ရှောက်ချမ်း။

အသက်က - ၂၂နှစ်

နေတာက - မန်နားကျေးရွာ

ကျော်ဝေယျက လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော ဆရာမလေး နန်းမူအား ကျေးဇူးတင်စကားများပြောဆိုပြီး လားရှိုးဆေးရုံမှ ပြန်လည်ထွက်ခွာလာခဲ့သည်။ သူ့တွင် တာဝန်များစွာ ကျန်ရှိနေသေးသည်ကိုး။

မန်နားကျေးရွာ။

သည်ကျေးရွာက ကျော်ဝေယျ တာဝန်ကျသည့်ကျေးရွာ ဖြစ်သည်။ ထို့ကြောင့် ကျော်ဝေယျက မန်နားကျေးရွာသို့ တစ်ခေါက်ရောက်ရှိလာခဲ့ရပြန်သည်။

ကျွန်ရှောက်စိုင်းဟုခေါ်သော ကျွန်ရှောက်စိုင်း၏ မိဘများ နေထိုင်လျှက်ရှိသည့် အိမ်ကိုတွေ့သည်။ သို့ရာတွင် အိမ်၌ ကျွန်ရှောက်စိုင်း၏ မိခင်ကိုသာ တွေ့ရသည်။ ထို့ကြောင့်ကျော်ဝေယျက မေးသည်။

"အမေ ခုရက်ပိုင်းအတွင်းမှာ ကျွန်ရှောက်စိုင်း အိမ်ကို ပြန်လာသေးသလားလို့"

"အေး သားပြန်လာခဲ့တယ်၊ ခတ်စာလိုတယ်ပြောလို့ ဧပျစ်သီးတို့ ဘာတို့ ပေးလိုက်တယ်၊ အဲ ပိုက်ဆံလဲ နှစ်ဆယ် ပေးလိုက်ရသေးတယ်။ အင်း အမေ ဆီမှာလဲ ဒီလောက်ပဲရှိတာကို"

"ဟုတ်လား အမေ…"

"အဲဒီနေ့က ဆေးရုံကပြန်တာ နောက်ကျမှာစိုးလို့ဆိုပြီး ချက်ချင်းပဲ ပြန်သွားခဲ့တယ်လေ၊ သူ့အဘနဲ့တောင် တွေ့မသွားခဲ့ရဘူး။ အမေတို့ကလဲအလုပ် မအားကြဘူး။ အားမှပဲ ဆေးရုံကို သွားကြမလို့"

ကျော်ဝေယျက ကျွန်ရှောက်စိုင်း၏ မိခင်ဖြစ်သူအား ကရုဏာသက်စွာ ကြည့်နေသည်။ ကျွန်ရှောက်စိုင်းသေဆုံးသွားသည့် သတင်းစကားကို မပြောရက်၊ လည်ချောင်းအတွင်း၌ တစ်ဆို့နေသည်။

ကျွန်ရှောက်စိုင်း၏ မိခင်က ကျော်ဝေယျအား မေးသည်။

"အခု ကျွန်ရှောက်စိုင်း နေကောင်းတယ်မဟုတ်လား"

ကျော်ဝေယျသည် ထိုမေးခွန်းကို အဖြေရခက်နေသည်။ မပြော၍လည်း မဖြစ်တော့ ထို့ကြောင့် ကျော်ဝေယျက ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အခု . . . ကျန်ရောက်စိုင်း သေသွားခဲ့ပြီ အမေ"

ထိုစကားကို ကြားလိုက်ရသည့် ကျန်ရောက်စိုင်း၏ မိခင်က အံ့ဩစွာဖြင့် ပြန်၍မေးသည်။

"ဘာ . . . သားသေပြီဟုတ်လား"

"ဟုတ်ပါတယ် အမေ"

"ဘာကြောင့် သေသွားခဲ့ရတာလဲ"

"ရေနစ်ပြီး သေသွားခဲ့ရတာပါ"

"မဖြစ်နိုင်ဘူး။ အမေ့သား ရေနစ်ပြီးသေတာ မဖြစ်နိုင်ဘူး . . ."

"ဟုတ်ပါတယ်အမေ၊ ကျန်ရောက်စိုင်းရဲ့ လက်နှစ်ဖက်မှာ နိုင်လွန်ကြိုးနဲ့ ချည်ထားခံရပြီး ရေထဲမှာ မျောပါလာခဲ့တာပါ။ ဒါကြောင့်တစ်ယောက်ယောက်ကများ . . ."

ကျော်ဇေယျက သူ၏ ထင်မြင်ချက်ကို ပြောသည်။ ကျန်ရောက်စိုင်း မိခင်က ငြင်းသည်။

"မဖြစ်နိုင်ဘူး . . . သားမှာ ရန်သူမရှိဘူး"

"ဟုတ်ပါ့မလား အမေ . . . "

"ဟုတ်တယ် . . . သူနဲ့ မတည့်ဘူးဆိုတဲ့သူတောင် တစ်ယောက်မှ မရှိဘူး။ သူက ဖော်ရွေလွန်းလို့ လူချစ်လူခင်သိပ်များတာ"

"ဟုတ်လား . . ."

"လူချစ်လူခင်ပေါတဲ့သား။ အခုတော့ အဖြစ်ဆိုးလှချည့်လားကွယ်"

ကျန်ရောက်စိုင်း၏ မိခင်ဖြစ်သူက ဝမ်းနည်းစွာဖြင့် ငိုကြွေးသည်။

ကျော်ဇေယျက သားကိုချစ်လှသော မိခင်ဖြစ်သူက ဝမ်းနည်းစွာဖြင့် ငိုကြွေးသည်။ ကျော်ဇေယျက သားကိုချစ်လှသော မိခင်တစ်ယောက်၏ ဖြစ်ပေါ်ခံစားလာခဲ့ရတာ ပူဆွေးသောကကို မမြင်ရက်သည့်အတွက် မျက်စိကိုခေတ္တမျှ ပိတ်ထားလိုက်မိခဲ့သည်။ ထို့နောက် စိတ်မကောင်းခြင်း ကြီးမားစွာဖြင့် ထိုနေရာမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

ကျော်ဇေယျအတွက် ကျန်ရောက်စိုင်း အိမ်သို့ပြန်လာခဲ့သည်ဆိုသော သတင်းစကားမှအပ အခြားသော သတင်းထူး တစ်စုံတစ်ရာကိုမျှ မရရှိခဲ့။

ထို့ကြောင့် ကျော်ဇေယျက မန်နား ကျေးရွာအတွင်းသို့ လှည့်လည်၍ စုံစမ်းရှာဖွေခဲ့သေးသည်။ သို့ရာတွင် ထူးခြားမှုမရှိ။ ထို့ကြောင့် ကျော်ဇေယျက ရွာနီးတွင် ရှိနေကြသော လယ်တဲများရှိရာသို့ သွားရောက်၍ သတင်းစကားကို စုံစမ်းသည်။

ကျော်ဇေယျပထမဦးဆုံး ရောက်ရှိသွားခဲ့သည်က အိုက်ပေါက်ဆိုသူ၏ လယ်တဲဖြစ်သည်။ အိုက်ပေါက်က လယ်မြေကိုပြုပြင်နေသည်။ ထို့ကြောင့် ကျော်ဇေယျက အသံပြုနှုတ်ဆက်လိုက်သည်။

"ဟေး အိုက်ပေါက်ကြီး အလုပ်တွေကြိုးစားလှချည့်လား"

ကျော်ဇေယျ၏ အသံကိုကြားသည့်အခါ အိုက်ပေါက်က အလုပ်ကိုရပ်ထားပြီး အသံကြားရာဘက်သို့ကြည့်လိုက်သည်။ ကျော်ဇေယျအား တွေ့လိုက်ရသည့်အခါ အိုက်ပေါက်က ပြန်လည်နှုတ်ဆက်လိုက်သည်။

"ဟာ . . . ဆရာကျော်ဇေယျ ဘယ်ကလှည့်လာခဲ့တာလဲ တဲအတွင်းမှာ ထိုင်ပါ။ ကျွန်တော်လာခဲ့မယ်"

ကျော်ဇေယျက အိုက်ပေါက်အား လက်ပြပြီး တဲအတွင်းသို့ဝင်လိုက်သည်။ ခဏအကြာတွင် အိုက်ပေါက်တဲအတွင်းသို့ရောက်လာခဲ့သည်။ တဲအတွင်းသို့ အိုက်ပေါက်ရောက်လာသည့်အခါ ကျော်ဇေယျက မေးသည်။

"လယ်အခြေအနေ ဘယ်လိုနေသလဲ အိုက်ပေါက်"

"အင်း သည်နှစ်တော့ သိပ်မဆိုးဘူးလို့ ထင်ပါတယ်၊ ကျွန်တော်တို့က လယ်ဗွားဆိုတော့ လယ်ပိုင်ရှင်လောက်တော့ ရမယ်မထင်ဘူး"

"ဒါက ဘယ်သူပိုင်တာလဲ"

"လောက်မေ သူက ဘယ်သူလဲ"

ဟို ဂျစ်ကားမောင်းတဲ့ ဦးလှဘော်ရဲ့ သားမက်လေ"

"ဪ . . . . ဟုတ်လား"

ကျော်ဇေယျက စကားပြောရင်း အိုက်ပေါက်၏ အမူအရာကို အကဲခတ်လေ့လာကြည့်နေသည်။ ထို့နောက် အိုက်ပေါက်အား မေးလိုက်သည်။

"အိုက်မေဆိုတာက ဟို ခေးခမ်းရွာက ဦးအိုက်ကော်ရဲ့သား။ အိုက်မတ်ကို ပြောတာလား . . ."

"ဟာဟုတ်ပြီလားဆရာ၊ ကျွန်တော်အပါအဝင် ဒီအနီးအနားမှာ ရှိနေကြ



www.burmeseclassic.com

www.burmeseclassic.com

လူတွေအားလုံးက လောက်မေလို့လဲ ကြတယ်လေ"

"ဒီကို သူရောက်လာခဲ့တာ မကြာသေးဘူးနော်..."

"ဟုတ်ပါ့ ဆရာရေ့ ဦးလှဘော်ရဲ့ အမိန့်နဲ့ အိမ်ထောင်ကျပြီး ဒီကိုရောက်လာခဲ့တာ၊ ဘာကြာသေးလို့လဲ"

အိုက်ပေါက်၏ စကားကို နားထောင်နေသည့်ကျော်ဇေယျကသဘောကျသွားပြုံးသည်။ ထိုအခါ အိုက်ပေါက်က မျက်နှာပျက်သွားပြီး မီးဖိုရှိရာသို့ ထွက်သွားသည်။ မီးဖိုတွင် ရေနွေးအိုးတစ်လုံး ရှိနေသည်။ ထိုရေနွေးအိုးက ဆူလျက်ရေများ အောက်သို့ ဝေကျနေသည်။ အိုက်ပေါက်က ရေနွေးအဖုံးကို ဖွင့်ပြီး သက်ဟက်ခြောက်များထည့်သည်။ ကျော်ဇေယျက အိုက်ပေါက်ကိုကြည့်ရင်း ပြောသည်။

"မင်းတို့က ရာဇဝင်လူဆိုးတွေကျနေတာပဲ အိုက်ပေါက်ရာ..."

"ဘာ...ဘာဖြစ်လို့လဲ ဆရာ"

"အိုက်မယ် အဲလေ လောက်မေကို မတွေ့မိပါလား"

ကျော်ဇေယျက မေးလိုက်သည်တွင် အရုက်ပြေရယ်မောနေသော အိုက်ပေါက်၏ မျက်နှာအမူအယာပျက်သွားသည်။ ကျော်ဇေယျက သိလိုက်သည်။ အိုက်ပေါက်က အမူအယာကို ချက်ချင်းပြောင်းလိုက်ပြီးဖြေသည်။

"အဲ သူ့မိန်းမိဘနဲ့ မိဘများဆီကို အလည်သွားနေပါတယ် ဆရာ"

"ဪ...ဟုတ်လား..."

"သူကတော့ သိပ်ပြီး မသွားချင်ဘူးတဲ့၊ ဒါပေမဲ့ သူ့မိန်းမက အတင်းပဲ ခေါ်လို့ လိုက်သွားဖြစ်ခဲ့တာပါ ဆရာ"

"ဪ လောက်မေက ဦးလှဘော်တို့ဆီကို သွားနေတာကိုး။ ဪဒါထက် အိုက်ပေါက်..."

"ဗျာ...."

"ချောင်းထဲမှာ လူသေအလောင်းတစ်လောင်း မျောလာတဲ့သတင်းကို မင်းကြားလိုက်မိသလား အိုက်ပေါက်"

ကျော်ဇေယျက စကားပြောရင်း အိုက်ပေါက်၏ မျက်နှာကို ကြည့်နေသည်။ အိုက်ပေါက်၏ မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားခဲ့ကြသည်။ ထို့နောက် အိုက်ပေါက်က အသံကို တုန်ခါမှုမရှိစေရရန် ထိန်းသိမ်းလျက် ကျော်ဇေယျအား ပြန်လည်ပြောကြားလိုက်သည်။

"မကြားခဲ့ရဘူး ဆရာ၊ ကျွန်တော်လဲ ရွာထဲကို မရောက်တာကြာခဲ့ပြီလေ ဆရာ၊ လောက်မေ မရှိတော့ အလုပ်ကို ကျွန်တော်ပဲ ဂရုစိုက်နေရလို့ပါ"

"ဟိုတစ်ပတ်ဈေးနေ့က လားရှိုးကြီးကို သွားတဲ့လမ်းမှာ လောက်မေရန်ဖြစ်သေးတယ်ဆို"

"ဟုတ်...ဟုတ်ပါတယ်ဆရာ"

"ဘာကြောင့် ဖြစ်တာလဲ..."

"အလကားပါ ဆရာ မန်နားက လူရှုပ်ကလေးတွေ အရက်မူးလာကြပြီး လောက်မေကို မထိတထိသွားစကြတယ်၊ ဒီတော့ လောက်မေကလဲ စိတ်က ခတ်ဆတ်ဆတ်ရယ်ဆိုတော့ ရန်ဖြစ်တဲ့အထိ ရောက်သွားခဲ့ရတယ်။ ကျွန်တော်ရောက်သွားမှ လောက်မေကို မနည်းဖျောင်းဖျပြီး ခေါ်လာခဲ့ရတယ်။

အင်း...မန်နားက ကောင်တွေကလဲ ခပ်ထောင်ထောင်ရယ်ပါ ဆရာ"

ကျော်ဇေယျက အိုက်ပေါက် ပြောသမျှ စကားတို့ကို တစ်လုံးမကျန် မှတ်သားနားထောင်ခဲ့သည်။အိုက်ပေါက်က စကားကိုရပ်ထားပြီး ပန်းကန်လုံးအတွင်းသို့ ရေနွေးများငှဲ့ထည့်ပေးသည်။

ထိုပန်းကန်အတွင်း၌ ရေနွေးများ ပြည့်သွားသောအခါ ကျော်ဇေယျက ပန်းကန်လုံးအားဆွဲယူရင်း ပြောလိုက်သည်။

"ဆက်ပြီး ပြောပါဦးအိုက်ပေါက်ရ လောက်မေက ဘာတွေကို ပြောခဲ့သေးသလဲ လုပ်စမ်းပါဦး"

"ဘာမှ မပြောခဲ့ပါဘူး ဆရာ"

"ဟုတ်ရဲ့လား အိုက်ပေါက်ရ"

"ဟုတ်ပါတယ် ဆရာ"

"စိတ်ဆတ်တဲ့ လောက်မေက မပြောဘူးလား။ မင်းတို့ မန်းနားက ကောင်တွေ လူပါးမဝကြနဲ့၊ အားလုံး သတိထားနေကြ၊ အကုန်လုံးကို သတ်ပစ်မယ်လို့လေ"

"ဟုတ်ကဲ့ အဲဒါကိုတော့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ရောက်သွားမှ မန်နားက ကောင်တွေ ကြောက်သွားအောင်ဖြဲခြောက်ခဲ့တာပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

စကားပြောရင်း အိုက်ပေါက် တဟဲဟဲ ရယ်နေသည်။

ထို့ကြောင့် ကျော်ဇေယျက မေးသည်။

"မင်းက ဘာဖြစ်လို့ ရယ်နေတာလဲ အိုက်ပေါက်"

"အဲဒီတုန်းက ပြောခဲ့တဲ့ လောက်မေရဲ့ စကားတွေက ရယ်စရာကောင်းနေလို့ပါ ဆရာ"

ကျော်ဇေယျက အိုက်ပေါက်ကို ကြည့်နေသည်။ ထို့နောက်ကျော်ဇေယျက အိုက်ပေါက်အား နှုတ်ဆက်လိုက်သည်။

"ကဲ အိုက်ပေါက်ရေ စကားတွေ ပြောလို့ကတော့ကောင်းပါရဲ့ နေအတော်စောင်းသွားပြီ၊ ပြန်တော့မယ်ကွာ"

"ဟုတ်ကဲ့ ကောင်းပါပြီဆရာ"

အိုက်ပေါက်က ကျော်ဇေယျအား လယ်စပ်အထိရောက်အောင် လိုက်ပို့သည်၊ လယ်၏ အစပ်သို့ရောက်သည့်အခါ ကျော်ဇေယျက အိုက်ပေါက်အား ထပ်မံနှုတ်ဆက်လိုက်သည်။

"သွားမယ်နော် အိုက်ပေါက်"

"ကောင်းပါပြီ ဆရာ"

ကျော်ဇေယျက အိုက်ပေါက်၏ ရှေ့မှ ထွက်ခွာသွားသည်၊ အိုက်ပေါက်က ကျော်ဇေယျအား ထိုနေရာတွင် ရပ်တန့်လျက် စောင့်ကြည့်နေပေလိမ့်မည်။ လမ်းတစ်လျှောက်လုံးတွင် အတွေးမျှင်များစွာတို့က ကျော်ဇေယျအား ပင့်ကူအိမ်သဖွယ် ရစ်ပတ်နှောင်ဖွဲ့နေခဲ့သည်။

"ကျုန်ရှောက်စိုင်းကို ဘယ်သူသတ်သလဲ···"

ရဲစခန်းသို့သာ ပြန်လည်ရောက်ရှိလာခဲ့သည်။ ကျော်ဇေယျ အတွက် အဖြေကိုမရခဲ့။

"ကျုန်ရှောက်စိုင်း သေတဲ့နေရာကို အရင်စုံစမ်းရမယ်"

ထိုသို့သော စိတ်ကူးဖြင့် ခေတ္တစခန်းမှူးဒုရဲအုပ်ဦးချင်းထံသို့ ဝင်ရောက်သတင်းပို့ခဲ့သည်။ ထို့နောက် အချိန်မလင့်ဘဲ လားရှိုးသို့ သွားခဲ့သည်။

လားရှိုးမြို့ရှိ အမှတ်(၁၂)ရပ်ကွက်၊ ရွှေပြည်အေးလမ်းမှ ဦးလှဘော်၏ နေအိမ်သို့ သွားရောက်ခဲ့သည်။

ထိုအိမ်တွင် သူတွေ့ချင်မြင်ချင်သူ ရှိနေပေလိမ့်မည်ဟု ထင်သောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ကျော်ဇေယျက ဦးလှဘော်၏ နေအိမ်အတွင်းသို့ မဝင်ရောက်မီ ရပ်ကွက်လူကြီးအချို့ကို စည်းရုံးခေါ်ဆောင်သွားခဲ့သည်။

ဦးလှဘော်၏ နေအိမ်သို့ရောက်သည့်အခါ ကျော်ဇေယျက ရပ်ကွက်လူကြီးများနှင့်အတူ အိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ကြသည်။ ပေါ်တွေ့ပြီ။

အိုက်မက်ဟုခေါ်သော လောက်မေမဟုတ်ပါ။ ဦးလှဘော်၏တူ တော်စပ်သော သို့မဟုတ်အိုက်မတ်ခေါ် လောက်မေ၏ လယ်တွင် သူရင်းငှားလုပ်နေသူ အိုက်ပေါက်ဟု ခေါ်သော အိုက်ထွန်း။ အိုက်ပေါက်ဟာ ကျော်ဇေယျ အား တွေ့မြင်လိုက်ရသည့်အခါ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားပြီး ထွက်ပြေးတော့မည် ဟန်ပြင်သည်။ ထိုအခါ နယ်ထိန်း တပ်ဖွဲ့ဝင် ဒုတပ်ကြပ်မောင်သော်က အိုက်ပေါက်၏ အနားသို့ လျှင်မြန်စွာ ပြေးထွက်သွားခဲ့ပြီး လှုပ်တစ်ပြက် တိုက် စစ်ဆင်တိုးကပ်သွားပြီး ချုပ်နှောင်ထား လိုက်သည်။ တပ်သားသန်းဌေးကလည်း အသင့်ပါလာခဲ့သော လက်ထိပ်ဖြင့် အိုက်ပေါက်၏ လက်တွင်ခတ်လိုက် သည်။ထိုလုပ်ရပ်များကိုအိမ်ရှင်ဖြစ်သော ဦးလှဘော်အဲ့ မှင်တတ်မိသည့် ဟန်ဖြင့် ကြည့်နေသည်။ထို့ကြောင့် ကျော်ဇေယျ က ဦးလှဘော်အား မေးလိုက်သည်။

"ကဲ · · ·ဦးလှဘော် ဦးကြီးရဲ့ သားမတ် လောက်မေ ဘယ်မှာရှိနေပါ သလဲ"

ဦးလှဘော်က ကျော်ဇေယျအမေး ကို မဖြေ အိုက်ပေါက်ကို ကြည့်နေ သည်။ အိုက်ပေါက်ဟုခေါ်သော အိုက် ထွန်းမှာ ရဲတပ်ဖွဲ့ဝင်များအလယ်တွင် ဦးခေါင်းကို ငိုက်စိုက်ချထားသည်။ သူ၏ အနေအထားက အရာရာကိုအားလျှော့ ချထားသည့်ဟန် ပေးနေသည်။ ဦးလှ ဘော်က အိုက်ပေါက်ကို ကြည့်နေရာမှ ကျော်ဇေယျ ဘက်သို့ ကြည့်လိုက် သည်။ ထို့နောက် စကားကို ဖြည်းဖြည်း စွာ ပြောသည်။

"လောက်မေဆိုတဲ့ကောင် ဒီကို မနေ့က ရောက်လာခဲ့တယ်၊ ပြီးတော့ အရေးကြီးတဲ့ကိစ္စရှိတယ်လို့ ပြောပြီး သမီးကိုခေါ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ကို သွားမယ်လို့ ပြောသွားသေးလဲ"

"အင်း သူ့ရွာကို သွားမယ်လို့တော့ ပြောသွားတယ်"

"တခြားရော ဘာတွေများ ပြောသွားခဲ့ပါသေးသလဲ"

"ဘာမှ မပြောခဲ့ပါဘူး။ သူ့ ရန်ဖြစ်လာတယ်၊ လူသတ်လာတယ်လို့တော့ မထင်မိခဲ့ဘူး။ အရက်ကတော့ မူးနေတယ်"

ဦးလုဘော်ထံမှ ထိုမျှသာသိခဲ့ရသည်။ ထို့ကြောင့် ကျော်ဝေယျနှင့်အဖွဲ့က အိုက်ပေါက်ကိုခေါ်၍ ရဲစခန်းသို့ ပြန်လာခဲ့ကြသည်။ ရဲစခန်းသို့ ပြန်လည်ရောက်ရှိသည့်အခါ အိုက်ပေါက်အား ခေတ္တစခန်းမှူးဖြစ်သူ ဒုရဲအုပ်ဦးချင်းနှင့် ဒုရဲအုပ် ဦးချစ်ကိုကိုတို့ထံကို အပ်နှံလိုက်သည်။

ထိုအခါ ရဲအရာရှိနှစ်ဦးတို့က အိုက် ပေါက်အား ဓား၊ လှံ တည်းဟူသော လက်နက်များကဲ့သို့ ထက်မြက်သော မေးခွန်းများအား တိုက်စစ်ဆင်မေးမြန်းခဲ့ကြသည်။ စစ်ကြောမှုက အချိန် အတန်ကြာသွားခဲ့သည်။

ဒုရဲအုပ်တင်သိန်း။ရဲစခန်းအတွင်းသို့ ဝင်ရောက်လာသည်။ ထို့ကြောင့် ခေတ္တစခန်းမှူးဦးချင်းကပြောလိုက်သည်။

"ကဲ ဦးတင်သိန်းရေ မောတယ်ပန်းတယ်လို့တော့ သဘောမထားပါနဲ့ဗျာ၊ ခေးခမ်းရွာကိုသွားပြီး လောက်မေကို ရှာပေးပါဦး"

ဒုရဲအုပ် တင်သိန်းက တာဝန်ကို မငြင်း။

"ဟုတ်ကဲ့ပါ ဆရာ..."

"သူ့အဖေ ဦးဟိုက်ကော်ရဲ့ အိမ်မှာပဲ ရှိနေလိမ့်မယ်ထင်တယ်၊ ကျော်ဝေယျကို ခေါ်သွားလေ၊ ပြီးတော့ နယ်ထိန်းအဖွဲ့က အသင့်ရှိနေတဲ့ သူကိုလဲ ခေါ်သွား...."

"ဟုတ်ကဲ့ပါ ဆရာ"

သို့ဖြင့် ကျော်ဝေယျက ခေခမ်းရွာသို့ ရောက်လာခဲ့ပြန်သည်။ ခေးခမ်းရွာသို့ရောက်သည့်အခါ ကျေးရွာလူကြီးတစ်ဦး၏ အကူအညီဖြင့် ဦးဟိုက်ကော်၏ အိမ်သို့ရောက်ရှိသွားခဲ့ကြသည်။

ကျော်ဝေယျက တပ်သားသန်းဌေးအား ဦးဟိုက်ကော်၏ ခြံဝင်းပေါက်တွင် နေရစ်စေခဲ့သည်။ နယ်ထိန်းဒုတပ်ကြပ်မောင်သောနှင့် စိန်သန်းတို့ နှစ်ယောက်ကမူ ဦးဟိုက်ကော်၏ ခြံကို ဝဲ/ယာ နှစ်ဘက်တို့မှ စောင့်ကြည့်နေခဲ့ကြသည်၊

ကျော်ဝေယျ...

နယ်ထိန်းတပ်ကြပ် ကျော်ဝေယျ

နမ်းရှုးချောင်းဘေးတွင် ငါးများရင်းသတင်းယူခဲ့ရာမှ ရေတွင်မျောပါလာခဲ့သော လူသေလောင်းအား စတင်တွေ့မြင်ခဲ့ရသူ ကျော်ဝေယျ...

ဦးဟိုက်ကော်၏ ခြံအနောက်ဘက်ရှိ ငှက်ပျောပင်အုပ်စုအတွင်း၌ နေရာယူထားပြီး စောင့်ကြည့်နေခဲ့သည်၊

ဒုရဲအုပ်တင်သိန်းနှင့် ခေးခမ်းကျေးရွာလူကြီးများက ဦးဟိုက်ကော်၏ ခြံဝင်းအတွင်းသို့ ဝင်ရောက်သွားခဲ့ကြသည်။

ခြံဝင်းအတွင်းသို့ ဝင်ရောက်လာခဲ့ကြသော ဒုရဲအုပ်တင်သိန်းနှင့်အဖွဲ့ကို မီးဖိုချောင်တွင် ထမင်းစားနေသော လောက်မေက မြင်တွေ့နေရသည်။

ထိုသူများ ဝင်ရောက်လာခဲ့ကြသည်မှာ မိမိအတွက် အခြေအနေကောင်းမည်မဟုတ်ကြောင်းလောက်မေ သဘောပေါက်သွားခဲ့သည်။

ထို့ကြောင့် လောက်မေက ထမင်းစားနေရာမှ လက်ကိုပင် ဆေးကြောခြင်းမပြုတော့ဘဲ အနီးတွင်တွေ့ရှိရသည့် အဝတ်ဖြင့် သုတ်လိုက်သည်။

ဒုရဲအုပ်တင်သိန်းနှင့် အဖွဲ့တို့ အိမ်ရှေ့လှေကားမှ စတင်၍ အိမ်ပေါ်သို့တက်ရောက်လာသည့်ခါ လောက်မေက နောက်ဖေးမီးဖိုချောင် ရေစင်မှ အောက်သို့ ခုန်ချပြီးသား ဖြစ်သွားသည်။

ထို့နောက် အချိန်ဆွဲမနေတော့ဘဲ အိမ်နောက်ဖေး ခြံစပ်တွင်ရှိနေသည့် ငှက်ပျောပင်အုပ်စုအတွင်းသို့ ပြေးလွှားဝင်ရောက်သွားခဲ့သည်။

လောက်မေ၏ လက်တွင်း၌ ကိုင်းခုတ်ရာတွင် အသုံးပြုသည့် ဓားတစ်လက်ပါလာသည်။ သူ ဆွဲမိဆွဲရာ ပါလာခြင်းဖြစ်သည်။ လောက်မေက ငှက်ပျောပင်အုပ်စုအတွင်းသို့ရောက်သွားသည့်အခါ ကျော်ဝေယျ နှင့် ပက်ပင်းတိုးသွားခဲ့သည်။ ထိုအခါ လောက်မေထံမှ အသံများ ထွက်ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ဆရာ ကျော်ဝေယျ"

"အေး ဟုတ်တယ် မင်း ပြေးဖို့ ကြိုးစားမနေနဲ့တော့ လောက်မေ မင်းကို ငါတို့ရဲ့တပ်ဖွဲ့ဝင်တွေ ဝိုင်းထားပြီးပြီ"

ကျော်ဝေယျ၏ စကားကိုကြား လိုက်ရသည့် လောက်မေက ပြေးလွှားရာမှ ရပ်သါးသည်။ သို့ရာတွင် လက်တွင်း၌ကိုင်ထားသော ဓားကိုမူကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။ သူ့ပုံကထင်ရာစိုင်းကာ မထူးဇာတ်ကို ခင်းတော့မည့်နယ်၊ ထို့ကြောင့် ကျော်ဝေယျက လောက်မေအား၊ ဖျောင်းဖျသည်။

"အေးအေး ဆေးဆေး အဖမ်းခံလိုက်ပါ လောက်မေရာ၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး"

"စကားတွေကို အပိုပြောမနေနဲ့ ခင်ဗျားရှေ့ကဖယ်"

"မင်း ဘာလုပ်မလို့လဲ လောက်မေ၊ ကြိုးစားမနေပါနဲ့တော့ကွာ"

"ခင်ဗျားကို ရှေ့ကဖယ်လို့ ပြောနေတယ်နော်..."

ကျော်ဝေယျက လောက်မေကို မည်သို့မျှ ပြန်လည် ပြောကြားခြင်းမရှိဘဲ၊ လောက်မေ၏ လှုပ်ရှားမှုကို စူးစိုက်ကြည့်နေသည်။

ထိုအခါ လောက်မေက ကိုင်းခုတ်ဓါးကို လက်နှစ်ဖက်ဖြင့် စုံကိုင်လိုက်ပြီး ဦးခေါင်းပေါ်သို့ ပင့်တင်မြှောက်ယူလိုက်သည်။ ထို့နောက် ကျော်ဝေယျထံသို့ ပြေးလွှားဝင်ရောက်လာပြီး ဓားဖြင့် ခုတ်ချလိုက်သည်။

"ဦး...."

ကျော်ဝေယျက ဓားလာရာ လမ်းကြောင်းမှ လွတ်သည်ဆိုရုံကလေးမျှ သာရှောင်ပေးလိုက်သည်။ ကျော်ဝေယျ၏ နားရွက်အနီးမှ ဖြတ်သွားခဲ့သည့် ဓားက အားပါသဖြင့် လေထုအတွင်း အသံမြည်၍ ဖြတ်သန်းသွားသည်။

လောက်မေ ခုတ်လိုက်သည့်ဓားက ကျော်ဝေယျအား မထိ၊ တစ်ကြိမ်လွဲသွားခဲ့ပြီ။

ထို့ကြောင့် လောက်မေက နောက်တစ်ချက်ထပ်၍ ခုတ်ရန်ပြင်သည်။ ထို့နောက် လောက်မေက ကျော်ဝေယျအား နောက်တစ်ကြိမ် ဓားဖြင့်ခုတ်ပြန်သည်။ ကျော်ဝေယျက ဘယ်ခြေကို ညာဘက်ဘေးသို့ ၁၈၀ ဒီဂရီ မျဉ်းဖြောင့်ဖြစ်အောင် လှမ်း၍ ရှောင်လိုက်သည်။ ထိုအခါ လောက်မေ၏ ဓားချက်က လွဲသွားခဲ့ပြန်သည်။ လောက်မေခုတ်လိုက်သည့် ဓားချက်နှစ်ခုလုံးလွဲနေ၍ ဒေါသထွက်လာသည်။

သို့ရာတွင် လောက်မေက လွဲသွားခဲ့သော ဓားကို လျှင်မြန်စွာပြန်သိမ်းလျက် နောက်သို့ လှုပ်တစ်ပြက်လှည့်ကာ ပြန်ထွက်သွားသည်။ သည်အကွက်ကို ကျော်ဝေယျက မြင်လိုက်သည်။ ထို့ကြောင့် ကျော်ဝေယျက လှွားခန့်ခန့်ဝင်ကာ လောက်မေနှင့် လူချင်းပူးအောင် ကပ်လိုက်သည်။

ကျော်ဝေယျက ဓားကိုင်ထားသည့် လောက်မေ၏ လက်ကို ညာလက်ဖြင့် မိမိရရဆုပ်ကိုင်လျှက် ဘယ်လက်ဖြင့် လောက်မေ၏ တံတောင်ဆစ်ကို အုပ်ပြီး ခန္ဓာကိုယ်အား တစ်ပတ်လည်အောင် လှည့်လိုက်သည်။ ထိုအခါ အသံတစ်ခုက တိုးတိတ်ညင်သာစွာ ထွက်ပေါ်လာသည်။

"ဖျောက်"

ထိုအသံနှင့်အတူ လောက်မေထံမှ ညည်းညူသံပါ ထွက်ပေါ်လာခဲ့သည်။

"အား..."

လောက်မေ၏ လက်တွင် ကိုင်ထားသော ကိုင်းခုတ်ဓားက မြေပြင်ပေါ်သို့ ကျသွားသည်။ လောက်မေက ညာလက်တံတောင်ဆစ်အား ဘယ်လက်ဖြင့်ဆုပ်ကိုင်လဆက် မျက်နှာက ရှုံ့မဲ့ပြီး မြေပြင်ပေါ်သို့ ထိုင်ကျသွားသည်။ ထိုအချိန်တွင် တပ်ဖွဲ့ဝင်များအားလုံးက သူတို့နှင့်ယောက်အနီးသို့ စုရုံးရောက်ရှိလာခဲ့ကြသည်။

ရဲတပ်သား သန်းဌေးက လောက်မေအား လက်ထိတ်ခပ်လိုက်သည်။ ထို့နောက် လောက်မေအားခေါ်၍ ခမ်းခေးရွာ ထွက်ခွာလာခဲ့ကြသည်။

ခမ်းခေးကျေးရွာတွင်မူ...

လောက်မေ၏ ဇနီး၊ သားသမီးနှင့် ဆွေမျိုးများ၏ အော်ဟစ်ငိုယိုသံများဖြင့် ဝေစည်စွာ ကျန်ရစ်ခဲ့သည်။

ကျော်ဝေယျက လောက်မေကို ခေါ်၍ ရဲစခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ရဲစခန်းအတွင်းသို့ ရောက်သည့်အခါ ဒိုက်ပေါက်ကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

သော လောက်မေက တွဲတွေးကို အသံပြည်အောင် ထွေးလိုက်သည်။

"ထွီ. . ."

ထို့နောက် လောက်မေက သူတို့ဘာသာစကားဖြင့် ညစ်ညမ်းစွာရေရွတ်လိုက်သည်။

"ခွေးမသား၊ သစ္စာဖောက်၊ အမျိုးယုတ် အိုက်ပေါက်"

လောက်မေ၏စကားကြောင့် အနီးတွင်ရှိနေကြသော တပ်ဖွဲ့ဝင်များက ပြုံးလိုက်ကြသည်။ သူတို့က စစ်ဆေးရန်မခေါ်မီကပင်ဖော်နေကြပြီ။ ကျော်ဇေယျက လောက်မေအား စခန်းမှူး ဦးချင်း၏လက်သို့ အပ်လိုက်သည်။ စခန်းမှူး ဦးချင်းက ဗရဲအုပ်ချစ်ကိုကိုနှင့် လောက်မေတို့အား စစ်ကြောရေး အခန်းအတွင်းသို့ခေါ်သွားသည်၊ အခန်းအတွင်းသို့ ရောက်သည့်အခါ လောက်မေက ဦးချင်းကို ကြည့်သည် လောက်မေ၏ သဏ္ဌာန်က အာစရှင်ရှင်နှင့် ပြောပြနေချင်ပုံတွေ့ရသည်၊ ထို့ကြောင့် ဦးချင်းက ပြောသည်။

"ကဲ လောက်မေ မင်းမှာပြောစရာစကားတွေ အများကြီးရှိနေတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဆရာ"

"ရှိရင် ပြော. . ."

"မန်နားက အကောင်ကိုသတ်တာကျုပ်မဟုတ်ဘူး ဆရာ"

လောက်မေ၏ စကားကို ကြားလိုက်ရသောအခါ ဦးချင်း၏ မျက်လုံးအစုံတို့က အပေါ်သို့ မြင့်တက်သွားခဲ့သည်။ ထို့နောက် ဦးချင်းထံမှ စကားသံများ ထွက်ပေါ်လာသည်။

"ဟေ. . .ဘာပြောလိုက်တာလဲ လောက်မေ"

"မန်နားက ကောင်ကိုသတ်တာ ကျုပ်မဟုတ်ဘူးလို့ ပြောတာ"

လောက်မေ၏ စကားဆုံးသည့်အခါ ဦးချင်းက ပြုံးသည်။ ထို့နောက် လောက်မေကို မေးလိုက်သည်။

"ဘယ်သူ့ကို ပြောတာလဲ"

"ကျန်ရှောက်စိုင်းကိုပါ"

"ဩော် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"မန်နားက ကျန်ရှောက်စိုင်းကို မင်းသတ်ပါတယ်လို့ ဘယ်သူက စွပ်စွဲသေးလို့လဲကွ၊ လောက်မေရ"

"ဟို ခွေးကောင်က ကျုပ်သတ်တာလို့ ပြောပြပြီး မဟုတ်လား"

လောက်မေက အိုက်ပေါက်ကို လက်ညှိုးဖြင့် ထိုးပြရင်း ပြောသည်။ ထို့နောက် လောက်မေက အိုက်ပေါက်အား မျက်စောင်းထိုး၍ ကြည့်သည်။ အိုက်ပေါက်က ခေါင်းငုံ့ထားရာမှ မော့၍ကြည့်သည်။

ထိုအကြည့်က လောက်မေကို ဘဝင်မကျသည့် အသွင်ပေါ်နေသည်။ ထို့ကြောင့် ဦးချင်းက သန်းဌေး ကို ပြောလိုက်သည်။

"ဟေ့ မောင်သန်းဌေး. . ."

"ဗျာ ဆရာ"

"အိုက်ပေါက်ကို အချုပ်ခန်းထဲမှာ ထည့်ထားလိုက်စမ်းကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

စကားဆုံးသည်နှင့် သန်းဌေးက အိုက်ပေါက်အား အခန်းတွင်းမှ ခေါ်ထုတ်သွားခဲ့သည်။ စခန်းမှူး ဦးချင်းက လောက်မေအား ကြည့်နေသည်။

သို့ရာတွင် လောက်မေ၏ မျက်လုံးများ လှုပ်ရှားနေကြသည်။ ခဏကြာသည့်အခါ ဦးချင်းက ပြောသည်။

"ဒီမှာ လောက်မေ"

"ဗျာ"

"သူက ပြောတယ်ပဲ ထားပါဦး။ မင်းက ဘာဖြစ်လို့ ငြင်းတာလဲ"

"ကျုပ်မှ မသတ်ဘဲ၊ သူ့ဘာသာ သူပြောတာ. . ."

လောက်မေ၏ စကားဆုံးသွားသည့်အခါ ဦးချင်းက ရယ်သည်။ ဦးချင်းက ရယ်ရင်း လောက်မေကို ကြည့်သည်။

ထိုအခါ လောက်မေက မနေတက် မထိုင်တက် ဖြစ်သွားသည်။ ထို့နောက် ဦးချင်းက မေးသည်။

"ကျန်ရှောက်စိုင်းကို မင်းသတ်ပါတယ်လို့ ငါတို့က မစွပ်စွဲသေးဘူး။ ပြီးတော့ အိုက်ပေါက်လဲ မင်းသတ်တာပါလို့ ငါတို့က မစွပ်စွဲသေးဘူး။ ပြီးတော့ အိုက်ပေါက်လဲ မင်းသတ်တာပါလို့ မပြောသေးဘူး"

စခန်းမှူး ဦးချင်းက စကားကို ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"အခု မင်းက ခါးခါးသီးသီးငြင်းနေတယ်၊ ဘာကြောင့် ငြင်းနေတာလဲ ပြီးတော့ မင်းကို ဘယ်သူက စွပ်စွဲနေလို့လဲ"

ထိုအခါ လောက်မေက မျက်နှာကို မချိုမချဉ်လုပ်လျက်ပြောသည်။

"သိဘူးလေ၊ ကျန်ရောက်စိုင်းကို ကျုပ်မသတ်ကြောင်း ဆရာတို့ သိအောင် ပြောတာ…"

ထိုအခါ စခန်းမှူး ဦးချင်းက လောက်မေကို စူးစိုက်ကြည့်နေသည်။ မျက်နှာအမူအယာမှာလည်း တင်းမာ၍ ခက်ထန်နေသည်။ ထို့နောက် စခန်းမှူး ဦးချင်းကပြောသည်။

"ဒီမှာ လောက်မေ ပရမ်းပတာတွေကို လျှောက်ပြောမနေနဲ့ ငါမေးတာကိုဖြေ… "

လောက်မေက ငြိမ်သွားသည်။ စခန်းမှူးဦးချင်းကို စိုက်ကြည့်နေသည်။ သူ့ဟန်က စခန်းမှူး ဦးချင်းမှ ပြောလာမည့်စကားများကို နားစွင့်နေပုံရသည်။ လောက်မေ ငြိမ်သက်နေသည့်အခါ ဦးချင်းက ပြောသည်။

"အရင်အပတ် ဈေးနေ့က မန်နားရွာသား လူငယ်သုံးယောက်နဲ့မင်း စကားများပြီး ရန်ဖြစ်ခဲ့ကြတယ်ဆိုတာ ဟုတ်သလား…"

"ဟုတ်ပါတယ်ဆရာ၊ ဒီကောင်တွေက ကျုပ်ကိုစလို့ ကျုပ်လဲမခံချင်တဲ့စိတ်ပေါ်လာပြီး ပြန်ပြောခဲ့ရာက စပြီးဖြစ်ခဲ့ကြတာပါ"

"မင်းက သူတို့ကို ဘာပြောလိုက်သလဲ"

လောက်မေက ဦးချင်း၏ မေးခွန်းကို ရုတ်တရက် အဖြေရခက်နေပုံရသည်။ အတန်ကြာသည်အထိ အဖြေကို မပေး။ ထို့ကြောင့် ဦးချင်းက အသံမာမာဖြင့် ပြောလိုက်သည်။

"ဟေ့ကောင် …မေးနေတာကို မကြားဘူးလား…"

ထိုအခါ လောက်မေက အထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ပြောသည်။

"ကြား…ကြားပါတယ်ဆရာ"

"ကြားရင် ပြောလေကွာ"

"လောက်မေက မပြောသေး။ စခန်းမှူး ဦးချင်း။ ဒုရဲအုပ်ချစ်ကိုကိုနှင့် ကျော်ဇေယျတို့အား တစ်လှည့်စီကြည့်နေသည်။ လောက်မေအား ကျော်ဇေယျက မည်သည့်စကားကိုမျှမပြောလောက်မေကိုသာ စိုက်ကြည့်နေသည်။

သူ့အကြည့်က…

"မင်းလုပ်ခဲ့တာတွေ အကုန်လုံး ငါသိတယ်လောက်မေ"

ဟူသော အဓိပ္ပါယ်ပါနေသည်။ ထို့နောက် ကျော်ဇေယျက လက်တွင်း၌ကိုင်ထားသော(HARRA)တံဆိပ်ပါ ဂျင်းအကျႌတွင် တပ်ဆင်လေ့ရှိသည့် ကြယ်သီးကို လောက်မေအား ပြလိုက်သည်။

ထိုအခါ လောက်မေက သူဝတ်ဆင်ထားသည့်ဂျင်းအကျႌကို ရုတ်တရက် ငုံ၍ ကြည့်လိုက်သည်။ လောက်မေ ဝတ်ဆင်ထားသည့် အကျႌတွင် ကြယ်သီး တစ်လုံးမရှိ ပြုတ်ထွက်နေကြောင်း တွေ့လိုက်ရသည်။

ထို့ကြောင့် လောက်မေ မျက်နှာ အပေါ်သို့ ပြန်၍မော့လာသောအခါ အမူအယာပျက်နေကြောင်း တွေ့လိုက်သည်။ ထိုအခါ ကျော်ဇေယျက…

"ဘယ်လိုလဲ…"

ဟူသော အဓိပ္ပါယ်ဖြင့် ပြုံး၍ကြည့်နေသည်။ လောက်မေက စခန်းမှူး ဦးချင်းကို ကြည့်၍ ပြောလိုက်သည်။

"ကျုပ် ဝန်ခံပါတယ် စခန်းမှူးကြီးရယ်"

ဦးချင်းက… လောက်မေအား ဦးခေါင်းတစ်ချက်ညိတ်၍ ပြလိုက်သည်။ ပြီးမှ ဆက်၍ ပြောသည်။

"ဈေးနေ့က မန်နားက ကောင်တွေနဲ့ကျုပ် ရန်ဖြစ်ခဲ့ကြတယ်၊ သူတို့က သုံးယောက်၊ ကျုပ်က တစ်ယောက်ထဲ"

"ဒီတော့…"

"ကျုပ် အထိနာခဲ့တယ်။ ဒါတောင် ကျုပ်က ကိုယ်ခံပညာတတ်ထားလို့ မို့ဆိုရင် မလွယ်ဘူး။ နောက်တော့ အိုက်ပေါက်ရောက်လာတယ်၊ ဒီတော့မှ မန်နားက ကောင်တွေ တန့်သွားပြီး နောက်ကြောင်းကို ပြန်သွားခဲ့ကြတယ်"

"ဒါကြောင့် မင်းက မကျေမနပ်ဖြစ်ခဲ့တာကိုး…"

"ဟုတ်ပါတယ်၊ ကျုပ်ခံခဲ့ရတာကို မကျေနပ်ခဲ့ဘူး။ ဒါကြောင့် ကျုပ်က စိတ်တိုတိုနဲ့ မင်းတို့ မန်နားက ကောင်



www.burmeseclassic.com

www.burmeseclassic.com

တွေ သတိထားနေကြ၊ အားလုံးကို သတ်ပစ်မယ်လို့ စိတ်လိုက်မာန်ပါ ကြိမ်းမိခဲ့ပါတယ်ဆရာ"

"အေး ဆက်ပြော. . ."

"ဖြစ်ချင်တော့ တစ်နေ့(ဂ)ရက်နေ့ ဟုတ်တယ်ဆရာ၊ ဩဂုတ်လ(ဂ)ရက်နေ့(၁၀)နာရီလောက်မှာကျုပ်တို့ ထမင်းစားနေခဲ့ကြတယ်။ အဲ ထမင်းမစားခင် လားရှိုးကြီးက ထွက်တဲ့ ဆတ်ချိုနံ (၂) လုံးကို ကုန်အောင်သောက်ခဲ့ကြတယ်"

"ဒီမှာ လောက်မေ မင်းပြောတဲ့ စကားထဲမှာ ကျုပ်တို့ ဆိုတာပါနေတယ်၊ အဲဒါ မင်းနဲ့အတူ ဘယ်သူတွေပါနေသလဲ"

ထိုမေးခွန်းကို ဒုရဲအုပ်ချစ်ကိုကိုက မေးလိုက်ခြင်းဖြစ်သည်။ လောက်မေက ဒုရဲအုပ်ချစ်ကိုကို အားကြည့်လိုက်သည်။ ထို့နောက် လောက်မေက ဖြည်းညှင်းစွာ ပြောသည်။

"ကျုပ်လယ်သူရင်းငှား ဟိုကောင် အိုက်ပေါက်ရယ်၊ စိုင်းအိုက်ရယ်၊ အဲ. . .စိုင်းအိုကဆိုတဲ့ကောင်ကို ကံငင်းလို့လဲ ခေါ်တယ်၊ ပြီးတော့ ကျုပ်တို့ လယ်ဘေးနားက လယ်ကိုလုပ်နေတဲ့ ကိုစံမှူးရယ်၊ အားလုံးပေါင်းလေးယောက်ထဲပါ"

လောက်မေ၏ စကားဆုံးသွားသောအခါ ကျော်ဝေယျက မေးသည်။

"စံမှူးဆိုတာက ဆန်ကန်ကိုပြောတာလား။ ၁၂-ရပ်ကွက်၊ ကာကွယ်ရေးလမ်းမှာ နေတာလေ. . ."

"ဟုတ်ပါတယ် ဆရာကျော်ဝေယျ"

လောက်မေက ကျော်ဝေယျအား မရဲတရဲကြည့်ရင်း ဖြေလိုက်သည်။

ထို့နောက် လောက်မေထံမှ စကားသံများတိတ်ဆိတ်သွားသည်။ ထို့ကြောင့် စခန်းမှူး ဦးချင်းက ပြောသည်။

"ဟေ့ကောင် လောက်မေ . . . ဆက်ပြောဦးလေကွာ"

"ဟုတ်ကဲ့ ပြောပါ့မယ် ဆရာ၊ ကျုပ်တို့ အရက်သောက်ပြီးတော့. . ."

လောက်မေက စကားများကို ခရားမှသွန်လောင်ချဘိသကဲ့သို့ အစဉ်ဆက်မပြတ် ပြောတော့သည်။

စခန်းမှူး ဦးချင်း၊ ဒုရဲအုပ်ချစ်ကိုကို၊ ကျော်ဝေယျနှင့် စစ်ကြောရေး အခန်းတွင်း၌ ရှိနေကြသော တပ်ဖွဲ့ဝင်များက စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။

အရက်ဝိုင်းက စည်ကားနေသည်။ အချိန်ကာလကြာခဲ့သည်နှင့်အမူးအရှိန်လည်း ရလာခဲ့ကြသည်။ ထိုအခါ စိုင်းအိုက်က ပြောသည်။

"သောက်လို့ကောင်းတယ် . . . ဒါပေမယ့် မူးလာပြီကွာ"

ထိုစကားကြောင့် လောက်မေက စိုင်းအိုက် ကို ပြောလိုက်သည်။

"ဒါကြောင့် မူးမှာစိုးရင် နည်းနည်းပဲသောက်ဖို့ မင်းကို အစကပြောခဲ့တယ် မဟုတ်လား"

ထိုအခါ စိုင်းအိုက်က ပြန်ပြောသည်။

"ကိုစံမှူးက အတင်းတိုက်တာကိုးဗျ"

တစ်ချိန်လုံး ငြိမ်သက်စွာထိုင်ရင်း အရက်ကို ဇိမ်နှင့် သောက်နေသော စံမှူးက ပြောသည်။

"သောက်နိုင်ရင် သောက်ပေါ့ မောင်ရာ. . . ငါ့လက်ထဲမှာ သုံးလုံးရှိသေးတယ်၊ ဒါတွေကုန်သွားရင် သွားယူပေးမယ်၊ အေး အရက်ကို နင်းကန်သောက်ပြီးမှ လယ်ထဲကို မဆင်းနိုင်ရင်တော့ ငါ့ကို မပြစ်မပြောနဲ့ပေါ့ကွာ"

စံမှူးက စကားဆုံးသည့်အခါ အရက်ခွက်ကို မော့၍သောက်လိုက်သည်။ ထို့နောက် နှုတ်ခမ်းတွင် ပေကျံနေသော အရက်ကို လက်ဖြင့်ပွတ်သပ်လိုက်သည်။

အိုက်ပေါက်က လောက်မေအား ကြည့်ရင်း ပြောလိုက်သည်။

"မမူးစေချင်ရင် အစကထဲက မတိုက်နဲ့ပေါ့ကွာ၊ အခု ဘာဖြစ်လို့ တိုက်တာလဲ"

လောက်မေက အိုက်ပေါက်ကို ကြည့်နေသည်။ ထိုအခါ အိုက်ပေါက်က စကားကိုဆက်၍ ပြောသည်။

"အရက်ဆိုတာက သောက်ရင် မူးမှာပဲ၊ အဲ နည်းနည်း သောက်ရင် နည်းနည်းပဲမူးမယ်၊ များများသောက်ရင်တော့ များများမူးမှာပဲ၊ ဒီတော့ မထူးပါဘူးကွာ အေ့. . ."

အိုက်ပေါက်က စကားပြောရင်း လေတစ်ချက်တက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ လောက်မေက ပြောသည်။

"ရော့… အရက်တိုက်တဲ့လူကပဲ အပြစ်ဖြစ်နေရပြန်ပြီ၊ မင်းတို့ကောင် တွေဟာလေ မန်နားရွာအနားမှာလာပြီး အလုပ်လုပ်မှ မန်နားက ကောင်တွေရဲ့ အကျင့်ကို ရနေကြပြီ။ ဒီတော့ မင်းတို့ ကိုပါ သတ်ပစ်ဖို့ကောင်းနေပြီ…"

ထိုစကားကြောင့် စံမူးက လောက်မေကို မေးသည်။

"နေပါဦး လောက်မေ… မန်နားက ကောင်တွေကို မင်းဘာကြောင့် သတ်ချင်နေရတာလဲ"

ထိုအခါ လောက်မေက ဈေးနေ့တွင် မန်နားရွာသားများနှင့် ဖြစ်ခဲ့သော ရန်ပွဲအကြောင်းကို ပြောပြသည်။

စံမူးနှင့် စိုင်းအိုက်တို့က မူးမူးနှင့် နားထောင်နေကြသည်။ လောက်မေ၏ စကားဆုံးသွားသောအခါ စိုင်းအိုက်က အားလေးလျှာလေးဖြင့် ပြောသည်။

"ဟာ…ဒါသက်သက် လူပါးဝတာပဲ၊ ဟုတ်တယ်၊ ဒီကောင်တွေကို သတ်ကိုပစ်ရမယ်"

စိုင်းအိုက်၏ စကားတွင် လောက်မေကို မြှောက်ပေးသည့် စကားများ ပါဝင်နေသည်။

ထိုအခါ စံမူးက လူကြီးလူမိုက်ဝီဝီ စိန်ခေါ်လိုက်သည်။

"မင်းတို့က တကယ်ရော သတ်ရဲကြလို့လား"

"မယုံဘူးလား…"

"စမ်းကြည့်လေဗျာ"

"ယောက်ျားပါဗျ"

လောက်မေ၊ အိုက်ပေါက်နှင့် စိုင်းအိုက်တို့ သုံးယောက် အရက်မူးသည့် အရှိန်ဖြင့် တစ်ယောက်တစ် ပေါက်ထ၍ အော်ကြသည်။ ထိုအခါ စံမူးကပြောသည်။

"ကဲဒါဆိုရင် လမ်းကထွက်ပြီး စောင့်ကြမယ်၊ မန်နားကကောင်ဆိုရင် ဘယ်ကောင်ပဲလာလာ အကုန်သတ် ပစ်မယ်"

ထို့နောက် အရက်ဝိုင်းကို သိမ်းသည်။ ပြီးလျှင် လားရှိုးကြီးမှ ထွက်၍ မန်နားရွာဘက်သို့ ထွက်ခွာလာခဲ့ကြ သည်။ လေးယောက်လုံး လမ်းလုံးပြည့်မျှ သိုင်းကွက်များ နင်းလာကြသည်။

မန်နားရွာ အနားသို့ရောက်သော အခါ မန်နားရွာဆီသို့ လှမ်းမျှော်ကြည့် ကြသည်။ မန်နားရွာဘက်မှ ဝိန်ဝိန်လို လိုဖြစ်နေသော လူတစ်ယောက် ထွက် လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုသူက ကျဲကျဲတောက်ပူနေသည့် နေပူအောက်တွင် ယိမ်းယိုင်ချိနဲ့စွာဖြင့် လျှောက်လာနေသည်။

ထိုသူကား နေအိမ်မှ ငွေနှင့် စာတ်စာများကိုယူပြီး လားရှိုးကြီးဆေးရုံ သို့ ပြန်လာသည့် ကျန်ရောက်စိုင်း ပင်ဖြစ်သည်။

တဖြည်းဖြည်းနှင့် ကျန်ရောက်စိုင်း က လောက်မေတို့အနားသို့ ရောက်လာ ခဲ့သည်။

အနီးသို့ရောက်လာခဲ့သည့် ကျန် ရောက်စိုင်းအား လောက်မေတို့ လေး ယောက်က ဝိုင်းထားလိုက်ကြသည်။

ထို့နောက် ကံငင်း(ခေါ်)စိုင်းအိုက် က ကျန်ရောက်စိုင်း၏ လက်နှစ်ဖက် ကို ဆွဲယူဖမ်းချုပ်လိုက်ပြီး ကျွဲချည်သည့် ကြိုးဖြင့် ချည်နှောင်လိုက်သည်။

ကျန်ရောက်စိုင်းက ရုန်းသည်၊ မရ၊ အော်ဟစ်၍ အကူအညီတောင်းသည်။ သို့ရာတွင် မည်သူမျှ ကြားပုံမရ။

ကျန်ရောက်စိုင်း၏ လက်မှကြိုးစ ကို လောက်မေက ဆွဲသည်၊ စံမူး (ခေါ်) ဆန်ကန်က ဆောင်ဓားတစ် လက်ကို ကိုင်ထားသည်။ အိုက်ပေါက် က ဝါးရင်းတုတ်တစ်ချောင်းကို ကိုင် ထားသည်။ သူတို့က ကျန်ရောက်စိုင်း ကို ကြိမ်းမောင်းခြိမ်းခြောက်ပြီး နမ့်ရှူး ချောင်းအစပ်သို့ ခေါ်ဆောင်လာခဲ့ကြ သည်။

ချောင်းစပ်သို့ရောက်သည့်အခါ ကျန်ရောက်စိုင်းအား လက်သီးဖြင့် ထိုး သူက ထိုးသည်၊ ထုတ်ဖြင့် ရိုက်သူက ရိုက်သည်၊ ခြေဖြင့် ကန်သူက ကန် သည်။ သို့ရာတွင် ဓားဖြင့်မူ မခုတ်။ ကျန်ရောက်စိုင်းအား စိတ်ထင်တိုင်း နှိပ်စက်နေကြသည်၊ ချောင်းစပ်သို့ ရောက်သည့်အခါ ကျန်ရောက်စိုင်း၏ လက်တွင် ချည်နှောင်ထားခဲ့သော ကျွဲ ချည်သည့်ကြိုးကိုဖြည်သည်။ ထို့နောက် နိုင်လွန်ကြိုးဖြင့် ကျန်ရောက်စိုင်း၏လက် နှစ်ဖက်ကိုပူး၍ ချည်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ျန်ရောက်စိုင်းက စိုးရိမ်ထိတ်
ှာဖြင့် ဘုရားကို တမိသည်။
း အစုံတို့ကလည်း မန်ဆူစေတီ
ကြည့်လိုက်သည်။ အဝေးကပင်
ည်မှန်းကာ ဖူးမြော်ရင်း ဆု
င်လိုက်သည်။

ိုအချိန်တွင် အမှုးသမားများက
ရောက်စိုင်း၏ အနီးသို့ရောက်ရှိ
ကြပြန်သည်။

အမှုးသမားများက ဒယီးဒယိုင်ဖြစ်
ြသည်။ ကျန်ရောက်စိုင်းကလည်း
က်တည်ရာမရ ဖြစ်နေသည်။

အိုက်ေ ်က ကျန်ရောက်စိုင်း
ခြဖြင့် လှမ်း၍ ကန်သည်။ ထိုသို့
ကန်ချက်ကိုရှောင်လိုက်ေ
ရောက်စိုင်း၊ လောက်မေဘက်သို့
ယိုင်သွားခဲ့သည် ထိုအခါ လောက်
မှ စကားသံများ၊ ထွက်လာသည်။

"ခွေးမသား၊ သေပေတော့..."

လောက်မေက ပြောရင်း ကျန်
ရောက်စိုင်းအား နမ့်ရှူးချောင်းရေ
တွင်းသို့ တွန်းချလိုက်သည်။

ထိုအခါ ကျန်ရောက်စိုင်းက ဆွဲမိ
ရာလှမ်း၍ဆွဲလိုက်သည်။

ကျန်ရောက်စိုင်း၊ လှမ်းဆွဲလိုက်
ည်ကား လောက်မေ ဝတ်ဆင်ထား
ည့်(HARRA)တံဆိပ်ပါ ဂျင်းအင်္ကျီ
နေသည်။

ထို့ကြောင့် လောက်မေက ကျန်
ရောက်စိုင်းအား ဆောင့်၍တွန်းလိုက်
ည်။ ထိုအခါ ကျန်ရောက်စိုင်းက
နမ့်ရှူးချောင်းရေအတွင်းသို့ ပြုတ်ကျ
သွားသည်။

ကျန်ရောက်စိုင်း၏ လက်တွင်၌
ကြယ်သီးတစ်လုံး ပါသွားသည်။ ထို
ကြယ်သီးအား ကျန်ရောက်စိုင်းက
လက်ဖြင့် မြဲမြဲစွာဆုပ်ကိုင်ထားသည်။

ထို့နောက် ကျန်ရောက်စိုင်း ခန္ဓာ
ကိုယ်မှာ နမ့်ရှူးချောင်းရေအတွင်း၌
နစ်တုံ ပေါ်တုံဖြင့် မျောပါသွားသည်။

လားရှိုးမြို့နယ် အမှတ်(၂)ရဲစခန်း
က ပထမသတင်းပေး တိုင်ကြားချက်
အမှတ် ၁၃၀/၈၁ ပြစ်မှုဆိုင်ရာဥပဒေ
ပုဒ်မ ၃၀၂/၃၄ ဖြင့် အမှုဖွင့် အရေး
ယူလိုက်သည်။

တရားခံများကား ...
လောက်မေ ခေါ် အိုက်မက်...
စံမှူး ခေါ် ဆန်ကန်...
အိုက်ပေါက် ခေါ် အိုက်ထွန်း...
စိုက်အိုက် ခေါ် ကံငင်း...
အကျဉ်းချုပ်ပြောရလျှင်
လောက်မေပါ (၄)ဦး...

သူတို့က လားရှိုးမြို့နယ် ပြည်သူ့
တရားရုံးသို့ ရောက်လာသောအခါ
အသီးသီး ငြင်းခံထွက်ဆိုခဲ့ကြသည်။

ထို့နေ့က ၁၁-၈-၈၁ ရက်နေ့။

သူတို့လေးယောက်၊ တရားဥပဒေ
က ပေးသော အပြစ်ဒဏ်ကို ခံကြရ
ပေဦးမည်။ သူတို့က အရက်ကိုသောက်
ခဲ့ကြသည်။

ပထမတွင် သူတို့က အရက်ကို
အနိုင်ရခဲ့ကြသည်။

သို့ရာတွင် နောက်ပိုင်း၌ အရက်
ကသူတို့ကို အနိုင်ယူသွားခဲ့သည်။

ထိုရောအခါ သူတို့တွင် ညာတာ
မှု၊ ထောက်ထားစာနာမှု စသည့်တို့
မရှိခဲ့ကြတော့။

တစ်နည်းအားဖြင့် လူ၏ အသိ
စိတ်နှင့် ကင်းဝေးသွားခဲ့ကြသည်။

လောက်မေ မှန်းတီးခဲ့သူများကား
မန်နားရွာသားများ။

မန်နားရွာသားများတွင်မှ ပထမ
ဦးဆုံး ကံဆိုးသူက ကျန်ရောက်စိုင်း
ဖြစ်သွားခဲ့ရသည်။

ထို့ကြောင့် ကျန်ရောက်စိုင်းက
အရက်၏ လွှမ်းမိုးခြင်းကြီးစိုး၍ အနိုင်
ယူခဲ့ကြသူများ၏ လက်ချက်ဖြင့်
လောကကြီးအား ကျောခိုင်းထွက်ခွာ
သွားခဲ့ရရှာသည်။

သို့တစေ..

အပြစ်ကင်းစင်ခဲ့သော နမ့်ရှူး
ချောင်း၏ ရေအလျဉ်ကား ကြည်လင်
နေမြဲ စီးဆင်းနေဆဲပင် ဖြစ်သည်။

ရှမ်းပြည်နယ် မြောက်ပိုင်းအား
ရှိသားသော သွေးချင်းများမှ အလှဆင်
နိုင်ကြပါစေဟု....

ခင်မောင်ထွန်း(လမ်းမတော်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တစ်ပြည်သူအဖြစ်နဲ့ ချစ်ပါရစေ

ညီမြင်းလွင် (မော်ကျွန်း)

(ယခင်လမှအဆက်)

မေဦးလည်း လွန်ခဲ့သော ဆယ်စုနှစ်ကျော် အတွေးတို့ စီးမျောရင်း စိတ်မောလှမောနှင့် အိပ်ပျော်သွားခဲ့သည်။ ရေမင်းသားခရီးနှင်ဆဲ . . . ညပိုင်းသို့ပင်ရောက်ခဲ့ပြီ။ ၂၀၀၇ မေလ ၁ ရက်နေ့ ည ၁၀ နာရီ၊ မှောင်မိုက်သော ပင်လယ်ပြင်၏ တိတ်ဆိတ်ငြိမ်သက်မှုကို ရေမင်းသားစက်သံက မှန်မှန်ထိုးဖောက်နေသည်။ ရာသီဥတုမှာလည်း လေအလွန် ငြိမ်နေသည်။ ပူလောင်အိုက်စပ်နေသည်။ တက်မကိုင် ဦးခန်းထဲတွင် ကိုကြီးကောင်းက ရေဒါကို စစ်ဆေးပြီး ရေယာဉ်ကို မောင်းနှင်နေသည်။ ကိုကြီးကောင်းတပည့် သံလုံးက မိုးလေးရွာလိုက်လျှင် ကောင်းမှာပဲဟု ညည်းနေသည်။

"မိုး"

မိုးမရွာခင် ကောင်းကင်က၏ အသံပေးလေသည်။

ကောင်းကင်တစ်ခွင် အစင်းကြောင်းကြီး လင်းလက်တောက်ပကာ ဂျုံး . . ဂျုံး . . ဂျိုင်း . . . ဂျိုင်း မြည်ဟည်းသွားသည်။ ဝင်းကနဲ လက်ကနဲ၊ လင်းလက်ကာ၊ ဂျုံးခနဲတစ်ချက်မြည်ဟည်းပြီး ကျောက်တုံးကျောက်ခဲပေါ်သော ကုန်းစောင်းပေါ်မှ သံဗိုပါခွဲ တစ်လုံးလိမ့်ဆင်းသွားသလို ကောင်းကင်တစ်ခွင် ဒိုင်း . . ဒိုင်း . . ဒုံး . . ဒုံး မြည်ဟည်းသွားပြန်သည်။ တစ်ပေါက်တစ်ပေါက်နှင့် မိုးကလည်း ရွာချဖို့ရေးဆစ်နေသလို။ မိုးကြိုးက တစ်ချက်နှင့်လည်း မပြီး ဆင့်ကာ ဆင့်ကာ တဝင်းဝင်း တလင်းလင်း။

ဒိုင်းကနဲ ဂျုံးကနဲခွဲသည့်အခါ ခွဲပြန်သည်။ အကြမ်းစက္ကူကြီးကို ဆွဲဖြဲလိုက်သလို ဖျင်းတွဲ ဖျင်းရိ တဖြိုးဖြိုးနှင့် အသည်းအူယားစရာ၊ စစ်ဇာတ်လမ်းရုပ်ရှင်၏ လေယာဉ်ပေါ်မှ ဗုံးချလိုက်ရာ မြေပြင်မှာကျကွဲသလို တအုန်းအုန်း ကစ်ဒိုင်းဒိုင်း။ လျှပ်စစ်မိုးကြိုးပစ်၍ ငှင်းလက်သွားသော်လည်း မိုးကြိုးရပ်သွားလျှင် ပင်လယ်သည် မည်းမည်းမှောင်မှောင်၊ ရေယာဉ်ရှိ လေဖိအားတိုင်ဘာရိုမီတာသည် (၁၀၀၀)မှဆက်၍ အောက်ကိုကျဆင်းနေပြန်သည်။

"ဆရာကောင်း လေဖိအားသိပ်ကျနေတယ်၊ မုန်တိုင်းလာမယ်ထင်တယ်"

"အေးကွ၊ ငြိမ်းပြီ တုမှန်းနဲ့ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဆက်မေးစမ်းကွာ"

သံလုံးက -

"ဟဲလို ကမ်းခြေစောင့်တပ်ကလား၊ ရာသီဥတုအခြေအနေ ဘယ်လိုလဲဗျာ၊ ကျွန်တော်တို့ ရေယာဉ်ဌမြို့ကနေ ရန်ကုန်ကို ဦးတည်သွားနေပါတယ်"

"ဟာ ခင်ဗျားတို့ သတင်းမရဘူးလား၊ နာဂစ်မုန်တိုင်း ရခိုင်ကမ်းရိုးတန်းကိုဝင်မယ်"



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောပေါ်ရှိ ငါးများ ရန်ကုန်ကို တချုပ်ပါအတိုင်း အချိန်မီပို့နိုင်ရေး၊ မေဦးခင် ရန်ကုန်စောစောရောက်ရေး စိတ်ဇောဖြင့် စိတ်လောထွက်ခွာခဲ့သည့် အခြေအနေက ဒုက္ခပေးတော့မည်။ သို့ရာတွင် ရေမင်းသားသည် ခေတ်မီ ကိရိယာစုံသင်္ဘောဖြစ်၍မုန်တိုင်းဒဏ်ကို အန်တုမည်ဟု ကိုကြီးကောင်းတွက်ဆ ခဲ့သည်။

ထိုစဉ် ရုတ်တရက် မျက်စိကျိန်း အောင်မွှေးလက်သွားသော အလင်းတန်း ကြီးနှင့် နားကွဲမတတ် ကျယ်လောင် သောမိုးကြိုးပစ်ချသံကြီးကို တစ်ပြိုင် နက်ကြားလိုက်ရသည်။

"ဂျိမ်း"

ခုတင်စွန်းမှာထိုင်နေသော မေဦး လိမ့်ကျပြီး သင်္ဘောကြမ်းပြင်မှာ မှောက် နေသည်။ သတိကောင်းသော ကိုကြီး ကောင်းပင် မျက်စိစုံမှိတ် မိတ်ကာ တက်မကိုင်ဘီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

သံလုံးလည်း ဒူးတုပ် ကျလျက်၊ စက်ခန်း၊ ပဲ့ခန်းမှ လုပ်သားများက လည်း မိုးကြိုးပစ်သံ၊ လင်းလက်မှု သည် နီးကပ်လွန်းသဖြင့် မိမိတို့အား ထိလေပြီလားဟု ရင်တဒိတ်ဒိတ်၊ လှုပ် မကြည့်ရဲ၊ ခေါင်းမလှုပ်ရဲကြ၊ မျက်စိများ စုံမှိတ်ထားကြသည်။ ထိုစဉ် ကိုကြီး ကောင်းက သတိဝင်လာပြီး မေဦးရှိရာ ကေဗင်သို့ အင်တာကွန်းမှတစ်ဆင့်

"မေဦး မေဦး ဘာမှမကြောက်နဲ့၊ လိုက်ဖ်ဂျက်ကက် ဝတ်ထား၊ တံခါးကို မဖွင့်နဲ့"

ဘင်္ဂလားပင်လယ်အော် အနောက် ဘက်မှ အရှေ့ဘက်ဆီသို့ နာဂစ်မုန်တိုင်း ဝင်ချေပြီ၊ ကနဦး လေရှေ့ဝင်လာရင်း လေပြင်းကတဝေါဝေါ တဝါးဝါးနှင့် ဆူညံသံကြီးတစ်ခု သင်္ဘောဆီပြေးလာ နေသည်ကို ထိတ်လန့်စွာ ကြားရပြန် သည်။ လေပြင်းနှင့်အတူ မိုးသံကြီးမဲကြီး ရွာသည်။ မိုးပေါက်တို့က တစ်ဖက်တည်း မှပက်နေသည်မဟုတ်၊ ဘက်ပေါင်းစုံမှ တရှိန်ထိုးဝင်လာသော လေထုက ရေမင်းသားကို ဆွဲလှဲပစ်ပြီး ပင်လယ် သချိုင်းထဲဆွဲနှစ်နေသည်။ လေပြင်း၏ ဝဲမွှေစုပ်ယူ တွန်းထိုးမှုကြောင့် ပင်လယ် ရေပြင်သည် မို့မောက်ကြွထလာကာ လှိုင်းလုံးကြီးများအသွင် ခွဲဟာပြီးရေမင်း သားကို မျိုချရန်ကြိုးစားနေပြန်သည်။ ကိုကြီးကောင်းသည် ရေယာဉ်ကို လှိုင်း ဆီသို့ ဦးထိုးခွဲထွက်ပြန်သည်။ တိုးဝင် လာသော လှိုင်းလုံးက သင်္ဘောဦးကို ဖုံးသွားသည်။ ဦးပိုင်းပြန်ပေါ်လာပါ့မလား ဟုထင်မိသည်။ တက်မကိုင်ခန်း၏ ရှေ့ မှန်ကို လှိုင်းလုံးရေတို့ ဖုံးအုပ်သွားပြန် သည်။ သို့ရာတွင် သင်္ဘော၏ ရေလုံ အဖုံးများကြောင့် ဦးပြန်မော့လာသည်။ ကုန်းပတ်ပေါ်ရှိ အသက်ကယ်လှေ စသည့် ပစ္စည်းအားလုံး ဘာတစ်ခုမျှ မရှိတော့။ တစ်စထက်တစ်စ ကြမ်းလာ သောနာဂစ်သည် တစ်နာရီမိုင် ၁၂၀ ရောက်ပြီ၊ လှိုင်းလုံးကြီးများကလည်း အမြင့်ပေ ၆၁ မက၊ ည ၂ နာရီခန့် တွင် ရေမင်းသား၏ ပင်မစက်နှင့် မီး အားပေးစက်တို့ လုံးဝရပ်သွားသည်။ ရေဒါလည်း အလုပ် မလုပ်တော့၊ ကိုကြီးကောင်းသည် လှိုင်းအတက် အကျကို အလိုက်သင့်ထိန်းကာ ရေယာဉ်မြုပ်မသွားရေး အစွမ်းကုန်ကြိုး စားနေသည်။ ပြင်းထန်လွန်းသော လှိုင်း လုံးကြီးက ရေမင်းသားကို လှိုင်းထိပ် ဆွဲမသွားသည်။ ရေမင်းသား လှိုင်းထိပ်မှ ပြန်အကျတွင် ကျောက်ဆောင်ငုတ် တစ်ခုပေါ် ကန့်လန့်ဖြတ် ပြုတ်ကျသွား သည်။

"ဂုန်း" ကျယ်လောင်သော ရိုက်ချိုး သံနှင့်အတူ ရေမင်းသား နှစ်ပိုင်းပြတ် ထွက်သွားတော့သည်။ ဒေါသမပြေ သော နာဂစ်သည် ရေယာဉ်ကို ချိုးပစ် သည်၊ အားမရသေးသည့် အလား တစ်စစီ ဆုပ်ဖြဲလိုက်တော့သည်။

♦ ♦ ♦

ပင်လယ်ပြင်သည် လွန်ခဲ့သည့် ၂၂ နာရီက နာဂစ်မုန်တိုင်းကြီးနှင့်တွဲ၍ ကြမ်းခဲ့ရမ်းခဲ့၍ လူအသက်ပေါင်းများစွာ၊ တိုက်တာအိမ်ခြေ လယ်ယာသစ်တော၊ သစ်ပင်တို့ကို မြေလှန်ဖျက်ဆီးခဲ့သည် တို့သည် သူနှင့်မဆိုင်သလို ဣန္ဒြေရှိလှ သည်။ ပင်လယ်ပြင်တွင် လေသင်္ဘော အပျက်များနှင့် ရေပေါ် ပေါ်နိုင်သော ပစ္စည်းတို့ ဟိုတစ်စ၊ သည်တစ်စ။

တောင်ကိုရီးယားအလံတင် နန်ချို ကုန်သင်္ဘောသည် လွန်ခဲ့သည့် ညက မုန်တိုင်းဒဏ်ကြောင့် ယိုင်နဲ့နဲ့ မုန်တိုင်း လေပြင်းကြောင့် ကုန်းပတ်ပေါ်ရှိ ကွန် တိန်နာများတစ်ဖက်ကပ်ကာ၊ သင်္ဘော ဘေးတစ်ခြမ်း စောင်းနေသော်လည်း ကောင်းသေးသော အင်ဂျင်တစ်လုံးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဆိုးနှင်နေသည်။ အနီးဆုံးနားနိုင်သည့် ရန်ကုန်ဆိပ်ကမ်း၊ ဝင်နိုင်သော်လည်း နာဂစ်ဒဏ်မလွတ်ကြောင်း သိလိုက်သဖြင့် ကိုရီးယားသို့ပင် ဦးတည်ခဲ့သည်။ ထိုစဉ် ရေကြောင်းပြအရာရှိ မှူးဘွန်ချူက -

"ကပ္ပတိန် ရေ့ကိုက် ၅၀၀ လောက်မှာ မျောနေတဲ့အရာဝတ္ထုတစ်ခု တွေ့တယ်"

ကပ္ပတိန် ဘန်ကီသည် ဘွန်ချူ ထံမှ မှန်ပြောင်းကို ယူကြည့်၍

"အေးဗျ လိုက်ဖ်ဂျက်ကက်နဲ့ လူတစ်ယောက်လို့ထင်ရတယ်"

ကပ္ပတိန်သည် ရေယာဉ်အမြန်နှုန်းကို အနိမ့်ဆုံး လျှော့ချလိုက်ကာ၊ တစ်ဆက်တည်းပင် လူဖြစ်၍ အသက်ရှင်နေသေးပါက ဆယ်ယူရန် ကယ်ဆယ်ရေးအဖွဲ့ကို လွှတ်လိုက်သည်။ မကြာခင် ကပ္ပတိန်ထံ ဖုန်းဝင်လာသည်။

"ကပ္ပတိန် ဒဏ်ရာနဲ့အမျိုးသမီး လူနာပဲ အသက်တော့ရှိသေးတယ်၊ သတိတော့မေ့နေပါတယ်"

"ကောင်းပြီ ဆယ်ခဲ့ကွာ၊ ဒီမှာ ဆရာဝန်ကို အသင့်ပြင်ထားမယ်"

◆ ◆ ◆

အမျိုးသမီးလူနာသည် ကိုယ်ခန္ဓာ အပူချိန်အလွန်ကျပြီး သတိမေ့နေသည်။ မျက်နှာတစ်ခုလုံးမှာလည်း ပြတ်ရှဒဏ်ရာများအပြည့်နှင့် လူသားတစ်ဦး၏ ရုပ်ပင်မပေါ်တော့ပေ၊ ခြေတစ်ဖက်မှာလည်း သွင်သွင်ကျိုးနေသည်။ သင်္ဘောဆရာဝန်သည် လူနာ၏ကိုယ်ပူချိန်မြင့်တက်လာရန် ပြုစုခဲ့သည်။ မျက်နှာဒဏ်ရာများကိုလည်း အဆင်ပြေသလို အမြန်ချုပ်ခြင်း၊ တွဲခြင်းပြုလုပ်ကာ နာခေါင်းမှပိုက်သွင်း၍ အစာဖြည့်ပေးခဲ့သည်။ သွေးပေါင်ချိန် တက်လာသော်လည်း သတိမေ့မျောဆဲ လောလောဆယ်တော့ မသေနိုင်သေးပေ။ နန်ချိုသင်္ဘောသည် ခရီးဆက်ပြီး ငါးရက်အကြာတွင် လက်ကျန်စက်တစ်လုံးပျက်သွားတော့သည်။ ဆရာဝန်က ကပ္ပတိန်ကို . . .

"ကပ္ပတိန်ခင်ဗျာ လူနာရဲ့အသက်ရှင်ရေးဟာ ၅၀-၅၀ အခြေအနေပါပဲ၊ ဒီမှာရှိတဲ့ ဆေးဝါးတွေနဲ့ အစွမ်းကုန်ကုသထားပေမယ့် သတိတော့မရဘူး။ ကမ်းနဲ့က ရေမိုင် ၂၀၀ မှာဆိုတော့ ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်ရေးရဟတ်ယာဉ်ခေါ်ပြီး ဆေးရုံပို့ရင် ကောင်းမယ်ထင်ပါတယ်။ သင်္ဘောစက်ကလည်း ပြန်ကောင်းဖို့ အချိန်ပေးရမယ်လို့ အင်ဂျင်နီယာက ပြောထားပါတယ်"

"အေးဗျာ ခင်ဗျားအကြံကောင်းပါတယ်။ RO (ရေဒီယိုအရာရှိ)ကို တာဝန်ပေးလိုက်မယ်၊ အသက်ရှင်လာတော့လည်း ကံပေါ့ဗျာ"

◆ ◆ ◆

မစ္စတာလီမြောင် (၅၃နှစ်)သည် အင်္ဂလန်နိုင်ငံ တော်ဝင်ဆေးတက္ကသိုလ်မှဘွဲ့ရခဲ့ပြီး ခွဲစိတ်ပညာဘွဲ့လွန်ထပ်ရပြီး ဆိုးလ်မြို့ ဗဟိုဆေးရုံကြီးတွင် အထူးခွဲစိတ်ကုဆရာဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မဒမ်ယုချင်နှင့် အိမ်ထောင်ကျပြီး သမီးလေးယုသျှီ အသက် (၂၂)နှစ်ထိ သာယာအောင်မြင်သော မိသားစုဘဝဖြစ်ခဲ့ကြသည်။ (၂၀၀၄)ခုနှစ် မိသားစု ထိုင်းသို့အပန်းဖြေခရီးသွားစဉ် ဆူနာမီမုန်တိုင်း၊ ဖူးကက်ကမ်းခြေဝင်သည်နှင့် ဆုံခဲ့ပြီး ဇနီးရော သမီးပါ သေဆုံးခဲ့ကြရသည်။ ထိုအဖြစ်သည် ဒေါက်တာလီမြောင်အတွက် ဖြေမရ အစားထိုးမရသည့် သောကဝေဒနာဖြစ်ခဲ့သည်။ မိသားစုပျော်ခဲ့သည်များကို သတိရအောက်မေ့လွမ်းဆွတ်ကြေကွဲမှု ခံစားရစဉ် သူ့ရုံးခန်းသို့ ဖုန်းဝင်လာသည်။

"ဟဲလို ဆရာကြီးပါလားခင်ဗျ၊ မုန်တိုင်းမိဒဏ်ရာ ရလာတဲ့လူနာ အမျိုးသမီးတစ်ဦးကို ကုန်သင်္ဘောက ကယ်လာပြီး ကမ်းခြေစောင့်တပ်က တစ်ဆင့် ဆေးရုံ အရေးပေါ်ခန်းမှာ ရောက်နေပါတယ်။ ဆေးရုံအုပ်ကြီးက လူနာကို စစ်ဆေးပြီး လိုအပ်တာ ကုသပေးဖို့ ဆရာကြီးကို မေတ္တာရပ်ခံ တာဝန်ပေးထားပါတယ်ခင်ဗျာ"

မုန်တိုင်းမိ လူနာဟုသိရသည်နှင့် ဒေါက်တာလီမြောင်သည် အရေးပေါ်အခန်းသို့ ချက်ချင်းသွားရောက်ကာ လူနာကို စစ်ဆေးတော့သည်။ ကနဦး လူနာကို သွေးပေါင်စစ်ဆေးခြင်း၊ နှလုံးခုန်ခြင်း စစ်ဆေးပြီးက စီတီ (CT) ဓါတ်မှန်ရိုက်ကြည့်ရာ ဦးနှောက်တွင် မဆိုသလောက် ချို့ယွင်းသည်မှအပ အားလုံးကောင်းမွန်နေသည်။ လူနာအမျိုးသမီး၏ ဦးခေါင်း၌ ပြင်းထန်စွာ



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်မိရာမှ ကြာမြင့်စွာသတိမေ့နေခြင်းဖြစ်သည်။ ထိခိုက်ပြတ်ရှနာများတွင် ဘယ်ဘက်ပါးတစ်ခြမ်းလုံး စုတ်ပြဲကာ အောက်သို့အိကျသည်ကို သခော်ာဆရာဝန်က အဆင်ပြေသလို တွဲချုပ်ထားသည်။ ညာဘက်နားရွက်မှာလည်း ပြတ်ကျလုဒဏ်ရာကြောင့် ချုပ်ပေးထားသည်။

နဖူးနှင့် ဆံစပ်အကြားဦးရေပြား နှစ်လက်မခန့်မှာ ဆံပင်အပါအဝင် ဦးရေပြားပြတ်ထွက်သွားသဖြင့် အရေပြားအတုဖြင့် ဖာထေးထားသည်။ သွင်သွင်ကျိုးနေသော ခြေထောက်တစ်ချောင်းကို ကျောက်ပတ်တီး စည်းထားသည်။ သခော်ာဆရာဝန်သည် အရေးပေါ်အဆင်ပြေသလို ကုသထားခြင်းကြောင့် လူနာအမျိုးသမီး၏ မျက်နှာမှာ လူသားတစ်ဦး၏မျက်နှာ ပုံသဏ္ဍာန်ပင် မပေါ်တော့။ သို့ဖြစ်၍ မျက်နှာပြင် ခွဲစိတ်ကုသခြင်း (ပလတ်စတစ်ဆာဂျရီ) ပြုလုပ်ရန် လိုပြီဖြစ်ကြောင်း ဆရာဝန်ကြီးဆုံးဖြတ်ကာ မေ့ဆေးဆရာဝန်ကြီးနှင့် ညှိနှိုင်းဆောင်ရွက်တော့သည်။

◆ ◆ ◆

အရုပ်ဆိုးလှသော လူနာ၏မျက်နှာပြင်ခွဲစိတ်မှုမှာ ၁၀ နာရီကြာခဲ့သည်။ လူနာ၏ မူရင်းမျက်နှာကိုလည်း မသိသဖြင့် လူနာအမျိုးသမီး၏မျက်နှာကို အနုပညာမြောက်စွာ ပလပ်စတစ်ဆာဂျရီနည်းပညာဖြင့် ကျွမ်းကျင်စွာ ခွဲစိတ်ခဲ့သည်။ နဖူးအထက်မှမရှိတော့သည့် အရေပြားကို နောက်စေ့အောက်မှ ဆံပင်ပါသော အရည်ပြားကို နဖူးသို့ ရွှေ့ပြောင်းအစားထိုးခဲ့သည်။ လူ့ရုပ်မပေါ်တော့သည့် ဒဏ်ရာများကြောင့်လိုသော အသားစများကို ပေါင်သားအချို့ အစားထိုးခဲ့သည်။ ခွဲစိတ်ပြီးသော လူနာမှာ မျက်နှာတွင် ပတ်တီးအထပ်ထပ်ဖြင့် မျက်စိနှစ်ပေါက်သာ ပတ်တီးလွတ်နေသည်။ နာခေါင်းပေါက်တွင် အောက်ဆီဂျင်ပိုက်၊ ဆီးဝမ်းတို့လည်း ပိုက်အသီးသီးတပ်ဆင်ထားရသည်။ နှလုံးခုန်နှုန်းကိုလည်းသိရန် TV စကင်နာစက်ဖြင့် ဆက်ထားကာ စက္ကန့်မလပ်စောင့်ကြည့်နေရသည်။ ခွဲစိတ်မှုမှာ အနုစိတ်ကျလွန်းသဖြင့် ဆရာကြီးလီမှာ ပင်ပန်းလှသည်။ သို့ရာတွင် သူအလိုလားဆုံးသော အရာတစ်ခုရရှိသဖြင့် ကျေနပ်သွားသည်။ ကလေးငယ်တစ်ဦးအလား ကျေနပ်စွာပြုံးနေသည်။ အစွမ်းထက်သော ဆေးဝါးများ၊ စေတနာပါသော ဒေါက်တာလီ၏ ကုသချက်ကြောင့် ခွဲစိတ်ဒဏ်ရာများမှ ပတ်တီးမခွာမီတစ်ရက်ကြို၍ လူနာအမျိုးသမီး သတိရလာသည်။ သူမ၏ မူလမျက်နှာမှ အကောင်းပကတိကျန်ခဲ့သည့် ညှို့မှောင်သောမျက်ဝန်းအစုံမှ တောက်ပသော အသွင်ဆောင်သော်လည်း ကြောင်စီစီဖြစ်နေကြောင်း ဒေါက်တာလီ သတိထားမိသည်။ မည်သို့ဖြစ်စေ မူရင်းရှာမရသော လူနာမိန်းကလေး၏ ရုပ်လွှာကို ဒေါက်တာလီ၏ ကွယ်လွန်ခဲ့ပြီဖြစ်သော သမီး "ယုသျှီ"ရုပ်သွင်အတိုင်း ခွဲစိတ်မှုအောင်မြင်ခဲ့သည်။ ဒေါက်တာလီက ကိုရီးယားဘာသာစကားနှင့် လူနာကိုစကားစကြည့်သည်။ မရ... အင်္ဂလိပ်ဘာသာဖြင့် ပြောကြည့်ပြ... သည်။

"သမီး သတိရလာပြီ နေကောင်း...လား။ နာမည်နဲ့ ဘယ်နိုင်ငံကလ... ပြောပါဦး"

ကိုရီးယားအမျိုးချောကဲ့သို့ လှပနေ...သော လူနာသည် ထူးဆန်းသော အကြည့်၊ အံ့ဩသော အမြင်ဖြင့် ဘေးဘီကို ကြောင်စီစီလိုက်ကြည့်ရင်း ကြားမှုသော အင်္ဂလိပ်ဘာသာကို ဝိုးတ...ဝါးသတိရပြီး ပြန်မေးကြားသည်။

"ကျွန်မ ဘယ်သူလဲရှင်၊ ဘယ်မှာ ရောက်နေတာလဲ"

ဒေါက်တာလီသည် ကြည့်မှန်တစ်...ချပ်ကို လူနာအားကမ်းပေးရင်း သူမ၏ ရုပ်ကို ကြည့်စေသည်။ မှန်တွင်းမှ မျက်...နှာသွင်ကို လူနာသည် စူးစူးစိုက်စိုက် ကြည့်ရင်း နှုတ်မှအလန့်တကြား -

"အို ဒါဘယ်သူလဲ ဘယ်သူ... ကျွန်မ မဟုတ်ဘူး။ ဘုရား . . ဘုရား" ဟု ညည်းတွားရင်း ခုတင်ပေါ်မေ့...ကျသွားသည်။ မှန်ထဲမှပုံသည် သူ... မဟုတ်မှန်းသိသော်လည်း သူမ မည်သူ...လဲဆိုတာလဲ သူမ မသိနိုင်ခဲ့။

◆ ◆ ◆

စိတ်ရောဂါကုဌာနသို့ ခွဲစိတ်ပါရ... ဒေါက်တာလီ၊ ဌာနမှူးဆရာဝန်ကြီး ဝ...နှင့်တွေ့ဆုံရန်ဖြစ်သည်။ "လီ"ကို တွေ့...သည်နှင့် ဝမ်က . . .

"ဒေါက်တာ ထိုင်ဗျာ။ ခင်ဗျား... ပလပ်စတစ်ဆာဂျရီခွဲစိတ်မှုက...



www.burmeseclassic.com

www.burmeseclassic.com

လက်ရာပြောက်ပါပေမယ်။ ခင်ဗျားသမီးလေးယုသျှီနဲ့ ခွဲမရအောင် တူလွန်းတယ်ဗျာ၊ ဆေးရုံတစ်ခုလုံးကလည်း "လီ" တော့ သမီးလေးအစားရပြီလို့ ဝမ်းသာနေကြတယ်။ အော် ဒါနဲ့ သူ သတိရပြီလား"

"အေးဗျ ဒီကိစ္စအတွက်ပဲ ခင်ဗျားဆီလာခဲ့တာပါပဲ၊ သူသတိတော့ရတယ်၊ ဒါပေမယ့် အတိတ်ကအရာတွေအားလုံး မေ့နေတယ်"

"ဖြစ်နိုင်တာပေါ့ဗျာ၊ ကြောက်စရာကောင်းတဲ့သေဘေးနဲ့လဲ ရင်ဆိုင်လိုက်ရတော့ သည်းခြေပျက်မတတ် ခံစားရပြီး ဦးခေါင်းကိုပါ ပြင်းပြင်းထန်ထိမိတော့၊ အတိတ်မေ့သွားတာ ဖြစ်နိုင်တယ်။ လူ့စိတ်မှာ "သိစိတ်နဲ့ မသိစိတ် နှစ်ပိုင်း" ရှိတယ်ဗျ။ သိစိတ်က နေ့စဉ်တွေ့ကြုံနေသမျှတွေ ခံစား၊ စီမံပြီး "မသိစိတ်" ကတော့ ဒါတွေကိုမှတ်တမ်းတင်ထားတာပဲ၊ သိစိတ်က သိလိုတာရှိရင်၊ မသိစိတ်က ဖော်ထုတ်ပေးတယ်လေဗျာ။ အဲဒီနှစ်ခု ဆက်သွယ်တဲ့ အစိတ်ပိုင်းကို မတော်တဆပြင်းထန်စွာ ထိခိုက်မိရင် ချို့ယွင်းပြီး အတိတ်ကဟာတွေ သတိမရတော့ဘူးဗျ။ ဘယ်တော့ ပြန်သတိရမလဲဆိုတာကို မသိနိုင်ဘူး၊ ကြာချင်လည်း ကြာသလို သူတွေ့ဆုံခဲ့တဲ့ အဖြစ်ဆိုးမျိုး ထပ်မြင်ရ ခံစားရမယ် ဆိုရင်လည်း အတိတ်ကိုပြန်သတိရတတ်သွားတယ်။

အခုဆိုရင် ခင်ဗျား လူနာရဲ့ "သိစိတ်မှာ ဘာတစ်ခုမှ မရှိတော့ဘူး" ဒီတော့ ပတ်ဝန်းကျင်က ထည့်ပေးတဲ့ အကြောင်းရာသစ်တွေမှာပဲ သူ့စိတ်က တည်တော့မယ် ဒေါက်တာလီ"

ဒေါက်တာလီသည် ဝမ်း၏ရှင်းပြချက်ကို လက်ခံသဘောပေါက်ခဲ့သည်။ သူ၏ လူနာကို ဘယ်ဘဝ ဘယ်စိတ်ဖြင့်ထားမည်နည်း။ သူမ၏ ရုပ်သွင်ကိုလည်း သမီးယုသျှီ၏ပုံစံအတိုင်း ခွဲစိတ်ပြုပြင်ပြီးဖြစ်သည်၊ သို့ဖြစ်၍ သမီးသျှီ၏ဘဝ ဖန်တီးပေးခြင်းသည် မိမိလည်း အလွမ်းပြေ သမီးအစားရ၊ လူနာလည်း လောလောဆယ် အဆင်ပြေမည်။ ပြန်သတိရရင်ကော မိမိကိုလည်း မေးသွားမည်၊ အိုဒါပေမယ့် "သျှီ"ပဲဖြစ်ပါစေတော့၊ လူနာသတိပြန်ရလာသည်၊ ဒေါက်တာလီသည် လူနာအမျိုးသမီးငယ်အား -

"သမီး သတိရလာပြီလား။ သမီးဟာဖေဖေသမီးပေါ့၊ "ယုသျှီ"လေဖူးကက်မှာ မှန်တိုင်းမိပြီး ဒဏ်ရာတွေရလို့ ဆေးရုံတက်ကုသနေတာ၊ ရောဂါပျောက်တော့ ဖေဖေတို့အိမ် ပြန်ကြတာပေါ့" လူနာသည် တွေဝေစဉ်းစားရင်း . . .မှန်တိုင်းမိသည်၊ ဟုတ်သည် သူမမှန်တိုင်းမိသည်။ ဖူးကက်မှာတဲ့ ဟုတ်သလား စဉ်းစား၍မရ၊ အဆုံးတော့ သူမ၏သိစိတ်သည် "ဒေါက်တာလီ၏သမီး ယုသျှီ ကိုရီးယားလူမျိုး" ဟုသာ စွဲမိသွားသည်။

ဒေါက်တာလီသည် "ယုသျှီ"ဆေးရုံဆင်းတော့ သူ့အိမ်သို့ခေါ်သွားသည်။ သမီးလေး၏အဆောင်အယောင်အားလုံး လူနာ ယုသျှီကို ပေးအပ်ကာ သမီးရင်းလိုစောင့်ရှောက်ခဲ့သည်၊ ဘဝသစ် "ယုသျှီ"လေးပေါ့။ သျှီသည် ဆရာကြီးအိမ်တွင် နေရတာပျော်မိသည်။ ခွဲစိတ်စဉ်က လိုနေသေးသော ကုသချက်များဖြည့်ဆည်းရင်း၊ ဒေါက်တာလီသည် သမီးသျှီအတွက် အပန်းဖြေ ပျော်ရွှင်စရာနေရာများ လည်ကြပတ်ကြ ဓါတ်ပုံရိုက်မှတ်တမ်းတင်ကြနှင့် သားအဖနှစ်ဦး ပျော်ခဲ့ကြသည်။ ဒေါက်တာလီသည် မျိုးရိုးစဉ်ဆက် ချမ်းသာသည့်အပြင် ထင်ပေါ်ကျော်ကြားအောင်မြင်သော ဆရာဝန်ကြီးဖြစ်၍ ဝင်ငွေကလည်းကောင်းသည်။ အခြားအရင်းနှီးဆုံးဆွေမျိုးကလည်း မရှိသဖြင့် သျှီကလေးကို အချစ်ပုံအောပြီး သူချမ်းသာသမျှကို သျှီကိုလွှဲအပ်ခဲ့သည်၊ လီအနေဖြင့် ပုံတူမွေးစားသမီး သျှီဘဝဟောင်းကိုသတိမရပါစေနှင့်ဟုပင် တစ်ကိုယ်ကောင်းဆန် ဆုတောင်းမိသည်၊

နွေကုန်၍ မိုးဦးပင်ရောက်ခဲ့ပြီး (၂၀၀၉) ကိုရီးယား၏ မိုးဦးအဝင်သည ကြမ်းလှသည်။ အပူပိုင်းမုန်တိုင်းကလည်း ဝင်မွှေသလို မုန်တိုင်းညတိုင်း "သျှီ" အလွန်ကြောက်ရွံ့စိတ် အားငယ်စိတ် တစ်စုံတစ်ခုကို သိသလိုဖြစ်ဖူးသလို လွမ်းလွမ်းဆွေးဆွေး ခံစားမိသည်။

မိုးသည်းသော ညတစ်ည (စနေနေ့)

မိုးသည်းသည်းမဲမဲအပြင် လေနှင့်လျှပ်စစ်မိုးကြိုးပစ်သံတို့ပါ ညံညံစီနေသော ဆရာဝန်ကြီးလီ၏ မြို့စွန်တွင်ရှိသော ခြံကျယ်နေအိမ်ကြီးအတွင်းရှိ သစ်ပင်ကြီးများ လေတိုးသဖြင့် ဘယ်ယိမ်းညာလူးနှင့် တဝူးဝူးမြည်ဟည်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် အနက်ရောင်ကားကြီး တစ်စီး ခြံထဲဝင်လာသည်။ ကားပေါ်မှ လူလေးဦး ဆင်းလာသည်။ ၎င်းတို့သည် အနက်ရောင်ဝတ်စုံများအပြင် မျက်နှာကိုလည်း ဖုံးထားကြသေးသည်။ သက် ထဲတွင်လည်း မောင်းပြန်သေနတ်များ။ အိမ်ဝင်းတံခါးကို ခေါက်သည်။ "ခေါက် . . ခေါက် . . ခေါက်

ဆရာဝန်ကြီးလီနှင့် သူ့တို့သည် အနွေးဓါတ်ပေးသော မီးလင်းဖိုရှေ့တွင် စာဖတ်နေကြသည်။ သူ့သည် စာဖတ်နေရာမှ ဖခင်အား လှမ်းပြောလိုက်သည်။

"ဖေဖေ . . . သို့ဖွင့်ပေးလိုက်ပါမယ်"

တံခါးဆက်တည်း ပင်မတံခါးပွင့်သည်နှင့် လက်နက်ကိုင် လူဆိုးလေးဦး အတင်း တိုးဝင်လာ တစ်ဦးက သူ့ကို သေနတ်တေ့၍ ချုပ်ထားလိုက်သည်။ အခြား သုံးဦးက ဆရာဝန်ကြီးဆီ အပြေးသွားကာ သေနတ်ဖြင့် ချိန်ရင်း လူဆိုးတစ်ဦးက -

"ဆရာကြီး လှုပ်ဖို့မကြိုးစားပါနဲ့၊ ကျွန်တော်တို့ လူသတ်ဖို့လာတာမဟုတ်ပါဘူး။ ဆရာဝန်ပင်ချုပ်လို့ပါ ဆရာကြီး ကျွန်တော်တို့နဲ့ အေးအေးဆေးဆေး လိုက်ခဲ့ပါ"

"အို ခင်ဗျားတို့ လူနာရှိရင် တရားဝင်ဆေးရုံတင်စေချင်ပါတယ်၊ ကျွန်တော့်ဆီမှာ ဆေးကုဖို့ ဆေးပစ္စည်း အစုံမရှိပါဘူး"

"ဆရာကြီးပြောတာ မှန်ပါတယ်၊ ကျွန်တော်တို့လူနာက လူသိမခံနိုင်လို့ပါ။ ဒါဆို ကျွန်တော်တို့ အနေအထားကို ဆရာကြီးသဘောပေါက်ပါတယ်နော်" ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

"တောင်းပန်ပါတယ်ရှင် . . ဖေဖေကို ခေါ်မသွားပါနဲ့"

သို့ကာ ဝင်အသနားခံသည်၊ မရခဲ့ပေ။ လူဆိုးများသည် ဒေါက်တာလီ မျက်နှာကို အဝတ်စည်းပေးစဉ် သူ့သည် သူမနှံဘေးနံရံရှိ တစ်ဝင်းလုံး တစ်အိမ်လုံးကို မှတ်တမ်းတင်သည့် လုံခြုံရေးကင်မရာခလုတ်ကို အသာဖိ၍ ဖွင့်ပေးလိုက်သည်။

မှတ်တမ်းတင်ကင်မရာ စရိုက်ပြီ၊ လူဆိုးများ မသိ၊ လူဆိုးတို့သည် ဒေါက်တာနှင့် သူ့တို့ကို မျက်စေ့ အဝတ်စည်းပြီး ကားပေါ် တင်သွားကာ လျှို့ဝှက်နေရာ တစ်ခုသို့ ခေါ်ဆောင်သွားကြသည်။

◆ ◆ ◆

ဒေါက်တာလီ၏ အိမ်ဖော်အလုပ်သမားများသည် တနင်္ဂနွေနေ့အားရက်ဖြစ်၍ အခင်းဖြစ်သည့်အချိန်က အိမ်တွင် မရှိကြပေ။ တနင်္လာနေ့ အိမ်သို့ အလုပ်ပြန်ဝင်ကြသောအခါ ဆရာကြီးတို့သားအဖကို မတွေ့ရသဖြင့် ရဲတပ်ဖွဲ့သို့အကြောင်းကြားခဲ့သည်၊ ရဲတို့ ဝင်စစ်ဆေးသည်။

"ဘဏ္ဍာစိုး အခင်းဖြစ်တဲ့ညက ခင်ဗျားတို့ ဘယ်မှာလဲ"

"ကျွန်တော့် အားရက်ဖြစ်လို့ မိသားစုဆီ ပြန်နေပါတယ်" ဖြေသည်၊ ယာဉ်မောင်းနှင့် ထမင်းချက်တို့ကလည်း အလားတူ ဖြေကြားသည်။

တစ်ဖန် အမှုစစ်ရဲက -

"အိမ်မှာ ထောက်လှမ်းရေး ကင်မရာရှိလား" ဘဏ္ဍာစိုးက အမြန် ဖြေကြားခဲ့သည်။

"ရှိတယ် . . . ရှိတယ်"

ရဲတပ်ဖွဲ့သည် ထောက်လှမ်းရေး ကင်မရာမှ မှတ်တမ်းတင်အခွေကို နောက်ပြန်ရစ်၍ စစ်ဆေးကြည့်သော အခါသူ့တို့သားအဖ ကိုဖမ်းဆီးသွားပုံနှင့် ၎င်းတို့သယ်ဆောင်သွားသည့် ကားတို့ကို ဗွီဒီယိုအခွေက ဖော်ထုတ်ပေးခဲ့သည်၊

တစ်ဆက်တည်းမှာ သူ့တို့ သားအဖကို ဖမ်းသွားသော အဖွဲ့သည် ဆိုးလ်မြို့တော်နှင့် မိုင် ၂၀၀ ဝေးသော ဒုစရိုက်သမားတို့ စုဝေးရာ တောတွင်း နေရာဖြစ်သည်။ ကြိုပ်တု ထောက်လှမ်းရေးသတင်းအရ တောတွင်းရှိ ရှေးဟောင်းရဲတိုက်အတွင်း ဒေါက်တာလီကို ဖမ်းခေါ်သွားသည့်ကားကို ထောက်လှမ်းရာဖွေတွေ့ခဲ့သည်။ ပြည်သူတို့၏ လုံခြုံရေးသည် ရဲတို့၏ တာဝန်ဖြစ်၍ ယှဉ်ဆယ်ရေးအတွက် စစ်ဆင်ရေး စပြီ . . (ဝက်ဝံဖြူစစ်ဆင်ရေး)

တောတွင်းရှိ ရှေးဟောင်းရဲတိုက်အတွင်း၊

ဒုစရိုက်ခေါင်းဆောင် ဟန်ချင်သည် ကိုရီးယားအစိုးရ၏ အလိုချင်ဆုံး ဆုငွေထုတ်ထားသည့် မူးယစ်ဆေး လူကုန်ကူးခြင်းနှင့် ဒုစရိုက်မျိုးစုံ ကျူးလွန်သူဖြစ်သည်။ ဆိုးလ်မြို့မြေအောက်ဂိုဏ်း အချင်းချင်းနယ်မြေလု တိုက်ပွဲတွင် အကြီးအကျယ် သေနတ်ဒဏ်ရာ ရခဲ့၍



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံတက်ရန်လည်း မဖြစ်သဖြင့် ဒေါက်တာလီအား အတင်းမမွေးခေါ်ဆောင်ပြီး သျှိုကိုပါ ဓါးစာခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဆေးကုသပြီး (၄)ရက်မြောက်နေ့တွင် ဟန်ချင်သက်သာသော်လည်း ဒေါက်တာတို့ သားအဖကိုပြန်လွှတ်မပေးသေးပေ။ ဒေါက်တာက -

"မစ္စတာဟန်ချင် ကျွန်တော်က ဆရာဝန်တစ်ဦးအဖြစ် လူသားတွေအပေါ်မှာ လူကောင်း၊ လူဆိုး မခွဲခြားဘဲ ဆေးကုသပေးခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကို လွှတ်ပေးရန် တောင်းဆိုပါတယ်" ဒေါက်တာလီတောင်းဆိုချက်ကို မစ္စတာဟန်ချင်က သဘောတူသော်လည်း လက်ထောက်ဂင်က ရဲတို့ခြေရာခံမိမည် စိုးရိမ်သဖြင့် ဒေါက်တာတို့ကို ပြန်လွှတ်ရန် သဘောမတူခဲ့ပေ။ ဟန်ချင်၏ အနေအထားမှာလည်း သူ့ရထားသော ဒဏ်ရာများကြောင့် လှုပ်ရှားမှု ဦးဆောင်ခြင်းမပေးနိုင်၍ "ဂင်" ၏သဘောထားအတိုင်း လက်ခံနေရသည်။

ညနေပိုင်း မိုးရိပ်ကြောင့် ကောင်းကင်တစ်ခွင် မှိုင်းမှုန်သည့်အပြင် ထူထပ်သော သစ်ပင်ကြီးတို့ကြောင့် ခါတိုင်းထက်စော၍ မိုးချုပ်မည်ထင်ရသည်။ မေပါမီလက်နက်ကိုင်ဟာဂုံ တပ်ဆင်ထားသော ကိုရီးယားရဲကွန်မင်ဒို ၅၀ သည် တောတွင်းရှိ ရဲတိုက်ကြီးဆီ ဝန်စ်တကျ လျှို့ဝှက်စွာ စက်ဝိုင်းပုံချဉ်းကပ်လာသည်။ တပ်ဖွဲ့မှူး ဗိုလ်ကြီးကင်က ကားပြောစက်ဖြင့် . . .

"ကောဗုက်၊ ဝက်ဝံဖြူ . . ဝက်ဝံဖြူ တပ်ဖွဲ့ကြားလား၊ ရောက်ကြ ၁၀၀မှာ ပစ်မှတ်ရှိတယ်၊ ပစ်မှတ် . . . ကအမိန့်ရရင် စပစ် . . . ဓါးစာခံကို ဝင်ကယ်မယ်၊ ဓါးစာခံတွေ လွတ်လာမှ . . . တပ်ဖွဲ့တွေ ပစ်ခိုင်းပေးမယ် . . ."

စနစ်တကျ . . . ထားသော ရဲကွန်မင်ဒိုတို့သည် ပစ်မှတ်ကိုက် ၁၀၀ ရှိ ခြံစည်းရိုးကို ဝိုင်းမိသည်။ မီးရောင်မှုန်ပြပြအောက်တွင် ပစ်မှတ်ကို ညကြည့်မှန်ပြောင်းမှတစ်ဆင့် ဗိုလ်ကြီးကင် ကောင်းစွာမြင်ရသည်။ ခြံတံခါးဝ၌ M-16 ချေမှုန်းရေးအော်တို သေနတ်ကိုင် နှစ်ဦး လမ်းလျှောက်ရင်း ကင်းစောင့်နေသည်။ လသာဆောင်ရှိ ဝရန်တာတွင် သေနတ်သမား တစ်ဦးရှိနေသည်။ ကင်သည် တပ်ကြပ်ကြီး ဒွန်နှင့် ရဲဘော်ယောင်ကို အချက်ပေးခဲ့သည်။ သူတို့နှစ်ဦးသည် ခြေသံလုံလုံဖြင့် အမှောင်ထုကို အကာကွယ်ယူပြီး ခြံဝဆီပြေးတက်သွားသည်။ အစောင့်နှစ်ယောက် တံခါးဝတွင် ပူးတွဲဆုံမိပြီး အဖြတ်တွင် ဒွန်နှင့် ယောက်တို့၏ အသံဝိတ် သေနတ် နှစ်လက်မှ "ဒုတ် . . . ဒုတ်" ကျည်နှစ်တောင့်ပြေးထွက်သွားသည်။ ရထားနှစ်စင်း ပြေးထွက်သွားသောင့် လိုက်သလို အစောင့်နှစ်ဦး အသံပင် မထွက်ဘဲ တုံးကနဲ မြေပြင်လဲကျသွားသည်။ တစ်ဆက်တည်း "ဒွန်" ၏ သေနတ်ပြောင်းသည် လသာဆောင်ကို ဦးတည်ချိန်ကာ ဒုတိယ ကျည်ဆန် "ဒုတ်" တိကျသော ပစ်ချက်သည် ဝရန်တာရှိ အစောင့်၏ နဖူးကို ထိုးဖောက်ပြီး၊ အစောင့်ဝရန်တာပေါ်မှ ပြုတ်ကျလာသည်။ "ဗုန်း" ထိုအသံကြောင့် အစောင့်ခွေးအုပ်သည် ကျလာသော အစောင့်၏ အလောင်းဆီ စုဝေးပြေးသွားကာ . . . တရစပ်ဟောင်တော့သည်။ ထိုအခွင့်ခါကောင်းကိုယူ၍ ဒွန်နှင့် ယောင်း တံခါးမဆီ အပြေးတက်ပြီး တံခါးကို အမြန်တွန်းဝင်၍ အတွင်းအရောက် လူဆိုးတစ်ဦးကို "ယောက်" ၏ ဒုတိယကျည် "ဒုတ်"၊ အစောင့်ပစ်ကြသွားသည်။ ကွပ်ကဲရေးရုပ်သံကို ကြည့်နေသော ဗိုလ်ကြီးကင်သည် သူ့ရဲဘော်နှစ်ဦး . . . ရောက်ပြီဖြစ်ကြောင်း စကင်မှ . . . နေရသည်။ တစ်ဆက်တည်း "ဒွန်နှင့် ယောင်းကို မက်ဆိပ်ပို့သည်။

"လှေခါးအောက် ထောင့်ခန်းမှာ ဓါးစာခံတွေရှိတယ်" ဒွန်နှင့်ယောင်းတို့ အခန်းကျယ်ကို ဖြတ်အပြေး လှေကားမှဆင်းလာသော လူဆိုးတစ်ဦးက ဒွန်ကိုမြင်သည်နှင့် သူ့သေနတ်မှ အဆက်မပြတ်ဒွန်တို့ဆီ . . ဒက် . . ဒက် . . ဒက် မြည်သံနှင့်အတူ သတ်ပေးခေါင်းလောင်း မြည်လာသည်။ တီ . . တီ . . တီ၊ အခန်းထဲမှ သျှိုလန့်နိုးသလို ဒေါက်တာလီလည်းလန့်နိုးခဲ့သည်။

"ဖေဖေ ခုတင်အောက်မှာ ဝပ်နေ ဝပ်နေ ကယ်ဆယ်ရေးအဖွဲ့ထင်တယ်"

ဗိုလ်ကြီးကင်သည် တစ်ဖက်ရန်သူ သိသွားပြီဟု နားလည်လိုက်သည့် တစ်ပြိုင်နက် ရဲတိုက်အနောက်ဘက် တပ်စုကို -



www.burmeseclassic.com

www.burmeseclassic.com

"ဝက်ဝံဖြူ ဝက်ဝံဖြူ စတင်ပစ်၊ အပေါ်ထပ်နဲ့ အောက်ဘက်အဆောင်ကို ဖိပစ် ပစ်"

နစ်ဖက်ပစ်ခတ်သံများ တစ်ပြိုင်တည်းကြားရသည်၊ နားကွဲမတတ်။ ယောင်းက ကျည်ကာပစ်ပေးနေစဉ် ဒွန်သည် ဆရာဝန်ကို ချုပ်ထားသည့် အခန်းတံခါးကို ရိုက်ဖွင့်ကာ သျှီနှင့် ဆရာဝန်ကို အတင်းဆွဲထုတ်ပြီး ဒွန်၏ နှုတ်မှလည်း အော်ဟစ်ကာ -

"ဆရာကြီး အခန်းပေါက် တံခါးကြီးကိုပြေး ပြေး" သျှီသည် ဖခင်ကို တွဲကာ ပြေးအထွက် အပေါ်ထပ်က လူဆိုးတစ်ဦးက ဆရာဝန်ကြီးတို့ဆီ လှမ်းပစ်ပြန်သည်။

"ဖုတ်··ဖုတ်··ဖုတ်" ကျည်တစ်ခု ဆရာဝန်ကြီးခြေကို ရှပ်ထိပြီး လဲကျသွားသည်။ ဒွန်နှင့်ယောင်တို့ကလည်း လှေကားပေါ်မှ လူဆိုးကိုပစ်ချနိုင်သည်။ သျှီသည် ဖခင်ကိုအတင်းမချိ တွဲထုတ်ကာ ခြံအဝင်လမ်းသို့ဦးတည်ပြေးသည်။ မနိုင်မနင်း သျှီတို့ပြေးထွက်လာသည်ကို ဗိုလ်ကြီးကင်၏ စကင်နာတွင်မြင်နေရသည်။ ထိုစဉ် လသာဆောင်ဘက်သို့ လူဆိုးများ ရုပ်ပြထွက်လာသည်။ ဗိုလ်ကြီး တပ်ဖွဲ့ကို ပစ်မိန့်စပေးသည်။

"လသာဆောင်ကို ဖိပစ် · ·ပစ် အောက်ထပ်ကို မပစ်နဲ့ အပေါ်ထပ်ကို ပစ် ပစ်" လသာဆောင်မှလာသော ကျည်နှင့် မြေပြင်မှ လသာဆောင်ဆီ ပစ်သော ကျည်တို့ ဖွေးရောယှက်တင်နေသည်။ ထိုကျည် နစ်ခုကြားထဲ ဆရာဝန်ကြီးမပြေးနိုင်ဖြစ်နေ၍ -

"သျှီ သမီး ပြေး··ပြေး ဖေဖေ့ကို ထားခဲ့ ထားခဲ့"

မထားဘူး ဖေဖေ၊ သေရင်လဲ ဖေဖေနဲ့အတူ အသေခံမယ်" သျှီသည် ဖခင်ကို အတင်းမထူ၍ တွဲပြေး ပြေးသည်။ ထိုစဉ် ဗိုလ်ကြီးကင်က အော်ပြောသည်။

"ဆရာကြီး အိမ်ခေါင်းရင်းကိုပြေး ပြေး အဲဒီမှာ လျှိုရှိတယ်" သျှီသည် ကြားသည့်အသံအတိုင်း ဖခင်ကို တွဲကာ အတင်းပင် ခေါင်းရင်းပိုင်းကို ပြေးခဲ့သည်။ မှောင်ကလည်း မှောင် အောက်ခြေကလည်း မရှင်းသဖြင့် လျှိုချိုင့်အတွင်း သျှီနှင့် ဆရာဝန်ကြီးတို့ ပြုတ်ကျသွားတော့သည်။ မူးယစ်ဆေးဝါး ဂိုဏ်းကလည်း သူတို့၏ အနိုင်အမာ စခန်းဖြစ်၍ အပြင်းအထန်ခုခံနေသည်။ ဒုံးပစ်လောင်ချာများပင် အသုံးပြုနေသည်။ ထိုစဉ် ဗိုလ်ကြီးကင်ထံ ဖုန်းသတင်းရောက်လာသည်။

"ဝက်ဝံဖြူ ဝက်ဝံဖြူ ဒွန်သတင်းပို့ပါတယ်၊ ဆရာဝန်ကြီးအဖွဲ့ ကျည်လွတ်ရာရောက်သွားပြီ" ဗိုလ်ကြီးကင်သည် အိမ်တွင်း၌ ဆရာဝန်ကြီးမရှိတော့ကြောင်း သိသိချင်း လေကြောင်းအကူအညီတောင်းခံသည်။ အပါချီရဟတ်ယာဉ် ရဲတိုက်အပေါ် ရောက်လာသည်။ ဝေဟင်မှ မြေပြင်ခွင်းဒုံးကျည် နစ်စင်းဖြင့် ရဲတိုက်ကြီးကို ပစ်ခွင်းခဲ့သည်။ ပေါက်ကွဲသံကြီးနှင့်အတူ ရဲတိုက်ကြီး ပြိုကျသွားကာ တိုက်ပွဲပြီးဆုံးခဲ့သည်။ ဗိုလ်ကြီးကင်သည် သူ့တပ်ဖွဲ့ကို လူစုစစ်ဆေးရာ လူစုံသော်လည်း ဆရာဝန်ကြီးနှင့် သျှီတို့ကို မတွေ့သေးပေ။ သို့ရာတွင် တိုက်ပွဲကာလအတွင်းက ဆရာဝန်တို့ကို လျှိုဘက်ပြေးရန် သတိပေးခဲ့သည်ကို အမှတ်ရခဲ့သည်။

◆ ◆ ◆

ဖခင်ကို မနိုင်မနင်းတွဲယူ ဖေးမပြေးနေသော သျှီနှင့် ဆရာဝန်ကြီးတို့သည်လျှိုထဲပြုတ်ကျသည်။

တစ်ယောက် တစ်ကွဲဖြစ်သွားကာ၊ ဆရာဝန်ကြီးကတော့ လျှိုစောင်းသစ်ပင်တစ်ပင်တွင် ကန့်လန့်ဖြတ်တင်ကျန်ရစ်ခဲ့သည်။

သျှီကတော့ လျှိုဆင်ချောက်ကျွှာ အတွင်း လိမ့်ဆင်းကာ ကျောက်ဆောင်တစ်ခု ခေါင်းကိုထိမိပြီး သတိမေ့သွားတော့သည်။

ဗိုလ်ကြီးကင်နှင့် ကယ်ဆယ်ရေးအဖွဲ့သည် သိပ်မနက်လှသော လျှိုကို တောနင်းရှာဖွေခဲ့ရာ ဆရာဝန်ကြီးကို သတိရလျက် တွေ့ရှိပြီး သျှီကတော့ မေ့မျောလျက်သား ရှာဖွေတွေ့ခဲ့ကြသည်။ သူတို့ နစ်ဦးကို ရဟတ်ယာဉ်ဖြင့် ဗဟိုဆေးရုံသို့ တင်ပို့ခဲ့ကြသည်။

◆ ◆ ◆

ဆက်လက်ဖော်ပြပါမည် · · ·

ညီမြင်းလွင် (မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဖိုးတွမ်တီး နှင့် ဆင်ခြင်တုံတရား

ဦးဝင်းလှိုင် [တရားရုံးချုပ်ရှေ့နေ]

ကျွန်တော်တို့ လူတစ်ဦး၏ စိတ်ထဲတွင် မည်သို့သော အတွေးအကြံ ရှိနေကြောင်း သိရန်ခက်ခဲ၏။ ယေဘုယျအားဖြင့် အပြုအမူ၊ ပြောဆိုသည့်စကားတို့အရသာ အကဲခတ်နိုင်ကြပေသည်။ ယေဘုယျဟု ဆိုထားသည့်အတွက် မည်မျှမှန်နိုင်ပါမည်နည်း။ အစိတ်အပိုင်းတစ်ရပ်မျှသာ ဖြစ်ပေမည်။

တရားရုံးတော်သို့ ရောက်ရှိလာသော မှုခင်းများကို ကြားနာစစ်ဆေးရသောအချိန်နှင့် အခင်းဖြစ်ပွားချိန်သည် တစ်ထပ်တည်းမဖြစ်နိုင်ပေ။ ပြစ်မှုဆိုင်ရာ မှုခင်းများအနေဖြင့် ရဲမှ တရားစွဲတင်သောမှုခင်း။ ဦးတိုက်လျှောက်ထားသော မှုခင်း ဟူ၍ ကွဲပြားပြန်လေရာ အခြေအနေအလျောက် အချိန်ကွာဟမှု ဖြစ်နိုင်ပေ၏။ သို့ကြောင့်ပေလားမသိ၊ တစ်ချိန်သောခေတ်အခါက 'မှန်မှန်နှင့် မြန်မြန်' စီရင်ကြရန် စကားရပ်များ ပေါ်ထွန်းလာခဲ့ပေသေးသည်။

မှန်မှန်နှင့် မြန်မြန် စကားရပ် ခေတ်စားချိန်က တရားသူကြီးတို့သည် အမှုကြွေးကျန်စာရင်းတွက်ရခြင်းမှာ နေ့စဉ်အလုပ်တစ်ခု ဖြစ်နေ၏။ မတွက်၍မဖြစ်။ အဆင့်ဆင့် မြင့်ရာ တရားရုံးမှ အောက်ရုံးများသို့ ဖိနှိပ်လေသည်။ ကြွေးကျန်များလျှင် တရားသူကြီးတို့ ညည်းကြ၏။ ၎င်းတို့၏ မိသားစုအကြွေးများသည့် ညည်းချင်းထုတ်သည်ကို မကြားဖူးသော်လည်း အမှုလက်ကျန်ကြွေးများသည်ကို ညည်းချင်းသံကြား ရှေ့နေတိုင်းကြားကြရပေသည်။ ယခုအခါ ထိုအသံအနည်းငယ်စဲသည်ဟု ဆိုရပေမည်။ ရှေ့နေတို့ကား မြန်ခြင်းထက် မှန်ခြင်းကိုသဘောတွေ့ကြ၏။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၂၅၃(၁)တွင် တရားလိုနှင့် သက်သေများအား ကြားနာစစ်ဆေးပြီးနောက် စွပ်စွဲခံရသူအပေါ် ပြစ်မှုထင်ရှားစီရင်ထိုက်မည့်အမှု တစ်စုံတစ်ရာ မတွေ့ရှိလျှင် တရားသူကြီးသည် စွပ်စွဲခံရသူကို စွဲချက်မှ လွှတ်ရမည့်အကြောင်း ပြဋ္ဌာန်းထားပေသည်။ ထိုပြဋ္ဌာန်းချက်အရ တရားလိုပြ သက်သေများအားလုံးကို ကြားနာစစ်ဆေးရမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။

ပုဒ်မ-၂၅၃(၂)တွင်လည်း စွဲဆိုသည့် အချက်သည် အခြေအမြစ်မရှိကြောင်း ထင်မြင်လျှင် မည်သည့်အဆင့်၌မဆို စွပ်စွဲခံရသူအား လွှတ်ပေးရန် မည်သည့်အချက်ကမျှ တားမြစ်ခြင်းမရှိကြောင်း ပြဋ္ဌာန်းထားပေသည်။ ကျွန်တော်သည် ဤပြဋ္ဌာန်းချက်များကို အနှစ်ချုပ် တင်ပြခြင်းသာ ဖြစ်ပေသည်။ ပြည့်ပြည့်စုံစုံ သိလိုပါက ပြဋ္ဌာန်းဥပဒေကိုသာ ညွှန်းလိုပါသည်။

ဤပုဒ်မ၏ အာဏာကို ကျင့်သုံးရန်အတွက် တရားသူကြီးတာဝန်ထမ်းဆောင်ရသူများအတွက် ဆင်ခြင်တုံတရား အလွန်အရေးကြီး၏။ ဆင်ခြင်တုံတရားဆိုသည်ကား တရားသူကြီး၏ ဥပဒေပညာရပ်အပေါ် လေ့လာဆည်းပူးထားသည့် စွမ်းအင်နှင့် လောကီလူမှုသုတပညာရပ်ဆိုင်ရာ ဆည်းပူးထားသော အင်အားတို့ကို အသုံးချရခြင်းဟု ဆိုရပေမည်။

မြန်မာအဘိဓာန်တွင် 'ဆင်ခြင်'က ချင့်ချိန်သည်၊ စဉ်းစားသည်၊ သုံးသပ်သည်ဟု ပြဆိုထားပါသည်။ 'ဆင်ခြင်တုံတရား'ကိုမူ သင့်မသင့် အကြိမ်ကြိမ် ဆင်ခြင်စဉ်းစားမှုဟု တွေ့ရှိရပါသည်။ ဤမျှဆိုလျှင် တရားသူကြီးတစ်ဦး၏ တာဝန်ကား မည်မျှကြီးမားကြောင်း သုံးသပ်နိုင်ကြပေမည်။

ဤစာစုကို ဤမျှ နိဒါန်းချီနေခြင်းသည်လည်း အများပြည်သူတို့အကြား ရေပန်းစားလှသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၂၀ အရ စွဲဆိုမှုတစ်ရပ်ကို သာဓကဆောင် တင်ပြလိုခြင်းကြောင့် ဖြစ်ပေသည်။ ရေပန်းစားလှသည်ဟု သုံးရခြင်းသည်လည်း ပုဒ်မပြဋ္ဌာန်းချက် အတိအကျ မသိရှိကြသည့်တိုင်အောင် 'ဖိုးတွမ်တီး'ဟု လူသိများကြသောကြောင့် ဖြစ်ပေသည်။ အနှစ်ချုပ်ဆိုရလျှင် 'လိမ်လည်မှု'ဖြစ်ပေသည်။

စာရှုသူတို့အား ပုဒ်မ-၄၂၀ ပြဋ္ဌာန်းချက်အကျဉ်းကိုလည်း သိစေလိုသည်။ ပစ္စည်းကို ပေးအပ်စေရန် လိမ်လည်၍ မရိုးမဖြောင့်သော သဘောနှင့် မည်သူမဆို လှည့်ဖြားခြင်းခံရသူအား သွေးဆောင်လျှင် ပြစ်မှုမြောက်ပေသည်။ ထိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် အထက်တွင်တင်ပြခဲ့သည့် ပြစ်မှုနှင့် ကျင့်ထုံးပုဒ်မ နှစ်ခုလုံးနှင့် သက်ဆိုင်သော စီရင်ထုံးတစ်ရပ်ဖြင့် သာဓကဆောင် တင်ပြလိုပေသည်။ တကယ်တော့ ကျွန်တော်တို့ကသာ ဇာတ်လမ်းတစ်ပုဒ်နှယ် ရေးပြခြင်းဖြစ်သည်။ ကာယကံရှင်တို့ အဖို့ကား ချွေးသံတရွှဲရွှဲ ကြဲခဲ့ကြရပေသည်။

ကာလအနေဖြင့် ၁၉၈၁ ခုနှစ်၊ ရေးတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့တွင် ဖြစ်ပွားမှုဖြစ်သည်။

ဦးဘိုးကျင်နှင့် ဒေါ်ခင်ထွေးတို့ အိမ်တစ်လုံးပိုင်သည်။ ထိုအိမ်ကို ဦးအုန်းမောင်သို့ တန်ဖိုးငွေ ၁၄၅၀၀ိ/-ဖြင့် ရောင်း၏။ နှစ်ဦးနှစ်ဖက် အရောင်းအဝယ် သဘောတူစာချုပ်ချုပ်ကြသည်။ ဦးစွာ စရန်ငွေ ၅၀၀၀ိ/-ကို ဦးအုန်းမောင်က ဦးဘိုးကျင်တို့သို့ ပေး၏။ အသိသက်သေများရှေ့တွင် ပေးခြင်းဖြစ်သ်။ ထိုငွေ ၅၀၀၀ိ/-ကို စရန်ပေးခြင်းသည်လည်း တစ်လုံးတစ်စည်းတည်း မဟုတ်။ ၃-၃-၈၁ ရက်နေ့တွင် ၃၀၀၀ိ/-ပေး၏။

ဦးအုန်းမောင်က စရန်ငွေ ၃၀၀၀ိ/-ပေးချေပြီး ဦးဘိုးကျင်အိမ်ပေါ် တက်နေသည်။ ၁၀-၄-၈၁ နေ့ရောက်သောအခါ နောက်ထပ် စရန်ငွေ ၂၀၀၀ိ/-ကို ဦးအုန်းမောင်က ဦးဘိုးကျင်တို့သို့ ပေးသည်။ ဦးဘိုးကျင်ကလည်း လက်မှတ်ရေးထိုးလက်ခံသည်။ ကျန်ငွေ ၉၅၀၀ိ/-ကိုကား ၁၉၈၂ ခုနှစ်၊ မတ်လအတွင်း ပေးချေရန် နှစ်ဦးနှစ်ဖက် သဘောတူထားကြပြီး ဖြစ်သည်။

ဤအမှုပြဿနာအစကား ကျန်ငွေပေးချေချိန်မှ ဖြစ်သည်။ ၁၉၈၂ ခုနှစ်၊ မတ်လတွင် ဦးအုန်းမောင်က ကျန်ငွေ ၉၅၀၀ိ/-ကို ဦးဘိုးကျင်သို့ပေးချေသည်။ ဦးဘိုးကျင်က လက်မခံ။ ဤတွင် ဦးအုန်းမောင်က ဒေါသမီးအိုးပေါက်ကွဲသည်။ ဦးဘိုးကျင်တို့က စာချုပ်ချုပ်ဆိုပြီး လိမ်လည်ရယူသည်ဆိုကာ ဦးအုန်းမောင် ကျုံပျော်ရဲစခန်းသို့ တိုင်သည်။

ကျုံပျော်ရဲစခန်းက ဦးဘိုးကျင်နှင့် ဇနီးဒေါ်ခင်ထွေးတို့ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၀ အရ ကျုံပျော်မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့သည်။

ကျုံပျော်မြို့နယ်တရားရုံးက ဦးအုန်းမောင်နှင့် တရားလိုပြသက်သေများကို စစ်သည်။ ဦးဘိုးကျင်တို့က မိမိပိုင်အိမ်ကို ရောင်းသည်။ စရန်ငွေ ၅၀၀၀ိ/- ရယူသည်။ စာချုပ်ပါ စည်းကမ်းချက်အတိုင်း ၁၉၈၂ ခုနှစ်၊ မတ်လတွင် ကျန်ငွေ ၉၅၀၀ိ/-ကို ပေးချေပါက စာချုပ်ပေးမည်။ ကျန်ငွေပေးချေသည့်အခါ ဦးဘိုးကျင်တို့က လက်ခံရန် ငြင်းဆိုပြီး အရောင်းစာချုပ်ကို မပေးခဲ့ကြောင်း အငြင်းမပွားကြပေ။

ဤအမှု ကျုံပျော်မြို့နယ်တရားရုံးက ဦးဘိုးကျင်တို့ ဇနီးမောင်နှံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၀ အရ စွဲချက်တင်သည်။ ဦးဘိုးကျင်တို့က မကျေနပ်၍ ဧရာဝတီတိုင်းတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့ကြသည်။ မအောင်မြင်ပေ။ ဗဟိုတရားရုံး သို့ ဆက်လက်၍ ပြင်ဆင်မှုတင်သွင်းသည်။ ဗဟိုတရားရုံးတော် က ကျယ်ကျယ်ပြန့်ပြန့် ကြားနာသည်။

အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ် ချုပ်စဉ်အခါက ဦးဘိုးကျင်တို့သည် အိမ်နှင့်မြေကို ပိုင်ဆိုင်နေသည်။ အိမ်နှင့်မြေ မရှိဘဲ အိမ်မြေရှိသည့်ပမာ လိမ်လည်ရောင်းချ၍ လှည့်ဖြားကာ စရန်ငွေရယူခဲ့ကြောင်း မဟုတ်သည်ကို တွေ့သည်။ ဦးဘိုးကျင် တို့က စရန်ငွေ ၃၀၀၀ိ/-ကို ဦးအုန်းမောင်ထံမှ လက်ခံရပြီး နောက်တွင် ဦးအုန်းမောင်မိသားစုကို အိမ်ပေါ်နေထိုင်ခွင့် ပြု သည်ကိုလည်း တွေ့ရှိသည်။ စရန်ငွေရရှိပြီး အကြောင်းတစ်ခု ကြောင့် အိမ်နှင့်မြေကို ရောင်းချရန် ငြင်းဆိုခြင်းသည် ချုပ် ထားသော ကတိကို ဖောက်ဖျက်ရာရောက်နိုင်သော်လည်း လိ လည်လှည့်ဖြား၍ စရန်ငွေရယူကြောင်း မပေါ်ပေါက်သဖြ ပုဒ်မ-၄၂၀ အရ အရေးယူနိုင်မည်မဟုတ်ဟု သုံးသပ်သည်

ဗဟိုတရားရုံးတော်မှ ကျုံပျော်မြို့နယ်တရားရုံးမှ စွဲချ အမိန့်နှင့် ဧရာဝတီတိုင်းတရားရုံး၏ အမိန့်တို့ကို ပယ်ဖျက်သည် ဦးဘိုးကျင်တို့ဇနီးမောင်နှံကို စွဲချက်မတင်မီ ပြန်လွှတ်သည့်အမ ချမှတ်ခဲ့ပေသည်။

စာရှုသူတို့ ဆက်လက်စဉ်းစားရန် ကျန်ရှိနေဦးမည် ဖြ သည်။ နှစ်ဖက်အမှုသည်တို့သည် တစ်အိမ်တည်းနေကြသည် အရောင်းအဝယ် စရန်ပေးစာချုပ်နှင့် ဦးအုန်းမောင်တို့က နေ ခြင်းဖြစ်သည်။ ဦးဘိုးကျင်ကလည်း အရောင်းအဝယ်ဆက်မ လိုကြောင်း ထင်ထင်ရှားရှားငြင်းခဲ့ချေပြီ။ ဘာဆက်လုပ်မည်နည်

ကျွန်တော်တို့ ဥပဒေရေးရာအနေဖြင့်ဆိုလျှင် ဦးအု မောင်တို့က စရန်ငွေနှင့် နစ်နာကြေး တစ်စုံတစ်ခုတောင်းဆို ပေသည်။ သို့မဟုတ်ပါကလည်း စာချုပ်ပါ စည်းကမ်းချ အတိုင်း ကျန်ငွေ ၉၅၀၀ိ/-ကို ပေးချေပြီး စာချုပ်ချုပ်ဆို စွဲဆိုခွင့် ရှိပေမည်။ ဦးဘိုးကျင်တို့ကလည်း ရယူထားသည့် စ ငွေကို ပြန်အမ်းပေးစေလိုမှု ဆောင်ရွက်သင့်ပေသည်။

စာရှုသူခင်ဗျား ... ဤနှစ်ဦးနှစ်ဖက် တစ်ဖက်စီ တစ်လှည့်စီနေ၍ စဉ်းစားခြင်းဖြင့် ...။

**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့ေ**

**ကိုးကား**

- ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၂၀
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၂၅၃
- ဦးဘိုးကျင်ပါ-၂ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (၁၉၈၃၊ မတစ-၁၃၂)



www.burmeseclassic.com

www.burmeseclassic.com

# အမှုတွေပြေအောင်စေမယ့်
# ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

**မြန်မာဗုဒ္ဓဘာသာမှာ သေတမ်းစာနဲ့ အမွေခွဲလို့ရသလား**

ဆရာရှင့် ...

ကျွန်မနဲ့ မောင်ဟာ သမီးရည်းစားဘဝနဲ့ သုံးနှစ်သုံးမိုး ချစ်ကြိုက်နေခဲ့ကြပြီးမှ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ချမ်းသာတဲ့ မောင့်မိဘတွေကတော့ သဘောမတူခဲ့ကြပါဘူး။ အဲဒါတွေက ခုဆို အနှစ်နှစ်ဆယ်တောင် ကျော်ခဲ့ပါပြီ။ မောင့်မိဘတွေလည်း မရှိကြတော့ပါဘူး။

ခုတော့ မောင်က သားကြီးသြရသဖြစ်လို့ မိဘလက်ငုတ်ဖြစ်တဲ့ ဆန်စက်နဲ့ ဆီစက်ကို တာဝန်ယူအုပ်ချုပ် လုပ်ကိုင်ရပါတယ်။ လုပ်ငန်းကရတဲ့ အကျိုးအမြတ်တွေကို သုံးလတစ်ကြိမ် စာရင်းရှင်းပြီး ညီနဲ့ ညီမနှစ်ယောက်ကို အချိုးကျ ခွဲဝေပေးပါတယ်။

ပထမတစ်နှစ်မှာတော့ ပြဿနာမရှိပေမဲ့ နောက်ပိုင်းနှစ်တွေမှာ ညီနဲ့ ညီမတွေ လောဘတက်ပြီး မောင်က စာရင်းလိမ်ပြသလို၊ တကယ်ရတဲ့ ဝင်ငွေကို ထိမ်ချန်ထားသလိုလို သံသယလေသံလေးတွေ ထွက်လာပါတယ်။

ဒါထက်ဆိုးတာက ကျွန်မဝတ်နိုင်စားနိုင်တာကို မနာလိုဝန်တိုဖြစ်ပြီး၊ ကျွန်မသားသမီးမရနိုင်တာကို အကြောင်းပြုပြီး ကွယ်ရာမှာ ကျွန်မကို 'အမြုံမ'လို့ မကြားတကြား ခေါ်လာကြပါတယ်။ ဒါ့ထက် ပိုဆိုးတာက မောင့်လက်အောက်က မန်နေဂျာတစ်ယောက်နဲ့ ကျွန်မတို့ ဘာလိုလိုဖြစ်နေကြသယောင်ယောင် သွားပုပ်လေလွင့် လုပ်လာကြပါတယ်။

မောင်ကတော့ အဲဒီကိစ္စကို လုံးဝ အယုံအကြည်မရှိပါဘူး။ ဒါပေမဲ့ သွေးသားအရင်းအချာတွေက ဘေးကနေ ဝိုင်းပြီး တိုက်ဖန်များလာတော့ သူစိမ်းဖြစ်တဲ့ ကျွန်မအပေါ် မောင်သံသယဝင်လာပါတော့တယ်။ အဲဒီသံသယ တဖြည်းဖြည်းကြီးထွားလာပြီး မောင်ကိုယ်တိုင် ကျွန်မရဲ့ ကိုယ်ကျင့်သိက္ခာကို ထိပါးစေတဲ့ စကားအသုံးအနှုန်းတွေနဲ့ စွပ်စွဲလာပါတော့တယ်။ မာနကို ထိခိုက်လာရင် ဆတ်ဆတ်ထိမခံတဲ့ ကျွန်မဟာ တစ်ရက်ကလေးတောင် မဆိုင်းတော့ဘဲ ချက်ချင်း အိမ်ပေါ်က ဆင်းလာပါတော့တယ်။

အံ့ဩဖို့ကောင်းတာက ကျွန်မမိဘအိမ်ရောက်လို့ ၁၅ ရက်တောင် မပြည့်သေးဘူး။ မောင်ရုတ်တရက်ဆုံးတယ်ဆိုတဲ့ သတင်းဆိုး ရောက်လာပါတော့တယ်။ ကျွန်မ ချက်ချင်းရောက်သွားတော့ မောင်ဟာ နဂိုက အခံရှိတဲ့ နှလုံးရောဂါ ရုတ်တရက်ဖောက်လာလို့ သေဆုံးရတာလို့ သိရပါတယ်။

ရက်လည်နေ့မှာ မောင့်ညီနဲ့ ညီမတွေက စာချုပ်တစ်ခုကို ထုတ်ပြတယ်။ မောင်မဆုံးခင် ကိုယ်တိုင်ရေးသွားတဲ့ သေတမ်းစာတဲ့ရှင့်၊ ကျွန်မဖတ်ကြည့်တော့ ကျွန်မတို့နေခဲ့တဲ့ နှစ်ထပ်တိုက်ကအစ အတွင်းပစ္စည်းတွေ၊ ဆန်စက်၊ ဆီစက်တွေကို သူ့ညီနဲ့ ညီမတွေ နာမည်နဲ့ လွှဲပြောင်းပေးထားတာ တွေ့ရပါတယ်။ စာချုပ်ကို ကျွန်မ မယုံကြည်နိုင်ပေမဲ့ မောင်လက်မှတ်ထိုးထားတာ တွေ့လိုက်ရပါတယ်။

ဆရာရှင့် ... ကျွန်မသိချင်တာက ဒီစာချုပ်ဟာ အတုလား၊ အစစ်လား။ မောင့်လို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတစ်ယောက်က ဒီလို သေတမ်းစာရေးပြီး အမွေခွဲပေးခဲ့လို့ ရသလားဆိုတာပါပဲရှင့်။

အထူးကျေးဇူးတင်လျက်
မြင့်မြင့်စန်း၊
ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။

မမြင့်မြင့်စန်းခင်ဗျား ...

တစ်ခါတစ်ရံ မြန်မာရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်လမ်းတွေမှာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတစ်ယောက်က သူမသေခင် ရှေ့နေရှေ့ရပ်ခေါ်ပြီး သေတမ်းစာရေးပြီး သားသမီးတွေကို အမွေခွဲပေးခဲ့တာမျိုး တွေ့ရပါတယ်။ တရားဥပဒေကို ကောင်းကောင်း နားမလည်တဲ့ ရုပ်ရှင်ကြည့်ပရိသတ်အများစုက ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ ဒီလိုသေတမ်းစာရေးပြီး အမွေခွဲပေးလို့ရတယ်လို့ ထင်မှတ်မှားသွားတတ်ကြပါတယ်။

အမှန်တော့ ဒီလို သေတမ်းစာရေးပြီး အမွေခွဲပေး



www.burmeseclassic.com

www.burmeseclassic.com

တာမျိုးကို ခရစ်ယာန်ဘာသာမှာသာ လုပ်ပိုင်ခွင့်ရှိပါတယ်။ မြန်မာဗုဒ္ဓဘာသာဝင်တွေအနေနဲ့ သေတမ်းစာရေးပြီး အမွေခွဲ ပိုင်ခွင့် လုံးဝမရှိပါဘူး။

အခု မမြင့်မြင့်စန်းရဲ့ခင်ပွန်း ရေးခဲ့တယ်ဆိုတဲ့ သေတမ်းစာဟာ အတုပဲဖြစ်ဖြစ်၊ အစစ်ပဲဖြစ်ဖြစ် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရတော့ တရားမဝင်တဲ့ စက္ကူတစ်ရွက်သာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လင်သေရင် မယားကသာ အမွေဆက်ခံခွင့်ရှိတာကြောင့် ခင်ပွန်းသည် ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းမှန်သမျှ မမြင့်မြင့်စန်း တစ်ဦးတည်းသာ အမွေဆက်ခံခွင့်ရမှာဖြစ်ကြောင်း ဖြေကြားလိုက်ပါတယ်။

xxx xxx xxx

## ခင်ပွန်းသည် ရဟန်းဘောင် ကူးပြောင်းသွားရင် မယားစရိတ်၊ ကလေးစရိတ်ပေးရန် မလိုတော့ဘူးလား

ဆရာရှင် ...

ကျွန်မရဲ့ ခင်ပွန်းဖြစ်သူဟာ အစိုးရဝန်ထမ်းဖြစ်ပါတယ်။ ကျွန်မတို့ အိမ်ထောင်သက် အနှစ်နှစ်ဆယ်ကျော်ရှိပြီး သားသမီး သုံးယောက် ထွန်းကားခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်က ခင်ပွန်းသည် မြစ်ကြီးနားကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မက သားသမီးကျောင်းကိစ္စတစ်ဖက်၊ စီးပွားရေးတစ်ဖက်နဲ့မို့ သူနဲ့ လိုက်မသွားနိုင်ဘဲ ကျွန်မတာတိ ပဲခူးမြို့မှာပဲ နေခဲ့ရပါတယ်။

သူမြစ်ကြီးနားမှာ အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်လိုက်သလိုလို သတင်းကြားလို့ ကျွန်မမယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေခဲ့ပါတယ်။ သိပ်မကြာခင် သူရန်ကုန်ပြန်ပြောင်းရတယ်ကြားလို့ သွားတွေ့လိုက်တော့ သူ့နောက်မိန်းမ တစ်ပါတည်းလိုက်ပါလာတာ တွေ့ရပါတယ်။ သူက နောက်အိမ်ထောင်နဲ့ မကွာရှင်းပေးနိုင်ဘူးလို့ တင်းတင်းမာမာ ပြောတယ်။

ဒါကြောင့် ကျွန်မရင်နာနာနဲ့ ပြန်လာပြီး ပဲခူးတရားရုံးကနေ မယားစရိတ်နဲ့ ကလေးစရိတ် လျှောက်ထားခဲ့ပါတယ်။ တရားရုံးက သူ့ကို ဆင့်ခေါ်ပြီး စစ်ဆေးတဲ့အခါ ကျွန်မရဲ့ ခွင့်ပြုချက်မရဘဲ နောက်အိမ်ထောင်ပြုတာ ပေါ်လွင်တဲ့အတွက် တရားရုံးက သတ်မှတ်နှုန်းအတိုင်း လစဉ်မှန်မှန် မယားစရိတ်နဲ့ ကလေးစရိတ် ထောက်ပံ့ပေးဖို့ အမိန့်ချမှတ်ခဲ့ပါတယ်။

ပထမသုံးလအထိတော့ ရန်ကုန်ကနေ ပဲခူးကို စာတိုက်ကတစ်ဆင့် ငွေမှန်မှန်ပို့ပါတယ်။ နောက်ပိုင်း နှစ်လကြာတဲ့အထိ ငွေရောက်မလာတာနဲ့ ကျွန်မ ရန်ကုန်ဆင်းပြီး သွားတွေ့တော့ သူ့ကို လူဝတ်ကြောင်ဘဝနဲ့ မမြင်ရတော့ပါဘူး။ ဗဟန်းကြားတောရလမ်းက ကျောင်းတိုက်တစ်ခုမှာ သင်္ကန်းဝတ်နဲ့ ဖြစ်နေပါတယ်။ သူ့နောက်မယားလည်း စိတ်ညစ်ပြီး မြစ်ကြီးနားပြန်သွားတယ်တဲ့။

သူ(ဦးပဥ္စင်း)က ပြောတယ်။ သူဟာ ရဟန်းဘဝ ကူးပြောင်းသွားပြီမို့လို့ လူ့ဘဝနဲ့ မပတ်သက်တော့ဘူး။ ဒါကြောင့် လစဉ်ပေးပို့နေတဲ့ မယားစရိတ်နဲ့ ကလေးစရိတ်ကိုလည်း ပေးစရာမလိုအပ်တော့ဘူးလို့ ပြောပါတယ်။

ကျွန်မ အဲဒါကို မကျေနပ်လို့ မေးပါရစေဆရာ။ ခင်ပွန်းသည် ရဟန်းဘဝ ကူးပြောင်းသွားတာနဲ့ တရားရုံးက ချမှတ်ထားတဲ့အမိန့်ဟာ အလိုအလျောက် ပျက်ပြယ်သွားပါသလား။ ကျန်ခဲ့တဲ့ မယားနဲ့ သားသမီးတွေအတွက် ဘာအခွင့်အရေးမှ မရှိတော့ဘူးလားဆိုတာ ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ဆရာရှင်။

လေးစားစွာဖြင့်

မခင်သူဇာ

ဖိုင်းဂနိုင်းရပ်၊ ပဲခူးမြို့။

မခင်သူဇာခင်ဗျား ...

မခင်သူဇာရဲ့ အိမ်ထောင်ရေးပြဿနာက ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ထူးထူးခြားခြား ရှားရှားပါးပါး ဖြစ်မှုတစ်ခုပါပဲ။ ဒါပေမဲ့ ကံအားလျော်စွာ မခင်သူဇာရဲ့ ဖြစ်ရပ်နဲ့ ထပ်တူမဟုတ်ပေမဲ့ အနှစ်သာရချင်း ဆင်တူတဲ့ ရှားရှားပါးပါး တရားစီရင်ထုံးတစ်ခုတော့ တွေ့ရတယ်။

အဲဒီ စီရင်ထုံးကတော့ (၁၉၅၄ မတစ၊ လွှတ်တော်၊ ၇၆) ဖြစ်ပါတယ်။ အဲဒီ စီရင်ထုံးမှာ ဘယ်လိုဆုံးဖြတ်ထားခဲ့လဲဆိုရင် ...

''လူတစ်ယောက်သည် ရဟန်းဘောင်ကူးဝင်သွားစေကာမူ မယားစရိတ်နှင့် သမီးစရိတ်ပေးရန် တာဝန်မှ မလွတ်ကင်းပေ''

ဒါ့ကြောင့် မခင်သူဇာရဲ့ခင်ပွန်းသည်ဟာ ရဟန်းဘဝ ကူးပြောင်းသွားပေမဲ့ အစိုးရဝန်ထမ်းဖြစ်တဲ့ လူ့ဘဝက ပင်စင်လစာကို ဆက်လက်ခံစားခွင့်ရှိနေသလိုပဲ လူ့ဘဝကချမှတ်ခဲ့တဲ့ တရားရုံးရဲ့အမိန့်ဟာလည်း မပျက်ပြယ်ဘဲ ဆက်လက်တည်မြဲနေဦးမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် မခင်သူဇာရဲ့ ခင်ပွန်းသည် ရဟန်းဘဝ ကူးပြောင်းသွားပေမဲ့ မယားစရိတ်နဲ့ ကလေးစရိတ်တွေ ဆက်လက်ပေးကမ်း ထောက်ပံ့သွားရမှာဖြစ်ကြောင်း ဖြေကြားလိုက်ပါတယ်။

အောင်မြင်ပါစေ


ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]



www.burmeseclassic.com

www.burmeseclassic.com

## အိမ်ဈေးဆိုင်ထဲသို့ ဝင်ရောက်တိုက်ခိုက်မိသော ယာဉ်တစ်စီး



၁၅. ၁. ၂၀၁၃ ရက်နေ့ ညနေ(၅)နာရီအချိန်တွင် အမျိုးသမီးတစ်ဦးသည် ကွာလာလာမ်ပူမြို့မှ တိုယိုတာကိုယ်ပိုင်မှန်လုံကား မောင်းနှင်လာခဲ့သော ကားတစ်စီးသည် စက်ကိုလည်း ထိန်းနိုင်လျက်နှင့် ဘုရားဆင်းတုတော်၊ နတ်ရုပ်များရောင်းချသော ကုန်ဈေးဆိုင်ထဲသို့ ဝင်ရောက်ထိုးဖောက်တိုက်ခိုက်မိရာ ကံကောင်းထောက်မလှ၍ မှန်ကွဲရုံမှအပ လူနှင့်ပစ္စည်းများ၊ ဘုရားပုံတော်၊ ဆင်းတုတော်များနှင့် နတ်ရုပ်များ ထိခိုက်ပျက်စီးခြင်းမရှိဟုဆိုသည်။ အမှုကို မလေးရှားရဲစခန်းမှ ဆက်လက်အရေးယူစုံစမ်းစစ်ဆေးလျက်ရှိ၏။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:- Sin Chew Daily (Malaysia), 15.1.2013, Page(1)***

## လော်ရီကားမောင်းသူ ယာဉ်တိုက်မှုဖြစ်ပွားပြီး တိမ်းရှောင်ခဲ့၊ (၃)နှစ်ကြာမှ ဖမ်းမိထောင်ချ



ယာဉ်တိုက်ခံခဲ့ရ၍ သေဆုံးသူ မစ္စတာဟွမ်ချူးယွမ်



လော်ရီကုန်ကားမောင်းနှင်သူ မစ္စတာရှန်း (Mr Shann)

စင်ကာပူနိုင်ငံ၊ စင်ကာပူမြို့မှ အသက် ၂၈ နှစ်ရှိ လော်ရီကုန်ကားမောင်းနှင်သူ မစ္စတာရှန်း(Shann Menon) သည် လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့ ည ၈ နာရီပတ်ဝန်းကျင်အချိန်တွင် ယာဉ်မောင်းနှင်ရာမှ အသက် ၇၈ နှစ်ရှိ ဘိုးဘိုးအရွယ်ရှိ မစ္စတာဟွမ်ချူးယွမ်က လမ်းမဖြတ်ကူးနေစဉ်အခါ ယာဉ်တိုက်မှုဖြစ်ပွားပြီး သုံးနှစ်ကြာ ထွက်ပြေးတိမ်းရှောင်ခဲ့ရာမှ ၁. ၁. ၂၀၁၃ ရက်နေ့က ဖမ်းဆီးခံခဲ့ပြီး တရားရုံးတော်မှ အမှုကို ကြားနာစစ်ဆေးခဲ့ရာ ၎င်းတရားခံက ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုကို ဝန်ခံခဲ့သဖြင့် ၎င်းမစ္စတာရှန်းအပေါ်၌ ထောင်ဒဏ် တစ်လခွဲ ချမှတ်ခဲ့၏။ ယာဉ်တိုက်ခံခဲ့ရသော ဘိုးဘိုးမစ္စတာဟွမ်သည် ဆေးရုံသို့ တင်ပို့ကုသခဲ့ရာမှ နှစ်ရက်အကြာတွင် သေဆုံးခဲ့သည် ဆိုသည်။


**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:- C.S.T. (Singapore), 3.1.2013, Page(5)***



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးများအလိုရှိသည်

## အပိုင်း(၇၅)

## ဖျာပုံအကျဉ်းထောင် ဖွင့်လှစ်ခဲ့ရာဝယ်

တူးတူးတို့ရေ…

အဲဒီလို အင်းစိန်ရုံးချုပ်ထောက်ဌာနစုရဲ့ ဥပဒေအကြံပေးအဖွဲ့မှာ တာဝန်ထမ်းဆောင်နေရင်း ၁၉၉၁ ခုနှစ်၊ ဇွန်လထဲ အရောက်မှာ ဖျာပုံအကျဉ်းထောင် သွားဖွင့်လှစ်ပေးဖို့ အမိန့်ကျလာပါလေရောဗျာ။ ဖျာပုံထောင်ဆိုလို့ အပြင်ကလူတွေအနေနဲ့ ထောင်သစ်ဖွင့်မှာလို့များ ထင်ကြမလား မသိဘူး။

အမှန်တော့ ဖျာပုံထောင်ဟာ ဗြိတိသျှအစိုးရလက်ထက် ကိုလိုနီခေတ်ကတည်းက တည်ဆောက်ထားခဲ့တဲ့ ထောင်လေး တစ်ထောင်ပါ။ မ-ဇ-လ အစိုးရလက်ထက် ၁၉၈၁ ခုနှစ်လောက်မှာ လုံခြုံရေးအရ ဆိုပြီး ဖျာပုံထောင်အပါအဝင် ထောင် (၁၀)ထောင်ကို ပြည်သူ့ရဲတပ်ဖွဲ့လက်ထဲ လွှဲပြောင်းပေးခဲ့ရတာပါ။ အခုတော့ အဲဒီထောင်တွေကို တစ်ထောင်ပြီးတစ်ထောင် ပြန်လွှဲပြောင်းလက်ခံနေပြီလေ။

ကိုယ်သွားလက်ခံယူရမယ့် ဖျာပုံထောင်ဆိုတာက ဆယ်နှစ်ကျော်ကျော်လောက် ထောင်အသွင်ပျောက်ပြီး ရဲအချုပ်အဖြစ်နဲ့ အသုံးပြုခဲ့ကြတာဗျ။ အဲဒါကို ရဲအချုပ်ခန်းအသွင်သဏ္ဌာန်တွေ ပျောက်ပြီး အကျဉ်းထောင်အငွေ့အသက်တွေဝင်အောင် ပြန်အသက်သွင်းရမှာ မဟုတ်လားဗျာ။

အလုပ်တစ်ခုလုပ်ရင် အမြဲ(၁) အရေးအကြီးဆုံးက ငွေပဲနော်။ ဒါကြောင့် အရင်ဆုံး ထောက်ဌာနစုကနေ ကြိုတင်အသုံးစရိတ် ထုတ်ယူရတယ်။ ပြီးမှ ကိုယ်နဲ့အတူ တာဝန်ကျတဲ့ ထောင်မှူးတစ်ယောက်နဲ့ ဝန်ထမ်းဆယ်ယောက်လောက်ကိုခေါ်ပြီး ဗပသက ထောင်သုံးပစ္စည်းတွေ ထုတ်ရတယ်။ ထောင်သုံးပစ္စည်းတွေထဲမှာ အဓိက မပါမဖြစ်တာက သော့ခလောက်တွေပဲဗျာ။ ထောင်နဲ့ သော့ခလောက်ဆိုတာက ခေါ်လာပြားရဲ့ ခေါင်းနဲ့ ပန်းလို ခွဲလို့မှ မရတာပဲဟာ။

ကပ်ကြပ်တစ်ယောက်ကို လမ်းမတော်ဆိပ်ကမ်းလွှတ်ပြီး ဖျာပုံသွားမယ့် သင်္ဘောလက်မှတ် သွားဝယ်ထားစေတယ်။ တစ်ချိန်တည်းမှာ အင်းစိန်ထောင်ကနေ ဝန်ထမ်းတွေ ယာယီစားသုံးဖို့ ကြိုတင်ရိက္ခာ ထုတ်ယူတယ်။ ပြီးတော့ ဖျာပုံထောင်အတွက် ဂါတ်မကြီးပေါ်တက်ပြီး လက်နက်ခဲယမ်းတွေ ထုတ်ရတယ်။

ဖျာပုံထောင်ကို ၁-၇-၉၁ ရက်နေ့မှာ ဖွင့်လှစ်ရမှာမို့လို့ ၂၈-၆-၉၁ ရက်နေ့ ညနေမှာ ပစ္စည်းတွေ သင်္ဘောပေါ်တင်ပြီး ချက်ချင်းထွက်လာကြရတယ်။ လမ်းမတော်ဆိပ်ကမ်းက ညနေ ၄ နာရီကျော်လောက် ထွက်လာတဲ့ တိမ်လွှာအမည်ပါ သင်္ဘောဟာ ည ၁၁ နာရီမှာ ဖျာပုံဆိပ်ကမ်းကို ရောက်ကြတယ်။

လွန်ခဲ့တဲ့ ကစ်ပတ်လောက်ကတည်းက လိုအပ်တာတွေ ကြိုတင်ပြင်ဆင်ထားဖို့ ရောက်နေကြတဲ့ ထောက်ဌာနစုက ဦးစီး(က) ဒုတိယထောင်ပိုင် ဦးအုန်းလွင်နဲ့ စာရေးမောင်မောင်ကြီးတို့ ဖျာပုံဆိပ်ကမ်းမှာ အသင့်စောင့်ကြိုနေကြလေရဲ့။ သူတို့စီစဉ်ပေးထားတဲ့ ကားနဲ့ ပါလာတဲ့ပစ္စည်းတွေကို ထောင်နားက နစ်ထပ်ပျဉ်ထောင်အိမ်ကြီးဆီ သယ်ယူရတယ်။ ဖျာပုံဆိပ်ကမ်းနဲ့ အကျဉ်းထောင်က သိပ်မဝေးလှပေမဲ့ သင်္ဘောပေါ်က လုပ်ငန်းသုံးပစ္စည်းနဲ့ ရိက္ခာပစ္စည်းတွေကို ကားပေါ်တင်ရ၊ နစ်ထပ်အိမ်ကြီးရှေ့ရောက်တော့

ဗဟိုဓော



www.burmeseclassic.com

www.burmeseclassic.com

မြန်ချရ ပြီးတော့ ဆိပ်ကမ်းဆီပြန်ပြီး ပစ္စည်းတွေတင်ရန် မနက် ၂ နာရီထိုးပါ လေရောလားဗျာ။ အဲဒီတစ်ညတော့ နှစ်ထပ်အိမ်ကြီးပေါ်မှာပဲ ဖြစ်သလို စုပေါင်းအိပ်လိုက်ရတော့တယ်။

"ကျွန်တော် ဒီက ၁၀တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်ရွှေနဲ့ ပြည်သူ့ရဲ တပ်ဖွဲ့က တာဝန်ရှိသူတွေနဲ့ မှာပုံထောင်ကို ရဲလက်က ပြန်လွှဲယူမယ့်ကိစ္စ ညှိနှိုင်းဆွေးနွေးပြီးပြီ။ အဲဒါ ၄လိုင်တစ်ရက်နေ့ ထောင်ဖွင့်နိုင်အောင်သာ စီစဉ်ပေတော့"

နောက်တစ်နေ့မနက်မှာ ဆည်မြောင်းဦးစီးရိပ်သာမှာ တည်းခိုနေတဲ့ ဒုတိယထောင်ပိုင် ဦးအုန်းလွင်ကို●သွားတွေ့တော့ သူက ရှင်းပြတယ်။ အဲဒါကြောင့် ကိုယ်ထောင်ကိုပြန်ပြီး ဝန်ထမ်းတွေနဲ့အတူ မှာပုံထောင်ထဲဝင်ပြီး ထောင်တည်ဆောက်ထားပုံကို လေ့လာကြတယ်။ (ဃ)အဆင့်ထောင်ငယ်ဖြစ်တာနဲ့ အညီ နှစ်ထပ်အိပ်ဆောင်တစ်ဆောင်ပဲ တွေ့ရတယ်။ ကျန်တာက တိုက်ခန်း၊ ရေချိုးကန်နဲ့ ထမင်းချက်ဖိုကြီးပဲ ရှိတယ်။ မျှော်စင်အနေနဲ့ ထောင်ဘူးဝအပေါ်က ဂိတ်ကြီးနဲ့ အုတ်ရိုးရဲ့ အရှေ့တောင်ထောင့်က ဘူးမျှော်စင်လေးတစ်ခုပဲ ရှိတယ်။ ထူးခြားတာက ထောင်အုတ်ရိုးအမြင့်ပဲ။ ၁၃ ပေပဲ ရှိတယ်။ အကျဉ်းထောင်လက်စွဲ ဥပဒေမှာ ၁၆ ပေထက် မနိမ့်ရလို့ ဆိုထားလေတော့ ဒီထောင်အုတ်ရိုးဟာ ဥပဒေနဲ့ မညီဘူးပေါ့။ နောက်တစ်ခုက ထောင်ဝင်စာပြခန်းမရှိဘူး။ မုံရွာထောင်နဲ့ မအူပင်ထောင်တွေလိုပဲ ထောင်ဝင်စာကို ထောင်ဘူးဝ ပထမသံတံခါးကြီးပိတ်ပြီး အကျဉ်းသားနဲ့ မိသားစုကို တွေ့ပေးရတယ်။ ဒါဟာ လုံခြုံရေးအတွက်တော့ သိပ်မကောင်းဘူးပေါ့ဗျာ။

နှစ်ထပ်အိပ်ဆောင်အပေါ်ထပ်၊ အောက်ထပ်မှာ အချုပ်သား ၂၀၀ လောက် တွေ့ရတယ်။ အချုပ်ခန်းဆိုတဲ့ အတိုင်း အချုပ်သားတွေကို ၂၄ နာရီ အမြဲပိတ်လှောင်ထားတယ်။ အလေးအပေါ့အတွက် အခန်းထဲမှာပဲ စီစဉ်ပေးထားပုံပါပဲ။ ရေချိုးချင်ရင် အလကားမရဘူးတဲ့။ ထောင်ဝင်စာတွေချင်ရင်လည်း အဲဒီလိုပဲတဲ့ဗျ။

ထမင်းကိုတော့ အပြင်ကန်ထရိုက်နဲ့ ကျွေးတာတွေ့ရတယ်။ ထမင်းထည့်ထားတဲ့ ဒန်ပန်းကန်ပြားပေါ်မှာ နောက်ထပ် ဒန်ပန်းကန်ပြားတစ်ချပ်နဲ့ မှောက်အုပ်လိုက်တယ်။ အဲဒါကို လက်နှစ်ဖက်အုပ်ကိုင်ပြီး အချုပ်ခန်း သစ်သားမျဉ်းတန်းတွေကြားက ဒေါင်လိုက်သွင်းပေးတယ်။ အ●ထဲက အချုပ်သားက လက်နှစ်ဖက်နဲ့ ညှပ်ပြီး ဆွဲယူတယ်။ ပြီးမှ အပေါ်အုပ်ပန်းကန်ပြားကို အပြင်ပြန်ထုတ်ပေးတယ်။

အဲဒီနည်းအတိုင်း အခန်းထဲက အချုပ်သားရှိသလောက် အရေအတွက်ပြည့်အောင် တစ်ပန်းကန်ချင်း ဝေငှသွင်းပေးတာ တွေ့ရတယ်။ ဟင်းကိုလည်း အဲဒီပုံစံအတိုင်း သွင်းပေးတယ်။ ဒါပေမဲ့ ဟင်းရည်ကျတော့ ဘယ်လိုလုပ် အထဲသွင်းမလဲ။ အဲဒါကြောင့် လွယ်လွယ်ကူကူ ဘဲဥပြုတ်ကျွေးတာများတယ်တဲ့။

အုပ်ချုပ်ရေးပိုင်းမှာ ရဲဝန်ထမ်းသိပ်မတွေ့ရဘူး။ တံခါးကြီးမှာ နှစ်ယောက်နဲ့ အိပ်ဆောင်မှာ နှစ်ယောက်ပဲ တွေ့ရတယ်။ လုံခြုံရေးရှုထောင့်ကကြည့်ရင် အင်အားနည်းတယ်လို့တော့ မဆိုနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အချုပ်သားတွေကို တစ်ချိန်လုံး အခန်းထဲမှာ သော့ပိတ်ထားတာမို့လို့ သူဟာနဲ့သူ အဆင်ပြေနေတာပါပဲ။

အချုပ်ထောင်ကို ဒုရဲအုပ်တစ်ယောက်က တာဝန်ယူအုပ်ချုပ်ရပြီး စခန်းမှူးကတော့ ကြီးကြပ်အုပ်ချုပ်သူပေါ့။ ထောင်ဘူးဝပေါ်က ဂိတ်မကြီးက ပျက်စီးနေတာကြောင့်မို့လို့ တာဝန်ချထားတာ မရှိဘူး။ အဲလိုဂိတ်မကြီးတင် ပျက်စီးနေတာမဟုတ်ဘူး။ ဝန်ထမ်းအိမ်ရာတွေကို အတော်လေး ပျက်စီးယိုယွင်းနေတာ တွေ့ရတယ်။ များသောအားဖြင့် လူမနေနိုင်လို့ ပျက်စီးရတာပါ။ ရဲလက်လွှဲထားခဲ့တာကလည်း ဆယ်နှစ်တောင်ကျော်နေပြီ မဟုတ်လားဗျာ။

အဲလို နံနက်ပိုင်း ထောင်တွင်း လေ့လာရေးလုပ်ပြီးတာနဲ့ ၁၀တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ကိုလည်း သတင်းပို့မိတ်ဆက်ခဲ့ရတယ်။

ညနေပိုင်းမှာတော့ ရန်ကုန်က အတူပါလာတဲ့ ဝန်ထမ်းတွေရယ်၊ သူ အစီအစဉ်နဲ့သူ ရောက်လာတဲ့ ဝန်ထမ်းတွေကို စုစည်းပြီး ရှေ့ဆက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို ရှင်းလင်းပြောပြတယ်။ အဲဒီနောက် တပ်ကြပ်တစ်ယောက်ကို ဂိတ်စာရေးတာဝန်ပေးပြီး ဝန်ထမ်းတွေရဲ့ တာဝန်ခွဲဝေယားကို ရေး စေတယ်။

၃၀-၆-၉၁ ရက်နေ့ မနက်စော ထောင်တဲတစ်ကြိမ် ထပ်ဝင်ကြပြီး တာဝ ခွဲဝေယားအတိုင်း ဝန်ထမ်းတွေကို ကိုယ် တာဝန်ကျမယ့်နေရာမှာ လက်တွေ့ လာဆောင်ရွက်စေတယ်။ ဗဟိုဂိတ်မကြ တာဝန်၊ တံခါးကြီးတာဝန်၊ အိပ်ဆော အပေါ်အောက်တာဝန်၊ ဖိုကြီးတာ အုတ်ရိုးစောင့်တာဝန်၊ ထောင်ဝင်စာတာ ဝန်၊ ရုံးလုပ်ငန်းတာဝန် စသဖြင့်ပေါ့



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် ထောင်ပြင်[illegible] ပတ်ပုတ်ပြီး အပြင်အုတ်ရိုးအခြေအနေ ရဲက သီးစားချထားတဲ့ ထောင်နောက်ဘက်က လယ်ကွင်း၊ ပြီးမှ ဝန်ထမ်းအိမ်ရာဆီသွားပြီး မိသားစုပါလာတဲ့ ဝန်ထမ်းတွေကို ဦးစားပေးပြီး အိမ်နေရာချထားပေးတယ်။ ထောင်မှူးကလည်း မိသားစုပါလာလို့ နှစ်ထပ်အိမ်ကြီးဘေးက လုံးချင်းအိမ်မှာ နေခွင့်ပြုလိုက်တယ်။ ကိုယ်နဲ့ လူလွတ်ဝန်ထမ်းတွေကတော့ နှစ်ထပ်အိမ်ကြီးမှာ စုပေါင်းနေလိုက်ကြတယ်။

လက်ရှိ ဝန်ထမ်းအိမ်ရာတွေမှာ ပြန်ပြုပြင်ရမှာရှိသလို၊ ညွှန်ရိပ်သာ၊ ဝန်ထမ်းအိမ်ရာအသစ်တွေလည်း ထပ်ဆောက်ဖို့ လိုနေသေးတယ်။ ထောင်အဂါနဲ့ ညှိညွှတ်အောင် ထောင်ဝင်စာပြခန်းကို ဘယ်နေရာမှာ ဘယ်လိုတည်ဆောက်ရမယ်ဆိုတာလည်း စဉ်းစားဦးမယ်။ ဒါပေမဲ့က ဖျာပုံထောင်ကို ရဲလက်ကနေ လွှဲပြောင်းရယူပြီး ထောင်ပုံစံကျအောင် အသက်သွင်းဝင်ခဲ့ရုံသက်သက် ဆောင်ရွက်ပေးရမယ့် အခြေအနေရှိနေတာကြောင့် ထောင်တာဝန်အစစ် ရောက်လာမှပဲ အဲဒီကိစ္စတွေကို တရားဝင်ဆောင်ရွက်နိုင်မှာပါ။

"ဆရာ··အချုပ်သားတွေ ရေတစ်ခါချိုးရင် တစ်ကျပ်၊ ထောင်ဝင်စာတစ်ခါတွေ့ရင် ငါးကျပ်၊ ပါဆယ်တစ်ထုပ်ကို နှစ်ကျပ်တဲ့။ ပါဆယ်က တစ်နေ့ကို ဘယ်နခါသွင်းသွင်း ရတယ်တဲ့"

အဲဒီနေ့ညနေ အစည်းအဝေးမှာ ဗုတက သန်းအောင်က သူလေ့လာသိရှိထားသလောက် တင်ပြတယ်။

"ကန်ထရိုက်ထမင်းက တစ်နပ်ကို ငါးကျပ်နဲ့ သွင်းနေတာတဲ့ဆရာ"

တပ်ကြပ်စိုးဝင်းကလည်း သူသိ[illegible]

"အေး···သူတို့နဲ့တို့က ဌာနချင်း မတူသလို၊ လက်စွဲဥပဒေချင်းလည်း ကွဲပြားတယ်လေ။ ဒါကြောင့် လုပ်ထုံးလုပ်နည်းချင်းလည်း မတူကွဲပြားမှာပေါ့။ ထောင်စည်းကမ်းအရတော့ မနက်ထောင်ဖွင့်ပြီးတာနဲ့ အချုပ်သားတွေ အခန်းတွဲကထွက်ပြီး အိပ်ဆောင်ဝင်းထဲမှာ လွတ်လွတ်လပ်လပ် သွားလာနိုင်ကြတယ်။ တစ်နေ့ကို အနည်းဆုံးတစ်ကြိမ် ရေချိုးပိုင်ခွင့်ရှိတယ်။ ထောင်ဝင်စာ အခမဲ့တွေ့ဆုံပေးကြရမယ်။ အကြောင်းထူးမရှိဘဲ ပါဆယ်လက်မခံရဘူး။ ထမင်းဟင်းကိုတို့အကျဉ်းထောင်လက်စွဲဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ နှုန်းထားအတိုင်း နေ့စဉ်ထောင်ဖွင့်လူပေါင်းနဲ့ တွက်ချက်ထုတ်ပေးပြီး ချက်ပြုတ်ကျွေးမွေးရမယ်။ ဆိုလိုတာက အကျဉ်းသားတစ်ယောက်ကို ဘယ်လောက်ဖိုးကျွေးရမယ်လို့ ငွေကြေးနဲ့ သတ်မှတ်ထားတာ မဟုတ်ဘူး။ ပြဋ္ဌာန်းထားတဲ့ ဒိုက္ခာနှုန်းထားအတိုင်း ပြည့်ပြည့်ဝဝကျွေးနိုင်အောင် အပြင်ပေါက်ဈေးနဲ့ ဝယ်ယူကျွေးမွေးရမှာ ဖြစ်တယ်။ ကဲ···အဲဒီတော့ မနက်ဖြန်ကစပြီး ဖျာပုံရဲ့အချုပ်ဟာ ဖျာပုံအကျဉ်းထောင်ဖြစ်လာတော့မှာမို့ မင်းတို့အားလုံး ထောင်စည်းကမ်းနဲ့အညီ လုပ်ဆောင်ပြုမူကြရလိမ့်မယ်။ အားလုံးနားလည်တယ်နော်"

"ဟုတ်ကဲ့ ဆရာ"

"နောက်တစ်ခု မင်းတို့သိထားရမှာက ဖျာပုံထောင်ဟာ (ယ)အဆင့်ထောင်ဖြစ်လို့ တင်နှစ်အထိ ပြစ်ဒဏ်ကျလာတဲ့ အကျဉ်းသားကိုပဲ လက်ခံထိန်းသိမ်းထားပိုင်ခွင့်ရှိတယ်။ ပြစ်ဒဏ်တစ်နှစ်ထက်ကျော်ရင် လုံးဝ လက်ခံလို့မရဘူးနော်။ အားလုံးရှင်းကြရဲ့လား"

[illegible]ကျတ်ကဲ့၊ ရှင်းပါတယ်ဆရာ"

"ဘာမေးစရာရှိသေးလဲ"

"မရှိတော့ပါဘူး ဆရာ"

နောက်တစ်နေ့နံနက် ၇ နာရီတိတိမှာ ဝန်ထမ်းတွေကိုဦးဆောင်၍ အကျဉ်းထောင်ဆီ ထွက်လာကြတယ်။ ထောင်ဘူးဝတံခါးကြီးထဲမှာ စခန်းမှူးနှင့် မှုရဲအုပ်တို့ လွှဲပြောင်းပေးရန် အဆင်သင့်စောင့်နေကြတယ်။ ကိုယ်က စီစဉ်ထားတဲ့အတိုင်း ဝန်ထမ်းတွေကို တံခါးကြီးကစပြီး အိပ်ဆောင်တံခါးတွေနဲ့ လိုအပ်တဲ့နေရာတွေမှာ လက်ရှိခတ်ထားတဲ့ သော့ခလောက်တွေကို ဖြုတ်ပြီး အသင့်ပါလာတဲ့ သော့ခလောက်ကြီးတွေနဲ့ ပြောင်းလဲခတ်စေတယ်။ ပြီးမှ ထောင်မှူးအားအချုပ်သားဦးရေကို ရိုမိန်နဲ့ တိုက်ဆိုင်စစ်ဆေးလက်ခံစေတယ်။ အချုပ်သားပေါင်း ၂၀၁ ယောက် လက်ခံရရှိတယ်။ ကျန်တာကတော့ အဆောက်အဦနဲ့ အထွေထွေပစ္စည်းတွေပါ။

အချိန်တစ်နာရီအတွင်း တစ်ထောင်လုံး လက်ခံပြီးစီးခဲ့တယ်။

အဲဒီနေ့က တနင်္လာနေ့ ရုံးဖွင့်ရက်ဖြစ်လို့ မြို့ပေါ်က သက်ဆိုင်တဲ့ ဌာနဆိုင်ရာတွေဆီ (၁-၇-၁၉၉၁)နေ့တွင် ဖျာပုံအကျဉ်းထောင်ကို ဖွင့်လှစ်ပြီးဖြစ်ကြောင်း ရုံးစာထုတ်ပြီး အကြောင်းသွားကြားလိုက်တယ်။ ရုံးချုပ်ဖို့ဖို့ အစီရင်ခံစာကိုတော့ အဲဒီနေ့က ရန်ကုန်ပြန်ကြတဲ့ ဒုတိယထောင်ပိုင် ဦးအုန်းလွင်နဲ့ စာရေးမောင်မောင်ကြီးတို့နဲ့ ထည့်ပေးလိုက်တယ်။

ထောင်ဖွင့်ပြီးတာနဲ့ အရေးတကြီးစလုပ်ရတာက အချုပ်သားတွေစားဖို့ နံနက်စာ ချက်ပြုတ်ရတာပဲ။ မနက် ၉ နာရီထိုးတော့ ထောင်ရှေ့မှာ ရုံးထုတ်မယ့် ရဲတွေ ရောက်နေပြီး ဒါကြောင့် အချုပ်



www.burmeseclassic.com

www.burmeseclassic.com

သားတစ်ယောက်ချင်း ရုံးချိန်းနေ့ ဟုတ်မဟုတ် ရီမန်နဲ့ တိုက်စစ်ဆေးပြီး တာဝန်ခံရဲလက် အပ်လိုက်တယ်။

သူတို့ရုံးထုတ်ပုံက ကိုယ်တို့ အင်းစိန်ပဟိုအကျဉ်းထောင်ကြီးမှာ ရုံးထုတ်သလို အချုပ်ကားအပြာကြီးတွေနဲ့လို့တော့ မထင်လိုက်ပါနဲ့။ ထောင်နဲ့တရားရုံးက မိုင်ဝက်လောက်တောင် မဝေးတော့ သူတို့က လမ်းလျှောက်ပြီး ရုံးထုတ်တာဗျ။ အချုပ်သားတွေရဲ့လက်ကို ကြိုးနဲ့တုပ်နှောင်ပြီး စီတန်းလမ်းလျှောက်ရတာပေါ့။ ဘေးနှစ်ဖက်ကနေ လက်နက်ကိုင်ရဲအစောင့်တွေ ဝန်းရံလို့ပေါ့။ တစ်ခုထူးခြားတာက လူသတ်မှုနဲ့ တရားရင်ဆိုင်နေရတဲ့ အချုပ်သားတွေ အကျႌအနီရောင်ဝတ်နိုင်းပြီး ခေါ်လာတာပါပဲ။

ဒါကတော့ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ဖျာပုံမြို့က ရုံးထုတ်ပုံ မြင်ကွင်းတစ်ခုပေါ့ဗျာ။

ထောင်ဖွင့်တဲ့နေ့မှာပဲ ခလရ(၉၇)က အရာခံဗိုလ်တစ်ယောက် ထောင်ကိုရောက်လာတယ်။ အချုပ်သားတစ်ယောက်ကို သူတို့တပ်မှာ ခေါ်စစ်ဖို့ လာထုတ်တာဝဲ့။ ကြည့်ရတာ ရဲလက်ထက်တုန်းက ဒီလိုခေါ်ထုတ်နေကျ ထင်ပါရဲ့။ ကိုယ်က ဒီနေ့ကစပြီး အကျဉ်းထောင်ဖြစ်သွားတဲ့အတွက် အချုပ်သားတစ်ယောက်ကို တရားရုံးက အမိန့်စာမပါဘဲ ထုတ်မပေးနိုင်ဘူးလို့ ရှင်းပြလိုက်တယ်။

အဲဒီ အရာခံဗိုလ် ပြန်သွားလို့ သိပ်မကြာခင်မှာ တပ်ကဗိုလ်ကြီးတစ်ယောက်က ဖုန်းဆက်တယ်။ သူတို့ အရေးကြီးတဲ့ ဒီအီးတစ်ခုစစ်ဆေးနေတာမို့လို့ အချုပ်တရားခံကို ထုတ်ပေးဖို့ ပြောပါတယ်။ ကိုယ်က စောစောကလို ပြန်ရှင်းလိုက်လို့ မကျေမနပ်နဲ့ ဖုန်းဆောင့်ချသွားတယ်။

နောက်တစ်နေ့မှာ ပြဿနာတစ်ခုပေါ်လာပါလေရော။ မြို့ပေါ်က အချုပ်သားတစ်ယောက်ရဲ့ အဖေဆုံးလို့တဲ့။ သဘာက်ခါ အသုဘချမှာမို့လို့ အဲဒီအချိန်လေး ခဏလိုက်ပို့ခွင့်ပြုဖို့ လာပြောကြတယ်။ လာပြောတဲ့မိသားစုအင်အားကမနည်းဘူး။ စုစုပေါင်း မိသားစု ကိုးယောက်လောက်ရှိတယ်။

ကိုယ်က တရားရုံးက ပို့အပ်ထားတဲ့ အချုပ်သားတစ်ယောက်ကို တရားရုံးရဲ့အမိန့်မပါဘဲ အပြင်ထုတ်သို့မရတဲ့အကြောင်း ရှင်းပြလိုက်တယ်။ သူတို့က လူမှုရေးအရ ကူညီပေးဖို့ အနူးအညွတ်တောင်းပန်ကြတယ်။ ကိုယ့်အနေနဲ့ မိသားစုတွေရဲ့ ခံစားချက်ကို နားလည်ပေမဲ့ ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာမရှိ၍ ဆောင်ရွက်မပေးနိုင်လို့ ဝမ်းနည်းရပါကြောင်း ပြောပြလိုက်တယ်။

အဲဒီ မိသားစု ပြန်သွားပြီးနောက် တစ်နေ့မနက်မှာ မြို့နယ်ကောင်စီအတွင်းရေးမှူး ရောက်လာတယ်။ အထဲက မိသားစုနဲ့ အင်မတန်ရင်းနှီးတာမို့လို့ အချုပ်သားကို သူ့အဖေအသုဘ လိုက်ပို့ခွင့်ပြုဖို့ လာပြောပါတယ်။ ကိုယ်က ဒီလိုကိစ္စမျိုးဆို ရုံးချုပ်ကတစ်ဆင့် ဝန်ကြီးဌာနအထိ ခွင့်ပြုမိန့်တောင်းရကြောင်း ရှင်းပြလိုက်တယ်။ သူက တခြားအဆင်ပြေမယ့်နည်းလမ်း မရှိဘူးလားမေးတယ်။ ကိုယ်က တရားရုံးက ထောင်ထုတ်အမိန့်ပါရင် ထုတ်ပေးမယ်ပြောလိုက်တယ်။ သူက မြို့နယ်တရားသူကြီးနဲ့ သွားတွေ့မယ်ပြောပြီး ထွက်သွားတယ်။

ဒီလိုနဲ့ အသုဘချတဲ့နေ့အထိ ဘယ်သူမှ ထပ်ပေါ်မလာတော့ပါဘူး။ အထဲက အချုပ်သားကတော့ ဝမ်းနည်းပက်လက်နဲ့ တမျှော်မျှော်နဲ့ပေါ့လေ။ ညနေ

ထောင်ပိတ်ချိန်ကျမှပဲ စိတ်လျှော့လိုက်ရပါတယ်။ မြို့နယ်တရားသူကြီးမှာလည်ဥပဒေစာအုပ်ကြီးနဲ့ ကိုင်ပေါက်လိုက်တယ် ထင်ပါရဲ့။

အဲလို ဖျာပုံထောင်ဖွင့်ပြီး လုပ်ငတွေ လည်ပတ်စပြုလာတဲ့အချိန်ကအကျဉ်းထောင်နဲ့ ရဲအချုပ်တို့ရဲ့ ဥပလုပ်ထုံးလုပ်နည်းချင်း ပဋိပက္ခအသွဆောင်တဲ့ ပြဿနာတစ်ခု ပေါ်ပေါက်လေရော။ ဖြစ်ပုံက တစ်နေ့ညနေဘမှာ မြို့နယ်တရားရုံးက သေဒဏ်နဲ့ ထောဆယ်နှစ်စီ ချမှတ်လိုက်တဲ့ လူသတ်တရားခံသုံးဦးကို ထောင်ဆီလာပို့တဲ့ကိပဲဗျ။

ကိုယ်က (ဃ)အဆင့်ရှိတဲ့ ဖျာအကျဉ်းထောင်အနေနဲ့ ထောင်ဒဏ်တနှစ်အထိ အကျဉ်းသားတွေကိုပဲ လက်ထိန်းသိမ်းပိုင်ခွင့်ရှိတာမို့လို့ သေဒဏ်ဆယ်နှစ်ကျလာတဲ့ အကျဉ်းသားတွေကလက်မခံနိုင်တဲ့အကြောင်း ရှင်းပြလိုက်တယ်။ စခန်းမှူးရဲ့အုပ် ဦးကျော်ဝင်းကသူတို့ အရင်ကလည်း ဒီလိုပဲ ပို့နေကလို့ အပူနှိတက်တယ်။ အဲဒါကြောင်ကိုယ်က ထောင်မှူးကိုခေါ်ပြီး နဝတဥက္ကဋ္ဌ ခုဘိယမိုလ်မှူးကြီးဘင်ရွှေအိမ်သွားပြီး အခြေအနေကို ရှင်းလင်းတင်ပြလိုက်တယ်။

ဥက္ကဋ္ဌကြီးက ခဏစဉ်းစားဟန်ပြပြီး "ဒီနေ့အချိန်မရှိတော့လို့ ဒီတစ်ညတော့ လက်ခံထားလိုက်ပါ။ မနက်ဖြန်ရဲ့အစောင့်နဲ့ အင်းစိန်ထောင် ပို့နိုင်းလိုက်မယ်။ ဒီပြဿနာကို ကျွန်တော် လာမအစည်းအဝေးမှာ ရှင်းပေးမယ်"လို့ ပြောပါတယ်။

ဖုန်းကြိုးဖို့ ကိုယ်တို့ ထောင်မှူးအကျဉ်းသားသုံးယောက်ကို တစ်ည



www.burmeseclassic.com

www.burmeseclassic.com

သက်ခံထားလိုက်ရတယ်။ တစ်ညတာဆို ပေမဲ့ သူတို့ကို တခြားအကျဉ်းသားတွေကို အခန်းထဲမှာ လွတ်လွတ်လပ်လပ် မထားဘဲ အမာခံအကျဉ်းသားတွေ ဝန်းရံစောင့်ကြပ်ထားရတယ်။ မတော်တဆ မီးပျက်ရင် အရေးပေါ်သုံးနိုင်အောင် အောက်လင်းဓာတ်မီးပါ အဆင်သင့်လုပ်ထားရတယ်။ ကိုယ်နဲ့ဝန်ထမ်းတွေ တစ်ညလုံးမအိပ်ဘဲ အသင့်ဆောင်နေရတယ်။

နောက်တစ်နေ့ နေ့လယ်လောက်မှာ အဲဒီအကျဉ်းသားသုံးယောက်ကို အင်းစိန်ထောင်ပို့ဖို့ ရဲတပ်ဖွဲ့က လာခေါ်သွားကြတယ်။

အပတ်စဉ် မုဒ္ဒဟူးနေ့တိုင်း ကျင်းပနေကျ ဌာနဆိုင်ရာ အစည်းအဝေးမှာ ဉက္ကဋ္ဌက သေဒဏ်နဲ့ ငါးနှစ်အထက် အကျဉ်းသားတွေကို အင်းစိန်ထောင်ကို ချက်ချင်းပို့ဖို့နဲ့ ထောင်ဒဏ်တစ်နှစ်အထက်နဲ့ ငါးနှစ်အထိ အကျဉ်းသားတွေကို တစ်ပတ်အတွင်းပို့ဖို့ အမိန့်ချပါတယ်။ ဘာပဲပြောပြော သေဒဏ်နဲ့ နှစ်ကြီးအကျဉ်းသား လက်ခံထားရတာနဲ့စာရင် အများကြီး အသက်ရှူချောင်သွားတာပေါ့ဗျာ"

"ကျွန်တော် မနက်ဖြန် ခင်ဗျားတို့ထောင်ကို လာစစ်မယ်"

အစည်းအဝေးအပြီးမှာ ဉက္ကဋ္ဌက ကိုယ့်ကို သီးခြားခေါ်ပြီးပြောတယ်။ ကိုယ်က အဆင်သင့်စောင့်နေမယ့်အကြောင်း ပြောပြီး ထောင်ဆီ ပြန်လာခဲ့တယ်။

နောက်တစ်နေ့မနက်ပိုင်း ဉက္ကဋ္ဌလာမှာမို့လို့ ထောင်ဝင်စာခဏပိတ်ထားလိုက်တယ်။ အိပ်ဆောင်ထဲက အချုပ်သား၊ အကျဉ်းသားတွေကို ထောင်ပုံစံအပြည့် ထိုင်ခိုင်းထားတယ်။ ဝန်ထမ်းတွေကို ယူနီဖောင်းအပြည့်နဲ့ အရန်သင့်စောင့်ဆိုင်းထားတယ်။

ဉက္ကဋ္ဌနဲ့အဖွဲ့က နေ့ခင်း ၂ နာရီကျော်မှ ရောက်လာကြပါတယ်။ ဉက္ကဋ္ဌ ကားပေါ်ကဆင်းပြီး ထောင်ဘက်မျက်နှာမူလိုက်တာ ဂိတ်ကြီးပေါ်မှာ အသင့်စောင့်နေတဲ့ ဝန်ထမ်းအဖွဲ့က အရာမှတ် အလေးပြုပြီး ကြိုဆိုလိုက်တယ်။ ဉက္ကဋ္ဌ၊ ခရိုင်ရဲမှူး၊ ဝန်ထမ်းသူကြီး၊ မြို့နယ်ကောင်စီ ဉက္ကဋ္ဌတို့အဖွဲ့က ဘူးဝရုံးခန်းမှာ နေရာယူကြတယ်။ ကိုယ်တို့က ညှော်ခံကျွေးမွေးကြတယ်။ ဉက္ကဋ္ဌနဲ့အဖွဲ့. အဘန်ကြာအောင် ထောင်အကြောင်း မေးမြန်းဆွေးနွေးနေကြတယ်။

ပြီးမှ ဉက္ကဋ္ဌက -

"ဒါနဲ့ ဒီကောင်တွေ ဘာလုပ်နေကြတာလဲဗျ။ အိပ်နေကြတာလား"

တစ်ထောင်လုံး တိတ်ဆိတ်ငြိမ်သက်နေလို့ ထင်ပါရဲ့။ ဉက္ကဋ္ဌက မျက်မှောင်ကြုတ်ပြီး မေးတယ်။ ကိုယ်မဖြေခင် ခရိုင်ရဲမှူးကြီးက -

"ဉက္ကဋ္ဌကြီး၊ ထောင်မှာ ပုံစံဆိုတာရှိတယ်။ ကျောကိုဆန့်ပြီး၊ တင်ပျဉ်ခွေ တန်းစီထိုင်နေတဲ့သဘောပေါ့။ အဲဒါကြောင့် ငြိမ်သက်နေတာပါ။ ခုလည်း ပုံစံထိုင်ခိုင်းထားတယ် မဟုတ်လားဗျ"

ရဲမှူးကြီးက ကိုယ့်ဘက်လှည့်မေးတယ်။

"ဟုတ်ကဲ့"

ကိုယ်က ဖြေလိုက်တယ်။ အဲဒီတုန်း ဉက္ကဋ္ဌ ရုတ်တရက်ထရပ်ပြီးပြောတယ်။

"ဒါဆို ကျွန်တော်တို့ ထောင်ထဲဝင်ကြည့်ရအောင်"

ပြောရင်း ဉက္ကဋ္ဌနဲ့အဖွဲ့. တံခါးကြီးထဲ ဆင်းလာတယ်။ ကိုယ်က ထောင်ထဲဝင်နိုင်အောင် အတွင်းကျွန်းတံခါးကြီးကို ဖွင့်နိုင်းပြီး ဉက္ကဋ္ဌကို ဝင်ဖို့ လက်ပြလိုက်တယ်။ ဉက္ကဋ္ဌက ကိုယ့်ကိုလှည့်ကြည့်ပြီး "ခင်ဗျားအရင်ဝင်"လို့ ပြောလိုက်တယ်။

ကိုယ်က "ဟုတ်ကဲ့"လို့ပြောပြီး ထောင်ထဲကို ဦးဆောင်ဝင်လိုက်ရတယ်။ ဉက္ကဋ္ဌနဲ့အဖွဲ့. ထောင်ဝင်းထဲ တစ်ပတ်လှည့်လည်ကြည့်ကြတယ်။ အတော်လေးကြာမှ ပြန်ထွက်ဖို့ တံခါးကြီးဘက်လျှောက်လာကြတယ်။ ကိုယ်က ဉက္ကဋ္ဌကို အိပ်ဆောင်ဆီညွှန်ပြပြီး -

"ဗိုလ်မှူးကြီး၊ အကျဉ်းသားစစ်ဆေးဦးမှာ မဟုတ်လား"

ဉက္ကဋ္ဌက အိပ်ဆောင်ကိုမော့ကြည့်ပြီး -

"မကြည့်တော့ပါဘူးဗျာ"

ဒီလိုနဲ့ ဉက္ကဋ္ဌကြီးနဲ့အဖွဲ့ ပြန်လည်ထွက်ခွာသွားပါတယ်။

ထောင်ဖွင့်ပြီး တစ်လနီးနီးကြာတော့ တာဝန်ခံအရာရှိအစစ်ဖြစ်တဲ့ ကိုယ်တို့တူးတူးအဖွဲ့က ထောင်မှူးကြီး ဦးစံထွေး ရောက်လာပါတော့တယ်။ ကိုယ် သူ့ကို အလုပ်တွေလွှဲပြီး သူနဲ့အလည်လိုက်လာတဲ့ သူ့ယောက်ဖနဲ့အတူ အနော်ရထာသင်္ဘောကြီးစီးပြီး ရန်ကုန်ပြန်လာခဲ့တော့တယ်။

ညကိုးနာရီ ဖျာပုံကထွက်တဲ့ အနော်ရထာသင်္ဘော နောက်တစ်နေ့မနက်မှာ ရန်ကုန်ကို ဆိုက်မှာတဲ့။ ကိုယ်တို့နှစ်ယောက် သင်္ဘောဦးခန်းမှာ အာဗီရမ်တစ်လုံးသောက်ပြီး အိပ်ပျော်သွားလိုက်ကြတာ အိပ်ရာကနိုးတော့ မိုးစင်စင်လင်းနေပါပကောလား။

(ဆက်လက်ဖော်ပြပါမည်။)

ဗဟိုစော



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ

ဂျာမဏီနိုင်ငံ၊ ဘာလင်မြို့တော် ဇဟိုမီးရထားဘူတာရုံကြီးသည် နေဝင်မီးငြိမ်း အမိန့်ကြောင့် ဘိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ဒုတိယကမ္ဘာစစ်မီးကြီး တောက်လောင်ခဲ့ရာ ၁၉၄၀ ခုနှစ်၊ စက်တင်ဘာလတွင်ဆိုလျှင် တစ်နှစ်ကျော်ကြာ ပြည့်ခဲ့ပြီ ဖြစ်သည်။ ယခင် စစ်ကြီးမဖြစ်ပွားမီက ဘာလင်မြို့သူ မြို့သားများ ပျားပန်းခပ် စည်ကားခဲ့သော မီးရထားဘူတာရုံကြီးရှေ့ လမ်းမကြီးပေါ်တွင် လူသွားလူလာ ကင်းမဲ့လျက်ရှိပြီး မည်းမှောင်သော ကန့်လန့်ကာကြီး ချထားသကဲ့သို့ ဖြစ်နေသည်။ တစ်ခါတစ်ရံ ကင်းလှည့်နေသော နာဇီဂက်စတာပိုအဖွဲ့ တပ်သားများ၏ စစ်ဖိနပ်သံနှင့် နာဇီပါတီဝင် အပျော်တမ်းလေကြောင်းရန်ကာကွယ်ရေး အဖွဲ့သားများ၏ ဖိနပ်သံများကိုသာ ကြားနေရသည်။

ဘာလင်မြို့တော်ကြီး၏ ကောင်းကင်တစ်ခွင်လုံး အလစ်ဝင်ရောက်လာသည့် ဗြိတိသျှဘုရင့်လေတပ်မတော်မှ ကင်းထောက်လေယာဉ်ပျံများနှင့် ဗုံးကြဲလေယာဉ်များကို ရှာဖွေနေသော မီးမောင်းကြီးများ၏ အလင်းရောင်ကြောင့် ထိန်လင်းလျက်ရှိပြီး ဘာလင်မြို့တော် ဆင်ခြေဖုံးဘက်မှ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့များမှ ပစ်ခတ်သည့် အမြောက်သံများကို ရံဖန်ရံခါ ကြားနေရ၏။


ဘာလင်ဘူတာကြီးမှ အခြားမြို့နယ်များသို့ ထွက်
သည့် မီးရထားသံ၊ ဘာလင်ဆင်ခြေဖုံးသို့ ထွက်ခွာသော
ကားရထားများအသံကိုမူ တစ်ခါတစ်ရံသာ ကြားရသည်။
ရေးအခြေအနေအရ ဘာလင်မှ အခြားမြို့များသို့ ပြေး
သော အမြန်ရထားခရီးစဉ်များကို ဘာလင်ဆင်ခြေဖုံးသွား
ကယ်မီးရထားများ၏ ခရီးစဉ်အချို့ကို ဖျက်သိမ်းထားရသ
စစ်ကြီးမဖြစ်မီကကဲ့သို့ မီးရထားဥသြသံ၊ တွဲချိတ်သံ၊ ခရီး
များနှင့် ခရီးဆည်များကို လာကြို ပို့ကြသူများ၏ နှုတ်
သံများလည်း မကြားရ။ ဘူတာရုံကြီး၏ ပတ်ဝန်းကျင်
နာဇီဂက်စတာပိုအဖွဲ့ဝင်များ၊ ဘာလင်ရဲတပ်ဖွဲ့ဝင်များ
မှာချထားသဖြင့် လမ်းသွားလမ်းလာ ကင်းရှင်းလျက်
အကြောင်းကြောင်းကြောင့်သာ ခရီးထွက်ရသူ အနည်းငယ်
တွေ့ရသည်။ ထိုသူများမှာလည်း ခပ်သုတ်သုတ် သွားလာ
ရှိကြပြီး၊ ပလက်ဖောင်းစင်္ကြံများပေါ်တွင်လည်း ခရီးသည်အ
ငယ်ကိုသာ တွေ့ရပြီး မှောင်နှင့်မည်းမည်း ဖြစ်နေသည်

ဘူတာကြီး ပလက်ဖောင်းအမှတ်(၈)ကွင်းမှ ဘာ
တော် စုံထောက်အဖွဲ့မှ အင်စပက်တော်ကြီး ဝီလီယန်လု
အမျိုးသမီးခရီးသည်များအဖြစ် အသွင်ယူထားသော
မြို့တော် ရဲတပ်ဖွဲ့မှ အမျိုးသမီးတပ်ကြပ်နှစ်ဦးနှင့် အ

■ လှမိုး(ပန်းဓေ



www.burmeseclassic.com




ရဲအရာရှိတစ်ဦးတို့ကမူ မီးရထားတွဲများပေါ်သို့ လူစုခွဲ၍ စီးနင်းလိုက်ပါရန် စီစဉ်ကြသည်။ ဘာလင်မြို့မှ မြူးနစ်သို့ ထွက်ခွာမည့် အမြန်ရထားမှာ ပလက်ဖောင်းအမှတ်(၁)တွင် ဆိုက်ကပ်လာသော်လည်း မှောင်နှင့်မည်းမည်း ဖြစ်နေသည်။ တွဲများအတွင်း အားနည်းသော မီးလုံးများ ထွန်းထားသဖြင့် မည်သည့်အရာမှ သဲသဲကွဲကွဲ မမြင်ရ။

မီးရထားဌာနမှ တာဝန်ရှိသူကမူ အချိန်အနည်းငယ်အတွင်း ဘာလင်-မြူးနစ် အမြန်ရထား ထွက်ခွာတော့မည်ဟု ကြေညာနေပြီဖြစ်ရာ ဘာလင်ရဲတပ်ဖွဲ့မှ စုံထောက်ကြီး ဝီလီယန်လူဒစ်နှင့် ခရီးသည်များအသွင်ယူထားသော အမျိုးသမီးရဲတပ်ဖွဲ့ဝင်များသည် သူတို့တာဝန်ကျသည့် မီးရထားတွဲ အသီးသီးပေါ်သို့ တက်ရောက်သွားခဲ့ကြသည်။ ဥရောပတိုက်နိုင်ငံအသီးသီးရှိ တိုင်းပြည်အများကို သိမ်းပိုက်ထားနိုင်ခဲ့သော နာဇီ ဂျာမဏီနိုင်ငံသည် ထိုစဉ်ကာလက ဒုတိယကမ္ဘာစစ်ကြီးအား အောင်ပွဲခံရန် သေချာနေသည့်အချိန် ဖြစ်သည်။ ပြည်တွင်း၌လည်း ဥပဒေစိုးမိုးရေးကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်တွင်းမှ နာဇီဝါဒကို ဆန့်ကျင်သူများ သူတို့သိမ်းပိုက်ထားသော ပြည်ပနိုင်ငံများစွာမှ နာဇီဝါဒကို ဆန့်ကျင်သူများ၊ ဂျူးလူမျိုးပေါင်းများစွာကို ဖမ်းဆီး၍ ချွေးတပ်စခန်းများသို့ ပို့ကာ ရက်ရက်စက်စက် ဆောင်ရွက်နေသည့်အချိန်ဖြစ်ရာ နာဇီဂက်စတာပို စုံထောက်များ၊ ဂျာမန်စစ်ထောက်လှမ်းရေးသမားများ နာဇီပါတီဝင် သတင်းပေးများဆိုလျှင် ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်နေရသော အချိန်တွင် အဘယ်ကြောင့် ဘာလင်ရဲတပ်ဖွဲ့မှ စုံထောက်ကြီးနှင့် အမျိုးသမီးများအသွင်ယူထားသော ရဲမေများသည် ‘ဘာလင်-မြူးနစ်’ အမြန်ရထားဖြင့် ခရီးထွက်ခဲ့ကြသနည်း။

ယင်းထူးခြားဖြစ်စဉ် စတင်ရခြင်းမှာ ၁၉၄၀၊ ဇွန်လအတွင်းကပင် စတင်ခဲ့သည်ဟု ဆိုသည်။ ဘာလင်မြို့တော် စစ်လက်နက်ပစ္စည်းစက်ရုံမှ အသက် ၃၀ ကျော်အရွယ် အလုပ်သမတစ်ဦးသည် ဘာလင်မြို့မှ မြူးနစ်မြို့သို့ ဘာလင်မြို့မှ ည ၇ နာရီထွက်သော ဘာလင်-မြူးနစ် အမြန်ရထားနှင့် ခရီးထွက်ခဲ့ရာ လမ်းခရီးဘူတာငယ်ကလေးတစ်ခုသို့ ဆိုက်ကပ်တော့မည့်အချိန်တွင် လူမြင်လျှင် မှတ်မိသော သန်မာထွားကျိုင်းသည့် ခရီးသည်တစ်ဦးသည် အသင့်ယူလာသော တုတ်တစ်ချောင်းဖြင့် ထိုအမျိုးသမီးအား ရုတ်တရက် ရိုက်ခဲ့ပြီး သူ့အား မီးရထားပေါ်မှ တွန်းချခဲ့တော့၏။ ထိုအချိန်တွင် မီးရထားခရီးသွားဖော်များလည်းမရှိ၊ မီးရထားတွဲမှ မီးများကိုလည်း လေကြောင်းရန်ကာကွယ်ရေးအရ ပိတ်ထားခဲ့ရာ ထိုအမျိုးသမီးအား တုတ်ဖြင့်ရိုက်၍ မီးရထားပေါ်မှ ရုတ်တရက်တွန်းချသည်ကို မည်သူမျှ မသိလိုက်ကြ။ ထိုအမျိုးသမီးအဖို့ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ အမြန်ရထားမှာ ဘူတာငယ်ကလေးအား ဆိုက်ကပ်တော့မည်ဖြစ်၍ စက်ရှိန်လျှော့ထားခဲ့သောကြောင့် ဖြစ်၏။ ထိုအမျိုးသမီးကိုမူ နောက်တစ်နေ့နံနက်စောစောတွင် မီးရထားသံလမ်းဘေးတွင် မီးရထားသံလမ်းအလုပ်သမားများက တွေ့ရှိခဲ့ကြသည်။ ဒဏ်ရာပြင်းထန်စွာ ရထားသဖြင့် ထိုအမျိုးသမီးအား ဘာလင်မြို့ ဆေးရုံကြီးသို့ ပို့ဆောင်၍ အတွင်းလူနာအဖြစ် ဆေးကုသပေးခဲ့ကြရသည်။

ရဲနှင့် စုံထောက်များ၊ နာဇီဂက်စတာပို စုံထောက်များက လည်း ယင်းအမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ရိုက်နှက်၍ တွန်းချခြင်းခံရသူ ကိုယ်တိုင်က ထိုသူသည် အဘယ်ကြောင့် သူ့အား ရုတ်တရက်ရိုက်နှက်၍ မီးရထားပေါ်မှ တွန်းချသည့်ရည်ရွယ်ချက်ကို မသိရ။ ထိုအမျိုးသမီး၏ ကိုယ်ပိုင်အဝတ်အစားများနှင့် ပိုက်ဆံအိတ်မှာလည်း အထက်ဖော်ပြပါ မီးရထားအတွင်းမှ ခြေရာလက်ရာမပျက် ပြန်တွေ့ကြရသည်ဟု သိရသည်။ ထိုသူသည် အမျိုးသမီးအား ကာယိက်


www.burmeseclassic.com

မြောက် စော်ကားရန်လည်း ကြံရွယ်ခဲ့ခြင်းမရှိရကား ရဲနှင့် စုံထောက်တို့မှာ ယင်းအမှု၏ တရားခံကို ခြေရာခံမိနိုင်ရန် အခက်အခဲ ဖြစ်ခဲ့ရသည်။ ထိုမှုခင်းကြီးကို ကျူးလွန်သူနှင့် ပတ်သက်၍ အခြားသဲလွန်စ တစ်စုံတစ်ရာလည်း မရ။ ထိုတွဲများကို တာဝန်ယူစောင့်ရသည့် မီးရထားတွဲစောင့်များကလည်း ထိုအမှုနှင့်ပတ်သက်၍ သတင်းမပေးနိုင်ကြ။

ဘာလင်မြို့မှ ထုတ်ဝေသော သတင်းစာကြီးများက ဤသတင်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသော်လည်း ရဲနှင့်စုံထောက်တို့အဖို့ ဤအမှုကို ကျူးလွန်ခဲ့သူအား ခြေရာခံနိုင်ခြင်းမရှိဘဲ ခေတ္တမဖြေရှင်းနိုင်သေးသော အမှုတစ်မှုအဖြစ် မှတ်တမ်းတင်ထားခဲ့သည်။ မီးရထားရဲအဖွဲ့ကလည်း အလားတူ အမှုအခင်းမျိုး ကပ်ပံမဖြစ်ပွားစေရန် ညရထားများတွင် အထူးလုံခြုံရေးများ ချထားခဲ့သည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။

ဤကဲ့သို့ အမှုဖြစ်ပွားခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ဘာလင်မြို့ ဆင်ခြေဖုံးရှိ ဒေါက်ချုပ်စက်ရုံတစ်ရုံမှ ပိုင်ရှင်ဖြစ်သူ၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေသော အသက် ၃၀ အရွယ်ရှိ အင်ဂျီဘိုဂေါ(ဖ်)ဟုသော အမျိုးသမီးသည် အထက်ဖော်ပြပါ ဘာလင်–မြူးနစ်သွား အမြန်ရထားဖြင့် ခရီးထွက်ခဲ့သည်ဟု ဆိုသည်။ ဘာလင်နှင့် ရမ်မယ်(လ်)ဘတ်မြို့အကြားတွင် ထိုအမျိုးသမီးအား လူမြင်လျှင် မှတ်မိသော သန်မာထွားကျိုင်းသည့် လူတစ်ယောက်သည် ရုတ်တရက် တုတ်ဖြင့်ရိုက်၍ အသင့်ယူလာသော ဓားဖြင့်ထိုးကာ မီးရထားပေါ်မှ တွန်းချခဲ့သည်။ မီးရထားလမ်းအနီး ကျေးရွာများမှ ရွာသားများက ထိုအမျိုးသမီးအား ဘာလင်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သဖြင့် သတ်ကောင်းစွာ ရရှိလာပြီး ထိုအမှုဖြစ်စဉ်ကို ရဲနှင့် စုံထောက်တို့အား သတင်းပေးနိုင်ခဲ့သည်ဟု ဆိုသည်။

ရဲနှင့် စုံထောက်တို့ကမူ အင်ဂျီဘိုဂေါ(ဖ်)၏ ဖြစ်ရပ်မှာ ယခင်အမျိုးသမီး ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့် ထပ်တူထပ်မျှ ဖြစ်နေသဖြင့် ယင်းအမှုများကို ဂ ပွန်သူသည် တစ်ဦးတည်းဖြစ်ရမည်ဟု ယူဆသည်။ ထိုရာဇဝတ်မှု ကျူးလွန်သူသည် လိင်ကြောင့်လည်းမဟုတ်၊ ထိုအမျိုးသမီးများတွင်ပါသော ငွေကြေး လက်ဝတ်ရတနာများကို လုယူရန် ကြိုးစားသည့် လက္ခဏာ မတွေ့ရ။ ထိုအမျိုးသမီးများနှင့်လည်း တစ်စုံတစ်ရာ ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းလည်း မရှိရကား လူသတ်တရားခံဖြစ်သူမှာ စိတ္တဇ လူသတ်သမားလော။ အဘယ်ကြောင့် အမျိုးသမီးများကိုသာ ပစ်မှတ်ထား၍ တိုက်ခိုက်သနည်း။ စဉ်းစားစရာများ ဖြစ်လာသည်။ ညရထားစီးသူများအား ခရီးသွားရာတွင် အဖော်ဖြင့်သာ



ခရီးသွားကြရန် မီးရထားဌာနမှ တာဝန်ရှိသူများက ကြေညာချက်များ ထုတ်ခဲ့ကြသည်။

ရဲနှင့် စုံထောက်များတို့ကလည်း လက်စလက်န ရှိသူများ၊ ရဲသတင်းပေးများအား ခေါ်ယူစစ်ဆေးခဲ့ကြသည်။ နာဇီအက်(စ်)အက်(ခ) အထူးထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကလည်း နိုင်ငံရေးမတည်မငြိမ်ဖြစ်စေရန်နှင့် ပြည်သူလူထုအား အထိတ်တလန့်ဖြစ်စေရန် စီမံဆောင်ရွက်သည့် နာဇီဆန့်ကျင်ရေးသမားများ၏ လက်ချက်လော။ အဘယ့်ကြောင့် အမျိုးသားများကို တိုက်ခိုက်ခြင်းမပြုဘဲ အမျိုးသမီးများကို ပစ်မှတ်ထား၍ တိုက်ခိုက်သနည်း။ ထိုမှုခင်းနှစ်မှုလုံး ဖြစ်ပွားမှုများမှာ တူညီလျက်ရှိသည်သာမက ရာဇဝတ်မှုကျူးလွန်သူသည် သူ၏ ပစ်မှတ်များအား အသက်သေဆုံးအောင် ရည်ရွယ်၍ တိုက်ခိုက်သော အခြေအနေ ဖြစ်နေသည်။

ဤမှုခင်းကြီး ဖြစ်ပွားခဲ့ပြီးနောက် ဘာလင်–မြူးနစ် မီးရထားလမ်းဘေး ကျေးရွာတစ်ရွာရှိ မုဆိုးမဇာဗ်ဦးအား မီးရထားလမ်းဘေးတစ်နေရာတွင် တုတ်ဖြင့်ရိုက်၍ ဓားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အသေထိုးခဲ့သည့် မှုခင်းဖြစ်ပေါ်ခဲ့ပြန်သည်။ ယင်းမှုဆိုးမဖြစ်သူမှာ အသက်သုံးဆယ်ကျော်အရွယ် ဂါဒါဒိုင်အာထရစ် ဆိုသူ အမျိုးသမီးတစ်ဦးဖြစ်ပြီး သူ့ခင်ပွန်းဖြစ်သူမှာ ဥရောပတိုက်၊ အနောက်ဘက် စစ်မျက်နှာတွင် ကျဆုံးခဲ့ရသူဖြစ်၏။ လူသတ်သမား၏ ကျူးလွန်ပုံ ကျူးလွန်နည်းမှာ ယခင် ဘာလင်-မြူးနစ် အမြန်ရထားပေါ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှုများကဲ့သို့ ဦးခေါင်းကို တုတ်ဖြင့်ရိုက်ပြီးမှ ဓားဖြင့်ထိုးသတ်ခြင်းသာ ဖြစ်သည်ဟု သတင်းရသဖြင့် ထိုမုဆိုးမအား သတ်ခဲ့သူမှာလည်း အထက်ဖော်ပြပါ အမျိုးသမီးကို သတ်ခဲ့သော လူသတ်သမားဖြစ်နိုင်သည်ဟု ရဲတို့က ကောက်ချက်ချကြသည်။

လူသတ်သမားဖြစ်သူသည် သေဆုံးသူအားလည်း မတော်မတရား ပြုခဲ့ခြင်းလည်းမရှိ၊ သေဆုံးသူနေထိုင်သည့် အိမ်ကလေးအတွင်းမှလည်း မည်သည့်ပစ္စည်းကိုမျှ ရှာဖွေယူဆောင်သွားခြင်းလည်း မရှိ။ ပတ်ဝန်းကျင်လေ့လာချက်များအရ သေဆုံးသူ ဂါဒါဒိုင်အာထရစ်သည် မည်သူနှင့်မျှ ရှုပ်ရှုပ်ထွေးထွေး နေထိုင်ခြင်းလည်းမရှိ၊ အေးအေးဆေးဆေး ပတ်ဝန်းကျင်နှင့် ခပ်ကင်းကင်းနေထိုင်သူဖြစ်ရာ အကြောင်းမဲ့ သတ်ဖြတ်ခဲ့ခြင်းသာ ဖြစ်နိုင်သည်ဟု ယူဆကြသည်။ ဤအမှုဂရက်သည် ထူးထူးခြားခြား ရိုက်ခတ်လာခဲ့သည်။ လူသတ်သမားသည် အကြောင်းမဲ့ ဆက်တိုက် သတ်လေ့ရှိသော "Serial Killer" တစ်ယောက်လော၊ သို့မဟုတ် စိတ္တဇရောဂါဝေဒနာ စွဲကပ်နေသူလော။ လူအများ ထိတ်လန့်ချောက်ချားဖွယ် ဖြစ်ခဲ့ရသည်။

ဤသို့အတွင်း အထက်ဖော်ပြပါ ဘာလင်-မြူးနစ် မီးရထားလမ်းဘေးဟာစ်ေမ့ရာတွင် ဦးခေါင်းအား ပသေမချင်း တုတ်ဖြင့် ရိုက်သတ်၍ ဓားဖြင့်ထိုးထားသော အသက် ၂၂ နှစ်အရွယ် အမျိုးသမီးငယ်တစ်ယောက်၏ အလောင်းကို တွေ့ကြရပြန်သည်။ ရဲနှင့် စုံထောက်တို့၏ စုံစမ်းထောက်လှမ်းမှုအရ ယင်းအသတ်ခံရသူ အမျိုးသမီးမှာ မိတယ်(လ်)ဒါ ဟိုလစ်(ရှ်) ဆိုသူ အသက် ၂၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။ သူ့အား ရက်ရက်စက်စက် သတ်ခဲ့သူမှာလည်း ရာဇဝတ်မှုကျူးလွန်သူတို့၏ လုပ်နည်းကိုင်နည်း သီအိုရီအရ ယခင် ရာဇဝတ်မှုကျူးလွန်သူ ဖြစ်ရမည်ဟု ရဲစုံထောက်တို့က ယူဆခဲ့ကြ၏။

ထိုမှုခင်းဖြစ်ပွားပြီး မရှေးမနှောင်းပင် အသက် ၂၀ အရွယ် အင်ဂရစ်ဖရက်(ဒ်)ဆိုသူ မီးရထားစာတိုက်စာရေးမကလေးအား ဦးခေါင်းအား လေးလံသော အရာတစ်ခုဖြင့် ထုခဲ့ပြီး မီးရထားပေါ်မှ ပစ်ချခဲ့သည်။ အလောင်းအား မီးရထားဌာနမှ တာဝန်ရှိသူများက တွေ့ရှိခဲ့၏။

ဤကဲ့သို့ ဖြစ်ရပ်များကြောင့် အထက်တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဘာလင်စုံထောက်ဌာနမှ အင်စပက်တော်ကြီး ဝီလီယန်လူးဒစ်နှင့် ခရီးသွားအသွင်ယူထားသော အမျိုးသမီးရဲအရာရှိများသည် ဘာလင်-မြူးနစ် အမြန်ရထား အစုန်အဆန်လိုက်ပါခဲ့ကြသော်လည်း စိတ္တဇလူသတ်သမားဟု ယူဆရသူအား ခြေရာခံနိုင်ခြင်း မရှိခဲ့။

၁၉၄၁ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ယင်းအမြန်ရထား ညရထားဖြင့် လိုက်ပါလာသော အသက် ၂၃ နှစ်အရွယ်ရှိ ဆိုနီယာဟတ်(စ်)ဆိုသော တယ်လီဖုန်းဌာနမှ အင်ဂျင်နီယာ အမျိုးသမီးအား လူသတ်သမားသည် ယခင် သူသတ်ခဲ့သော အမျိုးသမီးများနည်းတူ မီးရထားတွဲပေါ်မှ ရိုက်နှက်၍ တွန်းချခဲ့ရာ သေဆုံးခဲ့ရတော့၏။

ဤတွင် မီးရထားဖြင့် ခရီးသွားရသော အမျိုးသမီးများ၊ မီးရထားဖြင့် လုပ်ငန်းခွင်ဆင်းရသူ အမျိုးသမီးများ၏ လုံခြုံရေးမှာ စိတ်မချစရာ ဖြစ်လာသည်။ လူသတ်သမား ဖြစ်သူသည် ဤဘာလင်-မြူးနစ် ညအမြန်ရထားဖြင့် လိုက်ပါလာ၍ ယင်းလူသတ်မှုကြီးကို ကျူးလွန်နေသည်ဟု ပြည်သူအများက ယူဆခဲ့ကြသည်။ သတင်းစာများ၊ ဂျာနယ်များကလည်း ထိုသတင်းနှင့် ပတ်သက်သော သတင်းဆောင်းပါးများကို ရေးသားခဲ့ကြတော့ရာ လူအများ ကြီးလန့်တကြား ဖြစ်ခဲ့ရ၏။

ဤသို့အတွင်း ၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အသက် ၃၀ အရွယ် စက်ရုံအလုပ်သမား အမျိုးသမီးဖြစ်သူ လီဇာနောဗစ်ဆိုသူမှာ ဦးခေါင်းအား တုတ်ဖြင့်ရိုက်နှက်၍ မီးရထားပေါ်မှ တွန်းချသတ်ဖြတ်သည့် အမှုတစ်မှု ဖြစ်ခဲ့သည်။ ဤအမှုဖြစ်ပွားသည့် မီးရထားတွဲတွင် တွဲစောင့်အဖြစ် လိုက်ပါခဲ့သူ မီးရထားအမှုထမ်း ပေါ(လ်)အိုဂါဇော့အား ရဲနှင့်စုံထောက်တို့က သင်္ကာမကင်းဖြစ်ခဲ့သည်။ ယခင်လူသတ်မှုများဖြစ်ခဲ့စဉ်က သူတာဝန်ကျခဲ့သည့် မှတ်တမ်းများအားလည်း စစ်ဆေးကြည့်ရှုရာမှာ ပေါ(လ်)အိုဂါဇော့ဖြစ်နိုင်သည်ဟု စုံထောက်နှင့် ရဲတို့က တွေ့ရှိခဲ့ရသဖြင့် သူ့အား ခေါ်ယူစစ်ဆေးခဲ့ရာမှ ထိုပြစ်မှုများ ကျူးလွန်ခဲ့ကြောင်း ဝန်ခံဖြောင့်ချက်ပေးခဲ့သည်။ သူသည် စစ်ကြိုခေတ်က စိတ်ရောဂါဝေဒနာကု ဆရာဝန်တစ်ဦးနှင့် ဆေးကုသဖူးသည့် အထောက်အထားလည်း တွေ့ရ၏။ သူ့အား အထူးတရားရုံးမှ စစ်ဆေးခဲ့ပြီး သေဒဏ်ချမှတ်ခဲ့ပါကြောင်း။

လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

Obsession By J.Douglas



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက်ဝတ္ထုရှည်

# တန်းမြင့်ကျော်

(ယခင်လမှအဆက်)

ပဒ္မလက်

"ဘာလဲ ငါ့ညီကိုက ငါ့ပုံစံကို ကြည့်ပြီး ရှက်နေကြသလား။ အေးပေါ့လေ .. မင်းတို့က အတွေ့အကြုံနုသေးတော့ ရှက်မှာပေါ့ကွာ။ ငါကတော့ ကိုယ့်အလုပ်ကိုယ်လုပ်တာဆိုတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး။ နိုးနေပြီကွ"

ဟု ပြောကာ ဖိမ်ပေါ်မှ ဆင်းသဖြင့် ပေါက်ဆိန်တို့ သုံးဦးလည်း ဘာမှပြန်မပြောနေဘဲ စပ်ဖြီးဖြီးနှင့် ကိုဘန်းဇ၏နောက်မှလိုက်ခဲ့ကြလေ၏။ လမ်းတိုင်ရောက်သည်နှင့် ဟိုလူက လှမ်းကြည့်၊ ဒီလူက လှမ်းကြည့်သည်မို့ ပေါက်ဆိန်တို့ သုံးဦး မြင်းများဆွဲကာ ခေါင်းကလေးများ ငုံ၍ လိုက်ခဲ့ကြ၏။ ကိုးတော်ဘန်းသည် အမှတ် ၉ ကားဂိတ်သို့ ရောက်သောအခါ မရပ်ဘဲဆက်၍ လျှောက်သွားပြီး ဆူးလေဘုရားပေါ်သို့ တက်ပြီး လက်ျာရစ် သုံးပတ်ပတ်လိုက်ပြန်၏။ ဘုရားပေါ်မှ ကိုဘန်းနှင့် ပေါက်ဆိန်တို့အုပ်စုကို ဘုရားဖူးများက နယ်ပယ်မှုများအလင်နှင့် ပေါင်းငံ့ကြည့်သွားကြလေ၏။

ပေါက်ဆိန်တို့အုပ်စုသား ကိုယ့်အပြစ်နှင့်ကိုယ်မို့ ဘာသာစ်မှုနှီးမှ မပြောရဲကြဘဲ နှုတ်ဆိတ်ကာ ကိုဘန်းနောက်မှ လိုက်နေကြရလေ၏။ မကြာမီ ဘုရားပေါ်မှ ဆင်းပြီး အမှတ် ၉ ကားဖြင့် ကျိုက္ကဆံ့စေတီတော်သို့ ညနေ ၄ နာရီခန့်တွင် ရောက်ခဲ့ကြလေ၏။ လေးဦးသား ဘုရားပေါ်သို့ တက်ခဲ့ကြပြီး ဦးချကာ ဘုရားကြီးတစ်ခွင်လှည့်လာနေကြ၏။ ၁၉၆၀ ခုနှစ်ဆိုတော့ ကျိုက္ကဆံ့စေတီတော်ကြီးသည် ယခုအချိန်ကဲ့သို့ ရွှေမရောင်တင်းဝင်း၊ မုခ်ဦးကြီးများ သားသားနားနား မဟုတ်ပါချေ။

ချုံနွယ်၊ သစ်ပင်ကြီးများ ဒိုင်းလျက် ရှေးဟောင်းစေတီပျက်ကြီးပမာ ရှိနေချိန်ဖြစ်ပေသည်။ ကိုဘန်းနှင့် ပေါက်ဆိန်တို့အဖွဲ့သည် ဘုရားကြီးအား လှည့်လာပြီးသည်နှင့် ကိုဘန်းက ဦးဆောင်၍ ဘုရားကြီးပေါက်ဝ၊ ဝင်ချိုင့်ကလေးပေါ်သို့ ဆင်းသွားသဖြင့် ပေါက်ဆိန်တို့သုံးဦး ခပ်ကုတ်ကုတ် လိုက်ခဲ့ကြရ၏။ ချိုင့်ဝှမ်းကလေးများကို ဖြတ်ကျော်ပြီး ဆင်းသွားကြရာ သုန်းတော်ကြီးကျောင်းဆယ်ကျော်ဆီသို့ရောက်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပေါ်သို့ ရောက်သောအခါ ဆရာတော်အား အမွှေးတိုင်၊ ဖယောင်းတိုင်နှင့် လှူဖွယ်ပစ္စည်းကလေးများ လှူဒါန်းကာ ဘုရားပေါ်တွင် ကပ်ညတာ ပုတီးစိပ်၊ တရားထိုင်ခွင့် တောင်း၏။ ဆရာတော်က -

"ပုတီးစိပ်၊ တရားထိုင်တာကတော့ ဘုန်းကြီးတာဝန်ယူတယ်။ တခြားကိစ္စတွေကိုတော့ ဒကာကြီးတို့ အဆင်ပြေသလို ကြည့်လုပ်ကြပါ"

ဟု မိန့်လေ၏။ "တခြားကိစ္စ"ဆိုသည့်အတွက် ပေါက်ဆိန်၊ ပါကြီးနှင့် ဝင်းကြည်တို့ ဖြုံသွားကြ၏။ ကိုဘန်းကတော့ ခပ်အေးအေးပင်၊ သူတို့သုံးယောက်ကို လှမ်းကြည့်လိုက်၏။ ဆရာတော်အား လျှောက်ပြီးသောအခါ လေးဦးသား ဘုရားပေါ်သို့ ချမ်းများကို ဘိုးဇော်ကာ ပြန်တက်ခဲ့ကြလေ၏။ ဘုရားပေါ်ရောက်သောအခါ ခေတ္တအနားယူပြီး တစ်ညတာ ပုတီးစိပ်၊ တရားထိုင်မည့်နေရာကို ပတ်၍ ရှာကြ၏။

အချိန်အတော်ကလေး ကြာသွားပြီး နေညိုလာပြီဖြစ်သော်လည်း နားနေကြမည့်နေရာကို တော်တော်နှင့် မတွေ့သေး။ တဖြည်းဖြည်း မှောင်လာတော့မှ ကိုဘန်းက ဘုရား၏ မြောက်ဖက်သစ်ပင်ကြီးတစ်ပင်အောက်တွင် နေရာယူလိုက်ကြပါသည်။ ယူလိုက်သော သစ်ပင်ကြီးအောက်နေရာတွင် ထူးထူးခြားခြား ကျောက်ပြားကြီးတစ်ချပ်တွေ့ရ၏။ ထိုကျောက်ပြားသည် မြို့တဲတွင် လမ်းခင်းသည့် ကျောက်ပြားယက် ကြီး၏။

ထိုနေရာကို ဗဟိုမြို့ကာ ပါလာသည့် **အခင်းများကို** ခင်းလိုက်ကြ၏။ ခေါင်းအုံးများ ချိုင့်များကိုလည်း နေရာတကျ ထားကာ အနားယူလိုက်ကြ၏။ အနားယူနေစဉ် ကိုဘန်းက -

"ငါညီတို့၊ အပေါ့တွေ အလေးတွေ သွားချင်ရင် ခုထဲက အပြတ်ရှင်းကြ။ သွားရင်လဲ ဆိုင်ရာပိုင်ရာ ရုက္ခစိုးတွေကို တောင်းပန်ပြီးမှ သွားကြ။ ပြီးလို့ လူစုံရင် ငါစည်းသုံးတန်တားမယ်။ စည်းသုံးတန်တားပြီးရင် လုံး၀ လုံး၀အပြင်မထွက်ရတော့ဘူး။ ထွက်တာနဲ့ စည်းပေါက်ပြီ။ စည်းပေါက်တာနဲ့ နာနာဘာဝတွေ နှောင့်ယှက်ပြီမှတ်"

ကိုဘန်းပြောသောအခါ ပေါက်ဆိန်တို့အုပ်စုတစ်လှည့်စီ ဘုရားနှင့်ဝေးဝေးနေရာသို့ သွားကြ၏။ အားလုံးကိစ္စပြီးသောအခါ ကိုယ့်နေရာပြန်၍ ထိုင်ကြသည်။ လူအားလုံး ပြန်ရောက်သောအခါ ကိုဘန်းက ရှုတ်ပတ်မန်းမှုတ်ပြီး စည်းသုံးတန်တားလေ၏။ ပေါက်ဆိန်တို့ အုပ်စုကား ကိုဘန်း စည်းသုံးတန်တားသည်ကို မှင်တက်မိကာ မခတ်စူးစိုက်၍ ကြည့်နေကြလေ၏။

ကိုဘန်း စည်းတားပြီးသောအခါ ဘုရားတစ်ခွင် အတော်ပင် မှောင်လာ၏။ အားပတ်ဝန်းကျင်သို့ ကြည့်လိုက်ကြရာ အရှေ့ဖက်တွင် မှုဝါးဝါးမီးရောင်ကလေးများ၊ အနောက်ဖက်တွင် ထိတ်လန့်ဖွယ် ချုံတောကြီးများ တွေ့ရ၏။ ငှက်သံလေးများ တစ်ခါ တစ်ခါ အော်နေသည်မှလွဲ၍ မှောင်ရိပ်က တဖြည်းဖြည်း စိုးမိုးလာလေသည်။ လေကလေး တဖြည်းဖြည်း အေးလာသဖြင့် ပါလာသည့်အနွေးထည်၊ ဘိုက်ပုံများကို ဝတ်ကြရလေ၏။

ကိုဘန်းကား အလုပ်အများဆုံးဖြစ်၏။ သူက ဆရာကြီးပေကိုး။ အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်း၏။ ဘုရားရှိခိုး၏။ ဘုရားရှိခိုးပြီးနောက် မေတ္တာသုတ်များ ရွတ်၏။ အချိန်အတော်ကြာသွား၏။ ဖယောင်းတိုင် လုံလုံလောက်လောက် ဝယ်လာသဖြင့် အလင်းရောင်အတွက် မပူရပေ။ ကိုဘန်းက ပေါက်ဆိန်၊ ပါကြီးနှင့် ဝင်းကြည်သူငယ်ချင်း သုံးယောက်တို့အားလည်း ဘုရားရှိခိုးခိုင်း၏။ ဘုရားရှိခိုးပြီးသောအခါ . . ကိုဘန်းက -

"ဘယ်လိုအကြောင်းနဲ့မှ စည်းသုံးတန်ရဲ့အပြင်ကို မထွက်ပါနဲ့။ ထွက်တယ်နော်၊ တာဝန်မယူဘူး။ ကိုယ်ဖြစ်ကိုယ်ခံ။ မင်းတို့သုံးယောက်လည်း အရဟံပုတီးစိပ်ပါ။ နားပြီးစိပ်လဲရပါတယ်။ အပတ် ၁၈၀ စိပ်ရင်ရပြီ"

ပြောပြီး ကိုဘန်းအစားအနည်းငယ်စားကာ ပုတီးစတင်၍ စိပ်လေ၏။ ပေါက်ဆိန်တို့ သုံးယောက် ချိုင့်ဖွင့်ပြီး ထမင်းစားလိုက်၊ နားလိုက်၊ ပုတီးစိပ်လိုက်၊ လေဝှေ့၍ ဟိုဒီယိမ်းနေသည့် သစ်ပင်တွေ ကြည့်လိုက်၊ ချုံပုတ်တွေဆီ ကြည့်လိုက်၊ ကျောင်းကင်ပေါ် မော့ကြည့်လိုက်၊ ရေနွေး သောက်လိုက်၊ ဆတ်သား ခြောက်ဝါးလိုက်၊ သုံးထပ်သား လေး မြုံ့လိုက်ကြရင်း ည[...] သဘာဝကိုခံစားနေကြလေ၏။

ည အယ့်နှစ်နာရီကျေ[...] သောအခါ အနောက်ဖက်[...] ခြေသံလိုလို ကြားသဖြင့် လှ[...] ကြည့်လိုက်ရာ အရိပ်သုံး[...] တွေ့ လိုက်ရသဖြင့် သုံး[...] ယောက်သား လက်တို့ သ[...] အနေအထားဖြင့် နေကြ[...] . . ဝင်းကနဲ မီးရောင် တစ်[...] သည် သူတို့အုပ်စုအတွင်း[...] ကျရောက်လေရာ အရိပ်[...] ကတည်းက တုန်လှုပ်နေသ[...] ဝင်းကြည်က -



www.burmeseclassic.com

www.burmeseclassic.com

"အောင်မယ်လေး .. နာနာဘာဝတွေက ဝရဇိန် သက်နက်နဲ့ ပစ်နေပြီဗျ"

ဆိုပြီး ဝပ်ချလိုက်လေ၏၊ ပုတီးစိပ်နေသည့်ကိုဘန်းက -

"ဘယ် .. ဘယ်က နာနာဘာဝတွေ လာအနှောင့်အယှက်ပေးနေတာလဲ၊ ဆုတ်စမ်း၊ ယမရာဇ်မိန့်ပေးနေတယ် .. ဆုတ်"

ပြောကာ သူ၏ ပုတီးကြီးဖြင့် မီးရောင်လာသောဘက်သို့ ရမ်းထည့်လိုက်ရာ ပေါက်ဆိန်ခေါင်းအား ရိုက်မိလိုက်သဖြင့် -

"အားရားရား .. နာနာဘာဝတွေက ဝရဇိန်လေးခွနဲ့ ပစ်တယ်ဗျ"

ဆိုပြီး အော်လဲအော်လိုက်ရာ အနောက်ဖက်မှ -

"နာနာဘာဝတွေမဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်တို့ ပတ္တရောင်ရဲတွေပါ။ သက်စစ်ကြပါ ဆရာတို့"

ဟု ဆိုသည့်အသံကြားလိုက်ရသဖြင့် ရဲတွေမှန်းသိရသဖြင့် စိတ်အေးသွားပြီး၊ အားလုံး သက်ပြင်းချနိုင်လေ၏၊ နဂိုကမှ လောင်ချင်နေသော ပေါက်ဆိန်တို့အုပ်စုက အခွင့်အရေးရသည်သို့လောင်လိုက်ကြလေ၏။ သုံးဦးသား ကိုဘန်းပေးထားသော ပုတီးလေးများကို စိပ်လိုက်ကြ၊ ကြိတ်ရယ်လိုက်ကြ၊ ရေနွေးတွေသောက်လိုက်ကြ၊ ဟင်းတွေစားလိုက်ကြ၊ ခတ်ဘူးတစ်ဘူးကုန်သောအခါ ပါကြီးသည် ရှူရှူပေါက်ချင်လာလေ၏။ ပေါက်ဆိန်က ပါကြီးပုံစံကို ကြည့်ကာ တိုးတိုးလေးပြော၏။

"ဟောကောင် .. အောင့်ယားမနေ့်။ ပင်းဖပြင်ယွက်လိုက်တာနဲ့ တို့တတွေ ဒုက္ခရောက်လိမ့်မယ်နော်"

ဟု ပြောသောအခါ ပါကြီးက -

"အေး .. စည်းပေါက်တာပြန်ဆွဲလို့ရတယ်ကွ။ ဆီးပေါက်ချင်တာက ဘယ်လိုမှ အောင့်လို့မရတော့ဘူးကွ .. ကျွတ် .. ကျွတ် ကျွတ်"

ဟု တိုးတိုးတိတ်တိတ် ကိုဘန်းမကြားအောင် ပြောသည်နှင့် ပေါက်ဆိန်ကိုပါခေါ်ကာ နှစ်ယောက်သား ဆီးသွားပေါက်ကြလေ၏။ ကိုဘန်းကတော့ ပုတီးကိုသာ တွင်တွင်ကြီးစိပ်နေလေ၏။ ပေါက်ဆိန်နှင့် ပါကြီး တိုးတိုးတိတ်တိတ် ပြန်လာသောအခါ ဝင်းကြည်ကလည်း ဆီးပေါက်ချင်သည်ဟု ဆိုပြန်သဖြင့် ပေါက်ဆိန်တစ်ခါလိုက်ပို့ရပြီး ဒုတိယအကြိမ် စည်းပေါက်ပြန်လေ၏။

ဆီးဒုက္ခပြီးသောအခါ စည်းဝိုင်းအတွင်းသို့ ကိုဘန်းမသိအောင် ပြန်ဝင်ရသည်မှာလည်း လွယ်သည့် အလုပ်မဟုတ်။ ဇောချွေးပြန်အောင် ပိပိရိရိလေးဖက်တွားကာ စည်းကိုကျော်၍ မှောင်မှောင်မည်းမည်းတွင် ဝင်ရလေ၏။

ကိုဘန်းကား ပေါက်ဆိန်တို့ လုပ်ရပ်တွေကို လုံးဝမသိ။ သူ့ပုတီးကိုသာ တွင်တွင်ကြီး စိပ်နေမလေ၏။ လုံးဝ လုံးဝ မငိုက်ရေးချမငိုက်ပါချေ။ သတ္တိကား အပြည့်။ နံနက် သုံးနာရီကျော်သောအခါ ပေါက်ဆိန်တို့ သုံးယောက်ငိုက်လာကြပြီဖြစ်၏။ ထိုသို့ သုံးဦးအငိုက်ပြိုင်နေစဉ် "ဘုံး"ကနဲ သူတို့လေးယောက်အလယ်သို့ ဘာလုံးကြီးမှန်းမသိ ကျလာလေ၏။ ပုတီးကို စိတ်ဝင်တစား စိပ်နေသော ကိုဘန်းသည် လေထဲသို့ နှစ်ပေခန့်လန့်၍ မြောက်တက်သွား၏။

ကိုဘန်း လန့်၍ မြောက်တက်သွားသလို ပါကြီးသည် အလန့်တကြား "လုပ်ပါအုံး၊ ကိုဘန်းရေ .. ပြိတ္တာတွေက အနုမြူဗုံးနဲ့ ချနေပြီဗျ"

ဆိုပြီး အော်ပါလေ၏။ လေးယောက်သား တုန်တက်ပြီးတစ်ယောက်ကိုတစ်ယောက် ဖက်ထားလိုက်ကြလေ၏။ တော်တော်ကြာမှ ကိုဘန်းသည် ဝပ်နေရာမှ ကုန်းထကာ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်ရာ .. လား .. လား .. ဥသျှစ်သီးကြီး ဖြစ်နေလေ၏။ နည်းသည့် ဥသျှစ်သီးကြီးမဟုတ်၊ ခေါင်းပေါ်များ ကျလိုက်လျှင် .. ဘုရား .. ဘုရား .. မတွေးဝံ့ပေ။

ကိုဘန်းက သစ်ပင်ကြီးကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်ပြီး -

"ကြည့်စမ်း .. တို့ဘေးက အပင်ကြီးဟာ ဥသျှစ်ပင်ကြီးကိုး .. ကဲ - ကဲ .. ကိုယ့်အလုပ် ကိုယ်ပြန်လုပ်ကြ၊ ဒါမင်းတို့ကို သတိပေးနေတာနော၊ လုံးဝစည်းမပေါက်ကြစေနဲ့။ စည်းပေါက်ရင်တော့ လား . . . "

ကိုဘန်းက သူ့စည်းကို အားကိုးတကြီးပြောကာ ပုတီးပြန်စိပ်နေလေ၏။ ပေါက်ဆိန်တို့ သုံးဦးကား ငါးတိုးလေး -

"ဟုတ်တယ် ကိုဘန်းရေ၊ ကိုဘန်းရဲ့စည်းကတော့ ကျုပ်တို့ ဆီးပေါက်လို့ ဝင်လိုက်ထွက်လိုက်လုပ်တာနဲ့ စည်းပေါက်ရုံမကဘူး၊ စည်းပျောက်နေပြီခင်ဗျ။ စည်းပျောက်နေပါပြီ .."

ဟု ပေါက်ဆိန်က တိုးတိုးလေးပြောရင်း ကြိတ်ကာရယ်လိုက်ကြလေ၏။ ဥသျှစ်သီးကြွေပြီးနောက် သုံးဦးသား မျက်လုံးများ ကျယ်ပြီး ဟိုသည်လျှောက်ကြည့်နေကြလေ၏။ ထိုစဉ် လေမတိုက် မိုးမရွာဘဲ ဝင်းကြည်၏ ကျောပြင်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖြန်း"ကနဲ တစ်ချက်တစ်ခု ဝင်တိုက်သွားရာ -

"အောင်မယ်လေး ဆရာကြီးဘန်း၊ လုပ်ပါဦးဗျ၊ ကျွန်တော့်ကျောကို သရဲကလက်ဝါးနဲ့ ရိုက်တယ်ဗျ"

ဝင်းကြည်က အာပြဲကြီးနှင့် ကုန်းအော်ရင်း ဆရာကြီးဘန်းအား ဖက်လိုက်လေ၏။ ဆရာကြီးဘန်းသည် ကမန်းကတမ်း သူ့လွယ်အိတ်ကိုဖွင့်ကာ အင်းချပ်တစ်ချပ်ကို ဝင်းကြည်၏ကျောပြင်ကို ကပ်ပေးလိုက်လေ၏။ ဝင်းကြည်၏ကျောပြင်အား လာရိုက်သည့် ပစ္စည်းအား လက်နှိပ်မာတ်မီးဖြင့် ရှာကြရာ သစ်ကိုင်းခြောက်ကြီးဖြစ်နေလေ၏။ ပါကြီးက သစ်ကိုင်းခြောက်ကြီးကို ကိုင်ကာဟားလေ၏။ ကိုဘန်းက ပြောလေ၏။

"ဒါ စည်းမပေါက်လို့နော်၊ စည်းသာပေါက်လို့ကတော့ ဒို့ထက် ဆယ်ဆဆိုးသွားမယ် ငါ့လူတို့"

ဟု သူ့စည်းကို အားကိုးတကြီးပြောကာ ပုတီးဆက်စိပ်ပြန်လေ၏။ ထမင်းလည်းကုန်၊ ဟင်းလည်းကုန်၊ ရေနွေးလည်းကုန်သောအခါ အစီအရင်အဖွဲ့သည် မည်သည့်အချိန်တွင် မည်ကဲ့သို့ အိပ်ပျော်သွားမှန်းမသိ အိပ်၍ပျော်သွားကြလေသည်။ နံနက်နေရောင်ထိုးသဖြင့် ကိုယ်ပူလာသောအခါမှ ပေါက်ဆိန်လန့်နိုး၍ ထကြည့်လိုက်ရာ နေအတော်မြင့်နေသည်ကို တွေ့ရလေ၏။ တဖန် ငါးမိအပေါင်းအသင်းများကို ကြည့်လိုက်သောအခါ ပုတီးဆရာကြီးဘိုးတော်ကိုဘန်းသည် အိပ်ပျော်နေသည်မှာ တခေါခေါနှင့် ပါးစပ်ကြီးဟလျက်။

လုံချည်ကလည်း လန်၍ ရင်ဘတ်ကို ဖုံးနေပြီး အောက်ခံဘောင်းဘီပေါ်နေလေသည်။ ဝင်းကြည်သည်လည်း တစ်ဖက်စောင်း၍ အိပ်ပျော်နေသည်မှာ သွားရည်များပင် မဆည်နိုင်။ ပါကြီးကတော့ ကွေးကွေးကလေး စည်းပေါက်ကာ သူဆီးပေါက်သည့်နေရာသို့ပင် ရောက်နေလေသည်။ သူတို့ဘေးတွင် ဘယ်ကကောင်လေးတွေမှန်းမသိ စပ်ဖြီးဖြီးနှင့် ကြည့်နေကြလေ၏။

သို့နှင့် ပေါက်ဆိန်သည် အပေါင်းအသင်းများကို နှိုးကာ ကားပေါ်ကျမှ ဆက်အိပ်ကြရန် ပြောရလေ၏။ ၉ ကားပေါ်တွင် ကံကောင်းထောက်မစွာ နေရာရသဖြင့် ဆက်အိပ်ကြပြီး ဆယ်နာရီကျော်ကျော်တွင် မြို့တွင်းသို့ ရောက်ကြလေ၏။

ကားပေါ်မှ ဆင်းပြီး နီးရာ လက်ဖက်ရည်ဆိုင်သို့ ဝင်ကာ လက်ဖက်ရည်သောက်ကြရင်း ဝင်းကြည်က ပြော၏။

"ဘယ်လိုလဲ ကိုဘန်း၊ ဘာကောင်မှမတွေ့ဘူးဗျနော်။ သွားရကျိုးမနပ်ပါဘူးဗျာ"

"ဟဲ . . ဟဲ . . ဘယ်တွေ့မလဲကိုယ့်လူရာ၊ ကိုယ်ချထားတဲ့ စည်းသုံးတန်ဟာ သိပ်စွမ်းတယ်ကွနော်။ ဒါကြောင့် ဘယ်လို နာနာဘာဝ၊ မကောင်းဆိုးဝါးတွေမှ မဝင်နိုင်ဘူးလေကွာ"

ကိုဘန်းက ရင်ကော့၍ ပြောလိုက်ရာ ပေါက်ဆိန်တို့သုံးယောက်တစ်ယောက် မျက်နှာတစ်ယောက် ကြည့်ကာ ဟားချင်သော်လည်း မဟားရဲဘဲ စိတ်တွင်း၌သာ ကြိတ်ခဲထားရ၏။

လက်ဖက်ရည်သောက်ပြီး ကိုဘန်းက သူ့အိမ်သူ ပြန်သွားသောအခါ ပေါက်ဆိန်က ဝင်းကြည်နှင့် ပါကြီးတို့၏ ပခုံးကို ဖက်လျက် -

"ဟုတ်တယ် ကိုဘန်းရေ၊ ကိုဘန်းရဲ့ စည်းသုံးတန်ကပဲ စွမ်းသလား၊ ကျုပ်တို့ရဲ့ ဆီးသုံးတန်ကပဲ စွမ်းသလားဆိုတာ . . နာနာဘာဝ၊ ဝိနာကွာကွတွေကိုသာမေးကြည့်ပါတော့ဗျို့ . . ဟား . . ဟား . .၊ နောက်တစ်ခါဆိုရင် ပုတီးပတ်များများရအောင် လက်နဲ့မစိပ်ဘဲ မော်တာလေးတပ်ပြီး စိပ်ပါဗျို့ . . ဟား . . ဟား . . ဟား . ."

သုံးဦးသား တစ်ညလုံး မျိုသိပ်ထားရသမျှ အတိုးချ၍ အသားကုန် ဟားလိုက်ကြ လေသတည်း။

♠

ပေါက်ဆိန်တို့အုပ်စုမှ ထွန်းသိန်း၊ ကျောင်းသားများ အီးဘူထွန်းသိန်းဟု နာမည်ပြောင်ခေါ်ကြ၏။ ခေါ်ရသည့် အကြောင်းရင်းမှာ အတန်းထဲတွင် မကြာခဏ လေလည် တတ်သောကြောင့် ဖြစ်၏။ အီးဘူထွန်းသိန်းကား ထူးခြား၏။ ပေါက်ဆိန်တို့က ကပ္ပလီ စိုးမြင့်တို့၊ ကျားကြီးတို့၊ ကျော် ညွန့်တို့၊ ဝင်းကြည်တို့၊ မြင့်သိန်း မြိုင်တို့ ပုံစံမျိုးမဟုတ်။ အသား ဖြူ၏။ သင့်တင့်သော အရပ် အမောင်းရှိ၏။ ရုပ်ရည်ချော မော၏။ အထူးသဖြင့် သူ၏ ဆံပင်။ သူ၏ ဆံပင်ကား လူ တိုင်း စိတ်ဝင်စား၏။ ထိုခေတ် က ရုပ်ရှင်မင်းသား ကိုမြတ် လေး ဆံပင်ပုံစံမျိုး၊ ကိုမြတ် လေး ဆံပင်ပုံစံလို ဘယ်ခွဲ၊ ဆီ ဘယ်တော့မှမလိမ်း၊ အခြောက် ထားသည့်ပုံစံ။ အမြဲတမ်း သူ ၏ ဘယ်ဘက်သို့ ခွဲ၍ ချထား သော ဆံပင်လေးကို သပ်ကာ သပ်ကာ ခေါင်းကလေးစောင်း လျက် စကားပြောတတ်၏။

ထို ရုပ်ရည်ရှိ၍လည်း အီးဘူထွန်းသိန်းသည် ရုပ် သရုပ်ဆောင်ဖြစ်ရန်အထူး စိတ်ဝင်စား၏။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com

ကိုမြတ်လေး၊ စန္ဒယားချစ်ဆွေ၊ အဆိုတော် ကိုသန်းလှိုင်တို့သည် ရေကျော်ထဲတွင် အမြဲတန်း စုဝေးတတ်၏။ ရေကျော်မောင်အေး လက်ဖက်ရည်ဆိုင်တွင် ထိုင်တတ်ကြ၏။ ထိုအသိုင်းအဝိုင်းတွင် ဝင်ဆံ့ရန် အီးဘူထွန်းသိန်းက ကြိုးစားလျက်နေ၏။ ကိုမြတ်လေးက ဘယ်အိုက်တင်၊ ကိုချစ်ဆွေအသံက ဘယ်လို၊ ကိုသန်းလှိုင်သံချင်းက ဘယ်လောက်ဆွဲဆောင်မှုရှိသည်ကို အမြဲတန်း အကောင်းမြင်တတ်သူ၊ အကြိုက်တွေ့သူ၊ ရုပ်ရှင်မင်းသား ကိုကျော်ဆွေဆိုလျှင်လည်း သူအလွန်သဘောကျ၏။ ကောလိပ်ဂျင်နေဝင်းဆိုလျှင်ကော လုံးဝ လုံးဝ ကြိုက်မှကြိုက်။

သူ့ကို ပေါက်ဆိန်တို့အုပ်စုက ကျောင်းမတက်မီ၊ ကျောင်းလစ်ချိန်တို့တွင် ရုပ်ရှင်မင်းသား အိုက်တင်များ လုပ်နိုင်လျှင် အီးဘူထွန်းသိန်းသည် မမောမပန်း လုပ်ပြလေ၏။ သူလုပ်ပြသည့် အမူအရာများကို ပေါက်ဆိန်တို့ အုပ်စုက တဝါးဝါးတဟားဟား သဘောခွေ့မနောတွေ့ကြလေ၏။ တစ်ခုပဲ ပြောစရာရှိသည်ကတော့ အီးဘူထွန်းသိန်းသည် သံချင်းမဆိုတတ်၊ ဆိုပါက အသံဩကြီးနှင့် ဆိုတတ်၏။

အီးဘူထွန်းသိန်းသည် ပေါက်ဆိန်တို့နှင့် ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်း၊ ဆယ်တန်းတွင်တော့ သုံးလေးလ သာနေပြီး တကယ်ပင် ရုပ်ရှင်လောကသို့ ခြေစုံရော လက်စုံပါ ပစ်၍ဝင်သွားလေ၏။ သူ ပထမဆုံးပါဝင်သော ရုပ်ရှင်ကို ပေါက်ဆိန်တို့အုပ်စုအား ကြည့်ကြရန် ပြောသဖြင့် ပေါက်ဆိန်တို့အုပ်စုအပြေးအလွှား သွားကြည့်ကြလေ၏။ ရုပ်ရှင်ပြကတည်းက သူငယ်ချင်း အီးဘူလာနိုး၊ လာနိုး။ တစ်ခန်းပြီးတစ်ခန်း ပေါက်ဆိန်တို့ သူငယ်ချင်းတစ်စု နတ်မျက်စိပုလင်းကွဲများကို အတင်းဖြဲ၍ကြည့်ကြလေ၏။

လာပါပြီ သူငယ်ချင်း အီးဘူ စားသောက်ဆိုင်တွင်းတွင် အပေါင်းအသင်းများနှင့် ပုလင်းမော့ခန်း၊ အီးဘူတို့အဖွဲ့တစ်ခွက်ပင် မမော့ရသေး ရုပ်ရှင်မင်းသားနှင့် လူကြမ်းများ စကားများကာ ထဖိုက်ကြသည့်အတွက် စားသောက်ဆိုင်မှလူများ ထပြေးသည့်အခန်း၊ ထိုဇာတ်ပင်ခန်းတွင် ကျွန်ုပ်တို့ ငှတ်လိုက်ကြီး ရုပ်ရှင်ဆိုက်ပတ်ကို အီးဘူသည် အထက်ကဆိုခဲ့သလို တစ်ခွက်ပင်မမော့ရသေးဘဲ ထပြေးရလေ၏။

ပေါက်ဆိန်တို့ တစ်သိုက် ထိုအခန်းကိုကြည့်၍ တဟားဟား အူတက်အောက် ရယ်ကြလေ၏။ သို့နှင့်ပင် ကျွန်ုပ်တို့ ရုပ်ရှင်မင်းသားကိုအီးဘူမှာ ဟိုတစ်ခန်းပါ၊ ဒီတစ်ခန်းပါနှင့်ပင် လုံးလည်ချာလည်လိုက်နေလေ၏။ ဒါက ရုပ်ရှင်မင်းသား ကိုအီးဘူ၏ အနုပညာ။

ကိုးတန်းတုန်းကဆိုလျှင် အီးဘူသည် ဆေးပေါ့လိပ်ကလေးခဲလျက်၊ ဗလာစာအုပ်သုံးလေးအုပ်ကိုလက်တွင်းကိုင်ကာ ကျောင်းတက်၏။ ထိုခေတ်က ပုံစံလည်း "စတိုင်" တစ်မျိုးဖြစ်၏။ လွယ်အိတ်ကို မလွယ်ဘဲ စာအုပ်သုံးလေးအုပ်သာကိုင်ကာ ကောလိပ်ကျောင်းသားပုံစံဖမ်းကြလေ၏။ ထိုသို့ ကိုးတန်းရောက်သည့်အချိန်ထိ အီးဘူ၏ အဖိုးသည် ကျောင်းသို့တကောက်ကောက်လိုက်တတ်၏။ ကျောင်းတက်ခါစတစ်ကြိမ်၊ မုန့်စားလွှတ်ချိန်တစ်ချိန်၊ နှစ်ရက်ခြား သုံးရက်ခြား သူ့မြေးကို လာကြည့်တတ်၏။

အဖိုးက အလွန်ချစ်သော အီးဘူသည် အဖိုးလစ်သည်နှင့် ကျောင်းလစ်တတ်လေ၏။ ဒီလောက်အဖိုးက အလွတ်မပေးသော်လည်း အကွက်ချောင်းကာ လစ်၏။ သူ့အဖိုးအကြောင်း အနည်းငယ်ပြောရလျှင် အီးဘူ၏အဖိုးသည် ပေါက်ဖော်ကြီး ဖြစ်၏။ နှာခေါင်းကလန်နေသည့်အတွက် ပေါက်ဆိန်တို့အုပ်စုက ဟားစရာဖြစ်နေ၏။ ပြီးတော့ ပိန်ပိန်သေးသေးပုပုလေး။ ချာလီချက်ပလင်ပုံစံ။ ဘောင်းဘီမတိုမရှည် တရုတ်ဘောင်းဘီကို အမြဲဝတ်၏။ သူ့မြေးဆီလာတိုင်း လက်ချည်းဗလာမလာတတ်ပါ။ ပေါက်စီတစ်ခု၊ ကိတ်တစ်ခု တစ်ခုခုတော့ ပါလာတတ်၏။

ဒီလောက် မြေးအရွယ်ရောက်နေသည့်အထိ အဖိုးခမျာ မြေးကိုကလေးထင်နေလေ၏။ အီးဘူထွန်းသိန်းကတော့ ထိုသို့သော မုန့်ကလေးများကို သူငယ်ချင်းများရှေ့လာလာပေးတိုင်း သူက ရှက်လေ၏။ မယူချင်သလိုလို၊ မစားချင်သလိုလို လုပ်နေတတ်၏။ မစားသည်လည်း မဟုတ်။ ပေါက်ဖော်ဦးက သူ့မြေး ထွန်းသိန်းကို တရုတ်သံဝဲဝဲနှင့် (တွန်းတိန်း)ဟု ခေါ်တတ်၏။ ထိုအခေါ်ကို ပေါက်ဆိန်တို့ အဖွဲ့သဘောကျသဖြင့် တစ်ခါတစ်ရံ (တွန်းတိန်း)ဟု နောက်ပြောင်ခေါ်လိုက်ကြသေး၏။ ပေါက်ဖော်ကြီးခမျာ နား... လည်း ထိုင်း၏။ မျက်စိ... လည်း မှုန်၏။ သို့သော် ဘ... လောက် မှုန်မှုန်၊ ဘယ်လေ... နားထိုင်းထိုင်း၊ သူ့မြေးရှိ... နေရာကို တန်းကနဲ ရော... လာတတ်၏။

ရောက်ဆို ပေါက်ဖ...



www.burmeseclassic.com

www.burmeseclassic.com

အီးဘူအုပ်စုသည် ကျောင်းမတက်မီ ကရစ်လမ်း(လယ်)ရှိ မီးကင်းတဲလေးတွင် အမြဲစုရပ်ဖြစ်နေသောကြောင့် ဖြစ်ပေသည်။ ထိုကင်းတဲလေးကား ပေါက်ဆိန်တို့ ဟန်းမြင့်ဂျင် တစ်သိုက်၏ နေရာမှန်ဖြစ်၏။ ကျောင်းမတက်မီ စုဝေးစကားပြောအနားယူ၊ ငြင်းကြခုန်ကြ၊ ထိုကင်းတဲ ကလေးသည် နောက်ဖေးလမ်းကြားထဲတွင် ရှိသည်မို့ ပို၍ပင် လွတ်လပ်ပေ၏။

ထို့ပြင် ထိုကင်းတဲနှင့် မနီးမဝေးတွင် တရုတ်ကြီး "အန်ကယ်ပိုက်"ကုန်မျိုးစုံဆိုင်ရှိ၏။ ထိုအိုင်သည် ကျောင်းသားများသုံး ခဲတံ၊ ပေတံ၊ စာအုပ်၊ မုန့်ဖျက်အမျိုးမျိုးရောင်း၏။ အန်ကယ်ပိုက်သည် ကျောင်းသားများနှင့် ပလင်းတူ ဘူးဆိုဖြစ်၏။ ကျောင်းပြေးများ၏ လွယ်အိတ်များကို လက်ခံပေး၏။ ဖောင်တိန်၊ နာရီအပေါင်ခံ၏။ ကျောင်းသားများ ပိုက်ဆံလိုလျှင် လိုသလို အန်ကယ်ပိုက်နှင့် အလဲအလှယ်လုပ်ကြလေ၏။

ကျောင်းပြေးများ၏ လွယ်အိတ်ပေါက်ခံမှု၊ နာရီ၊ ကွန်ပါဘူးစသည်များ အပေါင်ခံမှုကြောင့် ကျောင်းသားမိဘများ၊ ဆရာများနှင့် အန်ကယ်ပိုက် မကြာခဏ ဖြေရှင်းရတတ်၏။ ဘယ်လောက်ပင် ဖြေရှင်း ဖြေရှင်း အန်ကယ်ပိုက်ကား လုပ်မြဲလုပ်၏။ ပေါက်ဆိန်တို့အုပ်စုသည်လည်း အန်ကယ်ပိုက်နှင့် ကင်းကွာ၍မရ။ ပိုက်ဆံလိုလျှင်လိုသလို အန်ကယ်ပိုက်နှင့် ဆွေးနွေးရလေသည်။

တစ်နေ့ နံနက် ပေါက်ဆိန်တို့အုပ်စု ကင်းတဲလေးတွင် စကားကောင်းနေကြ၏။ ထိုစဉ် အီးဘူထွန်းသိန်းသည် သူ့အဖိုးလာနေသည်ကို မြင်လိုက်သဖြင့် လှစ်ကနဲ ပြေးကာ ကင်းတဲနောက်သို့ ဝင်ပုန်းကာ -

"ဟေ့ကောင်တွေ၊ ငါ ကျောင်းထဲဝင်သွားပြီလို့ ပြောလိုက်"

ဟု အော်ကာ ကင်းတဲနောက်တွင် ကပ်နေလေ၏။ ထိုနေ့တွင် အီးဘူထွန်းသိန်း ကျောင်းလစ်မည်ဖြစ်၏။ ဒါကို ချောက်တွန်းချင်သော ပေါက်ဆိန်က ပေါက်ဖော်ကြီး ကင်းတဲနားရောက်လာသောအခါ လှမ်း၍ နှုတ်ဆက်လိုက်လေ၏။ သူ၏ နှုတ်ဆက်သံကို တရုတ်သံဝဲဝဲနှင့်ပြောလိုက်လေ၏။

"ဟုတ်ကဲ့ ဖိုးဖိုး၊ တွန်းတိန်းကိုလာရှာပါတီလား"

အဖိုးကြီးကပြုံး၍ ခေါင်းညိတ်ပြလိုက်လျှင် ပေါက်ဆိန်က ကင်းတဲလေးအပြင်သို့ ထွက်လိုက်ရာ ပေါက်ဖော်ကြီးက -

"တွန်းတိန်းရော . . . ကောင်လေး"

"ဝုတ်ကဲ့၊ ဝုတ်ကဲ့"

ပေါက်ဖော်ကြီး၏ လက်ကို ဆွဲကာ ကင်းတဲနောက်ဖေးတွင် ပုန်းနေသော ထွန်းသိန်းကို လက်ညှိုးထိုးလျက်-

"တွန်းတိန်း တီမှာ . . "

ဟု ပြောပြီး ကျောင်းတွင်းသို့ လစ်ပြေးတော့၏။ ထွန်းသိန်းကား တရှူးရှူးတရှဲရှဲ ဒေါကန်သွားလျက် အပြင်သို့ ထွက်လာသောအခါ ပေါက်ဖော်ကြီးက ထွန်းသိန်း၏ နားရွက်ကိုဆွဲလျက် ကျောင်းပေါက်ဝသို့ လိုက်ပို့လိုက်လေ၏။ ပေါက်ဆိန်တို့အုပ်စုကား ထွန်းသိန်း၏ အဖြစ်အပျက်ကို မနီးမဝေးမှ ကြည့်ကာဟားကြလေ၏။

ထိုသို့ဖြစ်ပြီး တစ်ပတ်လောက်တွင် ထွန်းသိန်းကံဆိုးမိုးမှောင်ကျလေ၏။ ထိုနေ့က အီးဘူထွန်းသိန်းက ကျောင်းအလစ် ပေါက်ဖော်ကြီးရောက်လာတော့၏။ ပေါက်ဆိန်မရောက်သေး။ ကျားကြီးကျော်ညွန့်နှင့် မောင်ရွှေ၊ အာကြီးသိန်းဝင်းတို့က ပေါက်ဖော်ကြီးအား ချန်တွန်းလုပ်ကြ၏။ ပေါက်ဖော်ကြီးအား ကျားကြီးကျော်ညွန့်က ထွန်းသိန်း ကျောင်းပြေးကြောင်း ဖောက်သည်ချရာ ပေါက်ဖော်ကြီး ဒေါပွပြီး ဆရာမကြီး ရုံးခန်းအား မေး၏။ ကျားကြီး ကျော်ညွန့်တို့က အမျိုးသမီးအိမ်သာခန်းကိုပြပြီး လစ်ကြလေ၏။



ကျားကြီးကျော်ညွန့်တို့အဖွဲ့က အတန်းထဲရောက်သောအခါ ပေါက်ဆိန်ကို ပြောပြပြီး ဟားနေကြ၏။ မကြာမီ အမျိုးသမီးအိမ်သာထဲသို့ အဖိုးကြီးတစ်ယောက်ဝင်လာကြောင်း ပူညံပူညံ ဖြစ်ကုန်လေ၏။ ပေါက်ဖော်ကြီးက ဆရာမကြီးအား အကျိုးအကြောင်း ရှင်းပြတော့မှ အားလုံးသဘောပေါက်သွားကြလေ၏။ အိမ်သာကို လက်ညှိုးထိုးပြသူ ကျောင်းသားအားဖော်ထုတ်ရန် ပေါက်ဖော်ကြီးအား မေးရာ ပေါက်ဖော်ကြီးခမျာ မျက်စိလည်းမှုန်၊ နားလည်းထုံသဖြင့် တူညီဝတ်စုံဝတ်ထားသောကျောင်းသားများအား မဖော်ထုတ်နိုင်တော့ပေ။

ဆက်လက်ဖော်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေရေးရာ – သုတအပြာပြာ

## စလင်း – ဦးအောင်သိန်း

လောင်းကစားခြင်းကြောင့် ဥပဒေအရ အရေးယူခြင်းမခံရသည့်တိုင် မိသားစု စားဝတ်နေရေး၊ စီးပွားရေး ထိခိုက်ပြီး လူမှုဒုက္ခများ ခံစားရပုံကို အတော်အသင့်စုံလင်အောင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ လောင်းကစားခြင်းမှ ဆက်နွှယ်ပြီး အခြားသော အမှုအခင်းများ ဖြစ်ပွားပေါ်ပေါက်နိုင်သည်ကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

သက်သေခံဥပဒေတွင် burden of Proof သက်သေပြရန် တာဝန်နှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားသည့် ပုဒ်မများရှိပါသည်။ ယေဘုယျအားဖြင့် ရာဇဝတ်မှုများတွင် တရားခံသည် စွဲဆိုသည့်ပြစ်မှုကို ကျူးလွန်ပါသည်ဟု ခိုင်မာစွာ သက်သေထူရန် တာဝန်သည် စွဲဆိုသူတရားလိုအပေါ်ကျရောက်ပါသည်။ စွပ်စွဲပြီး ပြီးရော အပြစ်မရှိကြောင်း တရားခံကဖြေရှင်းရမည်ဆိုပါက အာဃာတ တရားများဖြင့် မဟုတ်မမှန် လုပ်ကြံပြီး အလွယ်တကူ စွဲဆိုကြပေလိမ့်မည်။

ယေဘုယျဟု သုံးနှုန်းရခြင်းမှာ ခြွင်းချက်များရှိ၍ ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေတွင် အထွေထွေကင်းလွတ်ရမြဲအချက်များ၊ ကာကွယ်ခုခံပိုင်ခွင့် စသည့်ပြဋ္ဌာန်းချက်များ ရှိပါသည်။ အထွေထွေကင်းလွတ်ရမြဲအချက်များ ဆိုသည်မှာ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် သဘောရိုးဖြင့် မှားယွင်းဆောင်ရွက်မှုအပေါ်အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း။ မိမိပြုစဉ်အခါက အကျိုးအပြစ်သက်ရောက်မှု မည်သို့ရှိနိုင်သည်ကို တွေးခေါ်မြော်မြင်နိုင်စွမ်း မရှိသော စိတ်ဖောက်ပြန်နေသူ၏ ပြုလုပ်မှု၊ အသက်(၇)နှစ်အောက်ကလေး၏ ပြုလုပ်မှု အရွယ်ရောက်ပြီးသူများ၏ ဥပဒေနှင့်အညီ သဘောငြ ပဋိညာဉ်အရ ဆောင်ရွက်မှု၊ အခြေအနေအရ လူနာရှင်ကို အကြောင်းကြားရန် မဖြစ်နိုင်သည့် အနေအထားတွင် လူနာ၏ အကျိုးငှာ သမားတော်ကြီးများ၏ ကုသမှုစသည့် အချက်အလက်များနှင့် ညီညွတ်နေပါက အရေးယူအပြစ်ပေး၍ မရပေ။

ဥပမာအားဖြင့် ရဲဝန်ထမ်းတစ်ဦးသည် အမှန်တကယ်ဖမ်းဆီးရမည့် တရားခံ အစစ်အမှန် ဖြစ်သည်ဟု ယုံကြည်ပြီး ဖမ်းဆီးရာ၌ နောက်မှ လူမှားဖမ်းခြင်းဖြစ်ကြောင်း သိရှိရ၏။ ဤတွင် အဆိုပါ ရဲဝန်ထမ်းအား မတရားဖမ်းဆီးချုပ်နှောင်သည်ဟု စွပ်စွဲပြီး အရေးယူ၍မရပေ။

တရားသူကြီးသည် မိမိတွင် စစ်ဆေးစီရင်ပိုင်ခွင့် အာဏာမရှိပါဘဲလျက်၊ အာဏာရှိသည်ဟု သဘောရိုးဖြင့် ဆောင်ရွက်ခြင်းသည် အာဏာကို အလွဲသုံးစား ပြုသည်ဟု ဆိုနိုင်မည် မဟုတ် စစ်ဆေးဆောင်ရွက်ချက် ပျက်ပြယ်သည့်တိုင် တရားသူကြီးကို အရေးယူအပြစ်ပေးနိုင်မည်မဟုတ်။

ဆရာဝန်ကြီးသည် သစ်ပင်ပေါ်မှပြုတ်ကျသော ကလေးအား ချက်ချင်းခွဲစိတ်ကုသမှ အခြေအနေကောင်းနိုင်မည်ဟု ယုံကြည်သည်။ ကလေး၏ မိဘအုပ်ထိန်းသူထံ အကြောင်းပြောမည်ဆိုပါက အချိန်နှောင့်နှေးသွားရန်ရှိ



www.burmeseclassic.com

www.burmeseclassic.com

၏။ ကလေး၏အကျိုးတွာ ခွဲစိတ်ကုသ၏။ ကံမကောင်း အကြောင်းမလှ၍ ကလေး အသက်ဆုံးပါးသွားသည့်တိုင် ဆရာဝန်ကြီးကို အရေးယူ အပြစ်မပေးနိုင်ပေ။

မများသောရှေ့နေ၊ မသေသော ဆေးသမားဟူ၍ မရှိနိုင်ဆိုသော ဆိုရိုးစကားသည် တွင်ကျယ်နေ၏။ ကာတွန်းလေးတစ်ခုတွင် ရှေ့နေများတော့ မြေပေါ်ခြောက်ပေမြောက်၊ ဆရာဝန်များတော့ မြေအောက်ခြောက်ပေရောက် ဟူသော ကာတွန်းလေးကို သတိရမိသည်။ ရှေ့နေကြောင့် ကြိုးပေးခံရခြင်းနှင့် ဆေးဆရာကြောင့် အသက်ပျောက်ရခြင်းကို ညွှန်းထားသည့် ကာတွန်းဖြစ်သည်။ ဆေးကုသမှု မှားယွင်းသဖြင့် ဆေးအတွက် လေးသွားရသောအဖြစ်၊ အသက် ဆုံးရှုံးသွားရသော အဖြစ်များ မကြာမကြာဆိုသလို တွေမြင်ကြားသိနေရ၏။ ဆေးပညာ လောကသားများအတွက် အှုအတာက်ရောင်ခြင်း အနာဖြစ်ခြင်းသည် အသေးအမွှားကိစ္စလေးသာဖြစ်ပါ၏။ ဤသည်မှာ ဆရာဝန်တစ်ဦးကပြော၍ မှတ်သားမိနေခြင်း ဖြစ်ပါသည်။

ဤအသေးအမွှား ကိစ္စလေးကိုပင် ရိုးရိုးဆရာဝန်က စမ်းသပ်ပြီး လူနာ၏ အခြေအနေကို အထူးကုဆရာဝန်ကြီးအား တစ်ဆင့်တင်ပြ၏။ လူနာမသက်သာတော့ ဆေးပြောင်းပေး၏။ ဆရာဝန်ကစမ်းသပ်၊ အထူးကုဆရာဝန်ကြီးက ညွှန်ကြား ဆေးပြောင်းဖြင့် ဆယ်လေးငါးရက်ကုသရာ လူနာ၏ အခြေအနေမှာ ဆိုး၊ ဆိုးလာ၏။ နောက်ဆုံး အထူးကုဆရာဝန်ကြီးကိုယ်တိုင် စမ်းသပ်တော့၏။ ယခင် ကုသချက် ပေးသည်မှာ ငှက်ဖျားရောဂါအတွက်ဖြစ်၏။ လူနာဖြစ်နေသည်က အှုအတာက်အနာပေါက်ခြင်းဖြစ်သည်။ လူနာ အားမွေးစေပြီး အှုအတာက်ဖြတ်လိုက်တော့မှ ကောင်းသွား၏။ ရောဂါနှင့်ဆေး တစ်လွဲစီဖြစ်နေခြင်း၏ အကျိုးသက်ရောက်မှုကား ကြောက်စရာ။

အချို့ ထိုးဆေးများသည် လူအများအတွက် ဆိုးကျိုးကို မဖြစ်စေသော်လည်း အချို့သည် ထိုဆေးအမျိုးအစားနှင့် ဓါတ်မတည့်သည်များ ရှိတတ်၏။ စမ်းသပ်မှုမပြုဘဲ လူနာအပေါ် သုံးစွဲလိုက်ပါက မမျှော်လင့်ဘဲ ဘေးတွေ့တတ်ပေသည်။ ဤအဖြစ်မျိုးကြုံတွေ့ဖူးလိမ့်မည် ထင်ပါသည်။

စာရေးသူ ကိုယ်တွေ့လေးကို တင်ပြလိုပါသည်။ ကားတိုက်ခံရသဖြင့် ခြေဖမိုး အရိုးအက်သွားရာ ခွဲစိတ်ပြီး စတီးချောင်းဖြင့် ထိန်းထားရပါသည်။ ပြည်သူ့ဆေးရုံကြီးတွင် ရက်ခြားဆေးထည့်ခြင်း(dressing)လုပ်ရပါသည်။ ပိုးမွှား မဝင်နိုင်ရန်အတွက် သားရေပြားကဲ့သို့သော ပိတ်နေသည့် အဖြူရောင်အပေါ်စား အစလေးခံပြီး ဂွမ်းလိပ်ဖြင့် ပတ်ပါသည်။ ပြီးမှ ပတ်တီးထပ်ပတ်စည်းပါသည်။ အထပ်အားဖြင့် သုံးထပ်ရှိပါသည်။ တစ်နေ့ dressing လုပ်ရမည့်နေ့တွင် ညွှန်ကြားချက်ပေးမည့် ဆရာဝန်ကြီး ခွဲစိတ်ခန်း ဝင်နေ၍ dressing မလုပ်ရပါ။ dressing လုပ်နေကျ ဆရာမလေးများကို သွားပြောသော်လည်း အမိန့်မရ၍ လုပ်ပေးခွင့်မရှိကြောင်းသာ ပြောပါသည်။ နောက်နေ့သည် dressing လုပ်ရမည့်နေ့ မဟုတ်တော့ပါ။

စာရေးသူ စိုးရိမ်နေမိပါသည်။ ဆေးရုံတွင် dressing လုပ်ခြင်းသည် စာရေးသူတို့ငယ်စဉ် တောလက်ကျေးရွာတွင် တွေ့ရသည့် အတွေ့အကြုံအရ ဖန်ရေဆေးခြင်းနှင့် တူပါသည်။ အနာကို အချိန်ကြာကြာ အုပ်ထား၊ စည်းထားလျှင် အပုလောင်သကဲ့သို့ ဒဏ်ရာပုပ်သလို ဖြစ်တတ်သည်ဟု တွေးကြောက်ပြီး စိုးရိမ်နေခြင်း ဖြစ်ပါသည်။ လေသလပ်မှ ဒဏ်ရာပျောက်မည်ဟု စာရေးသူ ခံယူထားပါသည်။ စာရေးသူအသိနှင့် ဆေးရုံမှ ပြုလုပ်နေခြင်းသည် ဆန့်ကျင်သလို ဖြစ်နေပါသည်။ စာရေးသူအသိက မျက်ကန်းသိမျိုးဖြစ်၍ ကျွမ်းကျင်သူများ၏ ပြုလုပ်မှုကို လက်ခံရမည်သာ ဖြစ်ပါသည်။

ကြားတွင် သုံးရက် ခြားသွားပါသည်။ dressing လုပ်ရန် ပတ်တီးအားလုံးဖြေလိုက်သောအခါ စာရေးသူ ထင်ထားသည့်အတိုင်း ဖြစ်နေပါတော့သည်။ အရေးပေါ်ကြုံတတ်သော အနေအထားမျိုးတွင် ဗျာနတွင်းစည်းကမ်းချက်များကို ကြိုးနီစနစ်လို မသတ်မှတ်သင့်ဟု ခံယူပါသည်။ လိုအပ်လာပါက တာဝန်ယူဆောင်ရွက်နိုင်ရပါမည်။ ဆောင်ရွက်နိုင်ရန်လည်း စီစဉ်ထားသင့်ပါသည်။ တာဝန်မရှိလို့ မလုပ်တာ အကြောင်းမဟုတ်ဘူး။ သွားလုပ်လိုက်ရင် ကျော်တယ် ထင်မလား။ စွက်ဖက်တယ်ထင်မလား၊ ဒါမျိုး အထင်မခံနိုင်ဟုသဘောပိုက်ကာ လက်ပိုက်ကြည့်နေကြသည်။

ဆောင်းပါး လမ်းချော်သွား၍ ကြည့်ပါရစေ။ အထွေထွေကင်းမွတ်



www.burmeseclassic.com

www.burmeseclassic.com

ရမြဲအချက်များအတွင်း ကျရောက်ကြောင်းသက်သေပြရန် တာဝန်မှာမူ အဆိုပြုသူအပေါ် ကျရောက်ပါသည်။ အလားတူ ကာကွယ်ခုခံပိုင်ခွင့် ဘောင်အတွင်း ကျရောက်သဖြင့် ဥပဒေအရ အပြစ်မရှိပါကြောင်း ထုချေလျှင်လည်း ထိုသို့ အဆိုပြုသူအပေါ် ကျရောက်ပါသည်။ ထို့ကြောင့် သက်သေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း သက်သေပြရန် တာဝန်နှင့် ပတ်သက်၍ လိုက်နာကြရပါသည်။

အချို့ အထူးဥပဒေများတွင် သက်သေပြရန် တာဝန်နှင့် ပတ်သက်၍လည်းကောင်း၊ နည်းဥပဒေထုပ်ထုံး၊ လုပ်နည်းပိုင်းနှင့် ပတ်သက်၍လည်းကောင်း၊ သီးခြားပြဋ္ဌာန်းချက်များ ရှိပါက ထိုပြဋ္ဌာန်းချက်အတိုင်းသာ လိုက်နာရပါသည်။ လောင်းကစားဥပဒေတွင်လည်း သီးခြားပြဋ္ဌာန်းထားသဖြင့် ထိုပြဋ္ဌာန်းချက်အတိုင်းသာ လိုက်နာဆောင်ရွက်ရပါသည်။

လောင်းကစား ဥပဒေပုဒ်မ (ဂ) မည်သူမျှ လောင်းကစားအိမ်တွင်

(က)လောင်းကစားခြင်းမပြုရ၊

(ခ)ရောက်ရှိနေခြင်း မရှိစေရဟု ပြဋ္ဌာန်းထားပါသည်၊

ပုဒ်မ-၁ဂ၊ လောင်းကစားအိမ်၌လည်းကောင်း၊ ထိုအိမ်၌ရောက်ရှိနေသူတို့၏ ကိုယ်ပေါ်တွင်လည်းကောင်း၊ လောင်းကစားကိရိယာတစ်ခုခုကို တွေ့ရှိလျှင် ဝင်ရောက်ရှာဖွေသူတို့က လောင်းကစားနေသည်ကို မတွေ့မြင်စေကာမူ လောင်းကစားအိမ်အဖြစ် အသုံးမပြုကြောင်း သို့မဟုတ် လောင်းကစားရန် ရောက်ရှိနေကြခြင်း မဟုတ်ကြောင်း၊ ထိုအိမ်၌ ရောက်ရှိနေကြသူများက သက်သေထင်ရှားမပြနိုင်လျှင် လောင်းကစားအိမ်အဖြစ် အသုံးပြုသည်ဟူ၍လည်းကောင်း၊ ထိုသူများသည် လောင်းကစားရန် ရောက်ရှိနေကြသူများဖြစ်သည်ဟူ၍လည်းကောင်း မှတ်ယူရမည်။

အထက်ပါ ပြဋ္ဌာန်းချက်ကို ကြည့်မည်ဆိုပါက တရားလို (သို့မဟုတ်) တရားစွဲအဖွဲ့အစည်းက လောင်းကစားကိရိယာ တစ်ခုခုတွေ့ရှိလျှင် လုံလောက်သည်။ လောင်းကစားအိမ် မဟုတ်ကြောင်း၊ လောင်းကစားရန် ရောက်ရှိနေခြင်းမဟုတ်ကြောင်း၊ သက်သေပြရန် တာဝန်သည် တရားခံများအပေါ် ကျရောက်သည်။

လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်ခန့်က လှိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော လောင်းကစားမှုတစ်ခုမှာ တရားခံ ၄၀ ကျော်သည်၊ ညဥ့်အချိန်ဝင်ဖမ်းရာ တရားခံများက အကြောင်းအမျိုးမျိုးပြပြီး ရောက်ရှိနေခြင်းကို ထုချေသည်။ လောင်းကစားနည်း တစ်မျိုးဖြစ်သော မာကျောက် ကစားရာတွင် အသုံးပြုသည့် လောင်းကစား ကိရိယာပစ္စည်းများ တွေ့ရှိသည်။ အမျိုးသမီးတရားခံများလည်း ပါဝင်သည်။ တရားခံများဖြစ်ဒဏ် ကျခံရသည်။ အဆင့်ဆင့် အယူခံမှု၊ ပြင်ဆင်မှုများ တင်သွင်းခဲ့ကြသော်လည်း အောင်မြင်မှုမရ။ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခဲ့သည့် ကားများကိုမူ ရန်ကုန်တိုင်း တရားရုံးမှ လောင်းကစားနှင့် သက်ဆိုင်ကြောင်း ပေါ်ပေါက်မှုမရှိဟု သုံးသပ်၍ ပြန်လည်ပေးအပ်ခဲ့ပါသည်။ တဖတ်သူ အနေဖြင့် ဤမှုလောက်ဆိုလျှင် သက်သေပြရန်တာဝန်ကို အထိုက်အလျောက် သဘောပေါက်လိမ့်မည် ထင်ပါသည်။

"အဖေကြီး‥ ဖုန်းလာတယ်"

"ဘယ်သူတဲ့တုန်း"

"သိဘူးလေ သမီးဖုန်းမှ မဟုတ်တာ"

"အော် အေး‥‥အေး"

ဖုန်းခွက် ကောက်ကိုင်လိုက်တော့ မောင်မိုးဖြစ်နေသည်။ မောင်မိုးသည် ရုံးခန်းသို့ အရောက်များသော်လည်း ဖုန်းဆက်လေ့မရှိ။

"‥‥‥‥‥‥‥‥‥‥‥‥‥‥"

"ဘာ အရေးတကြီး တိုင်ပင်စရာ ရှိလို့‥‥ဟုတ်လား"

"‥‥‥"

"မင်း ဘယ်က ကောင်မလေး တွေ့လာ ပြန်ပြီလဲ"

"‥‥‥‥‥‥‥ "

ဘာ ချဲထိမှု ဟုတ်လား"

"‥‥‥‥‥‥"

"ဆယ်နာရီခွဲလောက် လာခဲ့၊ ငါ ရုံးခန်းမှာရှိမယ်"

ဦးစလင်းသည် ရေမိုးချိုး စားသောက်ပြီး အဝတ်အစားလဲကာ ရုံးခန်းသို့အထူးကားရောင်ကာ မထူးကားစီးပြီး အရောက်လှမ်းခဲ့ပါတော့သည်။ အထူးကား ရှောင်ရသည်က ငါးဆယ်ခရီး နှစ်ရာမပေးနိုင်၍ ဖြစ်ပါသည်။ ရုံးခန်းရောက်တော့ မောင်မိုးကို အခန်းရှေ့ ရပ်စောင့်နေသည်ကို တွေ့ရပါသည်။

"ကဲ‥‥ဝင် ထိုင်၊ မောင်မိုးရေ"

ဦးစလင်းသည် စားပွဲပေါ်ဖြစ်သလို ပုံကြဲနေသော စာအုပ်များ၊ ဘောလ်ပင်များကို ရှင်းလင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆိုစမ်းပါဦး မင်းချဲထီမှုဆိုတာ"

စားပွဲရှင်။ ကုလားထိုင် ဖုန်သုတ်ရင်းက မေးလိုက်သည်။ "ဒီလို ဦးစလင်းရေ ကျွန်တော့် သူငယ်ချင်းပဲ၊ ဈေးထဲမှာ ဈေးရောင်းတယ်၊ သူ့အပြောအရတော့ ချဲဖိုင်လုပ်စားတဲ့ ကော်မရှင်စားဆိုလားပဲ၊ အဲဒါ လုည့်ရောင်းရင်း လွှယ်အိတ်ခဏ အပ်ထားခဲ့တာတဲ့၊ ရဲတွေလာရှာတော့ အဲဒီလွှယ်အိတ်ထဲက ချဲထီလောင်းကစားရာမှာ သုံးတဲ့ လက်ခံငွေရဖြတ်ပိုင်းစာအုပ်၊ နောက်ပြီး ပေါက်စင်ဆိုလား။ ထွက်ပြီးသားဂဏန်းတွေရေးထားတဲ့ စာရွက်လို့ ပြောတယ်၊ အတိတ်ဆိုတာလဲပါတယ်တဲ့"

"ထားပါတော့ ချဲထီဒိုင်အဖြစ် အဖမ်းခံရတယ်ပေါ့"

"အဲဒါ အများသူငါ ဝင်ထွက်သွားလာလို့ရတဲ့နေရာပဲ သူနဲ့မဆိုင်ဘူးဆိုတော့..."

"ရပြီ မောင်မိုး၊ မင်းတို့ ဆိုလိုချင်တာသိပြီ။"

၁၉၈၆ ခုနှစ်တွင် ပြဋ္ဌာန်းသည့် လောင်းကစား ဥပဒေပုဒ်မ-၂(ဂ) တွင် အများပြည်သူနှင့်ဆိုင်သော နေရာဆိုသည်မှာ မည်သူမဆို ဝင်ထွက်သွားလာနိုင်သောလမ်း သို့မဟုတ် နေရာကိုဆိုသည်" ဟု ဖော်ပြပါရှိချက်အရ အမှုနှင့် မသက်ဆိုင်ကြောင်း ငြင်းလိုဟန်ရှိသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်နှင့် ဦးငြိမ်းအောင်
၁၉၈၈ ခု၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် - ၉

အချင်းဖြစ်နေက မင်္ဂလာဒုံဈေးအတွင်း ချဲထီနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ဖမ်းဆီးရမိကြောင်း ပေါ်လွင်ပေသည်။ ဈေးဆိုသည်မှာ အများပြည်သူ ဝင်ထွက်သွားလာနိုင်သောနေရာဖြစ်သည်။ ဦးမြင့်အောင်၏ နာရီပြင်ဆိုင်သည် မိမိဆန္ဒအတိုင်း သီးခြား လက်ဝယ်ရယူ ထိန်းသိမ်းထားသော ကိုယ်ပိုင်ဥပစာဖြစ်ကြောင်း မပေါ်လွင်သဖြင့် ထိုဆိုင်သည် အများပြည်သူဆိုင်ရာနေရာဟု မှတ်ယူရပေမည်။

အကျန် နှင့် အစိုးရ
၁၉၆၁ ခု၊ မြန်မာနိုင်ငံစီရင်ထုံး - ၁၀၂

စုံညီခုံရုံးက လိုင်စင်ရ ထန်းရေဆိုင်သည် အများပြည်သူနှင့် သက်ဆိုင်သော နေရာမဟုတ်ကြောင်း။ ဆုံးဖြတ်ခဲ့သည်။

"မောင်မိုး မင်းသူငယ်ချင်းက ဘယ်မှာ အဖမ်းခံရတာတုန်း"

"သူ့ဆိုင်မှာပါ ဦးစလင်း"

မောင်မိုးကို တပ်ကုန်းမြို့က ကိုမျိုးသိန်း၊ အမှုအကြောင်း ပြောပြလိုက်သည်။

တပ်ကုန်းမြို့ ဈေးအတွင်းရှိ ဈေးဆိုင်အမှတ် (အ-၄)ရှိ ဘယဆေးဆိုင်မှ ချဲထီနှင့်ပတ်သက်သော စာရွက်စာတမ်းများ ရှာဖွေတွေ့ရှိခြင်း ဖြစ်သည်။ ဆိုင်၏ အတွင်းဘက်ရှိ ဖွင့်ထားသည့် ဗီရိုတံခါးရွက်တွင် အဆိုပါ လွယ်အိတ်ချိတ်လျက် တွေ့ရခြင်းဖြစ်ပါသည်ဟု ထွက်ဆိုထားသည်။ ထို့ကြောင့် အဆိုပါနေရာသည် ဈေးအရောင်းအဝယ်ပြုသည့်အပြင် အများပြည်သူ သွားလာခွင့်ရှိသော နေရာမဟုတ်ပေ။ ဆိုင်၏ အတွင်းဘက်၌ ရှာဖွေတွေ့ရှိခြင်းပင်ဖြစ်သည်။ ထိုနေရာသည် အများပြည်သူ ဝင်ထွက်သွားလာခြင်း မရှိသော နေရာဖြစ်သောကြောင့် ဘယဆေးရောင်းသော ဆိုင်ခန်းသည် ပုဂ္ဂလိကပိုင်နေရာ သဘောသက်ရောက်သည်။

"ဒီလောက်ဆို အများပြည်သူဆိုင်ရာ နေရာဆိုတာ ရှင်းရောပေါ့"

"ဟုတ်ကဲ့ ရှင်းပါပြီ"

မောင်မိုး၏ အမှုအရာမှာ ရှင်းပြီဆိုသော်လည်း ဘဝင်မကျသေးပုံ ပေါက်နေသည်။ တစ်ခုခုစဉ်းစားနေဟန်ရှိသည်။ "ဒါထက် ဦးစလင်းရေ ကျွန်တော် မရှင်းတာလေးတစ်ခု မေးချင်လို့"

"အေး ပြော"

"ဖမ်းဆီးစဉ်က ဝါးရမ်းပါတယ်လို့တော့ သိရတယ်၊ ဒါပေမယ့် သက်သေလူကြီးနှစ်ယောက်က နောက်မှရောက်လာတာ ချဲထီလောင်းကစားရာမှာ အသုံးပြုတဲ့ စာရွက်စာတမ်းတွေ သိမ်းဆည်းစဉ်က သူတို့မရှိဘူးလို့ ပြောတယ်"

ဤမေးခွန်းအတွက် တစ်နဲ့နှစ်ပေါင်း သုံးဟူ၍ အဖြေတစ်လုံးတည်း ပေးရုံမျှဖြင့် ပြည့်စုံလုံလောက်မည် မဟုတ်ပါ။ အမှုစစ်ရန်ရှိသေး၍ မောင်မိုးကို အချိန်မပေးနိုင်တော့ပါ။

"မောင်မိုးရေ မင်းနဲ့ အေးအေးဆေးဆေး ဆွေးနွေးရအောင် နောက်နေ့မှ တွေ့ကြတာပေါ့။ ခုတိုင်းရုံးမှာ အမှုစစ်ဖို့ရှိသေးလို့"

မောင်မိုးသည် ဟုတ်ကဲ့ဆိုပြီး ထွက်သွားပါသည်။ ဦးစလင်းသည်လည်း လိုအပ်သည့် အမှုတွဲ စာရွက်စာတမ်းများယူဆောင်ပြီး ထွက်ခဲ့ပါတော့သည်။

ရှင်လန်းချမ်းမြေ့ကြပါစေ . . .

**စလင်း - ဦးအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

# မိစ္ဆာ မျက်လုံး

◉ သော်ဘင်ဖြတ်ဦး

(၁)

လောက၌ စိတ်ကူးယဉ်ထက် ဆန်းကြယ်သော အိပ်မက်လား၊ ပုံပြင်လားဟု ထင်မှတ်များစရာ အဖြစ်အပျက် ပေါင်းများစွာ ရှိခဲ့၏။

စင်စစ် ဤ အဖြစ်သနစ်သည် စိတ်ကူးယဉ်ထက်၊ အိပ်မက်ထက် ဆန်းကြယ်သည့် အဖြစ် ဖြစ်၏။

ထိုအဖြစ်ကား . . .

*** *** ***

(၂)

"တာကိုမာမြို့"ကလေးမှာ မယုံနိုင်ဖွယ် အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့၏။ ထိုအဖြစ်က လူတစ်ဦးသည် လူငါးဦးအား သေစေရန် ကျိန်ဆိုသတ်ဖြတ်လိုက်ပြီး ရဲတပ်ဖွဲ့မှ တရားစွဲ၊ အရေးယူ၊ ကြိုတင်သတင်းလိုက်နိုင်သည့် အဖြစ် ဖြစ်၏။

"တာကိုမာမြို့" က အမေရိကန် နိုင်ငံ၊ ကိုလန်ဘီယာပြည်နယ်၊ ဝါရှင်တန်မြို့တော်၏ ဆင်ခြေဖုံးမြို့ကလေး တစ်မြို့ ဖြစ်၏။

ဤအဖြစ် ဖြစ်ရသည်မှာလည်း မကြာလှသေး။

"ဒီအဖြစ်ဟာ ဒီမြို့ကလေးမှာ ဖြစ်ခဲ့တာ၊ လွန်ခဲ့တဲ့ ၅ နှစ်က ဖြစ်ခဲ့တာ၊ ဒီအဖြစ် ဖြစ်တော့ တစ်မြို့လုံး ကြက်သေ သေသွားကြတယ်" ဟု သတင်းထောက် မားစ်က ပြော၏။

သည်သတင်းကို သတင်းထောက် မားစ်ကိုယ်တိုင် စာလုံးမည်းကြီးနှင့် ရေးသားဖော်ပြခဲ့၏။ တစ်မြို့လုံးလည်း အုံးအုံးကျွတ်ကျွတ်ဖြစ်သွားခဲ့၏။

"အံ့သြစရာပဲနော်"

"အစစ်ပေါ့၊ အဖြစ်က တစ်ကယ့်ကို မယုံနိုင်စရာအဖြစ်မျိုး၊ ဒဏ္ဍာရီဆန်တဲ့ အဖြစ်ဆိုလည်း မမှားဘူးလေ"

မှန်သည်၊ အဖြစ်က ဒဏ္ဍာရီဆန်သည့်အဖြစ်၊

"ဒီအဖြစ်က ပြောယုံ ကြုံမှသိဆိုတဲ့ အဖြစ်မျိုးမျိုး ကျုပ်က ကိုယ်တွေ့မို့သာ၊ နို့မို့ဆိုရင် ယုံနိုင်စရာမရှိဘူး"

တစ်ဦးက တအံ့တသြနှင့် ကြည့်ပြီး . . .

"သေတဲ့သူတွေက ဘယ်သူတွေလဲဗျ" ဟုမေးသည်၊

"သေဆုံးသူတွေက တာကိုမာမြို့ရဲ့ မြို့မျက်နှာဖုံးတွေလေ၊ သူတို့အားလုံး သေမင်းတမန်၊ မိစ္ဆာမျက်လုံး ဒဏ်ကြောင့် သေခဲ့ရတာ"

"မိစ္ဆာမျက်လုံး အဆိပ်သင့်ပြီး သေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါ့၊ ဟုတ်ပါ့"

တာကိုမာမြို့အကြောင်း ပြောလျှင် ထိုအမှုအကြောင်းအား ချန်လှပ်ထားလို့ မရ။ ချန်လှပ်၍ ထားလိမ့်မည်လည်း မဟုတ်။

အဘယ်ကြောင့်ဆိုသော ထိုအမှုသည် သောင်းထိုက်က ကြားစေသားဆိုသည့်အမှုမျိုးဖြစ်၏။ အံ့သြတုန်လှုပ်စရာဖြစ်၏။

ထိုသေဆုံးသူ ငါးဦးစလုံးအား "မင်းတို့ သေရမယ်၊ သေကိုသေရမယ်၊ ငါကြိုးစင်ပေါ်တက်ဖို့ ခြေလှမ်း မပြင်ခင် မင်းတို့ သေရမယ်" ဟု ပြောခဲ့ ကျိန်ဝါးခဲ့သည်ကို ရဲအဖွဲ့က သိခဲ့သည်။

သို့သော်ရဲအဖွဲ့က သူအား တရားစွဲဆိုခြင်း မပြုနိုင်ခဲ့။

တာကိုမာရဲစခန်းမှူး အန်ထော်နီက . . .

"သိပ်ထူးခြားနေတာက သေဆုံးသူ ငါးဦးစလုံးဟာ ကျန်းမာရေးအခြေအနေကောင်းနေကြတယ်။ ပိုပြီး အံ့သြဖို့ကောင်းတာက ငါးဦးစလုံး ရှေ့ဆင့်နောက်ဆင့် သေဆုံးကြတာ၊ ရက်ပိုင်းအတွင်းမှာ အိမ်ထဲနေရင်း သေသွားကြတာ"

"သူတို့ တရားမစွဲနိုင်ဘူးပေါ့"

"ဟုတ်တယ်၊ သူ့ကို တရားမစွဲနိုင်ဘူး။ မင်းတို့သေရမယ်။ မင်းတို့ကို ငါသတ်မယ်လို့ ကျိန်းဝါးခဲ့ပေမယ့် သေသူ အားလုံးမှာ ဘာဒဏ်ရာမှ မရှိဘူး။ ပြီးတော့ ဂျက်စ်ဘတ်လာလည်း အပြင်မှာ ရှိတာမဟုတ်ဘူး" ဟု ရှင်းပြသည်။

ထိုမျက်နှာကြီး လူကုံတန်ငါးဦး သေဆုံးမှုနှင့် ပတ်သက်၍ မှုခင်းဘက်ဆိုင်ရာ ဆရာဝန်က သေမှုသေခင်းနှင့် ပတ်သက်၍စစ်ဆေးသည့်အခါ သေဆုံးသူ ငါးဦးစလုံးတွင် နလုံးရောဂါရှိသည်ဟု မှတ်ချက်ပြုထားခဲ့၏။

ယင်းမှတ်ချက် နှင့်ပတ်သက်၍ အခြင်းတွင်လက်ခံနိုင်ဖွယ်မရှိဟု တီးတိုး တီးတိုး သဖန်းပိုး ဆိုနေကြသော်လည်း မည်သူမျှ စောဒက မတတ်ရဲကြ၊ မတတ်နိုင်ကြပေ။

*** *** ***

(၃)

သေဆုံးသူ ငါးဦး၏ ရာဇဝင်ကို ကြည့်လျှင် အားလုံးသည် ဂျက်စ်ဘတ်နှင့် ပတ်သက်နေသူများ ဖြစ်၏။

ဂျက်စ်ဘတ်ကလည်း . . .

"ဒီငနဲတွေ သေရတာ ကျုပ်ကြောင့်ပဲ၊ ဒီငနဲတွေကို ကျုပ်ရဲ့သေမင်းတမန် မိစ္ဆာမျက်လုံးနဲ့ ကျုပ်ကိုယ်တိုင်သတ်ခဲ့တာ" ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြော၏။

ဂျက်စ်ဘတ်သည် သာမန်လူ မဟုတ်။ ဂျက်စ်ဘတ်က လူသတ်ကောင်ဖြစ်၏။ အမျိုးသမီးနှစ်ဦးအား ရဲဒင်းနှင့် ခုတ်သတ်မှုဖြင့် သေဒဏ်စီရင်ခံထားရသူဖြစ်၏။

ရဲတပ်ဖွဲ့ဝင် တစ်ဦးက . . .

"ထူးဆန်းနေတာက အခုသေဆုံးသူ ငါးဦးစလုံးဟာ ဂျက်စ်ဘတ်အမှုနဲ့ ပတ်သက်နေသူတွေချည်းပဲ"

မှန်သည်။

သေဆုံးသူငါးဦးစလုံးက ဖမ်းဆီး အရေးယူသူ၊ ရုံးတင်တရားစီရင်သူ၊ ကြိုးပေးမှုနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသူများဖြစ်၏။

တိတိပပ ပြောရလျှင် . . .

- တာကိုမာရဲစခန်း၏ စခန်းမှူး
- ရဲအမှုလိုက် စုံထောက်
- ဂျက်စ်ဘတ်အမှုတွင် အမှုလိုက် ရန် ငြင်းဆန်ခဲ့သည့် ရှေ့နေ (တရားရေးဝန်ထမ်း)
- တရားရုံးစာရေး
- တရားရေးဝန်ကြီး စသည်တို့ဖြစ်၏။

*** *** ***

"ကျုပ်မှတ်မိ နေသေးတယ်ဗျ ဂျက်စ်ဘတ်ကို စီရင်ချက်ချတဲ့နေ့က တရားရုံးမှာ ငါးဦးစလုံး တရားခွင်မှာ ရှိနေတယ်" ဟု ရဲအရာရှိတစ်ဦးကပြော၏။ သူက . . .

"ဂျက်စ်ဘတ်ကို သေဒဏ်စီရင်ချက်ချပြီးတော့ ဂျက်စ်ဘတ်က သူတို့ ငါးဦးကို တစ်ဦးစီ စူးစူးရဲရဲ ကြည့်တယ်။ တကယ့်စူးရဲတဲ့ အကြည့်ဗျ။

သူက ကြည့်ပြီး လက်ညှိုးတစ်ချောင်းထောင်ပြီး . . .

ငေါက်ငေါက်နဲ့ မင်းတို့ မြဲမြဲမှတ်ထား ငါကြိုးစင်ပေါ် ခြေလှမ်း မတတ်ခင် မင်းတို့အားလုံး သေစေရမယ်" လို့ ကြိမ်းဝါးတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အကြည့်တွေ သူ့အပြောတွေက ကြောက်စရာဗျ။

ဟန်နဲ့ ပန်နှင့် ပြောပြသည်။

"ဒါဆို သူပြောတဲ့အတိုင်း ဖြစ်တယ်ပေါ့"

"ဟုတ်တယ်၊ တကယ်ဖြစ်တယ်၊ ဂျက်စ်ဘတ်ပြောတဲ့အတိုင်း တစ်ထပ်တည်းဖြစ်နေတယ်။ သူ ဗဟိုတရားရုံးကို အယူခံဝင်နေဆဲမှာပဲ သူတို့ ရှေ့ဆင့်နောက်ဆင့် သေသွားကြတာ" ဟု ရှင်းပြသည်။

သူကြိမ်းဝါးသံကို နားနှင့်ဆက်ဆက်ကြားခဲ့ရသော်လည်း သူ့သတ်သည်ဟု ပြောမရ။ လူသတ်တရားခံအဖြစ် တရားခါင် မတင်နိုင်ခဲ့။

ပြောရလျှင် ဗီမှုခင်းက ပြစ်မှုမြောက်သည့် ပြစ်မှု။

*** *** ***

(၄)

တချို့ သုံးသပ်သူတွေက ထူးခြားသည့်တိုက်ဆိုင်မှုဟု ပြော၏။ ဂျက်စ်ဘတ်နှင့် နှစ်ပေါင်းများစွာ ရင်းနှီးသူ ဗီလျံကမူ . . .

"ဂျက်စ်ဘတ်မှာ သေမင်းတမန် မျှော်မျက်လုံးရှိတယ်။ ဒီမျက်လုံးနဲ့ကြည့်ပြီး ကျိန်စာတိုက်ခဲ့လို့ သေသူတွေ ရှိခဲ့တယ်၊ ကျွန်တော်သိသလောက် သူ့အကြည့်၊ သူ့ကျိန်စာကြောင့် သူ(၂၉)ဦး သေခဲ့ဖူးတယ်"

ဟု ရှင်းပြ၏။

စစ်ဆေးကြည့်တော့လည်း မှန်နေ၏။

ထို့ကြောင့် ပညာရှင်တွေများစွာသော စစ်ဆေးမှုတွေ ပြုခဲ့သည်။ ဤလောက၌ လိပ်ပြာနတ်၊ လိပ်ပြာချွေသကဲ့သို့ ညှို့ယူချေဖျက် ဖမ်းစားလို့ရသလား။

သည်အချက်က စဉ်းစားစရာဖြစ်နေ၏။

ပညာရှင်များကမူ အာရုံငါးပါးတွင် စက္ခုအာရုံသည် အဓိကကျကြောင်း။ လူတစ်ယောက်၏ ဖြတ်သန်းမှုအရပ်ရပ်နှင့် အခြားသော အာရုံလေးပါးအား ဖမ်းချုပ်ဆက်နွယ်ထားသကဲ့သို့ လူသားတို့၏ မနောတွင် မသိစိတ်၏ အင်အားပမာဏသည် သိစိတ်၏ အင်အားပမာဏထက် များစွာပိုကဲနေသည်မှာလည်း အမှန်ဖြစ်၏။

ထို့ကြောင့် တစ်ဖက်လူအား လွှမ်းမိုးဖွယ်ဟု ဆိုနိုင်သည် လူတို့၏ မသိစိတ်စွမ်းအားမှ သိစိတ်စွမ်းအားအဖြစ် ရောက်ရှိလာစေရန် ပျိုးထောင်နိုင်သည်။

အမှန်စင်စစ် ဂမ္ဘီရအကြားအမြင်မှန်သမျှတို့သည် ထိုအကြားအမြင်တို့အား စက္ခုစွမ်းအားအမြင်မှတစ်ဆင့် ရယူနိုင်သည်ဆို၏။ ရှင်းထုတ်နိုင်သည်ဟု ဆို၏။ ပညာရှင်တို့၏ သိပ္ပံနည်းကျ စမ်းသပ်မှုတွင် . . .

ငါးလက်မထုရှိသည့် သံမဏိအား ထွင်းဖောက်မြင်သူများ။

- မြေအောက်နှစ်မိုက်အနက်၌ ရှိသည့် ရေနံဆိုင်ကို တွေ့ရှိနေသူများ။
- မိုင်ပေါင်းများစွာမှ လူကို လှမ်းမြင်နိုင်သူများ။
- ပိတ်ထားသည့် စာအုပ်မှ စာမျက်နှာအား မဖွင့်ဘဲ ဖတ်ပြနိုင်သူများ။
- ကုလားဖန်ထိုးထားသည့် ဖဲထုပ်တွင်းမှ ဖဲချပ်အား ဒက်ကနဲပြောပြနိုင်သူများ၊ စသည့် အပြစ်အပျက်များအား ပိုင်ဆိုင်သူတို့သည် သဘာဝလွန် စက္ခုအာရုံ စူးရှသူများဖြစ်ကြောင်း တွေ့ရ၏။

ပညာရှင်တို့က . . .

"လူတွေမှာ ထူးခြားဖြစ်စဉ်တွေ ရှိတယ်။ ပြောရရင် လူတွေမှာ မေတ္တာစိတ်ပွားများနိုင်သလို၊ မေတ္တာစိတ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့စိတ်ဆိုး မကောင်းစိတ်ကိုလည်း ပွားများနိုင်တာပဲ" ဟု ဖွင့်ဆို၏။

စိတ်စွမ်းအင်ပညာရှင်များက . . .

"စိတ်စွမ်းအင် ကြီးများသူတစ်ဦးသည် သူ့မျက်လုံးမှ တစ်ဆင့် တစ်ပါးသူအား ပြုစားနိုင်သော အခြေအနေများသည် မဖြစ်နိုင်ဟု မဆိုသာသော အခြေအနေဖြစ်သည်ဟု ဆို၏။

မဖြစ်နိုင်ဟု ဆိုကြသလို၊ ဖြစ်နိုင်သည်ဟု ကောက်ချက်ဆွဲသူများလည်း ဒုနှင့်ဒေးရှိနေသည်မှာ အမှန်ဖြစ်ပေသည်။ ■

**အောင်မြတ်ဦး**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

အိပ်ရောက်လာသည့်အခါ ထူးထူးထွေထွေ အပြောင်းအလဲကြောင့် ဝမ်းသာကြည်နူး ဝေဖြာပီတိနှင့် ဆုံဆည်းလိုက်ရပြန်သည်။

ပြင်ဆင်ထားသည့် အိမ်ကလေး၏ အပြောင်းအလဲမှာဆိုလျှင် သိသာ အပြောင်းအလဲမျိုး မဟုတ်ဘဲ ယခင်အနေအထားနှင့် လုံးဝမတူညီအောင် ပြောင်းလဲသွားသည်။ ပြောင်းလဲမှု အနေအထား။

မိခင်နှင့် အစ်မတို့၏ အနေအထိုင်၊ အဆင့်အတန်းလည်း ပြောင်းလဲနေသည်။

ဒီလို အခြေအနေကို တွေ့လိုက်ရသောကြောင့် ဝမ်းသာပီတိဝေဖြာသွားရသည်။

ယောက်ဖတော်ကြီးပါ အိပ်မှာ ရှိနေသည့် ညပိုင်းတွင် သူ၏ အိမ်ထောင်ရေးကိစ္စကို မိသားစုအား ပြောပြရသည်။

ချယ်ရီအကြောင်း၊ ချယ်ရီတို့ မိသားစုအကြောင်း၊ မင်္ဂလာဆောင်ပြီးလျှင် ချယ်ရီတို့ အိမ်မှာပင် ပေါင်းစည်း နေထိုင်မည့်အကြောင်းများကိုပါ အပြည့်အစုံ ပြောပြပြီး မိခင်ကြီး၏ သဘောထားကိုပါ မေးရသည်။






www.burmeseclassic.com

www.burmeseclassic.com

မိခင်ကြီးက သားအိမ်ထောင်ဖက် ရွေးချယ်မှုနှင့် ပတ်သက်၍ ဘာမှပြောစရာ မရှိကြောင်း၊ သား အခုလို တင့်တောင့်တင့်တယ် အခြေအနေ ရှိသွားသောကြောင့် သူမှာ စိုးရိမ်ပူပင်မှု လျော့သွားကြောင်း ပြော၍ မင်္ဂလာကိစ္စအတွက် ကုန်ကျမည့် ငွေရေးကြေးရေး အခြေအနေကို မေးခဲ့သည်။

သူက ဒီကိစ္စအတွက် မပူပင်ဖို့နှင့် သူဟာသူ တာဝန်ယူပြီး လုပ်နိုင်မည့် အကြောင်း ပြောရသည်။

သူတာဝန်ယူရမည့် မိသားစုတာဝန်ကို ယောက်ဖတော်ကြီးက ပြည့်ပြည့်စုံစုံ တာဝန်ယူထားပြီ ဖြစ်သောကြောင့် မင်္ဂလာကိစ္စနှင့် ပတ်သက်၍ သဒ္ဓါလွန်း ဆွပ်းတော်ထော်ရပ် မဖြစ်ရအောင် ပြေလည်ကြောင်းသာ ပြောလိုက်ရသည်။

ဒါတောင် ယောက်ဖတော်ကြီးက အပိုက်ဟာသီ အမျှအညီကာစ်မှ ပုံပုံ့သည်။

နောက်တစ်နေ့တွင် အစ်မဖြစ်သူမှ တစ်ဆင့် စက္ကူဘူးလုလုလေးတစ်ခု ပေးလာသည်။ ရွှေဆွဲကြိုးလေး တစ်ကုံး။

တစ်ကျပ်မှုးတင်းသား အသင့်လုပ်ပြီး ဆွဲကြိုးလေး။

ယိုစဉ်ကာလက ရွှေဈေးမှာ တစ်ကျပ်သား တစ်ထောင့်ငါးရာ၊ တစ်ထောင့်ခြောက်ရာ ပန်းကျင်ပဲ ရှိသည်။

ဘာပဲဖြစ်ဖြစ် သူ့မိသားစု၏ လက်ဖွဲ့အဖြစ် မှတ်ကမ်းဝင်ပေးနိုင်မည် ဖြစ်သောကြောင့် သူ့အတွက် မျက်နှာပန်း လှစရာ ဖြစ်ရမည်ဟု ရင်တွင်းမှာ ဂုဏ်သာယူမှုလက် ရိုက်ခတ်သွားရသည်။

ယို့ထက်ပိုသော ဖခွင့်အမရေးကို သူ တောင်းခံစရာ မလိုတော့။

ယောက်ဖတော်ကြီး အပါအဝင် အမေနှင့် အစ်မတို့အား ကန်တော့ပြန်ခဲ့သည်။

အပြန်ခရီးမှာ အသွားခရီးတုန်းကလို စိတ်ယက် မပေါ့ပါး။

အသွားခရီးတုန်းက မိခင်ကြီးအား ကန်တော့ရန် ရာဂဏန်းတန်ဖိုးသာ ရှိသည့် အဝတ်အထည်အချို့နှင့် ဖတ်ထဲမှာ ငွေတစ်ရာကျော်လေးပဲ ပါသည်။

အပြန်ခရီးမှာတော့ တစ်ထောင့် ငါးရာကျော် တန်ဖိုးရှိသည့် ရွှေဆည်းဘူး ကလေး အိတ်ထဲမှာ ပါလာသည်မို့ ဂရုတစိုက် ရှိနေရသည်။

အိမ်ပြန်ရောက်သည့်အခါဦးကြည်မောင်တို့အတွက် လက်ဆောင်ပစ္စည်းများပေးပြီး ဘူးကလေးကို သူ့သေတ္တာထဲ ထည့်၍ သိမ်းဆည်းထားလိုက်ရသည်။

သူ ရောက်ပြီး မကြာခင် ဦးကြည်မောင်လည်း ရုံးဆင်းအိမ်ပြန်ရောက်လာသည်။

ဦးကြည်မောင် အဝတ်အစား လဲပြီးမှ အိမ်ရှေ့ကမြင်ခင်းထိုင်ရင်း စကားပြော ခဲ့ကြသည်။

သူတို့အိမ်နှင့် မိသားစုအခြေအနေကို ပြောပြပြီး ထိုလို့ ပြောဖြစ်သည့် အကြောင်း ပြောလိုက်ရသည်။

ဦးကြည်မောင်က လူကြီးပီပီ လူကြီးစကားဖြင့် သူ၏ မူလအစီအစဉ် အတိုင်းလုပ်ဖို့ မတိုက်တွန်းဘဲ မလုပ်သင့် ကြောင်းကို ပင်ရှားယဉ်ဆွယ်သော အကြောင်း ကျိုးဖြစ်စကား ပြောသွားသည်။

"ကိုလွင်ဦး ဦးလေးကြည် မှနေတာ အိမ်ကလေးကို ဝါးထရံကာကနေ မျဉ်ကာ အိမ်ကလေးဖြစ်ဖို့ နှစ်နှစ်တစ်ကြိမ် ငွေကုန်ပြီး ကရိကထများတဲ့ ဓနိမိုးကနေ သွပ်မိုးလေးဖြစ်ဖို့ ဆန္ဒ ဦးလေးကြည်ရဲ့ ရင်ထဲမှာ အမြဲတမ်း ရှိနေခဲ့တာပါ။ အခု ဒီစကားပြောနေဘဲ ဟချိန်အထိ ဆိုပါတော့။ အိမ်မက်ယဉ်ယဉ်လေးဟောင်းမှာ အဲဒီကိစ္စဟာ တွဲစပ်ပါနေစမြဲ ရှိတာပေါ့"

"ဦးလေးကြည်က ကိုလွင်ဦးနဲ့ တွဲခဲ့ရတာဆိုတော့ အထူးပြောစရာ မလိုဘူးလေ။ သူများတွေ မိုးခါးရေ သောက်သလို ဦးလေးကြည်လည်း လိုက်သောက်ခဲ့ရင် သွပ်မိုးမျဉ်ကာဆန္ဒ ပြည့်ဝတာ ကြာလှပြီပေါ့"

"အိပ်မက်ထဲမှာ တွေ့ရတဲ့ အိပ်မက်လေးကို လက်တွေ့မျက်မြင်တွေ့ပြီး နေရတာလည်း ကြာပြီပေါ့။ ဒါပေမဲ့ ဦးလေးကြည် မလုပ်ခဲ့ဘူး။ ဆန်နိုးပမိ ဖွဲခိုးပိဆိုတဲ့ ပမာစကားလို ဖွဲခိုးမှာ မိမှာ ကြောက်လို့ အခု မျက်မြင် အခြေအနေ အတိုင်း နေနေရတာပဲ"

"ဒါကြောင့် ကိုလွင်ဦးကို ပြန်ပြီး စဉ်းစားစေချင်တယ်။ ကိုယ့်လိုအပ်ဆန္ဒ တစ်ခုတည်း ပြီးရင်ပြီးရောဆိုပြီး ဖွတ်မိတ်လုပ်တာမျိုး မဖြစ်စေချင်ဘူး။ ဦးလေးကြည်ကို တလွဲမထင်ပါနဲ့။ ကိုယ့်ဘာအရင်းအချာလို သဘောထားပြီး ပြောတာပါ"

ဦးကြည်မောင် ပြောသွားသလို ရင်ဟာင်းဖြစ် စေတနာစကားဆိုလိုချက်ကို သူ သဘောပေါက်ပါသည်။

ဒါပေမယ့် အဆီတဝင်းဝင်းကို မပစ်ရက်သဖြင့် သဲတချပ်ရုပ်ကိုပဲ စားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

တရားဝင် စေ့စပ်ပွဲလုပ်သည့်နေ့က မိသားစုလက်ဆောင် ဆွဲကြိုးလေးကို ချယ်ရီ့ရင်ဘတ်ပေါ်သို့ တင်ဆွဲပေးလိုက်သည်။

ချယ်ရီ၏ အပြုံးမှာ ပြုံးဝင့်လန်းရွှင်နေသည်။

သူတို့နှစ်ယောက်မှာ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ ပြီးသွားပြီမို့ မင်္ဂလာရက်မြတ် မတိုင်မီစပ်ကြား သိသိသိပ်သိပ် တွဲသွားတွဲလာ အနေအထားကနေ ပေါ်ပေါ်ထင်ထင် တွဲသွားတွဲလာ ရှိခဲ့ကြပြီ။

ခန့်ချောနှင့် နုချော။

လိုက်ဖက်သည်။

လွင်ဦးအရပ်အမောင်းက မြင့်သွယ်သည်။ ချယ်ရီ့အရပ်အမောင်းက မဆိုစလောက် နိမ့်လျော့သည်။

သို့တစေ အကြည့်ရဆိုးလောက်အောင် ခြားနားသည်တော့ မရှိ။

အတူတူ မနေကြသေးစေကာမူ ရုပ်ရှင်သွားအတူတူ၊ ဗိုလ်ချုပ်ဈေးသွားအတူတူ၊ ရုံးသွားအတူတူ၊ ရုံးပြန်အတူတူ ဟိုသွားသည်သွား အတူတူ ရှိနေကြပြီ။

မနက်ပိုင်း လွင်ဦးက အိမ်မှ အစောကြီးထွက်၍ ရန်ကင်းကို အကြိုအထောက် သွားရသည်။

ညနေအပြန်ရန်ကင်းကိုအရောက် အပို့တာဝန်ပြီးမှ ဥက္ကလာသို့ ပြန်ရသည်။

ရုံးမှာ မနက်စာ ထမင်းစားတော့လည်း အတူတူ။

ပျော်တပြုံးပြုံး မော်မဆုံးဖြင့် အပျော်ဆုံးအချိန်ကာလကို တူတူညီညီ ရယ်ရယ်ပြုံးပြုံး ဖြတ်သန်းခဲ့ကြသည်။

ခါတိုင်း လကုန်ရက်အထိ အတိုင်းအတာ၊ အကန့်အသတ်နှင့် သုံးစွဲခဲ့သည့် သူ၏လခမှာ အရက်နှစ်ဆယ်မတိုင်မီ ပြောင်ခါသွားသည်။

အကြောင်းမဟုတ်ပါ။

အောက်ပိုင်းတပည့်များနှင့် လက်ဝါးရိုက်ထားသည့် မိုးခါးရေမှာ တသွင်သွင် စီးဆင်းနေပါပြီ။

သူတို့ မင်္ဂလာဆောင်ညှိုခံပွဲကို ကုက္ကိုင်းဘက်ရှိ တရုတ်ဘုံကျောင်းအသင်းတွင် ကျင်းပပြုလုပ်ခဲ့သည်။

သူတို့ရုံးအဖွဲ့သား အသိုင်းအဝိုင်းနှင့်ပင် ခန်းမတစ်ခုလုံး ပြည့်လုခမန်းရှိနေသည်။

စည်ကားသည်။ လက်ဖွဲ့တွေ အများကြီး ရသည်။

သူ၏မိခင်၊ အစ်မနှင့် ယောက်ဖတော်ကြီးတို့လည်း လာကြသည်။

သူတို့က တစ်ရက်ကြိုရောက်သည်။

ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ပြီး မင်္ဂလာပွဲပြီးသည်နှင့် ပြန်ကြသည်။

အိမ်ကို လူစောင့်နှင့် ထားခဲ့ရသည်။ ယောက်ဖတော်ကြီးကလည်း လုပ်ငန်းတန်းလန်းနှင့် မလာမဖြစ်လို့သာ လာရသည်။ အေးအေးဆေးဆေး နေချိန်မရ။

အောင်မြင်စွာ ပြီးဆုံးသွားသော မင်္ဂလာညှိုခံပွဲမှ လက်ဖွဲ့ပစ္စည်းနှင့် ငွေကြေးများကို ဒေါ်မေစီက စီမံခန့်ခွဲသည်။

ဘယ်ရွေ့ဘယ်မျှရသည်ကိုပင် သူမသိ။

သူက မမေးသလို ချယ်ရီတို့ သားအမိကလည်း မပြော။

မေးစရာအကြောင်း မဟုတ်သလို ချယ်ရီက သူမ၏မိခင်အပေါ် နားလည်မှု ရှိပေးဖို့ ဒေါ်မေစီ၏ သဘောထားနှင့် အထာကို ကြိုတင်ပြောပြထားသည်။

ချယ်ရီ့အဖေ ဦးဘအောင်က လူအေး။

ဒေါ်မေစီကတော့ အစဉ်အလာအရ အိမ်ထောင်တစ်ခုလုံးကို စီမံခန့်ခွဲသူ။

အစစ၊ အရာရာ သူ့လက်သူ့ခြေလုပ်ရမှု၊ ညွှန်ကြားပေးရမှု ဆိုသည့် အလေ့စရိုက်ရှိသည်။

ဒါကို နားလည်ခွင့်လွှတ်ဖို့ ပြောကြားထားသည်။

ဒါကြောင့် သူက မသိလိုက်မသိဘာသာပဲ နေလိုက်သည်။

လူ့ဘဝသက်တမ်းတွင် ကြင်ဖက်သက်နှံတို့၏ အပျော်ရွှင်ဆုံးနေ့ဟု ဆိုရမည် ဖြစ်သော မင်္ဂလာဦးညကို ကြည်နူးပျော်ရွှင်မှု ပြည့်ဝ လွှမ်းထင်ရေးသည်သာ ပမာန။

ချယ်ရီ့ကို သူက သိပ်ချစ်သည်။

သူ့ချစ်ထက် ကိုယ်ချစ်ကို ဦးစားပေးတတ်သူတို့၏ အထာအတိုင်း သိပ်ချစ်တော့ သိပ်အလိုလိုက်သည်။

သူတို့နှစ်ယောက်၏ အိမ်ထောင်ဦးကာလ ခရီးအစပိုင်းမှာ သာယာကြည်နူး ပျော်ရွှင်နိုင်တွေ ပြည့်ပြည့်ဝဝကြီး ထင်ရစ်ခဲ့သည်။

တူတူညီညီ၊ ရယ်ရယ်ပြုံးပြုံး ပျော်မဆုံး မော်ဆုံး ရှိခဲ့သည်။

ပြဿနာဟူ၍ ဘာမှမရှိဘူးဟု ဆိုရမည်သို့အောင် ဖြောင့်ဖြူး ချောမွေ့ခဲ့သည်။

ဒါပေသည့် . . .။



www.burmeseclassic.com

www.burmeseclassic.com

(လေး)

ချယ်ရီက အိမ်ထောင်ရှင်မတစ်ဦး၏ လိုက်လျောပေးအပ်ရာများကို အစွမ်းကုန်လိုက်လျောပေးအပ်ခဲ့သလို သူ့ကို ကြိုးကိုင်နိုင်အောင်လည်း မိန်းမတို့၏ အထာဖြင့် မသိမသာ ကျိုးသွင်းကိုင်တွယ်ခဲ့သည်။

တစ်နှစ်တာကာလအတွင်းမှာ ချယ်ရီက ငါးပိဆို ဖုတ်ပြီးသား ဖြစ်လာသည်။

သူက ယောက်ျားဖြစ်ပေမယ့် ကြိုးဆွဲရသူ မဟုတ်ဘဲ ကြိုးဆွဲသူက ချယ်ရီ ဖြစ်လာသည့်နောက် သူက ချယ်ရီ ကြိုးဆွဲသည့်အတိုင်း လှုပ်ရှားခဲ့ရသည်။

မင်္ဂလာဆောင် ကိစ္စအတွက် မလုပ်မဖြစ်လို့ သည်တစ်ကြိမ်သာပါဟု ဦးကြည်မောင်ကို ပေးခဲ့သည့် ကတိပျက်ယွင်းသွားခဲ့ပြီ။

လစာအကုန် အပ်သည်နှင့် မပြီးတော့။

ဒီတစ်ကြိမ်သာပါဆိုသည့် အပိုဝင်ငွေကို အလှည့်အပြောင်း အမျိုးမျိုး လုပ်၍ ရှာဖွေခဲ့ရသည်။

တစ်တက်စားတော့လည်း ကြက်သွန်ပဲ။ နှစ်တက်၊ သုံးတက် စားတော့လည်း ကြက်သွန်ပဲ၊ ဘာထူးတာ မှတ်လို့မှာ သဘောမှူလိုက်သည်။

ဌာနအတွင်း သူ့အပေါ် အမြင်မှောင်းပြီး အမြင်မကြည်မလင် ဖြစ်ခဲ့သူများ အမြင်တည့်လာသလို အမြင်ကြည်လင်လာသည်။

ချယ်ရီကလည်း အင်ဒိုနီးရှားပါတိတ်ဝမ်းဆက်ကို အဆင်ရော အရောင်အသွေးပါ မထပ်အောင် ဝတ်ဆင်ခဲ့ရာ သူပင်၏ အလုပ်မှာ လုသထက် လှ၊ ကြွသထက် ကြွလာသည်။

ကိုယ့်ဇနီးမယား လှလာကြွလာသည်ကို မကျေနပ်၊ မကြည်ဖြူသူဟူ၍ လောကတွင် မရှိရာဟူသော ဆိုစမှတ်စကားအတိုင်း သူက လှိုက်လှိုက်ထင်ထင် ကျေနပ်ကြည်နူးနေသည်။

မိန်းမသားတို့က လောဘအရာတွင် ယောက်ျားသားတို့ထက် သာသာထိုးထိုး ရှိသည့်အတိုင်း ရလေလိုလေ ဖြစ်လာသည်။

"ကိုဦး . . . ချယ်ရီတို့ ခုလိုစားပဟ်မနေရေး မပြေလည်နေရုံနဲ့ မပြီးသေးဘူးနော်။ ရှေ့ရေးက ရှိသေးတယ်။ ပြီးတော့ ကိုဦးအမေ သက်ရှိထင်ရှား ရှိနေတုန်း အနီးကပ် မပြုစုနိုင်ပေမယ့် လုံးလုံးခဲခဲ ထောက်ပံ့ဖို့လည်း လိုလိမ့်မယ်နော်။ ချယ်ရီက လိပ်မျိုး မဟုတ်ဘူးနော်။ ကိုယ့်ဘက်ချည်း ယက်တဲ့ စိတ်ထားမျိုး မရှိဘူး။ သူတို့ဟာ သူတို့ ဘယ်လိုပဲ ပြေလည်ပြေလည်နေ ကိုယ့်ဘက်က သိတတ်မှုနဲ့ နားလည်မှု ရှိရလိမ့်မယ်။ လသာတုန်း ဗိုင်းငင်ဆိုတဲ့စကားလည်း ရှိသားပဲ ကိုဦးရာ၊ အခြေအနေပေးတုန်း ထောင့်ထောင့်ထည်ထည် ဖြစ်အောင် လုပ်ထားဖို့ လိုလိမ့်မယ်နော်"

ဒါက ချယ်ရီ၏ အိပ်ရာဝင် ပုံပြင်အပြော။

"ရီလေးရယ်၊ ကိုယ်လည်း ဒါတွေ နားလည်ပါတယ်။ ရီလေး မေမေ့အပေါ်ထားတဲ့ သဘောထားကို သိရလို့လည်း ကိုယ် သိပ်ဝမ်းသာတယ်။ ကိုယ်လည်း အကွက်ပေါ်တိုင်း နှိုက်နေတာပဲ။ တွင်းနက်သလောက် နှိုက်လို့လည်း မဖြစ်ဘူးလေ။ အန္တရာယ်ကြိုးတန်းကို အချိန်အဆ[illegible] မှန်မှန်လျှောက်မှ ဟိုဘက် ဒီဘက် မကျ[illegible] ဘဲ ကြိုးတန်းထိပ်ကို ရောက်မှာ မဟုတ်[illegible] လား ရီလေးရဲ့"

"ရီလေး နားလည်ပါတယ် ကို ရယ်[illegible] ဒါပေမဲ့ မိုးက အမြဲမရွာဘူးလေ၊ မိုးရွာ[illegible] တုန်း ရေကို ပြည့်အောင် ခံထားဖို့ ပြော[illegible] ရတာပါ။ ကိုရေ. . . ဒီသီတင်းကျွတ်ရင်[illegible] ကို့မယ်တော်ကြီးကို သွားကန်တော့ကြ[illegible] အောင်၊ ရီလေးလည်း လိုက်မယ်"

"ရီလေးရယ်"

အိပ်ခန်းထဲတွင် ထွန်းထားသည်[illegible] နှစ်ပေမီးချောင်း ငြိမ်းသွားသည်။

ခုတင်ခေါင်းရင်းက ကြည်လဲ့သော[illegible] မီးလုံးအပြာလေး ပွင့်လာသည်။

ထိုမှ ဆက်၍ကိုတော့ . . .။

× × ×

ဒေါ်မေစီကလည်း သူ့ကို တော်[illegible] တော်လေး အရေးပေးသည်။

ဦးဘအောင်ကတော့ သူ့ရောက်[illegible] ဝေဒနာကြောင့် ပက်လက်ကုလားထိုင်[illegible] မှာတစ်လှည့်၊ ခုတင်ပေါ်တစ်လှည့် နေ[illegible] သည်မို့ စကားစမြည် ပြောဆိုနိ နည်[illegible] သည်။

သူက ပုတီးကို အဖော်ပြုနေရသူ[illegible]

လွှင်ဦးမှာ ယောက္ခမတိုက်ထက်[illegible] မှာ သမက်မျက်နှာမငယ်ဘဲနေနိုင်သည့်[illegible] အခွင့်အရေးကို ရထားသည်။

ဦးကြည်မောင်က အခြေအနေ[illegible] အကုန်လုံးကို သိနေသမို့ ကြုံတိုင်း သတ်[illegible] ပေးစရာ ရှိသည်ကို ပေးသည်။

ကိုယ့်ရဲ့ ထာဝရတာက်လမ်းကို တ[illegible] ခဏနှင့် မလဲမိဖို့ ကျိုးကြောင်းပြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

စကားပြောသည်။

ခွေးပြီးကောက်သည် ပြန့်ဖြောင့်ရိုး ထုံးစံမရှိသလို သူလည်း အကြံအဖန်ဝဲဂယက်ထဲကနေ ရုန်းထွက်ရန် မတတ်နိုင်ခဲ့ပေ။

အကြံအဖန်သည် တစ်ခဏ၊ အမှန်အကန်သည်သာ ထာဝရ ဆိုသည်ကို သဘောပေါက်သည့်တိုင် ကြိုးဆွဲသူ၏ တွန်းအားဒဏ်ကို မခံနိုင်။

မဟုတ်တာ လုပ်သူများအတွက် တစ်နေ့ဆိုတာ ရှိသည်။

မမှန်မကန် အကြံအဖန် လုပ်သူများနှင့် တရားဥပဒေသည် တစ်နေ့မဟုတ် တစ်နေ့ ဆက်နွယ်ပတ်သက်စမြဲရှိသည်။

ဥပဒေစည်းဘောင်ကို ကျော်လျှင် မြင့်မြင့်မားမား အုတ်ရိုးကြီးများအတွင်းဘက်သို့ ရောက်ရမည်မှာ ဧကန်မလွဲ ဖြစ်မြဲကိစ္စ ဖြစ်၏။

ထိုတစ်နေ့သို့ မရောက်မီအထိတော့ မြူးမြူးပျော်ပျော်၊ ရယ်ရယ်ပြုံးပြုံး ရှိကြ၏။

အပြုံးနှင့်အမဲ့၊ အရယ်နှင့် အမောမှာ တွဲစပ်လျက် ရှိ၏။

အပြုံးနှင့်အရယ် တွဲစပ်ခဲ့သည်မှာ အမဲ့နှင့်အမော တွဲစပ်သည်နှင့် ရင်ဆိုင်လိုက်ရပြီ။

အကြံအဖန်ပစ္စည်းများ ပို့နေကျ ဈေးကွက်သို့အပို့ လက်ပူးလက်ကြပ် ဖမ်းဆီးခြင်း ခံလိုက်ရသည်။

ပစ္စည်းပို့သွားသူ လေးယောက် ဖမ်းဆီးခြင်း ခံလိုက်ရသည်မှာ နေ့လယ် တစ်နာရီ။

သက်ဆိုင်ရာ ရဲအရာရှိများ သူတို့ဌာနသို့ ရောက်လာသည်မှာ ညနေ သုံးနာရီ။

စုံစမ်းမေးမြန်းခြင်း ကိစ္စပြီး၍ ရဲအရာရှိများ ပြန်သွားသည်မှာ ညနေ လေးနာရီခွဲ။

အချုပ်ထဲ ရောက်နေသူများမှာ ခြေပစ်လက်ပစ် ငိုမဲ့မဲ့။

ရဲအရာရှိများ ပြန်သွားပြီးနောက် နှုံးချိပေးငိုင်တွေးမှိုင် ကျန်ရစ်ခဲ့သူများမှာ သူတို့။

အထက်အရာရှိကြီးများ ရှေ့မှောက်တွင် အစစ်ဆေး၊ အမေးအမြန်းခံနေရသူ လွင်ဦးနှင့် အခြားအရာရှိငယ် တစ်ယောက်မှာ ညနေခြောက်နာရီကျော်မှ အိမ်ပြန်ခွင့်ရသည်။

နက်ဖြန် ဘာဖြစ်မလဲ။ ဒါကိုတော့. . .။

ချယ်ရီ ပြန်သွားပြီ။

သူက မပြန်နိုင်သေး။

ထိုကိစ္စနှင့် ပါဝင် ပတ်သက်နေကြသည့် သူတို့အချင်းချင်း ခေါင်းချင်းရိုက်ပြီး တိုင်ပင်ရသည်။ ဆွေးနွေးရသည်။

သူတို့အထဲမှာ လည်လည်ဝယ်ဝယ်ရှိသူ စာရေးကြီးတစ်ယောက်နှင့် သူပါ သူတို့လူတွေကို ဖမ်းဆီးထားသည့် ရဲစခန်းသို့ လိုက်ခဲ့ရပြန်သည်။

ထမင်းစားချိန် လွန်မြောက်ခဲ့သည့်တိုင် လက်ဖက်ရည်လေး တစ်ခွက် သောက်ဖို့ကိုပင် သတိမရ။

သောကအလုံးအခဲကြီး ရင်ထဲမှာ တစ်ဆို့နေသည်။ တစ်ခေါင်းလုံး မူးနောက်ကျပ်ခဲ့နေသည်။

ရဲစခန်းရောက်တော့ ခုနစ်နာရီခွဲပြီ။

တာဝန်ကျ ဒုရဲအုပ်နှင့် တွေ့ပြီး သူတို့ ဘယ်သူဘယ်ဝါဖြစ်သည်ကို ပြောပြ၏။ ဖမ်းဆီးခံနေရသူများနှင့် တွေ့ဆုံခွင့် ရှိမရှိ မေးမြန်းရသည်။

တာဝန်ကျ ဒုရဲအုပ်က ဆောရီးလုပ်လိုက်သည်။

စစ်ဆေးမှု မပြီးဆုံးသေးသောကြောင့် တွေ့ခွင့်မရှိပါ။ စားစရာ၊ သောက်စရာများ ပေးလိုလျှင် ပေးနိုင်ကြောင်း ပြောသည်။

ဆရာတပည့်နှစ်ယောက် စားစရာနှင့် ဆေးလိပ်များ ဝယ်၍ ပေးပြီး ပြန်ခဲ့ရသည်။

ရဲစခန်းက ထွက်လာတော့ ကိုးနာရီ ထိုးတော့မည်။

အိမ်ပြန်ရောက်တော့ ဆယ်နာရီ။

ခြေပစ်လက်ပစ် ဖြစ်သွားသည်။

ချယ်ရီ ဖျော်ပေးသည့် ကော်ဖီ တစ်ခွက်ကို သောက်လိုက်ရသည်။

ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြားနေရသည်။

ချယ်ရီနှင့် ဒေါ်မေစီက အခြေအနေကို မေးသည်။

ပစ္စည်းတွေကို ခိုးထုတ်၍ သူတို့ဌာနမှ ဝန်ထမ်းလေးယောက် အဖမ်းခံရသည့်အကြောင်းက လွဲ၍ ဘာမှပြန်မပြောနိုင်။

"ဒီကိစ္စက မင်းနဲ့ကော ပတ်သက်နေသလား"

ဒေါ်မေစီ၏အမေး။

သူက ပတ်သက်နေသည်လို့တော့ မဖြေ။ တာဝန်တော့ မကင်းဟု မယုတ်မလွန် ဖြေလိုက်သည်။

ရေချိုးပြီး အိပ်ရာသို့ ဝင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

သည့်တိုင်အောင် ကော်ဖီတစ်ခွက်နှင့်ပဲ ပြီးလိုက်ရသည်။

အိပ်ရာထဲရောက်တော့မှ လင်မယားနှစ်ယောက် တွတ်ထိုးကြရသည်။

ခါတိုင်းလို တီတီတာတာ အပလီအခရာတွေ လွှမ်းထင်သည့်အိပ်ရာဝင်ပုံပြင်ကို မပြောနိုင်ကြတော့။

ရှေ့ကို ဘယ်အထိဖြစ်လာနိုင်သည့် အခြေအနေကို တွတ်ထိုးကြရသည်။ ဘာဆက်လုပ်ရမည်ကို တိုင်ပင်ကြရသည်။

ဖြစ်လာပြီဆိုတော့လည်း ရင်မလင်း စိတ်ပရှင်း၊ ရင်ပူ ခေါင်းခဲရပြုပေါ့။

ချယ်ရီက သန်းခေါင်ကျော်တွင် တစ်ဖက်စောင်း၍ အိပ်ပျော်သွားသည်။

လွင်ဦးကတော့ အိပ်စက်ခြင်းကို စွန့်လွှတ်ထားရသည်။

နဖူးပေါ် တင်ပြီး အတွေးစဉ် အထပ်တစ်ရာနှင့် ရစ်ထွေးနေသည်။

သူ့လူတွေက ရဲစခန်းမှာ သူတို့အကြောင်းတွေ အန်လိုက်လေပြီလား။

ယခုကိစ္စကိုသာမက ယခင်ကိစ္စတွေကိုပါ ဖော်လိုက်လေပြီလား။

အဲဒီလိုသာ ဖော်လိုက်ရင်တော့။

အတွေးစဉ်ကို မဆက်ရဲ။ ထပ်ခါတလဲလဲ သက်ပြင်းချနေရသည်။

ခု... အမှုကြောင်းက ဝန်ထမ်းလောကမှာ ဖြစ်လေ့ဖြစ်ထ ရှိသည့် အဂတိလိုက်စားမှု၊ ဖိုးဝမ်စီဖိုးတူး၊ အမှုအကြောင်းမျိုးထက်ပို၍ လေးနက်သည်။ အမှုကြီးသည်။

ပြည်သူပိုင်ပစ္စည်းခိုးယူ ဖျောက်ဖျက်မှု။

အမှုကြောင်း ပို၍ လေးနက်သလို အမှုလည်း ပိုကြီးသည်။

စားတုန်းဝါးတုန်းကတော့ တငြိမ့်ငြိမ့်၊ အရိုးစူးပြီဆိုတော့ တနင့်နင့်၊ နေမထိ ထိုင်မသာ ဖြစ်ရပြီ။

သွားပါရင် ဝါးမှာဆိုပေသည့် အပေါ်ယံ အသားလွှာလေးကို ရှပ်ပြီး ဝါးမိရင် အရှင်းရလွယ်သော်လည်း အစားလောကြီးပြီး အရိုးပါဝါးမိပြီ ဆိုရင်တော့ သွားပဲ့တတ်သည်။

ခု... ပြဿနာက သွားပဲ့မည့် ပြဿနာ။

မိုးစင်စစ်လင်းသွားသည်အထိ အိပ်စက်ခြင်းနှင့် မဆုံစည်းလိုက်ရ။

မနက်မိုးလင်း၊ မျက်နှာသစ်ပြီး လက်ဖက်ရည် စားပွဲမှာ ထိုင်မိသည့်တိုင် ငါ့ဝမ်းပူဆာ မနေသာလို့ စားလိုက်သောက်လိုက်ရပေမယ့် လျှာပေါ်မှာ ဘာအရသာမှ မထင်လိုက်။

စာရေးကြီး ကိုမြင့်ဦးနှင့် ချိန်းဆိုထားသည့်နေရာသွားဖို့ကိုသာ စိတ်စော၊ စိတ်လောနေသည်။

ရဲစခန်းကို သွားရမည်။

အချုပ်ထဲ ရောက်နေသူများနှင့် တွေ့ဖို့က သိပ်အရေးကြီးနေသည်။

သူ၏အရှက်နှင့် သိက္ခာ၊ ဘဝမျက်လမ်းကြောင်းပေါ် ရောက် မရောက်မှာ သူတို့အပေါ်တွင် တည်နေသည်။

ညက တစ်ညလုံး မအိပ်ရလို့ ခေါင်းထဲမှာ ခဲအုံနောက်ကျိနေပေမယ့် အဝတ်အစားလဲပြီး ကမန်းကတမ်းထွက်ခဲ့ရသည်။

ခါတိုင်းဆို ဇနီးမောင်နှံ နှစ်ယောက် ကြည်ကြည်သာသာ ယှဉ်တွဲလျှက် သွားကြစမြဲ။

ခုတော့ တစ်ယောက်တစ်ကွဲ။

သို့စေကာမူ ချယ်ရီကတော့ အလုပြင်မပျက်၊ ခါတိုင်း ရှုံးသွားနေကျ ပုံစံအတိုင်းပင်။

လွင်ဦးက သုံးဘီးငှားပြီး ချိန်းဆိုထားသည့်နေရာသို့ ရောက်သွားသည်။

ဆုံရန် ချိန်းထားသည့် ကိုမြင့်ဦးကို မတွေ့ရသောကြောင့် ရင်ခုန်သံ မြန်သွားသည်။

ကိုမြင့်ဦးကို ညကများ လာဆွဲသွားလေပြီလားဟု။

သူ့အတွေးသာ မှန်ခဲ့ရင်နောက်က လိုက်ရမည်မှာ သူ။

ရင်မခုန် ဘယ်သို့ ရှိမှာပါလိမ့်။

ခုန်သံမှ ဒိန်းဒိန်း... ဒိန်းဒိန်း မြည်အောင်ကို ခုန်လာသည်။

ချိန်းဆိုထားသည့် လက်ဖက်ရည်ဆိုင်ထဲ ဝင်၍ လက်ဖက်ရည် မှာပြီး ထိုင်နေလိုက်ရသည်။

လက်ဖက်ရည်ဆိုင်ထဲ ဝင်ပြီး မမှာမဖြစ်၍သာ မှာလိုက်ရသည်။ လက်ဖက်ရည်ပန်းကန်ကို တို့ထိဖို့ သတိမရဘဲ လမ်းမဘက်သို့သာ မျက်စိစူးရောက်နေသည်။

ဆယ်မိနစ်လောက်ကြာမှ ကိုမြင့်ဦး ရောက်လာသည်။

သည်တော့မှ ရင်ထဲတွင် တစ်ဆို့နေသည့်အလုံး ကျသွားခဲ့သည်။

ကိုမြင့်ဦးလည်း ညက အိပ်မပျော်၊ မိုးလင်းခါနီးမှ အိပ်ပျော်သွားသဖြင့် အိပ်ရာထ နောက်ကျသွားကြောင်း ပြောသည်။

မှာထားသည့် လက်ဖက်ရည်ကို တစ်ငုံသောက်ပြီး ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးသည်မှာ ရဲစခန်းကို အမြန်ဆုံး ရောက်ဖို့ဖြစ်၏။

ရဲစခန်းသို့ ရောက်သွားသည်။ တာဝန်မှူးနှင့် တွေ့သည်။ အကျိုးအကြောင်း ပြောပြပြီး ခွင့်တောင်းရသည်။

တာဝန်မှူးက စခန်းမှူး မကြာမီ လာမည်။ စောင့်ပါဟု အဖြေပေးသောကြောင့် ရဲစခန်းအတွင်းရှိ ခုံတန်းမှာ ထိုင်စောင့်ရသည်။

ကိုးနာရီကျော်နေပြီ။

ရုံးနောက်ကျသည်ကတော့ အကြောင်းမဟုတ်။ ချယ်ရီနှင့် မှာလိုက်ပြီမို့ ကိစ္စမရှိ။

တွေ့ခွင့် ရ မရ ဆိုသည်က အကြောင်း။

တာဝန်မှူး ဒုရဲအုပ်က သူအဆုံးအဖြတ်မပေးနိုင်။ စခန်းမှူးလာမှဟု ဆိုသောကြောင့် မရေမရာ၊ မသေမချာ အခြေအနေ။

သူတို့အတွက် လက်ဖက်ရည်၊ မုန့်၊ ဆေးလိပ်များ ဝယ်ပေး၍ ရ မရ တာဝန်မှူးကို မေးရသည်။

ဒါကိုတော့ တာဝန်မှူးက ခွင့်ပြုသည်။

ကိုမြင့်ဦးကို လွှတ်ပြီး အဝယ်ခိုင်းလိုက်ရသည်။

တာဝန်မှူးနှင့် ရဲစာရေးကြီးအတွက် စီးကရက်ဘူးများလည်း ပါသည်။

ကျွန်တော်တို့ကို မပေးပါနှင့်ဟု တာဝန်မှူးက ပြောသော်လည်း စားပွဲပေါ်၌ အတင်းတင်ပေးထားလိုက်ရသည်။

ဆယ်နာရီထိုးခါနီးမှ စခန်းမှူး ရောက်လာသည်။

သူ ဘယ်သူဘယ်ဝါဖြစ်ကြောင်း မိတ်ဆက်ပြီး လာရင်းကိစ္စကို ပြောပြရသည်။

"ကျွန်တော် မဟုတ်တာ မလုပ်ကြဖို့ ပါးစပ်ပြောနေတဲ့ကြားထဲက ခုလိုဖြစ်ရတာပါ၊ ကိုယ့်တပည့်တွေ ဖြစ်နေတော့ စိတ်မကောင်းလို့ လာတွေ့ရတာပါ၊ သူတို့အပြစ်နဲ့ သူတို့ ရင်ဆိုင်ကြပေါ့၊ အဲဒါကိုတော့ ကျွန်တော်တို့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ တွေ့ခွင့်ရမယ်ဆိုရင်တော့ တွေ့ချင်ပါတယ်၊ မရနိုင်ဘူးဆိုရင်လည်း ကျွန်တော်တို့ ပြန်ပါ့မယ်"

စခန်းမှူးက အားလုံးကိုတော့ တွေ့ခွင့်မပေးနိုင်ကြောင်း၊ သူတို့အထဲက တစ်ယောက်နှင့် တွေ့ခွင့်ပေးမည့်အကြောင်း၊ မည်သူ့ကို တွေ့မလဲဟု မေးလာသည်။

ကိုသိန်းငွေနှင့် တွေ့လိုကြောင်း ပြောလိုက်ရာ စခန်းမှူးကြီးက ရဲသားတစ်ယောက်အား ခိုင်းလိုက်သည်။

ရဲသားနှင့်အတူ ကိုသိန်းငွေ ပါလာသည်။

စခန်းမှူးက ပြောစရာ ရှိသည်များကို သူ့ရှေ့မှာတင် ပြောပါဟု ထပ်ဆင့် ပြောလာသောကြောင့် မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်သွားရသည်။

သူတို့ ပြောချင်သည်များကို လွတ်လွတ်လပ်လပ် ပြောလို့ မရ။

နေကောင်းကြရဲ့လား၊ ဘာလိုချင်သလဲ။ အိမ်ကွေကို ဘာမှာချင်သလဲ။ အမှုဆိုင်ရာနှင့် ပတ်သက်၍ ဌာနဆိုင်ရာက စုံစမ်းနေဆဲ ဖြစ်၍ သိပ်မပူဖို့ အကြောင်း စသည်များလောက်ကိုသာ ပြောကြရသည်။

သူတို့ အချုပ်ခန်းထဲမှာ သုံးဖို့အတွက် ငွေတစ်ရာကို ရဲစာရေးကြီးထံ ပေးခဲ့မည့်အကြောင်း ပြော၍ စခန်းမှူးကြီးကို နှုတ်ဆက်စကားပြောပြီး ရဲစခန်းမှ ထွက်ခဲ့ရသည်။

သူတို့ မပြောချင်တာတွေကို မပြောရစေကာမူ မျက်လုံးမှိတ်၍ လည်းကောင်း၊ မျက်နှာရိပ်ပြ၍ လည်းကောင်း ကိုသိန်းငွေကို သိစေခဲ့သည်။

ကိုသိန်းငွေ သဘောပေါက်လိမ့်မည်လို့တော့ မျှော်လင့်ရသည်။

ရဲစခန်းအပြင်ရောက်တော့ ကိုမြင့်ဦးက သူနေခဲ့မည့်အကြောင်းပြောသည်။ သူတို့နှင့် ထပ်တွေ့ဖို့နှင့် ဒါမှမဟုတ် စာပေးခွင့်ရဖို့ ထပ်ကြိုးစားကြည့်မည်ဟု ပြောသောကြောင့် ကိုမြင့်ဦးကို ငွေတစ်ရာပေးခဲ့ပြီး သူက လုပ်ငန်းခွင်သို့ လာခဲ့သည်။

ရုံးပြန်ရောက်တော့ ဆယ့်တစ်နာရီကျော်ပြီ။

ဌာနဆိုင်ရာ စာရင်းစစ်အဖွဲ့က စာရင်းများ စစ်ဆေးဖို့ ပြင်ဆင်နေကြသည်ကို တွေ့လိုက်ရသည်။

သူက တစ်ဆင့်မြင့် အထက်အရာရှိကို ဝင်ရောက်တွေ့ဆုံရသည်။

တစ်ဆင့်မြင့် အထက်အရာရှိက စာရင်းစစ်ဆေးမည့် အဖွဲ့ကို လိုအပ်သလို ကူညီဆောင်ရွက်ပေးဖို့နှင့် သူကိုယ်တိုင်လည်း ဘယ်မှမသွားဘဲ အသင့်ရှိနေဖို့အကြောင်း ပြောသည်။

စစ်ဆေးရာတွင် လိုအပ်မည့် စာအုပ်စာတမ်းများကို စုဆောင်း၍ အသင့်ပြင်ဆင်ထားရသည်။

မနက် တစ်ဆ... နှစ်နာရီခွဲမှ



www.burmeseclassic.com

www.burmeseclassic.com

ထမင်းစားချိန်ရသည်။

ထမင်းစားချိန်မို့သာ စားလိုက်ရသည်။ ကိုးဖွန်း၊ ဆယ်ဖွန်းလောက်သာ စားနိုင်သည်။

နောက်ကြောင်းက မအေး။ ဘာဖြစ်လာမည်ကို မခန့်မှန်းနိုင်သည့် အခြေအနေ။

အချုပ်ထဲ မရောက်သည့်တိုင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေး ဒီ-ဇင်း ထိဖို့ သေချာသည်။

စစ်ဆေးသူများကို စာရင်းများ ပြသ၍ ရှင်းလင်းနေရသည့်တိုင် သူ၏ စိတ်အစဉ်မှာ မတည်မငြိမ် ဗောင်ဗင်ခတ်နေသည်။

သူ မျှော်နေသူက ရဲစခန်းတွင် ကျန်ရစ်ခဲ့သည့် ကိုမြင့်ဦး။

နှစ်နာရီထိုးပြီးပြီ။ ကိုမြင့်ဦးက ရောက်မလာသေး။

ညနေ သုံးနာရီတွင် စာရင်းစစ်ဆေးသူများ ပြန်သွားသည်။ သို့တိုင်အောင် ကိုမြင့်ဦးက ပြန်မလာသေး။ မျှော်တော်ဇောနှင့် မောနေရသည်။

လေးနာရီ ထိုးခါနီးလောက်မှ ကိုမြင့်ဦး ရောက်လာသည်။

ရုံးထဲမှာ စကားပြောလို့ မကောင်း။ အပြင်မှာ ပြောဖို့အတွက် ချယ်ရီကို တစ်ယောက်တည်း ပြန်ဖို့ ပြောပြီး သူနှင့် ကိုမြင့်ဦးတို့ တစ်ယောက်တစ်ကွဲစီ အပြင်ထွက်ခဲ့ကြသည်။

ဆုံနေကျ လက်ဖက်ရည်ဆိုင်မှာ ဆုံကြသည်။

ကြားရသည့်သတင်းက အနည်းငယ် ရင်ပေါ့စရာ။ စိတ်သက်သာစရာဟု ဆိုရမည်။

အကျိုးအကြောင်း စာရေးပြီး ပေးလို့ရသည်။ သူတို့လက်ထဲ ရောက်သွားကြောင်းလည်း သိရသည်။ သူတို့ကို နောက်တစ်နေ့ ရုံးထုတ်မည့်အကြောင်း စီးကရက်ဘူးခွံမှာ ရေးထားလိုက်သည့် စာကို ပြသည်။

သူတို့ စာရေးလိုက်သည့် စာတွင် သူတို့၏ တရားရုံးကို ရှေ့နေရှေ့ရပ် ငှားဖို့ကိစ္စ၊ မိသားစုအတွက် ဝိုင်းဝန်း ကြည့်ရှုပေးမည့်ကိစ္စများကို ရေးပေးလိုက်ကြောင်း၊ ဒါဆို သူတို့သဘာပေါက်လိမ့်မည့်အကြောင်း ကိုမြင့်ဦးက သူလုပ်ခဲ့သည့် ကိစ္စကို ပြန်ပြောပြသည်။

ဒါဆို သူတို့အတွက် အနည်းငယ် စိတ်သက်သာရာ ဖြစ်စေကာမူ လုံးဝ စိတ်ချရသည့် အခြေအနေဟုတော့ မဆိုသာသေး။

သူတို့နှင့် နဖူးတွေ့၊ ဒူးတွေ့ တွေ့ပြီး ပြောပြီးမှ စိတ်ချရမည့် အခြေအနေ ရှိမည်။

နက်ဖြန်ကို သူက မလိုက်နိုင်။

စာရင်းကောက်ယူ၊ စစ်ဆေးနေသည့်အဖွဲ့နှင့်က ကိစ္စမပြတ်သေး၊ လူကြီးတွေ ခေါ်လို့ မရှိရင် မဖြစ်။

ကိုမြင့်ဦးကိုပဲ သွားခိုင်းရမည်။

မနက်ရုံးကို အဝင်ပြ ပြီးမှ တရားရုံးကို သွား။ ကိစ္စပြီးရင် ဌာနကို ချက်ချင်း ပြန်လာ။

သည်လိုကိစ္စကြီး ဖြစ်နေတုန်းမှာ ခွင့်ယူလို့ လုံးဝမဖြစ်။

အကယ်၍ အခြေအနေပေးရင် ပေးသလို။ သူလည်း ကြိုးစားမည့် အကြောင်း ပြောရသည်။

နက်ဖြန်အတွက် ကိုမြင့်ဦးကို ငွေ နှစ်ရာ၊ သုံးရာလောက် ပေးလိုက်မှ ဖြစ်မည်။ သူ့လက်ထဲမှာ ငွေမရှိ။

ကိုမြင့်ဦးကို အိမ်လိုက်ခဲ့ဖို့ ခေါ်ရသည်။

ချယ်ရီ့ဆီက ယူပေးရမည်။

မနေ့ကနှင့် ဒီကနေ့ ငွေလေးရာကျော် ချောသွားပြီ။

အဲဒီအချိန်က ငွေလေးရာမှာ နည်းနည်းနောနော မဟုတ်။

နောက်ထပ် ကုန်စရာတွလည်း အများကြီး ရှိသေးသည်။

ဒီအခြေအနေကို ချယ်ရီ နားလည်ဖို့ လိုသလို ဒေါ်မေစီလည်း သဘောပေါက်ဖို့ လိုသည်။

နို့မဟုတ်ရင် အိမ်တွင်းရေး ပြဿနာ တက်လာနိုင်သည်။

သည်ကနေ့ညတော့ ဒီကိစ္စအတွက် ချယ်ရီနှင့် အပြတ် ဆွေးနွေးထားမှ ဖြစ်မည်။

ချယ်ရီကတစ်ဆင့် ဒေါ်မေစီ သဘောပေါက်အောင် ကြိုတင်ပေးထားဖို့လည်း လိုမည်။

သူက ရသမျှ ချယ်ရီကို ပေးထားတာမို့ ခုပြန်ထုတ်လာသည့်အခါ ရှောရှောရှူရှူ ဖြစ်ဖို့လိုသည်။

အိမ်ပြန်ရောက်တော့ ည ခုနစ်နာရီထိုးခါနီးနေပြီ။

ဘတ်(စ)ကားနှင့် ပြန်ခဲ့ရသောကြောင့် အိမ်အရောက် နောက်ကျသည်။

ချယ်ရီ့ဆီက ငွေနှစ်ရာငါးဆယ် တောင်းပြီး ကိုမြင့်ဦးကို ပေးလိုက်ရသည်။

(ရှေ့လဆက်ရန်)

ကျော်မြသန်း

www.burmeseclassic.com

# အကြွင်းနာနလုံးသားပိုင်ရှင်

ခင်မောင်အေး(မန္တလေး)



## သူ့နိုင်ကိုယ်နိုင် အပြိုင်နွှဲ အသက်လုပွဲ

အိန္ဒိယနိုင်ငံ ဂူဝါဟာတ်တီ ပြည်နယ်၊ ပါဟ်ဝါဒေသတွင် ကျား သစ်တစ်ကောင်ကို ကယ်တင်မိ သည့် လူတစ်ဦးအား တောကောင် က အသေအကျေ ကိုက်ခဲကုတ် ခြစ်လွှားသည်။ ပင်တူဒေးဟု အမည် ရှိသည့် ယင်းပုဂ္ဂိုလ်၏ ဦးရေခွံ တချို့ ကျားသစ်လက်သည်းဖြင့် ကုတ်ဆွဲခံလိုက်ရသည်။ ချောက် ချားကြောက်ရွံ့ဖွယ်ရာ သည်းထိတ် ရင်ဖိုဖြစ်ရပ်ကို ဒေးက ပြောပြ သည်။

ဆေးရုံခုတင်ပေါ်တွင် ပက် လက်ဖြစ်နေသည့် ဒေးသည် အင် မတန် ကြံ့ခိုင်သောသူတစ်ဦး ဖြစ် သည်။ အသက်က လေးဆယ်ပင် မစွန်းသေးချေ။ အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်း အာသံပြည်နယ် တွင် နေထိုင်သူဖြစ်ပါသည်။ ကျား သစ်တစ်ကောင်၏ တိုက်ခိုက်ခြင်းခံ ရ၍ ပြင်းပြင်းထန်ထန် ဒဏ်ရာရ ထားသည်။ ဒေးအား သွားရောက် တွေ့ဆုံမေးမြန်းသည့် သတင်း သမားများ ရိုက်ကူးခဲ့သည့် ဓာတ်ပုံ က ဒေးတစ်ယောက် တောကောင် က ရက်ရက်စက်စက် ကိုက်ခဲကာ

www.burmeseclassic.com

ခြစ်ခံထားခဲ့ရပုံကို ပေါ်ပေါ်လွင်လွင် ဖော်ပြထားသည်ကို တွေ့မြင်နိုင်သည်။

"ကျွန်တော့်ကလေးနှစ်ယောက်က အိမ်ထဲမှာရှိနေကြတယ်။ ကျားသစ်က အိမ်ဝကို ရောက်နေလေရဲ့။ သေနတ်ကိုင်ထားတဲ့ ရဲနှစ်ယောက်က တောကောင်ကို ပစ်သတ်ဖို့ သေနတ်နဲ့ ချိန်နေတယ်။ ကျွန်တော်က သေနတ်ကိုင်ရဲနှစ်ယောက်အရှေ့ကို သွားရပ်လိုက်ပြီး တောကောင်ကို မပစ်သာအောင် ဒိုင်းလို ကာပေးထားလိုက်မိတယ်လေ"

ဒေးက အေအက်ဖ်ပီ သတင်းထောက်အား ပြောပြ၏။ ဆက်လက်ပြောပြပြန်ရာတွင် ...

"အဲဒီအချိန်မှာပဲ တောကောင်က မမျှော်လင့်ဘဲနဲ့ ကျွန်တော့်ကို လှည့်ပြီး ကုတ်တော့တာပါပဲ။ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း ပြန်ပြီး မခုခံနိုင်ဘူးခင်ဗျ။ သွေးရဲရဲ သံရဲရဲနဲ့ လဲကျန်ရစ်ခဲ့တာပါပဲ"

တဒင်္ဂအတွင်း ဖြစ်ပျက်သွားသည်မို့ သေနတ်ကိုင်ရဲနှစ်ယောက်လည်း မည်သို့မျှ ပြုလုပ်နိုင်ခြင်းမရှိ။ ကြက်သေသေကာ ကြောင်၍ ကျန်ရစ်ခဲ့ကြသည်။ ကျားသစ်က သူ့ရှေ့က လူတွေကြားမှ ရှောင်ကွင်းပြေးသွားပြီး အာသံပြည်နယ်၏ မြို့တော် ဂူဝါဟတ်တီမြို့၏ တိုက်ကာအိမ်ရာများအကြားသို့ ထွက်ပြေးသွားလေသည်။ ယင်းသို့ ပြေးရင်းလွှားရင်းက လမ်းတွင်တွေ့ရသော လူသုံးယောက်အား ကိုက်ခဲကုတ်ခြစ်သွားခဲ့၏။ အပြင်းအထန် ဒဏ်ရာရသူသုံးဦးအနက် တစ်ဦးသေဆုံးသွားသည်။ ဒေးသည်လည်း ဆေးရုံပေါ်မှာ တောကောင်ကိုက်ခဲထားသော ဒဏ်ရာများကြောင့် ဝေဒနာပြင်းထန်စွာ ခံစားနေရပေသည်။ ဦးခေါင်းအရေခွံကို ပြန်လည်ချုပ်ရသည့်အပြင် ခြေနှင့်လက်မှ ကုတ်ခြစ်ကိုက်ခဲခံရသည့် ဒဏ်ရာများကိုလည်း ကုသခံရပေသေးသည်။ လက်တစ်ဖက်က ကျိုးသွားသည်။ လက်ချောင်းကလေးနှစ်ချောင်း အဆစ်ကဖြတ်ရသည်။ အနည်းဆုံးတော့ ကိုယ့်လက်အင်္ဂါ ချို့ယွင်းသွားခဲ့ရပြီလေ။

"ကျွန်တော် ဒီလိုဖြစ်ခဲ့ရတာကို နောင်တတော့မရပါဘူး။ တောတိရစ္ဆာန်တစ်ကောင်၊ သက်ရှိသတ္တဝါတစ်ကောင်ပေါ့။ ကျွန်တော်ကယ်တင်လိုက်ရတယ်လို့ ကျေနပ်ပီတိဖြစ်ရတာတော့ အသေအချာပါပဲ။ မဟုတ်ဘူးလားခင်ဗျာ"

အေအက်ဖ်ပီသတင်းထောက်က မချိသွားဖြဲနှင့် သွားပေါ်အောင် ပြုံးပြပြီး ဒေးအား ထောက်ခံလိုက်ရပေသည်။ သူ့ရှေ့မှာ တစ်ကိုယ်လုံး ပတ်တီးဖြူဖြူတွေ ဖုံးနေသည့် မဟာကရုဏာရှင် ပင်တူဒေးကို စိတ်ရင်းအမှန်နှင့် လေးစားအားကျ အတုယူမိသည်က အမှန်ပင်။

အာသံပြည်နယ် အမျိုးသားတိရစ္ဆာန်ဥယျာဉ်မှ ဝန်ထမ်းများနှင့် သေနတ်ကိုင်ရဲတပ်သားများ ပူးပေါင်း၍ ဂူဝါဟတ်တီမြို့တစ်ခွင် ပြေပြစ်အောင် ထွက်ပြေးသွားသည့် တောကောင်ကို လိုက်လံရှာဖွေကြသည်။ ဂူဝါဟတ်တီတစ်မြို့လုံး ပိုက်စိပ်တိုက်လျက် နေရာအနှံ့ လှည့်ခဲ့က ရှာဖွေကြသောအခါ ကျားသစ်ကို မြို့စွန်တစ်နေရာ ဟိုင်းဝေးလမ်းမကြီးနံဘေး ချုံပုတ်တစ်ခုအတွင်း ပုန်းအောင်းနေသည်ကို တိရစ္ဆာန်ရုံဝန်ထမ်းတို့က ရှာဖွေတွေ့ရှိရလေသည်။ တိရစ္ဆာန်ဥယျာဉ်မှ ဝန်ထမ်းတစ်ဦးက သူတို့ရှာဖွေနေသော ပင်တူဒေးအား ကိုက်ခဲကုတ်ခြစ်သွားသည့် တောကောင်ကို ပုန်းအောင်းနေရာ ချုံပုတ်တွင်း မောဟိုက်ပင်ပန်းစွာ လဲလျောင်းနေသည်ကို တွေ့မြင်ကြရလေသည်။ ဝန်ထမ်းက အသင့်ယူဆောင်လာသည့် မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးလိုက်သည်။ ပြီးနောက် ကျားသစ်ကို အာသံပြည်နယ် ဂူဝါဟတ်တီအမျိုးသာ[း] တိရစ္ဆာန်ဥယျာဉ်သို့ သယ်ယူသွားကြ[၏]။

ထို့နောက် ယင်းကျားသစ်အာ[း] အာသံပြည်နယ်အနောက်ဘက်ရှိ မာနပ်[စ်] ဘေးမဲ့ကြိုးဝိုင်းသို့ ပြောင်းရွှေ့ပို့ဆောင်ကာ ဘေးမဲ့လွှတ်ပေးလိုက်၏။ တိရစ္ဆာန်သည် တိရစ္ဆာန်သာ ဖြစ်၏။ မိမိအား ကာကွယ် ပေးသော လူသားကိုပင် ကာကွယ်ပေ[း] နေမှန်းမသိ။ အသေအကျေ ကိုက်ခဲကုတ် ခြစ် တိုက်ခိုက်ပေသေးသည်။ သင်းက ရန်မူခြင်းခံရသော လူသားကမူ ကိုယ်တို[င်] အပြင်းအထန် ဒဏ်ရာအနာတရ ဖြစ်ခဲ့ ရသည့်တိုင် အပြစ်မယူနိုင်ရှာ။ သည်းခံ ခွင့်လွှတ်ခဲ့ပေသည်။

ပင်တူဒေးဟုအမည်ရသည့် အကြင် နာနှလုံးသားပိုင်ရှင် ယင်းပုဂ္ဂိုလ်၏ မွ[န်] မြတ်သောစိတ်ဓာတ်မျိုး ကျွန်တော်တို[့] လူသားတိုင်း ထားရှိနိုင်ကြမည်ဆိုပါမူ ငြိမ်းချမ်းသာယာသော မြေကမ္ဘာဖြစ်ချိ[လိ] မည် မုချကေန်အမှန်ပင်။

လူသားတိုင်း အကြင်နာနှလုံးသာ[း] ပိုင်ရှင်များ ဖြစ်နိုင်ကြပါစေ ...။

ခင်မောင်အေး(မန္တလေး)






www.burmeseclassic.com

www.burmeseclassic.com

## မောင်းသူမဲ့လေယာဉ် တိုက်ခိုက်ဖျက်ဆီးမှုအား တရားရုံးချုပ်မှ တားဝရမ်းထုတ်ပိုင်ခွင့်ရှိမရှိ



လန်ဒန် ၂၂၊ ၁၂၊ ၂၀၁၂ မှလာသော သတင်းတစ်ရပ်ဖော်ပြချက်တွင် ပါကစ္စတန်နိုင်ငံမှ အသက် ၂၇ နှစ်ရှိသူ နူး(ရ်)ခန်ဆိုသူက ၎င်း၏ဖခင်သည် ပါကစ္စတန်နိုင်ငံတွင် အမေရိကန်နိုင်ငံ၏ မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုခံခဲ့ရခြင်းကြောင့် သေဆုံးခဲ့ရသည်ဆိုသည်။ ယင်းကြောင့် မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်ဖျက်ဆီးမှုများအား တားဝရမ်းထုတ်ပေးရန် ဗြိတိသျှတရားရုံးချုပ်သို့ လျှောက်ထားခဲ့ရာ ဗြိတိသျှတရားရုံးချုပ်က စုံညီခုံရုံးထိုင်ပြီး ယင်းလျှောက်ထားချက်မှာ တရားရုံးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ပါလီမန်(ပြည်သူ့လွှတ်တော်)နှင့်သာ ဆိုင်သောကိစ္စ၊ ပြဿနာရပ်ဖြစ်နေသည့်အတွက် တရားရုံးချုပ်အနေဖြင့် စီရင်ပိုင်ခွင့်မရှိ၍ လျှောက်ထားမှုအား ပယ်ချခဲ့ရကြောင်း အမိန့်ချမှတ်ခဲ့သည် ဆိုပါသည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-*

(၁) *B.B.C*

(၂) ကြေးမုံ (၃၁၊ ၁၂၊ ၂၀၁၂) (စာ–၁၁)

---

## မလေးရှားပဲဝိုင်းဒိုင်ကြီး ဝိုင်းရုံဖမ်းဆီး၊ အပေါင်ပစ္စည်း ကွန်ပျူတာ ၁၅၁၇ လုံးနှင့် ငွေများ လက်ရသိမ်းဆည်းခဲ့



မလေးရှားရဲတပ်ဖွဲ့က သတင်းအရ ယမန်နှစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဒန်မာလိုမြို့ရှိ လောင်းကစားဒိုင်ကြီး ဖဲဝိုင်းသို့ သွားရောက်ဝိုင်းရံရှာဖွေခဲ့ရာ အပေါင်ပစ္စည်း ကွန်ပျူတာ ၁၅၁၇ လုံး၊ ရင်းဂစ်(ရင်းဂျစ်ငွေ) ၄၀၁၃၇၉ နှင့်အတူ လောင်းကစားဒိုင်အလုပ်သမား ၉၁ ဦးနှင့်အတူ လောင်းကစားသူ ညွှန်သည် ဦးရေပေါင်း ၄၃၈ ဦး၊ စုစုပေါင်း ၅၂၉ ဦးတို့အား လက်ရဖမ်းဆီး၊ သိမ်းဆည်းခဲ့ပြီး မလေးရှား ၁၉၉၆ ခုနှစ်၊ လောင်းကစားဥပဒေပုဒ်မ ၄(၁)(B) အရ အမှုဖွင့်ကာ ရုံးတင်စစ်ဆေးလျက်ရှိသည်ဆိုသည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:- N.Y.S.P. (Malaysia), 17.1.2013, Page(W-3)***


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



၊တလော၊

# အိပ်မက်ဆိုးမှ နိုးပါရစေ

ယခင်လမှအဆက်

ညောင်စီးဖြူရွာမှာ စိန်မြအောင် ဆိတ်ကျောင်းမလာကာ နှစ်ပတ်ရှိပြီ "တခြားလူတစ်ယောက် ငှားလိုက်ပါတော့၊ စိန်မြအောင် ဗီအလုပ်က နားချင်လို့တဲ့" အဖွားဖြစ်သူ မျက်နှာမကောင်းစွာ လာရောက်အကြောင်းကြောင်းပြီးနောက် စိန်မြအောင် အရိပ်အယောင်မမြင်ရ၊ သူငယ်ချင်းပိန်းကလေးတွေက သနားစိတ်နှင့်အကြောင်းစုံ သိချင်သော်လည်း ဘာသတင်းမှမရ။

စိန်မြအောင် သူမိဘတွေနေတဲ့ တဲဖက် တစ်ယောက်တည်း ပြောင်းနေတယ်ဆိုတာတော့ အားလုံးသိထားသည်။ ဘယ်လိုနေ ဘယ်လိုစားလဲဆိုတာ သိချင်သူရှိသလို မသိချင်သူတွေရှိကြသည်။ သို့ပေမည့် နေ့စဉ်ကိုယ့်တာဝန်ကိုယ်ထမ်းနေရတဲ့ လူသားတွေအတွက် အကြောင်းအရာ တစ်ခုကို ကြာကြာစဉ်းစားတွေးချိန် မရတတ်တာမို့ ကြာတော့လည်း မေ့သလိုလို အဖြစ်တစ်ခု။

တခြားသူတစ်ယောက်ကို ခငှားထားကာ ဆိတ်ကျောင်း နိုင်းသူတွေ ပြဿနာတတ်စရာ၊ ဆိတ်အုပ်ထဲမှာ သုံးရက် တစ်ကောင် လေးရက် တစ်ကောင် ပုံမှန်ပျောက်သည်။

"မင်းကို ဆိတ်ကျောင်းခိုင်းတာ ဆိတ်ပျောက်ခိုင်းတယ်လို့လား၊ ဘယ်လိုလုပ်ဆိတ်တွေ ပျောက်ကုန်တာလဲ"

"ကျွန်တော်လည်း နွေခင်းဖက်တော့ တစ်ရေးဆိုအိပ်လိုက်တာ ခဏကလေးပါဗျာ။ ဒါပေမည့် ဆိတ်ပျောက်မှန်းတော့မသိဘူး။ ခုလို အိပ်တွေကို ဆိတ်ပြန်အပ်မှ သိရတာပါ။ နောက်နေ့တွေ မအိပ်ဘဲနေပါ့မယ်"

ဘာပဲပြောပြောနောက်သုံးလေးရက်မှာ ဆိတ်တစ်ကောင်ပျောက်ပြန်သည်။ ဆိတ်သူနိုးဖမ်းဖို့ပိုင်ရှင်သျှတိုင်ပင်ကြပြီး ဆိတ်ကောင်ရေတွက်ပြီး ရွာမှအားကောင်းမောင်းသန် ကာလသားတွေပါ ဆိတ်ကျောင်းရာလိုက်ကြသည်။

"ဟေ့ ဘယ်ကောင် ဆိတ်လာနိုးမလဲ၊ သတ္တိရှိလှာလေ၊ မိလို့ကတော့ ခြေထောက် လက်ပါ ဖြတ်ရောင်းပစ်မယ်"

အပြောကြီးစွာ အသံကျယ်ကျယ် ဟစ်လိုက်သည်။ ကျယ်ပြန့်တဲ့ ဇီးတောထဲမှာ ဆိတ်တွေငြိမ်သက်စွာ အစာစားနေသည်။

ဆိတ်အုပ်စောင့်တွေလည်း အာလုပ်ရေး၊ ထမင်းလုပ်မြေပြီး ဝိုင်းဖွဲ့စားကြသည်။ သည်လိုမျိုး သုံးလေးရက်စောင့်ဖမ်းရင် တစ်နေ့မဟုတ်တစ်နေ့ မိမှာပါဟု ပြောကြသူပြော၊ ဆိတ်တွေစားပစ်ရအောင် ဘီလူးများရှိသလား ထင်ကြေးပေးသူပေး၊ စကားစိုင်း ထမင်းဝိုင်းမပြီးခင် အရှေ့ဖက် ယွန်းယွန်းဆီက ဆိတ်

www.burmeseclassic.com

အောင်မလေး သူရဲကောင်းကြီး လှဟန်၊
နင့်ကြောင့် ငါ့သားလေး မရှိ တော့ဘူး၊ စောစောကမှ
ငါနို့တိုက်ပြီး သိပ်ထားတာ မေ့းကနဲ ပျောက်စ
ရှိသေးတယ် ဘေးစမ်းကြည့်တော့မရှိတော့ဘူး။
တစ်ချိန်လုံးလဲ နှံနေပြီ၊ နင် ငါ့သားလေး
ရအောင်ပြန်ရှာခဲ့၊ မတွေ့လို့ကတော့ နင့်ကို
မပေါင်းတော့ဘူး၊ လူတွင်ကျယ်ကြီးရဲ့
အီး . . ဟီး . . ဟီး'

သိုးကြီး၏"ပဲ့ ပဲ့ အဲ့"ဟု အသံကျယ်ကျယ်ကြီးကြားလိုက်ရပြီ တစ်ခဏတာ ငြိမ်သက်သွားတော့သည်။ "လန့်လိုက်တာ ခွေးမသားဆိတ်"ဟု အသံနှင့်အတူ ရယ်မောသံတွေ ထွက်လာ၏။

ညနေစောင်း ဆိတ်မောင်းပြန်ခဲ့ပြီး ဆိတ်ကျောင်းသူအပါအဝင် သီးသန့်ထားထားသူလေးယောက် စကားတပြောပြောနှင့် ဆိတ်အုပ်ကြီးမောင်းကာ သက်ဆိုင်ရာအိမ်တွေကို ပြန်ပို့ကြသည်။

"ဟာ ဟိတ်ကောင်တွေ၊ ငါ့ဆိတ်မလေးကော၊ ထိပ်မှာ အဖြူကွက်လေးနှင့်လေ၊ တခြားဆိတ်အုပ်ထဲမှာ မှားထည့် လိုက်တာလား"

"ရှာကြစမ်း . . . ရှာကြစမ်း"

ပို့ပြီးသားဆိတ်တွေရှိရာ ရှာကြသည်၊ မတွေ့၊ မမှောင်သေးလို့ ဒီးပင်တောဖက်အားလုံးပြေးရှာကြသည်။

ထိုနေရာမှာတော့ လတ်လတ်ဆတ်ဆတ်၊ သွေးတစိုစိုနှင့် ဆိတ်မလေးဦးခေါင်းပိုင်းကို တွေ့လိုက်ရတော့သည်။ ဆိတ်ရှာကြသူတွေ သတ္တိတယ်လောက်ကောင်းကောင်း။ ခြေနှစ်ချောင်းအားကုန်သုံးပြေးဖို့ကလွဲပြီး ဘာမှမစဉ်းစားတော့။

အပြေးမြန်သူတွေက ရှေ့ကအားစိုက်ပြေး၊ နှေးသူတွေနောက်ကလိုက်၊ ဘယ်နေရာကများ ဘွားကနဲ့အရိပ်မည်းကြီးပေါ်လာမလဲဆိုတာ လူတိုင်းအတွေးမှာ ရှိကြသည်။

ရွာထဲရောက်တော့ ဖိနပ်မပါသူတွေ၊ ပုဆိုးကျွတ်ခဲ့သူတွေ၊ အရုက်ပြေတစ်နေရာနိုင်ပြီးမှ ဝင်ကြသည်။ သည်သတင်းက တမုဟုတ်ခြင်း ရွာထဲပြန့်သွားတော့သည်။

"ရွာပြင်မှာ ဘီလူးရှိတယ်တဲ့"

ထိုတစ်ညမှစ၍ ညနေဘက်စောစော လယ်ယာချောင်းမြောင်းလုပ်ကိုင်သူတွေ အစောဆုံးသိမ်းကြသည်။ ဆီးပင်ကိုင်းတွေ လူ့အုပ်နဲ့ခုတ်ပြီး ဆိတ်တွေကိုအိမ်မှာပင်ကျွေးတော့သည်။

"ကဲ ရွာသားတွေလည်း အရှေ့ဘက်တံခါးကိုပိတ်ထားကြ၊ ဆီးကိုင်းခုတ်သွားရင် လူအားလုံးစုံမှသွား။ ကိုယ့်ဖက်က အတတ်နိုင်ဆုံး လုံခြုံအောင်နေကြ ဟုတ်ပြီလား"

ရွာလူကြီး ဦးဖြူ အမိန့်အတိုင်း အရှေ့ဘက်ရွာတံခါးကို သေချာပိတ်၊ ဆိတ်တွေလုံခြုံအောင် စည်းရိုးခတ်၊ အရပ်ထဲ လည်ပတ်သွားလာမှု မရှိစေရတဲ့။ ဒါဆို လုံခြုံရောတဲ့လား။

များပြားလှတဲ့ အိမ်အောက်တွေက ဆိတ်တွေ သုံးလေးရက်တစ်ကောင်နှုန်း ပျောက်နေတာ ဘယ်သူမှသတိမထားမိသေး။ အစာပုံမှန်ကျွေးတာကလွဲပြီး ရေတွက်ကြည့်ဖို့ သတိမရကြတာ။ ကြာလာမှ ဆိတ်ခြံကျယ်လာခြင်းကို စတင်သိသူက ဒေါ်ရွှေမိ။

ခါတိုင်း အစာကိုတိုးဝှေ့စားတဲ့ဆိတ်တွေ နောက်ပိုင်းအေးအေးပုံမှန်စားပြီး နေရာကမရွှေ့ ရှပ်ယှက်ခတ်နေတဲ့ဆိတ်တွေ မဟုတ်တော့ လက်ညှိုးထိုးရေတွက်နိုင်ပြီ

"ကိုဘမှန်ရေ လာကြည့်စမ်း။ လာကြည့်စမ်း။ တော့ ဆိတ်တွေ ဘယ်ရောက်ကုန်သတုံးတော့၊ ဘာမှမကျန်တော့ဘူး"

"ဟော့ ဘယ်လိုဖြစ်တာလဲကွ၊ ညတိုင်းလဲ ဘာသံမှမကြားပါဘူး။ ခြံခုန်ပြေးထွက်ကြသလား။ ရွာထဲက တခြားဆိတ်တွေဆီ ရှာကြည့်စမ်းပါအုန်း"

ဦးဘမှန်နှင့်ဒေါ်ရွှေမိ၏ဆိတ်ပျောက်ရှာပုံတော်တစ်ရွာလုံးဟုန်းဟုန်းထအော



www.burmeseclassic.com

www.burmeseclassic.com

ပွက်လောရိုက်ကုန်ပြီ။ အကြောင်းက တခြားဆိတ်ပိုင်ရှင်တွေလည်း သူတို့ ပြောမှဆိတ်တွေ ပြန်ကြည့်ကြသည်မို့ သုံးကောင်ပျောက်၊ လေးကောင်ပျောက် နှင့် အိမ်ပေါက်စေ့အောင်ဝင်ခိုးသွားတာ တဲ့။ ကာလလေးကိုရေတွက်လျှင် မကြာ ဘူးထင်ရပေမည့် နစ်လနီးပါးရှိသွားခဲ့ပြီ။ ဖုံးအုပ်ထားတဲ့သတင်းတွေ တစ်ယောက် စကား တစ်ယောက်ကြားပြီး အိမ်ရှိ လူကုန်သိကုန်ပြီ။

"ကျုပ်တို့အိမ်မှာ ဆိတ်မရှိပေမည့် သုံးလေးခါရှိပြီ။ မနက် အလုပ်သွားချိန် အဝီ ညထဲက ချက်ပြုတ်ထားတဲ့ထမင်း ကော၊ အသားဟင်းပါအပြောင်စားသွား တာ"

"ဟာ အဲဒါတော့ အိမ်ပေါ်တက် စားတာဖြစ်နိုင်ပါ့မလားဗျ"

"ဖြစ်နိုင်တာပေါ့တော်၊ ကျုပ်တို့အိမ် လဲပြီးခဲ့တဲ့ညက မနက်တွက်ချက်ထားတဲ့ ထမင်းအိုးပြောင်၊ ခွက်ပြောင်စားသွား တာ။ ခွေးများလား တွေးမိပေမည့် ခြေရာလက်ရာမပျက်ဘူး"

ဖေါ်ရွှေမိတို့ အိမ်အောက်မှာ လူတွေ ပြည့်လို့လျှံလို့ "ကျုပ်ယုန်လေး နှစ်ကောင်ဗျာ တစ်ညတည်းပျောက် သွားတာ၊ ကလေးတွေကြောက်မှာစိုးလို့ မပြောပေမယ့် လင်မယားနှစ်ယောက် ညဖက် ကောင်းကောင်းဇောင် အိပ် မပျော်ဘူး"

ခက်ပြီ လူလား၊ ဘီလူးလား ထူး ခြားတာတော့အမှန်ပဲ။ တိရစ္ဆာန်တွေက လည်းမဖော်၊ လူတွေကလည်းမနိုး။ ခိုး တဲ့ကောင်က လျောင်ရယ်နေမလား။ ထက်ထက်မြက်မြက်ရှိတယ်လို့ မြှောက် ပင့်ထားတဲ့လုပ်ဟန်ကို သောင်းထိုက်တို့ က ဆရာကြီးတင်ကာ ဘယ်လိုလုပ်ကြ မလဲ တိုင်ပင်ကြသည်။

ရွာသားတွေ ဆယ့်လေးငါးယောက် နကာ နေ့ခင်းဖက်စိန်မြအောင်နေထိုင် ရာတဲဆီ ချီတက်ခဲ့သည်။ တုတ်၊ ဓါး၊ လေးခွရသမျှဆွဲကိုင်ပြီး "ဟုတ်ဟုတ်မ ဟုတ်ဟုတ် ဒီကောင်ကိုဆွဲထုတ်ဖမ်းခဲ့ မယ်"ဆိုကာ လုပ်ဟန်က ရှေ့ဆုံးတဲထဲ ဝင်သည်။

ငြိမ်သက်တိတ်ဆိတ်နေတဲ့ တဲ တွင်းမှာ အသားကင်နံ့က" မွှေးမွှေး၊ သွေးနံ့ကညှီညှီ ရွာသားတွေလန့်ကုန်၏။

"ဆိတ်သူခိုး၊ ဆိတ်သူခိုး၊ ဟာ စိန်မြအောင် ဒီကောင်ကို တွေ့အောင် ရှာကြ။ ကဲပါ မီးနဲ့ရှို့ပစ်မယ်၊ တွေ့လို့ ကတော့ ကျောင်းတုန်းက ရန်စရှိသူမို့ အသေချဖို့ ဆုံးဖြတ်ထားသည့် လုပ်ဟန် ညနေစောင်းသော်လည်း အိမ်မပြန် ကြသေး အမှောင်ရောက်လာပြီ။

တဲအပြင်ဖက်မှာ ထင်းတွေစုပုံရင်း "စိတ်မြဲအောင် မင်းပြန်မလာဘဲ မနေပါ ဘူး။ အရှင်လတ်လတ်မီးရှို့သတ်မယ်။ ဒီည မင်းရွာထဲ ဝင်လာရဲဝင်လာစမ်း လုပ်ဟန် အကြောင်းသိမယ်"

နှုတ်ကမနားတမ်းပြောရင်း မောမှ ထမင်းစားပြန်မယ်ဆိုကာ ကာလသား တွေစုပြန်လာကြသည်။ ရွာလူကြီးတွေ က ညဖက်ထွက်သွားခွင့်မပြုတာကြောင့် ထိုတစ်ည လုပ်ဟန် ဒေါသမြို့သိပ်ရင်း တော်တော်နှင့် အိပ်မပျော် မေးကနဲ အိပ်ပျော်ချိန် နံဘေးမှ မိန်းမဖြစ်သူ သန်းမြ အော်ဟစ်ငိုသံကြား ရတော့ သည်။

အောင်မလေး သူ့ရဲကောင်းကြီး လုပ်ဟန်၊ နင့်ကြောင့် ငါ့သားလေး မရှိ တော့ဘူး။ စောစောကမှ ငါနို့တိုက်ပြီး သိပ်ထားတာ မေးကနဲပျော်စရှိသေး တယ် အားခမ်းကြည့်တော့မရှိတော့ဘူး။ တစ်ချိန်လုံးလဲ နှံနေပြီ နင် ငါ့သားလေး ရအောင်ပြန်ရှာခဲ့ မတွေ့လို့ကတော့ နင့် ကိုမပေါင်းတော့ဘူး။ လူတွင်ကျယ်ကြီးရဲ့ အီး.. ဟီး.. ဟီး"

လုပ်ဟန်တို့အိမ် ကမ္ဘာပျက်သလို အသံစုံတွေထွက်နေပေမည့် အိမ်တွေ တုတ်တုတ်မျှမလှုပ်၊ ငုတ်တုတ်ထိုင်ရင်း ကိုယ့်မြေးကိုယ့်သားတွေ တွေးပွေ့ထား ကြ၏။ လူလား၊ ဘီလူးလား ခွဲခြားလို့မှ မရတော့တဲ့ စိန်မြအောင်။ တချို့ အိပ်မပျော်ဖြစ်နေသူတွေက စိန်မြ အောင်လို့ထင်ပေမည့် သေချာကြည့် တော့ ကြောက်စရာမျက်နှာကြီး။

ထိုညမှစ၍ ညတွေတိုင်းမှာ မီးခွက် မထွန်းကြ၊ တုတ်ဓါးမှစ၍ ပရိတ်ကြိုး တားခြင်းဖြင့် အိမ်[illegible] အလုပ်ရှုပ် ကုန်၏။

ထူးခြားတာက စိန်မြအောင် ဆိတ်ကျောင်းစဉ် ထမင်းထုပ်ညစဉ် ပေးလေ့ရှိသော ဦးဘောက်ရှိန် အိမ်မှာ တော့ အပျောက်အရှမရှိ၊ လုပ်ဟန် ကလေးနှစ်နှစ် သားလေးပျောက်ခြင်း မလှ ပျောက်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com

လုပ်ဟန် စိတ္တဇနေ့ ဟိုရှာဒီရှာ အရှုံးတင်ပိုင်းဖြစ်နေ၏။ ကာလများစွာ မကြာမီ ရွာသည် တစပြင်ကဲ့သို့ ချောက်ခြား တုန်လှုပ်ဖွယ်ကောင်းသလို တိတ်ဆိတ် ငြိမ်သက်သွားတော့သည်။

ကားလမ်းမလေးမှာရှိသည့် ဈေးဆိုင်လေးတွေလည်း လုံးဝနီးပါးပိတ်ထားကြသည်။ လူသားစားသည့် ဘီလူးရှိသည်ဆိုသည့် ရွာသားတွေစကားကြောင့် အဝေးမှ ကုန်တင်ကားတွေပင် ခေတ္တနားခြင်းမရှိ။

ညောင်ဇီးဖြူရွာအတွက် ညဥ့်လယ်အိပ်မက်ဆိုးကြီး မက်နေရပြီလေ။

*** *** ***

တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ညောင်ဇီးဖြူရွာ၏ ညတိုင်းအတွက်ဖြစ်ခဲ့သည်။ ရွာသားတချို့ စိန်မြအောင်တဲလေးကို နေ့ဖက်သွားဝိုင်းသည်။ စိန်မြအောင်ကို အရိပ်အယောက်မျှ မတွေ့ရ။ သို့သော်လည်း တဲအတွင်းမှာတော့ လူရှိသလိုထင်ရသည်။ ထမင်းနှင့်တူတာတောင် မတွေ့ရပါလျက်၊ အသားဟင်းက အိုးပြည့်ချက်ပြည့်။

ဆိတ်ပျောက်နှုန်းသည် ပုံမှန်ထက်ပိုမများသော်လည်း လျော့သွားသည်မရှိခဲ့။ နောက်ပိုင်း ရွာသူကြီးတွေစုတိုင်ပင်ကာ ကာလသားတွေညမအိပ်ဘဲ တုတ်၊ ဓား၊ သက်နက်ဖြင့် ရွာစည်းရိုးတိုင်းမှာစောင့်စေသည်။

ရွာလမ်းထောင့်တွေမှာ ကင်းမီးမပြတ်ထည့်ကာ တစ်ရွာလုံးနေ့နှင့်မခြားလင်းလက်စေသည်။ အရိပ်တွေတာနှင့် ရရာလက်နက်နှင့် ဝိုင်းဖမ်းကြစေသော်လည်း အရိပ်လည်းမတွေ့၊ အယောင်လည်းမမြင်၊ အနံ့လည်းမရ။

မိုးစင်စင်လင်းသည်နှင့် ကိုယ့်အိမ်ကိုယ်အိပ်ချင်စိတ်မြို့သိပ်ပြီး ပြန်ကြပြီးတိုးအိပ်ပစ်ကြသည်။ သည်လိုသာ ညတိုင်းစောင့်အိပ်ဖြစ်ရင် ဆိတ်တွေအတွက် စိတ်အေးရမည်တဲ့လား။

သူတို့ထင်ထားသော အထင်က တက်တက်စင်လွဲပါသည်။ ညတိုင်းစောင့်လို့ တစ်ပတ်အပြည့်မှာ ရွာထဲက ဆိတ်တွေ ကိုယ်စီ ဆိုင်ရာစိစစ်ပြီး ပျောက်မပျောက်စာရင်းစစ်ကြသည်။

စာရင်းချုပ်လိုက်တော့ လူကြီးတွေဒေါ လူငယ်တွေပါ ငိုသူတွေငို ရယ်သူတွေရီ ဖြစ်သွားကြသည်။ ငိုသူတွေက ဆိတ်ပျောက်သူ၊ ကြောက်လန့်သူတွေ။ ရယ်သူတွေက ပျော်တတ်သောကာလသားတွေထဲကဖြစ်၏။

ကြည့်စမ်းပါ လူတွေအများကြီးစောင့်ပြီး မအိပ်မနေဆိတ်သူခိုးဖမ်းတာ ခုနစ်ညတဲ့။ ပျောက်တဲ့ဆိတ်ကောင်ရေကလည်း ခုနစ်ကောင်လေ။

ဆိတ်သူခိုးက သူတို့တွေကို ဘာမှမလုပ်သွားတာ ကျေးဇူးတင်ရမလိုလို။

ရွာလူကြီးတွေ ဘာလုပ်ရမှန်းမသိတော့သလို၊ စိန်မြအောင်ကို ဘယ်လိုရှာရမှန်းမသိ၊ ဆိတ်ခေါင်းနှင့်ဆိတ်သရေရဲ့အပုပ်နံ့က ရွာဘက်ကို တစ်စတစ်စ ရောက်လာသည်။

စိန်မြအောင် ငယ်သူငယ်ချင်းတွေဖြစ်ကြတဲ့ အေးမာ၊ တွေးလှနှင့်မစံပါယ်တို့အရဲစွန့်ပြီး စိန်မြအောင်ကိုသွားခေ[...]ဖို့ လူကြီးတွေကိုတောင်းဆိုသည်။

အစပိုင်းက သဘောမတူသေ[...]လည်း နောက်တစ်ကြိမ်ကြိုးစားကြ[...]ခြင်းသည် အားလုံးအတွက် မျှော်လ[...]ချက်တစ်ပိုင်းတစ်စမို့ အေးမာ အ[...]အဝင် မိန်းကလေးသူငယ်ချင်းလေး[...]ယောက်နှင့် ရွာထဲကအသက်ကြီးသေ[...]လည်း သန်မာသေးသည့် ဦးဘလှိုင်[...]ရွာကထွက်ကာ ဘုရားပျက်ဘေးရှိ[...]လေးသို့ ရောက်ခဲ့သည်။

တစ်ပင်တည်းသော ဖျောက်ဆိ[...]ပင်အိုကြီးပေါ်မှ ဇရက်ငှက်လေး[...]အုပ်ဖွဲ့နေသည့်အလား မျှားပြားလျ[...]သည်။

တဲအတွင်း တိတ်ဆိတ်ငြိမ်သ[...]နေ၏။

"စိန်မြအောင် . . စိန်မြအော[...]

တစ်ယောက်ပြီးတစ်ယောက် စိ[...]အောင်နာမည်ခေါ်ပြီး တဲအတွင်း[...]ကြသည်။ မီးဖိုထဲက မီးက အ[...]ကောင်းပြီးစမို့ အပူရှိန်သည် ဝင်လ[...]ထံဟပ်သည်။ အားလုံးတစ်ညီတ[...]တည်း "အား ပူလိုက်တာ" ဟု ညည[...]ကြ၏။

ထိုအခိုက် အခန်းထောင့်ကွ[...]ငယ်လှုပ်ယမ်းသွားသည်။ ရှေ့[...]ရောက်နေသော အေးမာအ[...]ထိန်းရင်း "စိန် စိန်မြအောင် နင်ရှိ[...]

"နင့်ကို ငါတို့လာတွေ့တာ[...]

ဘာမှမရှိမှန်း အားလုံးသိ[...]လည်း အသံပေးခြင်းမှတစ်ပါး ရှေ့[...]



www.burmeseclassic.com

www.burmeseclassic.com

ရဲတော့ပါ။ ကွပ်ပျစ်ပေါ်မှာ လင်ဗန်းတစ်ချပ်၊ လင်ဗန်းထဲမှာ မီးကင်ပြီးစဆိတ်ပေါင်တစ်ချောင်း အားလုံးကြက်သီးတွေ ဖြန်းကနဲ ထသွားသည်။

"မြန်ကြရအောင်၊ ငါကြောက်လာပြီ"

"အာဘကလဲ အပြင်ကစောင့်နေတာ ရှေ့ဆက်မတိုးရဲတော့ဘူး"

"ဟုတ်တယ် အေးမာ၊ ငါတို့ကို တစ်ယောက်ယောက်က ကြည့်နေတယ်လို့ ခံစားရတယ်"

"နေပါဦး ငါအိပ်ခန်းဖက်လှမ်းကြည့်ပါရစေ အထဲမဝင်ပါဘူး"

သတ္တိကောင်းလွန်းသောစံပါယ် ရှေ့ဆက်ဖို့ခြေလှမ်းပြင်လိုက်သည်။ ထိုအခိုက် ကွပ်ပျစ်ထောင့်မှ "ဘုန်း‥ ဘုန်း" ဆိုသောကွပ်ပျစ်ကိုလက်ဖြင့် ရိုက်သံထွက်လာသည်။

"အမလေး ဘာသံတွေတုန်း။ ကြောက်လိုက်တာ"

တံခါးပေါက်ရှိရာ ဝရုန်းသုန်းကားပြေးထွက်ကြသည်။ နောက်ဆုံးမှရောက်နေတဲ့ ဖေထွးလှ အပြေးသန်သူ အပြင်ကိုအမြန်ရောက်လိုဇောနှင့် စံပါယ်ကိုယ်လုံးကို တွန်းဖယ်ပစ်၏။

စောစောက အသံကြားရာနေရာသို့ စံပါယ်တစ်ကိုယ်လုံး ပစ်ကျသွားသည်။ သို့ပေမည့် သူကျရာနေရာသည် ကွပ်ပျစ်အလွတ်မဟုတ် တစ်စုံတယောက်ရဲ့ရင်ခွင်ထဲရောက်သွားသည်ဟု ခံစားရသည်။

သူမကိုပြန်မတ်ရန် ဖေးကူပေးလိုက်သောလက်နှစ်ဖက်သည် အေးစက်တောင့်တင်းနေသည်။ မမြင်ရသော်လည်း တစ်စုံတစ်ယောက်က သူမကို ဖေးကူပေးတာသိသည်။

အားလုံးအပြင်ရောက်ကုန်သည်။ သူမတစ်ယောက်လည်း မမြင်နိုင်သော၊ လူမဟုတ်သော၊ တစ်ဦးတစ်ယောက်ထံမှာ ကျန်ခဲ့တာသိသည်။

"ကယ်ကြပါအုန်း။ ငါ့ကိုလာခေါ်ကြပါ"ဟု အားပါးတရ အော်လိုက်သော်လည်း အသံက တိုးတိုးမျှသာ ထွက်တော့သည်။

သတိလစ်နေသောစံပါယ်ကို ဘယ်သူသယ်လာမှန်းမသိ၊ အားလုံးမျက်လုံးမှိတ်ထားရာမှဖွင့်ကြည့်တော့ စံပါယ်က အစောင်းလဲလျက် သတိလစ်နေတာ တွေ့လိုက်ရသည်။

စံပါယ်အတွက် သူငယ်ချင်းတွေ ယူကျုံးမရဖြစ်ကြသည်။ တကယ်လည်း စံပါယ်သည် စိန်မြအောင်ကို ပိုသံယောဇဉ် တွယ်သည်။

ရွာထဲမှ ဆိတ်ကျောင်းစဉ်ကလည်း စိန်မြအောင်အပေါ် စားသောက်စရာမှ အစ လိုအပ်တာတွေ သူငယ်ချင်းတွေ ထံမှစုပေးသည်။

စိန်မြအောင်တဲမှ သတိမေ့မျောပြန်လာပြီး ကောင်းကောင်း ပြန်သတိရလာသည်။ သို့ပေမည့် သူစကားတွေကို လူ တွေက သိပ်နားမလည်ကြ။ "စိန်မြအောင်ဘဝက သနားစရာကောင်းလိုက်တာ၊ သူ့ကိုတွေ့ရင် မရိုက်ပါနဲ့နော်၊ သမီးသူ့ကိုလိမ်မာဖို့ ပြောပေးပါ့မယ်"

ထိုစကားများပြောပြီး စံပါယ် ပြင်းထန်စွာ ဖျားပြန်သည်။ သည်တစ်ကြိမ်တော့ ညလယ်ရောက်မှ စကားတွေ ယောင်ပြောသည်။ စိန်မြအောင် နာမည် ခေါ်သံက အထပ်ထပ်ကြားရသည်။

လူတွေဝိုင်းပြုစုရင်း ဆေးပေါင်းစုံနှင့်ကုရင်း ဆယ့်ငါးရက်ပြည့်ပြီး နောက်လကွယ်ညမှာပင် စံပါယ်ဆုံးသွားတော့သည်။

တစ်ရွာလုံး ကြောက်ကြသည်မှာ နေစရာမရှိ၊ တချို့လူတွေ မြို့ပြောင်းရွှေ့ရန်ပင် စီစဉ်ကြသည်။

သို့သော်လည်း စံပါယ်မေ့မျောသည့်နေ့မှစ၍ သေဆုံးအချိန်ထိ ဆိတ်ပျောက်မှု၊ ထမင်းဟင်းပျောက်မှု မရှိတော့သလို၊ စိန်မြအောင် အရိပ်အယောင်ထင်သော တဲငယ်လေးလည်း မီးနိုးတိတ်ခဲ့ပြီ။

စိန်မြအောင် ပျောက်ကွယ်ခဲ့ပြီး၊ ဘယ်လိုမှန်းမသိတဲ့ ဇာတ်လမ်းတစ်ခန်းရပ်ခဲ့သည်လား။ ရွာသားတွေ စဉ်းစားတွေးတောနေဆဲရှိသလို ကြိုးစားမေ့ပျောက်ထားကြသူတွေလည်းရှိသည်။

ရွာလေးက အရင်လိုစည်ကားပျော်ရွှင်စရာ မကောင်းတော့လည်း ထိတ်လန့်ကြောက်ရွံ့စရာလည်း မရှိတော့ "ညောင်ဗီးဖြူ" ရွာမှာ နောက်ခြောက်လအကြာမှာ စုပေါင်းရှင်ပြုပွဲ စတော့သည်။

*** *** ***



www.burmeseclassic.com

www.burmeseclassic.com

ရှင်ပြုပွဲက တစ်ရွာလုံးစုပေါင်းလုပ်ကြတာကြောင့် မီးနိုးတီတီ၊ အိမ်ရှိလူကုန် ဘုန်းကြီးကျောင်းတစ်ကျောင်းလုံး ခြေချစရာမရှိ။ ဒီလိုအချိန်မှာ စိန်မြအောင်ကို သနားချစ်ခင်ကြသော လူငယ်အချို့က သတိတရရှိကြသည်။

"ထမင်းဟင်းတွေပေါလိုက်တာ စိန်မြအောင်ရှိတဲ့နေရာသိရင် သွားကျွေးချင်တယ်"

အေးမာ စကားကို ဘေးလူက ခါးတို့ကာ တားသည်။ ဒီရွာမှာ စိန်မြအောင် အကြောင်းမကြားချင် သူတွေ အများကြီး။ မိမိတို့ပိုင်ပစ္စည်း ပျောက်ဆုံးသွားတာထက် ရွာကို ထိတ်လန့်စေပြီး သုသာန်တစပြင်ပမာ ကျက်သရေကင်းမဲ့စေခဲ့သည်။ သား ပျောက်ဆုံးမှုကြောင့် အရူးတစ်ပိုင်း ဖြစ်သွားရှာသော သန်းမြ သန်းမြနဲ့ကွဲပြီး ဘယ်ရောက်သွားမှန်းမသိရတဲ့ လုပ်ဟန် စသဖြင့် တတ်လမ်းတွေထဲမှာ မစံပါယ် လန့်ဖျားဖျားလျက် သေဆုံးခြင်းနှင့် အဆုံးသတ်ခဲ့သည်။

စိန်မြအောင် အရိပ်အယောက်ပင် မမြင်မတွေ့ရသော်လည်း ဘုရားအိုဘေး မှတဲလေးကို ရွာသားအားလုံး သဘောတူညီမှုနှင့် မီးရှို့ပစ်ခဲ့သည်။

စုပေါင်းရှင်ပြုပွဲမှာ လူရှင်းစပြုနေပြီဖြစ်လို့ ရပ်ဝေးက ကြွလာသည့် ဆရာတော်များလည်း၊ လှူဖွယ်များနှင့်ပြန် ဖို့ရန်ပြင်ကြသည်။

"ကဲ့ ရွာကလူကြီးတွေ ကျန်တာလေးနင့်ဦးဘလှိုင်ကို စကားမိန့်ချင်တာရှိလို့ ခေါ်လိုက်ကြ‥ ခေါ်လိုက်ကြ"

"ဒီတောက်ကုန်း"ရွာက ကြွလာသည့် ဆရာတော် ဦးသောဘိတက မထင်မှတ်စွာမိန့်ကြားလိုက်တာကြောင့် ပြုံမည့်ဆဲဆဲလူကြီးတချို့ ကျောင်းပေါ်တက် ဆရာတော်ရှေ့ဝပ်ဖြည့်ထိုင်ကာ သိလိုစိတ်ပြင်းနေကြသည်။

ပန်းကန်ဆေးနေတဲ့ လူတွေလည်း ခပ်ဝေးဝေးက ငြိမ်သက်စွာနားစွင့်နေ၏။

"ကဲ့ ဒကာကြီးဦးဘလှိုင် ခင်ဗျားတို့ရွာမှာ ထိတ်လန့်မှုတွေရှိသေးလား"

"မှန်ပါ လွန်ခဲ့တဲ့ခြောက်လလောက်ကတည်းက ငြိမ်သွားပါပြီ ဘုရား"

"အေး ‥‥ ငြိမ်သွားတော့ ရွာလည်းကောင်းသွားတာပေါ့။ ဒကာကြီးတို့ရွာသားတွေ ထိတ်လန့်နေသလို သူမှာလည်း လျှင်စ်လျက် လှုပတ်ဘန်းကျင်မှာမနေရ၊ လူလိုမစားခဲ့ရှာတဲ့ဒကာလေး "စိန်မြအောင်"လည်း ခုံသွားတာကိုး။

"ဟာ ဘယ်မှာလဲဘုရား။ တပည့်တော်တို့ ကြည့်ပါရစေ"

တစ်ယောက် တစ်မျိုး စကားသံတွေကို ဆရာတော်က လက်ကာတားလိုက်သည်။

"ခင်ဗျားတို့ သိချင်တာတွေသိရမယ်။ ဒါပေမည့် စိန်မြအောင်ကိုတော့ ကျုပ်တို့ သေသေချာချာ မီးသင်္ဂြိုလ်ပေးလိုက်ပြီး စိန်မြအောင်မှန်းလည်း ကျုပ်တို့ရွာကမသိကြပါဘူး။ ဒကာတို့ရွာကလည်း အတော်အလုပ်ရှုပ်တော့ကိုး။ သူတို့သင်္ဂြိုလ်ပေးပြီး နောက်သုံးလလောက်နေမှ စိန်မြအောင်ရေးခဲ့တဲ့ စာအုပ်လေး ကျောင်းအောက်တိုင်ကြားထိုးထားခဲ့တာ၊ သူသေတာနှင့် ဒကာတို့ရွာက တစ်ယောက်ယောက်၊ ဒါမှမဟုတ် လူတချို့လာကြည့်မယ်ဆိုတာ သူသိနေတယ်။ သူ့အလောင်းကို မတွေ့စေချင်တာလဲ ပါမှာပေါ့"

"ကဲ့ ရော့ ရော့ ဒီမှာစိန်မြအောင်ရေးခဲ့တာ မှတ်တမ်းလေး။ ဒကာတွေထဲက တစ်ယောက်ယောက်ဖတ်ပြစမ်း အားလုံးကြားရအောင်"

စိတ်ဝင်စားလွန်းတဲ့ သောင်းထိုက်ရှေ့တိုးပြီး ဗလာစာအုပ်နွမ်းနွမ်းလေးကို စဖတ်ပြသခဲ့၏။ စာအုပ်က ဟောင်းနွမ်းနေပေမည့် လက်ရေးကသပ်ခပ်သည်။

ကျွန်တော်နာမည် စိန်မြအောင်ပါ။ ကျွန်တော့်ရဲ့ကံက လူ့လောကကို သောက ဒုက္ခတွေခံစားစေဖို့ သုပကာရုပ်ရည်နင့်နာမည်လှလှလေးပေးခဲ့ပါတယ်။

ဒါပေမည့် ကျွန်တော့် ဘဝက မလှပခဲ့ပါဘူး။ အရမ်းဆင်းရဲတဲ့ မျိုးရိုးက ဆင်းသက်လာခဲ့ရုံမက လှပတဲ့ ရုပ်ရည်ကြောင့် အရှုံးရောက်လာတဲ့ အချိန် "ညောင်ပင်ဖြူ"ရွာက ကာလသားတွေရဲ့ မုန်းတီးမှုခံခဲ့ရပါတယ်။

ကျောင်းတက်တုန်းက ခင်မင်ခဲ့တဲ့ မိန်းကလေးသူငယ်ချင်းတွေက ညှာတာမှု၊ ဂရုစိုက်မှုတွေရတော့ လူဘဝမှာလူဖြစ်ရတာ အဓိပ္ပါယ်ရှိခဲ့ပါတယ်။ အမေရဲ့အရိပ်မည်းတွေကြောင့် ကျွန်တော် ကျောင်းတက်တဲ့ဘဝမှာ မျက်နှာငယ်ခဲ့ရပါတယ်။ အမေဆုံးပြီး အဘွားနဲ့အတူ ဘဝကိုအေးချမ်းစွာနေနိုင်ဖို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ကျောင်းသားဘဝကို မရှက်မကြောက်လုပ်ခဲ့ပါတယ်။ လုပ်အားခလေး တွေပိုတာစုပြီး အဘွားက နွားလေးတစ် ရှည်းဝယ်ပေးမယ်လို့ ပြောပါတယ်။

ဒါဆိုကျွန်တော်လည်း အများနည်းတူ ကျွန်တော်တို့နေတဲ့ ရွာပြင်ဘုရားဘေးက မြေပိုလေးတွေမှာ ဧရပ်၊ ပဲ၊ နှမ်းစိုက်ပြီး အများနည်းတူအိမ်ထောင်မြဲ ဘဝတစ်ခုတည်ထောင်နိုင်ပြီပေါ့။

ကလေးဘဝကတည်းက ယခုထိ ကျွန်တော့်ကို သဲယောဇဉ်ကြီးကြီးနှင့် ခင်မင်ခဲ့တဲ့ စံပါယ်ကို ကျွန်တော်တိတ်တခိုးချစ်နေမိပါတယ်။

ကျွန်တော်တို့ရဲ့ ဘဝရေစက်ကြောင့်လား။ စံပါယ်ကလည်း ကျွန်တော့်အပေါ် သံယောဇဉ်ပိုခဲ့၊ ဂရုစိုက်ခဲ့ရှာတယ်"

ကျွန်တော်ဟာ မရှားတဲ့ပျော်ရွှင်မှုတွေကို မျှော်လင့်ရင်းဘဝကို ရှင်သန်ဖို့ ကြိုးစားခဲ့တယ်။ ကျွန်တော်အိပ်မက်၊ ကျွန်တော့်စိတ်ကူးတွေနှင့် အချိန်တွေကို အကျိုးရှိရှိ ကုန်စေခဲ့တာပါ။

ဒါပေမဲ့ ကံကြမ္မာက ကျွန်တော့်ကို တယ်လိုမှ မျက်နှာသာ မပေးခဲ့ပါဘူး။ ကျွန်တော့်ရဲ့ အေးချမ်းတဲ့ဘဝကို လုယက်နှင့် ရွာကကာလသားတွေက ဖျက်ဆီးရိုက်ချိုးခဲ့ပါတယ်။ အဖွားအတွက် ထမင်းထုပ်လေးနှင့် ငွေစလေးတွေကို ပျော်ရွှင်စွာသယ်လာတဲ့ ကျွန်တော့်ကို ရွာအဝင်အထွက်ဖြစ်တဲ့ ဆည်ဘောင်က စောင့်ပြီး ဝိုင်းရိုက်ကြပါတယ်။

ကျွန်တော်ပြန်ခုခံပေမည့် အများနှင့်တစ်ယောက် ဘယ်လိုမှ မလွတ်ခဲ့ပါဘူး။ လုယက်သူဟာ ကျွန်တော်လက်တွေခြေတွေကိုချုပ်ပြီး မျက်နှာကို ထန်းရွက်ခြောက်နှင့် မပြတ်ရိုက်ပါတယ်။

မျက်လုံးတွေ မှိတ်ထားနိုင်ပေမည့် ကျွန်တော့်မျက်နှာဟာ အကာအကွယ်မဲ့တာကြောင့် သွေးအလိမ့်လိမ့်နှင့် အရေခွံတွေ ကွာကျခဲ့ရပါတယ်။

အဲဒီနေရာလေးမှာပဲ ကျွန်တော်ဟာ သူတို့ရိုက်ခဲ့တဲ့ဒဏ်ရာတွေနှင့် မေ့မျောသွားခဲ့ရပြီး ညဉ့်နက်မှ အိမ်ပြန်ရောက်ခဲ့ပါတယ်။

ကျွန်တော့် ဒဏ်ရာတွေနှင့် သွေးအလိမ်းလိမ်းယိုစီးနေတဲ့ မျက်နှာကိုမြင်တော့ အဘွားက ယူကျုံးမရဖြစ်ခဲ့တယ်။ ကျွန်တော့်ရော အဘွားပါ ရွာကဆိတ်ကျောင်းခြင်းအလုပ်နားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒီဒဏ်ရာတွေ ပျောက်ကင်းအောင်ကုပြီး လုယက်တို့လူစုကို လက်တုံ့ပြန်ချင်တဲ့ ကျွန်တော့်ဆန္ဒကို အဘွားတားနေရာက လိုက်လျှော့သဘောတူပြီးတဲ့နောက် ကျွန်တော့်မိဘများရှိစဉ်က နေခဲ့တဲ့ စေတီအိုလေးဘေးက တဲလေးရှိရာ ပြန်ခဲ့ပါတယ်။

မျက်နှာက ဒဏ်ရာတွေဟာ ယောင်ရမ်းနာကျင်လာပြီး သွေးထွက်မှုကလည်း လျော့မသွားခဲ့ပါဘူး။ နာကျင်မှုကို အံကြိတ်ခဲ့ရင်း ကွပ်ပျစ်လေးပေါ်မှာ တစ်ညလုံးထိုင်နေခဲ့ပါတယ်။

အချိန်ကြာလာတာနှင့်အမျှ မျက်နှာကဒဏ်ရာကလည်း ပိုကိုက်ခဲနာကျင်လာပါတယ်။ ကျွန်တော့်အမေက သူ့ကြောင်လေးအနာဖြစ်တော့ ဆေးမှုန့်လေးတွေသိပ်ပေးတာ ပြန်တွေးမိပြီး အမေနေခဲ့တဲ့အခန်းထဲဝင် ကွမ်းပျစ်ပေါ် ပက်လက်လှန်ပြီး မျက်နှာမှာဆေးမှုန့်တွေဖြူးမိပါတယ်။

"အောင်မလေးဗျ"လို့ အော်ညည်းပြီး ကျွန်တော့်တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေပါတော့တယ်။ ကျွန်တော့်မျက်နှာက အကြောတွေဟာ ဟိုနေရာဒီနေရာတွေမှာ၊ သွားစုနေသလို ခံစားနေရတယ်။ တစ်ညလုံးလူးလိမ့်ခံစားရင်း မိုးလင်းချိန်လောက်မှာ ကျွန်တော်မေ့ကနဲ အိပ်ပျော်သွားခဲ့ပါတယ်။

အိပ်ယာနိုးတော့ ကျွန်တော့်မျက်နှာမှာ နာကျင်မှုတွေမရှိတော့ပေမည့် တင်းကြပ်တဲ့ခံစားမှုတော့ရှိပါသေးတယ်။ ဝမ်းသာအားရ အမေရှိစဉ်က ပြဒါးပျက်စပြနေတဲ့ မှန်သေးသေးလေးကို အလင်းရောင်မှာထောင်ကြည့်မိပါတယ်။

"အမေရေ·· ကယ်ပါဦး"

လို့ အားကုန် အော်ဟစ်မိတဲ့ ကျွန်တော့်အသံက ဆက်ရက်အုပ်လေးတွေ လန့်ပျံကုန်ပါပြီ။

ပြဒါးပျက်မှန်လေးမှာတောင် ကျွန်တော့်မျက်နှာဟာ ကြောက်စရာကောင်းလိုက်တာ၊ မျက်နှာအသားက မဲခြောက်သွားပြီး မြေပဲစေ့လောက်၊ ပဲကြီးစေ့လောက်အဖုတွေ အလုံးတွေကလည်း မျက်နှာမှာ အပ်ချစရာ မရှိတော့လောက်အောင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံး မျက်ခုံးနှင့်ပါးစပ်ကလွဲလို့ ကျွန်တော့်ကို ကျွန်တော်တောင် မမှတ်မိပါဘူး။ ကျွန်တော်ဟာ လူစစ်စစ်က ဘီလူးရုပ်ဖြစ်ခဲ့ပါပြီ။

ဒီအဖုတွေကို ကိုင်ကြည့်တော့လည်း ဘယ်ခါမှပျောက်မှာ မဟုတ်တဲ့ အသားလုံးဖုလေးတွေပါ။

ကျွန်တော်လူတွေနှင့် ဆက်ဆံခွင့် မရနိုင်တော့ဘူး။ ကျွန်တော့်မျက်နှာမြင်တာနှင့် အော်ဟစ်ထွက်ပြေးကြတော့မယ်။ ဘယ်လိုလုပ်ကိုင်စားသောက်ရမလဲ စံပါယ်နဲ့တွေ့ခွင့်တော့ ဒီဘဝမှာဝေးခဲ့ပြီ။

နှစ်ရက်နှင့် သုံးရက်တိတိ ကျွန်တော်မစားမသောက်ဘဲ အိပ်ရာထဲလဲခဲ့ရပါတယ်။

နောက်တစ်ညမှာတော့ ဝမ်းနည်းတာ၊ ကြေကွဲတာ မြို့သိပ်ရင်း၊ ဆာလောင်မှုကိုဖြေရှင်းဖို့ အမေ့ ကွပ်ပျစ်ခြေရင်းက စဉ့်အိုးလေးထဲက ပျစ်ချွဲချွဲ ရှိုးအီအီ အရည်တွေကို ငွန်းနှင့်ခတ်သောက်ခဲ့ပါတယ်၊ ဒီအရည်တွေကို ငယ်စဉ်က တစ်ခါသောက်ဖူးတယ်။

ဆာလိုက်တာ အခုနေများ ထမင်းဟင်းကောင်းလေးစားလိုက်ရရင် သိပ်ကောင်းမှာပဲလို့တွေးပြီး အိပ်ပျော်ခဲ့တယ်။

ကျွန်တော့်ဆန္ဒအတိုင်း အိပ်မက်ထဲမှာ ရွာတောင်ဘက်က အိမ်ကြီးတစ်အိမ်အပေါ်တက်ပြီး မီးဖိုထဲက ထမင်းဟင်းတွေ ခူးခပ်စားတယ်လို့ မက်ခဲ့တယ်။

နောက်တစ်နေ့ ညဘက်မှာတော့ ကျွန်တော့်မျက်နှာကို တတ်နိုင်သလောက်ဖုံးအုပ်ပြီး အဘွားအိမ်ရောက်ခဲ့တယ်။ ဘာမှမစားရသေးတဲ့ကျွန်တော့်ကို အဘွားက ရှိတာလေးတွေ ချကျွေးပေမည့် မစားဖြစ်ခဲ့ဘူး။ အိပ်မက်ထဲမှာ ထမင်းစားရတဲ့ အကြောင်းပြောပြပြီး ခုတိ ဗိုက်မဆာသေးကြောင်း ပြောပြခဲ့တယ်။

အဘွားက ကျွန်တော့်ကို စိတ်မကောင်းလိုက်တာ သားလေးရယ်လို့ ပြောပြီး ဖက်ငိုတယ်။ ပြီးတော့မင်းအမေချန်ခဲ့တဲ့ စဉ့်အိုးထဲကပျစ်ချွဲချွဲအရည်တွေကိုသွန်ပစ်ဖို့ အဘွားမေ့သွားတယ်။ ဒီစဉ့်အိုးလေးက မင်းအမေတောထဲက သေမြွေစ်ဈေးသွားရင်း မြေကြီးထဲကရှာတွေ့ခဲ့တာပဲ။

သူလည်း အိမ်သယ်လာပြီး ဘာလဲဆိုတာသိချင်လို့ ယူသောက်ခဲ့တယ်။ အဲဒီကစလို့ ညဘက်အိပ်ခါနီး သူ့စိတ်ထဲမှာဖြစ်ချင်တာတွေ အိပ်မက်ထဲမှာ အတိုင်း တကယ့်လက်တွေ့လည်း ဖြစ်ခဲ့တယ်တဲ့။

အဘွားစကားကြောင့် ကျွန်တော်ဟာ ညဘက်တွေမှာ အိပ်မက်ထဲက အိမ်တွေမှာ ထမင်းစားခဲ့တာ တကယ်ဖြစ်ခဲ့တာပေါ့။ ဒီလိုနှင့် နေ့ညများ များစွာကို ကျော်လွန်ခဲ့ပါတယ်။ လူတွေနှင့်တူ လုပ်ကိုင်စားသောက်မရတဲ့ဘဝမှာ ကျွန်တော်တောင်းစားတဲ့ဘဝလည်း မရချင်ဘူး။ ညဘက်တွေ ဝမ်းထဲမှာ တောက်လောင်လွန်းလို့ ကြိတ်မခံနိုင်ဘဲ ဒီစဉ့်အိုးထဲကရေတွေပဲ ငွန်းနှင့်ခပ်သောက်ဖြစ်ခဲ့ပြန်သည်။

ရွာထဲမှာဘာတွေဖြစ်နေ ပြောနေမှန်း ကျွန်တော်မသိပေမည့် ကျွန်တော်မိုးလင်းလို့နိုးလာတာနှင့် အဖေချက်ပြုတ်ခဲ့တဲ့အိုးထဲမှာ အသားနပ်တွေ၊ မီးဖိုပေါ်မှာ ကင်ထားတဲ့အသားတွေ တွေ့ရတော့တာပဲ။ အစပိုင်းက ဒီအသားတွေမစားဘူးလို့ တင်းခံထားပေမည့် တစ်ကိုယ်လုံးယားပြီး ကုတ်ဖဲ့ရတာ၊ သွေးတွေတောင် ထွက်တယ်။ အဖွားပြောတာကတော့ အမေကသူတစ်ကိုယ်လုံးယားယံပြီး ကုပ်ဖဲ့လို့သွေးတွေထွက်လာရင် မွေးထားတဲ့ကြောင်လေးကို လျှာနှင့်လျက်ခိုင်းမှ သက်သာတယ်တဲ့။

ကျွန်တော့်မှာတော့ ကြောင်လည်းမရှိ ယားရင်ကုပ်၊ အိုးထဲကအသားဟင်းတွေစား။ စဉ့်အိုးထဲက အရေသောက်နှင့်ကြာလေ ဘာတွေဖြစ်မှန်းမသိတော့အောင် တစ်ခါတစ်ခါသတိလစ်သွားတော့တယ်။

ညဖက်အိပ်တော့ ရွာထဲလျှောက်သွားတယ်၊ တစ်ရွာလုံးအိပ်မောကျနေတော့ ကျွန်တော့်ကို ဘယ်သူမှမတွေ့ကြဘူး။ ကျွန်တော့်ခင်မင်တဲ့အိမ်တွေထဲဝင်လည်တာပဲ။ စားစရာရှိလည်း ခူးခပ်စားခဲ့တာပဲ။ ကျွန်တော်တက်လာတာအားလုံးရှိနေတာမို့ နိုးစားတယ်လို့ မထင်ခဲ့ဘူး။

ဒီလိုနှင့်တစ်ညမှာတော့ ကျွန်တော်လုပဟန်အိမ်ပေါ်တက်သွားမိတယ်။ သူ့တို့မိသားစုအိပ်မောကျနေတာပေါ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com

မက်ထဲမှာလုပဟန်ကို ကန်ကျောက်ပစ်ချင်ပေမည့် ကျွန်တော့်ဘဝပျက်ခဲ့သလို သူ့နှလုံးသားတွေ ချွေမွချင်တာကြောင့် သူ့သားလေးကို ပွေ့ချီထွက်ခဲ့တယ်။ ရွာလယ်လမ်းလျှောက်ရင်း အိပ်မောကျနေတဲ့ကလေး ဘယ်ထားရမှန်း စဉ်းစားမရခဲ့ဘူး။ နောက်ဆုံးတော့ အလင်းရောင်ထွက်ခါနီးလို့ ဖြတ်သွားဖြတ်လာစပြုတဲ့ ကားတွေထဲက ငွေကြေးချမ်းသာမယ်ထင်တဲ့ ကားသေးသေးလေးနောက်ခန်းထဲ ထည့်ပစ်ခဲ့တယ်။

နောက်ပိုင်း သူတို့တွေဘယ်လိုပမ်းဖမ်း ကျွန်တော့်က တခြားရောက်နေတာ၊ ညဖ[illegible] တဲ့ထဲပြန်တာ၊ ကံဆိုးချင်တော့ စံပါယ်ဘိုး[illegible]မယ့် နေ့မှာတော့ ကျွန်တော် ဆေးမှု[illegible]တွေအသောက်များပြီး ကွပ်ပျစ်ပေါ်မှာ အိပ်ပျော်နေတယ်။

ကျွန်တော်ရှိကြောင်း အသံပေးပေမည့် သူတို့ကကျွန်တော့်ကို မတွေ့ကြရာဘူး။ ဒါတွေဟာ တကယ်လား။ အိပ်မက်လားဆိုတာ ကျွန်တော်လည်းမသိဘူး။

နောက်ဆုံး စံပါယ်အကြောက်လွန်ပြီး ကျွန်တော့်ရင်ခွင်ထဲမှာ မေ့မျောသွားတဲ့နောက် ရက်မကြာမီဆုံးသွားကြောင်း ကျွန်တော်သိလိုက်ရတယ်။

လူ့ဘဝ ရောက်လာတာ အတိတ်ရဲ့ ကောင်းကျိုး ဆိုးကျိုးတွေ ခံစားစံစားဖို့ပါပဲ နားလည်သိတတ်တဲ့ အချိန်ကစလို့ ယနေ့ထိ ကံဆိုးခြင်းတွေ ခံစားခဲ့ပြီးပါပြီ။

ကျွန်တော့်ရဲ့ကံတရားကို အဆုံးသတ်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဒီရွာဒီတဲမှာ ရုပ်ပျက်ဆင်းပျက် သေသွားတာမျိုးလည်းမလိုလားဘူး။

ဒါကြောင့်အဖေပိုင်တဲ့ အစေးရေတွေ သွန်လှဲပစ်ပြီး ဒီညောင်ဇီးဖြူ နှင့် ဝေးတဲ့ "ဝိတောက်ကုန်း" က ဘုန်းကြီးကျောင်းမှာ ဒးဘွားမောင် က ကပ္ပိယ လုပ်နေ့ဘာသ်လို့ ကျွန်တော် အားတင်းထွက်ခဲ့ပါတယ်။

ဆေးရေမသောက်ရ အသားမစားရတဲ့အချိန်တွေများလာတော့ ကျွန်တော့် အားပြတ်ပြီး ကျောင်းအောက်ထောင့်မှာ ခွေ့နေခဲ့ပါတယ်။

ကျွန်တော့်ဘဝရဲ့ နောက်ဆုံး [illegible] ပိုလားတောင်းတစ္စာ မျှော်မိပါတယ်။

"ကျွန်တော့်ဘဝရော . . .

"ညောင်ဇီးဖြူ"

တစ်ရွာလုံးပါ ကြောက်ရွံ့စွာမက်ခဲ့ရတဲ့ "အိပ်မက်ဆိုးက နိုးပါရစေ"တော့၊ ကျွန်တော်နှင့် တစ်ရွာလုံး အပြန်အလှန်ထားခဲ့ကြတဲ့ နာကျင် မုန်းတီးမှုတွေ ဒီမှာ တင်ရပ်ဖို့ ဘုန်းဘုန်းမှ တစ်ဆင့်တောင်း ပန်ခဲ့ပါတယ်။

*** *** ***

စိန်မြအောင်စာက အဆုံးသတ်ခဲ့ပြီး အသက်ရှုရန်ပင် မေ့နေသောလူအုပ်ထဲမှာ သက်ပြင်းချသူတွေ၊ မျက်ရည်ကျသူတွေရှိနေကြတယ်။

"ကဲ ဒကာကြီးတို့ ဒီစာဖတ်ရရင် သူ့ရဲ့ဒုက္ခက ခင်ဗျားတို့ ဒုက္ခထက် အဆပေါင်းများစွာ သာပါတယ်။ သူ့အပေါ်ခွင့် လွှတ်တယ်ဆိုရင် ခုဒကာကြီးတို့လှူဒါန်းတဲ့ ကုသိုလ်ကောင်းမှုကို အမျှပေးလိုက်ကြပါ။

"သူ့ကောင်းရာသုဂတိလားပါစေ" ဆရာတော်မိန့်စကားကို အားလုံး သဘောတူကြသည်။

"မှန်လှပါဘုရား။ တပည့်တော်တို့ နာကျင်ကြေကွဲမှုနှင့်အတူ နားလည်ခွင့် လွှတ်ပါတယ်။ ဤပြုသမျှသောကောင်းမှုအစုစုတို့ကို တမလွန်သို့ရောက်သွားတဲ့ စိန်မြအောင်ကို အမျှပေးဝေလိုက်ပါတယ်။ စိန်မြအောင်ရောက်ရာဘဝမှာ သာဓုခေါ်ပါ အမျှ အမျှ အမျှ"

"သာဓု သာဓု သာဓု"

စိန်မြအောင် ဒီဘဝရဲ့အဖြစ်ဆိုးမျိုးတွေ သံသရာအဆက်ဆက် ဘယ်ခါမှ မတွေ့မကြုံပါစေနှင့် . . . .

လူဖြစ်ခဲ့လျှင်လည်း လူ့ဘဝကို ဝိသစွာရပြီး ချစ်ခင် နှစ်သက်သူနှင့် ပေါင်းသင်းနိုင်ပါစေ . . . .

"ညောင်ဇီးဖြူ"ရွာအတွက် အိပ်မက်ဆိုးကနိုးခဲ့ပြီးနောက် ဘယ်သူမဆိုကိုယ့် ကုသိုလ်ပြုပြီးနောက် "စိန်မြအောင်"အတွက် အမျှပေးဝေကြသည်။

တစ်ခါတစ်ဘဝသာ ကံဆိုးပါစေတော့ စိန်မြအောင်။

*** *** ***

ခင်မမလင်း(ကလော)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နဂါးမင်းသမီး နှင့် ကြင်ယာတော်ရန်ဘက်ချစ်သူ

(ဇာတ်သိမ်းပိုင်း)

✦ ဝန္ဒာရီမောင်မောင်

အခန်း(၉)

နည်းအမျိုးမျိုးဖြင့် သတ်သော်မှမသေ

အစာရေစာပြတ်တောက်၍ အသက် ...စေဖြင်းအမှု ပြုခဲ့သော်မှ အသက် ...သေဘဲ ရှိနေသည်မို့ နောက်တစ်မျိုး ...မ်းကွပ်မျက်ရန် ဆောင်ရွက်ပြန်သည်။ ...ည်တစ်ခါတွင်တော့ မီးရှို့၍သတ်စေဟု ...မိန့်ချမှတ်ခဲ့ပြန်၏။ ပြည်သူပြည်သား ...ပေါင်းမှာ သည့်တစ်ခါတော့ မင်းသား ...း ကံကုန်ရှာတော့မည်လားဟု စိုးရိမ် ...ခဲ့သောက ကရုဏာသက်လျက်ရှိကြ ...သည်။

ရေမထင်းတုံးကြီးများကို အောက် ...ပြီး သစ်တိုင်အား အလယ်တွင်စိုက် ...ာ မင်းသားလေးအား ချည်နှောင်ထား ...၏။ မီးအလွယ်တကူ ထတောက်စေ ရန် ကညင်ဆီများပါ ထင်းတုံးများတွင် ပက်ဖျန်းထား၏။ ကညင်ဆီစိမ်အဝတ် ပတ်ထားသော မီးတုတ်အား ဘုရင်ကြီး အချက်ပေးလိုက်သည်နှင့် ထင်းပုံထဲပစ် သွင်းလိုက်ရာ မီးတောက်မီးလျှံများ ခဏ ဘာအတွင်း အရှိန်ပြင်းစွာ ထတောက် လောင်တော့၏။

မင်းသားလေးမှာ အပြုံးမပျက်ရှိ နေသည်။ မျက်စိစုံမှိတ်ကာ တရားနှလုံး သွင်းလျက်ရှိ၏။ မီးတောက်မီးလျှံများ ကြောင့် အပူငွေ့ရိုက်ခတ်ကာ မင်းသား လေးမှာ ချွေးသီးချွေးပေါက်များ ထွက် လျက်ရှိပြီး ဖြူဝင်းသောအသားအရေမှာ နီကျင်ကျင် နီမြန်းလာခဲ့ပေသည်။ ပရိ သတ်လူထုမျက်စိရှေ့မှောက်တွင် ကြည့် နေရင်း မီးတောက်မီးလျှံများက မင်းသား လေးအား မမြင်ရလေအောင် ဖုံးလွှမ်း သွားတော့၏။ မင်းသားလေးမှာ သိဒ္ဓိ ပေါက်တန်ခိုးကျဒ္ဓိပါဒ်နှင့် ပြည့်စုံနေပြီဖြစ် ၍ မီးတောက်မီးလျှံများ လျော့ပါးသွားချိန် တွင်တော့ မင်းသားလေး၏ အဝတ်အစား ကိုပင် မီးမစွဲခဲ့ဘဲ ထိုင်လျက် တရားကျင့် ကြံအားထုတ်မပျက် ရှိသည်ကို ထင်းပုံ အပေါ် တစ်ပေခန့် လေထဲတွင် လွတ် ကင်းစွာထိုင်လျက်ရှိနေသည်ကို လူပရိ သတ်များအပေါင်း တွေ့မြင်ကာ ဝမ်းသာ အားရဖြစ်ကာ ကြည်ညိုသဒ္ဓါပွားများကုန် တော့၏။ ဘုရင်ကြီးကား ဒွေ့ဒွေ့ခုန် ဒေါသတကြီးထွက်ကာ နန်းတော်သို့ပြန် လည်ထွက်ခွာသွားလေတော့၏။

တချို့က အကြံကုန် ဂဠုန်ဆား ချက်သည်ဟု ဆိုကြ၏။ တစ်နည်းမဟုတ် တစ်နည်းဖြင့် အသက်သေဆုံးရမည်ဟု ဘုရင်ကြီးက ဆုံးဖြတ်ထားခဲ့၏။ မင်းသား လေးကို အကောက်ကြံစည်ခဲ့သော ရန် သူတော် အရည်းကြီး စက္ကာဒေဝါတို့အုပ်စု



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း ပုဂံမင်းတို့၏ လှည်းစားချက်တွင် ကျဆုံးပျက်စီးရတော့သည်။ ပဲခူးဟံသာဝတီနှင့် မဟာမိတ်ဖွဲ့ပေါင်းသည်ကို ကြားသိလွှားသဖြင့် ဟံသာဝတီသို့ စစ်ချီတိုက်ခိုက်ဖျက်ဆီးရာတွင် သမရခေတ္တရာပြည်နိုင်ငံကြီးလည်း တိုက်ခိုက်သိမ်းယူလိုက်ရာ နိုင်ငံပေါ်ဖြစ်သော ဗိသနိုးအရည်းကြီး ဧက္ကဒေဝကိုသည်လည်း ခွေးပြေးဝက်ပြေး အတိဒုက္ခရောက်ကြကာ အသေဆိုးဖြင့် နောက်ဆုံး သေကျေကြရပေသည်။

အချို့အရည်းကြီးနောက်လိုက်တို့သည် ထင်ဖြူကျွန်း(ယခုအာဗခါ)သို့ ပြေးခဲ့ကြရပြီး အမြဲမှန်ရကာ စစ်မှန်သော ထေရဝါဒဘုန်းတော်ကြီးအဖြစ် ပြောင်းလဲသွားကြကုန်၏။ သို့သော် ပုဂံပြည်ရှင်အား စိတ်နာကြည်းကြသဖြင့် စေတီပုထိုးများ တည်ဆောက်ရာတွင် ပုဂံသို့ မျက်နှာမထားဘဲ ကျောခိုင်းပြီး တည်ဆောက်ကြသည်ကို ယနေ့တိုင် စလေနှင့် ဆင်ဖြူကျွန်း အရပ်ဒေသများတွင် ဖူးတွေ့မြင်နိုင်၏။

နဂါးမင်းသမီးလေး သက်လားရွှေစင်မှာလည်း ဥပါလိပုတ္တရာ ဘောအုပ်အတွင်းရှိ သဘာဝဂူကြီးထဲတွင်သာ ရှဲရွေတော်တစ်ဦးနှင့်အတူ စံပြန်းနေခဲ့ရပေသည်။ မင်းသားလေးထံ မကြာခဏလိုပ်ပို့ လာရောက်တွေ့ဆုံပေါင်းဖက်သလိုပင် မင်းသားလေးသည်လည်း ကျောက်ဂူကြီးသို့ ကြွရောက်ကာ အတူပျော်ပါး စံပျော်လေသည်။ ဗုဒ္ဓသာသနာပြုရန်အတွက် ဥပါလိပုတ္တရာနိုင်ငံ၏ ဘဏ္ဍာတိုက်ထဲမှ ထုတ်ယူဆောင်လာခဲ့သော ရွှေငွေကျောက်သံပတ္တမြားများ လှတစ်ရပ်မက နှစ်ပုံမျှ ဂူကြီးအတွင်းမှာ ကားရှိရာ ယခုဘဝတွင်တော့ သာသနာပြုရန်အတွက် အသုံးပြုခွင့် မသာတော့ဘဲ နောက်လူ့ဘဝသို့ တစ်ဖန်ပြန်လည်ရရှိပါမှ ဆောင်ရွက်နိုင်တော့မည်ပေး။

သူတို့နှစ်ဦး၏ ချစ်ခြင်းကား အသွင်မတူသော ဘဝနှစ်ခု ပေါင်းစပ်ခြင်းသာဖြစ်၏။ သူတို့ကား ရှေးဘဝအတိတ်များစွာကတည်းကပင် ဆုတောင်းမှားခဲ့ကြသော ချစ်သူမောင်နှံများပါပေ။ ဘဝဆက်တိုင်း အတူတကွ ပေါင်းရပါစေဟု ဆုတောင်းမှုသည် ယခုဘဝတွင် ပြန်လည်ဆုံတွေ့ရ၊ ပေါင်းဖက်ရသော်မှ တစ်ယောက်ကလူသား၊ တစ်ယောက်က နဂါးမလေး အဖြစ်တည်း။

ကျွန်ုပ်တို့ မြတ်ဗုဒ္ဓထံ အာရုံပြုဆုတောင်းမှုများသည် ယခုဘဝ မပြည့်သည့်တိုင် နောင်ဘဝဘဝများတွင် ပြန်လည်ပြည့်ဝလာလိမ့်မည်မှာ မလွဲပါချေ။ ဆုတောင်းမမှားစေဖို့ အထူးဂရုပြုသင့်ကြ၏။ နိဗ္ဗာန်သို့တိုင် ရောက်လွယ်၊ ရလွယ်၊ ကျင့်ကြံအားထုတ်နိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ရပါစေဟုသာ ဆုတောင်းသင့်ပေသည်။ နိဗ္ဗာန်ထက်မြင့်မြတ်သော အရာ အရှိပါချေ။ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်တော်သည်ပင်လည်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီအနုအရင့် ဖြည့်ကျက်ပြီး အကျွန်ုပ်တို့အား နိဗ္ဗာန်ရောက်ကြောင်းတရား၊ သို့တည်းမဟုတ် သိန္တိသုခချမ်းသာခြင်းအစစ်အမှန်ဖြစ်သော ဘဝသံသရာဝဋ်ဆင်းရဲဒုက္ခတွင်း ဝဲသြဃမှ လွတ်မြောက်ရာအမှန် တရားကို ဟောကြားပြသ ဆုံးမလမ်းညွှန်တော်မူခဲ့သည် မဟုတ်ပါ၏လော။

ပုဂံဘုရင်ကြီးကား စကြဝတေးမင်းလောင်းလျာဟု သမုတ်နေကြသည်ကို မရှုစိမ့်ပါချေ။ မင်းသားဝဏ္ဏာသွင့်ရှိခေါင်အား မည်သို့ကွပ်မျက်ဖျောက်ဖျက်ရမည်ကို ကြွေးတောကြံစည်နေခဲ့ရာ မြေမြှုပ်သတ်ရန် အကြံရလာလေသဖြင့် သတ်စေဟု အမိန့်တော်ချမှတ်ခဲ့ပြန်တော့၏။

မြေကျင်းကြီး ဆယ်တောင်၊ ဆယ့်ငါးတောင်ခန့် တူးစေသည်။ မင်းသားလေးအား တွင်းထဲချလိုက်ပြီး အပေါ်မှ

မြေများဖို့ကာ သတ်စေ၏။ သည့်တစ်[...]
တော့ မလွယ်တော့ပါချေ။ ယနေ့က[...]
အိန္ဒိယပြည်တွင် အခေါင်းထဲဝင်အိပ်က[...]
မြေမြှုပ်ခိုင်းပြီး ရက် ၄၀ ကြာသည်အ[...]
အသက်မသေဘဲနေနိုင်သူများပင် [...]
ပေါက်ခဲ့၏။

မင်းသားလေးကား တရားသ[...]
ကပ်ငြိနေမြဲမို့ မတုန်မလှုပ်ပါချေ။ လူ[...]
သည် သေနေ့စေ့ပါက သေကြရမည်သ[...]
ဖြစ်၏။ မင်းသားလေးအား မြေမြှုပ်[...]
ရက်ပေါင်း ၁၅ ရက်ကြာမှ သေမသေ[...]
ဖော်ထုတ်စစ်ဆေးကြမည်ဖြစ်၏။ သ[...]
တစ်ခါတော့ ကံကုန်မှာ အသေအချာ[...]
ဟု တွက်ဆထားတော့၏။ မင်းသားလေ[...]
မရှိတော့ပြီမို့ ထီးနန်းကို လုယူမည်သူ[...]
တော့သဖြင့် ပျော်ပွဲရွှင်ပွဲများဖြင့် မြိ[...]
သဲ ကျင်းပကာ အောင်သေအောင်သ[...]
စားသောက်လေ၏။ သို့သော် ခုနစ်ရ[...]
မြောက်သောနေ့ရက်တွင် နန်းတွင်း [...]
ကြီးမတ်ရာတို့ အစုံအလင် ညီလာ[...]
သဘင် ကျင်းပရာသို့ ဝတ်ဖြူစင်ကြ[...]
ဝတ် အဘိုးအိုမုတ်ဆိတ်ဖြူနှင့်အ[...]
အရှင်လတ်လတ်မြေမြှုပ်ခံခဲ့ရသော စကြ[...]
ဝတေးမင်းလောင်းဟု ယူဆရသူ မ[...]
သားလေး ဝဏ္ဏာထွန့်ရှိခေါင်တို့နှစ်ယော[...]
ဘွားခနဲ နန်းတော်တွင်း ပေါ်ပေါက်လ[...]
လေတော့၏။

အားလုံး တအံ့တသြ ထိတ်လ[...]
တုန်လှုပ်ကြရပေသည်။ ဟုတ်မှ ဟုတ်[...]
လား။ သရဲတစ္ဆေ ပြိတ္တာဘုံသား ဖြစ်[...]
လာရောက်လေသလားဟု မှတ်ထင်[...]
တွေကလည်း ထင်မှတ်ကြကာ ငေး[...]
ကြည့်နေကြပေသည်။ မုတ်ဆိတ်[...]
အဘိုးအိုက မင်းဘုရင်အား လက်ညှိုး[...]
ကာ ...

"ဟေ့ ... ဘုရင်ယုတ် အကျ[...]
တို့၏ မင်းသားလေးကား မကောင်း[...]
မလုပ်သူ၊ အကျင့်သီလစောင့်[...]



www.burmeseclassic.com

www.burmeseclassic.com

ဒ္ဓသာသနာတော်ကြီးကို စောင့်ရှောက်ရည့် မင်းဘုရင်ဖြစ်ပေသည်။ သင်သတ်ဖို့က သေလွန်မည့်မဟုတ်။ အကျွန်ုပ်တို့အား ဝိဇ္ဇာဓိုရ်ကျင့်စဉ်ဖြင့် ထွက်ရပ်ပေါက်များသာ ဖြစ်၏။

မင်းသားလေး ခန္ဓာပန်မချစေချင်သည်က လူသားစင်စစ်ဖြင့် သာသနာပြုရန် လွယ်ကူသည့်အကြောင်းကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ ဝိဇ္ဇာဓိုရ်တို့သည် နာမ်စာတ်သာ ကိန်းအောင်းရှိ၏။ (ဝိညာဉ်/အသက်/ဇီဝ)။ ကျွန်ုပ်တို့သာသနာပြုရန်အတွက် လူသားများထံ စာတ်စီး၍သော်သည်းကောင်း၊ အသက်ထွက် လောလောလတ်လတ် သေဆုံးကွယ်လွန်သည့်ခန္ဓာကိုယ်ထဲကိုသော်လည်းကောင်း နာမ်စာတ်ပူးကပ်၍ သာသနာပြုကြရသည်။ ထို့ကြောင့် မင်းသားလေးအား ရုပ်ခန္ဓာနှင့်နာမ် အတူတကွ ပူးကပ်နေစေရန် သိုလှောင်ခြင်းမည်၏။

(ဝိဇ္ဇာဓိုရ်အဘ ဘိုးမင်းခေါင်သည် သာသနာပြုရန်အတွက် ဖော်လမြိုင်ကျွန်းမြို့နယ်မှ သီလအကျင့်နှင့် စင်ကြယ်တော်မူသော ဘုန်းတော်ကြီး ရှင်အာဒိစ္စ ရုပ်ကလာပ်တွင် နာမ်စာတ်ဝင်ပူးကပ်ကာ မုပ္ပါးတောင်ကလစ်ဒေသကစ်ဒိုက်တွင် သာသနာပြုခဲ့ကြောင်း အခိုင်အလုံသက်သေအဖြစ် ထင်ရှားခဲ့၏။

"ကောင်းပြီ။ အသင်တို့က ဘာအလိုရှိသလဲ"

"အကျွန်ုပ်၏ မင်းသားငယ်အား လွှတ်လပ်ခွင့်ပြုပါတော့"

"သည်အချက်တော့ အကျွန်ုပ်သဘောမတူနိုင်ပါ"

"ကောင်းပြီလေ။ မင်းသားလေးဟာ စကြဝတေးမင်းလောင်းဖြစ်ဖို့က အချက်များစွာ ကျန်ရှိနေသေးတာပဲ။ အင်း ... သည်ဘဝမှာတော့ စကြဝတေးမင်းဖြစ်ဖို့ ကံအကြောင်းမပါလေတော့နောင်ဘဝဘဝကျမှပဲ ပြန်လည်ပေါ်ထွက်လာရတော့မယ်။ အင်း ... ဒါပေါ့လေ၊ သူ့ရဲ့ဂဠုန်ကြေးတွေ တင်ရှိခဲ့ပေတာမို့ ပေးဆပ်ရမှာကို ရှောင်လွှဲမရပေဘူးပေါ့ကွယ်"

"ကောင်းပြီ။ ဒါဆို မင်းသားလေးအား ချန်ထားရစ်ခဲ့ပါတော့"

"အေး ... ငါကိုယ်တိုင် လိုက်ပါပြီး ပို့ဆောင်တာပါကွယ်။ မင်းတို့ကို တို့များ ဝိဇ္ဇာဓိုရ်များက မစနိုင်သလို၊ ဒုက္ခအပေါင်းလည်း ပေးနိုင်စွမ်းရှိတဲ့ တန်ခိုးကဣဒ္ဓိပါဒ်များ ရှိပါရဲ့။ အကျွန်ုပ်တို့က သီလသမာဓိရှိသူများမို့ မကောင်းမှုကို ရှောင်ကြဉ်တာကြောင့် အသင်မင်းကြီး သက်သာရာရတယ်လို့ မှတ်ယူပါ။ အကျွန်ုပ်သင်၏နန်းတော်တိုင်မှာ ပြေဖြူနှင့် ရေးသားခဲ့သည့် 'ဝ'အက္ခရာကို သင်တို့ဖျက်နိုင်က ဖျက်စမ်းလော့"

"အဟက် ... ဟား ... ဟား။ အသင်မှတ်ဆိတ်ဖြူကြီးက ရယ်စရာစကား ဆိုတတ်ပေသကိုး။ ကဲ ... မင်းချင်းများ၊ 'ထို'ဝ'လုံးအက္ခရာအား ဖျက်လိုက်စမ်းပါ။ ဒါလေးများ တန်ခိုးကဣဒ္ဓိပါဒ်အစွမ်းတဲ့ကွယ်"

မှူးမတ်တစ်ယောက်က 'ဝ'လုံးအက္ခရာအား တကာ ဖျက်၏။ မဖျက်ဘဲနောက်ထပ် 'ဝ'လုံးအက္ခရာ နှင်လုံးပေါ်လာခဲ၏။ ထိုသည်ကို ထပ်မံဖျက်၏။ ဖျက်တိုင်း နှစ်ဆတိုင် ပေါ်လာခဲ့၏။ ကိုအခါ နန်းတွင်းစုဝေးရောက်ရှိနေကြကုန်သော မှူးကြီးမတ်ရာအားလုံး ဝိုင်းကာဖျက်ဆီးကြလေသော် တန်နိုင်ငံတော်လုံး 'ဝ'လုံးအက္ခရာများစွာ နေရာလပ်မရှိသလောက် ပေါ်ပေါက်လာတော့မှ လက်လျှော့အရှုံးပေးကြရလေတော့၏။

"အို ... ဘယ့် မှတ်ဆိတ်ဖြူအဘိုးအို၊ အကျွန်ုပ်တို့ အရှုံးပေးပါပြီ။ မည်သို့အတတ်ပညာပါလိမ့် ရှင်းပြပါလော့"

"ဤသည်ကား တန်ခိုးကဣဒ္ဓိပါဒ်နှင့် စီရင်တဲ့ အတတ်ပညာရပ်လို့ ခေါ်ပါရဲ့လေ။ မည်သည့်ကျင့်စဉ်များမဆို တစ်စိုက်မတ်မတ် နှလုံးသွင်းဆင်ခြင်ပြီး ကျင့်ကြံအားထုတ်မှု ပြုရင် မတတ်နိုင်စရာမရှိ ဖြစ်မြောက်လာရမည်ဖြစ်၏" (ဂမ္ဘီရအတတ်ပညာဟုဆိုသည့်မှာ အလွန်လျှို့ဝှက်နက်နဲသော အံ့ဩဖွယ်ရာကို ပြုလုပ်နိုင်စွမ်းသော အတတ်ပညာကို ဆိုလိုပါ၏။)

"ကဲ ... အကျွန်ုပ် ပယ်ဖျက်လိုမှ ဖျက်မည်မို့ အသင်တို့ ဘယ်လောက်ဖျက်ဖျက် မပျက်နိုင်ပါ။ ပျက်လော့ ..."

"တာ ... 'ဝ'လုံးအက္ခရာတွေ အားလုံး မရှိတော့ပါလား"

"အိမ်း .. ကိုယ့်အမှားကိုယ်သိ၊ အမြင်မှန်ရကြကုန်လော့။ မကောင်းမှုတွေ မလုပ်ကြလေနှင့်။ ဘုရား၊ တရား၊ ဂုဏ်တော်များ ပွားများကြစေလိုသည်။ ထိုမှ အကျွန်ုပ်တို့ ဝိဇ္ဇာဓိုရ်အပေါင်းက စောင့်ရှောက်ကယ်တင်နိုင်မည်ပေ။ မင်းသားလေးကတော့ ဝဋ်ကြွေးပေးဆပ်ဖို့ ကျန်ရစ်မှာပ။ အကျွန်ုပ်ထွက်ခွာပါတော့မည်။ သဗ္ဗေသတ္တာကမ္မဿကာပါဘာကား။ ဒုက္ခ ... ဒုက္ခ"

ဝိဇ္ဇာဓိုရ်အဘိုးအို မုတ်ဆိတ်ဖြူကြီး ကွယ်ပျောက်သွားတော့သည်။ မင်းသားလေးလည်း –

"အကျွန်ုပ်လည်း အကျဉ်းစံစခန်းဆောင်သို့ ကြွရောက်ရှိနေပါမည်"

ဟုဆိုကာ နန်းတွင်းမှ ကွယ်ပျောက်သွားလေတော့၏။

ဘုရင်နှင့်တကွ မှူးကြီးမတ်ရာအပေါင်း အားလုံး ဇော်တ်လန့်တုန်လှုပ်ကုန်တော့၏။ လူကိုကား အတ္တကြီးမားကြ၏။ ငါ သူ့တုတ်နဲ့ရိုက်ရင် သူမခံပါဘူး ပြန်ရိုက်မှာပဲဟု စိတ်၌ ဖြစ်တတ်ကြ၏။ ငါသား၊ ငါသမီး၊ ငါမိန်းမ၊ ငါ့ပစ္စည်းဥစ္စာများဟု စွဲလမ်းတတ်စမြဲပါပေ။ ပုဂ္ဂလည်း



www.burmeseclassic.com

www.burmeseclassic.com

စကြဝဠာမင်းလောင်းလျှားဟု နာမည်ကြီးလှသော မင်းသားဝဏ္ဏထွဋ်ခေါင်တို့၏ ဘုန်းတန်ခိုးအစွမ်းသိဒ္ဓိများက မသေးလှချေ။

ရှိလို့တော့ မိမိမှာ စိတ်အေးချမ်းသာစွာ နေထိုင်၊ စက်တော်ပင် ဖြောင့်အောင်မအိပ်နိုင်ဘဲ အမြဲစိုးရိမ်ကြောက်လန့်ကာ နေရမည်ဖြစ်၏။ မိမိက သူတို့အပေါ် ရက်စက်စွာ နှိပ်ကွပ်သတ်ဖြတ်ရန် အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြသေး၏။ ထိုအပြစ်များကို မင်းသားလေးက ခွင့်လွှတ်နိုင်ပေမည့် အပါယ်ငရဲကတော့ ခွင့်လွှတ်လိမ့်မည်မဟုတ်ပါချေ။ ရှိစေတော့ . . .။ နောက်ဆုံးအကြိမ်အဖြစ် ကွပ်မျက်ရန် ပြုလုပ်တော့မည်။ မထူးတော့သည့်အခြေအနေမို့ ဆက်လက်မိုက်မဲရမည်ပေ။

ဘုရင်မင်းကြီးလည်း စနိုးစနောင့်ဖြစ်ကာ နောက်တစ်နေ့တွင် အကျဉ်းစခန်းတွင်း မင်းသားလေးရှိမရှိ ကြည့်ရှုစေခဲ့၏။ ရှိနေသည်ဟု မင်းချင်းများ ပြန်လျှောက်လေသော် အစောင့်အကြပ်များ ပိုမိုထူထပ်စွာ ချထားလိုက်တော့၏။ ပြီးနောက် နာနာဘဝ ဝိညာဉ်လေသား၊ သရဲတစ္ဆေ၊ ပြိတ္တာဘုံသားလောဟု မသက်ာသဖြင့် မြေမြှုပ်ခဲ့ရာနေရာကို ပြန်လည်တူးဖော်စေကာ မင်းသားလေးရုပ်အလောင်း ရှိမရှိ ကြည့်စေ၏။

မရှိတော့ကြောင်း သေချာသွားပြီမို့ မြေများဖုံးလွှမ်းထားခြင်းမှ အသက်မသေဘဲ အဘယ်သို့ မြေပြင်ပေါ်သို့ ရှင်သန်ရောက်ရှိလာရသနည်း။ ပုဂံပြည့်ရှင်မသိပေမည့် ကာယကံရှင်မင်းသားလေးကတော့ သိပါသည်။ အဘိုးအိုမုတ်ဆိတ်ဖြူက မင်းသားလေး၏ ကြင်ရာတော်နဂါးမလေးထံအကြောင်းကြားကာ သွားရောက်ကယ်တင်စေခဲ့ခြင်းတည်း။

လူမစွမ်းပေမည့် နတ်မ ဆိုသလို မိမိတို့၏ စိတ်ထားဖြူစင်စွာ အကျင့်သီလဖြင့် အများသူငါအပေါ် မေတ္တာစေတနာထား ဆက်ဆံပါက မိမိတို့အခက်အခဲကြုံတွေ့ရချိန်တွင် အတုံ့အပြန် ကူညီမည့်သူ ပေါ်လာစမြဲပါပေ။ အကျင့်ပျက်ကောက်ကျစ်ယုတ်ညံ့သူတို့အား မည်သူမျှ သနားအကြင်နာ ထားရှိနိုင်မည်မဟုတ်ပေ။

ပေါက်သည့်နဖူး မထူးတော့သလိုပင် ပုဂံပြည့်ရှင်ကား မင်းသားလေးကို သတ်ပစ်ကွပ်မျက်ရန် ကြံစည်ပြန်၏။ သည်တစ်ခါတော့ မြစ်ကြီးဧရာဝတီ အလယ်ကောင် ရေနက်ရာတွင် ပစ်ချကာ ရေနစ်မွန်း၍ သေလွန်ကံကုန်စေရမည်ဖြစ်၏။ ပစ်ချရာတွင်လည်း ရေထဲနစ်မြုပ်ပြီး မပေါ်စေရန်အတွက် လေးလံသောပစ္စည်းများပါ ချည်နှောင်၍ ပစ်ချပေမည်။

ထိုအကြောင်းအား မြို့နယ်အနှံ့ကြေညာမောင်းခတ်စေပြီး လူအများသိစေ၏။ တစ်အိမ်တစ်ယောက် ထွက်၍ကြည့်ရမည်ဖြစ်၏။ သည်တစ်ခါတော့ မင်းသားလေးထံသို့ ဝိဇ္ဇာဓိုရ်အဘိုးအိုမုတ်ဆိတ်ဖြူကြီးလည်း ရောက်မလာသေးဘဲ ရှိ၏။ ဝိဇ္ဇာဓိုရ်တို့မည်သည် အသေထွက်၊ အရှင်ထွက်ရှိပေသည်။ အရှင်ထွက်ဆိုသည်မှာ မိမိ၏ခန္ဓာကိုယ်အကောင်းပကတိအား ချန်ထားရစ်ကာ ဝိညာဉ်အသက်ဇီဝသည် ဖယ်ခွာသွားခြင်းဖြစ်ပြီး အသေထွက်ဆိုသည်ကား ရှိရင်းစွဲခန္ဓာကိုယ်သေဆုံးသွားခြင်းမှ အသက်ဝိညာဉ်ဇီဝက စွန့်ခွာသွားခြင်း ဖြစ်ပေသည်။

## နောင်ခါဘဝကျမှ

မင်းသားလေးကား မည်သို့ဖြစ်စေ အပြုံးမပျက်ပါချေ။ သူ့တွင် တရားကျင့်စဉ်တို့ ပြည့်ဝနေခဲ့ပေပြီ။ ကွပ်မျက်မည့်နေ့ရက်မတိုင်ခင်တော့ အချိန်ရသလောက် တရားနှလုံးသွင်း ဆင်ခြင်နေမိတော့၏။

သူ၏ နောက်ဆုံးတိုင်တည်သစ္စာစ
ဆိုမိပါသည်။

"အရှင်မြတ်စွာဘုရား . . . ဘု
တပည့်တော်သည် အကျင့်သီလ အ
နာတရားတို့ဖြင့် မွေ့လျော်နေသူဖြ
သည်။ သည်ဘဝတွင် ဝဋ်ကြွေးတုံ့
ခဲ့ပါက အကျေပေးဆပ်ဝံ့ပါသည်။ သူ
အပေါ်မှာ ဘုရားတပည့်တော် ငြိ
မြူမှုန်မျှပင် မရှိခဲ့ပါ။ ဤမှန်သောသ
စကားကြောင့် နောင်ဘဝတွင် စ
တေးမင်း ကေန်စင်စစ် ဖြစ်ရပါ
အရှင်ဘုရား"

အဓိဋ္ဌာန်ဆုတောင်းပြီးသည်နှင့်
ရင်ထဲ ပေါ့ပါးသွားတော့၏။ မည်သ
နောင်ကြိုး သံယောဇဉ်မှ မရှိတေ
ချေ။ သည်ဘဝ၏ နေဝင်ချိန်ကို
စောင့်စားနေမိပါသည်။ တကယ်
တောကြည့်မိတဲ့အခါ ဘယ်အရာက
တည်မြဲပါသနည်း။ စကြဝဠာ
ဘုရင်ဖြစ်လည်း ရုပ်နာမ်ခန္ဓာကိုယ်
သဖြင့် တစ်နေ့ အိုနာသေဘေးက
မြောက်မည် မဟုတ်ပါချေ။

လူတို့သည် လောဘ၊ ဒေါ
မောဟတရားတွေနှင့် သံသရာလည်
ကြသည်။ ဘာမဟုတ်သည့် ပြဿ
လေးဖြင့် ချစ်လိုက်ကြ၊ မုန်းလိုက်
မဆုံးနိုင်ဘဲရှိ၏။ မည်မျှပင် ချမ်းသာ
ဝနေပါစေ၊ မိမိတို့သေလွန်သောအ
ဆောင်သွားလို့မရ ချန်ထားရစ်ရမည်
ဖြစ်၏။ မနာလိုမုန်းတီး နာကြည်းမှု
ချစ်ခင်တွယ်တာ သံယောဇဉ်များအ
အားလုံး ထားရစ်ခဲ့ရပေသည်။ မိမိ
အတူပါသွားသည်က ပြုပြုသမျှ
ကုသိုလ်ကံ(ကောင်းမှု)၊ အကုသို
(မကောင်းမှု)များသာတည်း။ မင်း
လေးကား ထွက်ရပ်ပေါက်ဝိဇ္ဇာဓိုရ်
စဉ်များ ပြီးမြောက်အောင်မြင်ပြီမို့ အ
အိုမုတ်ဆိတ်ဖြူ မရောက်လာတေ



www.burmeseclassic.com

www.burmeseclassic.com

ကို ပုဂံပြည့်ရှင် မသိရှာခဲ့ပါချေ။

မင်းသားလေးအား အလုံပိတ်ထူ ထဲသော အိတ်ကြီးထဲ ကြိုးသွားတုပ် နှောင်ကာ သွတ်သွင်းထည့်တော့မည်မို့ နောက်ဆုံးအလိုရှိရာဆန္ဒအား လျှောက်တင်စေ၏။ မင်းသားလေးက ဘယ်အရာမျှ တန်ဖိုးရှိသောအရာ မတောင်းဆိုပါ။ သူတောင်းဆိုသည်က အမွှေးနံ့သာများ ချိုးရေသုံးပြီး ဝတ်ဆင်ရန် တောက်ပဖြူလွင်သော ပိုးဖဲအဝတ်အစားနှင့် ရှင်ဘုရင်တို့၏ အဆောင်အယောင် မင်းဝတ်တန်ဆာငါးပါးပေတည်း။

''အဟားဟား ... ဘယ်နဲ့ဟာတွေ၊ သေခါနီး သွေးရူးသွေးတန်း သင်တောင်းဆိုရပါသနည်း။ ရှိစေတော့ ... ကဲ ... သည်ရာဇဝတ်သားတောင်းဆိုသမျှ ပေးအပ်စေ မောင်မင်းများ''

''အမိန့်တော်မြတ်အတိုင်းပါ ... မင်းကြီး''

မင်းသားလေးလည်း မင်းတို့ချိုးရေသုံးရာ ကန်တော်မင်္ဂလာတွင် စိတ်ကျေနပ်သည်အထိ ရေချိုးလေသည်။ ပြီးသော် မွှေးကြိုင်သင်းပျံ့သော စန္ဒကူးနံ့သာရည်များ တစ်ကိုယ်လုံးလိမ်းခြယ်၏။ ဆံပင်များတွင်လည်း ဆီမွှေးဖြင့် လိမ်းပြင်ပြီးမှ ဖြူစင်သော ပိုးဖဲအဝတ်အစားများ ဝတ်သည်။ မင်းဘုရင်၏ တန်ဆာငါးပါး ဆင်မြန်းပြီးလေသော် မင်းသားလေးအား ထူထဲသော ကတ္တီပါအနီအိတ်ဖြင့် ထည့်ကြမည်ဖြစ်ရာ ဦးစွာ ခိုင်ခံ့သော နှောင်ကြိုးများကို လက်ပြန်တုပ်နှောင်၊ ခြေပူး၍ ချည်နှောင် တစ်ကိုယ်လုံး ကျပ်ထုပ်နေအောင် ချည်နှောင်ပြီး ကတ္တီပါအိတ်ထဲ သွတ်သွင်းလေသည်။

မင်းသားလေးမှာ သူတို့ပြုသမျှ နေရ၏။ မင်းသားလေးကို နှောင်ကြိုးတွေနှင့် ချည်နှောခြင်း၊ အိတ်ထဲထည့်သွင်းခြင်း၊ လေးပင်သော တုံးများပါဆွဲစေခြင်း ပြုသည်ကို တိုင်းသူပြည်သားအားလုံး မြင်သာအောင် ပြုလုပ်ကြ၏။ ပရိသတ်အပေါင်းမှာ ဖြေမဆည်နိုင်တော့ဘဲ မျက်ရည်များ တသွင်သွင်စီးကျသူ ကျတော့၏။ စုတ်တသပ်သပ် မချိတင်ကဲ ဖြစ်သူတွေ ဖြစ်ကြသေည်။

မင်းသားလေးအား နောက်ဆုံးပို့ဆောင်ခြင်းအဖြစ် ပရိသတ်ပြည်သူအပေါင်း များပြားစွာ စောင့်မျှော်နေကြကုန်၏။ ပုဂံပြည့်ရှင်ဘုရင်လည်း ယခုတစ်ကြိမ်တွင်တော့ စိတ်ကောင်းဝင်ဟန်တူ၏။ မင်းခမ်းမင်းနားဖြင့် စည်တော်ယွန်းတီးခတ်စေသည်၊ ရထားလုံး၏ တစ်ဖက်တစ်ချက် ရှေ့နောက်မကျန် ပုဂံတပ်မဟာကြီးဖြင့် ခြံရံကာ နန်းတွင်းမှ ထွက်ခွာလာခဲ့တော့သည်။

ပြည်သူပရိသတ်အပေါင်းကလည်း မင်းသားလေးအားသယ်ဆောင်ရာ ရထားလုံးနံဘေးမှ ထက်ကြပ်မကွာ ငိုက်ပါလာခဲ့ကြကုန်၏။ အားလုံးတိတ်ဆိတ်ငြိမ်သက်စွာ ကလေးငိုသံပင် မထွက်ဘဲရှိ၏။ ပူဆွေးယူကျုံးမရ ခံစားနေရကြောင်း သူတို့အားလုံး မျက်နှာညှိုးနွမ်းနေသည်က သက်သေပြနေတော့သည်။

ဧရာဝတီမြစ်ကြီးကတော့ ဘာမျှမသိသလို နေနိုင်ရက်အား၏။ ရေထဲပစ်ချကွပ်မျက်မည့်နေရာ ဆိပ်ခံကမ်းတစ်လျှောက်တွင်လည်း မည်းမည်းလှုပ် စည်ကားစွာ စောင့်ဆိုင်းနေကြပေသည်။ နေလုံးကွယ်ချိန်အရောက် စီရင်မည်ဖြစ်ရာ မနေ့မမြန် နန်းတော်မှ စတင်ကာ ထွက်ခွာလာခဲ့ကြ၏။ နွေခေါင်ခေါင် တိမ်မည်းညိုမရှိပါဘဲ ထစ်ချုန်းကာ မိုးဖွဲဖွဲ စတင်ရွာသွန်းတော့သည်။ နတ်ဒေဝါများက ကောင်းချီးဩဘာ ဂါရဝပြုကြဟန်တူ၏။

တော်လဲသံကြီးဟိန်းကာ ငလျင်ကြီးလည်း တုန်လှုပ်ပြန်၏။ သာသနာပြုရန် ပေါ်ထွက်လာသော စကြဝတေးမင်းလောင်း ကွယ်ပျောက်သွားမည်ကို ဝမ်းနည်းကြေကွဲမိဟန်တူ၏။ မင်းသားလေးကား အလုံပိတ်အိတ်ကြီးထဲတွင် အသက်ရှူမွန်းကျပ်လာခဲ့သည်။ သတိတရားလက်ကိုင်ထား၍ တရားကိုသာ မပြတ်နှလုံးသွင်း ဆင်ခြင်နေမိရှာသည်။

တရားအသိ မရှိသူများ၊ ကောင်းမှုကုသိုလ်များ မပြုလုပ်သူများသည် သေလွန်ခါနီးအချိန်မှ သိရှိမည်ဖြစ်၏။ မွေးဖွားလာကြကတည်းက သေဆုံးဖို့အတွက်သာဖြစ်၏။ မသေလွန်မီ ဘဝရှင်သန်ဖို့နေ့စဉ် ရုန်းကန်ရှာဖွေနေကြရ၏။ အကုသိုလ်မကောင်းမှုပြုခြင်းကြောင့် မကောင်းသည့်အကျိုးကိုသာ ခံစားရမည်ဖြစ်ပြီး၊ ကောင်းမှုကုသိုလ်ကံ ပြုခြင်းကြောင့် ကောင်းမှုအကျိုးသာ ခံစားစံစားကြရမည်ပေ။ ဝိဇ္ဇာမိုရ် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည် ကုသိုလ်ကောင်းမှုပြုသူများကို အစဉ်စောင့်ရှောက်လေ့ရှိကြပေသည်။

မင်းသားလေးအား တင်ဆောင်လာသော ရထားလုံးသည် ရေထဲမြှုပ်ကွပ်မျက်မည့် ကျုံးတို့ဆိပ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်၏။ မင်းသားလေးအား ဖောင်နှင့် ရေလယ်သို့ တင်ဆောင်မည့်မို့ လူထုပရိသတ်အပေါင်းက နောက်ဆုံးဂါရဝပြုငိုကြွေးသူ ငိုယိုကြနှင့် ယူကျုံးမရ ဝမ်းနည်းကြေကွဲမှုများနှင့် ပတ်ဝန်းကျင်တစ်ခွင်လုံး ပုံးလွှမ်းလျက်ရှိတော့၏။ ဖောင်တော်အား မြစ်လယ်အထိ ချည်နှောင်ကြိုးကြီးများဆိုင်းကာ မျှောခဲ့၏။

''ကဲ ... မင်းသားလေးရေ ကျွန်တော်မျိုးတို့က အမိန့်တော်အတိုင်း ပြုကြရတာပါ။ ကောင်းရာမွန်ရာရောက်ပါစေ''

ရေထဲပစ်ချလိုက်တော့၏။ မင်းသားလေးပါသော အလုံပိတ်ကတ္တီပါအထူအိတ်ကြီးသည် ရေထဲနစ်မြုပ်ရန်အတွက်

www.burmeseclassic.com

အလေးခဲကျောက်တုံးများ စွဲထားခဲ့သော်မှ ရေထဲမြုပ်လိုက်၊ ပြန်ပေါ်လာလိုက် သုံးကြိမ်သုံးခါ ဖြစ်နေသဖြင့် ကြည့်ရှုသူအပေါင်း တအံ့တသြ ဖြစ်ရပေသည်။ အားလုံးက ဘာများဆက်ဖြစ်ပေါ်မည်ကို သိချင်နေကြသဖြင့် ဆက်ကြည့်ရှုနေကြကုန်၏။

စကြဝတေးမင်းလောင်းမို့ သာမန်ပုဂ္ဂိုလ်မှ မဟုတ်သည့်အတွက် ထူးခြားမှုများ ဖြစ်ပေါ်လာမည်ကို သိနေမိကြ၏။ တွေးထင်သည့်အတိုင်း ဖြစ်ပေါ်လာတော့၏။ ရေပြင်ထက်မှ ဝိဇ္ဇာမိုရ်ရှုတ်ဆိတ်ဖြူ အဘိုးအိုက နတ်မြင်းပျံအဖြူကြီးစီးကာ စကြဝတေးမင်းသားလေးအား တင်ဆောင်ခေါ်သွားကာ ကောင်းကင်ထဲဝင်ရောက်သွားသည်ကို မြင်သူလည်း မြင်လိုက်ကြသည်ဆို၏။

တချို့ကလည်း စူးရှတောက်ပသော ဖော်ငွေရောင် အလင်းတန်းကြီး ရေထဲမှ ထိုးထွက်လာပြီး မင်းသားလေးအား အဘိုးမုတ်ဆိတ်ဖြူ ဝိဇ္ဇာမိုရ်ကြီးက ရင်ခွင်ပိုက်ကာ ကောင်းကင်ယံသို့ ခေါ်ဆောင်ပျောက်ကွယ်သွားသည် ဆိုကြပြန်သည်။ တချို့ကလည်း မင်းသားလေး၏ ကြင်ရာတော် ရန်ဘက်ချစ်သူ နဂါးမလေး ရေထဲတွင် လာရောက်ကယ်တင်သွားသည်ဟုလည်း ဆိုရိုးစကား ဖြစ်ခဲ့ပြန်သည်။

မည်သို့ဆိုစေ နဂါးမလေးနှင့် မင်းသားလေးတို့ စံပျော်ခဲ့ရာ သဘာဝကျောက်ဂူကြီးကား ယနေ့ထက်တိုင် ရှိနေပါသေး၏။ နဂါးဂူဟု ခေါ်တွင်သည်။ ယခုအခါ နံကာသူဂူဟု လူသိများ၏။ အင်ပူမြို့နယ်၊ ကွင်းကောက်မြို့၊ ဘဲပြာရွာမှ စတင်ကာ လယ်ကွင်းများ။ ရွာများ ဖြတ်ကာ နံကာသူရေလျှောင်တမံသို့ ရောက်၏။ ထိုမှတစ်ဆင့် ပဲ့ထောင်စီးကာ သွားရပြန်သည်။ ရေလမ်းဆုံးသော် တောင်တက်တောင်ဆင်း ရှိုင်ရိုးမအရှေ့ခြမ်းထဲဝင်မှ နံကာသူသာသနာပြုစခန်းသို့ ရောက်၏။ လူသူတော်ကြီး အဘဦးလှမိုင် ဦးစီးပြီး သာသနာပြုသည့် စခန်းပါပေ။

နံကာသူစခန်းတွင် သဘာဝဂူများရှိပြီး ကျားဂူ၊ သားဂူ၊ ဆေးဂူ၊ ရတနာဂူ၊ နှစ်ကျိပ်ရှစ်ဆူဂူ၊ ဆွမ်းစားဂူ ဟူ၍ ဂူများစွာ အမည်ပေးထား၏။ ထိုအထဲတွင် ဆွမ်းစားဂူမှာ ညောင်လွန့်တောရဆရာတော်ဘုရားကြီး ဆွမ်းစားသီတင်းသုံးရာဖြစ်သောကြောင့် ဆွမ်းစားဂူဟု အမည်ပေး မှည့်ခေါ်ခြင်းပါပေ။

ဆွမ်းစားဂူဆိုသည်က တခြားတော့ မဟုတ်ပါချေ။ တစ်ချိန်တစ်ခါတုန်းက စကြဝတေးမင်းသားလေးနှင့် နဂါးမလေးတို့ စံပျော်ရာ သဘာဝကျောက်ဂူကြီး ဖြစ်ပါသည်။ ဂူကြီးထဲတွင် ကျောက်သံပတ္တမြား၊ ရတနာရွှေငွေပုံကြီးနှစ်ပုံရှိပြီး မနောမယပတ္တမြားမျက်ရှင်တော်ကလည်း ရတနာရွှေကလပ်ပေါ်မှ လေထဲပျံဝဲတည်နေဆဲတည်း။ မင်းဝတ်တန်ဆာငါးပါးနှင့် ရာဇပလ္လင်တော်အပြင် ပြဒါးရှင်လုံးပြာများကလည်း သပိတ်တော်ထဲမှ တလက်လက်တောက်ပ အလင်းများ ဘွ...ပေါ်နေဆဲပါပေ။

ထိုဆွမ်းစားဂူကြီးထဲသို့ ညောင်လွန့်ဆရာတော်ကြီး ဝင်ရောက်ကြည့်ရှုခဲ့ဖူးသည်မို့ မျက်မြင်မြင်တွေ့ခဲ့ကြောင်း သိရ၏။ ဆရာတော်ကြီးအား မာတုဂါမနှစ်ယောက် (နဂါးမလေးနှင့် ရံရွေတော်)က မလုံ့တလုံ့အဝတ်အစားများဖြင့် ဂူအတွင်းဝင်ရာ အပေါက်တွင် ပိတ်ဟန့်တားခဲ့၍ အတွင်းပိုင်းထဲအထိ မဝင်ရောက်နိုင်ဘဲ ဂူပေါက်ဝမှသာ ကြည့်မြင်ခဲ့ရပြီ။ မသမာသူများ ဝင်ရောက်ပြစ်မှားမိပါက အသေဆိုးနှင့် သေကျေပျက်စီးမည့်အရေး မြင်သဖြင့် ဂူပေါက်ဝအား ကျောက်တုံးကြီးများဖြင့် အသေပိတ်ကာ ကျောက်တုံးထက်တွင် ညောင်လွန့်ဆရာတော်ဘုရားကြီးက စေတီတည်ထားခဲ့ပါသည်။ ... ပစ္စည်းဥစ္စာရတနာအစုစုတို့သည် စကြဝတေးမင်းသားလေး၏ သာသနာပြု... ရည်စူးအဓိဋ္ဌာန်ထားရှိခဲ့ခြင်းပါပေ။ ဂူ... ထဲတွင် နဂါးမလေးတို့သည် စကြဝတေး မင်းသားလေး ပြန်ရောက်လာမည့်အခ... ကို စောင့်ဆိုင်းနေကြဆဲတည်း။ တချို့... လည်း ထိုရတနာပစ္စည်းဥစ္စာများသည် မြန်မာပြည့်ရှင်ဘုရင် ရတနာပုံနေပြည်တော် နောက်ဆုံးဘုရင် သီပေါမင်း ... တော်မူစဉ်က နန်းစဉ်ရတနာများ သယ်... ဆောင်ယူငင်ခဲ့ကြသော နယ်ချဲ့ဗြိတိသျှ... တို့ တောကြီးမျက်မည်းတွင် သေကျေပျက်စီး ကပ်ဆိုက်သဖြင့် ထိုနဂါးဂူ (နံကာသူဂူ)ကြီးထဲတွင် ဝှက်ထားသည်ဟုလည်း ဆိုကြပြန်သည်။

မည်သို့ဆိုစေ စကြဝတေးမင်းသား... လေးသည် ဝိဇ္ဇာမိုရ်ရှစ်သောင်းထဲတွ... ပါဝင်သော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်... အဖြစ် ယနေ့ထက်တိုင် လူတို့ကိုးကွယ်... ပူဇော်လျက်ရှိကြ၏။ ရုပ်ပွားတော်များ ... ဆစ်သိဒ္ဓိတင်ကာ တချို့အိမ်များတွ... ယနေ့ထက်တိုင် ကိုးကွယ်ယုံကြည်မှု ... နေဆဲပါပေ။ ကျွန်ုပ်တို့မြန်မာလူမျိုးတို့... အသိစိတ်ထဲ...နေနေတစ်ချိန်ချိန်... အခါမှာ စကြဝတေးမင်းသားလေး ပြ... ပေါ်လာမည်ကို စကြဝတေးမင်းလော... ကြင်ရာတော်ရန်ဘက်ချစ်သူ နဂါးမလေ... နှင့်အတူ ယုံကြည်စွာသိရှိလက်ခံထား... ကြဆဲပါပေ။

သဗ္ဗေသတ္တာအပေါင်း ကိုယ်စိတ်... နှစ်ဖြာ ကျန်းမာပြီး လိုရာဆန္ဒတွေ ပြည့်... နိုင်ကြပါစေသတည်း။

ဂန္ဓာရီမောင်မော...

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဆင်းတုတော်နှင့် နတ်ရုပ်ခိုးဂိုဏ်းအဖွဲ့အား လက်ရဖမ်းဆီးမိ





လွန်ခဲ့သော ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့က မလေးရှားနိုင်ငံ၊ ဒူဝတ်ကျိုက်ရဲဥယျာဉ်အနီးရှိ ဗုဒ္ဓဆင်းတုတော်နှင့် နတ်ရုပ်များ ရောင်းချရေး ကုမ္ပဏီထဲသို့ ညသန်းခေါင်ကျော် (၁) နာရီအချိန်တွင် မလေး-တရုတ်လူမျိုး ဘုရားဆင်းတုတော်ခိုးဂိုဏ်းအဖွဲ့ဝင် လူ ၅ဦးသည် လျှိုဝင်ပြီး ဗုဒ္ဓမြတ်စွာဘုရား ဆင်းတုတော်များနှင့် နတ်ရုပ်အမျိုးမျိုးတို့ကို ခိုးယူပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ရာ မလေးရဲတပ်ဖွဲ့က ခြေရာခံ၍ လျှို့ဝှက်ထောက်လှမ်းစုံစမ်းခဲ့၏။ ယင်းဘုရားဆင်းတုတော်နှင့် နတ်ရုပ်ခိုးယူပြီးနောက် ရက်သတ္တနှစ်ပတ်အကြာတွင် တရားခံများနှင့်တကွ ခိုးရာပါပစ္စည်းတို့ကိုပါ လက်ရဖမ်းဆီးသိမ်းဆည်းမိခဲ့သည်။ ယင်းခိုးရာပါပစ္စည်း ကာလတန်ဖိုးမှာ ရင်းဂစ်(ရင်းဂျစ်) ၆၀,၀၀၀ တန်သည်ဟု ဆိုသည်။ ယင်းတရားခံများမှာ ဆေးစွဲသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရာ ၎င်းတို့အပေါ်၌ မလေးရှား မူးယစ်ဆေးဝါးတားဆီးကာကွယ် နှိမ်နင်းရေး ဥပဒေနှင့် ရှေးဟောင်းပစ္စည်း ခိုးယူမှု ဥပဒေတို့အရ ဖမ်းဆီး၍ ရုံးတင်စစ်ဆေးလျက် ရှိသည်ဆိုသည်။ ရုပ်ပုံမှာ မလေးရှားရဲတပ်ဖွဲ့မှ လက်ရဖမ်းဆီး သိမ်းဆည်းခဲ့သော ဘုရားဆင်းတုတော်များနှင့် နတ်ရုပ်များကို ရဲစခန်း၌ တွေ့မြင်ရစဉ် ဖြစ်သည်။

BURMESE CLASSIC .com

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

*Ref:- Sin Chew Daily (Malaysia), 12.1.2013, Page(2)*

# တရုတ်ပြည် မိအိုဖအို စွန့်ပစ်ဖျက်ဆီးအရေးယူမည့် ဥပဒေသစ်ပြဋ္ဌာန်း

ယခုအခါ တရုတ်ပြည်တွင် အသက် ၇၀ နှစ်၊ ၈၀ နှစ်၊ ၉၀ နှစ် အစရှိသည့် သက်ကြီးရွယ်အိုများ တိုးပွားလျက်ရှိ၏။ ၎င်းတို့၏ သားသမီး၊ မြေးများတို့၏ စွန့်ပစ်ခြင်း၊ လျစ်လျူရှုခြင်းခံခဲ့ကြရ၏။ အချို့ သားဆိုး၊ မြေးဆိုးဆိုလျှင် ၎င်း၏ မိအိုဖအိုများသည် အိပ်ရာထဲ၌ သေးပေါက်၊ မစင်စွန့်သဖြင့် ညစ်ပတ်လှသည်ဆိုကာ ဝက်ခြံထဲ၌ စွန့်ပစ်ထားသည်ကို တွေ့ရ၏။ မိဘနှစ်ပါး သေလုနီးပါးဖြစ်နေကြသည်ကို ဆေးမကုပေးဘဲ စွန့်ပစ်ထားလျက်ရှိကြ၏။ ယင်းကြောင့် တရုတ်နိုင်ငံတော်အစိုးရက သိရှိလေလျှင် ၂၈.၁၂.၂၀၁၂ ရက်နေ့က မိအိုဖအိုအား ကျွေးမွေးကြည့်ရှု စောင့်ရှောက်ခြင်း၊ ဆေးဝါးကုသပေးခြင်း မပြုဘဲ စွန့်ပစ်လျစ်လျူရှုထားခဲ့လျှင် သားသမီးအား ပြင်းပြင်းထန်ထန် အရေးယူရန် ဥပဒေသစ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့၏။

ယနေ့မျက်မှောက်ကာလဝယ် တရုတ်ပြည်တွင် အသက် ၆၀ နှစ်ကျော် ဦးရေမှာ ၁၆၇ သန်းနီးပါး ရှိ၏။ အသက် ၈၀ နှစ်ကျော်ကတော့ ၁,၀၀၀,၀၀၀ (တစ်သန်း) ရှိနေပြီး ထက်ဝက်ကျော်မှာ သားသမီးများတို့၏ စွန့်ပစ်ခံခဲ့ကြ၍ တစ်ဦးတည်း အထီးကျန်ဘဝဖြင့် ဒုက္ခရောက်နေကြကြောင်း သိရ၏။ ထို့ကြောင့် မိအိုဖအိုအား ကျွေးမွေးကြည့်ရှု စောင့်ရှောက်ရန် ဥပဒေသစ်တစ်ရပ် အတည်ပြုပြဋ္ဌာန်းခဲ့ရခြင်း ဖြစ်သည်ဆိုသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref:-*
(၁) အင်တာနက်၊ (၂) ကြေးမုံ (၃၁.၁၂.၂၀၁၂) (စာ-၁၁)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သည့်လိုနှင့် နေညြိုချိန်မှာ တောင်ပေါက်နားတစ်နေ့ ရောက်လာကြသည်။ တောင်ပေါက်လမ်းဆိုသည်မှာ မတ်စောက်သော တောင်စွယ်၊ တောင်နံရံများဆီက ခလံဖော့ သစ်ရိုးနှင့်ထိုး ကျလာသော တောင်ကျချောင်းများ၏ ဟိုက်စားမှုဒဏ်ကို နှစ်ပေါင်းများစွာ ခံသောရသောအခါ တောင်ပေါက်လမ်းဖြစ်လာ၏။

ထိုတောင်ပေါက်လမ်းများသည် သူတို့ သမိုင်းစဉ်ဆက် နာဂအမျိုးသားတို့၏ စစ်ခင်း၊ စစ်တိုက်လေ့ရှိကြသော စစ်တလင်းများအဖြစ် သမိုင်းမှတ်တိုင်တစ်ခုဟု ဆိုသည်။ မြင့်မားလှစွာသော နာဂဒေသ၏ တောင်ပေါက်လမ်းများသည် နာဂတိုင်းသားတို့အတွက် မင်းခင်း၍ မရနိုင်အောင် အပေါ်ကို မြင့်တက်မော်စောင့်လျက်ရှိရာ တစ်ရွာနှင့်တစ်ရွာ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ပိန်းပက်မှု၊ ခေလှုံတမ်းကိစ္စ၊ ကျွဲနွားကိစ္စ၊ ယမ်းစက်ပွဲဖော်ခြင်းကိစ္စတို့နှ...က်လည်းကောင်း၊ အပေါ်အောက် တောင်ပေါက်လမ်းတို့၌ စစ်ခင်းကြသည်။ နာဂတို့၏ ရွာများကို တောင်ထိပ်ပေါ်၌ တည်ထားခြင်းမှာလည်း တောင်ပေါက်လမ်းများက ရန်သူများတက်လာသည့် အပေါ်စီးက လှံခြုံမှုလွယ်သောကြောင့် သဘောပင်။

သည့်လိုနှင့် သစ်ပင်ပေါ်ဘက်ကြည့်လိုက်၊ တောင်ဘက်လိုက်၊ တောင်ဆင်းလိုက်နှင့် လျှောက်လာကြရာ တောင်ပေါက်လမ်းနားတစ်ခုတွင် နားနေပြီး သွားသည်။ သူကြီးက ဤနေရာ၌ ညအိပ်ရန်ပြောသည်။ ဤတောင်ပေါက်လမ်းတွင် ယခင်က နာဂတိုင်းရင်းသားတို့ စစ်ခင်းကြရာ စစ်တလင်းဟု ခေတ်စောက သူကြီးမပြောသည်ကိုသတိရကာ စိန်တောက်နှင့် ဘက်သီးတို့မှာ စိတ်ထဲမသိုးမသန့် ခံစားမိကြ၏။

ယခင်က ဤတောင်ပေါက်လမ်းတွင် ကောင်းပေါ်နေ ညီအစ်ကိုသားချင်းများ မည်မျှသတ်ခဲ့၊ သေခဲ့ကြသည်မသိ။ အကယ်၍ တောင်ကျချောင်းသာ သေးခြင်းမချောင်ချင် သွေးညှီနံ့များကို ယနေ့ထိ ရှုရှိုက်နေမိကြမည်လား မသိ။ ဤသို့တောတွေး၊ တောင်တွေး တွေးနေသော စိန်တောက်၏စိတ်ကို ရိပ်စားမိ၍လားမသိ။ သူကြီးက

"ဒီတောင်ပေါက်လမ်းတွေဟာ ဟိုတုန်းက စစ်တလင်းဖြစ်ခဲ့ပေမဲ့ ခု ... လူတွေအတွက် အလုံခြုံဆုံး စခန်းချရပ်နားလို့ အကောင်းဆုံးနေရာပါပဲ ဆရာချင်ကြီး။ ဒီတောင်ပေါက်လမ်းကို ဟိုဘက် ဒီဘက် ပိတ်ပြီး မီးမှိုထားလိုက်ရင် ဘယ်ကျား၊ ဘယ်ဆင်၊ ဘယ်ဝံမှ မလာနိုင်တော့ပါဘူး။ ဟဲ ... ဟဲ ..."

ညနေစာကို ချက်ပြုတ်စားသောက်ပြီးကြသောအခါ သူကြီးပြောသလိုပင် တောင်ပေါက်လမ်း၏ အပေါ်အောက် နှစ်ဖက်စလုံး၌ စည်းချသလို မီးဖိုကြီး နှစ်ဖိုကို ပိတ်မိုထားလိုက်ကြသည်။ လူတွေမှာ တောင်ပေါက်လမ်း၏ ဟိုဘက်သည် ဘက် ကမ်းပါးယံ၌လည်းကောင်း၊ တောင်ပေါက်လမ်းမပေါ်၌လည်းကောင်း၊ အေးချမ်းစွာ အိပ်စက်ကြရသည်။

မနက်မိုးလင်းသည်နှင့် ခရီးစထွက်လာကြပြန်သည်။ မကြာမီမှာပင် နာဂသုံးလေးယောက်ကို တွေ့သည်။ သူကြီးက နာဂဘာသာနှင့် သူတို့ကိုမေးရာ အာသံပြည်နယ်ကဟု ပြော၏။ ဆားလာရှာကြကြောင်း ပြောသည်။ ဘယ်မှာသွားရှာ

(သခင်လမှအဆက်)





www.burmeseclassic.com

www.burmeseclassic.com

ကြသနည်းဟုမေးရာ စစ်ပိုရွာက ရလာကြကြောင်း ပြောသည်။ စစ်ပိုရွာမှာ လားလမ်းပေါက်သဖြင့် သူတို့ဘက်လောက် ဆားမရှားကြောင်းလည်း ပြောသွားကြသည်။ ယခင်ကသာ တစ်ရွာနှင့်တစ်ရွာ၊ တစ်နယ်နှင့်တစ်နယ် စစ်ခင်းလေ့ရှိခဲ့ကြသော်လည်း ယခုအခါ နာဂညီအစ်ကိုတော်များမှာ ရင်းရင်းနှီးနှီး သွားသွားလာလာ ဆက်ဆံ၍ ပစ္စည်းများပင် ဖလှယ်နေကြသည်ကို ဂမ်းသာစရာ တွေ့ရလေသည်။

စစ်ပိုရွာမှာ မိမိတို့ရွာ ဝေလွန်စွန်ခေါင်နှင့် ငါးမိုင်ခန့်သာဝေးသဖြင့် သူကြီးက နေမွန်းမတည့်မီ မိမိတို့ရွာကို ရောက်မည်ဟု ပြောသည်။ သို့သော် တစ်ဖက်တောင်ကမ်းပါးယံကြော၌ ငွေးသီးစားနေကြသော စိုင်တစ်အုပ်ကို လှမ်းမြင်လိုက်ကြရာ အပြန်တွင် ဟင်းစားရအောင် စိုင်ပစ်ရန် အစီအစဉ်လုပ်ကြသည်။

အမှန်တကယ်ဆိုမူ ဥပဒေအရ အမဲလိုက်ခွင့် လိုင်စင်ရှိမှ စိုင်ကိုပစ်ခွင့်ရှိ၏။ အထူးသဖြင့် ဤလို ဧပြီလနှင့် မေလတွင် စိုင်မများ သားပေါက်တတ်ကြသဖြင့် စိုင်မများတွင် ဗီးရှိ မရှိကိုလည်း လေ့လာရသည်။ အမဲပစ် လိုင်စင်ရှိသော်လည်း အမနှင့် အထီးငယ်များကို လုံးဝပစ်ခွင့်မရှိပေ။ ယခု စိန်တောက်တို့ လှမ်းမြင်နေရသော စိုင်အုပ်မှာ အထီးအမ အကြီးအသေး ဆယ်ကောင်ခန့်ပင် ရှိမည်ဟု ထင်ရသည်။ မြေပြန့်တွင် မြင်နေရသော နွားအုပ်လားပင် ထင်ရသည်။ သို့သော် နွားအုပ်လို အဖြူအမည်းကား တစ်ကောင်မှမပါ။ အားလုံးမှာ ညိုဝါ၊ ရွှေဝါရောင်ချည်း ဖြစ်သည်။ ခြေထောက်အစုံတွင် အဖြူချည်းဖြစ်ပြီး တင်ပါး၌လည်း အဖြူကွက်တွေ ကိုယ်စီပါကြ၏။

စိုင်အုပ်ကို မြင်ကတည်းက လှံတဆဆနှင့် လက်ယားနေကြသော သူကြီးတို့နာဂအဖွဲ့ကို စိန်တောက်က စိုင်ပစ်ရာသို့ ခေါ်မသွားချင်။ သူတို့မှာ အသွား လက်သုံးလုံးခန့်ရှိသော လှံတို၊ လှံရှည်လည်း ပါကြရာ အထီးအမ၊ အကြီးအသေး ရှောင်နေကြမည် မဟုတ်။ လေအောက်က ခြေသံလုံလုံနှင့် ချဉ်းကပ်သွားကြပြီး ဗီရာအကောင်ကို လှမ်းပစ်ကြမည်။ သူတို့၏ လှံပြားကြီး တစ်ချက်ထိလိုက်သည်နှင့် စိုင်ငယ်လေးတွေသာဆိုလျှင် ကိုက်တစ်ရာလောက်ကိုပင် ပြေးမသွားနိုင်ဘဲ ဖုန်းဖုန်းလဲကျသွားနိုင်သည်။ ထို့ကြောင့် စိန်တောက်က –

"သူကြီးတို့အဖွဲ့က ဒီမှာပဲ နားနားနေနေ နေခဲ့ကြ။ ကျွန်တော်တို့သွားပစ်မယ်"

ဟု ပြောရသည်။ ဤသည်ကို သူကြီးက –

"ဘာဖြစ်လို့လဲ ဆာဂျင်ကြီး။ ဆာဂျင်ကြီးတို့က တစ်ယောက်တစ်ကောင်ပစ်၊ ကျုပ်တို့ကလည်း တစ်ကောင်နှစ်ကောင် ရအောင်ပစ်မယ်"

"မဟုတ်ဘူး။ အဲသလိုပစ်လို့ မရဘူး"

"ရတယ်။ သေနတ်နဲ့ မဟုတ်လို့ ကျုပ်တို့ကို မယုံတာလား။ ဆာဂျင်ကြီးတို့သာ နှစ်ကောင်ရအောင်ပစ်၊ ကျုပ်တို့ကလည်း နှမ်ကောင်လောက်ရအောင်ပစ်မယ်။ လေးကောင် ဆို ကျုပ်တို့ တစ်ရွာလုံး ဘားပါလေ့"

ရုတ်တရက်ဆို စိန်တောက်မှာ သူကြီးနှင့် နာဂတို့အဖွဲ့လက်ခံလာအောင် မည်သို့ပြောရမှန်းမသိ ဖြစ်သွား၏။ ပြီးတော့မှ အကြံရ၍ –

"သူကြီး ... သူကြီးနဲ့ ကျုပ်က အစိုးရမင်းများခန့်အပ်ထားတဲ့ လူနော်။ ဥပဒေနဲ့မလွတ်ကင်းတဲ့အလုပ်ကို လုပ်မိလို့ အစိုးရမင်းများ နားပေါက်သွားရင် နှစ်ယောက်စလုံး ရာထူးလည်းပြုတ်မယ်၊ အပြစ်ဒဏ်လည်းခံရမယ်။ အခု စစ်ပိုကို[...] လာတဲ့လမ်းက မိုးရောနွေပါ ပေါက်နေ[...] တော့ မခွာရီဘက်ကိုတက်တဲ့ အစိုးရ[...] အရာရှိကြီးတွေ ခဏခဏ ရောက်တတ်[...] ကြတယ်။ တစ်ယောက်ယောက်က[...] သူကြီးနဲ့ကျုပ် ပေါင်းပြီး ဥပဒေတားမြစ်[...] ချက်တွေကို နာဂတောင်တန်းပေါ်မှာ ချိုး[...] ဖောက်နေပါတယ်လို့ သွားတိုက်လိုက်ရင်[...] ခမွတီးထိသွားပြီး အစစ်အဆေးခံနေရပါ[...] ဦးမယ်"

နာဂအမျိုးသားများမှာ အစိုးရ[...] ဥပဒေဆိုသည်ကိုလည်း အလွန်လိုက်နာ[...] တက်ကြသူတွေဖြစ်သဖြင့် သူကြီးကို[...] ဥပဒေနှင့်ကိုင်ပေါက်၍ ပြောရ၏။ ဤ[...] သည်ကို သူကြီးက –

"ဟိုတုန်းက ကျုပ်တို့စိုင်တွေကို[...] အများကြီးပစ်နေကျပါ"

"ဟိုတုန်းက သူကြီးတို့ဆီ အုပ်[...] ချုပ်ရေးမှ ထိထိရောက်ရောက်မရှိတာ[...] ခုအုပ်ချုပ်ရေး ရှိလာလို့လည်း သူကြီးတွေ[...] ဆီ စောင်တွေ၊ ဆားတွေ အလကားရနေ[...] ကြတာ မဟုတ်လား။ အဲဒီတော့ အစိုး[...] ရဥပဒေကို သူကြီးတို့မှာ လိုက်နာဖို့[...] စောင့်စည်းကြဖို့ တာဝန်ရှိလာတယ်လေ[...] မနေ့က ကျုပ်ကို အိန္ဒိယပုလိပ် ပြောသွား[...] တာ သူကြီးသိမှာပါ"

"သိပါတယ်။ ဒါဆို ခုဆာဂျင်ကြီး[...] တို့ စိုင်မပစ်တော့ဘူးပေါ့"

ယခုထိ သူကြီးက သိပ်ကျေနပ်[...] မရသေး။

"ပစ်မယ်သူကြီး။ ဒါပေမဲ့ အထီး[...] ကြီးကြီး အကောင်တွေကိုပဲ ရွေးပစ်[...] ဥပဒေက ခွင့်ပြုထားတာ။ အမကြီးတွေ[...] အထူးသဖြင့် ဒီရာသီမှာ စိုင်တွေသား[...] ဗီးလွယ်၊ သားပေါက်ချိန်မို့ အမတွေကို[...] လုံးဝမပစ်ရဘူး။ ကျုပ်တို့ အထီးကြီးကြီး[...] တစ်ကောင်ကိုပဲ ပစ်မယ်။ သူကြီးတို့ ဒီက[...] ပဲ နားနေလိုက်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com

သူကြီးကို အတင်းရော အခမ္ပါ ပြောပြီး ဘက်တီးကို လက်ကုတ်ကာ စိန်တောက်နှင့် ဘက်တီးတို့ စိုင်းအုပ်ရှိရာကို ထွက်လာကြ၏။

သူကြီးတို့နာဂတွေနှင့် စိုင်အုပ်ရှိရာမှာ ဟိုဘက်တောင်ကမ်းပါးယံ၊ သည်ဘက်တောင်ကမ်းပါးယံ ဖြစ်နေသဖြင့် ကြားထဲတွင် ရေစီးရုံမျှသာ စီးနေသော စမ်းများတစ်ခုက ခြားနေသည်။

စိန်တောက်နှင့် ဘက်ထီးတို့သည် စမ်းချောင်းများကို ဖြတ်တောက်ပြီး စိုင်အုပ်ရှိရာသို့ ခြေသံလုံလုံနှင့် ကုန်းတက်လာကြ၏။

စမ်းများကိုဖြတ်၍ စိုင်အုပ်ရှိရာသို့ တက်လာကြရာ အရေးထဲ သစ်ရိပ်ခို၍ စားမြုံ့ပြန်နေကြသော ပြောင်နှစ်ကောင်က ဝုန်းခနဲ ထပြေးသွားကြရာ စိုင်အုပ်မှာ ရုတ်တရက်လန့်ပြီး အကုန် ခေါင်းထောင်၊ နားရွက်ထောင်ပြီး ပတ်ဝန်းကျင်ကို ထိတ်ထိတ်ပျာပျာ ကြည့်နေကြသည်။

ရုတ်တရက်ဖြစ်သဖြင့် မှင်တက်မိနေကြတာလား၊ ရန်သူကို စူးစမ်းကြည့်နေကြတာလား မသိ။ ဝရုန်းသုန်းကားတော့ ထွက်မပြေးကြသေး။ စိုင်မကြီးတစ်ကောင်မှာ အုပ်ထဲက လေးငါးလှမ်းထွက်လာပြီး နှာမှုတ်အနံ့ခံနေ၏။

BURMESE CLASSIC .com

စိုင်အုပ်ကို ဦးဆောင်တတ်သည်မှာ စိုင်မကြီးများသာ ဖြစ်သဖြင့် ကျန်စိုင်အားလုံးက စိုင်မကြီးအခြေအနေကို အကဲခတ်နေကြပုံရ၏။ အားလုံးရပ်ပြီး နားစွင့်ထားကြ၏။

စိန်တောက်နှင့် ဘက်ထီးတို့ကလည်း အသာခြေလှမ်းရပ်ပြီး အခြေအနေကို စောင့်ကြည့်နေကြရ၏။ အစကမူ စိုင်အုပ်မှာ ဆယ်ကောင်ခန့်သာ ရှိမည်ဟု ထင်ခဲ့ကြသော်လည်း ယခု နီးနီးနားနား မြင်ကြရသောအခါ စိုင်အုပ်မှာ အကောင်နှစ်ဆယ်နီးပါး ရှိ၏။

စိုင်တွေ ငြိမ်သက်ရပ်နေကြချိန်တွင် အင်္ဂလိပ်ရိုင်ဖယ်နှင့် လှမ်းပစ်လျှင် ရနိုင်သော အခြေအနေရှိ၏။ သို့သော် စိန်တောက်တို့ပစ်လိုသော စိုင်ထီးကြီးကြားတွင် လသား၊ နှစ်သားအရွယ်တွေနှင့် စိုင်မတမ်းမလေးတွေ ခံနေရသဖြင့် စိုင်ထီးကြီးတစ်ကောင်ကို ပစ်ကွင်းမဝင် ဖြစ်နေ၏။ စိုင်ပစ်ရာတွင် အထီးကြီးကို မရခဲ့ဘဲ အမနှင့် ကလေးတစ်ကောင်ကောင်ကိုသာ ရလာလျှင် သူကြီးနှင့် နာဂတွေက စောဒကတက်ကြမှာ၊ မေးမြန်းကြမှာစိုးသဖြင့် စိန်တောက်က ဘက်ထီးကို အသာငြိမ်ကြည့်နေရန် လက်ပြထားရ၏။

နာဂတွေနှင့် ဆက်ဆံရာတွင် မိမိစကားကို မိမိသတိထားရသည်။ မိမိကတိစကားကို မိမိချိုးဖောက်လျှင် ထိုသူအား နာဂတွေက တစ်သက်လုံး အယုံအကြည်မရှိ ဖြစ်သွားတတ်၏။ သူတို့သည် သူတို့ကတိစကားတည်သလို၊ ပရန်သူကိုလည်း ကတိစကားတည်မှ ယုံကြည်စိတ်ချရသူအဖြစ် ရပ်မှာရွာမှာဆိုလျှင် ခွေးသားတစ်ဖို့ပေး၍ သွေးသောက်ညီအစ်ကိုပမာ အမျိုးအဖြစ် သဘောထားတတ်ကြ၏။

ထို့ကြောင့် သူကြီးအား စောစောက သူပြောထားခဲ့သည့်အတိုင်း စိုင်ထီးကြီးတစ်ကောင်ကောင်ကိုသာ ပစ်ရန် စိန်တောက်တို့မှာ ဖင်းပြွမ်းပင်ကြီး တစ်ပင်ကို အကာအကွယ်ယူပြီး စိုင်အုပ်၏ အခြေအနေကို မျက်တောင်မခတ် စိုက်ကြည့်နေကြရသေး၏။

မကြာပါချေ။ အုပ်ထဲကထွက်၍ ခေါင်းမော့ကြည့်နေသော စိုင်မကြီးသည် အုပ်ထဲ ပြန်ဝင်သွား၏။ စိုင်မကြီး အုပ်ထဲ ပြန်ဝင်လာသည်နှင့် စိုင်များသည် စောစောကအတိုင်း ကြွေကျနေသော ဖွေးသီးမှည့်များကို တဖြောက်ဖြောက် ရှာကောက်စားနေကြ၏။ သူတို့သည် သဘာဝအသိနှင့် ဖွေးပင်ကြီးကိုလည်း လည်ပင်း၊ ပခုံးတို့နှင့် တိုးတိုက်လုပ်ကြ၏။ သူတို့တွန်းတိုက်လိုက်တိုင်း မှည့်ရွှေနေသော ဖွေးသီးတွေက တဖြောက်ဖြောက်ကြွေကျလာရာ ပင်စည်ကို တွန်းတိုက်နေသော စိုင်က မစားရဘဲ ဖွေးသီးများကြွေကျရာနှင့် နီးသော နောက်စိုင်တွေက ကောက်စားကြသည်။

ထိုအခါ ဖွေးပင်ကို တွန်းတိုက်သော စိုင်က သူခြွေချ၍ ကျလာသော ဖွေးသီးကို လုကောက်စားသော စိုင်တွေကို လိုက်ဝှေ့ လိုက်ခတ်သည်။ ထိုအချိန်မှာပင် နောက်တစ်ကောင်က ဖွေးပင်၏ပင်စည်ကို လည်ပင်း၊ ပခုံးတို့နှင့် သွားတွန်းတိုက်၍ ဖွေးပင်ပေါ်က အသီးတွေကို ခြွေချနေပြန်သည်။

စိုင်အုပ်သည် စောစောကပင် ဤနည်းအတိုင်း ဖွေးပင်ပေါ်က ဖွေးသီးကို ခြွေချ၍ စားနေကြပုံရ၏။ သို့သော် ယခုအခါ ဖွေးပင်ပေါ်က ဖွေးသီးတွေမှာ စောစောကလို ဖြိုးဖြိုးဖြောက်ဖြောက်ကျမလာတော့ဘဲ တစ်လုံးစ နှစ်လုံးစသာ ကြွေကျနေလေရာ ထိုတစ်လုံးစ နှစ်လုံးစကို လုကောက်စားရင်း စိုင်လေးတွေကလည်း တစ်ကောင်နှင့်တစ်ကောင် ဝှေ့ခတ်နေကြပြန်သည်။

ဖွေးသီးခြွေချသူ စိုင်ကြီးတွေက သူ့ဖွေးသီးကို လုကောက်စားနေကြသော စိုင်များကို ပြေးလိုက်ဝှေ့ခတ်သောအခါ အားချင်းမမျှသော အကောင်ငယ်တွေက ထွက်ပြေးကြသည်။ ရွယ်တူတန်းတူ တစ်ကောင်က ပြန်ဝှေ့ခတ်သောအခါ ထိုနေရာမှာ စိုင်ကောင်နှစ်ကောင်က ခေါင်းချင်းဆိုင် ဝှေ့ခတ်နေကြပြန်၏။ သူတို့နှစ်ကောင် ဝှေ့ခတ်နေကြသောအခါ နောက်အကောင်တွေက ထွက်ပြေးကြသဖြင့် အုပ်ကွဲသွား၏။ အကောင်ငယ်များက



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ကောင်နှား လုံးဝမကပ်ရဲကြဘဲ ဂွေးပင်ပတ်လည်၌သာ ဂွေးသီးတွေကို ရှာဖွေကောက်စားနေကြ၏။

စိန်တောက်နှင့် ဘက်ထီးတို့သည် ပုန်းအောင်းချောင်းကြည့်နေရာမှ ခွေခတ်နေကြသော စိုင်နှစ်ကောင်နှား နီးနိုင်သမျှ အနီးသို့ ချဉ်းကပ်ကြ၏။ စိုင်နှစ်ကောင်က ခေါင်းချင်းထိပြီး ခဏငြိမ်နေကြစဉ် တစ်ယောက်တစ်ကောင်စီ ပစ်မည်ဟု ချိန်နေကြစဉ်ပင် ပြန်၍ ခွေခတ်နေကြပြန်ရာ ထိုနှစ်ကောင် လှုပ်ရှားလိုက်မှုကြောင့် ချိန်ကွက်ပျက်(မှန်မဝင်) ဖြစ်သွားပြန်၏။ စိုင်နှစ်ကောင်က တစ်ကောင်ကိုတစ်ကောင် နွားခွေသလို ခေါင်းချင်းဆိုင်၍ ထိုးတိုက်ခတ်နေကြရာ စိုင်နှစ်ကောင် ကန်ကျောက်လိုက်သော ကျောက်ခဲကျောက်လုံးတွေက စိန်တောက်နှင့် ဘက်ထီးတို့ အနားပင် လိမ့်ဆင်းလာ၏။

သည်လိုနှင့် စိုင်နှစ်ကောင် တစ်ကောင်နှင့်တစ်ကောင် ခေါင်းချင်းဆိုင်၍ အားစမ်းကြသလို တွန်းတိုးခွေခတ်နေကြရာမှ ဦးချိုချင်း ရိုက်ခတ်သံမှာ အတော်ပင်ကျယ်သည်။ သူတို့နှစ်ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် ဒေါသတကြီးခွေခတ်နေကြသဖြင့် လူရိပ်လူခြည်ကိုပင် သတိထားမိကြပုံမရ။ သူနိုင်ကိုယ်နိုင် ခွန်အားအကုန်ထုတ်၍ ခွေခတ်နေကြရာမှ ဤတစ်ခါတော့ တစ်ကောင်နှင့်တစ်ကောင် ခေါင်းချင်းဆိုင်ပြီး အားကုန်သွားသလို ငြိမ်နေကြပြန်၏။

စိုင်နှစ်ကောင် ခေါင်းချင်းဆိုင်၍ ငြိမ်နေကြချိန်မှာပင် စိန်တောက်နှင့် ဘက်ထီးတို့က တစ်ယောက်တစ်ကောင်စီကို ပစ်ထည့်လိုက်ကြသည်။

"ဗောင်း ..."

"ဗောင်း ..."

တောင်ကမ်းယံနှစ်ဖက်ကို ပဲ့တင်ရိုက်ဟည်းသွားသော သေနတ်သံနှစ်ချက်မှာ သားကောင်နှစ်ကောင်စလုံးကို ထိမှန်သွားသဖြင့် သံစဉ်ပျက်သွား၏။ သေနတ်သံနှင့်အတူ နှစ်ကောင်စလုံး လဲကျသွားကြသည်။

တောင်မြင့်ကြီးများကို ပဲ့တင်ဟည်းသွားသော အသံပင်မဆုံးသေး 'ကျအောင်း ကျအောင်းမင်း'ဟု အော်သံပေးကာ နာဂသူကြီးတို့အဖွဲ့က ပြေးလိုက်လာကြ၏။ ဦးချိုနှစ်ဖက်အရှည်မှာ ၂၃ လက်မခန့်ရှိပြီး၊ လုံးပတ်မှာ ၃ လက်မခန့်ရှိသော စိုင်ကြီးနှစ်ကောင်နားတွင် စိန်တောက်နှင့် ဘက်ထီးတို့က သူကြီးတို့အဖွဲ့ကို ရပ်စောင့်နေကြ၏။

သူကြီးနှင့် နာဂအဖွဲ့သားများ ရောက်လာကြသောအခါ စိန်တောက်က

"သူကြီး၊ သူကြီးအမိန့်အတိုင်းပဲနော်။ ကျုပ်တို့ တာဝန်မကျေဘူးလား"

ဆာဂျင်ကြီးကျအောင်းမင်း ပြောတာက တစ်ကောင်ပဲပစ်မယ်ပြောတာ။ ခု နှစ်ကောင်တောင်ဆိုတော့ တောင်စောင့်နတ်က လျော်ကြေးတောင်းနေမလား မသိဘူး"

ဝေလွန်စွန်ခေါင်သူကြီး၏စကား ကြောင့် စိန်တောက်နှင့် ဘက်ထီးတို့မျက်ချင်း ခေါင်းကြီးသွားသည်။ မနှစ်က ဝေလွန်စွန်ခေါင်လာလမ်း၌ ဗြိလက ကျားသစ်မတစ်ကောင်ကို ပစ်ယူလာရာ လန်ချယ်ရွာအရောက်မှာ လျော်ကြေးပေးပြီး ကျားပွဲလုပ်ပေးခဲ့ရသည်ကိုလည်း နှစ်ယောက်စလုံး ချက်ချင်းသတိရမိလိုက်ကြ၏။

သူတို့လေ့အယူအဆကိုတော့ အတိုက်အခံပြော၍ ရမည်မဟုတ်။ ထို့ကြောင့် စိန်တောက်က သတ်တော်လော ပေါ်လာသော အကြံနှင့် သူကြီးကို ပြန်ပြီး အကျပ်ကိုင်လိုက်၏။

"စောစောက သူကြီးပြောတော့ လေးကောင်တောင်ပစ်ကြမယ်ဆို။ ခုနှစ်ကောင်တည်းပဲ ပစ်တာလေ။ ကျုပ်မှာ တာဝန်မရှိဘူး။ တောင်စောင့်နတ်နဲ့ သူကြီးနဲ့ ရှင်းရမယ့်ကိစ္စပဲ"

စိန်တောက်စကားကြောင့် ရှိုးလွှ... သော သူကြီးခမျာ ဘာပြောရမှန်းမသိ... ငိုင်သွားစဉ် အဖွဲ့တွင်ပါလာသော နာဂ... မှုဆိုးကြီးတစ်ယောက်က –

"လေးကောင်အနေနဲ့ နားရွက်... လေးဖက်ဖြတ်ပြီး တင်လိုက်ရင် ရ... တယ်။ အဲဒါ ကျုပ်လုပ်ပေးပါ့မယ်သူကြီး"

ဟု မုဆိုးကြီး ဝင်ပြောလိုက်တော့... မှ သူကြီးမျက်နှာက ကြည်ကြည်လင်... လင် ပြန်ဖြစ်သွားသည်။

ထိုနာဂမုဆိုးကပင် စိုင်သေနှစ်... ကောင်၏ နားရွက်ဖျားတွေကို ဖြတ်... သည်။ အမြီးနှစ်ချောင်းကိုလည်း ဖြတ်ပြီး... လေးခုဖြစ်အောင်လုပ်သည်။ စိုင်ခြေ... ထောက် တစ်ကောင်စီက ရှေ့ခြေခွာ... တစ်ခု၊ နောက်ခြေခွာတစ်ခုစီကို ဘယ်... ညာ စလွယ်သိုင်း ဓားနှင့်ခြစ်ချသည်... နားရွက်၊ အမြီး၊ ခွာသီးတို့က ခြစ်ချထား... သော အရာများကို ဖက်ရွက်ပေါ်တင်ပြီး... တောင်ကမ်းယံအထက်ပေါ် ယူသွား...

ထိုအချိန်မှာပင် စိန်တောက်နှင့်... ဘက်ထီးတို့ ... နောက်ထပ်လည်း သား... ကောင်ပစ်စရာ မလိုတော့... ဖြင့် သူကြီး... နှင့် နာဂမုဆိုးအဖွဲ့တို့ ငြိုငြင်ကြမှာစိုး... တစ်လမ်းလုံး ထမင်းနှစ်နပ်သာ စားခဲ့ကြ... ရ၊ ဆေးလိပ်မသောက်ခဲ့ကြရ ဖြစ်လာ... ကြရာ ဤတစ်ခါတော့ နာဂတောင်ကမ်း... ပေါ်တွင် ရှားရှားပါးပါး စီးကရက်ကို တစ်... ယောက်တစ်လိပ်မျှဉ်းမသောက်၍ နာဂ... မုဆိုး နတ်တင်ရာက ပြန်လာသည်ကို... စောင့်ကြရ၏။

သူကြီးနှင့် ကျန်လူများက စိုင်... သေနှစ်ကောင်ကို ထမ်းပိုးသယ်ဆောင်... သွားရန် ထမ်းပိုးခုတ်၊ နွယ်ရှာလုပ်နေကြ... သည်။



www.burmeseclassic.com

www.burmeseclassic.com

နတ်ဆရာနာဂကြီး ပြန်လာသောအခါ နာဂတစ်ယောက်က သစ်ပင်ပေါ် ပြေးတက်သွားပြီး သူတို့ရွာ ဝေလွှနိစွန်ခေါင် မြေပုံညွှန်းကို သူကြီးအား သစ်ပင်ပေါ်က အော်ပြောပြီး ချက်ချင်းခုန်ချ ဆင်းပြေးလာသည်။ ထိုနာဂမှာ အတော် သစ်ပင်တက်မြန်သူပင်။ အတက်အဆင်းကို ငါးမိနစ်ခန့်သာ ကြာသည်ဟု ထင်လိုက်ရ၏။

သည်လိုနှင့် စိုင်ထီးအသေနှစ်ကောင်ကို ခြေလက်တုပ်ကာ သစ်ငုံးတံပိုးနှင့် ထမ်းလျှိုပြီး နာဂလေးယောက် တအင့်အင့်အသံပေးပြီး ထမ်းယူလာကြသည်။ မကြာမီ စစ်ချီစစ်တက်သံကို မြိုင်မြိုင်ဆိုင်ဆိုင်ဆို၍ အားမာန်အပြည့်နှင့် တစ်တောင်တက် တစ်တောင်ဆင်း ချီတက်လာကြရာ နေသာ မှုန်းတည့်သွား၏။ စောစောက သူကြီးပြောသလို မိမိအရပ် ဝေလွှနိစွန်ခေါင်ကို ရောက်မလာကြသေး။

BURMESE CLASSIC .com

စမ်းချောင်းနားအတိုင်း လျှောက်လာကြရာ ပေါင် ၁၅၀ ခန့် အလေးချိန်စီးသော စိုင်ကြီးနှစ်ကောင်ကို ဘစ်ကောင်လျှင် နှစ်ယောက်စီ ရှေ့နောက်ထမ်းလာကြသော နာဂတစ်ယောက်က သူကြီးကို ဘာပြောလိုက်သည် မသိ။ သူကြီးက သူ့စကားကို သဘောတူကြောင်း 'အိုင်း၊ အိုင်း'ဟု အော်ပြောသံကို ကြားလိုက်ရသည်။

ရေအတော်ပေါသင့်စီးနေသော စမ်းချောင်းဘေး ကစ်နေရာအရောက်တွင် သူကြီးက ဤနေရာတွင် နားကြရမည်ဟု ပြော၏။ အထမ်း၊ အပိုး၊ ပလိုင်း၊ လွယ်ပေါက်၊ ကျောပိုးအိတ်တို့ကို ကျောက်လုံး၊ ကျောက်စွန်းတွေပေါ် နေသားတကျ မချရသေး။ စမ်းချောင်းထဲရှိ လူတစ်ရပ်နှစ်ရပ်မြင့်သော ကျောက်တုံးကြီးနှင့် ကျောက်ဆောင်မတွေကြားထဲက နာဂအမျိုးသား သုံးလေးဦးတို့ ထွက်ပေါ်လာကြသည်။

သူကြီးနှင့် စိန်တောက်တို့ကိုကြည့်ကာ ထိုနာဂတွေက သူတို့ ဘာသာဘာဝ ပြောပြီး ရယ်မောနေကြ၏။ ဘာကို ရယ်ဖွဲ့နေကြမှန်း အစက စိန်တောက်တို့ နားမလည်။ နောက်တော့မှ ကြွပစ်သွားသူတွေက ကြွမရခဲ့ကြဘဲ စိုင်နှစ်ကောင်ကိုသာ ပစ်လာခဲ့ကြသည်။ စိုင်များ မိမိရွာနားတွင် သွားပစ်လျှင်လည်း ရရဲ့သားနှင့် ဝေးဝေးလလံက ပစ်ထမ်းသယ်ယူလာကြသည်ကို သရော်ကြသည်ဆို၏။

ထိုသူလေးယောက်မှာ စမ်းဖျားအိုင်များ၌ ငါးလာဖမ်းကြနေကြသည်ဆို၏။ နာဂတို့၏ ငါးဖမ်းနည်းမှာ ငါးမျှားချိတ်၊ ကွန်ပစ်၍ ငါးဖမ်းကြသလို 'ငွန်း' ဟုခေါ်သော အသီးတစ်မျိုး၊ 'ချာ'ဟုခေါ်သော အသီးတစ်မျိုးကို ကျောက်ခဲနှင့် ထုခွဲကြိတ်ခြေ၍ ရေအိုင်နှင့် ရေစီးအပေါ်ဘက်က ပစ်ချကြသည်။

. ထိုအသီးနှစ်မျိုးမှာ အဆိပ်ဖြစ်သဖြင့် အိုင်၌ရှိသော ငါးအကြီးအငယ်များမှာ ပါးစပ်ဟစီဟစီနှင့် မူးမော်ကာ ရေပေါ်တက်လာကြ၏။ ထိုငါးများကို ခြင်း၊ ပလိုင်း၊ လွယ်ပေါက်ထဲ ကောက်ထည့်၍ သူတို့ ငါးဖမ်းကြ၏။ ဤသည်မှာ ပြည်မနှင့် တိုင်းရင်းသားပြည်နယ်များတွင် ဤနည်းနှင့် အသုံးပြု ငါးဖမ်းကြသော ဆေးသီး၊ မဟာကာ၊ စလေ့၊ ဟုမ်းဟုခေါ်ကြသော အပင်မျိုးလား ထင်ရသည်။ စလေ့၊ မဟာကာ၊ ဟုမ်း၊ ဆေးသီးတို့နှင့် ဤနည်းအတိုင်း ငါးဖမ်းကြသည်ကို စိန်တောက်တို့ မြင်ဖူးကြသည်။

သူတို့ငါးဖမ်းနေကြသည်ကို သူကြီးနှင့် စိန်တောက်တို့က ဟိုကျောက်တုံးပေါ်ခုန်ကူးလိုက်၊ သည်ကျောက်တုံးပေါ်ခုန်ကြည့်လိုက်နှင့် နာဂတွေ ငါးဖမ်းနည်း သူကြီးက ရှင်းပြနေချိန်တွင် ဘက်ထီးက ကျန်နာဂများနှင့် နံနက်စာကို ထိုနေရာ၌ပင် ချက်ပြုတ်နေကြ၏။

စိန်တောက်က တောင်ပေါ်နေနေရသူဖြစ်သဖြင့် ငါးစိမ်းငါးစို မစားရသည်မှာ ကြာပြီဖြစ်၍ စိုင်သားနှင့်ငါး လဲကြရန် ပြောသောအခါ သူကြီးက ယခုလဲရန်မလို၊ ရွာရောက်၍ စိုင်နှစ်ကောင်ကို ဖျက်ကြသောအခါ ယခုနာဂတွေမှာလည်း မိမိရွာသားတွေဖြစ်သဖြင့် စိုင်သားဝေစုရကြမည်။ ထို့ကြောင့် လဲရန်မလိုဘဲ တောင်စမ်းကျ ငါးသလဲထိုးများနှင့် ကျောက်ငါးကြင်းကြီးတစ်ကောင်ကိုပါ ထမင်းဟင်းချက်နေကြသူများဆီပို့၍ ချက်နိုင်းလိုက်ကြရသည်။

နာဂတို့၏ အလေ့အထမှာ ဒလွှန်လေးစားစရာကောင်း၏။ တောလိုက်အမဲပစ်ကို စုပေါင်းလုပ်ကြသလို ရရှိလာသော အမဲသားကောင်များကိုလည်း စုပေါင်းဝေငှခြင်း၊ စုပေါင်းချက်စားခြင်း ရှိကြသည်။ အမဲလိုက် သားကောင်ပစ်ရန် သွားကြသောအခါ 'ဂူတနပူ'ခေါ် ဝါရင့်မုဆိုးကြီးက ဦးဆောင်သည့်အဖွဲ့နှင့် သွားကြပြီး ခွေးတွေကို ရှေ့က တင်လွှတ်သည်။ သူတို့မွေးထားသော တောလိုက်ခွေးတွေမှာလည်း သူတို့၏ အရှင်သခင်မုဆိုး၏အထာနှင့် သားကောင်ကြီးငယ်တို့၏ အထာကိုလည်း သိကတ်ကြသည်။

လူတွေက မားလုံလေးမြားထမ်း၍ ခွေးနောက်က လိုက်သွားကြရသည်။ သူတို့ခွေးတွေက သားကောင်တွေ့လျှင် လူတွေ ဉ့် ဟောင်သံပေး၍ ခေါ်၏။ သားကောင်မတွေ့မချင်း ဘာသံမျှမထွက်ကြ။ သားကောင်ငယ်များဆိုလျှင် လူပင်မသတ်လိုက်ရဘဲ ခွေးတွေက ပိုင်းကိုက်ချီလာပေးကြသည် ဆို၏။ သားကောင်လိုက်ကြသောအခါမှာလည်း သူတို့မှာ ပညတ်ချက် ရှိသည်။ သားကောင်ကို အရင်ဦးဆုံး ပြေးကိုက်နိုင်သော ခွေး၏



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရှင်က ခေါင်းခွံကိုရသည်။ အိမ်၌ နတ်ပူဇော်သောအခါ ထိုခေါင်းခွံကို အသုံးပြုသည်။ ထိုခွေးအတွက် ပိုင်ရှင်က ဂုဏ်ယူသည်။

သားကောင်လိုက်ရာ၌ ကျားတွေ့လျှင် နာဂများက ရှောင်ကြသည်။ ကျားနောက်ကိုမလိုက်ကြ။ ကြောက်၍မဟုတ်။ ကျားတို့သည်လည်း သူ့အစာ သူရှာစားတာပဲဟု သဘောထားကြသည်။ ကျားကစပြီး သစ္စာမဖောက်လျှင် သူတို့ကလည်း သစ္စာမဖောက်။ ရွာထဲဝင်ပြီး ကျွဲ၊ နွား၊ ဝက်၊ ခွေးကို လာဆွဲလျှင်တော့ ထိုကျားကို အသေသတ်ရန် တစ်ရွာလုံးမှာ တာဝန်ကျရောက်ပြီဟု ယူဆကြသည်။ သက်ကြီးရွယ်အိုများ၊ မိန်းမ၊ ကလေးများကလွဲလျှင် ယောက်ျားမှန်သမျှ ကျားရှာကြ၊ ကျားလိုက်ကြရသည်။

သူတို့ရွာထဲကိုဝင်ပြီး သစ္စာဖောက်သွားတဲ့ကျားက ဤတောတွင် ရှိသည်ဟု အတပ်သိလျှင် ထိုတောကို လူအုပ်နှင့် ဝိုင်းထားကြပြီး သစ်ပင်ချုံပုတ်တွေကို ခုတ်ခုတ်ရှင်းသွားပြီး ကျားရှာကြသည်။ ကျားကိုမြင်သောသူများက ကျားဆီပြေးသွားပြီး သူ့ထက်ငါ ဦးအောင် ကျားကို ပြေးခုတ်ကြသည်။ ကျားကို အရင်ဦးဆုံး ပြေးခုတ်နိုင်သူက ကျားစွယ်နှင့် ကျားခေါင်းကို ရသည်။ ထိုကျားခေါင်းကို နတ်တင်သည်။ အစွယ်ကို လည်ပင်းတွင် ဂုဏ်ယူဝင့်ကြွားစွာ ချိတ်ဆွဲထားလေ့ရှိ၏။ အမှုကိစ္စ ဖြစ်ပေါ်လာလျှင် ကျားစွယ်ကို ကိုက်၍ မှန်သောစကားနှင့် သစ္စာဆိုရသည်။ ကျိန်စာတိုက်ရသည်။

ကျားတစ်ကောင်ရလျှင် လေးငါးရက် 'ရက်ကန်း'သတ်မှတ်ကာ အလုပ်မသွားကြဘဲ ရန်သူကို အောင်နိုင်သော အထိမ်းအမှတ်အဖြစ် ကျွဲ၊ နွား၊ ဝက် သတ်၍ တင်ကြ၊ ကကြ၏။ ထိုပွဲတွင် ကျားကို ဦးဆုံးခုတ်နိုင်သူ၏ ဂုဏ်ကို ဖော်ကျူးကာ ကကြ၊ ခုန်ကြသည်။

ယခု စိုင်ကြီးနှစ်ကောင်တောင် ရာလာကြတာ ပွဲလုပ်ဦးမလားဟု စိန်တောက်က သူကြီးကို မေးကြည့်ရာ ရန်သူမဟုတ်သော သာမန် ဝက်၊ ချေ၊ ဆတ်၊ စိုင်၊ ပြောင်တို့ကို ပွဲလုပ်ရန်မလိုဟု သူကြီးက ပြော၏။ ပြီးတော့မှ ငါးအဆိပ်ခေးကိစ္စ သူကြီးက ဆက်ပြောပြသည်မှာ . . .

ဤအဆိပ်ခေးဖြစ်သော အသီးအနွယ်၊ အမြစ်တွေမှာ ရေအောက်ရှစ်တောင်၊ ကိုးတောင်အောက်မှာ နေနေကြသော ငါးများကိုပင် မူးစေ၍ ရေပေါ်ပေါ်လာရအောင် စွမ်းဆောင်နိုင်သော ဆေးတစ်မျိုး ဖြစ်သည်၊ ထိုအသီး၊ အနွယ်၊ အမြစ်များကို ငါးဆေးခပ်ရန် ထုထောင်းရာတွင် လူတို့၏မျက်စိကို မစင်မိအောင် သတိထားရသည်။ မျက်စိကိုထိလျှင်၊ မျက်စိထဲဝင်သွားလျှင် မျက်စိမကန်းသော်လည်း တစ်မျက်နှာလုံး ရောင်ရမ်းဖောသွပ်ပြီး တစ်ပတ်၊နှစ်ပတ်ကြာမှ ပျောက်သွားတတ်သည်ဆို၏။

စိန်တောက်တို့မှာ မိမိရွာ ဝေလွန်စွန်ခေါင်နှင့် နီးနေပြီဖြစ်သဖြင့် နံနက်စာကို ထိုစမ်းချောင်းဘေးနားမှာပင် ငါးဟင်းနှင့် အေးအေးလူလူ တပျော်တပါး စားကြ၏။ စိန်တောက်နှင့် ဘက်ထီးတို့က ငါးသလဲထိုး အိုးကင်းကပ်၊ ငါးဟင်းချို၊ နာဂတို့၏ ငါးကျည်တောက်ထဲက စိုင်သား ရေလုံပြုတ်၊ ခေါင်ရည်တို့နှင့် ထမင်းမြိန်ယှက်ကြသည်မှာ လမ်းခရီးသုံးလေးရက်၌ အကောင်းဆုံး နတ်သြဇာထမင်း တစ်နပ်ပင်။

ထမင်းစားပြီး၍ မကြာမီပင် နာဂတစ်ယောက်က 'အာညို'ဟု ပြောသောအခါ သူကြီးက –

"ကဲ . . . နေမညိုမီ သွားကြမယ်"

ပြောသဖြင့် အားလုံး ထကြသည်။

နာဂတစ်ယောက်က 'အာညို' ဟု[...] သောစကားမှာ နေမဝင်မီ ရွာအရောက်[...] သွားကြရန်ဟု နားလည်ရသည်။

သူတို့စကားနှင့် မနက်ကို 'အာ[...] စား'၊ နေ့လည်ကို 'အာဝေါင်'၊ ညနေကို[...] 'အာညို'ဟု တစ်နေ့ကို သုံးပိုင်းခွဲထားကြ[...] သည်။

စိုင်တစ်ကောင်မှာ ပေါင်တစ်ချောင်း[...] ကတော့ နံနက်စာထဲ ပါသွားပြီ။ နောက်[...] တစ်ကောင်ကတော့ အင်္ဂါအစုံပင် ရှိသေး[...] ၏။ ထိုစိုင်နှစ်ကောင်ကို သူတို့ရွာက ငါး[...] ဖမ်းနေကြသူတွေကို တစ်လှည့်ထမ်းခိုင်း[...] ၏။

ရွာနားရောက်သောအခါ သူကြီးက[...] စိုင်သေနှစ်ကောင်ကို စခန်းထိလိုက်ထမ်း[...] ပို့ရန် ပြော၏။ စိန်တောက်တို့ ရဲစခန်း[...] ရောက်မှ အသားပေါ်၍ ရွာကိုဝေငှပေး[...] မည်ဟု ဆိုသည်။ သူကြီးစကားကို စိန်[...] တောက်က –

"သူကြီးတို့ပဲ ယူသွားပြီး ရွာမှာ[...] ပေါ်ကြပါ။ ကျုပ်တို့ကို အသားတစ်တွဲ[...] နဲ့ ကလီစာတစ်တွဲလောက်ပဲ ပေးပါ[...] ခေါင်းကတော့ ထုံးစံအတိုင်းပဲပေါ့"

ဟု ပြောလိုက်ရ၏။

[...]စခန်းနားတွင် နွားနီးနီးကြီးသော[...] စိုင်နှစ်ကောင်ကို ပေါ်ကြ၊ ဖျက်ကြလျှင်[...] အနံ့အသက်ဆိုးမှာကိုလည်း မလိုလား[...] သဖြင့် ပြောလိုက်ခြင်းဖြစ်၏။ စိန်တောက်[...] စကားကို သူကြီးကလည်း ဝမ်းသားအား[...] ရပင် –

"မကြာပါဘူး။ ကအောင်းမင်းတို့[...] ဝေစုလာပေးပါ့မယ်"

ဟု ပြော၏။

"ဩော် . . . ဒါနဲ့သူကြီး။ ကျုပ်တို့[...] ကို စိုင်ခေါင်းလည်း ယူမလာပါနဲ့။ ကျုပ်[...] က ချိုပဲလိုချင်တာပါ"

"ခေါင်းမပါဘဲ ချိုဘယ်လိုလုပ်[...] မလဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သူကြီးက သူ့ကိုနောက်နေသည် ဆင်ရှိလား မသိ။ ခေါင်းတညိတ်ညိတ်နှင့် လမ်းခွဲကာ ရွာဘက်ပြန်သွားကြ၏။

သူတို့သည် သားကောင်အထမ်းနှင့် ရွာဝင်ခါနီးတွင် သူတို့ရှိးရာအရ ဘာအညာညာ လုပ်ကြဦးမည်ဖြစ်သဖြင့် နိုင်သားတွဲက ညနေစာအမီပင် ရောက်လာပါ့မလားဟု ဘက်ထီးက ပြော၏။

"မင်းကလည်း စိုင်သားမစားဖူးတာကျနေတာပဲ။ နေ့လည်ကလည်း စားခဲ့ပြီပဲ"

"နေ့လယ်က သူတို့ချက်ထားတာ ကျွန်တော်တော့ သိပ်စားမရဘူး။ ဘာအရွက်တွေ ထည့်ချက်ထားလဲ မသိဘူး။ ခ်ိမ်းရွှေရွှေနံ့သလိုပဲ။ တစ်လမ်းလုံး စားလာကြရတဲ့ ကျွဲရိုင်းသားကျပ်တိုက်မှ တော်သေးတယ်။ စိုင်းသားလာပေးရင် ဆီပြန်ချက်ပြီး အာပီရမ်နဲ့ ခဲလိုက်ရရင် ဟင်း ... ဟင်း ... ခုတောင်သွားရည်ကျလာပြီ။ ဟဲ ... ဟဲ ..."

ဟု ဘက်ထီးက ညနေစာကို တမ်းတမ်းတတ ပြောနေသည်။

* * * * *

"ယောကြီးရေ ... ယောက်ဖ"

ပြည်စောင့်ရဲစခန်းရှိရာ တောင်ကုန်းပေါ် အလျင်စလို လှမ်းတက်သွားသော ဘက်ထီးက အသံကိုမြှင့်၍ ယောသားကြီး လောလှကို လှမ်းအော် အသံပေးလိုက်၏။

ဘက်ထီးအသံကို ကြားသည်နှင့် လောလှအပြင် ရွှေခဲ၊ ဂြိလ၊ ထန်မန်း၊ ငယောင်း၊ ပေါင်ပီတို့ပါ စခန်းရှေ့ ပြေးထွက်လာကြ၏။

"ဟ ... ဂြိလ၊ မင်းတို့ ဘယ်နေ့က ပြန်ရောက်နေကြလဲ"

"မနေ့ကပဲ ဆာဂျင်ကြီး။ စစ်ပိုရောက်ကြတာတော့ ဟိုတစ်နေ့ကပင်။ ဆာဂျင်ကြီးတို့ ကြွပစ်သွားကြတဲ့နေ့ကပဲ စစ်ပိုသူကြီးနဲ့ ရွာသားတွေ ထမ်းပို့ကြလို့ ပစ္စည်းတွေတော့ အကုန်လုံးနီးနီး စခန်းကို မနေ့ကပင် ရောက်ပါပြီ"

"အေး ... အေး .. ပစ္စည်းတွေတော့ နောက်မှ စစ်နိုင်မယ်ကွာ။ တို့ အိန္ဒိယထဲတောင် ရောက်သွားကြသေးတယ်။ လမ်းမှာ ထမင်းတောင် သုံးနပ်ပဲ စားခဲ့ကြရတယ်။ ပင်ပန်းလိုက်တာ မပြောပါနဲ့တော့"

"ကြွကော ဆာဂျင်ကြီး"

"နှစ်ကောင်ရခဲ့တယ်ကွ"

စိန်တောက်စကားကို မစောင့်ဘဲ ဘက်ထီးက ဝင်ပြောလိုက်၏။

စိန်တောက်က ရယ်ပြီး စခန်းပေါ် တက်လာစဉ် ဘက်ထီးနှင့် ရွှေခဲတို့က စကားဆက်ပြီး နောက်ကလိုက်လာကြ၏။ ယောကြီး လောလှက ဝမ်းသာအားရသံနှင့် –

"မင်းတို့ကတော့ ကော်တာပဲကွ"

ထန်မန်းကလည်း –

"ဘယ်မှာထားခဲ့ကြလဲ"

"ရွာကသူကြီးဆီမှာ"

"တို့လိုက်ကြည့်ချင်တယ်ကွာ .. ။ သွားရအောင်ကွာ"

ဘက်ထီးက ခပ်တည်တည်နှင့် –

"ခုလောက်ဆို သူကြီးတို့အဖွဲ့က လီးဖျက်ပေါ်ပစ်လိုက်ကြရောပေါ့ကွာ။ ဘယ်အကောင်လိုက် ရှိတော့မှာလဲ။ မင်းတို့ ညနေကျ ကြွသားနဲ့ ဂြိလတို့အမျိုးလို ပွဲလုပ်ရင်းစားကြတာပေါ့။ အတော်ကြာ သူကြီးက သားလာပေးလိမ့်မယ်။ ယောကြီး ... မင်းငရုတ်သီးတွေ အဆင်သင့်ထောင်းထားနော်"

"လင်မယားနှစ်ကောင်ဆို၊ နှစ်ကောင်စလုံး ရလာခဲ့ကြတာပေါ့"

"နှစ်ကောင်မဟုတ်ဘူးကွ။ သုံးကောင် ... သုံးကောင်။ တစ်ကောင်ကတို့ပစ်လို့ရတာ မဟုတ်ဘူး။ နာဂတွေသုတ်ကိုင်းမှာ မိနေလို့ ရခဲ့ကြတာ။ အဲဒီအကောင်ကတော့ ခုထိ ပကတိအကောင်းအတိုင်းပဲ။ စခန်းမှာ အဲဒီကောင်ကို ပေါ်ဖို့ မင်းတို့ ဓားထက်ထက်သွေးကြ။ ကြွရေကာထူတော့ ဓားထက်မှ ဖြစ်မယ်"

စခန်းပေါ် ရောက်လာကြသည်ထိ တကယ့်ကြွရလာကြသည် ထင်သဖြင့် ဘက်ထီးကို ဝိုင်းမေးကြသော ဂြိလတို့အဖွဲ့ကို စိန်တောက်က လှမ်းနောက်ပြောလိုက်၏။

စိန်တောက်က ကြွမရခဲ့ကြသည့်အကြောင်းကို မပြောသေးဘဲ ဘက်ထီး နာဂသုတ်ကိုင်းမိသည့်အကြောင်းကို ဦးဆုံးပြောပြလိုက်ရာ တဝါးဝါးနှင့် ပွဲကျသွားကြ၏။

"တို့လမ်းမှာ ထမင်းငတ်လာကြတယ်။ ထန်မန်း ... ဆာဂျင်နဲ့ ငါ့အတွက် ထမင်းထဝ်ချက်ဦးကွာ။ လောလှ ... မင်းကို စောစောက ငါဘာပြောထားလဲ။ သူကြီးလာပေးရင် ကြွသားချက်ဖို့ ငရုတ်သီးထောင်းထားပါဆို ခုထိ မင်းဖင်မရွှေ့သေးပါလား။ သွားလေ ..."

ဟင်းချက်တာဝန်ခံ လောလှက ငရုတ်သီးထောင်းထားရန် တကယ်ပင် မီးဖိုထဲဆင်းသွားသည်။

စိန်တောက်ပြောသည်ကို ရိပ်မိသွားသော ပေါ်ဇီက –

"ဆာဂျင်ကြီး ပြောတော့ ကြွက ပေါ်ရဦးမယ်ဆို။ လာလေကွာ ရွှေခဲ၊ ကြွပေါ်ရအောင်"

ဟု ဘက်ထီးကို ဝင်ဖမ်းလုံးသော အခါ အားလုံးပွဲကျသွားကြပြန်၏။

(ရှေ့လဆက်ရန်)

ပိုးကျော့



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ကြမ္မာဖန် လင်းမယား

## THE MAN WHO ROBBED HIS OWN POST OFFICE

by

JEFFERY ARCHER

လှအောင်

BURMESE CLASSIC .com

### မူရင်းစာရေးဆရာ

ဂျက်ဖရီအားချားမှာ ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာကြီး ဖြစ်သည်။ သူ၏ နာမည်ကြီးလှသော Not A Penny More, Not A Peeny Less (မပိုကြေး၊ မလိုကြေး-အထောက်တော်လှအောင် မြန်မာပြန်)၊ Kane & Abel (ကမ္ဘာရန်-မောင်ပေါ်ထွန်း မြန်မာပြန်)နှင့် A Twist in the Tale ဝတ္ထုကြီးများမှာ အုပ်ရေ သန်းပေါင်း ၁၂၀ ကျော် ရောင်းခဲ့ရသည်။

ဂျက်ဖရီအားချားသည် ဗြိတိန်အောက်လွှတ်တော်တွင် ငါးနှစ်၊ အထက်လွှတ်တော်တွင် ဆယ့်လေးနှစ်မျှ 'ပါလီမန်အမတ်အဖြစ် ထမ်းဆောင်ခဲ့ကာ အကျဉ်းထောင်၌ နှစ်နှစ်နေခဲ့ရဖူးသည်။

ယခု ညွှန်ဝတ္ထုလတ်မှာ သူ၏ ထောင်တွင်းကိုယ်တွေ့မှတ်တမ်းများမှ ထွက်ပေါ်လာခဲ့သော စိတ်ကြိုက် လက်ရွေးစင်ပေါင်းချုပ် ဖြစ်သည့် CAT O' NINE TAILS စာအုပ်မှ တစ်ပုဒ်ဖြစ်သည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

[အစ]

တရားသူကြီး မစ္စတာဂျပ်စတစ် ဂရေးက တရားခံတန်းတွင်ရှိသော တရားခံနှစ်ဦးအား စိုက်ကြည့်သည်။ ခရစ္စနှင့် ဆူးဟဲ့စကင်းစ်တို့က စာတိုက်ပိုင် ပစ္စည်းဥစ္စာ ပေါင်ငွေ ၂၅၀,၀၀၀ လိမ်လည်ခိုးထုတ်မှု၊ နောက်ပြီး နိုင်ငံကူးလက်မှတ် စာအုပ်အတု လေးအုပ်ပြုလုပ်မှုများအတွက် စွဲချက်အတိုင်း အပြစ်ရှိပါကြောင်း ဖြောင့်ဆိုသွားကြသည် မဟုတ်လား။

မစ္စတာနှင့် မစ္စစ် ဟဲ့စကင်းစ်တို့ လင်မယားမှာ သက်တူရွယ်တူ ရှိပုံရသည်။ ဒါကလည်း စင်စစ်တော့ လွန်ခဲ့သည့် အနှစ်လေးဆယ်လောက်က ကျောင်းအတူနေခဲ့ကြသဖြင့် အံ့ဩစရာတော့ မရှိပါ။ သူတို့ကို လမ်းမှာ မိတ်ဆွေတွေ့လျှင် နှစ်ခါပြန်မကြည့်ဘဲ ကိုယ့်ဘာသာ လွန်သွားနိုင်လောက်သည်။

ခရစ္စမှာ အရပ် ငါးပေကိုးလက်မလောက် ရှိသည်။ နက်မှောင်သော ဆံပင်လိမ်တွေက ဖြူစပြုနေပြီ။ ကိုယ်အလေးချိန် အနည်းဆုံး တစ်စတုန်(ဆယ့်လေးပေါင်)ကျော်လောက် ပိုနေသည်။ သူသည် တရားခံတန်းတွင် ဖြောင့်ဖြောင့်မတ်မတ် ရပ်လျက်ရှိသည်။ သူ့ကိုယ်ပေါ်က ဝတ်စုံက ဝတ်ရလွန်း၍ ပွန်းနေသည့်တိုင် ရုပ်အကျိုးကျတော့ သန့်ပြန့်သည်။ အစင်းအစင်းနှင့် လည်စည်းက ကလပ် အသင်းတစ်ခုတွင် အသင်းသားတစ်ဦးဖြစ်ကြောင်း အရိပ်အခြည် ညွှန်းနေ၏။ ရှူးဖိနပ်အနက်တွေကတော့ တဲတွေးတွေးပြီး ပြောင်လက်နေအောင် တိုက်ထားသလား မှတ်ရသည်။

သူ့ဘေးတွင် သူ့ဇနီး ဆူး ရပ်နေ၏။ သေသပ်သော ပန်းပွင့်ဒီဇိုင်းအကျႌတော်သင့်ရုံ ရှူးဖိနပ်တွေက စိတ်ဓာတ်နိုင်ကျည် စည်းလုံးပြီး စနစ်ရှိသော မိန်းမသားတစ်ဦး၏ အဖြစ်ကို ညွှန်းနေ၏။ ပြောလို့သာ ပြောရသော်လည်း သူတို့ လင်ကိုယ်မယား ဝတ်ထားသည့် အဝတ်အစားတွေက ဘုရားကျောင်းသွားရာတွင် ပုံမှန်ဝတ်သော အဝတ်အစားတွေသာ ဖြစ်ပါသည်။ မြို့ပြောရလျှင် တရားဥပဒေဆိုသည့် အဘဘုရား၏ တစ်ပြေးညီအရာထက် လျော့နည်းခြင်းမရှိသော အရာဖြစ်သည်ဟူ၍ သူတို့လင်မယား သဘောထားကြသည်။

တရားသူကြီး မစ္စတာ ဂျပ်စတစ် ဂရေးသည် သူ့အာရုံကို မစ္စတာနှင့် မစ္စစ် ဟဲ့စကင်းစ်တို့၏ ဝတ်လုံတော်ရရှေ့နေကလေးဆီသို့ ပြောင်းလိုက်သည်။ ဝတ်လုံကလေးမှာ လူငယ်တစ်ဦးဖြစ်ကာ အတွေ့အကြုံသမ္မာထက် ငွေကြေးအခြေခံအကြောင်းတရားကြောင့် ငှားရမ်းထားသော ရှေ့နေကလေးသာ ဖြစ်သည်။

"မစ္စတာရောဂျားစ် . . . ဒီအမှုမှာ ငုံ့ညွှာယောက်ထားရမယ့် အနေအထားတွေ ရှိပါသေးကြောင်း ညွှန်းဖို့ရာ လူကြီးမင်းမှာ ဆန္ဒရှိတယ်ဆိုတာ ယုံမှားစရာ မရှိပါဘူးနော်"

ဝတ်လုံကလေးအပေါ် ရှိုင်းပင်းသည့်အနေဖြင့် တရားသူကြီးက တွန်းတွန်းတိုးတိုး ပြောလိုက်ခြင်း ဖြစ်သည်။

ထိုအခါ ရှေ့နေဖြစ်ခါစ ဝတ်လုံကလေး ပနေရာမှထရပ်လျက် "ဟုတ်ကဲ့ပါ တရားသူကြီးမင်းခင်ဗျား"ဟု ဝန်ခံသည်။ အမှန်က ဤအမှုမှာ သူရှေ့နေလိုက်ပေးရသော ဒုတိယမြောက်အမှုသာ ဖြစ်ပါကြောင်းနှင့် တရားသူကြီးအား ပြောလို၏။ သို့သော် ဤကိစ္စမှာ သက်ညှာထောက်ထားရမည့် အနေအထားတစ်ရပ် ဖြစ်သည်ဟု တရားသူကြီးက စဉ်းစားလာစရာ မရှိဟူ၍သာ သူ့စိတ်ထဲ၌ ခံစားရသည်။

မစ္စတာ ဂျပ်စတစ်ဂရေးသည်

လျှောက်လဲချက်ကို ကြားနာရန်အသ[...]
နေရာတွင် သက်သောင့်သက်သာ ဒို[...]
ချလိုက်သည်။ လျှောက်လဲချက်က [...]

မစ္စတာဟဲ့စကင်းစ်မှာ တစ်ည[...]
တစ်ည ဆိုသလို ရက်စက်ကြမ်းကြု[...]
[...] အရိုက်အနှက် အ[...]
အကြောင်း ခံခဲ့ရသည်။ မစ္စစ်ဟဲ့စကင်[...]
[...] အပျိုဖော်ဝင်ခါစအရွ[...]
[...] သူ လူယုတ်မာ၏ [...]
[...] ခံခဲ့ရသည်။ အို[...]
[...]ချေ။ ဟဲ့စကင်းစ်တို့[...]
မေ့သိန့် ပျော်ရွှင်သော စိတ်အနေအထ[...]
ဟန်ချက်ညီသော နောက်ခံအကြော[...]
များဖြင့် ဆင်းသက်လာသူများဖြစ်ပြီး [...]
ကျောင်းဟည်း ပညာလည်း အတူသ[...]
ကြပါသည်ခင်ဗျာဟု ဝတ်လုံက[...]
မစ္စတာရောဂျားစ်က တရားရုံးတော်[...]
ယုံကြည်စိတ်ချအောင် လျှောက်လဲသ[...]

နောက်ပြီး သူတို့၏ တစ်ဦးတည်[...]
သော သမီး ထရေစီ ဆိုလျှင်လ[...]
ဘရစ္စတိုတက္ကသိုလ်ကျောင်းထွက်၊ [...]
ပညာတတ် မိန်းကလေး။ ယခု အ[...]
ဖို့ဒ်ကုမ္ပဏီ၌ မြေယာအဆောက်အ[...]
အေးဂျင့်အဖြစ် လုပ်ကိုင်လျက်ရှိပါသ[...]
စံမိသားစုတစ်ခုပါခင်ဗျာ။

ဝတ်လုံကလေး မစ္စတာရော[...]
သူ့မှတ်စုကို တစ်ချက်ငုံ့ကြည့်၏။

နောက်မှ ဟဲ့စကင်းစ်ဇနီးမော[...]
တရားခံတန်း၌ ထိုမနက် နိဂုံးလာချု[...]
ချုပ်ရနည်းကို လျှောက်လဲသည်။ တ[...]
သူကြီး မစ္စတာဂျပ်စတစ်ဂရေးမှာ [...]
လင်မယား၏ ဖြစ်အင်ကို စိတ်ဝင်[...]
သထက် စိတ်ဝင်စားလာသည်။ ဝ[...]
ကလေး သူ့နေရာ၌ ပြန်ထိုင်သွားချိ[...]
တရားသူကြီးမှာ သူချမှတ်ရမည့် [...]
ချက်၏ အတိုင်းအရှည်ပေါ် ဆင်ခြ[...]
သပ်ရန် သူ၌ အချိန်အနည်းငယ်မျှ [...]
ထပ်လိုအပ်သည်ဟု ခံစားသွား[...]



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လာမည့် တနင်္လာနေ့ နံမတိမ်းမီ မနက်ဆယ်နာရီအထိုးတွင် သူ့ရှေ့မှောက်သို့ အရောက်လာရန် ဘရားခံနှစ်ဦးအပေါ် အမိန့်ချသည်။ ထို အချိန်ကျမှ ဆုံးဖြတ်ချက်တစ်ရပ် သူချ မှတ်နိုင်မည် မဟုတ်လား။

ဤတွင် ဝတ်လုံကလေးသည် သူ့ နေရာ ဒုတိယအကြိမ် ထပြန်သည်။

''လူကြီးမင်းစိတ်ထဲမှာ ကျုပ်ဟာ တရားခံနှစ်ဦးကို အာမခံပေးလိမ့်မယ်ဆို တာ ယုံမှားသံသယမဖြစ်ဘူး မဟုတ်လား မစ္စတာရောဂျားစ်''

တရားသူကြီးက မျက်ခုံးတစ်ဖက်ချီ လျက် စူးစမ်းမေး မေးလိုက်သည်။ ဝတ် လုံကလေး အံ့အားသင့်သွားရာမှ တစ်စုံ တစ်ရာ တုံ့ပြန်ပြောမလာနိုင်ခင်မှာပင် တရားသူကြီးက အမိန့်ချလိုက်သည်။

''ပေးလိုက်တယ်''

✸

တနင်္ဂနွေနေ့ နေ့လယ်စာ စားကြ ရင်း တရားသူကြီးဂျပ်ဗတစ်ဂရေးက မစ္စတာနှင့် မစ္စစ်ဟဲ့စကင်းစ်တို့လင်မယား ၏ ဖြစ်အင်ကို ဇနီးဖြစ်သူအား ဖောက် သည်ချခဲ့သည်။ အမှန်တော့ သူ့ဇနီး တနက်တာဂရေးက သူ့သဘောထားကို တရားသူကြီး သူ့သိုးနံ့ရိုးသားဟင်းမစား ခင် အတော်ကြာကတည်းက ခင်ပြေပြီးပြီ ဖြစ်သည်။ ''သူတို့လင်မယားနှစ်ယောက် စလုံးကို လူ့အသိုက်အမြုံအတွက်လုပ်တဲ့ အကျိုးပြုလုပ်ငန်းတွေမှာ တစ်နာရီစာ ထမ်းဆောင်ဖို့ စီရင်ချက်ချလိုက်ပေါ့ရှင်။ ပြီးတော့ စာတိုက်ကြီးမှာ သူတို့မှုလထည့် ဝင်ထားတဲ့ ရင်းနှီးမြှုပ်နှံငွေကို သူတို့ အပေါ် အပြည့်အဝပြန်လည်ပေးဖို့ တရား ရုံးအမိန့်တစ်ရပ်လည်း ထုတ်ပြန်လိုက် ပေါ့''ဟု အတိအလင်းပင် ပြောခဲ့သည်။

ဤစကားမှာ ဗိုသတ္တဂါယောက်ျား မျိုး စိတ်တွေအပေါ် တနက်စာ ဘယ် တုန်းကမှ ထားလေ့မရှိခဲ့သော သူလိုငါလို သာမန်အသိတစ်ခုကို လှစ်ဟပြရင်းပြော လိုက်ခြင်း ဖြစ်သည်။

တရားသူကြီးကလည်း သူ့ဘက် က တရားမျှတစွာ ပြုကျင့်မိအောင် ဇနီး သည် သဘောထားအပေါ် သဘောတူ လိုက်သည်။ သို့ကြား ဤအမှုကို ဤ အတိုင်းချည်းတော့ သူ လက်လွှတ်ပေး လိမ့်မည် မဟုတ်ကြောင်းလည်း ဇနီးအား ပြောလိုက်သည်။

သည်တော့ သူ့ဇနီးက ''ဘာ ကြောင့်မလွှတ်ရတာလဲ''ဟု ပြန်မေး သည်။

''မလွှတ်ဆို နိုင်ငံကူးလက်မှတ် အတု လေးအုပ်လုပ်မှုကြောင့်''

✸

BURMESE CLASSIC .com

မစ္စတာ ဂျပ်စတစ်ဂရေးသည် နောက်နေ့မနက် ဆယ်နာရီအထိုးတွင် တရားခံတန်း၌ တာဝန်ကျေစွာ မတ်တတ် ရပ်နေကြသော မစ္စတာနှင့် မစ္စစ်ဟဲ့ စကင်းစ်တို့အား တွေ့ရသည်ကို အံ့သြ မသွားမိပေ။ နောက်ဆုံး[illegible]လျှင် သူ တို့လင်မယားမှာ ရာ[illegible]အားတွေမှ မဟုတ်ကြပေဘဲ။

တရားသူကြီးသည် [illegible] ပြီး သူတို့ဇနီးမောင်နှံအား [illegible]ကြည့်လာ သည်။ မျက်နှာကို ကြ[illegible]ကိုရှိုးအောင် ထားလိုက်သည်။

''အမောင်နဲ့ အမိတို့နှစ်ဦးဟာ စာ တိုက်ကနေ လိမ်လည်ခိုးယူမှုနဲ့ နိုင်ငံကူး လက်မှတ်စာအုပ်အတု လေးအုပ်ပြုလုပ် မှုတွေအတွက် စွဲချက်အတိုင်း အပြစ်ရှိပါ ကြောင်း ရုံးတော်ကို ထွက်ဆိုချက်တွေ ပေးသွားခဲ့ကြပါပြီ''

ဤနေရာတွင် သူက ဆိုးညစ် သော၊ ရုက်ဖွယ်သော၊ စက်ဆုပ်ဖွယ်ရာ ရှိသော ဆိုသည့် နာမဝိသေသနစကား တစ်စုံတစ်ရာ ထည့်သွင်းပြောရန် ကြောင့် ကြစိုက်မနေပါ။ ဤဖြစ်ရပ် ဤအမှုတွင် ဤသို့သုံးနှုန်းရန် သင့်လျော်အံဝင်သည် ဟု သူ့စိတ်တွင် မယူဆသောကြောင့် ဖြစ်သည်။

သို့နှင့် သူက ဆက်လက်အမိန့်ရှိ သည်။

''ထို့ကြောင့် အမောင်နှင့် အမိတို့ က ကျွန်ုပ်အား ရွေးချယ်ခွင့် မရှိစေရန် ပြုခဲ့သည်။ သင်တို့နှစ်ဦးစလုံးအား အကျဉ်းထောင်သို့ပို့ရန်မှတစ်ပါး အခြား မရှိ ဖြစ်ရပြီ''

တရားသူကြီးသည် ဤသို့အမိန့်ရှိ ရင်းမှ တရားခံ ခရစ္စဟဲ့စကင်းစ်ထံ အာရုံ ပြောင်းလိုက်သည်။

''အမောင်ကား ဤအမှုတွင် လှုံ့ ဆော်သူဖြစ်သည့်ဆိုခြင်းမှာ သိသာထင် ရှားသည်။ ဤအချက်ကို စိတ်တွင်ထား လျက် ကျွန်ုပ်သည် သင့်အား ထောင် ဒဏ်သုံးနှစ် ကျခံစေရန် စီရင်ချက် ချ လိုက်သည်''

စီရင်ချက်ကို ကြားနာရသောအခါ ခရစ္စဟဲ့စကင်းစ်မှာ သူ၌ ဖြစ်[illegible]သွား သော အံ့အားသင့်ရမှုကို ဖုံးမခြင်းငှာ မစွမ်းသော။ အမှန်ဆိုလျှင် သူ့ဝတ်လုံက သူ့အဖို့ အနည်းဆုံး ထောင်ဒဏ်ငါးနှစ် ကျခံရနိုင်သည်ဟု သတိပေးထားခဲ့သည် မဟုတ်လော။ ခရစ္စသည် ''ကျေးဇူးတင် ပါသည် တရားသူကြီးမင်းခင်ဗျား''ဟု ပြောထွက်မသွားမိစေရန် သူ့ကိုယ်သူ မနည်းချုပ်တီးထားရသည်။

ထို့နောက် တရားသူကြီးသည် တရားခံမ မစ္စစ်ဟဲ့စကင်းစ်ထံ ကြည့်လိုက် သည်။

''ဤအမှုတွင် အမိပါဝင်ဆောင် ရွက်ခဲ့သော အပိုင်းသည် ခင်ပွန်းသည် ဖြစ်သူအပေါ် [illegible]သော သစ္စာရှိခြင်း



www.burmeseclassic.com

www.burmeseclassic.com

အပြုအမူထက် မပိုသည်မှာ ဖြစ်နိုင်ကောင်းသည်ဟု ကျွန်ုပ်လက်ခံသည်။ မည်သို့ဖြစ်စေ . . . အမိသည် အမှန်နှင့် အမှားကြားက ခြားနားချက်ကို ကောင်းစွာသိရှိသဘောပေါက်သူ ဖြစ်သည်။ သို့ကြောင့် ကျွန်ုပ်သည် အမိအား အကျဉ်းထောင်သို့ တစ်နှစ်ပို့လိုက်သည်''

သည်မှာပင် ခရစ္စဟဲ့စကင်းစ်က ''တရားသူကြီးမင်းခင်ဗျား''ဟု ကြားဝင်ပြောလာ၏။

မစ္စတာ ဂျပ်စတစ်ဂရေးသည် ပထမဆုံးမအကြိမ်အဖြစ် မျက်မှောင်တွေ သွား၏။ စီရင်ချက်တစ်ခု သူချမှတ်နေစဉ်အတွင်း ကြားဝင်အနှောင့်အယှက်ပေးသည့် အဖြစ်ဆိုသည် ယခင်က မရှိခဲ့ဖူး။ ''မစ္စတာဟဲ့စကင်းစ်၊ ဒါဟာ ကျွန်ုပ်ရဲ့ ဆုံးဖြတ်မှုအပေါ် အယူခံဝင်ဖို့ မောင်မင်းရဲ့ ရည်ရွယ်ချက်လား''

''မဟုတ်ရပါဘူး တရားသူကြီးမင်းခင်ဗျား''

ခရစ္စဟဲ့စကင်းစ်သည် တရားသူကြီးအပေါ် ဒုတိယအကြိမ် အနှောင့်အယှက်ပေးသောအားဖြင့် ပြောလာသည်။

''တရားသူကြီးမင်းဟာ ကျွန်တော်မျိုးအပေါ် ကျွန်တော်မျိုးရဲ့ ဖနီးရဲ့ စီရင်ချက်ပြစ်ဒဏ်ကိုပါ တစ်ပါတည်း ထမ်းဆောင်ခွင့်ပြုပါ့မလားလို့ သိချင်တာ သက်သက်ပါခင်ဗျား''

မစ္စတာ ဂျပ်စတစ်ဂရေးသည် ယခင် ဘယ်အခါကမျှ ယခုလို အမေးမခံရဖူးသည့် မေးခွန်းအပေါ် သင့်တော်သည့် ဖြေကြားမှု တွေးမရအောင် ဖြစ်ရစေသည့် မေတ္တာရပ်ခံမှုကြောင့် ကြောင်အမ်းအမ်း ဖြစ်နေသည်။

သူသည် လက်ရိုက်တူဖြင့် ထု၍ ကြေညာလိုက်သည်။ နောက် တရားခွင်မှ အမြန်ထွက်ခွာသွားတော့သည်။ ဤတွင် တရားရုံးရှေ့တော်ပြေးက အသံကျယ်ကျယ်ဖြင့် အော်လိုက်သည်။

''အားလုံးထ . . .''

✵

ခရစ္စနှင့် ဆူးသည် ဒေသအခြေခံပညာကျောင်း ကျောင်းကစားကွင်းတွင် ပထမဆုံး ဆုံစည်းခဲ့ကြသည်။ အင်္ဂလန် အရှေ့ကမ်းရိုးတန်းပေါ်ရှိ ကလီးသော့ပ်စ်မြို့ကလေးမှာ ဖြစ်သည်။ ထိုစဉ်က ခရစ္စက သူရပိုင်ခွင့်ရှိသော နွားနို့သုံးပိုင့်စာအတွက် လူတန်းထဲတွင် တန်းစီရပ်နေ၏။ အသက်ဆယ့်ခြောက်နှစ်အောက် ကျောင်းသားကလေးသူငယ်များအား အစိုးရက ပုံမှန်ပေးသည့် နွားနို့ခွဲတမ်းဖြစ်သည်။

ဆူးက ခရစ္စလက်သို့ နွားနို့ပုလင်းကလေး ကမ်းပေးရာတွင် တစ်ဦးနှင့်တစ်ဦး ဒုတိယအကြိမ်ပင် ပြန်ကြည့်ဖြစ်ကြသည် မဟုတ်။ ဆူးသည် ခရစ္စထက် တစ်တန်းလည်း ကြီးသေးသည်။ သည်တော့ ကျောင်းတက်ရသည့် တစ်နေ့တာအတွင်း တစ်ဦးနှင့်တစ်ဦး အင်မတန်မှ ဆုံခဲသည်။ ယခုလို နွားနို့ခွဲတမ်းအတွက် တန်းစီရပ်သည့်အခါကလွဲလျှင် ဖြစ်သည်။

နှစ်အကုန်တွင် ဆူးက eleven-plus (အင်္ဂလန်တွင် အသက်ဆယ့်တစ်နှစ်အရွယ်၌ ကျောင်းသားတစ်ဦး အဘယ်အထက်တန်းကျောင်း တက်ရမည်ဆိုခြင်းကို အဆုံးအဖြတ်ပေးသည့် စာမေးပွဲ) အောင်သွားရာ ဒေသအထက်တန်းကျောင်းသို့ ရောက်သွားသည်။ နောက်နှစ် စက်တင်ဘာလတွင် ခရစ္စလည်း eleven-plus စာမေးပွဲအောင်သဖြင့် ကလီးသော့ပ် အထက်တန်းကျောင်းတွင် ဆူးနှင့်အတူ သွားဖြစ်သည်။

ထိုအချိန်အထိ တစ်ဦးနှင့်တစ်ဦး သတိမထားမိကြသေးဘဲ မေ့မေ့ပျောက်ပျောက်သာ ရှိသည်။ ဆူးကစ်ယောက်

ကျောင်းသူအကြီးအကဲဖြစ်မလာခင် ...
တို့ပညာသင်ကာလတစ်လျှောက်လုံး ...
သည်။ ထို့နောက်ပိုင်းမှာတော့ ဆူးအ...
ခရစ္စသတိမထားမိလို့ မရတော့။ အဘ...
ကြောင့်ဆိုသော် မနက်ပိုင်းကျော...
မတော်တဆ် ဗာဆင်ဗလီစုရုံးပွဲအဆုံး၌ ...
က ကျောင်းတွင်းတစ်နေ့တာ လိုက်နာ...
မည့် အမိန့်မေးချက်များကို အားလုံး...
ရှေ့ကနေ ရွတ်လျက် ဖတ်ပြရသေ...
ကြောင့် ဖြစ်သည်။

ကျောင်းသားကောင်လေးတွေ...
စကားပိုင်းတွင် ဆူးနာမည်ပါလာသ...
အခါတိုင်း 'ဆရာကြီး'ဆိုသော န...
ဝိသေသနက ကောင်လေးတွေ ပါး...
များ၌ တွင်တွင်ကျယ်ကျယ် သုံးသ...
စကား ဖြစ်သည်။ (ရာထူးဌာနန္တရ...
မိန်းမသားတွေအဖို့ 'ဆရာကြီး' (bos...
ဆိုသော ကျီစယ်အပေါ် ခံရသည့်စ...
မကြာခဏ ရလေ့ရှိသည်မှာ အ...
တော့ ဆန်းသည်။ အလားတူအဆ...
သူ ယောကျ်ားသားများကျတော့ ...
ဆောင်မှု အရည်အချင်းများဖြင့်ယ...
တစ်မျိုးမဟုတ်တစ်မျိုး ထည့်သွင်း ...
မှုပြုကြသည်။)

နှစ်ဆုံး၍ ဆူးကျောင်းထွက်...
သောအခါ ဆူးအပေါ် ခရစ္စ တစ်ချိ...
ပြီး မေ့မေ့ပျောက်ပျောက် ဖြစ်သွာ...
တော့သည်။

ဆူး၏ ဂုဏ်ယူစရာ ခြေလှမ်း...
အတိုင်းလည်း သူမလိုက်ပါ။ ကျေ...
သားအကြီးအကဲလည်း သူဖြစ်မလာ...
သူ့အဖို့ ပြောစမှတ်တွင်သည့် တသ...
တွေ မဟုတ်ခဲ့သည့်တိုင် ခရစ္စသည်...
နည်း၊ သူ့ဟန်၊ သူ့စံနှင့် အထိုက်အလျော...
အောင်မြင်သော နှစ်တွေတော့ ...
သည်။ သူတို့ကျောင်းမှ ဒုတိယဆယ်...
ခရစ်ကတ်အသင်းတွင် သူပါဝင်က...
သည်။ ဂရင်းစ်ဘီးအထက်တန်း...



www.burmeseclassic.com

www.burmeseclassic.com

အသင်းနှင့် ယှဉ်ပြိုင်ကစားရသော နိုင်ငံလုံးဆိုင်ရာပွဲတွင် ပဥ္စမနေရာ သူချိတ်သည်။ နောက်ဆုံး စာမေးပွဲကြီးတွင် ကောင်းစွာ ဖြေနိုင်ခဲ့သည်။ ဒါတွေအတွက် အနိုင်အရှုံး ဘယ်ဘက်ကမှ ပြောစမှတ်တွင်လောက်အောင်တော့ မဟုတ်ခဲ့။

ခရစ္စတစ်ယောက် အထက်တန်းကျောင်းမှ ထွက်လာပြီး ဘာမျှမကြာခင် ကာကွယ်ရေးဝန်ကြီးဌာန စာတစ်စောင်ရလာသည်။ နိုင်ငံ့တာဝန်ထမ်းဆောင်ရေးအတွက် သူတို့မြို့ရှိ ဒေသစစ်သည်စုဆောင်းရေး စခန်းရုံး၌ သတင်းပို့ရန် ညွှန်ကြားလာသည့်စာ။ အသက်ဆယ့်ရှစ်နှစ်ပြည့်သူ ယောကျ်ားတလေးတိုင်း မဝင်မနေရ စစ်မှုထမ်းရမည့် နှစ်နှစ်တာကာလအတွက် ဖြစ်သည်။ သည်မှာ ခရစ္စ၌ ရှိလာသည့် ရွေးချယ်ခွင့်က ကြည်းတပ်၊ ဘုရင့်လေတပ်၊ ဘုရင့်ရေတပ် ဘယ်တပ်တွင် အမှုထမ်းမလဲဆိုတာ ရွေးချယ်ခွင့်။

အာရ်အေအက်ဖ် ဘုရင့်လေတပ်ကို သူရွေးလိုက်သည်။ သို့ရွေးပြီး ဂျက်လေယာဉ်ပိုင်းလော့ဖြစ်လိုက်ရရင် ဘယ်လောက်ပာန်ကျလိုက်မလဲ။ စိတ်ကူးတွေယဉ်ရင်း တဒင်္ဂမာဏလောက် အချိန်ကုန်လွန်သွားသေးသည်။

ခရစ္စ ဆေးစစ်အောင်၍ ဒေသစစ်သည် စုဆောင်းရေးစခန်း၌ လိုအပ်ရာပုံစံများ ဖြည့်ပြီးသွားသည်နှင့် သူ့ကိုတာဝန်ကျအကြပ်ဆရာကြီးတစ်ဦးက ဖေမဘာယ်သရော့ပ်ဟု ခေါ်သော အရပ်ဒေသတစ်နေရာသို့ မီးရထားအခမဲ့စီးခွင့်လက်မှတ်တစ်စောင် ထုတ်ပေးလိုက်သည်။ လဆန်းပထမရက် ပနက်ရှစ်နာရီတွင် စစ်သည်လေ့ကျင့်ရေးစခန်းသို့ သွားရောက်သတင်းပို့ရေးအတွက် ဖြစ်သည်။

ခရစ္စမှာ အရိုင်းသက်သက် အခြားတပ်သားလောင်းများနှင့်အတူ အခြေခံစစ်သင်တန်းသယ့်နှစ်ပတ် အပို့ခံရသည်။ မကြာခင် လျှောက်ထားသူအယောက်တစ်ထောင်၌ တစ်ဦးတည်းသော လေယာဉ်ပိုင်းလော့အဖြစ် အရွေးခံရပါလားဟူ၍ ခရစ္စသိလာရသည်။ သူက ထိုအယောက်တစ်ထောင်ထဲက ထိုတစ်ယောက်မဟုတ်ဘူးလေ။

အခြေခံစစ်သင်တန်း ဆယ့်နှစ်ပတ်ပြီးသည့်အခါ သူ့ကို စားသောက်ဆောင်အရာရှိစားရိပ်သာ၊ တပ်ထောက်စတိုဘက်၊ သို့မဟုတ် ပုံသန်းမှုအော်ပရေးရှင်းစသည် တစ်ခုခုတွင် ဘယ်ဘက်၌ ထမ်းဆောင်လိုသလဲဆိုသော လုပ်ကိုင်မှုရွေးချယ်ခွင့် ပေးလာကြန်ပြန်၏။ သူက ပျံသန်းမှုအော်ပရေးရှင်းကို ရွေးလိုက်သည်။

သည်လိုဖြင့် စတိုဘက် အလုပ်အကိုင်တစ်ခုတွင် လျှာထားခံသွားခဲ့ရသည်။

နောက်တနလ်ာနေ့မနက်တွင် ဂျူတီအတွက် သူသတင်းသွားပို့သောအခါ ဆူး(ပို့၍တိကျအောင် ပြောရလျှင် တပ်ကြပ်ဆူးစမတ်)နှင့် ဆိုက်ဆိုက်မြိုက်မြိုက်သွားတိုးနေတော့သည်။

ဆူးသည် လူတန်းထိပ်တွင် မှချ ဆတ်ဆတ်ကြီး ရပ်လျက်ရှိသည်။ ယခုအခါကျတော့ အလုပ်ညွှန်ကြားချက်များ ပေးနေသည်။ ဆူးကို ချက်ချင်း သူမမှတ်မိ။ ဆူးက ယူနီဖောင်းအပြာ ပီရိသေသပ်စွာ ဝတ်ထားပြီး ဆံပင်က ကက်ဦးထုပ်အောက်တွင် ဖုံးကွယ်သလောက်ရှိနေသောကြောင့် ဖြစ်သည်။

ဘယ်လိုဖြစ်စေ သူက ဆူး၏ သလုံးသားလှလှများကို ငေးနေမိစဉ် ဆူးက "ပာ့်စကင်းစ်၊ တပ်ထောက်စတိုဌာနမှာ သတင်းသွားပို့ပါ"ဟု ပြောလာ၏။

ခရစ္စ ခေါင်းထောင်သွားသည်။ သည်အသံက သူဘယ်တော့မျှ မေ့မည် မဟုတ်သော အသံ။

"ဆူးလား ..."

သွေးတိုးစမ်းသလို အရဲစွန့် သူမေးလိုက်သည်။ တပ်ကြပ်ဆူးစမတ် လက်ထဲကိုင်ထားသည့် စာရွက်ညှပ် ကတ်ဘုတ်ပြားမှ မော့်ကြည့်လာသည်။ သူ့ကို ပထမနာမည်နှင့် ခေါ်ပုံဘောက်အောင် ရဲတင်းလှသော တပ်သားသစ်ကို ဒေါသဖြင့်ကြည့်သည်။ သူ့မျက်နှာကို ဆူး မှတ်မိသည်။ သို့သော် ဘယ်သူဘယ်ဝါရယ် တပ်အပ်မသိ။

"ခရစ္စပာ့်စကင်းစ်ပါ"

"သြော် ... အေး၊ ခရစ္စ ..."

ဆူးကပြောပြီး ဆိုင်းသွားသည်။ နောက်မှ "စတိုဌာနက တပ်ကြပ်ကြီး ထရားဗစ်ဆီ သတင်းသွားပို့၊ လုပ်စရာအလုပ်တွေရဲ့ဘော်ကို သူပြောလိမ့်မယ်"

"ဟုတ်ကဲ့ပါ တပ်ကြပ်"

ခရစ္စ ထိုသို့ ပြန်ပြောပြီး တပ်ထောက်စတိုဌာနရှိရာဘက်သို့ ခပ်သုတ်သုတ် လှည့်လျှောက်ကာ မြင်ကွင်းမှ ပျောက်သွားသည်။ သူထိုသို့လှည့်ထွက်အသွားတွင် သူ့ကို ဆူးက ဒုတိယအကြည့်ဖြင့် ကြည့်နေသည်ကို ခရစ္စ မသိတော့ပါလေ။

ခရစ္စသည် သူ့ပထမဆုံးခံစားခွင့်ရသော သီတင်းပတ်ခွင့်ရက် မသွားခင်ကြားတွင် တပ်ကြပ်ဆူးစမတ်နှင့် လူချင်းထပ်မဆုံမိတော့။ ကလီးသော့ပ်မြို့သို့ အပြန်ခရီးကျမှ ဆူးအား ရထားတွဲ၏ တစ်ဖက်အဆုံး၌ ပါလာသည်ကို ခရစ္စတွေ့သည်။ သို့သော် ဆူးနှင့်အတူသွားထိုင်ရန် သူအားမထုတ်။ သို့ အားမထုတ်သည့်အပြင် မမြင်ချင်ယောင်ပင် ဆောင်ထားလိုက်သေးသည်။ သည်ကြားက မကြာမကြာ ခိုးကြည့်ဖြစ်သည်။ ဆူး၏ လှပကြော့ရှင်းသော ကိုယ်အချိုးအဆက်ကို ငေးလာမိသည်။ ဆူး ဒီလောက်လှမှန်း သတိမထားခဲ့မိပါလားဟု စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်နေသည်ကို သူ့ဟာသူလည်း ခရစ္စသိသည်။

ကလီးသော့ပ်ဘူတာ၌ ရထား ဆိုက်သောအခါ ခရစ္စသည် သူ့မိခင်အား မိန်းမကြီးတစ်ဦးနှင့် စကားလက်ဆုံကျ နေသည်ကို လှမ်းမြင်သွားသည်။ ထိုမိန်းမ ကြီး ဘယ်သူဘယ်ဝါဆိုဟာ ချက်ချင်း သူသိသည်။ အလားတူ ဆံပင်နီ၊ အလား တူ သွယ်သပ်ပါးလျသော ကိုယ်အချိုးအ ဆက်၊ အလားတူ . . .။

"ဟဲလို . . . ခရစ္စ"

ဘူတာမကြီးပေါ်ရှိ သူ့မိခင်ထံ ခရစ္စ ရောက်သွားလျှင်ပင် မစ္စစ်စမတ်က သူ့ကို နှုတ်ဆက်သည်။

"ဆူးကော ရထားပေါ် မင်းနဲ့အတူ ပါမလာဘူးလား"

"ကျွန်တော် သတိမထားမိဘူး ခင်ဗျ"

ထိုအခိုက် သူတို့ဆီသို့ ဆူးလျှောက် လာသည်။

သည်မှာ ခရစ္စမိခင်က "အမေက မင်းတို့ စခန်းတစ်ခုတည်း တာဝန်ကျနေ တာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြမယ်မှတ်တာ"ဟု ဝင်ပြောသည်။ ဆူးက "ဟင့်အင်း အဒေါ်၊ အဟုတ်ကို မတွေ့လှပါဘူး"ဟု စိတ်မဝင်စားသလို လေသံဖြင့် လှပ်ပြောသည်။

"ကဲ . . . ရှင်၊ ကျွန်မတို့သားအမိ သွားလိုက်ဦးမယ်"ဟု မစ္စစ်ဟဲ့စကင်းစ်က ဆိုလာသည်။ "ကျွန်မမှာ ခရစ္စနဲ့ သူ့ ဖအေကို ညစာကျွေးရဦးမယ်။ သူတို့သား အဖ ဘောလုံးပွဲ သွားမကြည့်ခင်လေ" ဟု ရှင်းပြသည်။ ခရစ္စတို့သားအမိ ဘူ တာရုံထွက်ပေါက်ဆီသို့ စကြံအတိုင်း ထွက်သွားသည်တွင် မစ္စစ်စမတ်က "သမီး သူ့ကိုမှတ်မိလား"ဟု ဆူးကို မေး သည်။

"နှပ်ချေးတူ ဟဲ့စကင်းစ်ကိုလား"

ဆူးက ထိုသို့ပြန်ပြောပြီးမှ စကား ဆိုင်းလိုက်သည်။

"သမီးမပြောတတ်ဘူး မေမေ"

"ခြေဉ် . . . သမီးက သူ့ကို အဖော့်ကို သဘောတွေ့တာကိုး၊ ဟုတ် လား . . ."

ဆူးမိခင်က ခပ်ပြုံးပြုံး ဆိုလိုက် သည်။

✱

ထိုတနင်္ဂနွေနေ့ညနေ ရထားပေါ် သို့ ခရစ္စတက်သွားသောအခါ တွဲတစ် ဖက်အဆုံးတွင် ဆူးထိုင်နှင့်လျက်သား ရှိ သည်။ ခရစ္စသည် ဆူးကိုလွန်၍ နောက် တွဲတွင် ထိုင်စရာခုံရှာရန် တည့်တည့် ဆက်လျှောက်သည်။ သည်မှာ ဆူးထံမှ "ဟိုင်း . . . ခရစ္စ၊ သီတင်းပတ်ကုန်ရက် မှာ ပျော်ခဲ့ရဲ့လား"ဟု လှမ်းမေးလာသံကို ကြားလိုက်ရသည်။

"မဆိုးပါဘူး တပ်ကြပ်"

ခြေလှမ်းတုံ့သွားရာက ခရစ္စ ဆူးကို ငုံ့ကြည့်သည်။ "ဂရမ်းစ်ဘီးအသင်းက လင်ကွန်းအသင်းကို သုံးဂိုးတစ်ဂိုးနဲ့ နိုင် တယ်လေ။ အဲ . . . ပြီးတော့ တပ်ထဲမှာ ကျွေးတဲ့ မုန့်နှစ်ငါးကြော်နဲ့ ယှဉ်လိုက်ရင် ကလီးသော့ပ်မှာ စားရတဲ့ မုန့်နှစ်ငါးကြော် ဘယ်လောက်ကောင်းသလဲဆိုတာတောင် မေ့နေခဲ့တာလေ"

ဆူး ပြုံးလာသည်။ "အတူထိုင်ပါ သေးဟင်"ဟု ဆိုလာသည်။ သူ့ဘေးက ခုံကို ပုတ်ပြသည်။ "ဒါနဲ့ တပ်ထဲမှာ မဟုတ်ရင် ဆူးလို့ခေါ်လည်း ရပါတယ် နော်"

မေဘယ်သရော့ဝ်သို့ အပြန်ခရီး တွင် ရထားပေါ်တွင် ဆူးကချည်း စကား တွေပြောလာ၏။ မူလတန်းကျောင်းတွင် ရှိစဉ်က မနက်တိုင်း နွားနို့ခွဲတမ်းဝေခဲ့ သော ပိန်တာရိုးကောင်မလေးမှာ 'ယခု

သူ့ဘေးရှိ ဆူးမှ ဟုတ်နိုင်ပါ့မလား ခရစ္စ မျက်စိကျနေသည်လည်း တစ်ပိုင်း တပ်စခန်းတွင် ပြန်လည်ခြေချသည်န ခဏအတွင်း သူတို့နှစ်ဦး၏ ပူဖောင် ကလေး ပေါက်သွားတော့မည် ဆိုခြင်းကို သိနေသည်လည်းတစ်ပိုင်းကြောင့် ခရ မှာ စကားနည်းနေခြင်း ဖြစ်သည်။

တပ်ဂိတ်ဝတွင် နှစ်ဦး လှချင်းခွဲ ကိုယ့်လမ်းကိုယ် သွားကြရတော့သည် ခရစ္စက စစ်တန်းလျားတွေဘက်သို့ ဆူ က ပြန်တမ်းဝင်အရာရှိမဟုတ်သူများ အင်န်စီအိုကွာတားသို့ အသီးသီး ဦးတည် သွားကြသည်။

ခရစ္စတစ်ယောက် သူ့နှစ်ဆန်းတဲ အတွင်း ဝင်သွားသောအခါ တပ်ထဲသို သူ့နည်းတူ မပင်မနေရအမိန့်ဖြင့် ဝင်လာ ကြသူ သူ့အပေါင်းအဖော်များနှင့် သွား ပူးပေါင်းမိသွားသည်။ ထိုသူတွေထဲမှ တ ယောက်က သူ ဒတ်ပလူအာရ်အေ အက်ဖ် လေတပ်အမျိုးသမီးစစ်သည် တစ်ဦးနှင့် အချစ်စခန်းဖွင့်ခဲ့ရပုံကို ကြွ လုံးထုတ်ပြီး မဟုတ်တမ်းတရမ်းတွေ ပြောလျက်ရှိသည်။ ခရစ္စမှာ အိပ်ရာထဲ လှဲနေရင်းက ထိုငတိ၏ ပြောနေပုံကို နာ ကြားပြင်းကတ်လာသဖြင့် ရှေ့ဆက် နာ ထောင်မနေတော့။ သူ့အတွေးက ဆူးဆီ သို့သာ ပြန်ရောက်သည်။ ဆူးနှင့်သူ လှ ချင်း နောက်တစ်ကြိမ် ပြန်မဆုံခင်ကြာ စောင့်မျှော်ရဦးမည့်ကာလ ဘယ်လောက် ကြာလေဦးမလဲဟူ၍သာ အတွေးရောက် နေ၏။

သို့သော် . . . သူ မျှော်ပါရများ သလောက် မကြာလိုက်ပါ။ နောက်နေ့ စားသောက်ဆောင်သို့ သွားအစားတွင် ဆူးကို ပျံသန်းမှု စစ်ဆင်ရေးဘက်မှ မိန်းကလေးတစ်အုပ်နှင့်အတူ စားသောက် ဆောင်ထောင့်တစ်ဖက်၌ ထိုင်နေသည် သူတွေ့လိုက်ရသည်။ သည်မှာ တပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

၌ ဆူးတို့ထိုင်နေရာ စားပွဲဆီ လျှောက်သွားပြီး အင်္ဂလိပ်ရုပ်ရှင်မင်းသားကြီး ဒေးဗစ်နီဗင်၏ ဂိုက်မျိုးဖြင့် ဆူးကို ဒိတ်လုပ်ပြီး အပြင်ခေါ်ထုတ်ဖို့ မေးလိုက်ချင်သွားသည်။ လောလောဆယ် အိုဒီအုန်း ရုပ်ရှင်ရုံ၌ မင်းသမီး ဒေါ်ရစ္စဒေးပါသည့် ကား ပြနေ၏။ သည်ကားကို ဆူးကြိုက်လိမ့်မည်ထင်သည်။ ခက်သည်က သူ့အပေါင်းအသင်းငနဲတွေ ဝိုင်းအကဲခတ်နေမိုက် ဖြစ်သည်ကြောင့် ဆူးကို ယခုလိုသွားမေးသည်ထက် မိုင်းကွင်းကိုသာ ဖြတ်လျှောက်လိုက်ချင်သည်။၏

ခရစ္စသည် အသီးအရွက်စွပ်ပြုတ်တစ်ပွဲ၊ အချဉ်ရည်နှင့် အာလူးကြော်တစ်ပွဲ ကြက်ဥ,သကြား,နို့ ဌာပနာမုန့် စသည့် နေ့လယ်စာကို ကောင်တာမှ ရွေးချယ်ယူလာခဲ့သည်။ အစားအသောက်ဗန်းကို အခန်းတစ်ဖက်ဘေးရှိ စားပွဲတစ်ခုဆီသို့ ယူသွားကာ သူ့အပေါင်းအဖော်အုပ်စုနှင့် အတူ သွားထိုင်သည်။ သူတို့တစ်တွေနှင့် အတူ ဂရမ်းစ်ဘီးအသင်းက ဘလက်ပူးအသင်းနှင့် ကစားရာတွင် ရခဲ့သော ဂိုးသွင်းအခွင့်အလမ်းများအကြောင်း ပြောဆိုရင်း ဌာပနာမုန့် အားပါးတရ စားနေစဉ် သူ့ပခုံးတွင် လက်တစ်ဖက် လာရောက်ထိကိုင်သည်ကို ခံစားသွားရသည်။

သူ လှည့်ကြည့်လိုက်သောအခါ ဆူးကိုတွေ့ရသည်။ ဆူးသည် သူ့အား ပြုံးကြည့်နေသည်။ စားပွဲ၌ ရှိသူအားလုံး ခဏအပြောရပ်သွားကြသည်။ ခရစ္စလည်း မျက်နှာသွေးရောင်လွှမ်းသွားသည်။

ဆူးက "စနေနေ့ည လုပ်စရာ တစ်ခုခုရှိသလား"ဟု မေးလာသည်။ ခရစ္စတစ်ယောက် မျက်နှာကြက်သွေးရောင် လွှမ်းသွားရင်း ခေါင်းခါပြလိုက်သည်။

ဆူးက "ကိုယ်က Calamity Jane ကား သွားကြည့်မလား၊ စိတ်ကူးနေတာ" ဟု ပြောပြီး စကားဆိုင်းသွားသည်။ နောက်မှ "လိုက်မလား"ဟု မေးလာသည်။

ခရစ္စ ခေါင်းညိတ်လိုက်သည်။

"ဒါဆို ဂိတ်ဝအပြင်မှာ ခြောက်နာရီဆုံရအောင်"

နောက်တစ်ခါ ခေါင်းညိတ်ပြလိုက်သည်။

ဆူးက ပြုံးသည်။ "ဒါဆို အဲဒီတော့မှ တွေ့တော့မယ်နော်"

ခရစ္စ မျက်နှာပူပူနှင့် လှည့်ကြည့်လိုက်သောအခါ သူ့အပေါင်းအသင်း ငနဲတွေ သူ့ကို တအံ့တသြ ဝိုင်းကြည့်နေကြသည်ကို တွေ့ရတော့သည်။

အဲဖြစ်များက ရုပ်ရှင်ကားအကြောင်းကို ခရစ္စမှာ ဘာမျှ မည်မည်ရရမမှတ်မိ။ သူ့မှာ ဆူးပခုံးကိုဖက်ဖို့အရေး သွေးရဲအောင် တစ်ချိန်လုံး ကြိုးစားနေရသောကြောင့် ဖြစ်သည်။ မင်းသား ဟောဝပ်ကီးက ဒေါ်ရစ္စဒေးကို နမ်းလိုက်သောအချိန်၌လည်း သူ့မှာ မဖက်ဖြစ်လိုက်။ သို့သော် ဘယ်လိုပဲဖြစ်စေ ရုပ်ရှင်ရုံထဲမှ ထွက်လာပြီး လူစောင့်နေသော ဘတ်စကားဆီ လျှောက်လာကြစဉ် ဆူးက သူ့လက်ကို ကိုင်လာသည်။

နောက်ဆုံးထွက် ဘတ်စကား သူတို့ကို စခန်းသို့ သယ်လာစဉ် ဆူးက မေးလာသည်။

"နိုင်ငံ့တာဝန် ထမ်းဆောင်လို့ပြီးတာနဲ့ ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

"အဖေနဲ့ ဘတ်စကားလုပ်ငန်းမှာပဲ တွဲမလား စိတ်ကူးတာပဲ"ဟု သူပြန်ဖြေသည်။

"မင်းကကော"

"သုံးနှစ်ထမ်းဆောင်ပြီးတာနဲ့ အရာရှိဖြစ်အောင်လုပ်မလားလို့ ဆုံးဖြတ်ထားတာပဲ။ အာရ်အေအက်ဖ်ကို ကိုယ့်ဘဝလမ်းကြောင်း လုပ်မယ်ပေါ့"

"ကိုယ်တော့ မင်းကို ကာလီဘော့ဝ်ပြန်လာပြီး အလုပ်လုပ်တာပဲ မျှော်လင့်တယ်ကွာ"

ခရစ္စ ဤသို့ ရုတ်တရက်ပေါက်ကွဲပြောထွက်သွားတော့သည်။

*

[illegible]သောအခါ ခရစ္စနှင့် ဆူးတို့[illegible]နှစ်ဦး သာသနာနယ်ပိုင် စိန့်အေးဒင်းဘုရားကျောင်းတွင် လက်ထပ်လိုက်ကြသည်။

မင်္ဂလာပွဲအပြီးတွင် သတို့သားနှင့် သတို့သမီး အငှားယာဉ်တစ်စီးဖြင့် နယူးမားကင်သို့ ထွက်ခွာသွားကြသည်။ ပေါ်[illegible]ကမ်းရိုးတန်းပေါ်တွင် မင်္ဂလာ[illegible]ဆမ်းခရီး နှဲမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖြစ်သည်။ အယ်လ်ဂါ့ဗ်ကျွန်းပေါ်တွင် ရက်အနည်းငယ်ကြာပြီး သည့်တွင် နှစ်ယောက်သား ငွေပြတ်သွား[illegible]။

[illegible]သော့ဝ်သို့ ခရစ္စကိုယ်တိုင်[illegible]ပြီး နှစ်ယောက်သား ပြန်လာကြရသည်။ သို့သော် ခရစ္စအဓိဋ္ဌာန်ပြုသည်။ ငွေကြေးပြည့်စုံဖူလုံသည့်နှင့် အယ်လ်ဂျူဖေးရားသို့ ပြန်ကိုပြန်သွားဦးမည်ဟူ၍ တေးထားလိုက်သည်။

ခရစ္စနှင့် ဆူးတို့ ဂျူဗလီလမ်းပေါ်ရှိ သီးသန့်တစ်ပိုင်း အိမ်တစ်လုံး၏ အခန်းသုံးခန်းပါ အောက်ထပ်ကို ငှားရမ်းနေထိုင်ခြင်းဖြင့် အိမ်ထောင်သည်ဘဝ စကြသည်။ နွားနို့ခွဲတမ်း မော်နီတာနှစ်ဦးမှာ သူတို့နှင့်လာ၍ ထိတွေ့သူမှန်သမျှအပေါ် သူတို့ဘဝကလေး၏ ရောင့်ရဲမှုကို ဖုံးဖိထားရန် မစွမ်းသာကြ။

ခရစ္စက ဘတ်စကားတွေပေါ်တွင် မခင်ဖြစ်သူနှင့်အတူတွဲ၍ လုပ်ကိုင်သည်။ လက်မှတ်စစ် ဖြစ်လာသည်။ ဂျင်းလိုင်း



www.burmeseclassic.com

www.burmeseclassic.com

မြို့နီစီပယ် ပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီတွင်ဖြစ်သည်။ ဘိုးကတော့ ဒေသအာမခံလုပ်ငန်းကုမ္ပဏီတွင် အလုပ်သင်စာရေးမအဖြစ် ခန့်ထားခံရသည်။ တစ်နှစ်ကြာ၌ သားဦးသမီး ထရေစီကလေး မျက်နှာမြင်လာသည့်တွင် သမီးဦးကို ပြုစုစောင့်ရှောက်ရန် အလုပ်မှ ဘိုးထွက်လိုက်သည်။

ထိုအဖြစ်က ခရေ့စ္စအား အလုပ်၌ ကြိုးစားပမ်းစား လုပ်လာစေကာ ရာထူးတက်သွားစေတော့သည်။ သူ့ကို ဘိုးက အကြောင်းအားလျော်စွာ မီးထိုးပေးနေသည့်ကြောင့် ကုမ္ပဏီ၏ ရာထူးတိုးစာမေးပွဲအတွက် ခရေ့စ္စ စာကြည့်လာရတော့သည်။ လေးနှစ်ကြာသောအခါ ဘတ်စကားလိုင်း၌ ပို့ဆောင်မှုလုပ်ငန်းကို စစ်ဆေးရသော အင်စပက်တာဖြစ်လာခဲ့သည်။

ဟဲ့စကင်းစ်တို့ မိသားစုတွင် နိမိတ်ကောင်းတွေ ပြလာပြီ ဖြစ်သည်။

သမီးငယ် ထရေစီကလေးက သူ့ကို ခရေ့စ္စမတ်လက်ဆောင်အဖြစ် ကျောက်မြင်းပုလေးတစ်ကောင်ဝယ်ပေးရန် ဖအေအား ပူဆာသည်။ ခရေ့စ္စက သူတို့တွင် မြင်းထားစရာ ပန်းခြံပင်မရှိသေးကြောင်း ထောက်ပြပြောဆို၍ သမီးအား ဖျောင်းဖျကာ အပေးအယူညှိထားခဲ့သည်။ ထရေစီ ခုနစ်နှစ်မြောက်မွေးနေ့ရောက်သောအခါ ခရေ့စ္စက သူထားခဲ့သည့်ကတိအတိုင်း သမီးအား လာဘရာဒိုခွေးလေးတစ်ကောင် လက်ဆောင်ဝယ်ပေးကာ ခွေးကို 'တပ်ကြပ်'ဟု အမည်ပေးလိုက်သည်။

ဟဲ့စကင်းစ်တို့မိသားစု လိုလေသေးမရှိ ဖြစ်လာသည်။ နောက်ပြီး ထိုအဖြစ်သည် ခရေ့စ္စတစ်ယောက် အလုပ်မပြုတ်ခဲ့လျှင် ဤဝတ္ထု၏ ဇာတ်လမ်းနိဂုံး ဖြစ်လာစရာ ရှိပါသည်။

အဖြစ်ကတော့ သည်လိုပါ။

ဂရင်းလိုင်း မြို့နီစီပယ် ပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီမှာ ဟားလ်ကဲရေ့၌ ဘတ်စကားလုပ်ငန်းကုမ္ပဏီကြီး၏ အသိမ်းခံသွားရသည်။ ကုမ္ပဏီနှစ်ခု ပူးပေါင်းသွားမှုနှင့်အတူ အလုပ်အကိုင်တွေလည်း မလွှဲမရှောင်သာ လျှော့ကန့်ကာ အလုပ်သမားများ ပိုလျှံဝန်ထမ်းတွေအဖြစ်နှင့် အလုပ်တွေ လက်လွှတ်ရတော့သည်။ ခရေ့စ္စမှာလည်း ပိုလျှံဝန်ထမ်းအပေါ် ပေးသည့် လျော်နည်းလစာရသူတွေထဲက တစ်ဦး ဖြစ်သွားသည်။

အုပ်ချုပ်မှုအဖွဲ့သစ်က ခရေ့စ္စကို လက်မှတ်စစ်အဖြစ် ပြန်လည်ခန့်ထားသည့် ခွေးချယ်ခွင့်တစ်ရပ် ပေးလာသည်။ ကုမ္ပဏီက ကမ်းလှမ်းလာမှုကို ခရေ့စ္စ အင်တင်တင်နှင့် နှာခေါင်းရှုံ့ခဲ့သည်။ သူက တခြားအလုပ်အကိုင်တစ်ခုခု တွေ့လာလိမ့်မည်ဟုသာ ယုံမှတ်ထားသည်။ ညှိနှိုင်းမှုကို သဘောအားဖြင့်သာ လက်ခံထားလိုက်သည်။

သည်မှာ ပိုလျှံဝန်ထမ်းကြေးကလည်း တာရှည်မခံဘဲ ပြတ်သွားသည်။ နောက်ပြီး တက်ဒ်ဟိသ်ကုမ္ပဏီ၏ တက်ကြွဝံ့စားစရာ ကမ္ဘာသစ်ဆိုသော ကတိကြီးက ရှိပင်ရှိငြား ကလီးသော့်ငြင်းသည့်ပြင်အစားထိုးစရာ အလုပ်တွေ့ဖို့ကလည်း သည်လောက်ကြီးမလွယ်လှကြောင်း ခရေ့စ္စ မနေ့အမြန် တွေ့လာရတော့သည်။

ဇနီးဘိုးကတော့ တစ်ချက်ကလေးမညည်းညူ။ ယခုဆိုလျှင် ထရေစီလေးကလည်း ကျောင်းနေရပြီဖြစ်၍ ဘိုးသည် မုန့်နှစ်ငါးကြော်ရောင်းသည့် ဒေသခံပါဆင်တို့ဆိုင်တွင် ရရာအချိန်ပိုင်း စားပွဲထိုးအလုပ်ကလေး ဝင်လုပ်တော့သည်။ ဘိုးအဖို့ အခါအားလျော်စွာရသော စားပွဲထိုးအလုပ် မေတ္တာကြေးအင်ထောက်အပံ့အပါအဝင် အပတ်စဉ် လုပ်ခက သူတို့မိသားစု နေ့လယ်စာစားတိုင်း မုန့်နှစ်ငါးကြော်ပွဲကြီးတစ်ပွဲပါ စားနိုင်လောက်အောင် ဖြစ်လာစေခဲ့သည်။

ခရေ့စ္စသည် အလုပ်တစ်ခုခုရရေးအတွက် ရှေ့ဆက်ကြိုးစားရှာသည်။ အလုပ်အကိုင်မှတ်ပုံတင်ရုံးသို့ မနက်တိုင်းသွားသည်။ သောကြာနေ့မှအပ ဖြစ်သည်။ သောကြာနေ့မှာက အလုပ်လက်မဲ့ ခံစားခွင့်ဖြစ်သည့် မစို့မပို့ ထောက်ပံ့ကြေးကလေး ရရေးအတွက် ရုံးသို့ လာသော လူတန်းတွင် တန်းစီရသည် မဟုတ်လား။

သူ့အဖို့ အရေးနိမ့်ခဲ့ရသော အင်တာဗျူးများ။ "ဝမ်းနည်းပါတယ်။ လူကြီးမင်းမှာလိုအပ်တဲ့ အရည်အချင်း ရှိပုံမပါဘူး"ဆိုသော အဖြစ်များသာ အတိပြီးသည့် ဆယ့်နှစ်လကာလနောက်မှာတော့ ခရေ့စ္စမှာ ဘတ်စကားလက်မှတ်စစ် အလုပ်အကိုင်ဟောင်းကလေး လက်ခံလိုက်ရေးအတွက် အလေးအနက်စဉ်းစားရသော အခြေသို့ ဆိုက်လာသည်။

ဘိုးကလည်း သူ့ကို အာမခံစကား ဆိုလာသည်။ သူ နောက်တစ်ချီထပ်၍ အင်စပက်တာရာထူးသို့ တိုးမြှင့်ခံရမှာ မကြာပါဘူးဟူ၍ ဖြစ်သည်။

ထိုတစ်ချိန်တည်းတွင် ဘိုးမှာ မုန့်နှစ်ငါးကြော်ဆိုင်၌ ဟာဝန်ပို၍ယူလာကာ တစ်နှစ်အကြာတွင် လက်ထောက်ဆိုင်မန်နေဂျာ ဖြစ်လာ၏။ ယခုတစ်ဖန်လည်း ဤဝတ္ထုဇာတ်လမ်းသည် ယင်း၏ သဘာဝနိဂုံးချုပ်သို့ ရောက်သွားနိုင်စရာ ရှိလာပြန်ပါသည်။ ဇာတ်သွား၌ ခြွင်းချက်တစ်ခုပဲ ရှိသည်။ သည်တစ်ချီ၌ ဘိုးတွင် အလုပ်၌ နို့တစ်ပေးခံလာရသည့် အဖြစ်ပင်။

(ဆက်လက်ဖော်ပြပါမည်)

■ လူအောင်



www.burmeseclassic.com

www.burmeseclassic.com

## မိမိအလုပ်ရှင်ကိုသတ်သည့် အလုပ်သမား သေဒဏ်ထိ



မလေးရှားနိုင်ငံ၊ ကင်ပွန်ဂွန်ဘီရပ်ဒေသတွင် ငါးမွေးကန်ပိုင်ရှင်တစ်ဦးကို သတ်ဖြတ်မှုဖြင့် တရားခံကို သေဒဏ်ချမှတ်လိုက်ကြောင်း သတင်းက ဆို၏။

အမှုဖြစ်စဉ်မှာ မစ္စတာတန်ဟောပင်(၅၈)နှစ်သည် ငါးမွေးမြူရေးလုပ်ငန်းရှင် ဖြစ်သည်။ ၎င်းလုပ်ငန်းတွင် မိုဟာက်ဖရီဇယ် (၂၄)နှစ်သည် ငါးကန်လုပ်သားဖြစ်သည်။ ၎င်းလုပ်သားသည် မကြာခဏ ပြဿနာရှာခြင်းအမှုများ ပြုလုပ်လေ့ရှိသည်။ အခင်းမဖြစ်ပွားမီ တစ်ပတ်ခန့်က မစ္စတာတန်ဟောပင်ပိုင် မော်တော်ဆိုင်ကယ်ကို ခေတ္တငှားစီးပြီး အခြားတစ်ဦးကို တရားမဝင် ရောင်းစားလိုက်သည်။ တန်ဟောပင်က ဆိုင်ကယ်တန်ဖိုး အလျော်တောင်းသော်လည်း မရခဲ့ပေ။ သို့ဖြစ်၍ အလွဲသုံးစားမှုဖြင့် ရဲကိုတိုင်ခဲ့သည်။ (၃၀.၁၁.၁၂)နေ့ည (၁း၃၀)နာရီတွင် မိုဟာက်ဖရီဇယ် အရက်မူးကာ တန်ဟောပင်၏အိမ် ရောက်လာကာ ဆိုင်ကယ်အလွဲသုံးစားလုပ်မှုအဖြစ် ၎င်းကိုစွဲဆိုထားသည့် အမှုတွဲကို ရုပ်သိမ်းရန် ကျေအေးစာလာတောင်းသည်။ တန်ဟောပင်က ဆောင်ရွက်မပေးနိုင်ကြောင်း ငြင်းဆိုသဖြင့် နှစ်ဦးသားအချင်းများကြသည်။ ထိုစဉ် မိုဟာက်ဖရီဇယ်သည် ၎င်းတွင် အသင့်ပါလာသော လှံ/ဓားမြှောင်ကိုပြကာ ခြိမ်းခြောက်ပြန်သည်။ ထိုစဉ် တန်ဟောပင်က ရဲကိုဖုန်းဆက်အကူအညီတောင်းစဉ် မိုဟာက်ဖရီဇယ်သည် လှံ/ဓားကို အသုံးပြုပြီး တန်ဟောပင်၏ လည်ပင်းနှင့် ခန္ဓာကိုယ်အနှံ့အပြားတွင် ဒဏ်ရာပေါင်း ၃၉ ချက်ဖြစ်အောင် ထိုးနက်ခုတ်ဖြတ်ကာ ထွက်ပြေးလွတ်မြောက်သွားသည်။ ရက်အတန်ကြာမှ ဖရီဇယ် ၎င်း၏ တောနေဆွေမျိုးများအိမ်တွင် ပုန်းအောင်းနေစဉ် ဖမ်းမိပြီး လူသတ်မှုနှင့် တရားစွဲခဲ့သည်။ ဖရီဇယ်ရှေ့နေက ၎င်း၏အမှုသည်ခမျာ မိမိကိုယ်မိမိ ကာကွယ်ခြင်းကြောင့်သာဖြစ်ပြီး တန်ဟောပင်ကို သတ်ရန်မရည်ရွယ်ကြောင်း တင်ပြသည်။ တရားသူကြီးအဖွဲ့၏ အမြင်တွင် (၁) တန်ဟောပင် ရဲကိုဖုန်းဆက်စဉ်ကပင် ဖရီဇယ်သည် ရှောင်ကွင်းနိုင်သော်လည်း မသွားခြင်း၊ (၂) လှံ/ဓားကို အသင့်တစ်ပါတည်း ယူလာခြင်း၊ (၃) လက်နက်မဲ့ လူအိုကြီးကို ဒဏ်ရာပြင်း ၃၉ ချက်ရအောင် အသေသတ်ခြင်း စသည့်သုံးသပ်ချက်များအရ မိုဟာက်ဖရီဇယ်ကို သေဒဏ်ချမှတ်ခဲ့သည်။

*Ref:- TST, 31.12.2012*

ညိုမြင်းလွင်(မော်ကျွန်း)

## ကမ္ဘာ့အမြင့်ဆုံး တောင်ကြီး(၁၄)လုံးကို ခြေချခဲ့သည့် ဂျပန်တောင်တက်သမား

ကမ္ဘာပေါ်ရှိ အမြင့်ဆုံးတောင်များအနက် အမြင့်ဆုံးတောင်(၁၄)လုံးပေါ် ခြေချအောင်နိုင်ခဲ့သည့် ဂျပန်မှ တောင်တက်သမား မစ္စတာဟီတာကာကို ကမ္ဘာ့တောင်အမြင့်အများဆုံး တက်နိုင်သော လူသားအဖြစ် နီပေါတောင်တက်အစည်းအရုံးက ဂုဏ်ပြုခဲ့ကြောင်း သတင်းတဆိုသည်။

တောင်တက်ခြင်း အားကစားသည် သေဘေးနီးသော လုပ်ငန်းဖြစ်သော်လည်း ဟီတာကာသည် ၁၇ နှစ်သားကတည်းက ဒါလာဂီရီတောင်(အမြင့် ၂၆၇၈၈)ကို အောင်နိုင်ခဲ့ပြီး အဲပရက်တောင်၊ ဟိမဝန္တာတောင်၊ အနာပူနာတောင်၊ မောင့်ဂတ်စဟာဘန် စသည့် ကမ္ဘာ့အမြင့်ဆုံးစာရင်းဝင်တောင် (၁၄) လုံးကို တက်နိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ် မောင်ဂက်စဟာဘန်ကို တက်စဉ်က ရေခဲမုန်တိုင်းမိပြီး ရေခဲတုံးများ တောင်အမြင့်မှ ပြိုကျကာ ဟီတာကာကို ရေခဲတုံး (Avalanche)ကရိုက်ချလိုက်ရာ တောင်အောက် ပေ(၁၀၀၀)သို့ လွင့်စဉ်ကျသွားပြီး နှင်းခဲအောက်၌ ပိတ်မိနေသည်ကို ထိုစဉ်က သူ၏အဖွဲ့ဝင် ဂျာမနီတောင်တက်သမား(၂)ဦး သေဆုံးခဲ့သော်လည်း ဟီတာကာကို ကယ်ဆယ်ရေးအဖွဲ့က နှင်းခဲအောက်မှ ခက်ခဲစွာ ရှာဖွေတူးဖော်နိုင်သဖြင့် အသက်ရှင်ခဲ့ရသည်။ ဟီတာကာက ကျွန်တော်အသက်ရှင်နေသရွေ့ ကမ္ဘာ့အမြင့်ဆုံးတောင်လက်ကျန်များ ဆက်လက်တက်နိုင်အောင်ကြိုးစားမည် ဟုဆိုသည်။

ညိုမြင်းလွင်(မော်ကျွန်း)

*Ref:- Internet News, 11.1.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကတိုးဂူရတနာသိုက် နှင့် လောဘာဘနိဂုံး

ရွှေကျီးသာ

(ယခင်လမှအဆက်)

မနက်မိုးလင်းတော့ အိပ်ရာမှ ထလိုက်သည်။ စောကွယ်ဆေးနှင့် စောလှထီးကို လှည့်ကြည့်လိုက်တော့ မရှိ။ ဦးစောအယ်မူက ရေနွေးကြမ်းသောက်နေသည်။ အောင်ထူး အပြင်သို့ထွက်ကြည့်လိုက်တော့ စောကွယ်စေးက ချင်အုပ်ပင်ကြီးကို မော့ကြည့်လိုက်၊ အောက်မှ မြေကြီးတွေကို ကောက်ကြည့်လိုက်လုပ်နေ၏။ စောလှထီးက အပင်ပတ်ပတ်လည်သို့ လှည့်ပတ်ကာ ဘာတွေရှာနေသည်လဲ မသိ။ အောင်ထူး သူတို့အနားသို့သွားကာ . . .

"စောကွယ်စေး မင်းတို့ ဘာပျောက်လို့ ရှာနေတာလဲ"

"အကိုင်း"

"မင်းကလည်း အကိုင်းပျောက်တာများ ရှာနေရသေးတယ်။ ကိုယ့်ဟာကို ချိုးလိုက်ပါလား။ ရနေတဲ့ဥစ္စာ"

"အာ . . . အဲဒီအကိုင်းကို ပြောတာမဟုတ်ဘူး"

"ဒါဆို ဘာလဲ"

စောကွယ်စေးက ညက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"အဲဒါ နင်ကြောက်မှာ စိုးလို့ ငါမပြောတာ"

"ဒါဆို အဲဒီအကိုင်းကြီးက ဘယ်ရောက်သွားလဲ"

"မသိဘူး။ ငါ့အထင်တော့ တောချောက်တာပဲ ဖြစ်ရမယ်"

"စောလှထီး ခင်ဗျားက ဘာတွေရှာနေတာလဲ"

အောင်ထူး ကုန်းကုန်းကွကွနှင့် ဘာတွေရှာနေသည် မသိသော စောလှထီးအား မေးလိုက်သည်။

စောလှထီးက သူ့ အဖြစ်အပျက်ကို ဤသို့ပြောပြသည်။

xxx xxx xxx

စောလှထီး အောင်ထူး နိုးသဖြင့် ကင်းစောင့်ရန် ထလိုက်ပြီး မီးဖိုနားထိုင်ကာ ထင်းချောင်းများ ပစ်ထည့်နေလိုက်သည်။

မီးတောက်အရှိန်ကြောင့် အနားပတ်ဝန်းကျင်ကို ကောင်းစွာမြင်နေရသည်။ တောကြက်တွန်သံများကို ဟိုတစ်စ၊ သည်တစ်စ ပိုမို၍ ကြားနေရပြီဖြစ်သည်။ မိုးလင်းခါနီးပြီဟုတွေးကာ မီးထပ်ထည့်လိုက်ပြန်သည်။

ထိုစဉ် စကားပြောသံ လိုလို သဲ့သဲ့ကြားသဖြင့် နားစွင့်ကြည့်လိုက်ရာ ဟိုနားကလိုလို၊ ဒီနားကလိုလို ကြားနေရသည်။ စောလှထီး ဒူးလေးကို အဆင်သင့် ဆွဲတင်လိုက်ပြီး မြားတံ တပ်ထားလိုက်သည်။ လက်တစ်ဖက်မှ ဒူးလေးကို ကိုင်ကာ တစ်ဖက်မှ ထင်းများ ထပ်ပစ်ထည့်လိုက်သည်။

ထင်းများ ထည့်လိုက်သည်နှင့် မီးကလည်း အရှိန်ကောင်းလာသည်။

ထိုစဉ် မည်းမည်းသဏ္ဍာန်နှစ်ခု သူ့အနားသို့ တရွေ့ရွေ့လာနေသည်။ စောလှထီး ဒူးလေးနှင့် ပစ်မည်ပြုပြီး မပစ်တော့ဘဲ အဆင့်သင့် မုဆိုးဒူးထောက် ထိုင်လိုက်သည်။ မကြာပါ ထိုသဏ္ဍာန်နှစ်ခုကို သဲကွဲစွာမြင်တွေ့လိုက်ရသည်။

သူ့အနားသို့ လာသော မည်းမည်းသဏ္ဍာန် နှစ်ခုမှာ လူနှစ်ဦးဖြစ်သည်။ ယင်းနှစ်ဦးမှာ ရှေးခေတ်အဝတ် အစားတွေလို ဟာတွေကို တိုးလို့ တွဲလောင်းနှင့် ရှုပ်ယှက်ခတ်အောင် ဝတ်ဆင်ထားသည်။ စောလှထီးနှင့် ခြေလှမ်း ဆယ်လှမ်းခန့်အကွာတွင် ရပ်ကာ စောလှထီး နားမလည်သော စကားများဖြင့် လက်ညှိုးထိုးထိုးပြီး ပြောနေသည်။ မကြာပါ နောက်ကြောင်းပြန်လှည့်သွားပြီး အင်ပင်ကြီးအောက်ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

xxx xxx xxx



www.burmeseclassic.com

www.burmeseclassic.com

သိလေသလားဟု မေးမိပါတယ်။ အူကြောင်ကြောင်လုပ်တဲ့ကောင်ဟု စိတ်ထဲမှ ကျိန်ဆဲပစ်လိုက်သည်။

ထိုစဉ် မည်းမည်းအရာက မီးပုံနှင့် မသမ်းမကမ်းတွင် ရပ်လိုက်သည်။

စောကွယ်စေး သေချာကြည့်လိုက်သည်။

"အောင်ထူးရေ ဝက်ဝံဟ"

"ဝက်ဝံဆို ပစ်လေကွာ"

"နေဦး ... ဝက်ဝံတွေက ညပိုင်းထွက်ခဲတယ်"

"ထွက်ခဲတယ်ဆိုပြီး ခုဘာလို့ ထွက်လာလဲ"

"နင်က ဒီလိုပဲ ကတ်ပြောနေတာပဲ၊ အဲဒီ ဝက်ဝံက တို့ကို ဘာမှ မလုပ်ဘူး။ သားပျောက်လို့ လိုက်ရှာနေတာ"

"သားပျောက်လို့ ရှာတာမှန်းကို မင်းဘယ်လိုသိလဲ။ မင်းက ဘယ်အချိန် သွားကြည့်လို့ အမှန်းသိလဲ"

"တော်ကွာ နင့်ကို ရှင်းမပြတော့ဘူး။ အလကား ကျွဲပါးစောင်းတီး ဘာမှ နားမလည်ဘူး"

ထိုအချိန် ဝက်ဝံကြီးက သူတို့အနားသို့ ရောက်လာပြီး အန္တရာယ်ပြုတော့မည်။

အောင်ထူးက လက်ထဲမှ ဗူးလေးဖြင့် ဝက်ဝံကြီးအား ပစ်လိုက်သည်။ ဝက်ဝံကြီး၏ ယာဘက်ရင်အုံအား တုပ်ချင်းခတ်ဖောက်ဝင် သွားလေသည်။

ဝက်ဝံကြီးက နာကျင်စွာ အော်ပြီး ယွက်ပြေးသွားသည်။ စောကွယ်စေးက ယခုမှ သတိဝင်လာပြီး ခါးမြှောင်ဆွဲထုတ်သည်။

"ဟေ့ကောင် .. သောက်ကရင် မင်းပြောတော့ သားပျောက်ရှာတဲ့ ဝက်ဝံဆိုကွဟ"

"နင် ... အဲဒီ ဝက်ဝံ နောက်မလိုက်ဘူးလား"

စောကွယ်စေးက မေးသည်။

"မင်းလိုက်ပါလား၊ မင်းကြီးတော်နောက်ကို၊ ငါ့ကို သေအောင် လုပ်နေတာလား"

စောကွယ်စေးက သူ့အမှားနှင့် သူမို့ ဘာမှ မပြောဘဲ ငြိမ်ကုပ်နေသည်။ အောင်ထူးက မကျေမနပ်ဖြင့် ပွစိပွစိ ပြောနေသည်။

ဂူထောင့် တစ်နေရာမှာ

ဆွေးနေပြီဖြစ်သော

အရိုးပြိုပြိုများ

ပြန့်ကြဲနေသည်။

ဂူအတွင်းပိုင်းသို့

ရောက်သည်နှင့်

အားလုံး ...

အံ့ဩသွားရသည်။

"ခအောင်ထူးရေ အိပ်ချင်ပြီဟ"

"ငါတို့လည်း ညဉ့်တော်တော် နက်လာပြီ အိပ်မယ်ဟ"

စောကွယ်စေးက မီးဖိုထဲ မီးများ ထပ်ထည့်လိုက်သည်။

အောင်ထူးက စောလှထီးနှင့် ဦးစောအယ်မူကို နှိုးလိုက်သည်။

စောလှထီးနှင့် ဦးစောအယ်မူက သူတို့ကင်းစောင့်ကျသည်နှင့် အလိုက်သိစွာ အိပ်နေရာမှ ထလိုက်သည်။

အောင်ထူးနှင့် စောကွယ်စေးက အိပ်ရန် တဲအတွင်းသို့ ဝင်လိုက်သည်။ စောလှထီးက မီးထည့်သည်။ ဦးစောအယ်မူက ရေနွေးအိုးတည်သည်။

"စောလှထီး မီးကိုများများထည့်၊ အချမ်းလည်းပြေတယ်၊ ဘေးပတ်ဝန်းကျင်လည်း မြင်ရတယ်"

စောလှထီးက ဦးစောအယ်မူပြောသည့်အတိုင်း မီးတောက်ကောင်းအောင် ထင်းချောင်းများ ထပ်ထည့်လိုက်ပြန်သည်။

"စောလှထီး ... နင် ဒီရတနာသိုက်ရရင် ဘာလုပ်မယ် စိတ်ကူးသားလဲ"

ဦးစောအယ်မူက ရေနွေးထည့်ရင်း စောလှထူးအား မေးလိုက်သည်။

"ကျွန်တော်က ဒီရတနာသိုက်အောင်မြင်ခဲ့ရင် ဆင်းရဲစီးဘဝက ကျွတ်ပြီပေါ့"

"အေး ... ငါလည်း ဒီလိုပဲ၊ ဒီရတနာသိုက်သာ အောင်မြင်ခဲ့ရင် မြို့မှာ ခြံတွေအိမ်တွေဝယ်ပြီး ဖိုဇာတာကောင်းအောင် နေပစ်လိုက်မယ်"

သူတို့ဖြစ်ချင်ရာ ဘဝတွေကို ဖလှယ်နှီးနှောရင်း လောဘဖောတိုက်နေကြသည်။ ရတနာသိုက်က ဘယ်နေမှန်း...
...သေးပေ။ စောလှထီး...
မိုးလင်းခါနီးပြီးမို့ ထမင်း...
တည်သည်။ ဦးစောအယ်မူ...
မီးတည့်ပေးသည်။ မနက်...
လင်းသည်နှင့် အောင်ထူး...
အား နှိုးကာ ထမင်းကြမ်း...
ကြသည်။ စားသောက်နေတုန်း...
စောလှထီးက ရေခန်းထမင်း...
အသင့်ထားလိုက်သည်။ အား...
စားသောက်ပြီးသောအခါ...
စောကွယ်စေးက ...

"ကောနေဦး ဖထီး၊ ကျွ...
တော်နဲ့ အောင်ထူးနဲ့ ည...
ဝက်ဝံနောက် လိုက်ကြည့်...
မယ်။ ခုလောက်ဆို ဒီကော...
ကြီးသေနေလောက်ပြီ"

xxx xxx xxx

စောကွယ်စေးက အောင်...
ထူးအားခေါ်ကာ ဝက်ဝံနော...
လိုက်ကြည့်သည်။ ဝက်ဝံသွ...
ထားရာ လမ်းတစ်လျှော...
သွေးစက်များက ဝက်ဝံရှိ...
ညွှန်ပြနေသလိုပင်။ ည...
တည်းက သွေးစက်များ...
ခြောက်နေပြီဖြစ်သည်။ သ...
စက်ခံ၍ လိုက်ကြည့်လာ...
တစ်နေရာအရောက် ကွ...
သွေးစက်များက ပျောက်သွ...
သည်။ တစ်ဖက်မှ ချော...
ကမ်းပါးကြီး၊ တစ်ဖက်...
တောင်စောင်းဖြစ်သည်။

ပေါင်စောင်းနှင့်ချော...
ကမ်းပါးမှာ လူသုံးယော...
ယှဉ်ရပ်သာလောက် ဝေး...
ဖြင့် ဝက်ဝံချောက်ထဲက...
သေသွားပြီဟု ထင်လိုက်...
သည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ . . . အဲဒါကို လိုက်ရှာနေတာ"

"ဒီနားမှာ ဒီအပင်တစ်ပင်ပဲရှိတာ၊ ဒီနေရာမှာ ပျောက်သွားတယ်ဆိုတော့ သရဲဖြစ်မှာပေါ့"

"ဟေး . . . ဖိုးခွား ခရီးဆက်မယ်"

ဦးစောအယ်မူက လှမ်းပြောသဖြင့် ခရီးဆက်ရန် ပြင်ကြရသည်။ ပစ္စည်းများကို ဝိုင်းဝန်းသိမ်းရင်း ဓားလွတ်တစ်ယောက် တစ်ချောင်းကိုင်လိုက်သည်။

အောင်ထူးနှင့် စောလှသီးက ပစ္စည်းများကို သယ်ရသည်။ စောကွယ်စေးက ရှေ့မှသွားသည်။

ဦးဖောအယ်မူက နောက်မှလိုက်သည်။ မနားတမ်း တောက်လျှောက် ခရီးဆက်လာသဖြင့် မကြာခင် သံသေပင်များ အမြောက်အမြား ပေါက်နေသော တောသို့ ရောက်လာသည်။

"ဖထီး . . . သံသေတော ဆိုတာ ဒါပါပဲ"

"အားပါး . . သံသေပင်တွေက မနည်းပါလားဟ"

သံသေတောအမည်နှင့် လိုက်အောင် သံသေပင်တွေက တစ်ပင်နှင့်တစ်ပင် နီးကပ်စွာပေါက်နေသည်။

"ကဲ . . . ဖိုးခွားရေ၊ ဒီနေ့ အချိန်မရှိတော့ဘူး။ စခန်းချဖို့ နေရာလုပ်ရအောင်။ နောက်နေ့မနက်လင်းမှ ကတိုးဂူကိုရှာကြမယ်"

အောင်ထူးက ထုံးစံအတိုင်း ထမင်းချက်ရန် ရေရှာသည်။ မကြာပါ။ ခမ်းချောင်းလေးတစ်ချောင်း တွေ့သဖြင့် အိုးထဲသို့ ဆန်တွေထည့်ကာ ချောင်းထဲမှာပင် ဆန်ဆေးလိုက်သည်။

ဆန်ဆေးပြီး စခန်းချသော နေရာမှာ ဖိုခုံလောက် ငုတ်ကလေး သုံးငုတ်စိုက်ကာ မီးမွှေးပြီး ရေခန်းထမင်း တည်ထားလိုက်ပြီး ရေနွေးကျိုရန်နှင့် ဆေးနကြာရန်အတွက် ကြသောင်းဝါးအဆစ်နှင့် ကျည်တောက်လုပ်ကာ ရေခပ်ခဲ့ သည်။

"စောကွယ်စေး မင်းတို့ ရေချိုးချင်နေပ်တော့ တောင်ကျစမ်းရှိတယ်"

"ရေဟော်တော်ပေါလား"

"အေး . . . မနည်းတော့များတယ်"

"တောင်ကျစမ်းကို အရမ်းမချိုးနဲ့နော်၊ ငှက်ဖျားမိလိမ့်မယ်"

"ရေမချိုးလို့ မသေပါဘူး၊ မချိုးနဲ့"

တောထဲမှာ သူတို့စကားသံတွေမှအပ ဘာမှုမကြားရ။

ညနေစောင်းတော့ အိပ်တန်းပျံငှက်တွေ သူတို့နားဒိုရာ အိပ်တန်းရှာကြသလို၊ အောင်ထူးတို့လည်း စားသောက်ပြီး စီးသွား၍ ရေနွေးကြမ်းအိုး တည်ကာ ဆတ်သားခြောက်အနည်းငယ်ကို မီးဖုတ်လိုက်သည်။

"ဒီနေ့ ညအိပ်ရင် နှစ်ယောက်တစ်တွဲ အိပ်မှဖြစ်မယ်"

"ကျွန်တော်နဲ့ စောကွယ်စေးနဲ့ နှစ်ယောက်တစ်တွဲ၊ ဖထီးနဲ့ စောလှသီးက တစ်တွဲ၊ အဲသလို ခွဲအိပ်မယ်"

"ကောင်းပြီလေ၊ အဆင်ပြေသလို ကြည့်လုပ်ပေါ့"

ထိုည တော်တော်နှင့် မအိပ်ကြသေးဘဲ ရေနွေးကြမ်း ထိုင်သောက်နေကြသည်။

"ဖထီးတို့ အရင်အိပ်၊ ကျွန်တော်တို့နှစ်ယောက်က အရင်ကင်းစောင့်မယ်"

"အေး . . . နင်တို့ နှစ်ယောက် သတိဝီရိယရှိရှိနဲ့ နေနော်"

"ဟုတ်ကဲ့ . . . စိတ်ချလက်ချသာ အိပ်ပါ"

အောင်ထူးက ထင်းချောင်းများ ထပ်ထည့်ရင်း ရေနွေးအိုး ထပ်တည်လိုက်သည်။ ဦးစောအယ်မူနှင့် စောလှထူးက ဟိပ်ခနဲထသွားသည်။

"အောင်ထူး"

"ဘာလဲ"

"နင် . . . ငါတို့ ခုရှာမည့် နတ်နှာသိုက်ရှင် ဘာလုပ်မလဲ"

"ဟဲ့ . . အောင်ကရင်ငတုံးရဲ့၊ မြို့တက်ပြီး သူဌေးလုပ်မှာပေါ့"

"ငါကတော့ အဲသလို မဟုတ်ဘူး"

"ဒါဆို ဘာလုပ်မှာလဲ"

စောကွယ်စေးက ခဏ ငြိမ်သွားပြီး . . .

"ငါ . . . အဲဒီရတနာ တွေ့ရရင် ဒေါင်းစပါးကွင်းရွာမှာ လယ်တွေဝယ်ပြီး အဲဒီရွာက နော်အယ်ဝါးဖော်နဲ့ယူမှာ"

စောကွယ်စေး၏ စကားကြောင့် အောင်ထူးက . . .

"မင်းက နှာဘူးပဲကွ"

"နှာဘူးမဟုတ်ဘူး၊ သူ့ကို ငါ တကယ်ချစ်တာကွ"

"တော်စမ်းပါကွာ၊ မိန်းမအကြောင်းပဲ ပြောနေတာပဲ"

အောင်ထူးက ထိုသို့ပြောကာ ရေနွေးဆူသဖြင့် ရေနွေးထထည့်လိုက်သည်။

ညဥ့်က တဖြည်းဖြည်း နက်လာသဖြင့် ပို၍ အေးလာသည်။ စောကွယ်စေးက မီးဖိုထဲသို့ ထင်းများ ပစ်ထည့်လိုက်သည်။

"စောကွယ်စေး"

အောင်ထူးက လေသံတိုးတိုးနှင့် ခေါ်သဖြင့် စောကွယ်စေးက ဘာလဲဟူသော အမူအရာဖြင့် မေးလိုက်သည်။

"ဟိုမှာ ဒီဖက်ကို လာနေတာ လူလား၊ သရဲလား"

"နင်ကလည်း ဒီလောက်နက်တဲ့ တောထဲကို ဘယ်လူက လာမှာလဲ"

"လာလို့ပဲ တို့ဒီကို ရောက်လာပြီ"

"နင်က . . . တော်တော် ကတ်ကတ်သတ်သတ်နိုင်တဲ့ ကောင်ပဲ"

သူတို့ အငြင်းခုံ လုပ်နေစဉ် လူလိုလို၊ ဝက်ဝံလိုလို ကောင်က တဖြည်းဖြည်း နီးလာသည်။

"အောင်ထူး အဲဒါ လူလည်း မဟုတ်ဘူး၊ သရဲလည်း မဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"ငါလည်း မသိဘူးလေ"

စောကွယ်စေး၏ စကားကြောင့် အောင်ထူး အောင်သက်သက်ဖြစ်သွား၏။ သူများ



www.burmeseclassic.com

www.burmeseclassic.com

"အောင်ထူးရေ ဝက်ဝံက ချောက်ထဲကျသွားတာပဲ ဖြစ်ရမယ်"

"မင်းသွေးစက်တွေ့လား"

"သွေးစက်တော့ မတွေ့ဘူး။ ငါ့ အထင်ပြောတာ"

"မင်း အဲသလို ရမ်းသမ်းမတွေးနဲ့ကွ၊ ကရင်ငတုံးရ။ ညကလည်း မင်းကြောင့် ဝက်ဝံကုပ်လို့မသေတယ်"

အောင်ထူးစကားကြောင့် စောကွယ်စေး ဘာမျှ ပြန်မပြောတော့။

"သွေးစက်က ဒီနားမှာ ပျောက်နေတာဆိုတော့"

အောင်ထူးက နိုင်ငံကျော် စုံထောက်ကြီးစတိုင်ဖမ်းကာ စဉ်းစားလိုက်၏။ ပြီးမှ . . .

"ဒီတောင်ကမ်းပါးယံမှာ ဂူပေါက်ရှိရမယ်"

အောင်ထူးထိုသို့ ပြောလိုက်သောအခါ . . .

"အားပါး တောသားက ဒီတစ်ခါ သာသွားပြန်ပြီ"

"မင်းက မြို့သားကျနေတာပဲ"

"ကဲပါ . . . ငြင်းမနေနဲ့ ဂူပေါက် ရှိမရှိ ရှာကြည့်ရအောင်"

စောကွယ်စေးနှင့်အောင်ထူး ဂူပေါက်ရှာကြည့်သည်။ မတွေ့၍ အောင်ထူးက လက်လျှော့ပြီး . . .

"ပြန်မယ် ဘာမှမရှိဘူး"

"နေဦးကွ . . . ဒီချုံမှာ သွေးစက် တော်တော်များများတွေ့ရတယ်"

အောင်ထူး စောကွယ်စေးပြသော ချုံကို ကြည့်လိုက်သည်။ ဟုတ်ပါသည်။ ချုံမှာ သွေးများပေကျံ၍ တိုးဝင်ထားသော အရာကိုတွေ့လိုက်ရသည်။

"ဒီချုံနောက်မှာ ဂူပေါက်ရှိရမယ်"

"ကဲ . . . . ပြောနေတာ ကြာရော့ ရှင်းစမ်း"

နှစ်ယောက်သား ချုံကို ဖြရှာလိုက်သည်။

"ဟာ . . . . ဟုတ်ပါ့၊ ဂူပေါက်ကလည်း ကျဉ်းလိုက်တာ"

"ဂူပေါက်ကျဉ်းပေမည့် အထဲက တော်တော်ကျယ်မယ့်ပုံပဲ"

"နင်က ဘာကို ကြည့်ပြောတာလဲ"

"မင်းကို ငတုံးလို့ ပြောတော့လည်း နာသေးတယ်။ ဂူပေါက်ကျဉ်းပေမည့် အထဲမှာ ကျယ်လား၊ မကျယ်လား ဆိုတာ သိတာက တို့ပြောတဲ့ အပြင်က အသံက အထဲကို ပွဲတင်နေလို့ပဲ၊ မယုံရင်အော်ကြည့်"

အောင်ထူးပြောသဖြင့် စောကွယ်စေး ဂူပေါက်ဝထဲသို့ ခေါင်းဝင်ကာ အော်ကြည့်လိုက်သည်။ စောကွယ်စေး၏ အသံက ဂူထဲမှာ ပဲ့တင်သွားသည်။

"ဟုတ်တယ် . . အထဲမှာ တော်တော်ကျယ်မယ်ထင်တယ်၊ ဝင်ကြည့်မလား"

"အထဲမှာ မှောင်မည်းနေတာ ဘယ်လိုဝင်မလဲ"

"နေဦး . . . ငါ့ခုမှ စဉ်းစားမိတယ်"

"ဘာကို စဉ်းစားမိတာလဲ"

"ဖထီး စောအယ်မူပြောတဲ့ ကတိုးဂူဆိုတာလေ"

"ဟာ . . . ဖြစ်နိုင်တယ်။ လာကွာ တို့ သူတို့ကို သွားခေါ်ရအောင်"

အောင်ထူးက ထိုသို့ပြောပြီး ရှေ့မှ ထွက်သွားသည်။ စောကွယ်စေးလည်း နောက်မှ သုတ်ခြေတင်လိုက်သည်။ စခန်းချရာသို့ ပြန်ရောက်တော့ . . .

"နင်အို့ဥစ္စာ သွားလိုက်တာအကြာကြီးပဲ"

ဦးစောအယ်မူက ဆီးပြော သည်။

"ကြာနေတာ ဒီလို ဖထီးရေ"

တွေ့မြင်ခဲ့ရသော အကြောင်းများကို ပြောပြသည်။

"ဒါဆို နင်တို့ အဲဒီနေရာကို မှတ်မိလား"

"အာ . . . ဖထီးကလည်း ခုပဲပြန်လာတာ၊ ဘာလို့ မမှတ်မိရမှာလဲ"

"ကဲ . . . ဒါဆို သွားရအောင်"

"နေဦး ဖထီးရဲ့ ဂူထဲက မှောင်တယ်။ မီးတုတ်လုပ်ရအောင်"

စောကွယ်စေးက ပြောပြောဆိုဆို အဝတ်နှစ်ထည်ကို လိမ်ပြီး ဝါးဆစ်ထဲသို့ ထည့်ကာ ရေနံဆီထည့်လိုက်သည်။

"မီးတုတ်က နှစ်တုတ်ဆိုရတယ်"

အောင်ထူးက ဒူးလေးကိုင်သည်။ စောကွယ်စေးတို့ သုံးယောက်က ခါးကိုယ်စီကိုင်ကာ ဂူပေါက်ရှိရာသို့ တက်ကြွသော ခြေလှမ်းများဖြင့် လှမ်းလာခဲ့တော့သည်။

xxx xxx xxx

"ဖထီး ကျွန်တော်တို့ တွေ့တာ ဒီဂူပေါက်ပဲ"

အောင်ထူးက ပြောလိုက်သည်။ စောလှထီးက . . .

"ဂူပေါက်က ကျဉ်းကျဉ်းလေးပဲ"

"ကျဉ်းပေမည့် အထဲက တော်တော်ကျယ်လောက်မယ်"

ဦးစောအယ်မူက ပြောလိုက်သည်။ ပြီးသည်နှင့် . . .

"ကဲ . . . စောကွယ်စေး မီးတုတ်တွေကို ရှို့လိုက်တော့"

"ဟုတ်ကဲ့ . . . ဖထီး"

စောကွယ်စေးက မီးတုတ်များကို မီးရှို့လိုက်သည်။

"အထဲရောက်ရင် သတိရှိနေပါ။ ဒီဂူထဲမှာ အန္တရာယ် တော်တော်များများ ရှိနိုင်တယ်"

စောလှထီးနှင့် စောကွယ်စေးက မီးတုတ်ကိုင်ပြီး ရှေ့ဝင်သည်။

"အောင်မလေး မနည်း ကုန်းဝင်ရတယ်"

စောလှထီးက ညည်းသည်။

အောင်ထူး ဒူးလေးကြိုးနှင့်မို့ ဝင်မရ၊ ထို့ကြောင့် ဒူးလေးကို အပြင်မှာ ထား ခဲ့သည်။ သိပ်မဝင်ရ၊ ဂူပေါက်က တဖြည်းဖြည်းကျယ်လာသည်။ သို့ပေမည့် မတ် သွား၍ မရသေး။ ရှေ့ဆက် သွားရင်း ဂူနံရံသည်လည်း ကျယ်လာသလို အမိုးကလည်း တစ်ရပ်လွှတ်လာသည်။

"အောင်ထူး နင် ဒူးလေး အဆင်သင့်ပြင်ထားနော်"

"ဒူးလေးက အပြင်မှာ ထား ခဲ့တယ်၊ ဂူပေါက်နဲ့ မဆံ့



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါမှ ဒုက္ခပဲ။ အဲဒီ လက်နက်ကိုမှ ထားခဲ့ရတယ် လို့"

အောင်ထူး ကိုယ့်အပြစ်နှင့် ကိုယ်မို့ ဘာမျှမပြောဘဲ ငြိမ်နေလိုက်သည်။ အောင်ထူးက ဘာလက်နက်မှ မပါဘဲ နောက်မှလိုက်သည်။ ဂူထောင့်တစ်နေရာမှာ ဆွေးနေပြီဖြစ်သော အရိုးဖြူဖြူများ ပြန့်ကြဲနေသည်။ ဂူထဲမှာ အန္တရာယ်ဟူ၍ တစ်စုံတစ်ရာမှ မရှိ။ ဂူအတွင်းပိုင်းသို့ ရောက်သည်နှင့် အားလုံးအံ့ဩသွားရသည်။ မီးရောင်ဖြင့် မြင်ရသော ရွှေရောင်တွေက ဝင်းလက်နေသည်။

"ဟာ . . . . . ရွှေတွေ အများကြီးပဲ"

စောလှထီးက ဝမ်းသာအားရပြောသည်။

"ငါ့ရဲ့ ကတိုးဂူရတနာ သိုက် အောင်မြင်ပြီကွ။ ငါ ချမ်းသာပြီ"

ဦးစောအယ်မူ အရှူးတစ်ယောက်ပမာ အော်ဟစ်လိုက်သည့်အသံက ဂူတစ်ခုလုံးပဲ့တင်ဟိန်းတက်သွားသည်။ ဦးစောအယ်မူက ရတနာအထုပ်ကြီး တစ်ထုပ်ကို ကောက်ကိုင်လိုက်စဉ် . . .

"ရှူး"

ဘယ်ကရောက်လာသည် မသိသော တောကြီးမြွေပောက်ကြီးက ဦးစောအယ်မူ၏ လက်ကို ပေါက်လိုက်သည်။

"ဟာ . . . မြွေကြီး၊ မြွေကြီး . . . ငါ့ကို ကိုက်လိုက်ပြီ"

ဦးစောအယ်မူက ထိတ်ထိတ်လန့်လန့်ဖြင့် အော်လိုက်သည်။ စောကွယ်စေးက လက်ထဲမှ ဓားနှင့် မြွေကြီးကို လှမ်းပေါက်လိုက်သည်။

"ဝှစ်"

"ဒုတ်"

"ချွင်"

"ရှူး"

ဓားဖြင့် ပေါက်သော်လည်း မြွေကြီးက ဘာမှမဖြစ်။ ဘာမှမဖြစ်သည့်အပြင် စောကွယ်စေး ပစ်လိုက်သော ဓားပင် မြွေကြီးခန္ဓာကိုယ်နှင့် ထိကာ ကျိုးသွားလေသည်။ မြွေကြီးက ဒေါသပိုထွက်ကာ စောကွယ်စေးဖက်သို့ လှည့်ကာ ပေါက်ရန်ပြင်လိုက်၏။ သို့သော် မပေါက်ဘဲ နောက်သို့ လှည့်ကာ ဂူအတွင်းပိုင်းသို့ ဝင်သွားသည်။

"ဖထီး . . . ဖထီး"

စောကွယ်စေး ဦးစောအယ်မူကို ခေါ်လိုက်သည်။ သို့သော် တောကြီးမြွေပောက်၏ အဆိပ်က အလွန်ပြင်းထန်သောကြောင့် သေဆုံးသွားပြီဖြစ်သည်။

"ကဲ . . . တို့သုံးယောက်ပဲ ရှိတော့တယ်။ ဖထီးက သေပြီ"

"ဒါဆို ငါတို့ ဒီရတနာတွေ ယူပြီး ပြန်ကြမယ်"

စောလှထီးက ထိုသို့ပြောသောအခါ . . .

"ဟုတ်တယ် . . . ငါတို့ပဲ ရတော့မှာဆိုတော့ အားလုံး ချမ်းသာပြီကွ"

စောကွယ်စေးကလည်း -

"ဒါဆို ဒီရတနာတွေ ထည့်ဖို့ လုံချည်တွေချွတ်ကြ"

စောကွယ်စေးပြောစကားကြောင့် ဘာမှမစဉ်းစားတော့ဘဲ လုံချည်များကို ချွတ်ကာ ရတနာတွေကို ထည့်လိုက်သည်။

"အောင်ထူးရေ မျှားမျှားပါအောင်ထည့်"

"အေးပါဟ"

"စောကွယ်စေး၊ တို့ဒီတစ်သက် မဟုတ်ဘူး၊ နောက်ထပ်ဆယ်သက်စားမကုန်ပါဘူးကွာ"

"ဂရား"

"ဟာ . . . ဘာကောင်ကြီးလဲဟ"

အားလုံး လောဘဇောတိုက်နေသဖြင့် နောက်မှအန္တရာယ်ကို ဂရုမစိုက်မိကြ။

"စောကွယ်စေးရေ တို့မှာ ဘာလက်နက်မှလည်း မရှိဘူး။ ဘယ်လိုလုပ်မလဲ"

"ရတနာတွေ ထုပ်ပြီးနေပြီပဲ ပြေးမယ်"

စောလှထီးက ပြောပြောဆိုဆို ရှေ့မှပြေးသည်။ စောကွယ်စေးနှင့် အောင်ထူးလည်း ပြေးလိုက်သည်။

မြွေလိုလို၊ နဂါးလိုလို အကောင်ကြီးက ပါးစပ်ထဲမှ ပျစ်ချွဲချွဲ စိမ်းစိမ်းအရည်များဖြင့် မှုတ်လိုက်သည်။

"ဟာ . . . ဘာတွေလဲဟ"

"ဘာတွေလဲ လုပ်မနေနဲ့ ပြေး"

သတ္တဝါကြီး မှုတ်လိုက်သော ပျစ်ချွဲချွဲအရည်များက စောကွယ်စေးတို့ သုံးယောက်စလုံးကို ပေကျံကုန်သည်။

"အား . . . ဘာတွေလဲ မသိဘူး ယားလာတယ်"

အောင်ထူးကပြောသည်။

"ငါလည်း နင့်လိုပဲဟ"

အားလုံးပြေးလာရင်း ဂူအပေါက်သို့ထွက်ရန် တော်တော်လိုသေးသည်။ ပြေးရင်းပြေးရင်း ဂူအမိုးက နိမ့်နိမ့်လာသည်။ သုံးယောက်သား ရတနာထုပ်တွေ မနိုင်မနင်းနှင့်မို့ ဂူပေါက်ဝရောက်အောင် တိုးဝင်ရန် ခက်ခဲနေသည်။ စောလှထီးက ရတနာထုပ်ကြီးကို လှိမ့်သွင်းသည်။ စောကွယ်စေးနှင့် အောင်ထူးလည်း စောလှထီးလုပ်သလို လှိမ့်ကာ လှိမ့်ကာ သွင်းလိုက်သည်။

မကြာပါ ဂူပေါက်ဝက တဖြည်းဖြည်းကျဉ်းလာ၍ ရှေ့ဆက်တိုး၍ မရတော့ပေ။ အောင်ထူး က နောက်မှဖြစ်၍ စောကွယ်စေးက အလယ်မှာဖြစ်သည်။ စောလှထီးလည်း ရှေ့နောက် ညှပ်ပိတ်မိနေသလို စောကွယ်စေးလည်း ရှေ့နောက်ညှပ် ပိတ်မိနေသည်။ အောင်ထူးက ရှေ့ဆက်မတိုးတော့သဖြင့် သူ့ အထုပ်ကြီးကို နောက်ကို ဆွဲယူရန် ကြိုးစားလိုက်သည်။

သို့သော် မြွေလိုလို၊ နဂါးလိုလို အကောင်ကြီးက အောင်ထူးကို လှမ်းဆွဲသွားသည်။ စောကွယ်စေးနှင့် စောလှထီးလည်း လွတ်မြောက်ဖို့ ကြိုးစားရင်း သတ္တဝါကြီး၏ ပျစ်ချွဲချွဲအရည်များကြောင့် ပူလောင်သော ဝေဒနာများကို ခံစားရပြီး သေဆုံးသွားပါတော့သည်။ သံသေတောကတော့ ပကတိငြိမ်သက်လျက် ကျန်ရှိနေပါတော့သည်။

ရွှေကျီးသာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အားလုံး

## ကောင်းပါတယ်ခင်ဗျား

အောင်ရဲကျော်(မူခင်း)

အချို့သောသူများက ထောင်ဆိုတာ ဒုစရိုက်လောကီသားများ စုဝေးသောနေရာဟု ပြောဆိုကြသကဲ့သို့ အချို့ အချို့က ထောင်ဆိုသည်မှာ လောကဘုံ ငရဲဘုံဟုဆိုကြသည်။

ကျွန်တော့် အနေနှင့်ကပေါ့ ထောင်ဆိုသည်မှာ လူသားတို့၏ ဘဝတက္ကသိုလ်ကြီးဟု မှတ်ယူထားခဲ့မိပါသည်။ လူလောကကြီး အတွင်းရှိ လူသားမျိုးစုံ၊ အလွှာမျိုးစုံတို့မှ စုဝေးရောက်ရှိနေကြပြီးမသိ၊ မကြား၊ မတွေ့ခဲ့ဘူးသော ဒဿနပေါင်းစုံတို့ကို သိခွင့်ကြားခွင့်ရနိုင်ပါသော နေရာဖြစ်တာမို့ ကျွန်တော့် ကိုယ်ပိုင်လွတ်လပ်သော အတွေးအခေါ်အရ တင်စားပြောဆိုမိခဲ့ခြင်းသာဖြစ်ပါသည်။

မည်သို့ပင်ဆိုကြပါစေ ထောင်ဆိုသည်ကားပျော်ရွှင်ကြည်နူးဖွယ် အပြည့်ရှိသော လူနေမှု အဆောက်အအုံစာရင်းထဲတွင် ပါဝင်နိုင်ခြင်းမရှိသည်ကိုတော့ စာဖတ်သူ အားလုံးဆန္ဒတူညီစွာ မှတ်ချက်ချအတည်ပြုကြမည်ဟု ကျွန်တော်ထင်မြင်မိပါသည်။

ဤသို့ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ်ကင်းမဲ့ လှသည့်နေရာများတွင် မွေးဖွားသည်မှ ဆယ်စုနှစ်ကျော်သည်အထိ လှုပ်ရှားရုန်းကန်ကြီး ပျင်းလာခဲ့ရတဲ့ ကျွန်တော့်အတွက် ထောင်နဲ့ ပတ်သက်သော နှစ်ပေါင်းနှစ်ဆယ် ကာလေးဘဝမှ ဘတ်သိနားလည်သည့် အရွယ်တိုင် သိမိကြားသိခဲ့ရသည်များအား စာဖတ်သူများထံသို့ ပေးဝေမျှတ ခံစားကြည့်စေချင်သော စေတနာ ဆန္ဒများကြောင့် ဤမည်သော . . .

"အားလုံး ကောင်းပါတယ်ခင်ဗျား" ဟူသည့် စာစုအား ကျွန်တော့်ဘဝ အစိပ်အပိုင်းတစ်ခုအတွင်းမှ ထုတ်နှုတ်၍ ရေးသားတင်ပြခဲ့မိခြင်းဖြစ်ပါသည်။

လွတ်လပ်ရေးမရမီ အကျဉ်းထောင်၏အခြေအနေ၊ လွတ်လပ်ရေးရရှိပြီး ဖ·ဆ·ပ·လ အစိုးရခေတ်အကျဉ်းသားများ၏ဘဝနှင့် အိမ်စောင့်အစိုးရခေတ်ကာလကို ကိုးကိုးကျွန်း အကျဉ်းစခန်း၏အခြေအနေ တစ်စိပ်တစ်ဒေသဝင်အား ကျွန်တော့် အသက်အပိုင်းအခြားအလိုက်မှတ်မိသမျှကို ပုံဖော်တင်ပြခြင်းသာဖြစ်ပါသည်။ အချုပ်ဆိုရသော် ဤစာစုများသည် ကျွန်တော့်ဘဝ၊ ကျွန်တော်မိသားစုဘဝကို တင်ပြနေခြင်းမဟုတ်ခဲ့ပါ။

အကျဉ်းထောင်များ၏အကြောင်းပကတိ ကျွန်တော်တွေ့မြင်သိရှိသမျှကို ဖော်ကျူးသည်ချ မှုဝေခဲ့ခြင်းပင်ဖြစ်သည်၊ သို့ရာတွင် ငွေဒင်္ဂါးပြားတစ်ခုတွင်ရှိနေသော ခေါင်းနဲ့ပန်းဥပမာကဲ့သို့ ကျွန်တော်နှင့်အကျဉ်းထောင်အကြောင်းမှာ ဆက်စပ်ပါဝင်လျက် ခွဲခြားပြောဆို၍



www.burmeseclassic.com

www.burmeseclassic.com

မရသောကြောင်းခြင်းရာများရှိနေခဲ့သော ကြောင့် ကျွန်တော့အမြင်၊ ကျွန်တော့် အသိမှအကျဉ်းထောင်များ၏အကြောင်း တင်ပြရေးသားရာတွင် ကျွန်တော်နဲ့ ပတ်သတ်သည်များအား ချန်လှပ်ခဲ့မည် ဆိုပါက ပြည့်စုံမှန်ကန်မှု မရှိသလိုဖြစ် သွားမှာ စိုးရိမ်ပူပန်ခဲ့သဖြင့် မလွှဲမကင်း သာသောအကြောင်းများကြောင့် တစိပ် တဒေထည့်သွင်း ဖော်ပြပေးခဲ့ရခြင်း ဖြစ်ကြောင်း ကြိုတင်အသိပေးရင်းဖြင့် အပိုင်း(၄)ပိုင်း ခွဲခြားပြီး တိုတိလိုရှင်း တင်ပြရေးသားခဲ့ ခြင်းဖြစ်ပါသည်။

ကလေး ဘဝမှ နှစ်(၂၀) ကျော် ကာလ၏ ဖြတ်သန်းတွေ့ကြုံခဲ့ရသော အကျဉ်းထောင်များ၏ အခြေအနေ ကိုတင်ပြခဲ့ခြင်းပင် ဖြစ်သည်။

အပိုင်း(၁)

**ဂန်ကျီသောက်ပြီးကြီးပျင်းလာခဲ့သူ**

ကျေးဌူးရှင်မွေးမိခင်၏ဝမ်းမှ ကျွတ် ပြီးသည်နှင့် မြင်တတ်၊ ကြားတတ်သည့် အရွယ်တွင် ဦးစွာပထမဆုံးမြင်တွေ့ရ သည်က မြင့်မားကျယ်ပြန့်လှသော ထောင်အုတ်နံရံရှည်ကြီးနှင့် ကြားခဲ့ရ သောအသံများကတော့ ထောင်မျှော်စင် များပေါ်မှ(၁၅)မိနစ်လျှင် တစ်ကြိမ်ကျ အသံထွက်နေခဲ့သည့် နာရီသံချောင်း ခေါက်သံတို့သာဖြစ်ပါသည်။

ထိုနည်းတူစွာ ထောင်ကျအကျဉ်း သားတို့၏ သံခြေကျင်းပွတ်တိုက်သံများ တို့က သာယာနာပျော်ဖွယ် ဖြစ်ခဲ့ရပါ သည်၊ လူမှန်းသိစ စားတတ်သောက် တတ်သော အရွယ်ရောက်သောအခါ အမေ့နို့ချိုမှလွဲ၍ ဦးစွာပထမစားသောက် တတ်ခဲ့သည့်အစားအစာမှာ ထောင်ကျ အကျဉ်းသားများယူလာ၍ ကြွေးမွေး ကြသည့် ဂန်ကျီဟုခေါ်သည့် ဆန်လုံးတီး ပြုတ်အညီရောင်ရှိသည့် ဆံပြုတ်များ သာဖြစ်လေသည်။

နောက်ပိုင်း လမ်းလျှောက်စကား ပြောတတ်လာချိန်တွင် ရုံးပိတ်ရက်များ ၌ ထောင်ထဲသို့ ဝင်ထွက်ဆော့ကစားခဲ့ ရင်း ထောင်ကျ အကျဉ်းသားများ၏ လက်ပေါ်တွင် ပျော်ရွှင်စွာဆော့ကစား၍ နှစ်ခြိုက်စွာ အိပ်မောကျခဲ့ဖူးပါသည်။ ကျွန်တော်၏ ငယ်စဉ်ဘဝအစိပ်အပိုင်း အား မှတ်လွယ်သိလွယ်သောစကားနှင့် ဆိုရပါလျှင် ဂန်ကျီစားပြီးကြီးပျင်းလာခဲ့ သူဟု ပြောခဲ့ပါလျှင်မှားသည်ဟု မဆို သာလှပါ။

ဤကဲ့သို့ ရေးသားတင်ပြခဲ့သော အခါတွင် ကျွန်တော်၏ ကျေးဇူးရှင် မိခင်ကြီးအား ရာဇဝတ်ပြစ်မှုတခုခုနှင့် ထောင်ထဲရောက်နေစဉ် ကိုယ်ဝန်အရင့် အမာနှင့်ပါသွားခဲ့၍လားဟု ထင်မှတ်မှား စရာဖြစ်နေပါလိမ့်မည်။ အဖြစ်မှန်ကို ဆိုရပါက ကျွန်တော်တို့ မိသားစုဝင် အားလုံး ဘဝ တသက်တာ ထောင်ကျခံ နေခဲ့ရခြင်းဟု ပြောလျှင် လွန်လွန်းမည် မဟုတ်ဟုဆိုရပါမည်။

ဘာကြောင့် ဆိုလျှင် ကျွန်တော့် ဖခင်ဖြစ်သူမှာ အကျဉ်းဌာနမှ ထောင် အမှုထမ်းတစ်ယောက်ဖြစ်နေခြင်းကြောင့် ပါ။ ထောင်ဒဏ်နှစ် နှစ်ဆယ်(တသက် တကျွန်း)ဒဏ်ကျခံသူများပင် လွတ် ရက်စေ့၍ လွတ်မြောက်ခဲ့သော်လည် ကျွန်တော့ဖခင်ကြီးမှာ မိသားစု ဘဝ စားဝတ်နေမှုအတွက် ထောင်ထဲတွင် ဘဝ တစ်ခုလုံးမြှုပ်နှံထားခဲ့ရသူမို့ လွတ် ရက်ကိုတွက်ဆ၍ မရနိုင်ခြင်းဖြစ်ပ သည်။

**အနိဋ္ဌာရုံမြင်ကွင်းများ**

၁၉၄၆လွတ်လပ်ရေးမရမီ (၂)နှ ခန့်မှာ ကျွန်တော့်အား မော်လမြိုင် အကျဉ်းထောင်တွင် ဖခင်ဖြစ်သူထော ကြပ်(ထောင်ဝါဒါ)ဖြစ်သူနှင့် မိခင်သူကျေ ဇူးရှင်မိခင်ကြီးတို့မှ အကျဉ်းထောင်အ ထမ်းများနေထိုင်သော ထောင်အုတ်ရို ကိုမျက်နှာမူထားသည့် တန်းလျားတွင် မွေးဖွားခဲ့ပါသည်၊ အထက်မှာဆိုခဲ့သည် အတိုင်း ကျွန်တော်သိတတ်မှတ်တတ် အရွယ်မှာ သံခြေကျင်းသံ၊ လက်ထိ သံ၊ နာရီမောင်းသံတို့နှင့်သာရင်းနှီးကျွ ဝင်ယဉ်ပါးခဲ့သူပါ၊ နံနက်ဘက်ဖခင်ဖြ သူ တောင်ယာအုတ်ထုတ်လာတဲ့အ မှာ ထောင်ကျအကျဉ်းသား (၁၀ ယောက်ခန့်သည် သံခြေကျင်းကိုယ်စီ ဖြစ်သလို ဆံပင်ကတုံး၊ အင်္ကျီကော် မပါလည်စွပ်အဖြူကြမ်း။ အောက်ပိုင် မှာက ဗိတ်ဖြူအကြမ်းပုဆိုးနဲ့ ဖြစ်သ ကို မှတ်တတ်ပြောတတ်သောအရွယ် တွင် သိမှတ်ခဲ့ဖူးပါသည်။

ကျွန်တော်တို့အိမ်၌ ရေထမ်းထင် ဗာဟီရလုပ်ပေးရန် အသက်ကြီးပြ ထောင်ကျတစ်ဦးကို ထားခဲ့တတ်



www.burmeseclassic.com

www.burmeseclassic.com

သည်၊ အလုပ်ပြီးသောအချိန်များတွင် ထိုထောင်ကျ အကျဉ်းသားကြီး၏ လက်ပေါ်၌သာ ညနေထောင်ပိတ်ချိန်၊ အဇောပ် သိမ်းချိန် မတိုင်မချင်း ကျွန်တော့် ဆော့ကစား၍နေခဲ့ကြောင်း။ ထိုစဉ်က ထောင်ကျများမှာ ခြေကျင်းခတ်ထား ကြပါသည်။ သိတတ်သော အရွယ်၌ မိဘများ တစ်ဆင့်ပြန်ပြောပြ၍သိခဲ့ ရသည်။ နေ့စဉ်တောင်ယာမှရရှိသော ဖူးသီး၊ ပဲသီး၊ ခရမ်းသီး၊ ဂေါ်ဖီထုပ် စသည်တို့အား ထောင်မှူးထောင်ပိုင်နှင့် အရာထမ်း အမှုထမ်းများနေအိမ်သို့ ပို့ပေးရတတ်သည်ကို ကျွန်တော်မှတ်မိ သောအရွယ်၌ တွေ့ခဲ့ဖူးပါတယ်၊ တောင် ယာစိုက်ပျိုးခြင်းမှာ ထောင်အတွက် ရိက္ခာဖြစ်ပါသည်၊ ဤသို့နှင့် ကျွန်တော့် ဘဝလူ့နေမှုများမှာ ထောင်ဆိုသောလူ့ လောကတက္ကသိုလ်(ကျွန်တော့်တင်စား မှုပါ)ကြီးရဲ့ဝန်းကျင်မှာ တွေ့နေခဲ့ရတာ တွေကတော့ ကြိုးမိန့်ကျ၍ ကြိုးပေး သတ်ခံရပြီး ထုတ်လာသောအလောင်း။ လက်ဝဲဝိပ်ခြေကျင်းတို့နှင့် ရုံးထုတ် သွားသော ထောင်ကျ တရားခံတို့၏ မိသားစုများရဲ့ ငိုရှိုက်သံ၊ ထောင်ထဲမှာ ကြိမ်ဒဏ်အချက်ပေါင်းများစွာ ရိုက်နှက် ခြင်းခံရပြီး အရိုးပေါင်းဒဏ်ရာပေါင်း များစွာနဲ့ မချိမဆန့်ထွက်လာကြသူအချို့ တို့နှင့်အတူ ထောင်တံခါးမကြီးရဲ့ဖွင့်သံ ပိတ်သံတို့နှင့်သာ ကြုံတွေ့ခဲ့ကြရပြီး ထိုကဲ့သို့သော အနိဋ္ဌာရုံမြင်ကွင်း၊ တစ်ခု၏ ဝန်းကျင်မှာ ဆော့ပြေးကစား ခဲ့ရင်းနှင့် အသက်(၅)နှစ်သား ဆီသို့ ရောက်ခဲ့ချိန်မှာတော့ ဖခင်ဖြစ်သူ ရာထူးတစ်ဆင့်မြင့်ပြီး အင်းစိန် ဗဟို စံပြ အကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့ ရာတွင် ထုံးစံအတိုင်း သျှောင်နောက် ဆံထုံးပါခဲ့သော မိခင်ကြီး ရဲ့နောက်ပါး က ကပ်လျက် ပါသွားခဲ့ပါတော့သည်။

**ဗဟိုစံပြအကျဉ်းထောင်**

၁၉၅၀ခုနှစ် ကျွန်တော်(၃)နှစ်သား ကျော်ကျော်မှာ အင်းစိန်ထောင်ကြီး ဆီသို့ ဖခင်ဖြစ်သူမှာ ထောင်ကြပ်အုပ် (ယခုအခေါ်တပ်ကြပ်ကြီး) ရာထူးနှင့် ပြောင်းရွှေ့ရောက်ရှိခဲ့ရစဉ်တွင် အင်းစိန် ထောင်ကြီးကိုတွေ့ရတော့ မော်လမြိုင် တောင်ကြီးထက် ပိုမိုမြင့်မားသော အုတ်ရိုးနှင့် ထောင်မှူးဝကြီးက ကာတွန်း ရုပ်ပြဇာတ် လမ်းများထဲက ရဲတိုက်ကြီး နှင့် တူသလိုထင်ရ၏။ အချွန်အတက် တွေနဲ့ နီနီရဲရဲ ဆေးသုတ်ထားသည်က မြင်တွေ့ရသည်နှင့် ရင်ဖိုစရာဖြစ်သည်။ ထူးဆန်းတာတစ်ခုက မော်လမြိုင် ထောင်မှာတုန်းက သစ်သားတံခါးကြီး မှာ အရှေ့မှာဖြစ်ပြီး သံတိုင်တံခါးမှာ အတွင်းဘက် ဒုတိယနေရာတွင်ဖြစ် သော်လည်း အင်းစိန်ထောင်ကြီးမှာ ကား သံတိုင်တံခါးမှာ ရှေ့မှဖြစ်နေသော ကြောင့် တံခါးဝမှ ကြည့်လိုက်ပါက ထောင်မှူးဝအတွင်း လူဘယ်လောက်ရှိ နေသည်ကအစ တွေ့မြင်နိုင်ပါသည်။ ကြီးပျင်းလာချိန် အခြားထောင်များဖြစ် သည့် မြောင်းမြ ပုသိမ်စသည်တို့မှာ လည်း မော်လမြိုင်ထောင် နည်းတူ တွေ့ခဲ့ရခြင်းကြောင့် အခြားထောင်များ နှင့်မတူသော ထူးခြားချက်အား အင်းစိန် ထောင်ကြီးတွင် တွေ့နိုင်သည်ဟု ပြောရ မည်ဖြစ်ပါတယ်။

**စံပြအင်္ဂါရပ်များ။**

စံပြထောင်ဟု ခေါ်ခဲ့ခြင်းမှာလည်း အခြားထောင်များ ကဲ့သို့မဟုတ်ဘဲ အကျဉ်းသားများမှာ ပုဆိုးပန်းရောင်၊ အပြာရောင်နှစ်ခုစလုံးလား တစ်ခုစီ လား (မသဲကွဲတော့ပါ)နှင့် အင်္ကျီမှာ ကော်လံ ပါရှပ်လက်တိုဖျဉ်ကြမ်း အဖြူ ဖြစ်ပြီး သံခြေကျင်း မခတ်ထားပါ အဆိုပါ ဝတ်စုံများအား ထောင်တွင်းရှိ ယက္ကန်းရုံများမှာပင် ယက်လုပ်ပါသည်၊ တစ်ပတ်လျှင် တစ်ကြိမ်ဝက်သား ဟင်း ကျွေးပြီး ကျန်ရက်များ၌ နံနက်ဘက် ပဲဟင်းမျှင်ငါးပိကြော်၊ ရုံဖန်ရံခါ ကတ္တီပါ ပဲပြုတ်နှင့် ညနေဘက်များ၌ ထောင် တောင်ယာမှထွက်ရှိတဲ့ ဟင်းသီးဟင်း ရွက်မျိုးစုံအား အရသာရှိရှိ ချက်ကျွေး တတ်သောကြောင့် ထောင်သားအများစု မှာ ကျန်းမာရေးနှင့် ပြည့်စုံမှုရှိကြပါ သည်၊ တစ်ပတ်စာအတွက် အုန်းဆီ၊ ဆပ်ပြာစသည်တို့အား ခွဲတမ်းနှင့်ရပါ သည်၊ ထောင်ထဲတွင် ဆပ်ပြာချက်ရုံ ရှိပါသည်၊ မကျန်းမာသူများအတွက် နှစ်ထပ် ထောင်ဆေးရုံတစ်ခုနှင့် ထောင် ဆရာဝန်များရှိသကဲ့သို့ အကျဉ်းသား ထဲမှ ကျွမ်းကျင်အဆင့်ဆေးစပ်ဆရာ၊ သူနာပြုတို့လည်းရှိပြီး ကုတင်၊ စောင်၊ ခြင်ထောင် အပြည့်အစုံ ရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အတွင်း လူနာအဖြစ် ရောဂါကြီးမားသူများကို ကုသပေးခဲ့ကြောင်းတွေ့ရပါသည်။

ထောင်တွင်း ထောင်ကျအကျဉ်းသားများအတွက် ပင်ပန်းစွာသော မမျှမတနိုင်းစေခံရသည့်အလုပ်မျိုးမရှိလှပါ။ ထောင်ကျသွားခဲ့သူတစ်ဦးအဖို့ မိမိရဲ့ ထောင်တွင်းနေရသော နှစ်ရှည်ကာလများအတွင်း ဖြင်ပလောကသို့ရောက်ရှိသွားသည့်အခါ အသက်မွေးဝမ်းကြောင်းမှုအတတ်ပညာတစ်ခုခု ဝါသနာပါရာကို တတ်မြောက်သွားကြမည်သာ ဖြစ်သည်၊ ယက္ကန်းရုံ၊ ဘိနပ်ချုပ်၊ စက်ချုပ်၊ အထည်ချုပ်၊ ခေါင်းညှပ်၊ ပရိဘောဂအလုပ်၊ ကြိမ်ထိုးခြင်းလုပ်ငန်း စသည်တို့အား လက်နက်ကရိယာ အပြည့်အစုံနှင့် အလုပ်ရုံများထားရှိခဲ့ပြီး ပြင်ပဈေးကွက်များသို့ ကောဇော၊ ပရိဘောဂ၊ ကြိမ်ထည်များမျိုးစုံတို့ကို ဈေးချိုစွာနဲ့ ပြန်လည်ရောင်းချခြင်းဖြင့် နိုင်ငံအတွက် ဝင်ငွေများအား ရှာဖွေပေးခဲ့နိုင်လေသည်။

အထူးသဖြင့် တူရိယာ ပစ္စည်းများဖြစ်သည့် မယ်ဒလင်၊ တရော၊ ဒုံမင်း၊ ဂီတာ စသည်တို့မှာ ထောင်သားများ၏ လက်ရာ အလွန်ကောင်းမွန်လှပြီး ထောင်ထဲမှာပင် ခေတ်ပေါ်ဝဒီးဗိုင်းရှိနေခဲ့ပါသည်။

ထောင်အမှုထမ်းများအတွက် စစ်ဘိနပ်၊ ယူနီဖောင်းစသည်တို့အားမြန်မာတစ်ပြည်လုံးအတွက် အင်းစိန်ထောင်ကြီးမှပင် တာဝန်ယူ၍ထုတ်လုပ်နိုင်ခဲ့သည်အထိဖြစ်သည်။ သိုးမွှေးဆွယ်တာများလည်း ယက်လုပ်ကြသဖြင့် ပြင်ပလောကနှင့်မခြား အရာရာပြည့်စုံမှုရှိသလို တစ်ဘက်မှနိုင်ငံအတွက်ဝင်ငွေများ ရှာပေးနိုင်ခဲ့သည်ဟု ပြောရမည်သာဖြစ်ပါသည်။

ဗုဒ္ဓဘာသာစာမေးပွဲကြီး

အထူးသဖြင့် ထောင်ကျနှစ်ကြီးသမားများအတွက် ဗုဒ္ဓဘာသာနှင့်ပတ်သတ်သောစာပေများ သင်တန်းပို့ချခြင်း ဝါတွင်းကာလများ၌ ဥပုသ်နေ့ရောက်တိုင်း ဘုန်းတော်ကြီးများနှင့်သီလပေးဝေခြင်း၊ တတ်နိုင်သရွေ့ အလှူအတန်းများ ရှိနေခဲ့၍ အချို့ဆိုလျှင် ဗုဒ္ဓစာပေများအား ထူးထူးချွန်ချွန် အောင်မြင်ကြကြောင်းကြားဖူးခဲ့ပါသည်။ ထောင်ကျလျော့ရက်များကို အဆိုပါဗုဒ္ဓဘာသာစာမေးပွဲအောင်မြင်သူများအတွက် အထူးဆုမှတ်ရက်များသတ်မှတ်၍ အပြစ်ဒဏ်ကာလကို လျော့ချပေးခဲ့သဖြင့် စိတ်ဝင်တစား ကြိုးစားသင်ယူသူ အများအပြားရှိခဲ့ကြလေသည်။

ပျော်ပွဲရွှင်ပွဲဖြိမ့်ဖြိမ့်သဲ

လွတ်လပ်ရေးနေ့နှင့် အခြားဘာသာရေးဆိုင်ရာ သီတင်းကျွတ်မီးထွန်းပွဲ၊ တန်ဆောင်တိုင် မီးထွန်းပူဇော်ပွဲကာလများနှင့် သင်္ကြန်အခါ ကာလများရောက်ပြီဆိုလျှင်တော့ ထောင်တစ်ခုလုံး ဒိုးပတ်သံ အိုးစည်သံလွှမ်းနေပါတော့သည်၊ လူတန်းစားမျိုးစုံ အလွှာပေါင်းစုံမှ စုပေါင်းရောက်ရှိနေကြခြင်းမို့ ထောင်ထဲမှာ စစ်ဗိုလ်၊ စစ်သား၊ ရဲအရာရှိ၊ တရားသူကြီး စာရေးစာချီ၊ မြို့ပိုင်နယ်ပိုင် သူဌေးသူ ကြွယ်မှအဆုံး လယ်သမားအလုပ်သမား၊ သူခိုး၊ ဓားပြ၊ ခါးပိုက်နှိုက်မကျန် ရှိနေခဲ့ခြင်းဖြစ်၍ သူ့နေရာနှင့်သူ အံဝင်ဂွင်ကျရှိလှသည်တွင် ဇာတ်ဆရာ၊ဇာတ် မင်းသား ဆိုင်းဆရာ၊ အတီးဆရာတို့ အဖို့ကတော့ ဤလို နေ့ကြီးအခါကြီးများတွင် အရာအရောက်ဆုံး အသုံး တည့်ဆုံးသူများဖြစ်ခဲ့ရပေသည်၊ နေ့ ဘက်တွင် ထောင်တွင်းကပွဲများအား ကျွန်တော်တို့ အကျဉ်းထောင်မိသား များ ကြည့်ရှုအားပေးခွင့်ရကြသည် တစ်ကြိမ်တည်းစုစည်း၍ တာဝန်ခံအရာ ရှိတစ်ဦးမှ ကြပ်မတ်စစ်ဆေးပြီး မိန်းမ လေးမကျန် ပွဲသွားကြည့်ကြရသည်မှာ လည်း မမေ့နိုင်သောပျော်စရာတစ်ခုအ ဖြစ် ကျွန်တော့်ဘဝတွင် ထင်မှတ်ကျ နေပါသည်။

အိမ်ဆောင်အရှည်ကြီးတွင် ခ နားသပ်ရပ်သောနဖူးစီးများ၊ ပြည် ကားနှင့် နောက်ခံပန်းချီကားတို့အ ထောင်ထဲရှိ ပညာရှင်များ၏လက်ရာ ပင် ဖြင်ပဇာတ်ကြီးများ၏အပြင်အဆ အတိုင်းတွေ့နိုင်သည်၊ ရောင်စုံမီးခွ များမှာလည်း လျှပ်စစ်ပညာကျွမ်းကျ သူတို့၏လက်ရာဖြင့် စံချိန်မီဖြစ်ပါသည် ပြဇာတ်အတွက် တီးဝိုင်းရှိသလို နှစ် သွားနဲ့ အခြားပဒေသာ... ဟွက် ဆိုင်းဝိုင်းက ...



www.burmeseclassic.com

www.burmeseclassic.com

မှုဘွားရမ်းသုံးရသည်မှာ ပြဇာတ်အတွက် သတ်မှတ်သည့် ကျားဝတ်၊ မဝတ် အဝတ်အစားအချို့နှင့် မင်းသားမင်းသမီး အဝတ်စားများသာဖြစ်သည်၊ တစ်ခုပဲရှိ သည့်ဂုဏ်မရ၊ ဝယ်မရတဲ့ပစ္စည်းကတော့ ပြင်ပက မင်းသမီး ဂုဏ်ဆောင်တာပဲ ထင်ရလောက်အောင်ပင် တကယ့်မင်း သမီးဟုထင်ရသည်အထိ အမှတ်မှား လောက်သည်၊ ထိုသို့သောထောင်တွင်း ပြဇာတ်ပွဲရှိသောနေ့များ၌ ပွဲဈေးတန်း မှာစည်ကားလှပြီး ပြင်ပပွဲများနှင့်မခြား ပင် နေ့နှဲ့ည ကွာခြားမှုတစ်ခုကိုသာ ပြောလောက်စရာရှိပါသည်။ ထောင် သားများ ရောင်းချသည့် ကွမ်းယာ ဆေးလိပ်၊ မုန့်မျိုးစုံရှိ၏။ ဤသို့ကပွဲများ ရှိသောနေ့တွင် ပြင်ပမှပွဲကြည့်လာသူ ထောင်ဝန်ထမ်း မိသားစုအားလုံးကို ထောင်မှူးတစ်ဦးက ကြီးကြပ်ကွပ်ကဲ ခဲ့ပြီး တာဝန်ခံ၍ လူစိစစ်ခေါ်သွင်းလာခဲ့ သလို အပြန်ခရီးတွင်လည်း တစ်ကြိမ် တည်း တစ်စုတည်း စိစစ်၍ ပြန်လည် ခေါ်ယူသွားခဲ့ကြသဖြင့် အခြားမလိုလား အပ်သော အကျဉ်းထောင်လုံခြုံမှုတစ်စုံ တစ်ရာအား ထိခိုက်ခဲ့ခြင်းမျိုးမရှိခဲ့ပါ။

**ကလေးချစ်တတ်တဲ့ ထောင်ကျများ**

ရုံးပိတ်ရက်များတွင် ထောင်ပိုင်၊ ထောင်မှူးကြီးများတို့ ရုံးတက်ခြင်းမပြု ကြသဖြင့် ကျွန်တော့်အဖေမှာ ထောင် မှူးတာဝန်ကျထဲ သတင်းပို့ခွင့်ပြုချက် ယူပြီး ကျွန်တော့်အား အင်းစိန်ထောင် ထဲသို့ အလည်ခေါ်ယူသွားတတ်ပါသည်၊ အကြောင်းပြချက်ကတော့ ထောင်ဆေး ရုံတွင်လိုအပ်သောဆေးကုသမှုအတွက် တာဝန်ခံသူနာပြုများနှင့် ပြသရန်ဟု ပြောသကြားဖူးပါသည်။ ပွဲကြည့်သွား စဉ်တုန်းကလို ကြပ်မတ်ကွပ်ကဲအုပ် ချုပ်သူမရှိပါ ထောင်မိန်းဂျေးအဆောက် အဦသို့ရောက်သည်နှင့်ထမင်းချက်ဖိုကြီး တာဝန်ကျ အကျဉ်းသားများက ထမင်း ဂိုးများအား ငါးပိကျော်ချက်၊ အခြား ဟင်းလျာများဖြင့် တနင့်ကြီးကျွေးကြ တော့သည်။ သူတို့အိမ်များက ထောင် ဝင်စာနှင့် ပါလာသောအစားအသောက် အစုံအလင်ကိုလည်း ချကျွေးကြသည် မှာ ကျွန်တော့်အဖို့ ရုဇကာပုဏ္ဏားက ပင် အရှုံးပေးလောက်အောင် စားခဲ့ သောက်ခဲ့ဘူးပါသည်။

အဲဒီကာလက ယခုကဲ့သို့ ပြင်ပ အလုပ်စခန်းများမရှိသဖြင့် နစ်ရှည် ထောင်ဒဏ်ကျ အကျဉ်းသားများ အတွက် ပြင်ပကမ္ဘာနှင့် စီးခြားလျက်ရှိ သည်ဟု ဆို၍ရပါသည်။ တစ်လ တစ်ကြိမ် ထောင်ဝင်စာလာနိုင်သူပင် သားသမီးများအား မြင်တွေ့ရရုံရှိပြီး ခြား ထားသည့်သံဇကာကြောင့် ချီပွေ့ရမ်း ရန်မစွမ်းသာခဲ့ကြပေ၊ ကျွန်တော် ကဲ့သို့ သော ကလေးများအပေါ် သူတို့နှင့် ကွဲကွာနေခဲ့သည့် တူများ၊ သားများနှင့် မခြား စေတနာ၊ သဒ္ဓါ၊ မေတ္တာ အပြည့် ဖြင့် ကြည့်မဝနိုင်ဖြစ်နေကြရခြင်းမှာ အဆန်းဟုမဆိုသာပါ။ အစားအသောက် စားပြီးတော့ နောက်ပေါ်လာသူက ဆံသ က ဆံပင်ညှပ်ဆရာ အတင်းပွေ့ချီ ဆံပင်ညှပ်ရေမိုးချိုးပေး၊ သနပ်ခါး လိမ်းပြီး အလည်ချုပ်စက်ရုံ၊ ဘိနပ်ချုပ် စက်ရုံဘက်ကိုပွေ့သွားကြပြီး အတင်း အစွမ်းအမြန်ဆုံးတိုင်းတာ၍ ချုပ်ပေး လိုက်ကြပြန်သဖြင့် ထောင်ထဲသို့(၅)နာ ရီကြာခန့် အလည်ရောက်သွားခဲ့သူ ကျွန်တော်မှာ ထောင်ထဲမှပြန်ထွက်လာ ချိန်တွင် အကျီအသစ်၊ ဘောင်းဘီ အသစ်၊ ဘောင်းဘီတိုအသစ်နဲ့ ဘိနပ် က သားရည်နဲ့ချုပ်ထားသည့် အပျံစား ကိုစီး နင်း၍ပြန်ခဲ့ရပါသည်၊ နောင် ကျွန်တော် အသက်အရွယ်လေးရလာ တော့ ထောင်အကြောင်း ပြန်တွေးမိ တိုင်း သတိရနေမိသည်မှာ အမြဲဖြစ် သည်။

## အပိုင်း(၂)

**ထောင်မှူးအိမ်က စိန်နားကပ်ပျောက်မှု**

ထိုစဉ်အချိန်မှာ အင်းစိန်ထောင် ကြီးတွင် အရာရှိများထဲတွင် ကရင် ကုလားစုံလှသကဲ့သို့ ဂျူးလူမျိုးများ လည်းရှိကြပါသည် ထောင်ဆရာဝန်ကြီး ဖြစ်သူမှာ ခေါင်းပေါင်းနှင့်ပန်ချာပီ ကုလားကြီးဖြစ်ပြီး မြန်မာသံအား ပီသ စွာ ပြောဆိုတတ်ပါသည်။ ထောင်မှူး နစ်ယောက်ထဲတွင် တွေ့ရပါသည်၊ မစ္စတာ အင်အေဖတ်(စ်)နှင့် မစ္စတာ ဒီကာ စတိုးဆိုသူ ဂျူးလူမျိုးကိုတွေ့ရ ပါသည်၊ မစ္စတာဖတ်(စ်)မှာ နေအိမ် တွင် စန္ဒယားတစ်လုံးရှိပြီး သူ့သားအကြီး နှင့်သမီးတို့မှာ ရန်ကုန်စိန်ပေါ(လ်) ကျောင်းတွင်နေကြပြီး ကျောင်းပိတ်



www.burmeseclassic.com

www.burmeseclassic.com

ရက်များတွင် နေအိမ်သို့ပြန်လာကြသောအခါ စန္ဒယားတီးခြင်း၊ ရေဒီယိုအကြီးကြီးဖွင့်ကြခြင်း၊ ဓါတ်ပြားဖွင့်ခြင်းစသည်တို့ ပြုလုပ်လေ့ရှိကြသည်မို့ ငယ်စဉ်ကပင် ဂီတအနုပညာပိုးရှိနေခဲ့သော ကျွန်တော်မှာ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး လှေကားအတက်အဆင်းမှာသွားရောက်ငေးမောနေခဲ့ရင်း ကျွန်တော်နဲ့သက်ရွယ်မကွာလှသောမာဂရက်ဆိုသူ အငယ်ကောင်မလေးနဲ့ ခင်မင်ရင်းနှီးခဲ့ရာမှ ကစားဖေါ် ကစားဖက်ဖြစ်လာခဲ့ကြကာ ထောင်မှူး မစ္စတာဖတ်(စ်)ရဲ့ လုံးချင်းအိမ်ကလေးမှာ ကျွန်တော့်အတွက် ပျော်မွေ့ဘွယ် ဆော့ကစားရာဖြစ်ခဲ့ပါသည်။

မစ္စတာဖတ်(စ်)မှာ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ဘော်လုံးကိုးသမားတစ်ဦးဖြစ်ပြီး အင်းစိန်အကျဉ်းထောင်ဘောလုံးအသင်း၏ လက်ရွေးစင်ကိုးသမားတစ်ဦးဖြစ်ပါတယ်၊ ကလေးသူငယ်များကို ချစ်တတ်ဦးစားပေးတတ်သူဖြစ်တာကြောင့်လည်း မကြာလှသောကာလအတွင်း အထဲဝင်အပြင်ထွက် ကျွန်တော်ဆော့ကစားလာခဲ့ပြီး တစ်လခန့်အကြာ နံနက်(၁၁)နာရီလောက်မှာတော့ ကျွန်တော့်ဘဝအတွက် မေ့မရနိုင်သောအဖြစ်ဆိုးကြီးတစ်ခုမှာ မမျှော်လင့်ပါဘဲ ကျရောက်ခဲ့ပါတော့သည်၊ အကြောင်းကတော့ မစ္စတာဖတ်(စ်)ရဲ့ ယောက္ခမ ဖွားကြီးကုတင်ပေါ်ရှိ မွေ့ယာအောက်မှာထားသည့် စိန်နားကပ်ကြီးပျောက်ဆုံးသွားခဲ့ခြင်းကြောင့်ဖြစ်သည်၊ သည်အိမ်အတွင်းအပြင်ဝင် ထွက်ဆော့ကစားနေခဲ့သည်မှာလည်း လူစိမ်းဆို၍ ကျွန်တော်တစ်ယောက်တည်းသာ ရှိသည်လို့ ပြောကြပါသည်။

ချော့မော့သိမ်းသွင်း၍ မေးမြန်းနေသည်အထိ ကျွန်တော့် မိဘများမသိကြသေးပါ၊ ချော့မော့၍ မရတော့ ခြောက်လှန့်မေးလာကြရုံတင်မကတော့ပဲ ကျွန်တော့်မိဘများထံ အသိပေးပြောကြားခဲ့ရုံနှင့်မပြီး၊ ပြန်မရရှိပါက ရဲစခန်းသို့တိုင်တန်းမည်ဆိုသည်အထိ အရှိန်ကမြင့် လာတော့သည်၊ အဖေက ရက်လည်း ရက် ဒေါသလည်းထွက်ပြီး ကျွန်တော့် ကျောပြင်ပေါ်တုတ်တင်၍ ကြမ်းပါတော့သည်၊ ဘာဆို ဘာမှ မတတ်နိုင်သူ ကျွန်တော့်အဖို့ ကလေးသဘာဝအားရပါးရငို ချခြင်းမှလွဲပြီး မည်သို့မျှမတတ်နိုင်ခဲ့ပါ။ အဲဒီလိုနဲ့ပဲ ညနေ(၃)နာရီခန့်တွင် စိန်နားကပ်ပြန်တွေ့ကြောင်းသတင်းနှင့်အတူ မစ္စဖတ်(စ်)၏ အိမ်သားများက ကျွန်တော့်ဖခင်ထံသို့ စိတ်မကောင်း မဖြစ်ရန်ပါရန် တောင်းပန်စကား ဆိုလာကြသည်၊ ကိုယ့်အထက်အရာရှိမိသားစုဖြစ်နေပြန်တော့ ကျွန်တော့်အဖေအတွက် မည်သို့မှတင်းနေ၍မဖြစ်တော့ပြီမို့ မချစ်သော်လည်းအောင့်ကာနမ်း၍ မချိသောဟန်ဆောင်အပြုံးများနှင့် ကျေနပ်လိုက်ရပါသည်။ ထိုစဉ်ကကျွန်တော်မှာ ရက်ကြောက်တတ်သည့်အရွယ်ဖြစ်ခဲ့တာမို့ ထောင်သားများ ပြောလေ့ရှိသည့် ရယ်စရာစကား ပျက်လုံးထဲကလို "ငါတို့ကတော့ ဆောရီးပေါ့ အဘာကတော့ ထီးကိုင်းကျိုးသွားပြီ" ဆိုသည့် စကားဥပမာကဲ့သို့ ခံစားလိုက်ရပါသည်။

စိန်နားကတ်ပြန်တွေ့ပုံ ပြည့်ပြည့်စုံသိလိုက်ရတာကတော့ အဖွားကြီးက စိန်အား ဖလင်ထည့်သော သတ္တုဘူးအလုံးထဲမှာထည့်၍ သူအိပ်သည့်မွေ့ယာအောက်၌ထားခဲ့ကြောင်းနှင့် မွေ့ယာလိပ်ပြီးအိပ်နောက်ဖေးသို့ နေပူသွားလှမ်းခဲ့သောအခါ စိန်နားကပ်ဘူးပျောက်ဆုံးနေခဲ့ခြင်းဖြစ်ပြီး၊ တစ်နေကုန်ရှာမတွေ့ဖြစ်နေခဲ့ရာက ညနေဘက် မွေ့ယာအားသွားရုတ်သောအချိန်တွင် စိန်နားကတ်ဘူးမှာ မွေ့ယာမြောင်းထဲတွင်ညှပ်နေသည်ကို ပြန်တွေ့ခဲ့ခြင်းဖြစ်သည်ဟုသိရပါသည်၊ စိန်နားကတ်အရေးတော်ပုံကြီး၏ နောက်ပိုင်းရက်များမှာတော့ ထောင်မှူးမစ္စတာဖတ်(စ်)၏အိမ်မှ စန္ဒယားသံ ဓါတ်ပြားဖွင့်သံတို့မှာ ကျွန်တော်နှင့်ကွာခြားသွားခဲ့ရပြီသာ ဖြစ်ပါတော့သည်။

သာသနာ ၂၅၀၀ ပြည့် လုပ်အားအလှူ

ကျွန်တော်တို့ အင်းစိန်ထောင်ကြီးမှာရှိနေစဉ်အတွင်း သာသနာ ၂၅၀၀ ပြည့်အထိမ်းအမှတ် သင်္ဂါယနာတင်ရန် ကမ္ဘာ့အေးဂုဏ်တော်တွင် လိုဏ်ဂူကြီးတည်ဆောက်ခဲ့စဉ် အင်းစိန်ထောင်မှ ထောင်ကျအကျဉ်းသားများမှ လုပ်အားအလှူသွားရောက်ခဲ့ရာတွင် နေ့စဉ်လိုပင် ကျွန်တော်အဖေနဲ့လိုက်သွားခဲ့ပြီး လုပ်အားဒါန ပြုခဲ့ဘူးသည်ကိုယ နေ့ကိုင်မှတ်မိနေတုန်းဖြစ်ပါသည်



www.burmeseclassic.com

www.burmeseclassic.com

ဓမြောင်းမြထောင်သို့ဖခင်ဖြစ်သူပြောင်းရွှေ့

၁၉၅၃/၅၄ တစ်ခုခုဖြစ်မည်ထင်ပါသည်။ အဖေ မြောင်းမြအကျဉ်းထောင်သို့ တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ရပါသည်၊ ထိုအချိန်က နို့စို့အရွယ်ညီမလေးတစ်ယောက်နှင့်အတူ ပြောင်းခဲ့ကြခြင်းဖြစ်ပြီး ထောင်ရှေ့မူလတန်းကျောင်းကလေးတွင် ကျွန်တော်ကျောင်းတက်နေပြီဖြစ်သည်။

မြောင်းမြထောင်မှာ မြို့နှင့် အလှမ်းဝေးကွာပြီး တသီးတခြားဖြစ်နေခဲ့သည့်အပြင် ထိုကာလတုံးတွင် ရောင်စုံသူပုန်များ ထကြွမင်းမူ နေခဲ့သောကြောင့် ညတိုင်းလိုပင် အသင့်အနေထားဖြင့် သတိကြီးစွာနေထိုင်ကြရသည်ကို မှတ်မိခဲ့ပါသည်။

မြောင်းမြထောင်ရောက်၍ (၁)နှစ်ခန့်အကြာ ကျွန်တော့်ညီမဖြစ်သူမှာ ခလေးရောဂါနှင့်ဆုံးသွားခဲ့သောကြောင့် အမေဖြစ်သူမှာ လွမ်းတသသနဲ့ ပူဆွေးသောကရောက်ရှိခံစားနေခဲ့ရ၍ အဖေမှာရန်ကုန်ရှိ အကျဉ်းဌာနမင်းကြီးထံ ကျိုးကြောင်းတင်ပြ လျှောက်ထားခဲ့သဖြင့် အင်းစိန်ထောင်ကြီး၏ အနီးတွင် တွဲဖက်အကျဉ်းထောင်သို့ ပြောင်းရွှေ့ခွင့် အမိန့်ရရှိခဲ့သောကြောင့် (၁)နှစ်ခန့်အကြာမှာပင် ပြန်ပြောင်းရပါသည်၊ တွဲဖက်ထောင်ဆိုသည်မှာအင်းစိန်ထောင်မကြီး၏နံဘေးတွင်ရှိသော သီးခြားထောင် လေးသေးတစ်ခုဖြစ်ပြီး အထူးသဖြင့် နိုင်ငံရေးသမားများကိုသာ ချုပ်နှောင်ထားသည်ဟု သိရသော်ထောင်အမှုထမ်းများ ပါးစပ်ဖျားတွင် (ဘီကလပ်ထောင်)ဟုလည်း ခေါ်ဆိုကြသည်ကို ကြားဘူးခဲ့ပါသည်။

ကျွန်တော်မှာ အဆိုပါ တွဲဖက်ထောင်(ခ)ဘီကလပ်ထောင်၏ မျက်နှာစာတွင်ရှိသော ရွာမအလယ်ပိုင်း မူလတန်းကျောင်းတွင် စတုတ္ထတန်း အထိ ပညာသင်ကြား နေခဲ့ပြီဖြစ်ပါသည်၊ ဖခင်ဖြစ်သူ ဟိုပြောင်းသည်ရွှေ့နှင့် ကျောင်းပေါင်းစုံလာခဲ့ရသော ကျွန်တော့်အဖို့ အသက်(၁၁)နှစ်ထဲသို့ ရောက်သည်အထိ (၄)တန်းမှာသာရှိ နေခဲ့ရခြင်းဖြစ်ပါတော့သည်။

**ရောဝတီတိုင်းသို့ ဒုတိယအကြိမ်**

(၄)တန်းစာမေးပွဲ မဖြေရသေးမီ (၂)လအလိုလောက်ဟု ထင်ပါသည်။ ၁၉၅၇ခုနှစ်ထဲတွင် ဧရာဝတီနှင့်ရေစက်မကုန်သေးသော ကျွန်တော့်ဖခင်ကြီးမှာ ပုသိမ်အကျဉ်းထောင်ကြီးဆီသို့ ပြောင်းရွှေ့မိန့်ကျလာခဲ့ပြန်သဖြင့် ပေါ်ကာစဗန္ဓုလအမည်ရှိ အမြန်ရေယာဉ်နှင့် မိသားစုခရီးနှင်ခဲ့ကြသည်။ သံယောဇဉ်တွယ်တာလွန်းသောမိခင်ကြီးက ခွဲမနေနိုင်ခဲ့ပါ၍ဟုတာကြောင့် ပုသိမ်မြို့ကိုရောက်ခဲ့ရတော့သည်။

ပုသိမ်ထောင်ကြီးမှာ အင်းစိန်ထောင်ကဲ့သို့ပင် နီရဲချွန်ထက်သော ဗဟိုမှုဝကြီး ရှိသော်လည်း အင်းစိန်နှင့်ပုံစံဆင်ဆင်သာဖြစ်ပြီး အင်းစိန်ထောင်လောက်မကြီးမားခဲ့ပါ ထောင်အနောက်ဘက်တွင် တံခါးပေါက် တစ်ခုရှိပြီးကြီးမိန့်ပေးခံရ၍သေဆုံးသောအလောင်းများအား ထိုအပေါက်မှ ထုတ်ယူခဲ့ကြောင်း သိရှိရပါတယ်။

ပုသိမ်မြို့ တောင်ကုန်းရပ်ကွက်မူလတန်းကျောင်းမှာ (၄)တန်းဆက်တက်ရပါသည်၊ ကျောင်းမှာ မူဆလင်ဘာသာဝင်များ နံနက်ပိုင်းတက်၍ ၎င်းတို့ ဘာသာရေးဆိုင်ရာ စာများ သင်ကြားပြီးနေ့တစ်ဝက်တွင် ကျွန်တော်တို့ဘာသာရပ် ဆိုင်ရာသင်ကြားရပါသည်။

ကျောင်းမှာသုံးထပ်ဖြစ်၍ အောက်ဆုံးထပ်တွင် ပိုင်ရှင်၏အလုပ်ရုံ၊ ဒုတိယထပ်တွင် ပိုင်ရှင်မူဆလင်လူမျိုးနေပြီး ကျွန်တော်တို့က အပေါ်ဆုံးထပ်မှာ နေကြရပါသည်။

တစ်ရပ်ကွက်လုံး မူဆလင်များဖြစ်ပြီး ရပ်ကွက်နာမည်က ~~တောင်ကုန်း~~ ရပ်ဒိုဘီ ချောင်ကွက်သစ်ဟု ပြောကြသည်။

ကျွန်တော်တို့(၄)တန်းတွင် မြန်မာဆို၍ ကျွန်တော်နှင့် မကြည်ညွန့် ဆိုသူ အမျိုးသမီးတစ်ဦးသာဖြစ်ပြီး ကျန်အားလုံးမှာ မူဆလင်များ ဖြစ်ကြသည်။

ဆက်လက်ဖော်ပြပါမည် . . .

အောင်ရဲကျော်(မှုခင်း)



www.burmeseclassic.com

www.burmeseclassic.com

# ပီကာဆိုစ၏ပန်းချီကားများ ခိုးသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိ



တန်ဖိုးအားဖြင့် ဒေါ်လာသိန်းသန်းချီ၍တန်သော ကမ္ဘာကျော် ပန်းချီဆရာကြီးများ ပန်းချီကားများသည် ပြတိုက်၊ ပြခန်းများထဲမှ မကြာခဏ ခိုးယူခြင်းခံရနေ၏။ ၂၀၁၂၊ အောက်တိုဘာလ ၁၆ ရက်ညတွင် ဟော်လန်နိုင်ငံ၊ ရော့တာဒမ်မြို့ရှိ ကွန်းစသောပြတိုက်တွင်းမှ ကမ္ဘာကျော်ပန်းချီပညာရှင်ကြီး ပီကာဆို၏ ပန်းချီကားချပ်များအပါအဝင် စုစုပေါင်း ပန်းချီကားချပ်ပေါင်း ခုနစ်ချပ် ခိုးယူခြင်း ခံလိုက်ရ၏။

၂၀၁၃၊ ဇန်နဝါရီလ ၂၃ ရက်နေ့စွဲဖြင့် ရူမေးနီးယားနိုင်ငံ၊ ဘူခါရက်စ်မြို့၊ အေ-အက်ဖ်-ပီ သတင်းတစ်ပုဒ်တွင် ရူမေးနီးယားရဲတပ်ဖွဲ့ဝင်များသည် အထက်ဖော်ပြပါ ရော့တာဒမ်မြို့မှ ပန်းချီကားများကိုခိုးယူရာ၌ ပါဝင်သည်ဟု ယူဆရသော သူခိုးသုံးယောက်ကို ဖမ်းဆီးလိုက်သည်ဟု ဖော်ပြထားသည်။

နယ်သာလင်နိုင်ငံတွင် ဆယ်စုနှစ်တစ်နှစ်ကျော်အတွင်း၌ အထက်ပါ ပန်းချီကားများ အခိုးခံရမှုသည် အများဆုံးဖြစ်၏။

ဘူခါရက်မြို့ ရဲတပ်ဖွဲ့အကြီးအကဲက မိမိတို့သည် ရော့တာဒမ်မြို့မှ ပန်းချီကားများအခိုးခံရသည့်သတင်းကို သိရှိရကတည်းက မိမိတို့နိုင်ငံထဲရှိ ရာဇဝတ်မှုကျူးလွန်တတ်သူများကို ဂိုဂိုစောင့်ကြည့်လာခဲ့ရာမှ သူခိုးများဟု မသင်္ကာရသူသုံးယောက်ကို ပန်းချီကားများမပါဘဲ အထောက်အထားများဖြင့် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်ဟု ပြောဆို၏။ ထိုပန်းချီကားများ၏ ကာလပေါက်ဈေးမှာ ယူရိုငွေ ၅၀ သန်းနှင့် သန်း ၅၀၀ အကြားတွင် ရှိသည်ဟု သိရသည်။

ထိုသူခိုးဟုယူဆရသူ သုံးယောက်ကို မိမိတို့က ဆက်လက်စစ်ဆေးနေသည်ဟု ရဲတပ်ဖွဲ့အကြီးအကဲက ဆက်လက်ပြောပြသည်။

ဖော်ပြပါ အခိုးခံခဲ့ရသော ပန်းချီကားများတွင် ပက်ဘလို ပီကာဆို၊ ဟင်နရီမာတစ်ဆီ၊ ကလောက်မိုနက်နှင့် ပေါလ်ဂေါ်ဂွင်းတို့၏ ပန်းချီကားများ ပါဝင်၏။

နယ်သာလင်ရဲတို့သည် ၎င်းပန်းချီကားများထားရှိရာ ပြတိုက်ထဲတွင် တပ်ဆင်ထားသော သူခိုးဖမ်းကင်မရာများ အကူအညီဖြင့် ရိုက်ကူးထားသော ရုပ်ပုံများကို နိုင်ငံတကာရဲတပ်ဖွဲ့ဝင် နိုင်ငံများကို ပေးပို့ခဲ့၏။ ၎င်းဓာတ်ပုံများထဲတွင် လူရှုပ်နှစ်ယောက် ပြတိုက်ထဲသို့ နံနက် ၃ နာရီတွင် ဝင်ရောက်လာပုံ၊ ပန်းချီကားများထည့်ထားသော အိတ်များကို သယ်ယူပြီး ထွက်ခွာသွားပုံများ ပါဝင်၏။

ဒတ်ချ်စုံထောက်များသည် ပြတိုက်အနီးတွင် သွားလာလှုပ်ရှားတတ်သော တက္ကစီမောင်းသမားများ၊ ပြတိုက်အနီးရှိ ဆေးရုံဝင်းထဲနေသော ဆေးရုံဝန်ထမ်းများ၊ ညကလပ်သို့သွားတတ်သူများ စသည်တို့ကို ဦးစွာမေးမြန်းခဲ့သော်လည်း ထိုပန်းချီကားသူခိုးများကို ဟော်လန်နိုင်ငံတွင် လုံးဝရှာမတွေ့ဘဲ ရှိနေခဲ့၏။

အချို့သော လုပ်ငန်းအတွေ့အကြုံရှိသည့် ဥပဒေဘက်ဆော်သားများက ၎င်းပန်းချီကားများ ခိုးမှုသည် ဟော်လန်နိုင်ငံ၊ အင်တာဝပ်မြို့တွင် မူးယစ်ဆေးဝါး

မှောင်ခို အရောင်းအဝယ်အလုပ်ကို ပြ
ခဲ့ရာမှ ရာဇဝတ်ဂိုဏ်းသားများအ
ငွေကြေး ပြဿနာပေါ်လာသောကြ
ယခုကဲ့သို့ ငွေများများရနိုင်သည့် အ
တန်ပန်းချီကားများကို ခိုးယူခြင်းဖြ
သည်ဟု ခန့်မှန်းချက်ပေးကြ၏။

ဥရောပတိုက်တွင် ကမ္ဘာ
ပန်းချီကားများအပါအဝင် ရှေးဟောင်း
ပညာပစ္စည်းများကို မှောင်ခိုအရော
အဝယ်ပြုလုပ်သော မှောင်ခိုဈေးများ
မှောင်ခိုဈေးများ၌ လာရောင်းသော ပ
ကားများ၊ ရှေးဟောင်းပစ္စည်းများ
ကာလပေါက်ဈေး၏ ၁၀ သို့မဟုတ်
ရာခိုင်နှုန်းဈေးကိုသာပေး၍ ဈေး
ဝယ်လေ့ရှိ၏။ အကယ်၍ မှောင်ခို
ရောင်းသောပစ္စည်းသည် ပျက်စီး
နေပါက ထို့ထက်လျှော့ပြီးဝယ်၏။

ဟော်လန်နိုင်ငံ၊ အမ်စတာဒမ်
ပြတိုက်တစ်ခုထဲမှ ကမ္ဘာ့ပန်းချီ
ဗင်းဆင့်ဗင်ဂိုး၏ ပန်းချီကားချပ် ၂၀ 
၁၉၉၃ ခုနှစ်အတွင်း ခိုးယူခြင်းခံခဲ့ရ
အခိုးခံရပြီး တစ်နာရီအတွင်း၌ပင် သူ
များကို ပန်းချီကားများနှင့်အတူ ဖမ်းဆီး
လိုက်၏။

ဦးဦးသိ

*Strait Times 24.1.2013*




www.burmeseclassic.com

www.burmeseclassic.com

# ပါကစ္စတန်မှသည်

# ကမ္ဘာအနှံ့တိုင်အောင်

မြင့်လွင် ( ဂျပန်ဘာသာ )



ဖေဆာယ်ရှာဇက် (Faisal Shazad)

www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်နှင့် အပေါင်းအပါနိုင်ငံများကို ချိန်ရွယ်တိုက်ခိုက်နေသော အစွလာမ်အစွန်းရောက် အကြမ်းဖက်အုပ်စုသည် ပါကစ္စတန်တွင် အခြေစိုက်နေကြောင်း အမေရိကန်ထောက်လှမ်းရေးအဖွဲ့က သိရှိထားလေသည်။ ထိုင်းနိုင်ငံတောင်ပိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတို့တွင် ခြေကုပ်ယူ သောင်းကျန်းနေသော သူပုန်အဖွဲ့များနှင့်လည်း ဆက်နွယ်လျက်ရှိလေသည်။ မကြာမီက နယူးယောက်မြို့ ဟိုင်းစကွဲယားရင်ပြင်တွင် ကားတစ်စီးကို ဗုံးခွဲဟိုက်ခိုက်ခံလိုက်ရစဉ်က **အကြမ်းဖက်ဆန့်ကျင်ရေး** တိုက်ခိုက်မှု ထိပ်တန်းခေါင်းဆောင်အရာရှိ**တစ်ဦးက** သူ ထောက်လှမ်းစုံစမ်းမိသလောက် မှတ်ဘမ်းများတွင် **တစ်စုံတစ်**ယောက်က P ဆိုသော စကားလုံးတစ်လုံးကို သယ်ဆောင်လာခဲ့သည်။ ထို(P) ဆိုသော စကားလုံးအဓိပ္ပာယ်မှာ Pakistan ကို ဆိုလိုခြင်းဖြစ်သည်ဟု ထိုအရာရှိက ပြောပါသည်။ ၎င်းကပင် ဆက်လက်ပြောကြားသည်မှာ လွန်ခဲ့သော နှစ်နှစ်လောက်က အမေရိကန်ကိုတိုက်ခိုက်မည့် စီမံချက်များသည် ပါကစ္စတန်နှင့် အခိုင်အမာဆက်နွယ်လျက်ရှိသည်။ ထို့ပြင်လည်း အခြားသော နိုင်ငံများကိုပါ တိုက်ခိုက်ရန် စီမံချက်များလည်း ပေါ်ထွက်လာပြန်သည်ဟု အဆိုပါအရာရှိက ဆိုပါသည်။ သူသည် တိုင်းစကွဲယားရင်ပြင်တွင် ဗုံးဖောက်ခွဲသည့်အမှုကို လိုက်လံထောက်လှမ်းနေစဉ်အတွင်း မီဒီယာများကို ပြောခွင့်မရှိပေ။ ထိုဖြစ်စဉ်အားလုံးသည် ပါကစ္စတန်ကပင် လာခဲ့သည်ဟု ၎င်းက ဆိုပါသည်။ ပါကစ္စတန်မြောက်ဖျား တောတောင်ထူထပ်သော ဒေသတွင် တစ်ဦးတည်းအလုပ်နေသူ ဖေဆက်ရှာဇက်(Faisal Shazad) ၏ ထွက်ဆိုချက်အရ အဆိုပါအုပ်စုများသည် အိန္ဒိယတိုက်ငယ်ကို တိုက်ခိုက်နေသည်မှာ ကြာပြီဖြစ်သည်။ ယခုအခါ အမေရိကန်နှင့် အပေါင်းပါ မိတ်ဆွေနိုင်ငံများကို တိုက်ခိုက်ရန် ကြံစည်နေသည်ဟု ဆိုပါသည်။ ထိုအုပ်စုများသည် အိုစမာဘင်လာဒင်ဦးဆောင်သော အယ်ကိုင်းဒါးအဖွဲ့ကို ဗဟိုပြု၍ အနောက်အုပ်စုကို အစဉ်အမြဲတိုက်ခိုက်နေသည်ဟု CIA ကလည်း ဆိုပါသည်။ ပါကစ္စတန်၏ ကြောက်စရာအကောင်းဆုံး အကြမ်းဖက်အုပ်စုများကို တင်ပြရလျှင် နံပါတ်(၁)အနေနှင့် **Lashker-e-Taiba** အဖွဲ့ကို တင်ပြရမည် ဖြစ်သည်။ Lashker-e-Taiba အဖွဲ့သည် တစ်ခါတုန်းက အစိုးရကျောထောက်နောက်ခံပြု သော ကက်ရှ်မီးယားလွတ်မြောက်ရေးလှုပ်ရှားမှုကို ဆောင် နေသော အုပ်စုလည်း ဖြစ်သည်။ ယခုမှာတော့ တစ်ကမ္ဘာ ကို ဘာသာရေးစစ်ပွဲကြီးဖြစ်လာအောင် ဆောင်ရွက်နေ ဖြစ်လေသည်။ ကြီးကျယ်သော ကွန်ရက်များဖြင့် လုပ်ဆေ နေပြီ ဖြစ်လေသည် ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အနေ အုပ်စုပစ်မှတ်များကို တိုက်ခိုက်လျက်ရှိသည်။

နံပါတ်(၂)ကတော့ **Tehrik-e-Taliban Pakis** ဤအုပ်စုသည် အဓိက ပါရှုံယာန် (Pushon) တိုင်းရင်းသားအ ဖြစ်လေသည်။ ဤ (TTP) အုပ်စုသည် အသေခံဗုံးခွဲတိုက် မှုကို အဓိကထား လုပ်ဆောင်နေသော အုပ်စုဖြစ်လေသ အနောက်အုပ်စုပစ်မှတ်များကိုလည်း တိုက်ခိုက်လျက်ရှိသ

နံပါတ်(၃)ကတော့ **Jaish-e-Muhammed** အုပ်စု ပါသည်။ တစ်ကြိမ်တစ်ခါကတော့ ပါကစ္စတန်စစ်ဘက်က ထောက်နောက်ခံပေးထားသော အုပ်စုဖြစ်လေသည်။ ဤအ သည် တစ်ခါတစ်ရံ လက်ကမ်းလာသူလက်ကို ပြန်ကိုက် သော အုပ်စုဖြစ်လေသည်။ ယခင်သမ္မတ ဗိုလ်ချုပ်ကြီး ပ ရှာရက်ကိုပင် လုပ်ကြံရန် နှစ်ကြိမ်တိတိကြိုးစားခဲ့သေးသ

နံပါတ်(၄)ကတော့ **Harakat Muzahideen** အု ဖြစ်သည်။ ဤအုပ်စုမှာ ပါကစ္စတန်အစိုးရထိန်းချုပ်ထား ကက်ရှ်မီးယားဒေသတွင် အခြေစိုက်ပါသည်။ ဤအုပ်စု အိန္ဒိယအခြေအနေကို စောင့်ကြည့်နေသော အုပ်စုဖြစ်လေသ

နံပါတ်(၅)အုပ်စုကတော့ **Lashker Jhamgvi** ဤ စုကတော့ အယ်လ်ကိုင်းဒါးအဖွဲ့ကြီး၏ မိတ်ဆွေဖြစ် ပါကစ္စတန်ပြည်တွင်းတွင် နိုင်ငံခြားသားများကို အဓိကပစ် ထားပြီး တိုက်ခိုက်နေခြင်းဖြစ်သည်။ အထူးသဖြင့် ကြယ် ဟိုတယ်များနှင့် ပါကစ္စတန်ကို လာသော သီရိလင်္ကာခရစ် အားကစားအဖွဲ့ကို တိုက်ခိုက်နေသော အုပ်စုဖြစ်လေသ သီရိလင်္ကာခရစ်ကတ်အားကစားအဖွဲ့ကို တိုက်ခိုက်ခြင် သီရိလင်္ကာသားများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ ကြောင့် ဖြစ်ပေသည်။ ဤအုပ်စုသည် အလဟာအရှင် ကို မကိုးကွယ်သူများကို မိစ္ဆာဟု သတ်မှတ်ကြပြီး ၎င်း



အကြမ်းဖက်တိုက်ခိုက်မှုဖြင့် အမေရိကန်အစိုးရက ဖမ်းဆီးထောင်ချထားခဲ့ရသူများ



www.burmeseclassic.com

www.burmeseclassic.com



ရန်သူဟု သတ်မှတ်ပြီး တိုက်ခိုက်ကြခြင်းဖြစ်လေသည်။ အစ္စလာမ်ဘာသာဝင်များ သောကြာနေ့တိုင်း ဗလီတက်ဘုရားရှိခိုးရာတွင် ၎င်းတို့ဘုရားရှိခိုးထဲတွင် ရန်သူကို မြင်အောင်ကြည့်ပါ၊ ရန်သူကို မှန်အောင်ပစ်၊ တည့်တည့်ပစ်ဆိုသည့် အဓိပ္ပာယ်ကို ရွတ်ကြ၏။ ဗလီကဆင်းလာလျှင် ထိုအတိုင်း လေ့ကျင့်ကြလေသည်။ အာဖဂန်တွင် တာလီဘန်တို့ အုပ်ချုပ်နေစဉ်ကဆိုလျှင် သောကြာနေ့တွင် ဗလီကိုကျော်နိုင်း ပြီး သွားနေသူများ စည်းကမ်းထိန်းသိမ်းရေးရဲများက ကြိုးဖြင့်ရိုက်ကြလေသည်။ သောကြာနေ့ဆိုတာ ဗလီတက်ရမည့်နေ့ဆိုတာ မင်းမသိဘူးလားဆိုသည့် အဓိပ္ပာယ်ဖြစ်လေသည်။ ဤအုပ်စုများ ဂျီဟတ်(Jihad)ခေါ် ဘာသာရေးစစ်ပွဲကို အချိန်မရွေး ဆင်နွှဲရမည်ဟု စိတ်ဓာတ်များကို ပါကစ္စတန်မှနေပြီး ကမ္ဘာအနှံ့သို့ အိပ်စပို့ (Export) လုပ်နေကြခြင်း ဖြစ်လေသည်။

ဤအုပ်စုများသည် ၁၉၈၁ ခုနှစ်၊ ရုရှားက အာဖဂန်ကို သိမ်းပိုက်ကျူးကျော်စဉ်က ဖွဲ့စည်းလာခဲ့ကြခြင်း ဖြစ်သည်။ နောက်ပိုင်းတွင်လည်း ကမ္ဘာ့နိုင်ငံများကိုပါ ခြိမ်းခြောက်လာကြခြင်း ဖြစ်လေသည်။ နိုင်ငံတကာမှ မူဆလင်ဘာသာဝင်များကို စည်းရုံးသိမ်းသွင်းပြီး တိုက်ခိုက်ရေးသင်တန်းများ ပို့ချပေးလေသည်။ အသေခံဗုံးခွဲနည်းများကိုလည်း သင်တန်းဖွင့်ပြီး နိုင်ငံတကာမှ မူဆလင်ဘာသာဝင်များကို သင်တန်းပေးလေသည်။ တစ်ကိုယ်လုံး ဗုံးခါးပတ်ပတ်ပြီး ပစ်မှတ်ဧရိယာအတွင်း ခုန်ချရလေသည်။ ထိုသို့ သေရဲသူကို အာဇာနည်ဟု သမုတ်ကြရလေသည်။ ၁၉၈၉ ခုနှစ်တွင် ရုရှားတပ်များ ဆုတ်ခွာသွားသော်လည်း ဤအဖွဲ့များသည် လက်နက်မချဘဲ ဆက်လက်စွဲကိုင်ပြီး မူဆလင်မဟုတ်သည့် နိုင်ငံများကို ခြိမ်းခြောက်လေတော့သည်။

နောက်တုံးတွင် ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့က နယူးယောက်ရှိ WTO အဆောက်အအုံကြီးကို လေယာဉ်ဖြင့် ဝင်တိုက်ပြီး အောင်ပွဲခံကြသေးသည်။ ထိုစဉ်ကစပြီး ဘုရှ်အစိုးရသည် အယ်လကိုင်းဒါးခေါင်းဆောင် ဘင်လာဒင်ကို လွှတ်မထားတော့ဘဲ အနီးကပ်ထောက်လှမ်းနေလေသည်။ ပါကစ္စတန်အစိုးရသမ္မတ ဗိုလ်ချုပ်ကြီး မူရှာရက်ကိုလည်း ထိုအဖွဲ့များကို ချေမှုန်းပစ်ရန် တိုက်တွန်းလာလေသည်။ ပါကစ္စတန်မြောက်ပိုင်း ဒေသများတွင် အစွန်းရောက် မူဆလင်များသား ...အစိုးရက ဖမ်းဆီးရန် စုံစမ်းစစ်ဆေးမှုများ လုပ်လာ... အဆိုပါအုပ်စုများ ထကြွလာလေဖြစ်ရာ ၎င်းတို့ရန်သူ ဖြစ်သော အိန္ဒိယကိုပင်မကျော်ပြီး အခြားနိုင်ငံများအထိ ပစ်မှတ် ထားခဲ့ကြခြင်း ဖြစ်လေသည်။ အမေရိကန်လိုနိုင်ငံမျိုးကိုပင် သူတို့ တိုက်ခိုက်နိုင်သည်ကို ဂုဏ်ယူမဆုံး ရှိတော့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန (State Department) ၏ အစိုးရ အစ္စလာမ်အသတ်အာဏာပိုင်များကလည်း ဤအုပ်စုများ ဆက်လက်လှုပ်ရှားနိုင်အောင် မသိချင်ယောင်ဆောင်နေသည်ဟု ဆိုလေသည်။ နောက်ဆုံး ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အိန္ဒိယပါလီမန်ကို တိုက်ခိုက်လေရာ နှစ်နိုင်ငံ စစ်နွှာခမ်းသို့ပင် ရောက်ရှိခဲ့ရလေသည် ထိုအခါကျမှပင် အဆိုပါအုပ်စုများသည် ၎င်းတို့၏ အမည်များကို လွှင်ပြောင်းလဲလာကြသည်။ ဥပမာအားဖြင့် Lashker-e-Taiba ခေါ်သည့် ပေါကမ်းစွန့်ကြသော ဖောင်ဒေးရှင်း (Charitable Foundation) Jamaat-ud-Dawah ဖြစ်လာလေသည်။

www.burmeseclassic.com

ပါကစ္စတန်အစိုးရကလည်း ထိထိရောက်ရောက်မနှိမ်နင်းသလို၊ မသိချင်ယောင်ဆောင်သည်လည်း ရှိလေရာ ထိုတရားမဝင်သော အုပ်စုများသည် ပစ်မှတ်ကို ပိုမို ပိုမို ချဲ့ထွင်လာလေသည်။ သူတို့ပစ်မှတ်ထဲတွင် အစ္စရေးပါဝင်လာလေသည်။ အဘယ့်ကြောင့်ဆိုသော် အစ္စရေးသည် အရှေ့အလယ်ပိုင်းတွင် ခရစ်ယာန်ဘာသာဝင်ဖြစ်သလို၊ အီရန်၏ နျူးကလီးယားကြိုးပမ်းမှုကို စောင့်ကြည့်နေသည်ဟု နိုင်ငံတကာကို ပြောဆိုလိုက်ခြင်းကြောင့်ပင် ဖြစ်လေသည်။ ဤအချိန်တွင် ဘင်လာဒင်နှင့် အခြားသော အယ်လ်ကိုင်းဒါးခေါင်းဆောင်များက လက်ကမ်းစာ (Fatwas) ထုတ်လိုက်ပြန်သည်။ ထိုလက်ကမ်းစာကြောင့် ယခင် အစ္စလာမ်ဝါဒလေ့လာခဲ့သူ ပါမောက္ခ Hafiz Muhammed Saeed ကလည်း အနောက်အုပ်စုကို ဘာသာရေးစစ်ဆင်မည်ဟု ကြုံးဝါးလာပြန်သည်။ ထို့ကြောင့် တာလီဘန်တိုက်ခိုက်ရေးသမားများသည် အီရတ်တိုက်ခိုက်ရေးဇုန်ကို စွန့်စားဝင်ရောက်လာကြလေသည်။ ထိုအချိန်တွင် အာဖဂန်ရှိ နေတိုးတပ်ဖွဲ့က ပါကစ္စတန်ကို ခြိမ်းခြောက်လာသော်လည်း TTP အုပ်စုက နည်းနည်းလေးမျှ စိုးရိမ်ကြောက်လန့်ခြင်းအလျဉ်းမရှိသော ၂၀၀၇ ခုနှစ်တွင် ခေါင်းဆောင် ဘိုင်တူလာမဆွစ် (Baitullah Mehusd) က ဘာနက်ဇီယာဘူတိုကို လုပ်ကြံရန်နှင့် ပါကစ္စတန်စစ်ဘက်ဆိုင်ရာများကို တိုက်ခိုက်ရန် အမိန့်ချမှတ်လာလေသည်။ ပါကစ္စတန်မြို့ကြီးများတွင်လည်း အသေခံဗုံးခွဲတိုက်ခိုက်ရန် အမိန့်ထုတ်ထားပြန်လေသည်။ ပါကစ္စတန်အစိုးရတပ်များက ၂၀၀၈ ခုနှစ်တွင် ထိုအုပ်စုများကို စတင်နှိမ်နင်းလေတော့သည်။ ၂၀၀၉ နွေရာသီတစ်နေ့တွင် CIA က မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်လာရာ မာဆွတ်ကျဆုံးသွားရလေသည်။ မာဆွတ်ရာထူးကို ယူထားသူ ဒုတိယခေါင်းဆောင်မှာလည်း နောက်မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် သေဆုံးသွားရပြန်သည်။ သူသေခါနီးကျမှပင် တိုင်းပကွဲယားတိုက်ခိုက်မှုမှာ ဘူဂျက်တွင်ဖြစ်သည်ဟု ပြောဆိုသွားလေသည်။

ထိုအုပ်စုသည် ဘာသာရေးစစ်ပွဲကို တင်ပို့ရမည်ဟု ဆိုခဲ့သည့်အတိုင်း (Jihad Export) ဂျီဟာတ်တိုက်ခိုက်မည့်သူကို ရွေးချယ်ပြီး လိုရာပစ်မှတ်ကိုရောက်အောင် အရင်တင်ပို့လေသည်။ ပုံပါ Faisal Shazad သည် အမေရိကသို့ တင်ပို့ခံရသော အကြမ်းဖက် ဘက်တော်သားတစ်ဦး ဖြစ်လေသည်။ ပါကစ္စတန်အစိုးရ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသည် ၁၉၇၉ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်သည်။ ထိုသူ၏ အစ္စလာမ်မာဘတ်မြို့တော်ကို ဒေသတာလီဘန်သူပုန်များက ပြင်းပြင်းထန်ထန်တိုက်ခိုက်နေစဉ် အချိန်ဖြစ်သည်။ ထိုဒေသ၏ မြို့တော် ပ
ဝါ(Peshawar) တွင် မွေးဖွားခဲ့ခြင်း ဖြစ်ပေသည်။ ၎င်းသ
TTP ၏ နောက်ခံယူပြီး အမေရိကသို့ ကျောင်းသားဗီဇာ
ဝင်ရောက်လာပြီး ကွန်နက်တီကတ်(Connetical) ဘ
တက္ကသိုလ်မှ ကွန်ပျူတာဘွဲ့ ရယူခဲ့သည်။ ယင်းနော
သူသည် Stanford မြို့ အနီး ငွေကြေးကုမ္ပဏီတစ်ခုတွင်
ရောက်လုပ်ကိုင်လေသည်။ အမေရိကန်နိုင်ငံသား ခံယူထာ
Huma ဟူးမားနှင့် အိမ်ထောင်ကျသည်။ ကလေးနှစ်ယော
ရလျှင် အမျိုးသမီးနှင့်အတူ ပါကစ္စတန်သို့ တစ်ခေါက်ပြန်လ
သေးသည်။ ပြီးနောက် အမေရိကန်သို့ ပြန်လာခဲ့သည်။ ရှာ
ပါကစ္စတန်မှ ပြန်လာပြီး နှစ်လလောက်တွင် တိုင်းစကွဲယ
ဘရုတ်ဝေးလမ်းမကြီးတွင် ကားဗုံးဖောက်ခွဲရေးကို စတင်လှုပ်
လေသည်။ ၁၉၉၃ ခုနှစ်၊ မေလ ၁ ရက်နေ့ ညနေပိုင်း
ရှာဇက်သည် ၎င်း၏ ပါ့သ်ဖိုင်ဒါကားလေးဖြင့် ၄၅ လမ်းထဲ
ရောက်လာလေသည်။ ကားစက်မရပ်ဘဲ သူထွက်သွား
သည်။ သိပ်မကြာလှသောအချိန်တွင် ပေါက်ကွဲမှုကြီး ပေါ်ပေ
လာလေသည်။ လုံခြုံရေးရဲများ ရောက်ရှိလာပြီး မီးခိုးထွက်
ပါ့သ်ဖိုင်ဒါကားလေးကို မီးငြိမ်းသတ်ပြီးနောက် ရဲတာတ်ခွဲခ
ယူဆောင်သွားတော့၏။ ထိုနေ့မှာပင် ရှာဇက်သည် ကနေဒီ
တကာလေဆိပ်သို့ ထွက်လာပြီး ဒူဘိုင်းသို့ ပျံသန်းမည့် ဖလ
နံပါတ် (၂၀၁)ကို လက်မှတ်ဝယ်ရန် ဖုန်းဆက်ထားလေသ
လေယာဉ်ပေါ်တက်ရန် ထွက်လာစဉ် ဂိတ်ပေါက်၌ ရဲက ဖ
သွားလေသည်။ အခင်းဖြစ်ပြီး ၅၄ နာရီအတွင်း တရား
ဖမ်းမိသဖြင့် ၄၅ လမ်းတိုက်ခိုက်မှုကို ၅၄ နာရီအတွင်း ဖ
သွားသည်ဟု အများက ပြောဆိုကြလေသည်။

မြင့်လွင်(ဂျပန်ဘာသ

*Ref: Time Magazine*



www.burmeseclassic.com

www.burmeseclassic.com

# သားအသက်မသေရန် (၇)နှစ်လုံးလုံး အသက်ရှူကိရိယာကို လက်ဖြင့်ဖိပေးသော မိဘနှစ်ပါး



မိဘနှစ်ပါးသည် သူတို့၏လက်များဖြင့် ဒုက္ခသည်သား အသက်မသေရန် အသက်ရှူကိရိယာကို တစ်လှည့်စီဖိပေးလာခဲ့သည်မှာ ခုနစ်နှစ်ရှိပြီဟု တရုတ်ပြည်ပေကျင်းမြို့ အေအက်ဖ်ပီသတင်းတစ်ပုဒ်၌ ဖော်ပြထားသည်။

မဒမ်ဝမ်နှင့် ဖူမင်းဂူး (၆၇ နှစ်)တို့၏ သားဖြစ်သူ ဖူဂူပင်း(၂၃)နှစ်သည် ၂၀၀၆ ခုနှစ်၌ မော်တော်ဆိုင်ကယ် စီးသွားစဉ် မတော်တဆ ထိခိုက်မှုဖြစ်ပွားပြီး ကိုယ်လက်သေသွား၏။ ဆေးရုံသို့ပို့၍ ဆေးကုသမှုခံယူရ၏။ ရက်များရှည်ကြာလာသောအခါ ငွေကြေးမတတ်နိုင်သောကြောင့် အိမ်သို့ ပြန်ခေါ်လာပြီး အသက်ရှူကိရိယာအကူအညီဖြင့် အသက်ရှူနိုင်ရန် မိခင်တစ်လှည့်၊ ဖခင်တစ်လှည့် သူတို့၏လက်များဖြင့် အသက်ရှူကိရိယာကိုဖိ၍ သားဖြစ်သူ အသက်ရှူနိုင်ရန် မပြတ်ပြုလုပ်ပေးနေကြရ၏။ အဆိုပါ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသော အသက်ရှူကိရိယာကို အရေးပေါ်ကူနာများ အသက်ရှူနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်၏။

ဆွေမျိုးများကလည်း ဖူဂူပင်း အသက်မသေရေးအတွက် တတ်နိုင်သမျှ ဝိုင်းဝန်းထောက်ပံ့ကြသော်လည်း ရက်များရှည်ကြာလာသောအခါ ပံ့ပိုးမှုလျော့နည်းလာ၏။

အလိုအလျောက် ဖိနှိပ်ပေးသော စက်ကိရိယာအကူအညီကို သုံးသော်လည်း အကယ်၍စက်ပျက်သွားလျှင် သားဖြစ်သူ အသက်ရှူရပ်သွားပြီး သေသွားမည်ကို စိုးရိမ်၍ မိခင်ရော ဖခင်ပါ သားအနားတွင် တစ်လှည့်စီ နေရောညပါ စောင့်ကြပ်နေကြ၏။

ထိုဖြစ်ရပ်ကို သတင်းသမားများ သိသွားပြီး သတင်းစာ၊ ဂျာနယ်များတွင် သတင်းအဖြစ် ဖော်လိုက်ရာ အလှူငွေများသည် မိဘနှစ်ပါးထံ ရောက်လာ၏။ ကုမ္ပဏီတစ်ခုက အလိုအလျောက်လှုပ်ရှားပေးသော လျှပ်စစ်ဓာတ်အားသုံး စက်တစ်လုံးကို လှူဒါန်းသော်လည်း မိဘနှစ်ပါးသည် သားအနားတွင် တစ်လှည့်စီနေနေလျက်ပင်။

ဦးဦးသိန်း

*Strait Times 3.2.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အလွတ်စုံထောက်မြဒင် နှင့် မာယာရှင်

——○●○ ဖေဖော်မော်လင်း ○●○——

အခန်း (၁)

**အိမ်တွင်းပုန်းကွမ်းယာဆိုင်**

"အနီတာ၏ ကွမ်းယာမှာ ဈေးကြီးသည်" ... စားချင်ပါ၏ စား၍ ... လို ဝယ်ချင်တိုင်း ... ဝယ်၍ ...

ဒိုဘီလိုင်းသည် Fuel Evenue ကန်ပတ်လမ်းရှိ Home For Ages Poor လူအိုရုံကြီး၏ နောက်ခြမ်းတွင်ရှိသည်။

အနောက်သို့လာလျှင် လမ်း (၄၀) မြောက်ကြီးလမ်းရှိသည်။ တောင်သို့သွားလျှင် Little Sister Road နမတော်လမ်းရှိသည်။ မြောက်ဘက်သို့သွားလျှင် Royal Lake ကန်တော်ကြီးရှိသည်။

ယံအရပ်ကို ဒိုဘီလိုင်းဟုခေါ်သည်။ ဒိုဘီလိုင်းကို မြန်မာလို ချောချော ပြန်ဆိုရလျှင် ခဝါသည် ရပ်ကွက်ဟုခေါ်ရမည်။ ရေအလျှံပယ်ရသောကြောင့် ဒိုဘီကုလား ဗိသာရများ အရာအဝေးနှင့် နေထိုင်ကြသည်။

ဒိုဘီလိုင်းတွင် အိမ်တွင်းပုန်းကွမ်းယာဆိုင်ကို ဖေါ်တာနီး ဖွင့်လှစ်ထားသည်။ ကွမ်းယာသည်မလေး၏ အမည်မှာ အနီတာဖြစ်သည်။ အနီတာသည် ပုဏ္ဏားစပ်သူလေးဖို့ ရုပ်ရည်ချောမောလှပသည်။ လူတစ်များမှာ ယဉ်တစ်ကိုယ်လုံးဟု ဆိုသော်လည်း အနီတာသည် တိုနှစ်မျိုးလုံးကို ပိုင်ဆိုင်သည်။

အနီတာ၏ ကွမ်းယာမှာ ငိုက်ဆဲ ... ဖြစ်၏။

ဒိုက်ဆံတစ်ပဲလျှင် လက်ဖက်ရည် တစ်ခွက်နှင့် နံပြားတစ်ချပ်ရသည့် အပြင် စီးကရက်တစ်ဘီပ်ပါ ဝယ်စစ်ရသောကြောင့် အနီတာ၏ ကွမ်းတစ်ရာ တစ်မတ်ဆိုသည်မှာ ဈေးကြီးလွန်းသည်။ ဈေးကြီးသည် ဆိုသော်လည်း ဘာမျှမည်မည်ရရမရှိပါ။ ထုံးဖြူကွမ်းယာသာဖြစ်၏။

ကွမ်းသီးက ပါလေဟန်ပို့ ဝါးဝပ်တွင်းရောက်သည်နှင့် ပျောက်သွားသည်။ ကွမ်းတစ်ရာညက် (၁၅)မိနစ်ဆိုကြသော်လည်း (၃)မိနစ်မျှပင် အဝါးမခံပါ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အနီတာ၏ ကွမ်းယာကို ဝယ်ချင်တိုင်း ဝယ်၍မရသလို စားချင်တိုင်းလည်း စား၍မရပါ။ Regular Customer ဖေါက်သည်များကိုသာ စနေနှင့် တနင်္ဂနွေနေ့ ညဥ့်များတွင် နိုင်လျှို ရောင်းချသည်။

မည်သို့ဆိုစေ၊ စနေနှင့် တနင်္ဂနွေ ညဥ့်များတွင် အနီတာ၏ အိမ်တွင်းပုန်း ကွမ်းယာဆိုင်တွင် လူစည်ကားလျက် ရှိပါတော့သည်။

◆ ◆ ◆

အခန်း (၂)

<u>နှုတ်ခမ်းချင်းတေ့၍ စားရသောကွမ်းယာ</u>

"အနီတာသည် ကြေးပန်းထဲတွင် ကျပ်စေ့များ ဖွေးလျှင် ဖွေးသလို ကြဲလျှင် ကြဲသလို မီးစင်ကြည့်၍ အသုံးတော်ခံသည်"

ဂျာနား××ပနား ×× ဂျားနား× ×ပနား× ×ဂျာဂျာ

ဂျာနား××ပနား ×× ဂျားနား× ×ပနား× ×ဂျာဂျာ

အနီတာသည် သီချင်းဆို၍ လည်တိုင်ကြော့ကြော့ကို ယိမ်းထိုးလျက် ကပြသည်။ ဘင်လေးကိုလည်း လှုပ်ရမ်း၍ပြသည်၊ ရင်မို့မို့ကိုလည်း တုန်ခါ တုန်ခါဖြင့် လှုပ်ခပ်၍ မြူဆွယ်သည်။ ဗိုက်သားဖြူဖြူပေါ်ရှိ ချက်နီနီလေးကို ကစားပြလျှင် ရွှေပွဲလာပုရိသများ အသည်းခိုက်သွားကြ၏။

ဂျာနား××ပနား ×× ဂျားနား× ×ပနား× ×ဂျာဂျာ

အနီတာသည် သီချင်းဆုံး၍ ကကွက်ကုန်လျှင် ဦးဦးကိုကို ဖေါက်သည်များကို ဦးညွှတ်လိုက်သည်။

ဖျောင်း··ဖျောင်း··ဖျောင်း

အနီတာသည် လက်ခုပ်သံအဆုံးတွင် ကွမ်းယာများ အဆင့်ပြင်ထားသော ကြေးပန်းလေးကို ယူ၍ ဦးဦးကိုကိုတို့ထံ သွားသည်။ ဦးဦးကိုကိုနှင့် မျက်နှာချင်းဆိုင်မိလျှင် အနီတာသည် ကြေးပန်းထဲမှ ကွမ်းယာကိုယူ၍ ခဲထားလိုက်သည်။

ပြီး···

ဦးဦးကိုကိုများက ကြေးပန်းပေါ်သို့ ဗိုက်ခံတစ်မတ်တင်ပေးလျှင် အနီတာသည် နှုတ်ခမ်းတွင် တေ့၍ကိုက်ထားသောကွမ်းယာကို ဦးဦးကိုကိုများအား ခွံပေးသည်။

အကယ်၍ ဦးဦးကိုကိုများက One Ruppe ကျပ်စေ့တစ်စေ့ ဘောက်ဆူးချလျှင် အနီတာသည် သူ၏ ပါးပြင်မို့မို့ကို အပ်နှင်းတတ်သည်။

နောက် တစ်ယောက်ပြီးတစ်ယောက် ကြေးပန်းထဲတွင် ကျပ်စေ့များ ဖွေးဖွေးလှုပ်သွားလျှင် အနီတာသည် အပေါ်ရှိ ဆာရီကို ခါးတွင် ပတ်လိုက်ပြီး ခပ်ကြမ်းကြမ်းကပြသည်။

ဂျာနား××ပနား ×× ဂျားနား× ×ပနား× ×ဂျာဂျာ

အနီတာသည် သီချင်းသံဆုံးလျှင် အကရပ်၍ ဦးဦးကိုကိုများကိုတစ်ကြော့ပြန်ကွမ်းယာခွံပြန်သည်။ ကြေးပန်းထဲတွင် ကျပ်စေ့များ ဖွေးလျှင်ဖွေးသလို ကျဲလျှင်ကျဲသလို အခြေအနေအရ ကပြသည်။ ထို့ကြောင့်လားမသိ၊ အနီတာ၏ ကွမ်းယာများမှာ ရောင်းကောင်းလျက်ရှိပါတော့သည်။

◆ ◆ ◆

အခန်း (၃)

<u>ပုဏ္ဏားအောင်မောင်း</u>

"ပုဏ္ဏားအောင်မောင်း၏ အရှိန် ကြောင့်လားမသိ၊ ကွမ်းယာသည်မလေး အနီတာကို စော်ကား မော်ကားပြုံ့သူ တစ်ယောက်မျှမရှိ"

အိမ်တွင်းပုန်း ကွမ်းယာဆိုင်ပိုင်ရှင်မှာ ပုဏ္ဏားအောင်မောင်း ဖြစ်သည်။ ပုဏ္ဏားအောင်မောင်းသည် တောင်လုံး ပြန်ပုလိပ်ဌာနမှ မှင်နီတားခံထားရသူ လည်းဖြစ်သည်။ အလီမူလမှ ရှန်ရှ ဖရေဇာမှ ဒီလစ်၊ အလုံမှ မုတ်ကြီး တို့ကပင် ဆက်ကြေး ပေးနေရသူဖြစ် သည်။

ပုဏ္ဏားအောင်မောင်းသည် စ ရစ်ပါ (ခေါ်) သုံးမြှောင့်သံလီးဓားကို ကိုင်ဆောင်လေ့ရှိသည်။ စက္ကရစ်ပါသည် မော်တော်ကား အင်ဂျင်များကို ကိုင် တွယ်ရာတွင် သံလီးဓားအဖြစ် အသုံး ပြုသည်။

ပုဏ္ဏားအောင်မောင်းသည် စ ရစ်ပါဓား သုံးမြှောင့်ဓားချွန်ကို သူ တွင် ပြောင်ထိုးထားလေ့ရှိသည်။ ကြောင့်လားမသိ ကွမ်းယာသည်မလေး အနီတာကို မည်သူမျှ စော်ကားမော် ကားပြုံ့သူတစ်ယောက်မျှ မရှိသည် အမှန်ပင်ဖြစ်ပါတော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

စနေနေ့ည

"အိမ်တွင်းပုန်းကွမ်းယာဆိုင်နဲ့ ပတ်သက်ပြီး မင်းကြီးက ပွစိ၊ ပွစိလုပ်နေတယ်"

အလွတ်စုံထောက် မြဒင်သည် ကန်တော်ကြီးရှိ Boat Club သို့ တောင်လုံးပြန် ပုလိပ်ဌာနမှ အင်စပက်တော် ခရစ်ပင်နှင့် ဘီလီယက်ထိုး ကစားရန် လာခဲ့သည်။

အင်စပက်တော် ခရစ်ပင်သည် ဘီလီယက်ထိုးခန်းထဲသို့ မြဒင်ဝင်လာသည်ကိုတွေ့လျှင် ကျူတံကို မြောက်ပြပြီး နှုတ်ဆက်သည်။

"Hello ကိုမြဒင်"

"Hello Inspetor"

"ခင်ဗျား လာမလာ ့လားလို့ မျှော်လိုက်ရတာ" ဟု အင်စပက်တာ ခရစ်ပင်ကဆိုသည်။

ဘီလီယက်ထိုး ကစားဖို့ ချိန်းထား ကျွန်တော် ကျကျဘူးလို့လဲ အင်စပက်တာ"

"ခင်ဗျားက ဘီလီယက်ကစားတာ Crazy ဖြစ်တယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ဗျာ"

"ဘာအကြောင်းရှိလို့လဲ အင်စပက်တာ"

"ဗိုဘီလိုင်းက အိမ်တွင်းပုန်း ကွမ်းယာဆိုင်ကိစ္စ"

"ဆိုပါဦး"

"ခင်ဗျားက ကန်တော်လေးသားဆိုတော့ ဗိုဘီလိုင်းက အိမ်တွင်းပုန်း ကွမ်းယာဆိုင်အကြောင်း သိမှာပေါ့"

မြဒင် ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီဆိုင်မှာ ခင်ဗျား ကွမ်းယာ သွားစားဖူးလား"

"မစားဘူးပါဗျ"

"ဒါဖြင့် ခင်ဗျားက ဘာလို့ခေါင်းညိတ်ပြတာလဲ"

"ကျွန်တော့် မိတ်ဆွေတွေက ပြောပြထားလို့ပါ"

"အဲဒီ အိမ်တွင်းပုန်းကွမ်းယာဆိုင်နဲ့ပတ်သက်ပြီး မင်းကြီးက ကျွန်တော့်ကို ပွစိ ပွစိ လုပ်နေတယ်ဗျ" ဟု အင်စပက်တာခရစ်ပင်က ဆိုသည်။

"ဘာဖြစ်လို့လဲ အင်စပက်တာ"

"ကျွန်တော်က ဗိုက်ဆံယူပြီး မှိန်နေတယ် ထင်လို့ပေါ့ဗျာ"

"ဒါဆိုလဲ ခင်ဗျားဝင်ဖမ်းလိုက်ပေါ့"

"ခင်ဗျားပြောတာ မှန်ပါတယ် ကိုမြဒင်၊ ဒါပေမဲ့ လက်ဆုပ်လက်ကိုင်မိမှ ဖြစ်မှာဗျ၊ သို့မဟုတ်ရင် သူတို့ လွတ်ထွက်သွားနိုင်တယ်"

"Yes Inspetor"

"ကျွန်တော်က အဲဒီဆိုင်ကိုသွားပြီး စနည်းနာရအောင်လဲ အခက်ဗျ"

"ဘာဖြစ်လို့လဲ အင်စပက်တာ"

"ကျွန်တော့်ကို ပုလိပ်အင်စပက်တာဆိုတာ ပတ်ဝန်းကျင်ကလူတွေက သိနေကြလို့ဗျ"

"ခင်ဗျား မဆိုးပါဘူး အင်စပက်တာ၊ ခင်ဗျားပြောတာ မှန်ပါတယ်"

ဒီတော့ဗျာ၊ ကျွန်တော့်ကိုယ်စား ခင်ဗျား သွားပေးပါလား။

"ရပါတယ် အင်စပက်တာ။ ဒါပေမဲ့ T.A နဲ့ D.A ပေးရလိမ့်မယ်နော်"

"ခရီးစားရိတ်နဲ့ နေ့တွက်စားရိတ် မပူပါနဲ့ ကျွန်တော်ပေးပါမယ်"

"ဒီမှာ အင်စပက်တာ ကျွန်တော်က အလွတ်စုံထောက် တစ်ယောက်ပါ၊ ဗိုက်ဆံမရရင် အမှုလိုက်မပေးနိုင်ဘူး ဒါပေမဲ့ ခင်ဗျားနဲ့ ရင်းနှီးနေလို့ T.A နဲ့ D.A ဘဲ တောင်းတာပါ"

ကျွန်တော် သဘောပေါက်ပါတယ် ကိုမြဒင်၊ အခုလို ကူညီလို့ ကိုမြဒင်ကို ကျေးဇူးတင်ပါတယ်။

"ဒီနေ့ စနေနေ့ဆိုတော့ ဒီည ကွမ်းယာဆိုင် ဖွင့်မှာဗျ"

"ဟုတ်ကဲ့"

"ဒီတော့ ဒီညဘဲ၊ ကျွန်တော်သွားလိုက်ပါ့မယ်"

"ကောင်းတာပေါ့ဗျာ၊ ခင်ဗျားအတွက် T.A နဲ့ D.A ထုတ်ထားလိုက်ပါ့မယ်၊ မနက်ဖြန် တောင်လုံးပြန်ပုလိပ်ဌာနကိုလာခဲ့ပါ"

ဒါဆို စလိုက်ကြရအောင်ဟု မြဒင် ပြောလိုက်သည်။

အင်စပက်တာ ခရစ်ပင်သည် အစိမ်းရောင် သက္ကလပ်အခင်းပေါ်တွင် ဘောလုံးလေးများကို စီလိုက်သည်။

အလွတ်စုံထောက် မြဒင်သည် အင်စပက်တာ ခရစ်ပင်ကို အနိုင်ထိုး



www.burmeseclassic.com

www.burmeseclassic.com

ရန်အတွက် စင်တိုင်မှ ကျူတံလေးကို ယူလိုက်ပါတော့သည်။

◆ ◆ ◆

အခန်း (၅)

<u>မြွေ . . . မြွေချင်း</u>

"ဒီမှာ ကိုမြဒင် အနီတာကို စော်ကားဖို့ မကြိုးစားနဲ့နော်"

အလွတ်စုံထောက် မြဒင်သည် အနီတာတို့ အိမ်တွင်းပုန်း ကွမ်းယာဆိုင်သို့လာခဲ့သည်။ ဆိုင်ထဲတွင် မြဒင်မျှော်လင့်ထားသလို ဧည့်သည်များများမရှိပါ။

မြဒင်သည် ဧည့်ခန်းထဲသို့ဝင်၍ ထိပ်ဆုံးထိုင်ခုံတွင် နေရာယူလိုက်သည်။

မြဒင်သည် ထိုင်လျှင် ထိုင်ချင်း ဝန်းကျင်ကို မျက်လုံးကစားလိုက်သည်။ ဧည့်သည်က ခပ်ကျဲကျဲပါ။ သုံးကြောင့်လားမသိ အနီတာထွက်မလာသေးပါ။

ထိုစဉ် ဧည့်သည်များ ဝင်လာသောကြောင့် ဧည့်ခန်းပြည့်သွားသည်။ ပုဏ္ဏားအောင်မောင်း ဧည့်ခန်းထဲသို့ ဝင်လာသည်။

သူသည် စက္ကူရစ်ပါကို ခါးကြားတွင် ထိုးထားသည်။ ဧည့်ခန်းတွင်းသို့ ရောက်လျှင် အောက်လင်းဓါတ်မီးကြီး မီးရောင်ကို မြှင့်တင်လိုက်သည်။ ထိုင်ခုံတွင်ဝင်ထိုင်ရာမှ မြဒင်ကို တွေ့သွားသည်။

"ခင်ဗျား ဘာလာလုပ်တာလဲ ကိုမြဒင်" ဟုဆိုသည်။

အနီတာရဲ့ ကွမ်းယာ နံမည်ကြီးနေလို့ပါ။

"ဘာပြောတယ်" ဟုဆို၍ ပုဏ္ဏားအောင်မောင်းသည် ခါးတွင်ထိုးထား သော သုံးမြောင့် စက္ကူရစ်ပါ ဒါးချွန်ကို ထုတ်၍ စားပွဲတွင် စိုက်လိုက်သည်။

မြဒင် ဂရုမစိုက်ပါ။

"ဒီမှာ ကိုမြဒင်"

"ပြောပါ ကိုအောင်မောင်း"

"ခင်ဗျားကိုခင်ဗျား အလွတ်စုံထောက်ဆိုပြီး အနီတာကို စော်ကားမော်ကားလုပ်ဖို့ မစဉ်းစားနဲ့နော်၊ ခင်ဗျားလဲကန်တော်လေးသား။ ကျွန်တော်လဲ ကန်တော်လေးသားနော်"

"ဟား . . ဟား . . ဟား ဒီလိုလူရမ်းကားတွေထဲမှာ ကျွန်တော်မပါဘူး။ ဝါသနာလဲမရှိဘူး ကိုအောင်မောင်း"

ထိုစဉ် . . .

ဂျွမ်းနား××ပနား ×× ဂျွမ်းနား× ×ပနား× ×ဂျွမ်ဂျွမ်

အနီတာသီချင်းသံ ပေါ်လာသည်။

ပုဏ္ဏားအောင်မောင်းသည် ထိုင်နေရာမှ အနီးရှိ အောက်လင်းဓါတ်မီးကြီးမီးရောင်ကို မှိန်လိုက်သည်။

ဂျွမ်းနား××ပနား ×× ဂျွမ်းနား× ×ပနား× ×ဂျွမ်ဂျွမ်

အနီတာသည် လိုက်ကာကို လှစ်၍ ထွက်လာသည်။

သူမသည် ကွမ်းယာများ အစီအရီ တင်ထားသော ကြေးလင်ပန်းလေးကို မြှောက်၍ ကိုကို ဦးဦးဖေါက်သည်များကို ဦးညွှတ်လိုက်သည်။

ဖျောင်း . . ဖျောင်း . . ဖျောင်း

အနီတာသည် လက်ခုပ်သံများဆုံလျှင် ကြေးပန်းလေးကို ကိုင်၍ မြဒင်ထံ လာသည်။

ထိုမှ . . အနီတာသည် နှုတ်ခမ်းတွင် ခဲထားသော ကွမ်းယာလေး ကိုမြဒင်အား ဦးစွာခွံပေးသည်။

သို့သော်လည်း မြဒင်သည် နှုတ်ခမ်းချင်းတွေ့၍မယူဘဲ လက်ဖြင့်ယူရာမှ ကျပ်ငွေတစ်ထွေကို ကြေးလင်ပန်းပေါ်သို့ တင်ပေးလိုက်သည်။

ထိုအခါ . . .

ထိုအဖြစ်ကို တွေ့လိုက်သော ပုဏ္ဏားအောင်မောင်း၏ မျက်နှာသည်

> သူသည် စက္ကူရစ်ပါကို ခါးကြားတွင် ထိုးထားသည်။ ဧည့်ခန်းတွင်းသို့ ရောက်လျှင် အောက်လင်းဓါတ်မီးကြီး မီးရောင်ကို မြှင့်တင်လိုက်သည်။ ထိုင်ခုံတွင် ဝင်ထိုင်ရာမှ မြဒင်ကို တွေ့သွားသည် . . .



www.burmeseclassic.com

www.burmeseclassic.com

လငပုတ်ဖမ်းသကဲ့သို့ မည်းမှောင်သွားသည်။

ထို့နောက်တော့ မြဒင်သည် ပုဏ္ဏားအောင်မောင်းအား နှုတ်ဆက်၍ ထွက်ခဲ့သည်။

ဂျာနား××ပနား ×× ဂျာနား× ×ပနား× ×ဂျာဂျာ

အနီတာ၏ ချိုလွင်လွင်အသံလေးသည် မြဒင်နောက်တွင် ကျန်ရစ်ခဲ့ပါတော့သည်။

◆ ◆ ◆

အခန်း (၆)

<u>တနင်္ဂနွေညဥ့် (၇)နာရီ</u>

"ဒီမှာ အင်စပက်တာ ဥမ္မာဒန္တီကို မြင်လို့ သီဗိဘုရင်ကြီး ရူးသွားတာ သိတယ် မဟုတ်လား။ ခင်ဗျားလည်း သတိထားဦးနော်"

အလွှတ်စုံထောက် မြဒင်နှင့် အဖွဲ့သည် ဗိုဘီလိုင်းနှင့် အိမ်တွင်းပုန်းကွမ်းယာဆိုင်သို့ လာခဲ့ကြသည်။

ထိုအဖွဲ့တွင် အင်စပက်တာ ခရစ်ပင်နှင့် မုလိပ်သား သုံးယောက်လည်း ပါသည်။

မြဒင်တို့သည် နမတော်လမ်းနှင့် မြောင်းကြီးလမ်းစုံတွင် ဖွင့်လှစ်ထားသော ကာကာလက်ဖက်ရည်ဆိုင်သို့ ရောက်လျှင် ဆိုင်တွင်းသို့ ဝင်လိုက်ကြသည်။

ကာကာ ကုလားသည် မြဒင်တို့အားတွေ့လျှင် ပျာပျာသလဲနှင့်ကြိုသည်။ မြဒင်သည် ဆိုင်ထဲသို့ရောက်လျှင် ထိန်ထိန်လင်းအောင် ထွန်းထားသော အောက်လင်းဓါတ်မီးကို ကြည့်၍ကာကာ ကုလားကို ပြောလိုက်သည်။

"ဟေ့ ကာကာ အောက်လင်းဓါတ်မီးကို မှိန်လိုက်ကွာ"

ဟုတ်ကဲ့ပါဆရာဟုဆို၍ ကာကာ ကုလားသည် အောက်လင်းဓါတ်မီးကြီးကို မှိန်လိုက်သည်။

မြဒင်တို့သည် အမှောင်လွှမ်းသော စားပွဲတွင် နေရာယူလိုက်သည်။

တစ်ဘက်ရှိ တိုင်ကြီး၏ အရိပ်က စားပွဲပေါ်သို့ ကျရောက်နေသောကြောင့် မျက်လုံးစူးရှသူများပင် မြဒင်တို့အား လှမ်းလှမ်းခွဲရန် လွယ်ကူလိမ့်မည် မထင်ပါ။

မြဒင်သည် အင်စပက်တာ ခရစ်ပင်အား လက်ညှိုးထိုးပြ၍ ပြောလိုက်သည်။

"ဟိုမှာ ထုံးဖြူသုတ်ထားတဲ့ မြေစိုက်အိမ်ကို တွေ့တယ်မဟုတ်လား အင်စပက်တာ။

အင်စပက်တာခရစ်ပင်သည် ခပ်လှမ်းလှမ်းတစ်နေရာရှိ ထုံးဖြူများ သုတ်ထားသော မြေစိုက်အိမ်လေးကို ကြည့်ပြီးခေါင်းညိတ်ပြသည်။

"အနီတာရဲ့ အိမ်တွင်းပုန်းကွမ်းယာဆိုင်ဘဲ အင်စပက်တာ"

"ဒီမှာ ကိုမြဒင် အနီတာက တော်တော်လှသလားဗျ"

"ဒီမှာ အင်စပက်တာ ဥမ္မာဒန္တီမြင်လို့ သီဗိဘုရင်ကြီး ရူးသွားတာ ခင်ဗျားသိတယ်မဟုတ်လား။ ခင်ဗျားလည်း သတိထားဦးနော်"

ဟားဗျာ ကျွန်တော်က သိထားရအောင်မေးတာပါ။ ကျွန်တော့်မှာ မိန်းမရှိတာ၊ ခင်ဗျားသာ လူပျိုဗျ။

"နောက်တာပါဗျာ စိတ်မရှိပါနဲ့"

"ဒါထက် ကိုမြဒင်"

"ပြော အင်စပက်တာ။

"အခြေအနေကိုကြည့်ရတာ ငြိမ်ချက်သားကောင်းလှချည့်လား"

"အချိန်မကျသေးလို့ပါ" ဟုပြောပြီး မြဒင်သည် လက်မှနာရီကို ကြည့်လိုက်သည်။

ညဥ့် (၇)နာရီ (၁၉း၀၀)

ဒီမှာအင်စပက်တာ ညဥ့် (၇)နာရီရှိပြီဗျ၊ ကျွန်တော် အရင်သွားနှင့်မယ်၊ ခဏကြာရင် ခင်ဗျားတို့ လိုက်ခဲ့ကြ။

ကောင်းပါပြီ ကိုမြဒင်။

ဤတွင်...

မြဒင်သည် (၅၀)ဝင် သံဘူးထဲမှ ဗိုလ်ိစီးကရက်ကို နှိုက်ယူ၍ မီးညှိလိုက်ပြီးနောက် မလှမ်းမကမ်းရှိ အနီတာတို့ အိမ်တွင်းပုန်းကွမ်းရာဆိုင်သို့ ထွက်ခဲ့ပါတော့သည်။

◆ ◆ ◆

အခန်း (၇)

<u>အထူးချည်သည်</u>

"အနီတာက ခင်ဗျားကို အထူးချည်သည် အနေနဲ့ ကပြအသုံးတော်ခံမှာပါဗျာ"

ခါတိုင်းဆိုလျှင် ယခုလိုအချိန်မျိုးတွင် အိမ်တွင်းပုန်းကွမ်းယာသည်မလေး အနီတာသည် ဂျာနား××ပနား ×× ဂျာနား×



www.burmeseclassic.com

www.burmeseclassic.com

×ပနား× ×ဂျာဂျာ ဟု သီချင်းကိုတီးဆို၍ ဖေါက်သည်များကို ကပြလေ့ရှိသည်။

ယခု ထိုသို့မဟုတ်၊ တိတ်ဆိတ်လွန်းသည်။ ဘာအကြောင်းများ ရှိပါလိမ့်။

ဖေါက်သည်များ ရောက်မလာသေး၍လား?

မဖြစ်နိုင်ပါ။

ညဥ့် (၇)နာရီရှိပြီ။

အလွတ်စုံထောက်မြဒင်သည် ထိုအတွေးနှင့် ပိတ်ထားသောတံခါးကို အသာအယာဖွင့်လိုက်သည်။

"ကျွီ"

တံခါးက အလိုက်သင့်ပွင့်သွား၏။

မြဒင်သည် ပိုလိုစီးကရက်ကို ဖွာလိုက်ပြီး အတွင်းသို့ကြည့်လိုက်သည်။

ပုဏ္ဏားအောင်မောင်းကို တွေ့ရသည်။ သူသည် အခန့်သားထိုင်နေသည်။

တစ်ချိန်ကဆိုလျှင် ပုဏ္ဏားအောင်မောင်းသည် ပွဲထိန်းရန်အတွက် စက္ကူရစ်ပါ ဓားချွန်ကို ခါးတွင်ထိုးထားလေ့ရှိသည်။ သို့မဟုတ် စားပွဲတွင် စိုက်ထားလေ့ရှိသည်။

ယခု ထိုသို့မဟုတ် တစ်မူထူးနေသည်။

ဘာအကြံအစည်များ ပုဏ္ဏားအောင်မောင်းတွင် ရှိနေပါလိမ့်။

မြဒင်မမှုပါ။

မြဒင်သည် အလွတ်စုံထောက်မဟုတ်ပါလား။

မြဒင်သည် ပုဏ္ဏားအောင်မောင်းအား အပြုံးနှင့် နှုတ်ဆက်ရာမှ ပြောလိုက်သည်။

"ဒီနေ့ ဆိုင်ပိတ်လို့လား ကိုအောင်မောင်း"

"အထူးဧည့်သည်အတွက် လူရှင်းထားတယ်"

"အထူးဧည့်သည်ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"ခင်ဗျားကို ပြောတာပါ ကိုမြဒင်"

ဒါဆို ကျွန်တော်ဝင်ခဲ့မယ်"ဟု ပြောပြီး အတွင်းသို့ ဝင်လိုက်ပြီး ကုလားထိုင်ခုံတွင် မြဒင်ဝင်ထိုင်လိုက်သည်။

"ခင်ဗျားလာမယ်ဆိုတာ သိလို့ ဧည့်သည်တွေကို ရှင်းထားပါတယ်"ဟု ပုဏ္ဏားအောင်မောင်းက ပြောသည်။

"ကျွန်တော်လာမယ်ဆိုတာ ခင်ဗျားက ဘယ်လိုလုပ်သိနေတာလဲ"

ကျွန်တော် ပုဏ္ဏားအောင်မောင်းလေ ဟဲ··ဟဲ။

"ဆိုစမ်းပါဦး"

"မနေ့ညဥ့် ခင်ဗျားလာသွားတယ် မဟုတ်လား ကိုမြဒင်" ဟု ပုဏ္ဏားအောင်မောင်းကဆိုသည်။

မြဒင် ဘာမှပြန်မပြောဘဲ ပိုလိုစီးကရက်ကိုသာ ဖွာလိုက်သည်။

"ဒီမှာကိုမြဒင် ခင်ဗျားလဲကန်တော်လေသား။ ကျွန်တော်လဲ ကန်တော်လေးသားပါဗျ ဟဲ··ဟဲ"

မနေ့ညဥ့်က ထိုစကားကို ပုဏ္ဏားအောင်မောင်းပြောစဥ်ကပင် မြဒင်သဘောပေါက်ပြီးဖြစ်သည်။ သို့သော်လည်း မြဒင်သည် မသိကျိုးကျွံပြုလျက် ပုဏ္ဏားအောင်မောင်းကို ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ ဒါပေမဲ့ အခုလို ဧည့်သည်တွေ ရှင်းထားတယ်ဆိုတော့ ခင်ဗျားတို့အတွက် ဝင်ငွေတွေလျော့သွားမှာပေါ့"

မလိုပါဘူး ကိုမြဒင်၊ ခင်ဗျားက ကျွန်တော်တို့အတွက် ပိုပြီးအရေးကြီးပါတယ်။

"ဒီမှာ ကိုအောင်မောင်း စေတနာထားပြီး ပြုရတယ်ဆိုရင် အဆိပ်ဆိုတာ သိပေမယ့် သုံးဆောင်ရတယ်ဗျ"

"ကွမ်းယာထဲ အဆိပ်ခပ်ကျွေးမယ်လို့ ခင်ဗျားတင်လို့လား ကိုမြဒင်"

"ဒါက ခင်ဗျားတို့ ကိစ္စပါ"

စိတ်ချပါဗျာ၊ ကျွန်တော်က ခင်ဗျားကို အဆိပ်ခပ်မကျွေးပါဘူးဗျ။ အနီတာက ခင်ဗျားကို အထူးဧည့်သည်အနေနဲ့ ကပြအသုံးတော်ခံမှာပါ။

ကောင်းတာပေါ့ဗျာ၊ အနီတာရဲ့ စေတနာကိုလဲ သိရတာပေါ့။

ဒီလိုဆို ဧည့်ခံပွဲစရအောင်ဟု ပုဏ္ဏားကဆို၍ အတွင်းခန်းမှ အနီတာကို လှမ်းခေါ်လိုက်ပါတော့သည်။

◆ ◆ ◆

အခန်း (၈)

<u>သက်မဲ့သက်သေ</u>

"အနီတာကို ကျွန်တော်က ဘာလက်ဆောင်ပြုတယ်ဆိုရင် ဒီစီးကရက်ပြာခွက်လေးက နှိုင်းယှဉ်စရာ ရှိပါ့မလား အနီတာ"

အနီတာသည် လှိုက်လှဲစွာ ကွမ်းယာပန်းကန်ကိုကိုင်ပြီး ထွက်လာသည်



www.burmeseclassic.com

www.burmeseclassic.com

မြဖင်သည် သောက်လက်စ စီးကရက်ကို အနီးရှိဆေးလိပ်ခွက်ထဲ နှစ်၍ ထိုးချေလိုက်သည်။

နောက် • •သံဘူးထဲမှ ပိုလိုစီးက ရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိလိုက်သည်။

အနီတာသည် ကွမ်းယာပန်းလေးကိုမြောက်ပြပြီး မြဖင်အား ပြုံးပြသည်။

သူမ၏အပြုံးထဲတွင် လျှို့ဝှက်ချက် တွေရောပြွန်းနေသည်ကို မြဖင် သတိပြုမိသော်လည်း မြဖင်သည် အနီတာအား ပွင့်လင်းသော အပြုံးများနှင့် တုံ့ပြန်လိုက်သည်။

ပုဏ္ဏားအောင်မောင်းသည် အနီတာအား မျက်စပြစ်ပြပြီး ချွဲချွဲပစ်ပစ် ပြောသည်၊

"အနီတာရေ ညှိသည်တော် အလွတ်စုံထောက်ကြီး ကိုမြဖင်ကို ထုံးစံအတိုင်း ဧည့်ခံလိုက်ပါကွယ် ဟဲ••ဟဲ"

ဂျာနား××ပနား ×× ဂျားနား× ×ပနား× ×ဂျာဂျာ

အနီတာသည် သီချင်းကိုဆိုပြီး လည်တိုင်ကြော့ကြော့လေးကို ယိမ်းထိုး၍လည်းကောင်း၊ ရင်သားမို့မို့ကို လှုပ်ရှား၍လည်းကောင်း၊ တင်သားအိအိလေးကို ခါရမ်း၍လည်းကောင်း မြဖင်ကိုကပြ အသုံးတော်ခံသည်။

ဂျာနား××ပနား ×× ဂျားနား× ×ပနား× ×ဂျာဂျာ

"ဝှမ်း• • ချလွှင်• •ချလွှင်"

အနီတာသည် ကနေရာမှ လက်ထဲက ကြေးပန်းလေးကို လွှတ်ချလိုက်သည်၊

ကွမ်းယာလေးများ ကြမ်းခင်းတွင် ပြန့်ကျဲသွားသည်။ ထိုမှ တဆက်တည်း အနီတာသည် အသံကုန်ဟစ်၍အော်သည်။

"ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ"

အနီတာသည် ကျယ်ကျယ်လောင်လောင်အော်နေရာမှ သူ၏ဆာရီကို ဆုတ်ဖြဲဖြစ်သည်။

အနီတာ၏ အော်ဟစ်အကူအညီ တောင်းမှုကြောင့် ပတ်ဝန်းကျင်မှလူများ ရောက်ရှိလာကြသည်။

စီးဝါးရိုက်ထားသူများဟု မြဖင်ခံစားလိုက်သည်။

ထိုစဉ် အင်စပက်တာခရစ်ပင်နှင့် ပုလိပ်သားသုံးယောက် ဧည့်ခန်းထဲသို့ ဝင်လာကြသည်။

မြဖင်သည် မည်သူ့ကိုမျှ အရေးမထားဘဲ ပိုလိုစီးကရက်ကိုသာ ဖွာနေသည်။

ပုဏ္ဏားအောင်မောင်းသည် အင်စပက်တော် ခရစ်ပင်ကိုတွေ့လျှင် မြဖင်အားလက်ညှိုးထိုး၍ ပြောသည်။

အလွတ်စုံထောက် မြဖင်က ကျွန်တော့်တူမလေး အနီတာကို မကောင်းကြံစည်နေပါတယ်။ အင်စပက်တာကြီးဟု ဦးစွာဆိုသည်။

ကျွန်ုပ်မကို ကြည့်ပါဦးဟုဆို၍ အနီတာသည် ဆုတ်ဖြဲထားသော ဆာရီစများနှင့် ရင်မို့မို့ပေါ်မှ ဖရိုဖရဲဖြစ်နေသော ဇာဘော်လီအင်္ကျီကိုပြသည်။

အချိန်မှီ ကျွန်တော်တို့ရောက်လာလို့ပေါ့ဗျာ၊ နို့မဟုတ်ရင် အနီတာမလွယ်ဘူးဟု စီးဝါးရိုက်ထားသူသဲမှတစ်ယောက်ကဆိုသည်။

အင်စပက်တာ ခရစ်ပင်သည် မြဖင်အား စိမ်းစိမ်းကြည့်ပြီးပြောသည်။

"အခုလို ကျွန်တော်တို့ကို ခုတုံးလုပ်တာတော့ မကောင်းဘူး ကိုမြဖင်၊ အခုကိစ္စ မင်းကြီးသိသွားရင် ခင်ဗျားကို ခွင့်လွှတ်မှာမဟုတ်ဘူးဗျ"

မြဖင်သည် ဘာမှပြန်မပြောဘဲ ပိုလိုစီးကရက်လေးကိုသာ ဖွာနေသည်။

"ဟုတ်ပါတယ် အင်စပက်တာကြီး၊ ဒီအလွတ်စုံထောက်ကို လက်ထိပ်ခတ်ပါ" ဟု ပုဏ္ဏားအောင်မောင်းက ဝင်လုံးသည်။

"ဟုတ်ပါတယ်ရှင် သူ့ကို ဖမ်းကြပါ"ဟု အနီတာကဆိုသည်။

"ဒီမှာ ကိုမြဖင်၊ ခင်ဗျားနဲ့ ကျွန်တော်ရင်းနှီးတယ်ဆိုပေမဲ့ အခုလို ကျွန်တော်တို့ Police ပုလိပ်အဖွဲ့ရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်လုပ်တာတော့ ကျွန်တော်ခွင့်မလွှတ်နိုင်ဘူး"

မြဖင်သည် အင်စပက်တာ ခရစ်ပင်အား မည်သို့မျှ မတုန့်ပြန်ဘဲ ပိုလိုစီးကရက်ကိုသာ ဖွာနေသည်။

ဘယ်လိုလဲ ကိုမြဖင်ဟု အင်စပက်တာခရစ်ပင်က မာမာတင်းတင်းဆိုသည်။

မြဖင်သည် လက်ထဲတွင် အသာအယာကိုင်ထားသော ပိုလိုစီးကရက်လေးကိုကြည့်လိုက်ပြီး အင်စပက်တာ



www.burmeseclassic.com

www.burmeseclassic.com

ခရစ်ပင်ကို အပြုံးလေးနှင့် ပြောလိုက်သည်။

ဒီမှာ အင်စပက်တာ ခင်ဗျားက အင်စပက်တာ တစ်ယောက်ဖြစ်ပြီး တော်တော်ညံ့တာပဲဗျ။

"ဘာပြောတယ် ကိုမြဒင်"

"ကျွန်တော်ရှင်းပြပါရစေ အင်စပက်တာ"

"ကဲ..ပြော"

"ခင်ဗျားလို C.I.D မှာ အဆင့်မြင့် သင်တန်းတွေ တက်ထားတဲ့ အင်စပက်တာတစ်ယောက်က တရားခံတွေရဲ့ စကားကို နားယောင်နေလို့ပါ"

"ဘယ် လိုဗျ"

"အင်စပက်တာကို တစ်ခုမေးမယ်"

"ရပါတယ် ကိုမြဒင်"

သက်ရှိ သက်သေနဲ့ သက်မဲ့သက်သေ ဘယ်ဟာက ပိုပြီး ခိုင်လုံသလဲဗျ"

"အတူတူပါပဲဗျာ"

မတူပါဘူးဟု အင်စပက်တာ ခရစ်ပင်ကို မြဒင်ပြန်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ ဆိုစမ်းပါဦး"

"သက်ရှိ သက်သေတွေရဲ့ ထွက်ဆိုချက်တွေမှာ မှန်တာတွေ ရှိသလို မှားတာတွေကိုလဲ ထွက်ဆိုကြလို့ပါ"

အင်စပက်တာ ခရစ်ပင် ငြိမ်သွားသည်။

"ဒီထက်ဆိုးတာက သက်ရှိသက်သေတွေဟာ လိမ်ညာထွက်ဆိုကြလို့ဗျ"

"အင်း"

"သက်မဲ့သက်သေကတော့ လိမ်ညာပြီး မထွက်ဆိုဘူးဗျ။ အရှိကိုအရှိအတိုင်းဘဲသက်သေခံတယ်"

ဤအခါတွင်မှ အင်စပက်တာ ခရစ်ပင်သည် မြဒင်အား ငြင်းချက်မထုတ်တော့ပါ။

"ဒီတော့ဗျာ၊ ကျွန်တော့်အပေါ်မှာ လုပ်ကြံစွပ်စွဲချက်တွေကို သက်ရှိသက်သေနဲ့ ဆုံးဖြတ်မှာလား။ သက်မဲ့သက်သေနဲ့ ဆုံးဖြတ်မှာလား ပြောပါအင်စပက်တာ"

"ခင်ဗျားပြောသလိုပဲ၊ သက်မဲ့သက်သေကတော့ ပိုပြီးတော့ ခိုင်လုံမယ်ထင်ပါတယ်"

"ဒါဆို ကျွန်တော့်လက်ထဲက ပိုလီစီးကရက်လေးကို ကြည့်စမ်းပါ"

"ပိုလီစီးကရက်လေ အဲဒါအစမ်းလား"

ဒီမှာ သေသေချာချာကြည့်ပါဦးဟု မြဒင်ဆိုလိုက်သောကြောင့် အင်စပက်တာခရစ်ပင်သည် မြဒင်လက်ထဲမှ ပိုလီစီးကရက်လေးကို စူးစူးစိုက်စိုက်ကြည့်သည်။

"ပြာအတောင်နဲ့ စီးကရက်လေးကို မြင်တယ်မဟုတ်လား"

"ခင်ဗျားပြောမှဘဲ ကျွန်တော်သတိပြုမိတော့တယ် ကိုမြဒင်"

တကယ်လို့ သူတို့ပြောသလို အနီတာကို ကျွန်တော်က ဘလက်ကာယ ပြုတယ်ဆိုရင် ဒီစီးကရက်ပြာတောင့်လေးက အခုလို နဂိုမူလအတိုင်း ရှိပါ့မလား။ အင်စပက်တာ။

အင်စပက်တာ ခရစ်ပင်သည် မြဒင်အား ပါးစပ်အဟောင်းသားနှင့်သာ ကြည့်သည်။

"ဒီတော့ဗျာ၊ ကျွန်တော့်ကို အသရေဖျက်မှုနဲ့ သူတို့ကို အရေး ယူပေးပါ"

အင်စပက်တာ ခရစ်ပင်သည် မြဒင်အား တလေးတစားနှင့် ခေါင်း ညိတ်ပြသည်။

"အခုလို ကျွန်တော်ဖွင့်တဲ့အမှုကို လက်ခံတဲ့အတွက် အင်စပက်တာကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကိုမြဒင်၊ အမှုက ပေါ်နေပြီ မဟုတ်လား"

"နောက်ပြီးတော့ ခင်ဗျားနဲ့ ခင်ဗျားရဲ့ ပုလိပ်သားတွေက ကျွန်တော် ဘက်က သက်သေလိုက်ရလိမ့်မယ် နော်"

"စိတ်ချပါ ကိုမြဒင်"

ထို့နောက်တော့...

အလွှတ်စုံထောက် မြဒင်သည် လက်ထဲတွင် အသာအယာကိုင်ထား သော ပြာအတောင့်နှင့် ပိုလီစီးကရက် လေးကို အခန်းတွင်းရှိ လူအားလုံး ထင်သာမြင်သာရှိအောင် ထောင်ပြ လိုက်ပါတော့သည်။

ဇော်မော်လင်



www.burmeseclassic.com

www.burmeseclassic.com

# မှောင်ခိုကလေးအရောင်းအဝယ်အလုပ် ကြီးထွားနေသည်





မလေးရှားနိုင်ငံတွင် မှောင်ခိုကလေးများ အရောင်းအဝယ်အလုပ်ကို လုပ်သူများတွင် ဆရာဝန်တစ်ယောက်နှင့် အမျိုးသားမှတ်ပုံတင်ဌာနမှ ဝန်ထမ်းတစ်ယောက်သည် ဖမ်းဆီးရမိခဲ့သော လူပေါင်း ၃၃ ယောက်ထဲတွင် ပါဝင်နေသည်ဟု မလေးရှားရဲတပ်ဖွဲ့မှ အရာရှိတစ်ယောက်က ပြောဆိုလိုက်၏။ မလေးရှားရဲတပ်ဖွဲ့ဝင်များသည် အဆိုပါ မှောင်ခိုကလေးအရောင်းအဝယ် ပြုလုပ်သူများ၏ လက်ထဲမှ အသက် နှစ်လသားနှင့် ရှစ်နှစ်အရွယ် ကလေးကိုးယောက်ကိုလည်း ကယ်တင်နိုင်ခဲ့၏။ ရဲတို့၏ စစ်ဆေးချက်အရ ထိုကလေးများမှာ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဘင်္ဂလားဒေ့ရှ်ကလေးများ ဖြစ်ကြပြီး ၎င်းတို့ကို ကလေးမရသော လင်မယားများအား ရင်းဂစ် ၁၈,၀၀၀ နှင့် ၃၀,၀၀၀ နှုန်းဖြင့် (ကလေးတစ်ယောက်ကို) ရောင်းချခဲ့သည်ဟု သိရသည်။

ထို့အပြင် ရဲတို့သည် ထိုဂိုဏ်းသားများထံမှ ဟန်းဖုန်း ၁၉ လုံး၊ ကား ၂ စီး၊ အထောက်အထားကတ်ပြား ၁၈ ခု၊ မွေးလက်မှတ် ၁၄ ခုနှင့် ငွေရင်းဂစ် ၁၅,၀၀၀ ကိုလည်း သိမ်းဆည်းရမိခဲ့၏။ အဆိုပါ ဒုစရိုက်ဂိုဏ်းသားများထဲတွင် ကျားရော မ,ပါ ပါရှိပြီး သူတို့၏အသက်များမှာ ၂၃ နှစ်နှင့် ၆၂ နှစ် အကြား ရှိကြသည်။ အဓိကဂိုဏ်းခေါင်းဆောင်မှာ အသက် ၅၀ နှစ်အရွယ် အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ထိုဂိုဏ်းသည် ၂၀၀၉ ခုနှစ်ကတည်းက မလေးရှားတွင် စတင်လှုပ်ရှားသည်ဟု ရဲအရာရှိကြီးတစ်ယောက်က ပြောသည်။

မလေးရှားတို့သည် ၂၀၁၂၊ ဒီဇင်ဘာလတွင် မလေးရှားရောက် ပြည်ပနိုင်ငံခြားသူတစ်ဦးက ၎င်း၏ ရက် ၄၀ သားကလေးကို ရင်းဂစ် ၄,၃၀၀ ဖြင့် ရောင်းစားလိုက်သည်ဟု သတင်းရသည်မှအစပြု၍ အထူးရဲတပ်ဖွဲ့ဝင် ၂၅ ယောက်ဖြင့် ထိုမှောင်ခိုဂိုဏ်းကို ခြေရာခံခဲ့ခြင်းဖြစ်သည်။

ရောင်းစားထားခြင်းခံရသော ကလေးများကို ရဲတပ်ဖွဲ့က အကာအကွယ်ပေးထားလျက်ရှိ၏။ ကလေးမှောင်ခိုဂိုဏ်းသားများသည် မလေးရှားနိုင်ငံတွင်းသို့ ရောက်လာပြီး ငွေကြေးချို့တဲ့ပြီး ဒုက္ခရောက်နေကြသော နိုင်ငံခြားမှ အိမ်ထောင်မဲ့ ကိုယ်ဝန်သည်များကို နောက်ယောင်ခံ၍ မွေးလာသော ကလေးများကို ရောင်းရန် သိမ်းသွင်းလေ့ရှိကြ၏။ တရုတ်စုံတွဲများ၊ မလေးစုံတွဲများနှင့် အိန္ဒိယစုံတွဲများက ဝယ်ယူလေ့ရှိကြ၏။

မလေးရှားတွင် ကလေးအရောင်းအဝယ်အလုပ်ကို ကျူးလွန်သူများအား ထောင်ဒဏ် ၃ နှစ်မှ အနှစ် ၂၀ အထိ အပြစ်ပေးနိုင်၏။

မလေးရှားနိုင်ငံ၌ပင် အသက ၆၀ နှစ်အရွယ်ရှိ မြေး ၃၀ ယောက်ရှိသော အမျိုးသမီးကြီးတစ်ယောက်ကို အသက် ၅ လသားကလေး သုံးယောက်ကို မှောင်ခိုရောင်းစားမှုဖြင့် မလေးရှားတရားရုံးတစ်ရုံးမှ သူမကို ထောင်ဒဏ် ၁၄ နှစ်နှင့် ဒဏ်ငွေရင်း ၆၃၀,၀၀၀ ပြစ်ဒဏ်ချမှတ်လိုက်၏။ လင်ကီယန်ဝပ်ဟု အမည်ရှိသော ထိုအမျိုးသမီးကြီးသည် ၎င်းပြစ်မှုများကို ၂၀၀၉၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်းက ကျူးလွန်ခဲ့၏။

**မြသိန်း**

*Star- 25.1.2013*



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# တတိယမျက်လုံး

ဝေဒီကို

ကိုကိုမောင်ရဲ့အတွေးမှာ အရာရာ ပြီးဆုံးသွားခဲ့ပြီဟု မှတ်ယူထား၏။ ပါးမို့သွားသော ပြက္ခဒိန်စာရွက်တွေက စုမျှားဆို အရွက်ရှစ်ဆယ်မက ကုန်ဆုံးသွားတော့ ဘာကိုမျှလည်း ကမ်းတမ်းတတ မျှော်လင့်မနေ။

ဟုတ်တယ်။

အသက်ရှူပြီး လှုပ်ရှားသွား နေလို့ရယ်။ နှလုံးသွေးခုန်နေဆဲမို့သာ လူဘဝရှင်သန်နေပေသည်။ အာရုံစာတိတွေ့ခြင်းကိုသာ အားပြုနေရသလို၊ ချုပ်ချွတ်သံကို နားစွင့်နေရတဲ့ အမှောင်ထဲမှာ ကိုကိုမောင်တစ်ယောက် အသက်ရှင်လျက် ဘဝသေနေသည်နှင့် မခြားတော့။ နာကျင်မှုတွေက သိပ်သိပ်သည်းသည်း ဖြစ်လာမှတော့လည်း ကိုကိုမောင်နှလုံးသည်ကား အောစက်မာတောင့်လို့နေသည်သာ။

ပြီးခဲ့တာတွေ ပြီးပါစေတော့ရယ်လို့ သင်ပုန်းချေ လိုက်ချင်တော့၏။ အသစ်တစ်ဖန်ပြန်ပြီး မရှင်သန်လို၊ နံဘေးနံဘီက အလီလီပြောကြတဲ့ အသံဗလံတွေကိုလည်း မကြားချင်မကြားဝံ့တော့။ တွက်ကြည့်လိုက်တော့ ခုနစ်နှစ်တောင်ကြာခဲ့ပြီပါပကော။ ကိုကိုမောင် မျက်လုံးနှစ်ဖက်ကွယ်ခဲ့ရတာ အဲဒီလောက်ပဲနော်။

"ဒိုင်သူကိုယ်စီရှိပြီးလား ဘယမှာ
တို့နှစ်ယောက် ခေါ်ရဲသလား။
တို့နှစ်ယောက် ခေါ်သင့်သလား။
ဆုပ်လဲရှုးတာလဲ့ အခြေအနေမှာ
အားလုံး×× မျှော်×× သင်ရာ××
ဆိုင်းပစ်လိုက်ချင်တယ်"

ရောင်ခြည်ဆိုင်ထဲကနေပြီး ရှုးရှုးရှရှ ရှိလှတဲ့ နိုင်ငံရဲ့တေးသွားများ နားစည်မှာလာခနေတော့ ကိုကိုမောင့်ရင်ထဲမှာရှူးအောင့် နာကျင်လာမိသလိုပင်။ သေသောသူ ကြာရင်မေ့တဲ့လား။

ကိုကိုမောင်က ခုသေမှုမသေခဲ့တာဥစ္စာ။

အသက်ရှိနေသရွေ့ ဘယ်မှာအရာခပ်သိမ်း မေ့နိုင်စွမ်းပမလဲလေ။

"မောင်ရင်က သည်လိုကျတော့လည်းအတော်ဟုတ်သကိုး" ကိုကိုမောင်သည် ငေးငေးဆဆနှင့်ပင် ဂစ်တာကလေးအသာ တေးချပြီး

"ဆရာရယ် ကျွန်တော် ကိုယ်တိုင်ရေးတဲ့ဂီချင်းတွေ တစ်ခွေစာ အကြမ်းထည် လုပ်လက်စရှိပြီးသားပါ။ အခုတောလည်း ရေစုန်မှာ မျှောလိုက်ပါပြီ" နှမ်းလျှလျှ ခွေးခွေးမြွေ မြေဆို၏။

ကိုကိုမောင်ကို ကြည့်ရသည်မှာ မိတ်ထဲမှာမကောင်း။ လောကကို အရှုံးပေးလိုက်ပြီလား။ လူဆိုတာ အသက်ရှင်နေသမျှ ဘာလုပတ်လုံး လှုပ်ရှားရန်ကန်နေကြရသည်ပင်။ ဘယ်လိုပဲဖြစ်ဖြစ် အမှန်တရားဆိုတာက နှစ်ခုရှိမနေဘတ်တာ မေ့နေသလား။ ဘာမှာ ဘယ်သောအခါမှ တစ်သမတ်တည်း သွားနေတာမျိုးမှ မဟုတ်တာရယ်။



www.burmeseclassic.com

www.burmeseclassic.com

အချိုး၊ အကွေး၊ အလှည့်အပြောင်းတွေ တသီကြီးနဲ့ပါကိုကို မောင်။

"ပြောလို့သာ ပြောရတယ်။ အမှု အခင်းတွေမှာ တိုင်ကြတောကြတဲ့အခါ "လူမြင်ရင် မှတ်မိလား"ဆိုတဲ့စကားစုက ကိုကိုမောင် အတွက်မတော့ ဘယ်နဲ့ လုပ်ပြီး ပြောနိုင်မှာမှတ်လို့။ ရေမှာတင် ထီးထီးတည်းကြီး ရှိနေကြတဲ့ ဆရာ နှင်းဆောင်ကိုတောင် ဖြူသလား၊ မည်း သလား၊မဝေခွဲနိုင်။

"ဆရာတို့ ရောက်လာကြတော့ ကျွန်တော်အတော်လေးကို ပျော်တယ် ဆရာ။ ပြီး အားလည်း အရမ်းတက်မိပါ တယ်။ တစ်ယောက်တည်း အထီးကျန် အမှောင်ထဲမှာ ဆရာတို့အပေါ် အားကိုး သမှု ပြချင်တာအမှန်ပါ။ ပြန်မပြော ရင်တော့ ပြောချင်ပါတယ်ဆရာ။ အစ ကတော့ မေ့မေ့ပျောက်ပျောက်ပဲ ထား လိုက်နေပြီလေ"

ဆရာနှင်းဆောင်က ကိုကိုမောင် တည်ခင်းထားတဲ့ရေနွေးကြမ်းခပ်နွေးနွေး ကို တစ်ငုံမျှငုံလိုက်ပြီး မပြောပလောက် တဲ့ အပြုံးတစ် ချက်ယုက်သွားလေ၏။

ဒါကိုတော့၊ ကိုကိုမောင် တွေ့နိုင် မြင်နိုင် မည်မဟုတ်ပါ။

◆ ◆ ◆

ကိုကိုမောင်ရဲ့ခနီးဖြစ်သူ မဖြူသင်း က အင်္ဂလိပ်တန်းပြ ကျောင်းဆရာမ တစ်ဦးဖြစ်တာမို့ အထက်တန်းကျောင်း တစ်ခုမှာ တာဝန်ထမ်း နေသူရယ်။ ဒါ့မို့ ကြောင့်လည်း ကျောင်းအုပ်ဆရာကြီး ဦးဝေဠုနဲ့ အလုပ်သဘောအရကော လူမှုရေးအရ လူပုဂ္ဂိုလ်ခင်မင်ရင်းနှီးပြီး အဝင်အထွက် အသွားအလာ ရှိခဲ့ကြ ၏။

ဆို့၊ မဖြူသင်းရော၊ ကိုကိုမောင် တို့က ဆရာကြီးဆီ မကြာခဏဆိုသလို အလည်အပတ် သွားတတ်စမြဲ။ ဆရာ ကြီးအနေနဲ့ အသက်(၅၀)နီးနီးရှိပြီး ဖြူဖြူ၊ ပိန်ပိန်ရှည်ရှည်မှာ ထူထဲတဲ့ ပါဝါ မျက်မှန်ကြောင့်လား မဆိုနိုင်၊ ရိုသင့်သောအရွယ်ထက်ပို၍ပင် ရင့်ရော် နေသယောင်ဖြစ်ပေသိ။ ဆရာကြီးရဲ့ ဇနီး ဆံရာကြီးကတော်ကဖြင့် ဆရာကြီး ထက် အသက်(၂၀)ခန့် ငယ်ကာ ကျော့ရှင်း၏။ ထည်ဝင့်၏။ ရွှန်းလဲ့၏။ တက်ကြွလန်းဆန်း၏။ ပြည့်ဖြိုး ချင်ဝေ သောအချိုးအဆစ်များကဆရာကတော် ဒေါ်ခင်မမ၏ အလှကို တောက်ပ စေသည်သာ။

"ပါးပြင်မှာ သနပ်ခါးလေးနဲ့×× ချစ်စရာ ကောင်းလိုက်တာကွာ××× ရိုးရိုးလေးမင်းရဲ့ မျက်နှာ ××× ကမ္ဘာ ကျော်တောင်မှီမယ်××× မထင်ဘူး ကွာ×××"

ကိုကိုမောင်က အတီးအခတ်တွင် သာ ပိုင်နိုင်ကျွမ်းကျင်သည်မဟုတ် အဆိုအဟဲ၊ အဆွဲအငင်များက ငြိမ့်ငြိမ့် အေးအေးပင်၊ကျောက်ဆောင်၊ ကျောက် တုံးတွေခမှာ တသွင်သွင်စီးနေတဲ့ ရေစီး ကလေးရိုက်ချက်တွေကို အရှည်အကြာ ကြီး တောင့်မခံနိုင်ကြရိုး မှတ်လား။ ထိတစ်လှည့်၊ တို့တစ်ခါ တိုက်ပွတ်လာ ပြန်တော့လည်း သည်ငုတ်ကလေ "မနဲ့" ခံနိုင်ပါ့မလားလေ။ ကိုကိုမော ဂစ်တာကောက်ကိုင်လိုက်ပြီး ရည်လျ သွဲ့ ပျောင်းပျောင်း၊ လက်ချောင်းကလေ တွေက ဂစ်တာကြိုးကလေးများပေါ်တွ ပြေးလွှားဆော့ကစားနေ၏။ တိတ်ဆိ ငြိမ်သက်မှုက ခြံဝင်းတစ်ဝင်းလုံး လွှမ်းခြုံထားသည်။ သွတ်လတ်ဖျ လတ်မှုအပြည့်ရှိသော လေသ ပြင်းရှရှ ပူနေသောနေကို ကျော်ခွလ သမို့ နွေးထွေးထွေး အိုက်စပ်စပ် သာ။ တိုးတိတ်ညင်သာသော တေးသွ ကလေး ခြံဝင်းအတွင်းရှိ တိုက်အိမ် တွင် ငြိမ့်ငြိမ့်ကလေးရယ်။

"လူတွေကို××× မဆိုထားနဲ့××× နှိမ့်ကျတဲ့××× တီရစ္ဆာန်တောင်××× အတူတူနေလာတာ××× ကြာရင်××× သံယောဇဉ်ဆိုတဲ့ ကြိုး××× ချည်နှော မိတယ်××××

စဉ်းစားပြီး ××× ဖြေပါဦး ××× နောက်ဆုံး စကားမဖြစ်စေနဲ့ ××× အတွယ်အတာဆိုတာ×××× လွယ်လွယ် ဖြတ်လို့မရဘူး ××× ချစ်ကလေ ရယ် ×××"

ဒေါ်ခင်မိမိတစ်ယောက်မှာ သံစ တေးသွားလေးကိုလိုက်ရင်းက မှေးစ နေသော မျက်ဝန်းကလေးနှင့် နှ ယောက်ထိုင်ဆက်တီ ခုံပေါ်တွင် ကို မောင်၏ ပခုံးထက်စောင်းငဲ့လို့ နေသည် သာ။ သည်လို နွေလယ်ခင်းဆိုတ ဆရာကြီးလည်း ကျောင်းမှာရှိသ ကိုကိုမောင်ရဲ့ မဖြူသင်းလည်း



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားလေးတွေကို စာပြနေပြီမို့ ဒေါ်ခင်မမနေအိမ်ခြံဝင်းက လူသူကင်းလှသလို ကိုကိုမောင်လည်း အိမ်မှာ တေးရေးချင်ရေး နေနိုင်သော်လည်း အခုများမှာတော့

"ကြိုးချင်းထားလို့ ကြိုးချင်းငြိတဲ့ သဘောများလားကွယ်။ တို့နှစ်ယောက်လည်း တုန်နေအောင် ချစ်မိပြီနော်××"

တအိအိနဲ့ထိ၊ တတိတိနဲ့ ရှိလာတဲ့နှောင်းမှာတော့၊ ထုရယ်ထည်ရယ် ဖြစ်စပျိုးလာချိန် ဒေါ်ခင်မမအဖို့၊ ပျိုးပျိုးလာခြင်းက သိသာထင်ရှားလာစေမယ့် သတိပေး ခေါင်းလောင်းတီး ခတ်သံတွေ တချွမ်ချွမ်၊ တလွင်လွင် ဖြစ်လာပြီဆိုမှ ကိုကိုမောင်က အသွားအလာ အဝင်အထွက် တစ်စထက်တစ်စ လျော့ပါးကျဲပါးလာ၏။ ဆင်ဆင်ခြင်ခြင်ဖြစ်လာ၏။ အစာကြျူးတဲ့ ပျားပိတုန်း အစာဝသွားပြီလားကွယ်။ လေစိမ်းစိမ်းလေးတွေ သွေးနေပါပေါ့။ ဘယ်လို အချိုးတွေများ ချိုးလေသရော့။

"ရှင်ကျွန်မကို ကြိုးရှည်ရှည်နဲ့ လှန်ထားတာလား။ အဲဒီကြိုးပြတ်တဲ့နေ့ကျရင် ရှင်သေပြီသာမှတ်" လို့ရေးထားတဲ့ စာလွှာက . . .

ရာဇသံလား၊ စိန်ခေါ်လိုက်တာလား၊ ခြိမ်းခြောက်နေတာလား တစ်ခုခုတော့ ဖြစ်စေနိုင်တဲ့ "စာ"ကလေး ဖြစ်တန်ရာရှိသမို့ကြောင့်ထင့် ကိုကိုမောင်အဖို့ မီးဝေးတဲ့ချိပ်နယ် ဖြစ်သထက်ဖြစ်လာပြီးမဝေးခင်ကပင် ပြေးနှင့်တော့၏။

◆ ◆ ◆

ကိုကိုမောင်က ညင်သာပျော့ပျောင်းတဲ့ လေသံကလေးနှင့် နင့်နင့်သီးသီးရှိစွာ ပြောဆိုနေတာတွေကို ဆရာနှင်းဆောင်နဲ့ တပည့်ဖြစ်တဲ့ ဘချမ်းကလည်း တမေ့တမောကြီး နားထောင်နေမိ၏။ သည်နယ်ဖြစ်လာစေဖို့အတွက် ဘချစ်ပယောဂလည်း မကင်းပါ။ နို့ ဘချစ်ဆိုတာလည်း ဂီတာရူးဆိုတော့ ကိုကိုမောင်နဲ့ အပေးအယူ သဟဇာတတည့်သွားရင်းကပင် ရင်းနှီးအားထားပြုလာတော့ မျက်စိအလင်းမဲ့နေတဲ့ ကိုကိုမောင်ရဲ့ဘဝဇာတ်ကြောင်းလေးကို ဆရာနှင်းဆောင်တို့ သိလိုက်ခြင်းပင်ဖြစ်သည်သာ။

အေးစက်စက်ဖြစ်နေတဲ့ ရေနွေးကြမ်း တစ်ခွက်ကို ဆရာနှင်းဆောင်က တဘာရိတ်တည်း သောက်ချပြီး ယုဇနလက်ဖက်သုတ်က တည်းသီးပါထည့်သုပ်ထားတော့ ဆရာနှင်းဆောင်အဖို့တော့ ချေမနဲ့ ပဲခင်းတွေ့သည့်နှယ်။ လက်ဖက်သုပ်ကို တစ်ဇွန်းမြှုပ်လိုက်၊ ခပ်အေးအေး ရေနွေးကြမ်းလေးသောက်လိုက်နှင့်

"ကဲကွာ . . လုပ်စမ်းပါဦး . . မင်းရဲ့အဖြစ် သနစ်က စိတ်ဝင်စားစရာကောင်းလာပြီပဲ၊ ဆက်ပြောကွာ"

ကိုကိုမောင် ပြန်မပြောချင်တော့တဲ့ကိစ္စ။ အခုတော့လည်း ရင်ထဲမှာ ဘယ့်နှယ်၊ ဘယ့်နှယ်ကြောင့် ပြန်ပြောဖြစ်နေသည်ကို မသိတတ်။ ဆရာနှင်းဆောင်နဲ့ဘချစ်တို့ကို ပြောနေမြဲ၏။

ကိုကိုမောင်မောင် တစ်ယောက် မမြင်ရတဲ့ ပြတင်းပေါက်ကို ကျော့သားရနေသလားပဲ၊ မျှော်ငေးငေး မေးကလေး မော့ကြည့်ရင်းက

"ဆရာရယ် . . . ကျွန်တော်နဲ့ ဒေါ်ခင်မမ ခပ်စိမ်းစိမ်း၊ ခပ်ခွာခွာ ဖြစ်နေတဲ့အချိန်တွေမှာ ကျောင်းအုပ်ဆရာကြီးဦးဝေဠုက မိုင်းရှူးပြောင်းသွားတယ်လေ။ သည်အခါမယ် သူတို့နေတဲ့ တိုက်ကိုလည်း ပိတ်ထားခဲ့ပြီး၊ ကျွန်တော်နဲ့လည်း အဆက်အသွယ်မရှိတော့ပါဘူး"

"ဆရာနှင်းဆောင်အဖို့ သည်နေရာ၌ ဘုတ်ပိတ်ဖြစ်နေပြန်ပါကရော။ ဘချစ်ခမျာလည်း ခေါင်းလေးတကုတ်ကုတ်ဖြစ်ကရောပဲ၊ သည်တစ်ကျင်းမရရင် နောက်တစ်ကျင်းပေါ့နော်။

"အေးပေါ့လေကွာ။ မောင်ရင့်အဖြစ်ကလည်းနော် ဒါနဲ့စကားမစပ် မောင်ရင့်မျက်နှာ အက်စစ်နဲ့ ပက်တဲ့သူကိုသိလား" ဆိုပြန်တော့ ကိုကိုမောင်ခမျာ မော့ထားတဲ့ မေးကလေးကို ဆတ်ခနဲ ချိုးချလိုက်ပြီး ပြည်ညင်းလေးတွဲ့ တွဲ့ယမ်းခါကာ

"ဆရာရယ် . . . ကျွန်တော့်ကို အက်ဆစ်နဲ့ ပက်တဲ့လူက ကျွန်တော် ပန်းခြံစောင့်တဲလေးမှာ တစ်ယောက်တည်း အသံလေ့ကျင့်ခန်းကို လေ့ကျင့်နေတာလေ။ ကျွန်တော်ရပ်ပြီး အော်နေတဲ့နေရာရဲ့ နောက်ဖက်ကရွက်ခြောက်ကြွေတောရှိတယ်လေဆရာ။ အဲ . . . ကျွန်တော်ရဲ့ ရှေ့တည့်တည့်က ခရေ



www.burmeseclassic.com

www.burmeseclassic.com

ပင်ကြီး အောက်မှာက အရပ်ပုပု နှစ်ဆယ်အစိတ် လောက်ရှိမယ့် မိန်းမ တစ်ယောက်က ကြွေနေတဲ့ခရေပွင့် လေးတွေ ကောက်ရင်းကောက် ရင်း ကျွန်တော့်ဆီကို ကြည့်ကြည့်နေတာကို တော့ သတိထားမိပါတယ်။ သည်မှာ ကျွန်တော့်နောက်ကနေ ရွက်ကြွေတွေ ပေါ် ခြေနင်းနေတဲ့အသံ တချွတ်ချွတ်နဲ့ ကြားနေပါတယ်။ အသံတွေက ဝေးဝေး သွားတာမျိုးမဟုတ်ဘဲ တဖြည်းဖြည်း နီးနီးလာတယ်ဆရာ။ ကျွန်တော့် အနား ရောက်တော့ ရုတ်တရက်ရပ်သွားတယ်။ ကျွန်တော့်ရှေ့မှာရှိတဲ့ ခရေပွင့်ကောက် နေတဲ့မိန်းမက ဆတ်ကနဲထပြေးသွား ရော၊ ကျွန်တော်လဲ ဘာပါလိမ့်ဆိုပြီး နောက်လှည့်ကြည့်လိုက်တော့ အဲသည် ကျွန်တော့် နောက်ကလူက ရုတ်ခြည်း ဆိုသလိုပဲ အက်ဆစ်ရည်နဲ့ မျက်နှာ တည့်တည့်ကို ပက်ချလိုက်တော့တာ ပါပဲ ဆရာရယ်။ အရပ်ကတော့ ကျွန် တော့်လောက်ပဲ ရှိမယ်ထင်တာပဲ ဆရာရယ်။ အရပ်ကတော့ ကျွန်တော့် လောက်ပဲရှိမယ် ထင်တာပဲဆရာ။ အသက်လည်း၊ အဲ့ဒီလောက်ထင်ပါ ရဲ့။ ဖျတ်ခနဲဆိုတော့ ဆရာရယ် မျက်နှာအနေထားက မျက်နှာရှည်ပါပဲ။ အသားအရောင် သိပ်ပြီးမမှတ်မိ တော့ဘူး။ ခပ်လတ်လတ်ပဲဖြစ်မှာပါ။ ကျွန်တော်နဲ့မသိတဲ့ လူဆိုတာကတော့ အသေအချာမှန်းမိတယ်။ ရန်ငြိုးတွေ ဘာတွေဖြစ်ရအောင်ကလည်း တစ်ခါမှ မှ ကျွန်တော်နဲ့လည်း ထိတွေ့ဆက်ဆံ ခဲ့ဖူးတာမျိုးမရှိလေတော့ ဘာကြောင့် များလုပ်တာလည်း ဆိုတာကိုတော့ စဉ်းစားလို့မရပါဘူး။ အခုလောက်ထိ ကြာလာခဲ့ပြီဆိုတော့လည်း ကျွန်တော့် မှာရှေးရှေးက ဝဋ်ကြွေးရှိခဲ့ဖူးလို့ပဲ မှတ်ပါ တယ်။"

ကိုကိုမောင်ခမျာ အတော်အတန် ပန်း၊ လွှလွှဖြစ်သွားသည့်နယ်၊ မတ်နေ သောခန္ဓာ ကိုယ်ကချည့်နဲ့သွားပြီး သကာလပျက်စီးနေပြီဖြစ်တဲ့ မျက်ကြည် လွှာကြားဆီက မျက်ရည်စက်တို့မှာ နှာခေါင်းရိုးရင်းနားကနေ တဒီဒီပြုဆင်း နေပုံကို ဆရာနှင်းဆောင် ကောင်း ကောင်းသတိထားမိလိုက်တယ်။

"အင်း မောင်ရင်အဖြစ် ကလည်း နော်။ ဒါနဲ့နေပါဦး၊ ခုနက မောင်ရင် ကိုယ့်ကို ပြောသွားတုန်းက မောင်ရင့် အသံကျင့်နေတဲ့ ရှေ့က မိန်းကလေး ထပြေးသွားတယ်လို့ ပြောတယ်နော်၊ ပြီးတော့ မောင်ရင့်ကိုလည်းကြည့်ကြည့် နေတယ်ဆိုတော့ရင် သူ့ရုပ်ပုံကလည်း နည်းနည်းမှတ်မိနိုင်သလောက် အသေး စိတ်ကလေး ပြောကြည့်စမ်းပါကွား ကဲ ကဲ‥ ဒါတပည့်ကြီးဘချစ် သူပြောတဲ့ အနေ့အထားလေးတွေ မင်းလက်မှုမိမြို ပုံကြမ်းခြစ် ကြည့်စမ်းကွာ၊ ရုပ်ကလေး နည်းနည်းလောက် ခမ်းမိလိုက်နိုင်ရင် ငါတို့များ အစအနလောက် ဖော်နိုင် မလားနော့" ဆိုလိုက်တော့ကား ဘချစ် က ပါလာတဲ့ သားရေလက်ဆွဲအိတ် မည်းမည်းကြီးထဲက အေဖိုးတော်ငီ စာရွက်ထုပ်ကို ထုတ်လိုက်ပြီး ခဲချွန်

လေးငါးရွက်ကို ဖိုင်ဘာလောက်မိ‥ ကလစ်ကြားညှပ်ရန် ပုံဆွဲခံတံ ဘီဗိုး‥ ယူကာခဲတံချွန်အားနှင့် ခဲတံကိုခဲသ‥ အသေအချာဖြစ်အောင် ချွန်ထု‥ လိုက်လေ ・

"ဟုတ်ကဲ့ဆရာ ・ ・ အဲဒီမိန်း‥ အရပ်က အနေတော်ကလေးကို ပု‥ မျက်နှာ ဝိုင်းဝိုင်း။ မျက်ခုံးပြူးစပ်စပ်‥ နှာတံကလေးက နာဖျားသီးခပ်မှ‥ နှာရိုးသိပ်မပေါ်လှပါဘူး။ ဆံပင်ကတော‥ ရင် ဖြောင့်တယ်ဆရာ၊ နဖူးအလယ‥ တည့်တည့်ကနေ နှစ်ဖက်ခွဲထားလိုက်‥ အုပ်လုံးသိမ်းထားတယ်၊ နောက်‥ အောက်ခြေနားလောက်က ဆံပင်ကြ‥ စည်းကဲ့ဘိုး ‥လေး စည်းချထားတ‥ ပခုံးစပ်နားအောက်ထိ သူ့ဆံပင်‥ ရှည်တယ်ဆရာ။ နားရွက်ခပ်သေးသေ‥ ခပ်ကပ်ကပ်ရယ်၊ မေးစေ့လုံးလုံး‥ လည်တိုင်တိုတိုသား။ ဖသားညိုတ‥ ဆရာ။ အရပ်ပုတော့၊ ခန္ဓာကိုယ‥ လုံးဝိုင်းဝိုင်းကလေးပေါ့နော့"

ဘချစ်လည်း ကိုကိုမောင် ပြော‥ သမျှကို ခဲတံသစ်ချောင်းနဲ့ တ‥ မြဲမြဲပေါ်မယ် ပြေးလွှားရေးကျ‥ လိုက်တာ ဆယ်မိနစ် မကောင်မျ‥ ပုကွသော၊ မျက်နှာဝိုင်းကလေးပ‥ ရှိတဲ့ အမျိုးသမီးတစ်ဦးရဲ့ ရုပ်ပုံလွှာ‥ တဖြည်းဖြည်း ပေါ်လွင်လွင်ဖြစ်လ‥ တော့၏။

"အေးနော်။ ဘချစ် မင်းဆွဲထ‥ တဲ့ပုံ ဟုတ်တယ်မဟုတ်ဘူး ပြကြည့်‥ အောင်လည်း မောင်ရင်တာ ဘယ်နှ‥



www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါ့မလဲ။ ထားပါလေ။ ကိစ္စတော့ မရှိပါဘူး။ ဘချစ်ရေ မင်းရဲ့ပုံကလေး သိမ်းထားလိုက်ဦးနော်" လို့ ဆရာနှင်းဆောင်က ပြောလိုက်တဲ့အခါမှာ ဘချစ်က ဆွဲပြီးသားပုံကြမ်းကလေးကို သားရေအိတ်ထဲ အသာအယာ ပြန်ထည့်ထားလိုက်တော့တယ်။

"ကဲပါ။ မောင်ရင်ရယ်၊ ဘာမှ အားငယ်မနေပါနဲ့ ကိုယ်တို့လည်း အတတ်နိုင်ဆုံးတော့ ကူညီပေးပါ့မယ်၊ ဟုတ်ပြီလား။ မောင်ရင်လည်း အနားယူလိုက်တော့၊ ကိုယ်တို့လည်း ပြန်လိုက်ဦးမယ်နော့"

"ဟုတ်ကဲ့ပါဆရာ။ ခုများမှာ ဆရာတို့ကို အားကိုးမိပါတယ်ဆရာ . . မပြန်သေးရင်တော့ ထပ်လာခဲ့ကြပါဦး"

"ဘချစ်ရေ ကိုကိုမောင်ကိစ္စ မင်းဘယ်လိုထင်မိလဲကွ" ဆရာနှင်းဆောင်က သူတို့နှစ်ယောက်နေသော အိမ်ရောက်ပြီး မနက်ခင်းက ချက်ထားနှင့်သော ကြက်ဥကြော်နဲ့ ပဲကြီးဆူးပုတ်ဟင်းရည်ကိုခပ်၍ ထမင်းပွဲပြင်နေသော ဘချစ်ကို ပက်လက် ကုလားထိုင် တွင် ဆေးတံတစ်အိုး ဆေးဖြည့်နေရင်းက လှမ်းမေးလိုက်၏။

"ကျွန်တော့် အထင်ကတော့ ကိုကိုမောင် ကို အက်ဆစ်နဲ့ ပက်တဲ့သူကိုမြင်လိုက်ရတဲ့ ခရေပန်းကောက်နေတဲ့ မိန်းမကိုရှာတွေ့ရင်တော့ ဟန်ကျလိမ့်မယ်ထင်တာပဲ"

ဆရာနှင်းဆောင်က ဆေးအိုး မီးညှိလိုက်ရင်း "မင်းပြောတာ ဟုတ်တော့ ဟုတ်တာပေါ့ကွာ။ ဒါပေသိ တစ်ခုရှိတာက အဲဒီ မိန်းမဘယ်သူလဲဆိုတာ မသိရသေးဘူး။ နောက်တစ်ခုက အဲဒီ မိန်းမကိုသိရပြီဆိုရင်တောင် ကိုကိုမောင်ကသူဟုတ်တယ်။ မဟုတ်လို့ မပြောနိုင်တော့ဘူးမှတ်လား။ ဒါကြောင့်မို့လည်း သည်လောက်နှစ်တွေကြာလာတာတောင် လက်သည်ဖော်လို့မရတာ ဖြစ်နေတာပဲမှတ်လားကွာ"

တစ်ချက်မျှ ရှိက်ဖွာထားသော ဆေးခိုးများကို ဆေးတံအိုးခဲလျက်နှင့်ပင် မှုတ်ထုတ်လိုက်၏။ မွှေးမြှုံမြှုံ မြူခိုးတန်းကလေးတွေလို လေထဲမှာ ဝေ့ဝေ့ဝိုက်ဝိုက် ပြန့်ထွက်လာတော့တယ်။

"အင်း . . ဆရာပြောသလို အခက်ကတော့ ကြုံနေဦးမှာပဲဆရာ။ ကဲ.. ဆရာ.. ထမင်းပွဲ အဆင့်သင့်ဖြစ်နေပြီ ထမင်းစားရင်း ဆက်စဉ်းစားကြတာပေါ့လာ"

ဆရာနှင်းဆောင် စဉ်းစိမ်ခံတွေးရာက ဖြတ်လိုက်ပြီး ဘချစ်ပြင်ဆင်ထားသော ထမင်းဝိုင်းရှိရာသို့ သလာတော့၏။

"ဘချစ်-မနေ့က လက်ကျန်လေး ရှိသေးတယ်မှတ်လား။ နှစ်ပက်လောက်ထည့်ကွာ စားကောင်းသောက်ကောင်းတွေးလို့ကောင်း တာပေါ့"

"ဟုတ်ကဲ့၊ ဆရာ့အတော သိပြီးသားပါ။ ကျွန်တော်အဆင်သင့် ထည့်ထားပါတယ်.. အမြည်းရော၊ ဟင်းရော ကတော့ ကြက်ဥကြော်ပဲဆရာ . ."

ဟုဆိုလိုက်သော် ဆရာနှင်းဆောင်က ပြုံးစိစိ မျက်နှာပေးနဲ့ ထမင်းစားပွဲပေါ် ရှိပြီး ဝီစကီနှစ်ပက်ထည့်ထားသော ဖန်ခွက်ထဲ ရေအခန့်သင့်လောက် ထည့်ပြီး ငွတ်ကနဲ ကျိုက်ချပြီးမှ ထမင်းဝိုင်းတွင် ထိုင်ချ လိုက်တော့၏။

"ဟား . . . ဟား . . . ဘချစ်ရာ အဆန်းလုပ်လို့"

◆ ◆ ◆

ဆရာနှင်းဆောင်တို့ နှစ်ယောက်သား ကျောင်းအုပ်ဆရာကြီး ဦးဝေမျှ နေခဲ့သော တိုက်ရှိရာ ပတ်ဝန်းကျင် တစ်ဝိုက် လျှောက်ကြည့်ကြ၏။

တိုက်ကလေးသည် တစ်ထပ်တိုက် သပ် သပ်ရပ်ရပ်နှင့်သား။ ခြံဝင်းနှင့်ဆိုတော့ အထဲမယ် သရက်ပင်သုံးပင်၊ ကစ်မီကွစ်အပင်၊ ပိန်းပင်တွေနှင့် အလှစိုက်ပန်းပင်များ ရှင်သန်စိုပြေနေသည်ကို ဆရာနှင်းဆောင်တွက်မိလိုက်သည်ကား သည်ခြံဝင်းကို ထိန်းသိမ်းစောင့်ရှောက်နေသူများရှိကြမယ်ဆိုတာသိ၏။

ခြံဝင်းအပြင် တောင်ဘက်ခြမ်းတွင် ထရံကာအိမ်ကလေး တစ်လုံးကိုတွေ့ရ၏။ ထိုအိမ်တွင်ကား လင်မယားနှစ်ဦးသာရှိကြပြီး အိမ်နီးနားချင်းများ အနေဖြင့် ယောကျ်ားလုပ်သူက ကူညီပေးနေတာပါလို့ဆို၏။

တင်မောင်စန်းနဲ့ မော်မော်တို့ လင်မယားဖြစ်ပြီး တင်မောင်စန်းက ဆရာကြီးကျောင်းတွင် ညစောင့်ဝန်ထမ်းလုပ်ခဲ့သည်တဲ့လေ။ ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

တို့ လင်မယားကလည်း မိုင်းရှူးကနေ မကြာခဏဆိုသလို ပြန်ပြန်လာတတ်ပြီး ခြံဝင်းကို ကြည့်လေ့ရှိတာကိုး။ ဒါအပြင် ဆရာကြီးက သည်ဇာတိသား။ ဆရာကြီးရဲ့ ညီအစ်ကိုမောင်နှမတွေလည်း ရှိကြသေးဆိုပဲ။ သူတို့တွေက တခြားရပ်ကွက်မှာ နေကြတယ်ဆိုတော့ သူတို့တွေထဲမှာ ညီလုပ်သူ တင်ထွေးကလည်း သည်ခြံဝင်းကို မကြာခဏဆိုသလိုလာပြီး ခြံရှင်းပေးတတ်သေးတာမို့ အလုစိုက် ပန်းပင် ရှင်သန်နေကြတာကိုး။

ဆရာကြီးတိုက်ခြံဝင်း မြောက်ဘက်ခြမ်းမယ်တော့ အနောက်ဘက်လယ် ကွက်တွေဆီသွားတဲ့ မြေနီလမ်းကျန်းဆင်းလျှောလေး သွယ်သွယ်ဆင်းသွားပြီးရင် မကျည်းပင်အို ကြီးကတော့ အုပ်အုပ်ဆိုင်းဆိုင်းနှင့်သာ။ အဲသည့်မန်းကျည်းပင်ကြီးအခြေက မြေတလင်းပြောင်နေပြီးတော့ လူဆယ့်လေးငါးယောက်လောက် မိုးကလေး၊ လေကလေးခိုလို့ ရအောင်လုပ်ထားတဲ့ တစ်ဖက်ရပ်တဲတစ်တဲမှာကပါ ကာပျဉ်တွေနဲ့ အခင်းလုပ်ထားတဲ့ ဘတ်(စ်)ကားဂိတ်တွေမယ် လူစောင့်လို့ရအောင် လုပ်ထားသလိုမျိုး ခုံတန်းလေးက သုံးဖက်သုံးတန် ပတ်ချာလည်ရိုက်ထားတယ်လေ။ အဲသည်တဲလေးမှာ လယ်သွားပြီး ကောက်စိုက်၊ ပျိုးနုတ်လုပ်ကြတဲ့ ကောက်စိုက် သမတို့စားကျက်ချကြတယ်။ ဆရာနှင်းဆောင်တို့နှစ်ယောက်သား အဲသည်ခုံတန်းရှိတဲ့ တဲလေးဆီခဏတစ်ဖြုတ် ဝင်ထိုင်ရင်းက ဆေးတံတစ်အိုး မီးထိုးဖွာကာ အနောက်ဖက်ဆီမျှော်လိုက်ရင် စိမ်းဝါနေတဲ့ စပါးခင်းတွေက မျက်စိတစ်ဆုံးပါကလားလေ။

"ထွန်းစိန် ညည်းကြား ပြီပြီးလားအေ"

"ဘာရယ်တော်" ထွေးစိန်က ခေါင်းမှာ ပေါင်းခြုံထားတဲ့ ပုဆိုးကိုဖြုတ်လိုက်ပြီး စိုသက်နေတဲ့ ချွေးသီးစတွေကို သုတ်ရင်းက တဲကလေးရှိ ခုံတန်းရှည်ပေါ်ထိုင်ချလိုက်မှ ယုမော် က ထွေးစိန်နံ့ ဘေးမယ် ယှဉ်ထိုင်လိုက်ပြီး

"သည်လိုတော်။အပုမတစ်ယောက် ခဲ့ပေါက်လို့ဆိုပြီး အခုများမယ် အိမ်သစ်ကလေးနဲ့ဘာနဲ့ဖြစ်နေပေါ့" ခပ်ကျယ်ကျယ်လေးဟစ်လိုက်တာ နောက်ကလိုက်လာကြတဲ့ ဒေါ်ပြုံးတို့ တစ်သိုက်ကလည်း ကြားလိုက်တာကိုး။

"ဟုတ်လားဟေ- ယုမော် , . တို့များကြတော့ ပါပါချိန်းလို့လွဲ၊ ဝမ်းချိန်းမို့မတိုက်နဲ့၊ ဟန်ကိုမကျနိုင်ပအေ"

ပြောပြောဆိုဆိုနဲ့ပဲ ဒေါ်ပြုံးတို့လေးဦး တစ်သိုက်လည်း ယုမော်တို့နဲ့ထောင့်ချိုးဖက် ခုံတန်းဝင်ထိုင် နားကြပြန်၏။ တစ်စတစ်စ ကောက်စိုက်သမခြောက်ယောက်မကတော့ ရှစ်ယောက်လောက်ထိ ဖြစ်လာနေသည်ကို ဆရာနှင်းဆောင်ဆေးတံအိုးခဲရင်း စူးစူးကလေး ကြည့်နေသည်ကိုပင် အလေးမမူမိကြပါ။

ဆရာနှင်းဆောင်က ဒေါ်ပြုံးနားဆီသွားကာ "အစ်မကြီး-ခုနက-ပြောတဲ့ အပုမဆိုတာ နာမည်ရင်းကို ပြော... လားဗျာ" ဒေါ်ပြုံးက ဆရာနှင်းဆောင်... စူးစမ်းတဲ့ မျက်ကြည့်လေး ဝင့်လိုက်...

"ဟုတ်ရချေပါဘူးတော်၊ အဲဒီမိန်း... အရပ်က ပုနေလို့ အပြောင်အပျ... ခေါ်ကြတာရယ်ပါ" ပြန်ဖြေတော...

"မပြုံးရင်သဲအစ်မကြီးရယ် သူနာမည်... အရင်းကိုရော မသိဘူးလားဗျာ" ... ဆရာနှင်းဆောင်က ဆေးတံအိုးကလေ... မောက်ခေါက်ကာ နောက်ထပ် ဆေး... သိပ်ရင်း ထပ်မေးတော့ ထွေးစိန်... ဆတ်ကနဲ

"ဘကြီး၊ အပု မနာမည်ရင်း... မော်မော် ပါ၊ ဘကြီးတို့က သည်... ဟုတ်ဟန်မတူပါဘူး ဘာအကြောင်း... ရှိလို့ အပုမကို မေးရတာလဲဟင်..." မျက်ပေကလပ်ကလေးလုပ်ရင်း လှ... မေးလိုက်၏။

"ဘကြီးက အပုမရဲ့ဘကြီးလေ... အဆက် သွယ်ပြတ်နေတာကြာ လှ... တော့ လူများနေ မှာစိုးလို့ပါ၊ ငါ့တူမ... ရဲ့ ပန်းချီပုံကလေးက သည်မှာလေ... ပြောပြီး ဘချစ်ဆီကခဲပုံကြမ်း စာရွ... ကလေး ထုတ်ပြလိုက်၏။

အဲသည်အခါမယ် ယုမော်က...

"ဟုတ်ပတော်။ အဲသ... အပုမရဲ့ပုံပ ဘကြီးရာ"

"ဟုတ်လား။ ကျေးဇူးတင်လို... တာကွယ်၊ ဘယ်အကြိမ်ကထွက်... ဂဏန်းနဲ့ပေါက်သွားတာလဲ၊ လုပ်... ပါဦး ငါ့တူမကြီးက နှံ့နှံ့စပ်စပ် ရှိသ... ဆိုတော့ ယုမော်က ရှက်ပြီးက...



www.burmeseclassic.com

www.burmeseclassic.com

များတောင်ယုက်လို့ . . .

"အပ်ိ . . . ဟိုဘကြီးရာ ( )ကြိမ်က( )ဂဏန်းလေးပ၊ တစ်ထောင်ကွက် ဖဲ့ပဲ။ ဘိုးတော်မင်းမင်း ပေးတဲ့ ဂဏန်းလေ၊ မှန်လိုက်ချက်။ ကျုပ်တို့ဂဏန်းရရဲ့သားနဲ့ မထိုးလိုက်မိတာ နာလိုက်ချက်"

ဆရာနှင်းဆောင်ရော ဘချစ်ကပါ ဟန်မဆောင်နိုင်အောင် ပြုံးလိုက်မိတော့ ယုမော်ဆိုတဲ့ကလေးမ ရှက်သွေးတွေများ ဖြာလို့နေသေးတော့သည်သာ။

◆ ◆ ◆

တစ်ရက်ထက်တစ်ရက် ကူးလာပေသိ တစ်ခုနဲ့တစ်ခုကလည်း အချိတ်အဆက်လဲမ ရသေးပါကလားလို့ ဆရာနှင်းဆောင်ခပ်ညည်း ညည်းလေးဆိုနေမိ၏။ ပြီးမှဘချစ်ကို

"တပည့်- ဘချစ်ရေ ထဦးကွာ၊ ငါတို့ ကိုကိုမောင်အိမ် သွားလည်ကြဦးစို့"

ကွပ်ပျစ်ပေါ်မယ် ဆန်းသစ်စ လကလေးနယ် ကွေးကွေးကလေး မေးစက်နေတဲ့ဘချစ် မမျှာ လူးကာလွန့်ကာနဲ့ထလာပြီး နံရံမှာ ချိတ်တွယ်ထားတဲ့ i-Maz စပို့ရှပ်အဖြူကလေး ကောက်ဝတ်လိုက်တော့၏။

"ဘချစ်ရာ- အမှန်တရားဆိုတာ မျိုးက ကြောင်ကြာကြာ ရေမငုပ်တတ်သလိုပဲမှတ်လား"

ဆရာတပည့် နှစ်ယောက်သား လမ်းလျှောက်နေရင်းက ဆရာနှင်းဆောင် က ဆေးတံဒိုးခဲရင်းပြောနေသေး။

"ဟုတ်တယ်ဆရာ။ ကျွန်တော်တို့ စိတ်ရှည်ရှည်ထားပြီး စောင့်ကြည့်ရမှာပဲ။ လူတစ်ယောက်လုံးသေပြီး သွားတာတောင် လူ့သတ်တရားခံ ရှာနိုင်ခဲ့သေးတာပဲမှတ်လား"

"အေးပေါ့ကွာ။ အဲဒါအရှိုးတွန်တယ်ဆိုမလားဘဲ တစ်ခါတစ်လေများဆို မျက်မြင် သက်သေတွေ ဘာတွေ မရှိဘဲနဲ့တောင် လူသတ်တရားခံပေါ် ခဲ့ဖူးတဲ့ ဖြစ်ပျက်ခဲ့တာတွေ နည်းပါမှုးကွာ"

စကားလေးတပြောပြော လမ်းကလေး တသွက်သွက်နှင့် လျှောက်လာရင်းက ကိုကိုမောင်တို့အိမ်ဆီကို ရောက်လာကြတော့၏။

"ဆရာတို့ . . . . လာကြပါဗျား။ ထိုင်ကြ။ ထိုင်ကြ။ ဆရာတို့ ပေါက်ချလာလိမ့်မယ်ဆိုတာ နတ်နိုးဆော်နေသလိုပဲ၊ ဒါနဲ့ ဆရာတို့လာရင် အရန်သင့် စားလို့ရအောင် ထမင်းတွေရော ဟင်းတွေပါ ကျွန်တော် ကိုယ်တိုင်ချက်ထားတယ်။ ဆရာတို့ အမဲသားစားရဲ့မှတ်လား။ အမဲသားကို အိုးကြီးချက် ချက်ထားပြီး ပဲနှပ်ထားတယ်။ ငရုတ်သီး ဆားထောင်း နဲ့ ခဏနော် ကျွန်တော်ပြင်လိုက်ဦးမယ်"

စမ်းတန်းစမ်းတန်းနဲ့ လုပ်ကိုင် နေပုံမယ် မျက်စိ နှစ်ကွင်းလင်းသည့် နယ်မို့ ဆရာနှင်းဆောင် မအံ့ဩဘဲ မနေနိုင်တော့။

"ရပါတယ် ကိုကိုမောင်ရာ မောင်ရင်က အတော်နိပ်လှသကိုး။ ဘချစ်ရာ ကူပေးလိုက်ပါဦး"

"ရပါတယ်ဆရာ၊ ဈေးဝယ်တာကတော့ မဖြူသင်း ဝယ်ပေးတာပါ။ ဟင်းစီမံပြီး နှစ်ယောက်သားပေါင်းချက်တာပါဆရာ။ ကျွန်တော်ချည်းတော့ ဘယ်လာလက်စသတ် နိုင်ပါ့မလဲ။ မဖြူသင်းလည်း ကျောင်းဆင်းပြီးလာတော့မှာပါဆရာ"

"အေးကွ။ ဟန်ကျနေသေးတော့။ အရင်တစ်ခေါက်ဝှန်းက မတွေ့ခဲ့လိုက်ရသေးဘူးနော့။ ငါတို့လဲတွေ့ချင်နေတာပဲ" ဆရာနှင်းဆောင်က ပြတင်းပေါက်ဘောင်စောင်းကလေးပေါ် လက်စွဲတော်ဆေးတံအိုးကလေး မှောက်ချရင်း ခေါက်ကာ ပြောလိုက်သေး၏။

"ဟုတ်ကဲ့ဆရာ . . .။ ဒါပေသိ ဒေါ်ခင်မမ ကိစ္စကိုတော့ သူမသိရှာလို့ အဲဒါလေးတော့" ကိုကိုမောင်စကားအဆုံးမသတ်ခင်မှာပဲ ဆရာနှင်းဆောင်က . . .

"ဟား . . . ဟား . . . ငါနားလည်ပါတယ် မောင်။ မောင်ရင်ထိခိုက်မယ့် ကိစ္စမျိုးငါတို့ မလုပ်ပါဘူးကွ။ စိတ်အေးလက်အေး နေစမ်းပါ မောင်ရင်ရာ"

ကိုကိုမောင် ရှက်ပြုံးစစနှင့်

"ဟုတ်ကဲ့ပါဆရာ။ ယုံပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ဆရာတို့ကို အားကိုးမိတာပါပဲ" ပြောရင်း ထမင်းဗိုင်းကို တပည့်ကျော်ဘချစ်နဲ့ အတူခူးခပ်ပြီး သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ-ကဲ ဆရာတို့ သုံးဆောင်လိုက်ပါဦး"

ဆရာနှင်းဆောင်က ဆေးတံအိုးခဲရင်းနှင့်ပင် အိုးဖင်ကလေးကို လက်မနှံ့ လက်ညှိုးကြားညှပ်ထားပြီး

"ကိုကိုမောင် . . ငါတို့လည်း မဆာသေးပါဘူး။ မရှုးပါဘူးကွာ စောင့်လက်စနဲ့ မောင်ညို အမျိုးသမီးကျောင်းလည်း ဆင်းလာတော့မယ့် အတူတူ သူလာမှပဲ ငါတို့တစ်ဝိုင်းတည်း စားလိုက်ကြရအောင်လား။ တစ်ဒေါင့်လောက်နေရင် လာမယ့်ဥစ္စာကွာ"

ဆိုလိုက်တော့ ဘချစ်က ကိုကိုမောင်ကို လက်တို့လိုက်ပြီး နံရံအောထောင်ထားတဲ့ ဂစ်တာအိုကလေးကို ကြီးညှိကာ ကိုကိုမောင် လက်ထဲ အသာအယာ ထိုးထည့်ပေးလိုက်တော့ ကိုကိုမောင်ပြုံးပြီး ဂစ်တာကိုင်လိုက်၏။

"လူတကာတွေ ပျော်နေချိန်မှာ×××× လူ တကာတွေမြူး×× နေချိန်မှာ××× ငါ့ဘဝကတော့လေ×××× သည်အမှောင်ထုအောက်မှာ××× ကျနေပြီပဲ××× စိတ်ညစ်မိတယ်××× ပျော်မရွှင်ခဲ့တယ်×××× ငါ့ဘဝ တစ်လျှောက်မှာလေ×××× ရင်နာမိတယ်×·××× ငါ့ ဘဝဟာလေ×××××" လွမ်းမောဆွတ်ပျံ့နေတဲ့ ကိုကိုမောင် သီဟာစ်သံ စည်ဝေလာတော့၏။

ကိုကိုမောင်ရဲ့ တေးအဆုံးမှာတော့ ထမင်းပြင်ထားတဲ့ နံရံထက်က တိုင်ကပ်နာရီကလည်း ရှူးရှူးရှရှတဲ့ သံစဉ်လေးတွေ လွင့်လာရာ . . .

"ဟော ဆရာ . . . ပြောရင်းဆိုရင်းပဲ- ဖြူလေးပြန်လာပြီဆရာ"

ကိုကိုမောင်ရဲ့ အမြင်စက္ခုအာရုံက အကြားသောတ အာရုံပေါ်မှာ သက်ရောက်နေသည်ကို ဆရာနှင်းဆောင် အကဲခတ်ရလိုက် တော့သည်သာ။

အိမ်တံခါးဝမှာ အင်္ကျီအဖြူ လက်ရှည်၊ ထဘီစိမ်းနှင့်သွယ်လျလျဖြူသောအသွေး လွှမ်းပြီး ထူထဲမျက်ခုံး သွယ်ဆင်းနေတဲ့ နှာတံနှင့်ဝင်းလက်လက်မျက်ဝန်းတို့ကို ပျော့ပျောင်း နက်မှောင်နေသည့် ဆံနွယ်တို့က ပိပြားသပ်ရပ်စွာ ဖုံးနေသောကြောင့် ကျက်သရေရှိလှသော ဆရာမလေး မဖြူသင်းက ကြိမ်ခြင်းက လေးတစ်ဖက်ဆွဲလျက် ညင်သာစွာဝင်ချလာ၏။

"အဲ . : ကိုမောင် ညှိသည်တွေရောက်နေတာလား"၊

"ဟုတ်တယ် ဖြူလေး ဟိုတစ်လောဆီက ကိုမောင်ပြောနေတဲ့ ဆရာနှင်းဆောင်နဲ့ ကိုဘချစ်တို့လေ၊ သူတို့ကို ထမင်းကျွေးမလို့။ ဖြူလေး လာမှပဲ တစ်ဝိုင်းတည်း စားကြမယ်ဆိုပြီး စောင့်နေတာလေ"

ဆရာမလေး မဖြူသင်းက ခေါင်းကလေး တစ်ချက်ငုံ့လျှိုလိုက်ပြီး

"အိုး . . ဆရာတို့က အားနာစရာ။ စား နှင့်လိုက်ရောပေါ့။ ဆရာတို့စားနှင့်ပါလား။ ကျွန်မအဝတ်အစား လဲလိုက်ပါဦးမယ်။

မစောင့်ကြပါနဲ့ ဆရာရယ်"

"ရတယ်၊ ငါ့တူမကြီး။ လုပ်စရာရှိတာလုပ်ပါ။ အဝတ်အစား လဲလိုက် ပါလေ"

ဆရာမလေး မဖြူသင်းလည်း အိပ်ခန်းဆီကို ဇာခန်းဆီးလေးလှပ်တဲ့ပြီးဝင်ချသွား၏။ တစ်ဒေါင့်ကြာတော့ ဘလောက်(စ်)အင်္ကျီ ပွင့်စိတ်ကလေးနှင့် စိန်ဖော့ရှုံ့ အ...ကြီးကြီး ထဘီလဲပြီး ဆံပင်တွေကိုဖြေချကာ ပြန်ထွက်လာရင်း ထမင်းဝိုင်းဆီ ရောက်လာ၏။

"သုံးဆောင်ကြပါရှင်။ ကိုမောင် ခဏခဏ ပြောပြောနေလို့ ကျွန်မ ဆရာ တို့ကို ကျကျနနလေး ညှိခံချင် နေတာပါဆရာ။ ကိုမောင် အရင်က အခုလို လန်းလန်းဆန်းဆန်းရှိ မနေဘူး ဆရာရယ်။ ဆရာတို့ရောက်လာတော့ သူ့စိတ်တွေ အားတက်နေတာမို့ ကျွန် ဖြင့် ကျေးဇူးတင်မဆုံးနိုင်အောင်ပါ ဟင်းတွေထည့်စားပါဆရာ၊ ကိုမော က မနေ့ကတည်းက ဆရာတို့လာ လိမ့်မယ်ထင်တယ်ဆိုပြီး ချက်ပြု ထားတာ၊ အံကိုက်ပဲ ဆရာရယ် ထမင်းထပ်ထည့်ပါဦး၊ အားမနာပါ ဆရာ စားကြပါ"

ဆရာနှင်းဆောင်မှာ နောက်ထ ထမင်း အနည်းငယ်မျှ ပန်းကန် ထည့်လိုက်ပြီး ပဲနပ်တစ်ငွန်းခပ်လို ပြီး စားနေတော့တယ်။

"စားပါတယ်၊ ငါ့တူမကြီး လက်ရာက အစပ်အဟပ် တည့်သ ကွယ်။ စားမြိန်လိုက်တာရယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆရာနှင်းဆောင်တို့ ဆရာတပည့် နှစ်ယောက်သားအားပါးတရစားသောက်ပြီး သဏ္ဍာလမယ် အိမ်ရှေ့ခန်းဆီ ပြန်ရောက်ပြီး- ထန်းလျက်ခဲနဲ့ ရေနွေးကြမ်းကျကျလေးသောက်ရင်း အစားဝိတ်ငြိမ့်နေကာ ဆရာနှင်းဆောင်က ဆေးတစ်အိုး ထည့်လိုက်၏။

"ငါ့တူမကြီးကို စားသောက်ပြီးကာမှပဲ အေးအေးလူလူ၊ စကားစမြီပြောကြရအောင်လား"

"ဟုတ်ကဲ့ပါရှင့်"

"အေးကွ။ တခြားတော့လည်း ဟုတ်ပါဖူးရယ်။ တူမကြီးလည်း သိနှင့်ပြီးသားပဲ ဥစ္စာ၊ တို့များကတော့ တူမကြီး သိကြားမြင်တွေ့ခဲ့ တာတွေသိချင်တာပါ။ ခါမှလည်း တို့များမယ် အသေးစိတ်အစပ် မိနိုင်ကောင်းရဲ့လေ။ မှတ်ပေဖူး လား နော့"

"ဟုတ်ကဲ့ပါဆရာ"

"ဒါဖြင့်ရင်လည်း ကိုမောင်လေး ဖြစ်ပုံလေးတွေ ပြောကြည့်ပါလား"

ဆရာမလေး မဖြူသင်းမှာ [illegible] ညို့ [illegible]ကြောင်မလေးနဲ့ ကွက်ကနဲ ပျက်တဲ့တဲ့ ဖြစ်ပြီးကာမှပဲ

"ဆရာရယ်။ ကျွန်မလည်းအဲသည်နေ့ကဆို ကျောင်းသွားဖို့ ပျက်ခဲ့ရပါတယ်။ ရုတ်ခြည်းပဲကို မောင့်မျက်နှာ အက်ဆစ်နဲ့ အပက်ခံရလို့ ပန်းခြံမှာ ရှိနေကြတဲ့ လူတွေကဝိုင်းပြီး ကူကြပါတယ်။ ကိုမောင်ခမျာ မျက်နှာကို လက်ဖါးနဲ့ အတင်းအုပ်ပြီး ကူညီကြပါဦးလို့ အော်သတဲ့လေ။ ဒါနဲ့ပဲ ဆေးရုံကိုရောက်တော့ ဒါဟာ(police case)ဖြစ်နေတာမို့ကြောင့်၊ ရုတ်ကနဲ လက်မခံရဲဘဲ ရဲစခန်းကို ဆေးစာယူပြီး ဆေးစာယူပြီးခါကျမှပဲ ဆေးရုံမှာဆေးကုသတာကို လုပ်ကြရတာပါ။ ရဲစခန်းမှာ အမှုဖွင့်တဲ့အခါ ကျွန်မကပဲ တရားလိုအဖြစ်နဲ့ တိုင်ရတော့တာလေ။ ဒါပေသိ ဆရာပဲစဉ်းစားကြည့်နော်၊ ကျွန်မကလည်း အက်ဆစ်နဲ့ပက်လိုက်တဲ့ သူကို မသိသလို၊ မြင်လည်းမမြင်လိုက်ရချေဘူး။

ဒီထက်အပက်ခံရတဲ့ ကာယကံရှင် ကိုမောင်ကလည်း မျက်လုံး နှစ်ဖက်လုံး ကွယ်ရရှာတော့ သူကလည်း လူပုံသဏ္ဌာန်ကို သိနေဦး။ ဟုတ်တယ်-မဟုတ်ဘူး။ မပြောနိုင်တော့တဲ့ အဖြစ်မျိုးမို့၊ စခန်းက စစ်ကြ၊ ကြောကြမေ မယ့်လည်း ဘယ်မလဲ၊ ဘယ်သူ၊ ဘယ်ဝါရယ်လို့ ပြောမပြနိုင်တဲ့ အခြေအနေ ဖြစ်နေတော့၊ တဖြည်းဖြည်း နှစ်တွေ ကြာလာတာနဲ့အမျှမှာ ကိုမောင် စိတ်ဓါတ်တွေ ရိုက်ချ၊ ပစ်ချလိုက်သလို ဒုံးဒုံးကျသွားတော့တာပါပဲ ဆရာ။ အခုဆရာတို့ တစ်ကျော့ပြန်ရောက်လာမှပဲ ကိုမောင်လည်း လန်းလန်းဆန်းဆန်း ဖြစ်လာတာကိုတော့ ကျွန်မ သတိထားမိပါရဲ့။ ကျေးဇူးတင်မိပါတယ် ဆရာရယ်။ တကယ်ပါ။ ကျွန်မရော ကိုမောင်ပါ ဆရာဆရာတို့ ကျေးဇူးတွေ ဘယ်တော့မှဆပ်လို့ကုန်မယ် မထင်ပါဘူး ဆရာရယ်"

ခရားရေလွှတ် ပြောနေရင်းက သိသိသာသာပင် နွမ်းချိညှိုးလျော်သွားသော မျက်နှာဖျော့ဖျော့ကလေး သို့မြင်ရသောကြောင့်ထင့် ဆရာနှင်းဆောင်လည်း မအီမသာဖြစ်နေတော့၏။

* * *

"အချစ်မင်းက ဘယ်လို သဘောရလဲကွာ လုပ်စမ်းပါဦး" "ဟာ-ဆရာရယ် ကျွန်တော်ကတော့ ကိုကိုမောင်ရဲ့ ဇနီးမဖြူသင်းဆီကတော့ သိပ်ပြီး ထူထူးခြားခြား ရလမ်းမမြင်ဘူးရယ်"

"ဒါဖြင့် ကျောင်းအုပ်ကြီးတို့နေတဲ့ အိမ်နံဘေးမှာရှိတဲ့ တင်မောင်စန်းနဲ့ မော်မော်တို့ကို ပြန်ကောက်ကြည့်ရအောင်လား"

"အဲဒါကို အဲသလို ပြောမလို့ရယ်"

"ဒါဖြင့်ရင် သည်လိုလုပ်ကြရအောင်လား"

"ဆရာက ဘယ်လိုလုပ်ချင်တာလဲ"

"မထူးဘူးကွာ။ မနက်ဖန်ကျ ငါတို့ ရဲစခန်းကို သွားပြီး၊ သူတို့လင်မယားကို စစ်ကြော ရေးဝင်ချင်တယ်လို့ ပြောပြီး အကူအညီ တောင်းမယ်ကွာ"

"ကောင်းတယ်ဆရာ။ စခန်းမယ်ဆိုသူ တို့စိတ်ကစားနေမှာပဲ"

စခန်းမှူးခမျာ တော်ရာပါတယ်။ သူတို့ ဘာတွေ အဖြစ်မရှိခဲ့တဲ့ ကိစ္စမို့ အားတက်သရော၊ စိတ်ပါလက်ပါ



www.burmeseclassic.com

www.burmeseclassic.com

"ဟင်. . . သေနာလေးက သည်လိုပဲ ပြောသလား ကောင်းတယ်။ မျက်လုံးကန်းတာ နည်းတောင်နည်းသေး။ ကျွန်မအပေါ် သည်လို ယုတ်မာခဲ့တာကြောင့် ဂလဲ့စားချေလိုက်တာလေ"

ကူညီကြရှာသယ်။ နယ်ထိန်းတပ်ဖွဲ့ဝင်တွေ၊ အမှုစစ်တွေ စစ်ဆေးမေးမြန်းကြတဲ့ ဆယ်ပေပတ်လည် အခန်းတစ်ခန်းကို ဆရာနှင်းဆောင်ရတော့သကိုး။

ဗွေဆော်ဦး မော်မော်ဆိုတဲ့ သူငယ်မကို တီးခေါက်ကြည့်တော့ ဘူးဘူးကိုခါနေတော့ပေသိ ဘချစ်ပုံကြမ်း ခြစ်ထားတဲ့ မျက်နှာပေါက်နဲ့ ထပ်ချပ်၊ မှတ်ချပ်တစ်ထပ်တည်း ဖြစ်နေတာက အံ့ရောပဲပါလား။ သင်းကဘာ ဆိုဘာမှလည်း မသိရပါဘူးဆိုတော့ ဆရာနှင်းဆောင်က မော်မော်ကို အိမ်ပြန်လွှတ် ပေးလိုက်၏။ မော်မော် စခန်းကနေ ခပ်သုတ်သုတ်ကလေး အသော့နှင်နေတဲ့ နောက်က ဆရာနှင်းဆောင်ရဲ့ တပည့်ကျော်ဘချစ် တစ်ယောက်လည်း ထပ်ချပ်မကွာလိုက်သွားသည်ကိုတော့ဖြင့် အဲသည်သူငယ်မ လုံးလုံးလျားလျား သိလိုက်ဟန် မရှိပါချေ။

တင်မောင်စန်းကိုတော့ ဆရာနှင်းဆောင် အချိန်ဆွဲပြီး စခန်းမှာ စစ်ကြောရေးဝင်နေ၏။

ဆရာနှင်းဆောင် တစ်ချက်တစ်ချက်မယ် ကွက်ကာနဲ၊ ကွက်ကာနဲ၊ ပျက်သွားတဲ့ တင်မောင်စန်းရဲ့ အရေးအကြောင်းကို သတိထားမိ၏။

သို့ကြောင့်လည်း ထပ်ချည်းတလဲလဲ မေးခွန်းတွေကို စခန်းရှိတဲ့ အမှုစစ်အရာရှိတွေကိုပါ အကူအညီတောင်းပြီး ဘရိတ်ဒေါင်း လုပ်တော့၏။

မော်မော်နောက် တကောက်ကောက်လိုက်နေတဲ့ ဘချစ်တစ်ယောက်မယ် လမ်းကြားထဲက အိမ်တစ်အိမ်ထဲ ဝင်သွားတဲ့ မော်မော်ကို တွေ့မြင်လိုက်တော့ရင် အဲသည်အိမ်က ဆရာကြီးဦးဝေဠုတို့ရဲ့ ဆွေမျိုးသားချင်းအိမ် ဖြစ်နေသည်ကို ဘချစ် တစ်ယောက်အားတက် သရောဖြစ်ကာ သိလိုက်ရတော့ ဆရာနှင်းဆောင်အဖို့မယ် ဝမ်းသခွပ်ပွင့်ထ လိုက်မိသေး။ကာရန်သင့်ရင်တော့ဖြင့် လိပ်ပတ်လည်လာဖွယ် ရာ ပင်တကား။ ရေးတေးတေးပျပျမျှအလင်းတစ်စဖြာသက်လာသည့်နယ်။ နောက်တစ်နေ့ ထပ်ပြီးမော်မော်ကို ဆရာနှင်းဆောင်က စနည်းနာ၏။

"ခလေးမ မနေ့က မင်းအိမ်ကို တန်းတန်းမတ်မတ် ပြန်ရောက်ရဲ့မှတ်လား"

ရုတ်တရက်ချက်ခြင်း မဖြေသေးဘဲ ဆရာနှင်းဆောင် နောက်တစ်ကျော့ ထပ်မေးခါမှာပဲ

"ရှင်၊ အင်း။ ကျွန်မ အိမ်ကို ရောက်ပါတယ်ဆရာ"

ဆရာနှင်းဆောင် ဝမ်းတွင်းထဲမယ် ကျုံးသွင်းရန် အသင့်ဖြစ်လာတော့၏။

"ဟုတ်ပါပြီကွယ်။ ဒါနဲ့ခလေးမရဲ့ အိမ်က သစ်သစ်ကလေးနော်၊ ဆောက်ထားတာ ဘယ်လောက်ကြာသွား ပြီလဲ" ပြုံးစစနဲ့ မော်မော်က . . .

"ဟုတ်ကဲ့ရှင်၊ ကျွန်မတို့ ချဲပေါက်လို့ ဆောက်ထားတာရယ် မကြာသေးပါဘူးရှင်"

"ဒါဖြင့်ရင်ကွယ်၊ ဘယ်အကြိမ်တုန်းကလဲ"

"(   )အကြိမ်က(   ) ဂဏန်းနဲ့ပါဆရာ"

တစ်ခုခုကတော့ဖြင့် လွဲချော်နေပြီကောလို့ ဆရာနှင်းဆောင်တွက်မိ၏။ မော်မော်ပြောတဲ့ အကြိမ်နဲ့ဂဏန်းက သိနင့်ခဲ့ပြီးဖြစ်တဲ့ အကြိမ်နဲ့ ဂဏန်းမှားနေတာမို့ကြောင့် သံသယမကင်းတဲ့ အတွေးသက်လာ၏။ ပတ်သတ်မှုတွေ တစ်ထွေကြီး ဖြစ်လာနေ ပြီဆိုတာကို ဆရာနှင်းဆောင် ခန့်မှန်းနိုင်လိုက်၏။

မော်မော်တို့လင်မယားနဲ့ ဆရာကြီးဦးဝေဠုတို့နှင့် တစ်ကြောင်းမဟုတ်တစ်ကြောင်း ပတ်သတ်နေပေမည့်ပ



www.burmeseclassic.com

www.burmeseclassic.com

ထင်၏။ ဇာတ်ကြောင်းဆက်စပ်လာနေသည်ဟုလည်း၊ တွက်၏။

သို့မို့ကြောင့်ပင် ဆရာကြီးဦးဝေဠုတို့ လင်မယားရှိရာ မိုင်းရှူးမှလာရောက်အစစ်အဆေး အမေးအမြန်းခံစေရန်အတွက်လည်း၊ ရေဒီယိုကြေးနန်းဆက်သွယ်စက်ကတစ်ဆင့် ဆက်သွယ်လိုက်တော့သည်။

များမကြာမီ။

မျှော်နေတုန်း ကျော့ဆုံးရောက်လာ၏။

ထွေလီကာလီ၊ ဘာဘာ၊ ညာညာ မသိရှာတဲ့ ဆရာကြီးဦးဝေဠု အဖို့တော့ရင် တစ်ခါတုန်းက ဒေါ်ဖြူသင်း ဆိုတာ သူ့ကျောင်းမှာ အလယ်တန်းပြဆရာမ လုပ်ခဲ့သူတစ်ဦးဖြစ်ဖူးသည် ကလွဲရင် ဘာကိုမှ ဂယနဏာမသိရှာပါလေ။ ဒေါ်ဖြူသင်း ခင်ပွန်းဖြစ်တဲ့ ကိုကိုမောင်အတွက်လည်း လွန်စွာမှပင် စိတ်မကောင်းကြီးစွာ ဖြစ်ရတဲ့အပြင် အသနားပို ကရုဏာသက် နေသေးသည်သာ။

ကာလ အတန်ကြာမျှပင် လက်သည်မပေါ်သည့် အတွက်လည်း ဆရာကြီးအနေနဲ့ မချင့်မရဲဖြစ် နေသေးတော့။

ဆရာနှင်းဆောင် တစ်ယောက် ဆေးတံအိုးကို တစ်ခေါက်ခေါက် လုပ်နေရင်းက ဆရာကြီးကတော်ဖြစ်တဲ့ ဒေါ်ခင်မမကိုတွေ့၏။ ကိုကိုမောင် ကျမယ်ဆိုကျလောက်သည့် အချိုးအဆစ် အဖုအထစ်တွေ စနစ်တကျက လေးထွင်းထုသည့် မို့ကြောင့်လည်း သည်သို့ သည်နယ်၊ အသွယ်သွယ်၊ တွယ်ယှက်ငြိလျက် ရှိကုန်သည်သာ။

လှပါပေ့၊ ဒေါ်ခင်မမ။

ရုပ်အဆင်းရူပကာ လှသည်သာမကအပြောအဆိုမှာလည်း သိမ်မွေ့ညက်ညောချို သာသောသူ ဖြစ်၏။ အဖြစ်သနစ်အခုံးကို သူနှင့်မပတ်သက်သလိုပင်သာ အေးစက်စက်၊ အတွေးခက်ခက် အဖြေတွေသက်စေ၏။

ဆရာနှင်းဆောင် နောက်ဆုံးမယ် ဒေါ်ခင်မမနှင့် တစ်ဦး ချင်းတွေ့ဆုံခဲ့ပြီး

"သည်မယ် တူမကြီးရယ်၊ ကိုကိုမောင်က ပြောပါတယ် ဒေါ်ခင်မမ ဟာ အင်မတန် ချောတယ်ဆိုတာ မှန်ပေသိ၊ ဇာကာတန်လှသတဲ့လေ။ ဟုတ်လားဗျာ"

ဒေါ်ခင်မမ၏ မျက်ဝန်းအစုံသည် တစ်မုဟုတ်ချင်းဆိုသလို စူးရှတောက်ပလာ၏။

"ဟင် . . . သေနာလေးက သည်လိုပဲ ပြောသလား ကောင်းတယ်။ မျက်လုံးကန်းတာ နည်းတောင်နည်းသေး။ ကျွန်မအပေါ် သည်လိုယုတ်မာခဲ့တာကြောင့် ဂလဲ့စားချေ လိုက်တာလေ"

ရုတ်တရက် လွှတ်ခနဲထွက်လာခဲ့တဲ့ ဒေါ်ခင်မမရဲ့ စကားသံတွေက စစ်ကြောနေတဲ့ စားပွဲခုံမှာ တပ်ထားသော အသံဖမ်းစက်က လေးထဲဝင်သွားခဲ့သည်ကိုတော့ ဒေါ်ခင်မမ တစ်ယောက်ခမျာ မသိလိုက်ရှာပါလား။

လက်ဖွေကြိုးဝိုင်းထဲမယ် ထောင့်သိပ်ခံရရှာတဲ့ လက်ဖွေသမားတစ်ဦးနယ် အဖုအယောင်၊ အကွဲအပြဲ မဲ့ရှာလေတော့ပါ။

ဆရာနှင်းဆောင်က ဆေးအိုး တစ်အိုးသိပ်ရင်း မီးညှိလိုက်ပြီး နောက်မယ် မီးခိုးတစ်ချက် မှုတ်ထုတ်လိုက်၏။

ဆေးအိုးမီးခိုးတန်းကလေးများက လေထဲမယ် ကွေးကွေးကောက်ကောက် တွန့်တွန့် လိမ်လိမ်ကလေးပြန့်ဝေဝဲသွားတော့သည် သာပါလား။

◆ ◆ ◆

ဆန္ဒန်ဆင်မင်း ဆိုသည်မှာ။

မိဖုရားစုလသုဘဒ္ဒါနဲ့ သောနုတ္တိုရ်တို့ရဲ့ အသိ။

ဖက်ထိသိလိုက်ရတဲ့ အခါမယ် ဒေါ်ခင်မမရယ် မော်မော်ရယ်၊ ပြီးတော့ တင်မောင်စန်းရယ်က စက်ဝိုင်းတစ်ခုနယ်ရယ်။ အက်ဆစ်နဲ့ပက်သူက တင်မောင်စန်း။ လှုပြတာက မော်မော် စေခိုင်းတာ က ဒေါ်ခင်မမ။

အစွယ်လိုသူရယ်၊ စေခိုင်းသူရယ် အပြစ် ဘယ်သူရှိပါ၏။ သို့ပြားဥပဒေသည် ဥပဒေသာ ဖြစ်ပါသောကော မဟုတ်လား။

ဆရာနှင်းဆောင် ဆေးအိုးအသစ်သိပ်ပြီး ရှိက်ဖွာလိုက်တော့၏။ဆေးလိပ်မီးခိုးတန်းတွေ ဝေ့တက် လာတော့သတည်း။

(အထက်မြန်မာပြည် မှုခင်းတပ်ဖွဲ့မှ ဖော်ထုတ်ခဲ့သသော ဖြစ်ရပ်အား ခံစားပါ၏။)

ဝေအီကို



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[illegible] ချောင်း[illegible] ကျွန်း [illegible] မောင်လှသွားသည့် ချောင်းဆုံ ဘုံပြတ် သမား အောင်ဘကို ကြာပွတ်ဖြင့်အနိုင် ယူလိုက်ပြီးကတည်းက အောင်ဘ၏ ဂလဲ့စားချေမည့်ရန်ကို မနေ့ညမပြတ် သတိထားနေရ၏။

စရိုက်ကြမ်းသော အောင်ဘသည် ကျွန်ပ်၏ အိပ်ရေးအိပ်၌နေသော အသက်ဆယ်နှစ်သား မောင်သူတော် ကို သူမောင်းလာသော ဘုံပြတ်ဘေးမှ ကပ်လျှောက်ရမည်လားဟု ဆိုပြီး ကြာပွတ်ဖြင့် ဘုံပြတ်ပေါ်မှ ရိုက်သွားရာ မောင်သူတော်လည်းပင်းတွင် ဒဏ်ရာရ သွေးထွက်သွား၏။

မောင်သူတော်၏ ပိခင်ဖေါ်ငွေမွှင့် သည် မောင်သူတော်ကို ဗေဒင်ဆရာ ဆေးဆရာဖြစ်သော ကျွန်ပ်၏ဖခင် [illegible] အောင်ဘ[illegible] [illegible] သူ့ဒုံး အပြင်း[illegible] သေနားမလည်သော ကလေးကို ရက်စက်စွာ ကြာပွတ်ဖြင့် ရိုက်သွားသူအောင်ဘကို အိမ်သို့သွား၍ ကလေးကို ယခုလိုလုပ်တာမကောင်းဘူး ဟုသွားပြောရာမှ သူနှင့်ကျွန်ပ် စကား အချေအတင် ပြောသည်အဖြစ်သို့ ရောက်သွားသည်။

အသက် တစ်ဆယ့်ရှစ်နှစ်သား ကာစ်ယောက်ကာ အသက်လေးဆယ် အရွယ်ရှိသောသူကို ယခုလိုလာပြော၍ မသားဆိုပြီး သူသည်ကြာပွတ်ကိုင်၍ အိမ်ရှေ့လမ်းပေါ်၌ လက်နက်မပါရပ် နေသည့် ကျွန်ပ်ကို ကြာပွတ်ဖြင့် လှမ်း ရိုက်၏။

သတိနှင့်နေသော ကျွန်ပ်သည် သူ့ကြာပွတ်ကို လျှင်မြန်စွာရအောင် [illegible] ကိုပြန်ရိုက်လိုက်သည်။ သူလည်ပင်း တွင် ဒဏ်ရာရကာ သွေးများထွက်သွား သည်။ (မောင်သူတော်ကို သူကာလုပ် သည့်အတိုင်း ကျွန်ပ်က ပြုလုပ် လိုက်သည်။)

သူသည် သူ့အိမ်ထဲ ပြန်ဝင် သွားပြီး ငှက်ကြီးတောင်ဓားယူ၍ ကျွန်ပ် ကို ခုတ်ရန်လာသည်။ ကျွန်ပ်သည် သူ့ကြာပွတ်ကို ကိုင်ပြီး လမ်းပေါ်၌ပင် ရပ်နေသည်။ အိမ်နီးနားချင်းများက သူ့ကို ဝိုင်းဆွဲကြသည်။ သူသည် ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုပြီး ကျွန်ပ် ကိုသတ်မည်ဟု ကြိမ်းမောင်းနေစဉ် ရွာသူကြီးရောက်လာရာ သူသည် ဆက်၍ ဆဲရေးတိုင်းထွာမှု မပြုလုပ် တော့။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ နှစ်ယောက်စလုံး ရွာသူကြီးအိမ်သို့ ရောက်သွားသည်။ ရွာသူကြီး၏ မေးမြန်းခြင်းကို ခံရသည်။

ရွာသူကြီးက ကျွန်ုပ်တို့အား ဂါတ်တဲ(ရဲစခန်း)သွားမလား။ သူ့အဆုံးအမ ခံမလားဟုမေးရာ၊ ကျွန်ုပ်က ရွာသူကြီးအဆုံးအမကို ခံမည်ဟု ဦးစွာပြောလိုက်သည်။ အောင်ဘကလည်း ရွာသူကြီး၏အဆုံးအမကို ခံမည်ဟုပြောသည်။

သူကြီးက ကျွန်ုပ်တို့အား သင့်သင့်မြတ်မြတ်နေကြဖို့ ကျွန်ုပ်က အောင်ဘကိုတောင်းပန်ဖို့ပြောရာ၊ ကျွန်ုပ်က တောင်းပန်လိုက်ပါသည်။

ထိုဖြစ်ရပ်သည် ချောင်းဆုံတစ်မြို့လုံးသို့ ပျံ့သွားကာ၊ ကျွန်ုပ်ကိုမြင်သူတိုင်းက ကျွန်ုပ်အား ဝိုင်းကြည့်ကြသည်။

ကျွန်ုပ်၏ အဘ(ဖခင်)ကမူ "ဟော့လူထွား၊ အောင်ဘရဲ့ဂုလဲ့စားကို အမြဲသတိထား"ဟူ၍ တစ်ဖွဖွသတိပေးပါသည်။

ထိုဖြစ်ရပ်ဖြစ်ပြီး ခုနစ်လကျော်ကျော်ခန့်အကြာ ညနေ-နေဝင်ခါနီးအချိန်တစ်ချိန်တွင် မောင်သူတော်သည် ရေတွင်း၌ရေချိုးနေသော ကျွန်ုပ်ထံရောက်လာပြီး "အစ်ကိုထွား ဦးအောင်ဘ အိမ်နားမှာနေတဲ့ ကျွန်တော်သူငယ်ချင်း ကုလားလေးဆွာမိနဲ့ ကျွန်တော် ညနေဈေးမှာတွေ့တော့ သူကလူတွေအလစ်မှာ "ဟော့ကောင်သူတော် အစ်ကိုထွားကို သွားသတိပေး၊ ဘကြီး

> *ဟော့ကောင်သူတော်*
> *အစ်ကိုထွားကို သွားသတိပေး၊ ဘကြီးအောင်ဘက*
> *အရက်မူးမူးနဲ့ သူ့တပည့်တွေကို*
> *သူ့အိမ်မှာပြောတာ သူကြားနဲ့ရတယ်တဲ့*
> *ဘာပြောလဲဆိုရင် ဟော့ကောင်တွေ အောင်ဘကို*
> *စော်ကားသွားတဲ့ လေူထွားကို*
> *မင်းတို့ခုထက်ထိ ဘာမှမလုပ်သေးဘူးလား၊*
> *ဒီကောင်ထင်းခွေသွားရင် ရှင်းလိုက်ကြလို့ပြောတာ*
> *သူကြားလိုက်ရတယ်တဲ့*

အောင်ဘက အရက်မူးမူးနဲ့ သူ့တပည့်တွေကို သူ့အိမ်မှာပြောတာ သူကြားခဲ့ရတယ်တဲ့ ဘာပြောလဲဆိုရင် ဟော့ကောင်တွေ အောင်ဘကို စော်ကားသွားတဲ့ လေူထွားကို မင်းတို့ ခုထက်ထိ ဘာမှမလုပ်သေးဘူးလား။ ဒီကောင်ထင်းခွေသွားရင် ရှင်းလိုက်ကြလို့ပြောတာ သူကြားလိုက်ရတယ်" တဲ့ ဆွာမိက ကျွန်တော့်ကို မင်းရဲ့အကိုထွားကို သတိပေးပါလို့ ပြောတယ်၊ အစ်ကိုထွား" ဟုပြောပြီး သူ့အိမ်သို့ ပြန်သွားသည်။

ကျွန်ုပ်သည် တစ်ပတ်တစ်ကြိမ် တနင်္ဂနွေနေ့တိုင်း ချောင်းဆုံမြို့၏ မြောက်ဘက်မြင့်မိုရ်တောင်ခြေတဝိုက်ရှိ တောထဲသို့ နံနက်နေမထွက်မီ ထင်းခွေထွက်လေ့ရှိရာ၊ ဤသည်ကို သိသော အောင်ဘက သူ့တပည့်များအား သ… အရက်ဝိုင်း၌ ကျွန်ုပ်ကို အပြတ်ရှင်းနိ… ခြင်းဖြစ်ကြောင်း ကျွန်ုပ်သိလိုက်သည်… သတိဟူသည် ပိုသည်မရှိ။ ကျွန်ုပ်သည်… ရှေးကထက်ပိုသတိထားပြီး သွားလာ… ဆုံးဖြတ်လိုက်သည်။

ထိုသတင်းရပြီးနောက် ကျွန်… သည်ထင်းခွေသွားသည့်အခါ တ… အပြင် ဝါးရင်းတုတ်တစ်ချောင်းကို… အပိုယူသွားပြီး သွားလမ်း-လာလ… သွားချိန်ပြန်ချိန်ကိုလည်း အပြော… အလဲလုပ်လိုက်သည်။

တနင်္ဂနွေနေ့၌ ကျွန်ုပ်သည်… နံနက်(၅)နာရီခန့်တွင် တောထဲထင်း… သွားသည်။ နံနက်(၇)နာရီသာသာခန့်… ထင်းချောင်းများကို ကျွန်ုပ်သယ်ပ…



www.burmeseclassic.com

www.burmeseclassic.com

သောအရေအတွက်ခုတ်ယူပြီးသည်။ နွယ်ကြိုးများဖြင့် နိုင်ခံ့အောင်စည်းပြီး နောက် သစ်ပင်တစ်ပင်အောက်တွင် အတိနှင့် ထိုင်နေသည်။

ထိုအခိုက်ကျွန်ုပ်နှင့် ရေ့တူရှု ခပ်လှမ်းလှမ်းရှိ ချုံပုတ်ပေးတွင် နားနေသောချိုးငှက်နှစ်ကောင်သည် ရုတ်တရက်ထပျံသွားသည်။ "တောထဲမှာငှက်တွေနားနေရာက ရုတ်တရက် ထပျံသွားရင်သတိထား လူကိုတွေ့လို့" ကျွန်ုပ်အဘ၏ မိတ်ဆွေတောလိုက်မုဆိုးတစ်ယောက်ပြောစကားကို ကျွန်ုပ်အမှတ်ရလိုက်သည်။

ကျွန်ုပ်သည် ထိုချုံပုတ်တည်ရှိရာအနီးမှ ပြန်ရမည်ဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ကျွန်ုပ်သည်ဓါးတောင်းကို ခိုင်အောင်ကြိုက်၊ ထင်းစည်းကို ညာဘက်ပခုံးပေါ်တင်၊ ထင်းခုတ်ဓါးကို ထင်းစည်းကို သိုင်းဖက်ထားသောလက်တွင်ကိုင်၊ ဝါးရင်းတုတ်ကို ဘယ်လက်ဖြင့်ကိုင်၊ ဝါးရင်းတုတ်ကို မြေပေါ်ထောက်၍ ခြေမှမ်းမှန်မှန်ဖြင့် လျှောက်လာသည်။

ခြေလှမ်း ငါးဆယ်လျှောက်မိသောအခါ သစ်ကိုင်းလှုပ်သံသဲ့သဲ့ကို ကြားလိုက်ရသည့်အတွက် ကျွန်ုပ်သည် နောက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်စဉ် မျက်နှာများကို နှာခေါင်းအထိ အဝတ်ဖြင့်စည်းထားပြီး ခေါင်းများပေါ်တွင် ဝါးခမောက်များဆောင်းထားသူ လူနှစ်ယောက်ကို ရင်ဆိုင်လိုက်သည်။ သူတို့သည် ရုတ်တရက် တန့်သွားပြီးမှ ကျွန်ုပ်ရှိရာသို့ ပြေးဝင်လာပြီး ကျွန်ုပ်ကို ဘယ်ညာနှစ်ဖက်ညှပ်၍ ဓါးများဖြင့် ခုတ်ရန်ကြိုးစားသည်။ သူတို့ဓါးများ ကျွန်ုပ်ထံ မရောက်မီ ကျွန်ုပ်သည် လျင်မြန်စွာ နောက်သို့ ဆုတ်လိုက်နိုင်၏။ တစ်ချိန်တည်းမှာပင် သူတို့အထဲမှ လူတစ်ယောက်၊ ဘယ်ဘက်မှလူကို ဝါးရင်းတုတ်ဖြင့် သူ၏ဦးခေါင်းကို ခပ်ပြင်းပြင်းတစ်ချက် ရိုက်ထည့်လိုက်သည်။

"အား" ထိုသူသည် ထိုသို့တစ်ချက်အော်ပြီး မြေကြီးပေါ်လဲကျသွားသည်။

လဲကျသွားသူမှာ ကျွန်ုပ်ထက် အရပ်ပိုနိမ့်သည်။ ဗလလည်းသိပ်မတောင့်ပါ။ ကျန်တစ်ယောက်မှာ ကျွန်ုပ်အနားသို့ ရုတ်တရက်မတိုးလာဘဲကျွန်ုပ်ကိုစိုက်ကြည့်နေသည်။ ခဏအကြာတွင် သူသည် ဓါးကိုမြှောက်၍ ကျွန်ုပ်ကိုခုတ်ရန်ပြေးဝင်လာစဉ်၊ ကျွန်ုပ်က ဝါးရင်းတုတ်ကို ဝှေ့ယမ်းလိုက်ပြီး သူ့အနားသို့ တိုးသွားရာ သူသည် ရပ်တန့်သွား၏။ ကျွန်ုပ်သည် သတိဖြင့် သူ့အနီးသို့ တိုးသွားသောအခါ သူသည် နောက်ဆုတ်ပြီးထွက်ပြေးသွားပါတော့သည်။

ဤတွင် ကျွန်ုပ်သည်- ဝါးရင်းတုတ်စာမိပြီး လဲကျနေသူရှိရာသို့သွား၍ မျက်နှာပေါ်မှ အဝတ်ကို ဖြုတ်လိုက်ရာ၊ အောင်ဘ၏ တပည့်တစ်ယောက် ဖြစ်သော "ဟာရှင်" ဖြစ်နေသည် ကိုတွေ့ရသည်။ သူသည် သတိမေ့နေခြင်း ဖြစ်သည်။ ဦးခေါင်း တစ်နေရာမှ သွေးများစို့ထွက်နေသည်။ အသက်ရှူနေသည်ကို ကျွန်ုပ်စမ်းသပ်၍ ရသည်။

ဤဖြစ်ရပ်ကို ကျွန်ုပ်သည် မည်သူ့ကိုမျှမပြောရန် ဆုံးဖြတ်လိုက်သည်။ ကျွန်ုပ်၏အဘနှင့် မိခင်ကိုလည်း မပြောဘဲ ထားလိုက်သည်။

ဟာရှင်၏ဆရာ အောင်ဘသည် သူ့တပည့် အရိုက်ခံရသည်ကို သူကြီးထံတိုင်မည်လား။ ကျွန်ုပ်တွေးစားကြည့်သည်။ တိုင်ဝံ့မည်မဟုတ်ဟု ကျွန်ုပ်မှတ်ယူလိုက်သည်။

ကျွန်ုပ်ထင်သည့် အတိုင်းပင် အောင်ဘသည်လည်းကောင်း၊ ဟာရှင်သည်လည်းကောင်း(ဟာရှင်ကသူချော်လဲ၍ဦးခေါင်းခွဲဒဏ်ရာရကြောင်း သတင်းလွှင့်သည်။)သူကြီးထံမတိုင်ပေ။ ကျွန်ုပ်ကို ရင်မဆိုင်ဝံ့၍ ထွက်ပြေးသွားသူ၏ ပုံသဏ္ဌာန်ကို ကျွန်ုပ်ပုံဖမ်းရာ၌ ထိုသူသည် အရက်သမား စိန်ချူးဖြစ်ရမည်ဟု အကဲခတ်၍ရ၏။ (ကျွန်ုပ်အိပ်ပြန်တော့မှ စိန်ချူးသည် ဟာရှင်ကို အောင်ဘထံ တွဲခေါ်သွားဖွယ်ရှိ၏။)

ဟာရှင်သည် နှစ်ပတ်နီးပါး အိမ်ပြင်မထွက်ပေ။

အောင်ဘသည် ကျွန်ုပ်ကို အပြတ်ရှင်းရေးမအောင်မြင်သဖြင့်နောက်ထက် ဂလဲ့စားဘယ်လိုချေရမည်ကို အကောက်ကြံမည်မှာမလွဲပါ။ ထို့ကြောင့် ကျွန်ုပ်သည် သတိအမြဲ ရှိနေရမည်ဖြစ်၏။

**မြသိန်း**



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အမှုတဝေဒနာ

ရဲဘော်ရေချမ်း(သန်လျင်)

ဒုရဲအုပ်ဘထွန်းအောင်သည် တိုင်းမှူးခင်းတပ်ဖွဲ့၏အမိန့်နှင့် ပန်းလှိုင်မြို့ကလေးသို့ ရောက်ရှိလာခြင်းဖြစ်၏။ ထောက်လှမ်းရေး သင်တန်းဆင်းပြီး အမှုလိုက်၊ အမှုစစ် အမှုကိုင်ဘဝနှင့် မှုခင်းတပ်ဖွဲ့၌ အောင်မြင်ထင်ရှားသောသူ့ရာမှ ဆောလည်းဘထွန်းအောင် ဖြစ်လာသည်။ နှထောက်လှမ်းရေးပီပီ သိမ်မွေ့နက်နဲနေသော မှုခင်းများကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့သဖြင့် အထက်လူကြီးများ၏ ဂုဏ်ပြုခြင်းကို မကြာခဏဆိုသလိုခံခဲ့ရသော ရဲအရာရှိငယ်တစ်ဦးဖြစ်၏။ သို့ဖြစ်၍ ပန်းလှိုင်မြို့ကလေး၌ ဘိန်းဖြူမှောင်ခို ရောင်းဝယ်လုပ်ကိုင်နေသည်ဟု ကျော်ဇောမှုထွက်ပေါ်နေသော အဖွဲ့တစ်ဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ရန် အထက်မှစေလွှတ်ခြင်းဖြစ်လေသည်။

လက်ရွေးစင် ရဲအရာရှိတစ်ဦးအဖြစ် ပန်းလှိုင်မြို့ကလေးသို့ရောက်လာ[illegible]နယ် မြေခံ၊ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်ပူးပေါင်း၍ ထိုဘိန်းဖြူမှောင်ခိုအဖွဲ့အား အပူတပြင်းစုံစမ်းရ၏။ ထောက်လှမ်းရ၏။ သို့သော် ထင်သလောက်ဖြစ်မလာ။ တစ်နှစ်နီးပါးကြာလာသည့်တိုင် သေသေချာချာ တိတိကျကျ သဲလွန်စတစ်ခု တစ်ရာကိုမှမရ။ သည်အမှုကျမှ ခဲယဉ်းနေသည်။ ဒုရဲအုပ်ဘထွန်းအောင် တစ်ယောက်လက်မြှောက်ရမလို ဖြစ်နေသည်။ သည်အခါ တိုင်းမှူးထွက်ခွာမီ အထက်အရာရှိကြီးဝါဒစကားများကို သတိပြန်ရလာသည်။

"ဒီမှာ ကိုဘထွန်းအောင်၊ ခင်ဗျားသိထားဖို့က ဘယ်ဟာကိုမှ အထင်မသေးနဲ့၊ အဲ‥ အထင်လည်းကြီးစရာမလိုဘူး။ ဒီအမှုက နည်းနည်းတော့ ခဲယဉ်းနေလိမ့်မယ်၊ မြို့ရဲ့ ပိုက်ဆံရှိ၊ ငွေကြေးချမ်းသာသူ လူကြီးတစ်ယောက်က ဦးစီးတယ်လို့ အဲဒီမြို့နယ်ရဲ့ အစီ ရင်ခံစာမှာ ဖော်ပြထားတယ်။ ပြီးတော့ အဲ‥ ပိုမိုထူးခြားတာကတော့ ပူတို့ကာယ်ဆိုရင် အဖွဲ့ထဲမှာ မိန်းမချော မိန်းမလှနသေး တစ်ယောက်လည်းပါနေတယ်တဲ့၊ နာမည်ကတော့ အတိအကျပဲ"

"ခင်မိန်ပာန်‥ တဲ့။ တိုက်ရိုက်သွားတဲ့ သဘောတော့ မဖြစ်နိုင်ဘူးတဲ့။ လက်ဆင့်ကမ်းစနစ်ကို ကျင့်သုံးတယ်လို့ ထင်ရတယ်တဲ့။ ဒီတော့ ပိပိရိရိလုပ်နိုင်ဖို့ အရေးကြီးတယ်။ သူတို့ဂိုဏ်းကို မီရင်ဘယ်ကလာတဲ့ ပစ္စည်းတွေလည်းဆိုတာကိုပါ သိရမယ်။

ဒါကြောင့် အဲဒီမြို့မှာရှိတဲ့ မြို့နယ်ရဲ တပ်ဖွဲ့မှာ တွဲဖက်ထားမယ်၊ ကြိုးစားပေါ့ဗျာ၊ အကြောင်းထူးရင်တော့ တိုင်းကို တိုက်ရိုက် ဆက်သွယ်ဖို့ လိုတယ်နော်"

သည်လို အထက်လူကြီး၏ မှာကြားချက်များကို ပြန်လည်သတိရလာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ပန်းလှိုင်မြို့ကလေးသို့ ရောက်လာခဲ့သည်မှာ (၁၀)လကျော်သွားပြီဖြစ်၏။ ယနေ့အထိ မည်သို့မှတ်ကျနိုင်မာသော၊ သေချာရေရာသော သဲလွန်စရရန် အကြောင်းကပေါ်လာသည်။ ကြည်နူးစရာကောင်းသော တစ်နေရာ၊ စိတ်ကူးယဉ်၍ရသော အပန်းဖြေစခန်းတစ်ခု၊ သို့မဟုတ် ပြည်သူ့ဥယျာဉ်၌ မမျှော်လင့် မထင်မှတ်ဘဲ ဆုံမိကြရသောအခါ အံ့သြမှု ကုဋေကုဋာ ဖြစ်၍သွားရလေသည်။

ထိုသို့ ရင်ခုန်ရခြင်း၊ အံ့သြရခြင်းများ၏ နောက်ဆက်တွဲစာမျက်နှာများ၌ သည်သဲလွန်စများ တစ်ခုပြီးတစ်ခု ပေါ်လာသည်။

လုံချည်အစိမ်း၊ အင်္ကျီအစိမ်း ဝတ်ထား၏။ မျက်နှာ၌ မိတ်ကပ်မလိမ်း၊ နှုတ်ခမ်းနီ မဆိုး၊ သဘာဝဆိုသော ပင်ကိုအလှတရားများ က သူမဆီ၌ စုပြုံရောက်ရှိနေသည်လား။ စဉ်းစားစရာ ဖြစ်နေသည်။

သို့သော် ဘဝတိုက်ပွဲတစ်ခုအတွက် နာကြည်းစွာ ကြိုတင်ပြင်ဆင်ထားပုံရ၏။ မျက်နှာသွင်ပြင်အနေအထားမှာ လောကကြီးကို ပြက်ရယ်ပြုနေသလိုလို၊ တစ်စုံတစ်ခုကို မကျေမနပ် ဖြစ်နေသလိုလိုအကဲခတ်၍ရသည်။ အကယ်၍များ တစ်စုံတစ်ယောက်နှင့် တွေ့သောအခါ မာဆတ်ဆတ်၊ ဘုကျကျ ပြောဆိုရင်ဆိုင်မည့်ပုံစံမျိုးဖြစ် ဖို့ကများနေသည်။ သည်လို ဒုရဲအုပ်ဘထွန်းအောင် က မှတ်ချက်ချလိုက်သည်။

"ဒီမှာ‥ ဒီမှာ‥ ရှင်ကဘာလဲ၊ ယောက်ပေယောင်ပေနဲ့၊ သူခိုးလား၊ အလစ်သုတ်သမားလား။ ဒါမှမဟုတ် ထောက်လှမ်းရေးလား၊ ဘာသဘောနဲ့ လူကိုကြည့်နေရ တာလဲ"

"ဗျာ…"

ပြင်းထန်သော မေးခွန်းများဖြစ်၍ ဒုရဲအုပ်ဘထွန်းအောင် လန့်ဖျတ်သွားပြီး အံ့အားသင့်သွားလေသည်။ အံ့သြမှု၏ နောက်ဆက်တွဲအဖြစ် ကျေနပ်ပီတိ ဖြစ်သွား၏။ သူထင်သလို၊ သူ အကဲခတ်မိသလို မှန်နေခြင်း ကြောင့်ဖြစ်လေသည်။

"ကျွန်မပြောတာကို ရှင်မကြားလိုက်ဘူးလား"

"ကြားပါတယ်"

ဒါဆို ပြောစမ်းပါအုံး။ ကျွန်မကလဲ အဲဒီလို လူမျိုးတွေနဲ့ တွေ့ချင်နေလို့ပါ"

"ဘာဗျ၊ ခင်ဗျား ဘာတွေကို ဘာရည်ရွယ်ချက်နဲ့ ပြောနေတာလဲ၊

ကဲ… ကျွန်တော်ရဲတပ်ဖွဲ့က ရဲအရာရှိ တစ်ယောက်ဆိုရင် ခင်ဗျား ဘာဆက်ပြောမှာလဲ"

"ပိုကောင်းတာပေါ့"

"ဗျာ…"

သည်လိုပြောလိုက်သော စကားကြောင့် ဒုရဲအုပ်ဘထွန်းအောင် တစ်ယောက် အံ့သြမှုများစွာ ဖြစ်သွားရပြန်သည်။

"ခင်ဗျားက ဘာဖြစ်လို့ အဲဒီလို လူတွေနဲ့ တွေ့ချင်နေရတာလဲ"

"ကိစ္စရှိလို့ပေါ့ရှင်၊ ဒါနဲ့နေအုံး ရှင်ပြောသလိုရှင်ဟာ‥ ရဲလား"

"ဟုတ်ပါတယ်၊ တိုင်းမှူးခင်းတပ် က စေလွှတ်ထားတဲ့ ဒုရဲအုပ်ဆားပုလင် ဘထွန်းအောင်ဆိုတာ ကျွန်တော်ပါပဲ"

"အင်း‥ ဖြစ်နိုင်တယ်၊ ဘာဖြ လို့ အမှန်အတိုင်း ပြောရတာလဲ"

"ခင်ဗျားရဲ့ ယုံကြည်မှုကိုလိုချ လို့ပဲ"

"ရှင်က ရိုးသားဖြောင့်မတ်သား ကျွန်မ လဲ ထင်နေတာကြာပြီ ဒီမြို့ မဖြစ်နိုင်ဘူး ပြီး လေ့လာနေတာလေ ခုတော့ရှင် ကိုယ်တိုင်က ပြောတ ဆိုတော့ သေချာသွားပြီ"

"ကဲ- ဒါဆို ခင်ဗျားတွေ့ချင်နေ ကိစ္စ ပြောစမ်းပါအုံး၊ ဘာများပါလဲ"

"အင်း… ဟုတ်တယ်၊ ဒါပေ သစ္စာရှိမှ ပြောလို့ဖြစ်မယ်ထင်တယ် နေပါအုံး၊ ခဏစဉ်းစားပါရစေအုံး"

"ခင်ဗျား တော်တော်ကြီးကျ တာပဲ၊ ကျွန်တော် ရဲအရာရှိတစ်ယော ပါဗျာ၊ ကဲ- မယုံဘူးလား"

"ဟုတ်တယ်‥ မယုံတစ်ဝ ယုံတစ်ဝက်ပဲ၊ ဒါပေမဲ့ ကြိုးစား ယုံလိုက်ပါ့မယ်၊ ကဲ - ထိုင်ပါ အဲ‥ အို‥ မထိုင်နဲ့၊ ထိုင်လို့မဖြစ်ဘူး၊ အားတော့နာပါရဲ့ ကျွန်မတော ပန်ပါတယ်၊ စိတ်ချရတဲ့ တယ်လီဖု နံပါတ်ပေးထားခဲ့ပါ၊ နောက်ထ (၁၀)မိနစ်လောက်ဆိုရင် ကျွန်မဆီ လူတစ်ယောက်လာဖို့ရှိတယ်၊ တက လို့ ရှင့်ကိုတွေ့ရင် တစ်မျိုးထင်သ



www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်၊ ကျွန်မကို ကူညီပါ၊ ပြီးတော့ ရှင့်ကိုကျွန်မ ပြန်ပြီးကူညီပါ့မယ်၊ ပေါ့ပေါ့ တော့မတွေးလိုက်နဲ့၊ ကျွန်မရဲ့အကူ အညီဟာ ကျယ်ပြန့်နက်နဲလွန်းလို့ တစ်ချိန်မှာ သမိုင်းမှတ်တိုင်တစ်ခု စိုက် ထူနိုင်မှာပါ၊ ရှင်တို့၊ ကျွန်မတို့ အကျိုး ထက် အများအကျိုးဖြစ်ဖို့က များပါ တယ်ရှင်၊ ကျွန်မရဲ့ အကူအညီတစ်ခု ကြောင့် ရှင့်ရဲ့ အောင်မြင်မှုဟာ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်လိုက်ခြင်း ဖြစ်သွားမှာပါ။

ကဲ- ဘယ်လို ဆက်သွယ်ရမလဲ ပြော‥ ယုံတယ် မဟုတ်လား"

"ဝ၁၀၀၀၁"

"ကျွန်တော်က ဒုရဲအုပ်ပါ၊ ရုံးက ဖုန်းပဲရှိပါတယ်၊ ညနေ (၆) နာရီက မိုးလင်းတဲ့အထိ အဲဒီ ဖုန်းနားမှာ ကျွန်တော်ရှိနေပါတယ်"

"ကဲ- ဒါဆို၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မကို ကူညီတဲ့အနေနဲ့ ဒီနေရာက ရှင်ထွက်သွားဖို့ တောင်းပန်ပါတယ်"

ဒုရဲအုပ်ဘထွန်းအောင် သည် အနည်းငယ် ဦးနှောက်စားသွား၏။ သူမနှင်ထုတ်လိုက်သလို ထိုနေရာမှ ထွက်သွားရကောင်းမလား။ မကောင်း ဘူးလား စဉ်းစားလိုက်မိ၏။ သည်အမျိုး သမီးသည် ဒုစရိုက်အဖွဲ့တစ်ဖွဲ့မှ ဖြစ် ရမည်။ သို့မဟုတ် ဒုစရိုက်အဖွဲ့ အကြောင်းကို အတွင်းကျကျသိနေသော အမျိုးသမီးတစ်ယောက် ဖြစ်ရမည်။

"အင်း‥ တစ်နေရာရာက လေ့လာ အကဲခတ်ကြည့်မှ ဖြစ်မယ်"

သည်လိုဆုံးဖြတ်လိုက်ပြီး သူမကို ဖျတ်ကနဲ ကျောခိုင်းပစ်လိုက်၏။

သို့သော် သတိရသွားပြီး ချက်ချင်း ပြန်လှည့်လိုက်သည်။

တစ်စုံတစ်ယောက်ကို ရောက် မလာနိုင်သေး၍ စိတ်အနှောင့်အယှက် ဖြစ်နေသော မျက်နှာကို မြင်တွေ့လိုက် ရသည်။ စကားပြောဆိုခြင်းမရှိ၊ စိတ် မဝင်စားသလို အဝေးတစ်နေရာသို့ လှမ်းမျှော်ကြည့် လိုက်သည်။

"ခင်ဗျားနာမည် မသိရဘူးလား"

"ဩော် ‥‥ ဟုတ်သားပဲ၊ ရှင်ဟာ ကျွန်မရဲ့ သစ္စာရှိတဲ့ ‥‥ ရဲအရာရှိ တစ်ယောက်ပဲ၊ ပြောပြရမှာ ပေါ့"

"ဟုတ်ကဲ့"

"ကျွန်မနာမည် ခင်စိန်ဟန်"

"ဗျာ‥‥"

ဒုရဲအုပ်ဘထွန်းအောင် တစ် ယောက် မမျှော်လင့်သော စကားကို ကြားလိုက်ရသဖြင့် အလွန်အံ့အား သင့်၍ သွားလေသည်။

ဤမျှ ကြီးကျယ်သော ဒုစရိုက် သားကောင်တစ်ယောက်သည် ရဲမှန်း အတိအကျ သိနေလျက်နှင့် ပေါ်ထင် ကြီး ပြောပြနေခြင်းကို ဒုရဲအုပ်ဘထွန်း အောင်သည် အတွေးလွန်ပြီး မျှော်လင့် မထားခြင်းကြောင့် ဖြစ်လေသည်။

* * *

"ဟင်‥‥"

"ဟိုက်‥‥"

"ဒိုင်း‥‥"

အာမေဋိတ်သံနှင့်အတူ သေနတ် သံနှစ်ချက် ထွက်ပေါ်သွားသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး မြည်ဟီးသွား လေသည်။ တစ်စုံတစ် ယောက်တည်း က ပစ်ခတ်လိုက်ခြင်းမဟုတ်။

လျင်မြန်သူတို့နှစ်ဦး၏ သူတစ်ပြန် ကိုယ်တစ်ပြန် ပစ်ခတ်လိုက်သော အသံ များသာဖြစ်၏။

သို့သော် နောက်ထပ်ပြီး ထွက်ပေါ် မလာနိုင်တော့ဘဲ‥‥

"အား‥‥"

"အင်း ‥‥အင်း‥‥

ကျွတ်‥ကျွတ်‥"

ဝေဒနာတစ်ခုစီ ခံစားရသော ညည်းညူသံများသာ ထွက်ပေါ်လာ လေသည်။

ခင်စိန်ဟန်‥‥။

ကိုဘဂျမ်း‥‥။

ဝေဒနာများကို ခံစားနေရင်း တစ်ဦးကို တစ်ဦးခေါ်လိုက်ကြသည်။ သည်လိုခေါ်လိုက်ရခြင်းကြောင့် သူတို့ နှစ်ဦးမှာ မည်သူမည်ဝါ ဖြစ်သည်ကို မမေးမြန်းရဘဲ သိရလေသည်။

ဤသို့ အလွယ်တကူ တစ်ဦးနှင့် တစ်ဦး ပစ်ခတ်နိုင်ရန် ကြိုတင်စီစဉ် ထားခြင်းများ ရှိဟန်တူသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

" ဒီဘိန်းဖြူဆိုတာ ဘယ်လောက် ဆိုးရွားတဲ့အွန္တရာယ်လဲ၊ ရှင်သိပါတယ်၊ နယ်စပ်ကနေပြီး ယူလာတယ်၊ ကိုယ့်တိုင်းပြည်တွင်းမှာရှိတဲ့ ကိုယ့်လူမျိုးတွေရဲ့ ဘဝ ပျက်စီးသွားအောင် ဖြန့်ဖြူးတယ်၊ ဒီမှာကိုဘဂျမ်း ရှင့်မှာကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကိုချစ်တဲ့စိတ် နည်းနည်း လေးမှ မရှိဘူးလား၊ ကျွန်မလေ . . . ဒီအလုပ်ကို စတင်လုပ်မိတဲ့နေ့ကစပြီး တစ်နေ့ မှ စိတ်မချမ်းသာဘူး။

ရည်ဆိုင်၌ ပစ်ခတ်လိုက်ကြသူနှစ်ဦးမှာ တစ်နေရာစီက ရောက်လာကြသော် လည်း မမျှော်လင့်ဘဲ ဆုံစည်းသွားကြ သောအခါ အလွန်အံ့ဩမှုဖြစ်သွား ကြပြီး အလစ်မပေးဘဲ ဤသို့ ပစ်ခတ် လိုက်ကြခြင်းဖြစ်လေသည်။ ဝမ်းသာ ခြင်း၊ အံ့ဩခြင်းမဟုတ်။ စိုးရိမ်ထိတ် လန့်ခြင်း အံ့ဩမှုဖြစ်လေသည်။ ဒုရဲအုပ် ရောက်ရှိလာသောအခါ ပို၍အံ့ဩသွား ပြန်သည်။

"ဟာ . . ဒါက ဘယ်လိုဖြစ်ကြ တာလဲ"

သေနတ်သံများဆူညံစွာ ထွက်ပေ သွားသဖြင့် ရဲစခန်း၌ သတင်းအရ ရောက်ရှိနေသော ဒုရဲအုပ်ဘထွန်း အောင် ကမန်းကတမ်း ရောက်ရှိလာပြီး အခြေအနေကို အကဲခတ် ကြည့်ရှု လိုက်သည်။ အဖြစ်မှန်ကို သိရှိသွား သောအခါ အလွန်အံ့အားသင့်သွားပြီး ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ ခပ်ကြောင်ကြောင် ဖြစ်သွားရလေ သည်။

တစ်ယောက်က ဘဂျမ်း။

တစ်ယောက်က ခင်စိန်ဟာန်။

နှစ်ဦးစလုံးမှာ တိုင်းပြည်အတွက် အလိုရှိနေသော ဓုစရိုက်သားကောင် များဖြစ်နေသည်ကို တွေ့ရှိလိုက်ရသော အခါ အလွန်အံ့ဩမှု ဖြစ်သွားရခြင်းဖြစ် သည်။

အပူတပြင်း စုံစမ်းရှာဖွေစဉ်က မတွေ့၊ မမျှော်လင့် မထင်မှတ်တော့ လာတွေ့နေရသည်။

**ဆုံစည်းရာ လက်ဖက်ရည်ဆိုင်**

ရွှေထမလုံကုန်းထိပ်၌ တည်ရှိ၏။ ခရီးသွား၊ ခရီးလာများအဖို့ လွယ်လင့် တကူ မြန်မာနိုင်ငံအနှံ့သွားနိုင်သော ဆုံရပ်တစ်ခု။

သို့မဟုတ် ရှုခင်းသာ၊ လေထန် ကုန်းနယ်မြေတစ်ခု။

မော်တော်ယာဉ်လိုင်းပေါင်းစုံ စတင် ထွက်ခွာရာ ယာဉ်စခန်းတစ်ခုဖြစ်၏။ ရန်ကုန်မြို့နှင့် အခြားမြန်မာနိုင်ငံအနှံ့ ထိုယာဉ် စခန်းမှနေ၍ နံနက်(၄)နာရီမှ ညနေ(၅)နာရီအထိ ကားဂိတ်ရှိ၏။ (၅)နာရီကျော်လျှင် ကိုယ်ပိုင်မောင်းနှင် ပို့ဆောင်ပေးနေကြသဖြင့် (၂၄)နာရီ လုံးလုံး ခရီးသွား၊ ခရီးလာများရှိနေခြင်း ဖြစ်လေသည်။ နယ်မြေ အုပ်ချုပ်သော ရုံး၊ ရဲစခန်းစသည်ဖြင့် အစုံရှိ၏။

ရွာမဟုတ်၊ စခန်းသာတစ်ခုဖြစ်ပြီး အချိန်မရွေး အသွားအလာမပြတ် ရှိနေသည်။ ထိုဆုံစည်းရာ လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ အကာအကွယ်တစ်ခုမှ အခြေအနေကို အကဲခတ်ကြည့်နေလိုက်မိ၏။

"ဒီမှာ ကိုဘဂျမ်း၊ ကဲ...ခု ရှင့်ဆရာကြီး ဦးသိုက်ထွန်း ရှင့်ကို ကယ်နိုင်သေးရဲ့လား၊ ဘာအလုပ်ကိုပဲလုပ်လုပ်၊ သစ္စာတရား မထားလို့ကတော့ အဲဒီ သစ္စာတရားမထားသူတို့တွေရဲ့ သွားရာလမ်းဟာ ဒီလမ်းပဲရှိတယ်လေ၊ ရှင်တို့သစ္စာဖောက်နေမှတော့ ကျွန်မသစ္စာရှိနေလို့ဘာထူးမှာလဲ၊ သေရုံပဲရှိတော့မှာပေါ့။ ဒါပေမဲ့ ကျွန်မက ကာကွယ်လိုက်တာပါ။ သေစေလိုတဲ့သဘောနဲ့ ပစ်လိုက်ရတာတော့ မဟုတ်ပါဘူး။ ရှင်သစ္စာဖောက်တော့မယ်ဆိုတာ သိနေလို့ သတိထားပြီး ကာကွယ်လိုက်တာပါ"

"ကျွန်မရှင့်ကို သေစေချင်ရင် နောက် ဘပ်ပစ်လိုက်လို့ရသားပဲ၊ ရှင်သာအဲဒီအခွင့်အရေးမျိုးရမယ်ဆိုရင် ကျွန်မကိုနောက်ထပ် ကျည်ဆန်တစ်တောင့် ပစ်လိုက်မှာ သေချာတယ်။ ကျွန်မသိတယ်။

ဒါပေမဲ့ရှင့်လက်တွေ မလှုပ်ရှားနိုင်တော့ဘူးမဟုတ်လား။ သေနတ်ပစ်ဖို့ မပြောနဲ့၊ ကျွန်မကိုတောင် ခေါင်းထောင်ပြီး စကားမပြောနိုင်တော့ မဟုတ်လား။ ပြောစမ်းပါအုံး ညာလက်ရုံးကြီးရဲ့ ဟာ ... ကျွတ် ... ကျွတ်.. မောလိုက်တာ"

"ဟင်း.. ခွေးမ ခင်စိန်ဟန်၊ နင်ငါ့ကိုဘာမှပြောနေစရာမလိုဘူး၊ လက်ဦးသွားတော့ နင်ပြောအားရှိနေတာပေါ့"

"စတင်ပစ်ခတ်လိုက်တာ ကျွန်မလား၊ ရှင်လား၊ စဉ်းစားပြောစမ်းပါအုံး ကိုဘဂျမ်းရဲ့၊ ရှင်ကပစ်တော့ ကျွန်မကလည်း ကယောင်ကတမ်းနဲ့ ပစ်လိုက်ရတာပါ။ ရှင်ကစိတ်ကောင်းမှမရှိတော့ သစ္စာစူးသွားတာပဲနေမှာပေါ့"

"ဒီမှာ ခင်စိန်ဟန်၊ နင်အပိုတွေ ပြောမနေနဲ့၊ ဟိုနယ်စပ်က ယူလာတဲ့ အထုပ်၊ ဘယ်မှာလဲ၊ နင်ကအထုပ်ကို အပိုင်စီးတယ်၊ ပြီးတော့ရဲကို သတင်းပေးလိုက်တယ်မဟုတ်လား၊ အဲဒါသစ္စာဖောက်တာပေါ့"

"အဲဒါနင်တို့တွေ သစ္စာဖောက်လို့ ငါလုပ်ရတာပဲ ကိုဘဂျမ်း၊ တိုင်းပြည်နဲ့ လူမျိုးအတွက် ငါလုပ်လိုက်ရတာပါ။ နင်တို့လက်ထဲတော့ အရောက်မခံဘူး၊ ရဲလက်အပ်ဖို့ ဆုံးဖြတ်လိုက်တာပါ။

"ဒီမှာ ကိုဘဂျမ်း၊ ရှင်မသေမီ သိမအောင် ကျွန်မပြောလိုက်ရအုံးမယ်၊ ကျွန်မရဲ့ဘဝကို အဖတ်ဆယ်မရအောင် ဖျက်ဆီးပစ်လိုက်တာရှင်လေ၊ ကျွန်မ ဒီအလုပ်တွေကို မလုပ်ချင်ပါဘူးလို့ အတန်တန်ပြောပေမယ့်မရဘူး။ ကျွန်မ ဘဝတစ်ခုလုံးကို ဖျက်ဆီးပစ်ရုံ အားမရလို့ ရှင့်ဆရာကြီးအတွက် ပွဲတည်ဖို့ ဆက်သလိုက်သေးတယ် မဟုတ်လား"

"ကျွန်မဘဝ ပျက်ဆီးသွားရတာ ကျွန်မအကြောင်းနဲ့ ကျွန်မပါ။ ရှင်တို့ လက်ခုပ်တွင်း ကျရတယ်ဆိုတာကလည်း ကျွန်မရဲ့ အကျပ်အတည်း တစ်ခုကို ဘဝအဆုံးရှုံးခံပြီးရင်းလိုက်ရလို့ပါပဲ၊ ရှင်တို့အလုပ်ကို သဘောကျလို့ လုပ်နေတယ်များ ထင်နေသလား မသိဘူး။

"ဒီဘိန်းဖြူဆိုတာ ဘယ်လောက်ဆိုးရွားတဲ့အန္တရာယ်လဲ၊ ရှင်သိပါတယ်၊ နယ်စပ်ကနေပြီး ယူလာတယ်၊ ကိုယ့်တိုင်းပြည်တွင်းမှာရှိတဲ့ ကိုယ့်လူမျိုးတွေရဲ့ဘဝ ပျက်စီးသွားအောင် ဖြန့်ဖြူးတယ်၊ ဒီမှာကိုဘဂျမ်း ရှင့်မှာကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်ကိုချစ်တဲ့စိတ် နည်းနည်းလေးမှ မရှိဘူးလား။ ကျွန်မလေ .. ဒီအလုပ်ကို စတင်လုပ်မိတဲ့နေ့ကစပြီး တစ်နေ့မှ စိတ်မချမ်းသာဘူး။

"ကျွန်မဘဝမှာ ကျွန်မတစ်ယောက်တည်းမှ မဟုတ်တာဘဲ ကိုဘဂျမ်းရယ်၊ ရောဂါဖြစ်နေတဲ့ မအေအိုကြီးရယ်၊ လူလားမမြောက်သေးတဲ့မောင်လေး၊ ညီမလေးတွေရယ် ရှိနေတယ်လေ၊ တစ်ကြိမ်တစ်ခါမှား မိတာကို အခွင့်ကောင်းယူပြီး ရှင်တို့ လုပ်လိုက်ကြတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ကမ္ဘာစီးလောင် သားကောင်ချနင်း ဆို သလိုဖြစ်နေလို့ပါ။ ခုတော့ ကျွန်မ ဘဝလည်း ပျက်စီးသွားပြီ၊ ဒီတော့ ရှင်တို့နဲ့ ဆက်လက်ပြီး လက်တွဲဖို့ မလိုတော့ဘူးလေ"

"ဒီတော့ ကျွန်မဘဝပဲ ပျက်စီး ခံမယ်၊ အပြစ်မဲ့တဲ့ ပြည်သူတွေရဲ့ ဘဝထဲကိုတော့ ဒီအန္တရာယ်ဆိုးကြီး ရောက်လာမှာကို လက်ပိုက်ကြည့်မနေ နိုင်တော့ဘူး။ ဒါကြောင့် ရဲကို သတင်း ပေးလိုက်ရတာပါ။ မနိုင်းပါနဲ့။ တာဝန် ဆက်မပေးပါနဲ့လို့ အတန်တန် တောင်း ပန်ပြောဆိုပါလျက်နဲ့ ရှင်တို့တွေက ကျွန်မရဲ့နိုင်ကွက်ကို အသုံးချတယ်၊ ကျွန်မက စလိုက်မိတာကိုး၊ ဒါက လည်း...."

"ကျွန်မဘဝမှာ ကျွန်မတစ် ယောက်တည်းမှ မဟုတ်တာဘဲ ကိုဘဂျမ်းရယ်၊ ရောဂါ ဖြစ်နေတဲ့ မအေအိုကြီးရယ်၊ လူလားမမြောက် သေးတဲ့မောင်လေး ညီမလေးတွေရယ် ရှိနေတယ်လေ၊ တစ်ကြိမ်တစ်ခါမှား မိတာကို အခွင့်ကောင်းယူပြီး ရှင်တို့ လုပ်လိုက်ကြတာပဲ မဟုတ်လား"

"ရဲလက်အပ်လိုက်လို့ ကျွန်မ ထောင်ထဲ၊ အချုပ်ထဲရောက်သွားရင် ကျွန်မမိသားစုဘဝ မတွေးရဲတော့ဘူး။ ဒါကြောင့် ရှင်တို့နိုင်းတာ မလုပ်ချင်ဘဲနဲ့ ဆက်လုပ်နေရတာပါ၊ ဒီတော့ ကျွန်မ ဘဝပါပျက်စီးရတော့တာပဲ၊ ခုတစ်ခါ ဒီအထုပ်ကို မရမကယူဖို့ လုပ်လာ ပြန်တယ်၊ ကျွန်မကိုလည်း ဖျောက်ဖျက် ပစ်ဖို့ ရှင်တို့ ဆရာကြီးက တာဝန်ပေး ထားတယ်မဟုတ်လား၊ ဒီအခြေအနေ ရောက်မှတော့ ကျွန်မအသေခံသွား မယ်၊ ရှင်တို့လက်ထဲလုံးဝမရောက် စေရဘူး"

"ကျွန်မနောက် ချောင်းမြောင်း လိုက်နေတာ မသိဘူးများမှတ်နေ သလား။ လက်ဖက်ရည်ဆိုင်မှာရဲ့နဲ့ ကျွန်မတွေ့မယ်ဆိုတာ ရှင်သိသွားလို့ လိုက်လာတာပဲ မဟုတ်လား။ ကိစ္စ မရှိ ဘူး။ ကျွန်မရဲ့ဒဏ်ရာဟာ လူ့ပြည်မှာ ဆက်နေခွင့် ပေးထားအုံးမယ်ဆိုရင် ရှင်တို့တစ်ဖွဲ့လုံး ထောင်ထဲပို့ရအုံးမှာပါ။ ငါးပျံတစ်လည် မုံလုံတစ်လည်တဲ့ ကြားဖူးတယ်မဟုတ်လား။ ဟာ...အို ကျွတ်..ကျွတ်.. ကျွတ်.."

ဝေဒနာကို ဆက်လက်မခံစား နိုင်တော့သဖြင့် အရပ်ကြီးပြတ်ကြမ်း ပြင်ပေါ်သို့ လဲကျသွားလေသည်။

"ကဲ- ဆရာကြီးစံမြင့်၊ အပြင်မှာ စောင့်နေတဲ့ ရဲဒုတပ်ကြပ်တင်တွေးကို ခေါ်လိုက်ပါ။ ပစ္စည်းတွေကိုတော့ ရှာဖွေပုံစံနဲ့သိမ်းလိုက်ပါ။ လူနာတွေကို အမြန်ဆုံး ဆေးရုံပို့မှဖြစ်မယ်၊ ဆရာကြီး ကို ပြောရဦးမယ်၊ တာဝန်သိ ပြည်သူ က သတင်းပေးတယ်ဆိုတာ ဒီ အမျိုးသမီး ပါပဲ"

"ဟာ...."

တပ်ကြပ်ကြီးစံမြင့်သည် ဒုရဲအုပ် ဘထွန်းအောင်စကားကြောင့် အလွန် အံ့ဩသွားရလေသည်။

* * *

ဒုစရိုက်သားကောင် ဘဂျမ်းမှာ ဆေးရုံသို့ရောက်ရှိပြီး နောက်တစ်နေ့ သေဆုံးသွားလေသည်။ တစ်ချက် တည်းသော ထိမှန်ချက်ဖြစ်သော်လည်း အသည်းနှလုံးသားကို ဖောက်ဝင်သွား သောကြောင့် ဒဏ်ရာပြင်းထန်သွား ခြင်းဖြစ်သည်။

ခင်စိန်ဟန်မှာ လက်ရှိ အနေ အထားအရ အခြေအနေကောင်းသဲ ဖြစ်၏။

ခင်စိန်ဟန်၏ ထုတ်ဖော် အစစ်ခံ ခြင်း၊ ဘဂျမ်း၏ ထုတ်ဖော်ပြောဆိုခြင်း များကြောင့် ဦးသိုက်ထွန်းနှင့်တကွ ဘိန်းဖြူတစ်ဂိုဏ်းလုံး ပစ္စည်းများနှင့် အတူ ဖမ်းမိသွားခြင်းဖြစ်လေသည်။

သူမပြောဖူးသလို သမိုင်းဝင်သော မှတ် တိုင်တစ်ခု စိုက်ထူလိုက်ခြင်း ဖြစ်၏။ အမှုပေါ်သွားပြီဖြစ်၍ စစ်ဆေး ခြင်း၊ စုံစမ်းခြင်း၊ တင်ပြခြင်း၊ ရုံးတင် တရားစွဲဆိုခြင်းများကို တစ်ခုပြီး တစ်ခု ဆက်လုပ်ရန် ကျန်ရှိနေသေးသဖြင့် ဆေးရုံတွင်ရှိနေသော ခင်စိန်ဟန်ထံ ဒုရဲအုပ်ဘထွန်းအောင် နောက် တစ်ကြိမ် မရောက်ဖြစ်။

ခင်စိန်ဟန် အကြောင်းတွေးမိ လျှင် ဝေဒနာတစ်ခု ခံစားရသလိုဖြစ် တတ်သည်။

ဘဝတစ်ခုကို နှလုံးသားဖြင့်တော် လှလှပပ တည်ဆောက်ကြည့်မိ မသေချာ မရေရာသော အဖြစ် လုံလောက်သော အင်အားများ ဒုရဲအုပ် ဘထွန်းအောင်၌မရှိ။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ အချိန်ယူပြီး ရှာဖွေစုဆောင်းရအုံးမည်ဖြစ်၏။ သို့ဖြစ်၍ အမှုပြီးစီးသွားသောအခါ ကိုယ်ပိုင်အချိန်လေးများ၌ အကြင်နာလေပြည် တိုက်ခတ်ရင်း သူမရှိနေသော နှလုံးသားမြို့တော်သို့ ရင်ဖွင့်ဝင်ရောက် ခစားရန်ကို ကြိုတင်စီစဉ်ထားပြီး ဖြစ်လေသည်။

သို့သော်အမှုများအား ပြန်လည်စစ်ဆေး၊ သုံးသပ်၊ ရေးမှတ်နေသော နေ့တစ်နေ့၏ ည တစ်ည (၁၀)နာရီ အချိန်ခန့်···။

ရုံးခန်းအတွင်းရှိ တယ်လီဖုန်းသည် အချက်ပေးသံများ ထွက်ပေါ်လာသဖြင့် ကမန်းကတမ်း၊ နေရာမှ ထလိုက်ပြီး ကောက်ကိုင် လိုက်သည်။

"ဟုတ်ကဲ့ ပြောပါ၊ ကျွန်တော် ဘထွန်းအောင်ပါ"

"ဩော်···ကိုဘထွန်းအောင်၊ ကျွန်တော် ကျော်ဝေယျပါ

"ဟုတ်ပြီ သူငယ်ချင်း။ ဘာထူးလဲပြောလေ···"

ကျော်ဝေယျဆိုသူမှာ ဆေးရုံ၌ တက်ရောက်ကုသနေကြသော အချုပ်သားများနှင့် မှုခင်းနှင့်သက်ဆိုင်နေသည့်လူများအား လိုအပ်သည့် စစ်ဆေးချက်များကို အချိန်မီသက်ဆိုင်ရာသို့ တင်ပြနိုင်ရေးအတွက် တာဝန်နှင့် ရောက်ရှိနေသော အမှုကိုင်ဒုရဲအုပ် တစ်ဦးဖြစ်လေသည်။

"ဟို- ဟိုဗျာ·· ပြောရမှာ ခက်နေတယ်ဗျ၊ ပြောမထွက်ဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားအလုပ်ကိုများ ထိခိုက်သွားမလားလို့၊ ပြောတာတော့ ပြောရမှာပဲ"

"ပြော·· ရတယ်၊ ကျွန်တော်တို့တွေက ဝန်ထမ်းတွေပဲဗျ၊ လိုင်းမပူးပါဘူး။ သူ့လိုင်း ကိုယ့်လိုင်း ခွဲခြားထားပါတယ်"

"အဲ·· ဒါဆိုပြောမယ်နော်···"

"ပြောပါ ရပါတယ်"

" ည ၉ - နာရီ ၁၀- မိနစ်မှာ ခင်စိန်ဟန် ဆုံးသွားပြီ၊ အဲဒါပြောသင့်မသင့် နာရီဝက်လောက်စဉ်းစားပြီးမှ ခင်ဗျားဆီကိုဖုန်းဆက် လိုက်တာပါ"

"ဟိုက်"

ဒုရဲအုပ်ဘထွန်းအောင် တစ်ယောက် တယ်လီဖုန်းစကားပြောခွက်ကို ကိုင်ပြီးငေးကြောင်ကြောင် ဖြစ်သွားလေသည်။

အလွန် အံ့အားသင့်သွားပြီး တုန်လှုပ် ချောက်ချားသံများနှင့်···

"အခြေအနေ ကောင်းပါတယ်ဗျာ၊ ဘယ်လိုများ ဖြစ်သွားရတယ် မသိပါဘူး"

ဟု ပြန်ပြောလိုက်လေသည်။

"ဟုတ်တယ် သူငယ်ချင်း။ သွေးအဆိပ်ဖြစ်ပြီး သေဆုံးသွားတယ် လို့ ပြောတာပဲ၊ ခင်ဗျား အရမ်းခံစားနေရပြီ ထင်တယ်"

"ဟုတ်တယ်ဗျ၊ ကျွန်တော်နဲ့သူနဲ့ ခင်မင်မှုအတိုင်းအတာဟာ အရှိန်မြင့်မြင့် ပြောင်းလဲရွေ့လျားနေတယ်၊ ဒါကလည်း သူ့ရဲ့ပြောစကားတွေကြောင့်ဆိုရင် ပိုပြီးမှန်မလားမသိဘူး"

"သူ ဘာတွေ ပြောဖူးလို့လဲ ကိုဘထွန်းအောင်"

"အင်း··· စုံလို့ပါပဲ၊ မမှတ်မိတော့ပါဘူးဗျာ···"

"ကျွန်တော့်ကိုတော့ သေခါနီး စကားတစ်ခွန်း ပြောသွားတယ်ဗျ၊ အဲ··· အဲဒီစကား တစ်ခွန်းကို ကောင်း၊ကောင်း၊ မှတ်မိနေတယ်၊ အဲဒီစကားက ခင်ဗျားနဲ့ ဆိုင်နေသလိုပဲ"

"ဟင်··ဟုတ်လား။

ပြော···ပြောစမ်းပါအုံး ကိုကျော်ဝေယျ၊ ကျွန်တော်အရမ်းခံစားနေရလို့ပါဗျာ"

"ဟို···ဟိုဗျာ···

ကျွန်မ သေသင့်ပါတယ်၊ ဒါပေမဲ့ ကိုဘထွန်းအောင် က ခွင့်ပြုမယ်ဆိုရင်တော့ မသေချင်သေးဘူးတဲ့"

"ဗျာ···"

အလွန် အံ့အားသင့်သွားပြီး လက်တွင်ကိုင်ထားသော တယ်လီဖုန်းစကားပြောခွက်မှာ စားပွဲပေါ်သို့ ပြုတ်ကျသွားလေသည်။


ရဲဘော်ရေချမ်း (သန်လျင်)

➠ ➠ ➠



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(တစ်)

လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်ကာလေးအထိ လှော်ကားရွာမှာ ရွာကြီးတစ်ရွာအနေနှင့်ပင် ရှိသေးသည်။ ယခုလို ရွှေပြည်သာမြို့နယ်ထဲတွင် မပါဝင်သေးဘဲ အင်းစိန်မြို့နယ်ထဲမှ စည်ကားသော ရွာကြီးတစ်ရွာအဖြစ်နှင့် ရှိပါသေးသည်။

အရှေ့ဘက်တွင် လှော်ကားကန်ကြီး တည်ရှိနေပြီး ကန်ပေါင်နှင့် တောင်ကုန်းမြင့်ကြီးတွေက ကာယီးထားသလို လှော်ကားရွာ၏အရှေ့ဘက် နံရံသည် တောတောင်သဘာဝ တံတိုင်းဖြစ်နေ၏။ အနောက်ဘက်တွင်မူ အင်းစိန် ရန်ကုန်-ပြည်သွား ရထားလမ်းကြီးနှင့် လှိုင်မြစ်ကြီးက အနားသတ်ထားလေသည်။

လှော်ကားကန်ကြီးကို သာမုကန်ဟုလည်း ခေါ်တတ်ကြသေးသည်။ အင်္ဂလိပ်ကိုလိုနီခေတ် ရန်ကုန်မြို့ကွက်စရိုက်စဉ်က အင်းလျားကန်သည် ရန်ကုန်မြို့တွင် ရေပေးဝေရာ ကန်ဖြစ်ရာက သောက်သုံးရေမလုံလောက်သဖြင့် လှော်ကားကန်ကြီးမှ ရေပေးဝေကြရသည်။ ပိုက်လုံးကြီးတွေ သွယ်ခဲ့ရသည်။

လှော်ကားကန်မှာ တောင်ပတ်လည်ဝိုင်းနေသော သဘာဝကန်ကြီးဖြစ်၏။ ကန်ပေါင်တောင်ကုန်းများပေါ်မှာ ရှေးခေတ် မွန်မင်းများတည်ထားခဲ့သော ဘုရားစေတီများ၊ ကျောင်းကန်ဇရပ်၊ နတ်ကွန်းကြီးများနှင့် ပြည့်နှက်နေလေသည်။ စစ်မဖြစ်ခင်က နာမည်ကြီးခဲ့သော 'မင်းစိန်မင်းသိန်သိုက်'ကဲ့သို့ ဒဏ္ဍာရီဆန်ဆန်ဖြစ်ရပ်များလည်း ပေါ်ထွန်းခဲ့လေသည်။ ဥစ္စာစောင့်သိုက်တွေရှိသည်ဟု ကျော်ကြား၏။ ကာသစ်များဝယ်လျှင် အန္တရာယ်ကင်းအောင် ဦးတိုက်နတ်ပြုပူဇော်ပသရလေ့ရှိသော ရွှေညောင်ပင်ဘိုးဘိုးကြီးနတ်ကွန်းသည် ယခုတိုင် အထင်အရှား။

ထိုသို့ တောင်ပတ်လည်ဝိုင်းနေသော ကန်ကြီးကို တောင်ကုန်းဟောင်ဆွယ် အနိမ့်အမြင့်ဝိုင်းနေရာအချို့မှာ ဆည်များဖို့၊ ကန်ပေါင်များတည်လိုက်သဖြင့် ရေဝင်ဧရိယာ ကျယ်ပြန့်သွားပြီး ကန်ကြီးအတွင်း၌ ကျွန်းများ၊ ကျွန်းဆွယ်များ၊ ကျွန်းဆက်များနှင့် လှပသာယာကြည်နူးဖွယ်၊ လွမ်းဆွတ်တမောဖွယ်လည်း ရှိသည်။

လှော်ကားရွာမှာ လှော်ကားကန်ကြီး၏ အနောက်ဘက်တွင်ရှိ၏။ လှော်ကားရွာကဲ့သို့ သာမုကန်ရွာ၊ ထန်းပင်ရုံ၊ ဗီးကုန်းရွာများသည်လည်း လှော်ကားကန်ကြီး၏ အနောက်ဘက်တွင် အလျှ



www.burmeseclassic.com

www.burmeseclassic.com

လိုက် ဆက်သွားကြလေသည်။ လှော်ကားကန်၏ အရှေ့ဘက်ခြမ်းမှာမူ ထောက်ကြန့်၊ ရွှေညောင်ပင်၊ ပျဉ်းမပင်၊ ဝါယာလက်၊ မင်္ဂလာဒုံကိုဖြတ်ပြီး ရန်ကုန်–မန္တလေးနှင့် ရန်ကုန်–ပြည်သွား ကားလမ်းမကြီး ရှိလေသည်။

ထိုစဉ်က ထိုအဝေးပြေးကားလမ်းမကြီးသည် တစ်ခုတည်းသာရှိပြီး ထောက်ကြန့်လမ်းဆုံရောက်မှ ရန်ကုန်–မန္တလေးလမ်းသည် အရှေ့မြောက်ဘက် လှည်းကူးသို့ ခွဲထွက်သွားကာ ရန်ကုန်–ပြည်သွား ကားလမ်းမှာ မှော်ဘီဘက်သို့ အနောက်မြောက်ဘက် လမ်းအဖြစ် ခွဲထွက်သွားလေသည်။ ယင်းကြောင့် လှော်ကားကန်ကြီး၏ အရှေ့ဘက်ခြမ်းသည် ထိုတစ်ခုတည်းသော အဝေးပြေးလမ်းကြောင့် လူနေအိမ်ခြေ အတော်အသင့်များကာ မြို့ပြအရိပ် ထိုးနေ၏။

လှော်ကားကန်၏ အနောက်ဘက်ခြမ်းရှိ ရွာများမှာ ကားလမ်းမည်ကာမတ္တ ဂဝံခင်းလမ်းကြမ်းသာ ရှိပြီး အနီးဆုံးမြို့ကြီးဖြစ်သော အင်းစိန်သို့သွားလိုလျှင် တောင်ဘက် ဒညင်းကုန်းလမ်းဆုံသို့ မြင်းလှည်းနှင့်လာကာ ဒညင်းကုန်း–အင်းစိန် ပြေးဆွဲသော ဒုတိယကမ္ဘာစစ်လက်ကျန် ဒေါ့ဂျစ်ကားများ စီးကြရသည်။ ရန်ကုန်သို့သွားလိုလျှင် ဒညင်းကုန်းလမ်းဆုံ အရောက် ခြေလျင်၊ စက်ဘီး၊ မြင်းလှည်းနှင့်ဖြစ်စေ၊ နွားလှည်းနှင့်ဖြစ်စေ သွားပြီး ရန်ကုန်ဘက်သွားသော အဝေးပြေးကားကြီးများကို စီးကြရသည်။ တစ်နေ့နှစ်ကြိမ် အဝင်အထွက်ရှိသော ရထားဖြင့်လည်း လှော်ကားဘူတာမှ စောင့်စီးပြီး သွားနိုင်၏။

လှော်ကား၊ သာဓုကန်၊ ဇီးကုန်းမှ ရွာသူရွာသားတို့အတွက် အချိန်မှန် ရန်ကုန်သို့ ထွက်တတ်သော ဈေးကားတော့ ရှိပါသည်။ ထိုဈေးကားက မနက်စောစောတစ်ကြိမ် အသွား၊ ညနေခင်းတစ်ကြိမ် အပြန်နှဲ ပြေးဆွဲပေးသည်။ တောင်ကုန်းကမူ ဂဝံလမ်းပေါ်တွင် ဆီးဖြူသီးကို ဆန်ကောထဲ ထည့်လှိမ့်သည်နှယ်မခြား လမ်းက ကြမ်းလှသည်။

ဆိုရလျှင် လှော်ကားကန်ကြီး၏ အရှေ့ဘက်ကမ်းသည် မြို့ဆန်နေပြီး အနောက်ဘက်ကမ်းသည် တောဆန်လျက် ရှိသေးသည်။ အနောက်ဘက်ခြမ်း ရေမြေတောတောင် ရာသီဥတုမှာလည်း တောတောင်ကမ်းပါးယံကြီးတွေနှင့် ဆက်စပ်တည်ရှိနေသဖြင့် ထိုစဉ်က ပဲခူးရိုးမကြီးနှင့်မခြား။ တောကောင်တွေ ပျော်ပါးကျက်စားရာ အရပ်ဖြစ်၍နေပါသေးသည်။

● ● ●

(နှစ်)

ကျွန်ုပ်သည် ပင်ကိုသဘောသဘာဝအားဖြင့် တောတောင်ထဲတွင် ပျော်လေ့ရှိသော စရိုက်ရှိသောကြောင့်လားမသိ။ လှော်ကားရွာတွင် နေရသည်ကို အလွန်နှစ်မြို့က်ပျော်ပိုက်မိလေ၏။ ယင်းကြောင့်လည်း လှော်ကားရွာကို ယခင်စဉ်က မကြာခဏ ရောက်ရောက်နေတတ်သည်။ ထိုသို့ မကြာခဏရောက်နိုင်သည်မှာလည်း ကျွန်ုပ်နှင့် ညီအစ်ကိုအရင်းလို ချစ်သော ကျွန်ုပ်ငယ်သူငယ်ချင်း မျိုးမြင့် (ခေါ်)ပေါက်စကြီးကြောင့်လည်း ဖြစ်၏။

ပေါက်စကြီးသည် ငယ်စဉ်က အင်မတန် ဆိုးသူဖြစ်၏။ ကျွန်ုပ်ကလည်း သူ့နည်းတူ ခပ်ဆိုးဆိုးမို့ တွဲဖြစ်ကြသည်။ သို့သော်... ကျွန်ုပ်က ပေါက်စကြီးထက် တစ်ခုသာသည်မှာ ကျောင်းစာဘက်၌ အလွန်ကြိုးစားခြင်း ဖြစ်၏။

စာတော်၍ အတန်းထဲတွင် အမြဲတမ်း အဆင့်(၁)ရလေ့ရှိသော ကျွန်ုပ်ကို ပေါက်စကြီး၏ အမေက ပေါက်စကြီး စာဘက်တွင် ကြိုးစားလာစေရန် ကျွန်ုပ်နှင့် အပေါင်းအဖော်ဖြစ်သည့်အတွက် ပ... ကြည့်နှစ်သက်ကြသည်။ ကျွန်ုပ်မိဘမျ... နှင့် ခွဲခွာနေရစဉ်ကာလဖြစ်ပြီး ပေါက်စကြီး... တို့အိမ်မှာ စားအိမ်သောက်အိမ်သာမက... နေအိမ်ပင် ဖြစ်လာသည်။ ပေါက်စကြီး... အဖေနှင့်အမေက စာတော်သော ကျွန်ုပ်... ကို သူ့တို့သားအဖြစ် ပြောလေ့ရှိပြီး... ကျွန်ုပ်မှာ ပေါက်စကြီးတို့အိမ်၌ တချ... စာတမ်းများ မချုပ်ဆိုရဘဲ မွေးစားသာ... ဖြစ်နေခဲ့လေသည်။

ပေါက်စကြီးအဖေ အင်းစိန်ရဲစခ... မှူး ဦးအောင်လှ နှစ်စေ့၍ ပင်စင်ယူကာ... မွေးရပ်ဇာတိဖြစ်သော လှော်ကားရွာသ... ပြန်သွားပြီး အခြေပြန်ချကြသည့်အခ... ကျွန်ုပ်မှာ အင်းစိန်ရှိ ကျွန်ုပ်အစ်မများအိ... တွင် ပြန်နေခဲ့ရလေသည်။

သို့သော် ကျောင်းပိတ်ရက်တိုင်... ပေါက်စကြီးတို့ရှိရာ ကျွန်ုပ်၏ မွေးစာ... အဖေ၊ အမေများရှိရာ လှော်ကားရွာကြ... သို့ ကျွန်ုပ်ရောက်သွားတတ်သည်။ ... သို့ ကျောင်းပိတ်ရက်တစ်ပတ်တစ်ကြိ... လောက်မှ မရောက်လျှင် ကျွန်ုပ်နေထို... ရာ အစ်မများအိမ်သို့ ပေါက်စကြီးရောက်... လာတတ်၏။

"မင်းကို အဖေနဲ့အမေက ခေါ်ခိုင်း... လိုက်တယ် ကျော်ကြီး"

သို့ဖြင့် ကျွန်ုပ်သည် ပေါက်စကြီး... နှင့် လှော်ကားရွာသို့ လိုက်လာခဲ့ဖြစ်သ... ချည်း။

● ● ●

(သုံး)

ပေါက်စကြီးကား ကျောင်းစာဘက်... တွင် ထုံပေပေရှိသော်လည်း ကျွန်ုပ်လိုပ... ကဗျာရူး စာပေရူးဖြစ်၏။ ထိုအကြောင်... အချက်ကြောင့်လည်း ကျွန်ုပ်တို့နှစ်ယောက်... အဓိကတွဲဖြစ်ခြင်း ဖြစ်နိုင်ရာပါသည်... သော် လှော်ကားရွာကိုရောက်သွားတော...



www.burmeseclassic.com

www.burmeseclassic.com

သူက လော့်ကားနှင့် လိုက်လျောညီထွေ ကျေးလက်တောရွာသားလို ခွင်ကျနေလေသည်။

ကျွန်ုပ်မွေးစားအဖေ ဦးအောင်လှကလည်း လော့်ကားတွင် သူ၏ လယ်အစပ် ခြံကျယ်ကြီးတွင် ငါးမွေးကန်ဖော်ပြီး တစ်ဘက်က လယ်လုပ်၊ တစ်ဖက်က ငါးမွေးလေသည်။

ငါးမွေးကန်မှာ ထွေထွေထူးထူး တူးရသည်မဟုတ်ဘဲ လော့်ကားကန်ကြီးထဲမှ မိုးတွင်းအခါ ရေပိုရေလျှံ ကျလာသော မြောင်းကို တစ်ဖက်ရပ်ဆည်သဘောမျိုး ပိတ်ထားလိုက်ရုံနှင့် ခြံစပ်မှာ ကန်ကြီးတစ်ကန် အဆင်သင့်ဖြစ်သွား၏။ ထိုတစ်ဆင့်ခံကန်မှ ရေပိုရေလျှံများသည် အနိမ့်ပိုင်းရှိ လယ်ယာ၊ စိုက်ခင်းတွေထဲ စီးဝင်ကာ ချောင်းမကြီးမှနေ၍ လှိုင်မြစ်ကြီးအတွင်း စီးဝင်သွားလေသည်။ ငါးကန်မှ မွေးမြူထားသောငါးတွေ ထွက်မသွားစေရန် ရေလျှံပေါက်မှာ ယင်းလိပ်များဖြင့် ပိတ်ကာထားရလေသည်။ မိုးမရွာသည့်အခါ ရေများလျှံမကျတော့ချေ။

အဘဦးအောင်လှသည် ငယ်စဉ်ကတည်းက လော့်ကားရွာသားပီပီ တကယ့်ကျေးလက်တောသားသဏ္ဍာန် သူ့သားပေါက်စကြီးထက် ပို၍ အံဝင်ခွင်ကျ ရှိနေလေသည်။ ငါးမွေးကန်မှ ငါးအချို့ကို ကွန်ပစ်၍ ကျွန်ုပ်တို့အား အဘဦးအောင်လှက ကျွေးသည်။ အဘဦးအောင်လှ ကွန်ပစ်၍မှမကျွေးလျှင် ပေါက်စကြီးက အဘဦးအောင်လှ ငါးစောင့်တဲမှ ရွာထဲသို့အပြန်၌ ကွန်ပစ်မည်ကို အဘကသိထား၍ ဖြစ်သည်။ သူကိုယ်တိုင် ကွန်ပစ်တော့ ကန်ထဲမှာ မမွေးအပ်သော ငါးများကို ကွန်ထဲမှယူပြီး ပေါက်စကြီးအား ကြော်လော့်ခိုင်းရုံသာ။ မမွေးအပ်သော ငါးဆိုတာက ငါးကြင်းမွေးသော ကန်ထဲမှာ ငါးရံ့လို၊ ငါးပတ်လို၊ ကကတစ်လို သားစားငါးမျိုးများပင်။

လယ်စပ်၊ ချောင်းစပ်တွင် ကန်တည်၍ ငါးမွေးလျှင် အတော်ဂရုစိုက်ရသည်။ မွေးမြူရေး ငါးတွေကလည်း သဘာဝလယ်ရနံ့၊ ချောင်းရနံ့ဖြင့် ပို၍ ပျော်မြူးကြကာ သားပေါက်အားတော့ ပိုကောင်းသည်။ လယ်စပ်၊ ချောင်းစပ်ဆိုသည်က ချောင်းမကြီးတွေ၊ ရိုးကြီးတွေနှင့် ဆက်စပ်နေကာ မိုးတွင်း ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ကာလဆိုလျှင် မိုးနှင့်အပြိုင် ငါးရစ်ထချိန်။ သားစားငါးတွေ ရေထနှင့် ပါလာပြီး မွေးမြူရေးကန်ထဲတွေ ဝင်မိတတ်ကြသည်။

ထိုအခါမျိုး၌ ဝေသာလီပြည်ဘီလူးဝင်သလို ငါးကန်တွေထဲမှာ ညကြီးအချိန် ဟိုနေရာက ဖြောင်းခနဲ၊ ဒီနေရာက ဖြန်းခနဲ မသိလျှင် သရဲခြောက်နေသည်လား ထင်ရသည်။ မွေးမြူရေးငါးအကောင်ကြီးနှင့် ငါးရှိုင်းတို့ တိုက်ပွဲပင်။ မွေးမြူရေးငါး အကောင်ငယ်ပါက ငါးရှိုင်းက ပါးစပ်ပေါက်ကျယ်ကြီးနှင့် ဟပ်ဆွဲမျိုချလိုက်ရုံ၊ မွေးမြူရေးငါး အကောင်ကြီးလျှင်မူ မိရာလှမ်းဟပ်ရာမှ ထိုအသံတွေ ထွက်လာတတ်ခြင်း ဖြစ်၏။ ငါးရှိုင်းဟပ်မိသော မွေးမြူရေးငါး အစားမခံရလျှင်လည်း ဒဏ်ရာတွေ ရသွားတတ်သည်။ ငါးရှိုင်းကဟပ်၊ မွေးမြူရေးငါးက ရုန်းနှင့် အသံတွေထွက်နေခြင်းပင်။ ငါးရှိုင်းကိုက်သော ဒဏ်ရာမှ အနာဖြစ်ကာ တစ်စတစ်စ ပုပ်ပြီး တခြားငါးတွေပါ ကူးစက်၍ ငါးနာကျလေတော့သည်။ ငါးရှိုင်းဝင်မွေသော ငါးကန်သည် သားပေါက်လည်း အ,သွားတတ်သည်။

ပေါက်စကြီးသည် ငါးရှိုင်းဖြစ်ဖြစ်၊ မွေးမြူရေးငါးဖြစ်ဖြစ် ရရာငါး ကွန်ပစ်၍ ပြီးစလွယ် ဖမ်းတတ်၏။ ဒါကို အဘဦးအောင်လှက သိနေ၍ သူကိုယ်တိုင် ကွန်ပစ်ကျွေးခြင်း ဖြစ်သည်။ ငါးရှိုင်းမရှိလျှင်လည်း မွေးမြူရေးငါးတွေထဲမှ ငါးခူလို၊ ငါးကျည်းလို ငါးတွေ ဖမ်းကျွေးသည်။ နမြော၍မဟုတ်။ လူကြီးပီပီ စည်းကမ်းစနစ်ရှိခြင်းပင်။ တပေါင်း၊ တန်ခူး ငါးကန်ဖော်သည့်အချိန်ဆိုလျှင်တော့ ကြိုက်ရာငါး စားပေရော့။

ကျွန်ုပ် လော့်ကားသို့ရောက်စက ငါးတွေအကြောင်း၊ လော့်ကားကန်သစ်တောကြိုးဝိုင်းအတွင်းမှ တောတိရစ္ဆာန်တွေအကြောင်း လုံးဝ သိခဲ့သည်မဟုတ်။ ကျွန်ုပ်သူငယ်ချင်း ပေါက်စကြီးက ငါးမွေးကန်စောင့်တဲ၌ ကျွန်ုပ် သူနှင့်အတူ ငါးကန်စောင့်ရင်း အိပ်ကြစဉ် ကျွန်ုပ်အထာမသိ၍ ကြောက်စိတ်ဝင်မည်စိုး၍ ရှင်းပြတတ်သည်။

"ဒီလို လယ်နဲ့နီးနီး ချောင်းကမ်းစပ်အနားတွေမှာ ငါးမွေးပြီဆိုရင် အတော်ဂရုစိုက်ရတယ်ကွ။ စောစောက ကန်ထဲမှာ တဖြောင်းဖြောင်း၊ တဖြန်းဖြန်း ဖြစ်နေတာ ငါးရှိုင်းဝင်နေလို့ပဲ"

"ငါးရှိုင်းမဝင်နိုင်အောင် ကန်ပေါင်တွေ ဘာတွေ ဖို့ထားတာပဲမဟုတ်လား"

"အေးကွ . . ။ ဒါပေမဲ့ ငါ့သဘာဝကလည်း ဆန်းတယ်ကွ။ ခုလို ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဆိုရင် မိုးရေနဲ့အတူ ငါးတွေ ထကြပြီ၊ မြစ်တွေ၊ ချောင်းတွေ၊ အင်းတွေ၊ ကန်တွေ နေရာပေါင်းစုံက ငါးတွေ ရေဆန်တက်လာတတ်ကြပြီး မြူးပျော်ခုန်ပျံပြီး ငါးမွေးကန်ထဲကို ညရေကြီးချိန်မှာ ဝင်လာတတ်တယ်"

"လူတွေ သိပ်ပြီးအပျော်လွန်တာမြင်ရင် ငါးရစ်တက်တယ်လို့ ဒါ့ကြောင့်ပြောတာကိုး"

"ဟုတ်ပ။ ငါးရစ်တက်ချိန်မှာ ငါးတွေဟာ ဘာအန္တရာယ်မှမမှုဘဲ ပျော်နေကြတာကို။ ငါးမွေးကန်ထဲဝင်ဖို့ကတော့ ခုလို ရေကြီးချိန်မှာ ရေဝင်ရှိစရာမလိုပါဘူး။ ငါးရှိုင်းတွေခုန်ပြီဆိုရင် သုံးလေးကိုက်

www.burmeseclassic.com

www.burmeseclassic.com

အကွာအဝေးကို တစ်ချက်ခုန်နဲ့ ရောက်နိုင်တယ်။ သူတို့အစာဖြစ်တဲ့ မွေးမြူရေးကန်က ငါးရှိနေတာကို သိနေတော့ အစာမာန်တက်ပြီး ပိုးပို့တောင် ခုန်နိုင်သေးတယ်''

''ဒါဆို ငါးရစ်တက်ချိန်မှာ အဲဒီငါးရိုင်းတွေ စောင့်ဖမ်းကြရင်ကော ...''

''ငါတို့ ငါးမွေးမြူရေးသမားတွေက ခပ်ကျဲကျဲမိတတ်တဲ့ ငါးရိုင်းကို စောင့်ဖမ်းဖို့ စိတ်မဝင်စားဘူး။ ဟောဟိုက လယ်ကွင်းအစပ် ချောင်းရိုးမှာ မီးတွေတဝင်းဝင်းဖြစ်နေတာကို မင်းမြင်လား ...''

ကျွန်ုပ် ပေါက်စကြီးညွှန်ပြရာ ခပ်လှမ်းလှမ်း လယ်ကွင်းအစပ်သို့ လှမ်းကြည့်လိုက်မိသည်။ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနဲ့ ဟိုမှသည်မှ ပေါ်ထွက်လှုပ်ရှားနေသည်တို့ကို မြင်လိုက်ကြရသည်။

''အဲဒါ ရေဆင်းပေါက်တွေက စောင့်ပြီး ငါးရစ်တက်လာတာကို ဓားနဲ့ စောင့်ပြီး ဖမ်းတဲ့လူတွေပဲ။ ခုလို မိုးရွာချိန်ဆိုရင် ဆောင်ဓားတွေ၊ ပလိုင်းတွေနဲ့ သူတို့ထွက်လာကြပြီ။ ငါးရစ်ကလည်း မိုးရွာမှ ပိုမြူးတတ်တာကိုး ...''

''ငါက အဲဒါမျိုးလုပ်ကြည့်ချင်တာ။ ကန်ထဲက ငါးဖမ်းတာက ရိုးနေပြီ၊ အတွေ့အကြုံအသစ်တစ်ခုခုကို ရတာပေါ့''

''ဒါဆို နောက်နေ့ညကျရင် ငါ့ညီ အောင်ဆန်းကို ရွာထဲအိမ်က လှမ်းခေါ်ပြီး ငါးစောင့်တဲမှာ စောင့်အိပ်ခိုင်းပြီး မင်းနဲ့ငါ ငါးရစ်သွားခုတ်ကြတာပေါ့''

''ခုသွားခုတ်ရင်ကော မဖြစ်ဘူးလား။ ဒီတဲမှာ ဆောင်ဓားကော၊ လက်နှိပ်ဓာတ်မီး ကော၊ ပလိုင်းကော ရှိနေတာပဲ''

''ဟာ ... အဲဒီလို လွယ်လွယ်နဲ့ လုပ်လို့မဖြစ်ဘူးကွ။ ဒီမှာက မြို့ပေါ်မှာလို မဟုတ်ဘူး။ ကွင်းထဲထွက်မယ်ဆိုရင် ကွင်းပိုင်တွေဘာတွေ မြှောက်ရဦးမှာ''

''မင်းတို့ဟာက တစ်မျိုးပဲ။ ဘယ်လိုကြီးလဲမသိဘူး''

''သူ့အရပ်၊ သူ့ဇာတ်၊ သူ့နေရာ၊ သူ့အထာနဲ့သူပေါ့ကွာ ...''

ထိုနေ့ညက ငါးရစ်ခုတ်မည့်အလုပ်ကို ကျွန်ုပ် အောင့်အည်းမျိုသိပ်ကာ ကန်စောင့်တဲမှာ အိပ်လိုက်ရသည်။

● ● ●

(လေး)

ကျွန်ုပ်မှာ ထိုစဉ်က လူငယ်သဘာဝ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။ ငါးမွေးကန်ပေါင်ပေါ် ငါးစောင့်တဲကလေးမှာ ခပ်နိမ့်နိမ့်နှင့် ကန်ပေါင်အလိုက် ရှည်မျောမျော ဆောက်ထားရသည်။ ခပ်နိမ့်နိမ့်ဆောက်ကြရခြင်းမှာ ကန်ပေါင်အမြင့်ကို လေတိုးလျှင် လေဒဏ်ခံနိုင်ရန် ဖြစ်၏။

ငါးစောင့်တဲအမိုး ခပ်နိမ့်နိမ့်ကလေးအပေါ် မိုးရေစက်တွေ တဖျောက်ဖျောက်ကျဆင်းနေသည်မှာ ကျွန်ုပ်ကို တေးဂီတစည်းဝါးလိုက်သံကလေးနှင့် ချော့သိပ်နေသည့်အလား ထိုအရသာကို ကျွန်ုပ်တစ်သက် မမေ့နိုင်တော့ချေ။

ကျွန်ုပ်အိပ်ပျော်နေစဉ် အိပ်မက်လိုလို ဘာလိုလို အသံနက်ကြီးတစ်ခု ကြားလိုက်ရသည်။

''အောင်မယ်လေးဗျာ့ ... ကယ်တော်မူကြပါ''

''ဘကြီးအောင်လှရဲ့ ငါးကန်စောင့်သခြကြီးဗျာ့ ...''

''ဝုန်း ... ဝုန်း''

ထိုအသံများကြောင့် ကျွန်ုပ်လန့်နိုးသွားပြီး ဖျတ်ခနဲ ထထိုင်လိုက်မိသည်။ ပေါက်စကြီးမှာ နိုးနှင့်နေကာ အသင့်ဆောင်ထားသော ငှက်ကြီးတောင်ဓားကို ဆွဲကာ ထရပ်နေလေပြီ။

''ဝေါ ... ဝုန်း ... ဝရုန်းရုန်း''

ရေကန်ထဲက ရေသံတွေ၊ ရေ
သံတွေ ကြားလိုက်ရာဘက်သို့ ပေါ
ကြီး လက်ထဲမှ လက်နှိပ်ဓာတ်မီးနှင့်
ထိုးလိုက်သည်။ ရေကန်တစ်ဖက်အ
တောအုပ်အတွင်းသို့ အကောင်ကြီး
ကောင် ခုန်ဝင်သွားသည်ကို တွေ့လို
ကြရသည်။ ရုတ်တရက်မို့ ဘာကြေ
ကြီးမှန်း မသိလိုက်။ အမျိုးအမည်
ခြားလိုက်နိုင်ဘဲ ရှိတော့သည်။

''အကောင်ကြီးက အလျား
ရှည်နဲ့ မြွေတော့မဟုတ်ဘူး။ ခြေ
လက်တွေ တွေ့လိုက်ရသလိုပဲ''

''အေးကွ၊ ရေကူးလည်း ကျ
တယ်။ တောထဲလည်း ဝင်ပြေးနိုင်တ

''စောစောက လူတစ်ယေ
အော်လိုက်သံလို အဘဦးအောင်လှ
ထားတဲ့ အစောင့်သရဲကြီးများလား''

''အဖေနဲ့ ရွာထဲက ရှမ်းဆရာ
တို့လုပ်ထားတဲ့အလုပ်တွေ ငါလည်း
ဘူးကွ''

ပေါက်စကြီးက ပြောရင်း လက်
မှ လက်နှိပ်ဓာတ်မီးနှင့် ကန်ရေပြင်
ဝိုက် လိုက်လံထိုးကြည့်ရာမှ ကန်
တစ်ဖက် ရေထုတ်ပေါက်အနီး၌ လူ
ယောက်လဲကျနေသည်ကို မြင်လိုက်
အံ့အားသင့်ပြီး ပြောလိုက်သည်။

''ဟာ ... ဟိုမှာ လူတစ်ယေ
လဲနေပါလား။ ကေန္တ ငါးသူခိုးနဲ့တူတ

ပေါက်စကြီး ပြောပြောဆိုဆို
သွားသဖြင့် ကျွန်ုပ်လည်း ကျွန်ုပ်အေ
အသင့်ရှိနေသော လုံတစ်ချောင်း
ယူပြီး ပေါက်စကြီးနောက်မှ လိုက်
သည်။

ငါးမွေးကန်မှာ အထက်အေ
နှစ်ဆင့်ကန်ဖြစ်ပြီး အောက်ဘက်က
ရေထုတ်ပေါက်ဖောက်ကာ ယင်း
ပေးထားသည်။ ကန်တစ်ကန် အ
အဝန်းမှာ ပေနှစ်ရာပတ်လည်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com

ပေါင်ပေါ်တွင် ငှက်ပျောပင်၊ သဘော်ပင်၊ ခန့်ဒလွန်ပင်များကို စိုက်ပျိုးထားသည်။ ထိုအပင်မြင့်များအောက်ဘက်တွင် စပါးလင်ပင်များကို အဖုတ်လိုက် စိုက်ပျိုးထားလေသည်။ ကန်ပေါင်ပေါ်၌ လဲနေသူမှာ တညည်းညည်းတညူညူနှင့် ရေထွက်ပေါက် စပါးလင်ဖုတ်အနီးမှာ လူးလိမ့်နေလေသည်။

"အမယ်လေး ... လုပ်ကြပါဦး။ ကယ်ကြပါဦး"

သတိလစ်မမေ့မြောရုံတစ်မည် သွေးသံရဲရဲနှင့် လူးလိမ့်အော်ဟစ်နေသည်။ ထိုသူ့နံဘေးတွင် လွတ်ကျနေသော ဆောင်းဓားတစ်လက်နှင့် ပလိုင်းတစ်လုံး ရှိနေ၏။ ပလိုင်းကတော့ ထိုသူ့ကိုယ်လုံးနှင့် ဖိမိပြီး ပိပြားလျက်ရှိချေပြီ။

"ဟင် ... ဂျပန်ကြီးပါလား။ ဘာလဲ ငါးမွေးကန်က ငါးလာခိုးတာပေါ့လေ။ မင်းခံရတာ နည်းသေးတယ်။ သေသွားမှ ကောင်းမှာ ..."

ဂျပန်ကြီးဆိုသူမှာ ကျွန်ုပ်တို့နှင့် ရွယ်တူတန်းတူဖြစ်၍ ပေါက်စကြီးနှင့်လည်း တစ်ရွာတည်းသား သူငယ်ချင်းဖြစ်ပုံရသည်။ ဂျပန်ကြီး သွေးသံရဲရဲကြားမှ မထနိုင်ဘဲ ပြန်ပြောသည်။

"ပေါက်စကြီး ငါ့ကိုကယ်ပါဦးကွာ။ ငါ မင်းတို့မွေးထားတဲ့ငါးကို လာခိုးတာမဟုတ်ပါဘူး။ ငါ့မှာ ကွန်လည်းမပါပါဘူး။ ရေထွက်ပေါက်ကခုန်တက်လာတဲ့ ငါးရစ်တွေ လိုက်ခုတ်ရင်း ဒီဘက်ကိုရောက်လာတာပါ။ အား ... အား ... ငါသေရတော့မယ် ... ကယ်ကြပါကွာ"

ဂျပန်ကြီးမှာ သူပြောသလိုပင် ငါးကန်မှ ငါးလာခိုးသူမဟုတ်တာတော့ သေချာသည်။ သူ့မှာ ငါးဖမ်းနိုင်သည့် ကွန်တို့၊ ငါးမျှားတံတို့ ပါမလာခဲ့။ ကျွန်ုပ်နှင့် ပေါက်စကြီးတို့ ဂျပန်ကြီးကိုတွဲပြီး ငါးမွေးကန်စောင့်တဲဆီသို့ ခက်ခက်ခဲခဲခေါ်လာခဲ့ရသည်။

"မင်းတို့ကန်မှာ သရဲမွေးထားတယ်ဆိုတာ ငါတကယ်ယုံသွားပြီ ... အား"

ဂျပန်ကြီး ညည်းတွားရင်းက တတွတ်တွတ်ပြောသည်။ ကျွန်ုပ်မှာ အထူးအဆန်းမို့ သိချင်စိတ်နှင့် လှမ်းမေးမိသည်။

"အဲဒီ သရဲဆိုတာကြီးကို ခင်ဗျား တကယ်မြင်လိုက်လား"

"မြင်တာပေါ့ကွာ။ လူလိုအကောင်လည်းမဟုတ်ဘူး။ မျက်လုံးနီနီကြီးနဲ့။ အစွယ်ကြီးတွေ၊ လက်သည်းကြီးတွေနဲ့ ငါ့ကို လှမ်းခုန်အုပ်ပြီး ကုတ်ဖဲ့ကိုက်ခဲ့တော့တယ်။ ငါဓားနဲ့ ပြန်ခုတ်ခဲ့လို့ အသက်မသေဘဲ ကျန်ခဲ့တာ"

"အဲဒီသရဲကြီးကိုကော ဓားနဲ့ ခုတ်မိသွားသေးလား"

"ကြောက်ကြောက်လန့်လန့်နဲ့ ငါခုတ်ရတာမို့ ငါ့ဓားချက် ထိမထိတော့ မသိလိုက်ပါဘူးကွာ။ ဒီကောင်ကြီး ရေထဲပြန်ခုန်ဆင်းသွားတာတော့ သိလိုက်တယ်"

"ကဲ ... ဂျပန်ကြီး။ မင်းကို ရွာထဲက ကျန်းမာရေးဆေးခန်းကို ပို့ဖို့ ငါ ရွာက လူတွေ သွားခေါ်ဦးမယ်"

"အမယ်လေး ... ငါ့ကိုမထားခဲ့ပါနဲ့။ မင်းတို့ ငါးမွေးကန်မှာ နေခဲ့ရမှာကို ကြောက်လွန်းလို့ပါ"

"ကြောက်လည်း မတတ်နိုင်ဘူး။ ငါတို့နှစ်ယောက် မင်းကို ထမ်းစင်လုပ်ပြီး မထမ်းနိုင်ဘူး။ ကျန်းမာရေးဆေးခန်းမှာမှ ထမ်းစင်တွေဘာတွေ အဆင်သင့်ရှိနေမယ်။ ပြီးတော့ တစ်ယောက်တစ်လဲမ,ဖို့ လူပိုခေါ်ရဦးမယ်။ မင်း ခုမှ ကြောက်မနေနဲ့။ မင်းနဲ့အတူ မြို့ပေါ်ကရောက်နေတဲ့ ကျော်ကြီးပါ ကျန်ခဲ့မယ့်ဟာ"

ပေါက်စကြီးပြောပြီး ကျွန်ုပ်ကို စောစံဝင်းအား တဲမှာအဆင်သင့်ဆောင်ထားသော ချက်အရက် အနည်းငယ်တိုက်ထားရန်ပြောပြီး ရွာဘက်သို့ မိုးရွာကြီးထဲမှာ ထွက်သွားရန် ပြင်သည်။

"ပေါက်စကြီး ... နေပါဦးကွ"

ကျွန်ုပ်ထံမှ အသံထွက်ပေါ်သွားခြင်းဖြစ်၏။

"ဘာလဲကွ ...။ မင်းကလည်း ကြောက်ပြီးမနေရဲပြန်ဘူးလား"

"ဘာလို့ ကြောက်ရမှာလဲကွ။ ငါက အင်းစိန်မှာ ကြက်ခြေနီတပ်ဖွဲ့ဝင်ဆိုတာ မင်းအသိပဲ။ ဂျပန်ကြီးဒဏ်ရာတွေက တော်တော်များတယ်။ သွေးတွေကလည်း တော်တော်ထွက်နေတာကွ။ ကိုက်ရာဖဲ့ရာတွေ၊ ကုတ်ခြစ်ရာတွေလည်း မွတာကြဲနေတော့ မင်းရွာကို အသွားအပြန်အချိန်မှာ သွေးထွက်လွန်ပြီး ဒုက္ခရောက်နိုင်တယ်။

"ဒါဆိုရင် ဘယ်လိုလုပ်မလဲ။ မင်းနဲ့ငါ နှစ်ယောက်တည်း ..."

"စောင်ကြမ်းတစ်ခုကို ပုခက်လုပ်၊ ဝါးလုံးနဲ့လျှိုပြီး ရွာကဆေးပေးခန်းကို အမြန်ပို့ချင်တယ်ကွ"

ဂျပန်ကြီး ကျွန်ုပ်စကားကိုကြားတော့ အားကိုးတကြီးနှင့် ကြည့်နေရုံသာ ကြည့်နိုင်တော့သည်။ ညည်းညူသံသဲ့သဲ့ဖြင့် ခုကတည်းက အားပြတ်သလိုဖြစ်နေလေပြီ။

ကျွန်ုပ်ချက်ချင်းပင် အိပ်ရာထဲမှ အညာဖျင်ကြမ်းစောင်ကြီးကို ကြိုးနှင့် ရိုင်းကာ အရေးပေါ် ပုခက်လုပ်လိုက်သည်။

ပြီးတော့မှ ဂျပန်ကြီးကို စောင်ပုခက်ထဲထည့်ကာ တဲမှာရှိသော ဝါးယားကျစ်ကျစ်တစ်လုံးနှင့်လျှိုကာ ပေါက်စကြီးနှင့် ကျွန်ုပ် ရှေ့နောက်နှစ်ယောက်ထမ်းလာခဲ့ကြသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

(ငါး)

ငါးမွေးကန်မှ လယ်တစ်ကွက်စာ ကျော်လာသောအခါ ရှေ့မှထမ်းနေသော ပေါက်စကြီးက ကရုဏာဒေါသောနှင့် ဂျပန်ကြီးကို ပြောသည်။

"ဂျပန်ကြီး ... မင်းတော်တော် ဒုက္ခပေးတဲ့ကောင်။ ငါက အောဝမ်းကြည် မျက်နှာနဲ့မို့လို့ အပင်ပန်းခံတာ။ နို့မို့ရင် ပစ်ထားခဲ့တယ်"

အောဝမ်းကြည် ...။

နာမည်က ဆန်းနေပေသည်။ လော်ကားရွာမှာက ထိုကဲ့သို့သော နာမည်ဆန်းမျိုးတွေ မှည့်တတ်ကြသည်။ စစ်တပ်ထဲမှာ တပ်ကြပ်ကြီးစာရေးဖြစ်နေသော ပေါက်စကြီးအစ်ကို၏ နာမည်ကို ပင်ကြည့်။ အမေရိကန် ... တဲ့လေ။ အောဝမ်းကြည်နာမည်ကို ကြားရတော့ ကျွန်ုပ်မှာ ပေါက်စကြီးနှင့် တိုင်ပင်ဖော် တိုင်ပင်ဘက်တွေမို့ ပေါက်စကြီး လော်ကားရွာရောက်ပြီးနောက် ချစ်ကြိုက်နေသည့် ကောင်မလေးနာမည်ကို သတိရလိုက်သည်။

"အောဝမ်းကြည်နဲ့ ဂျပန်ကြီးက ဘာဆိုင်လို့လဲကွ"

ကျွန်ုပ်မှာ ဆက်စပ်မရ၍ မေးလိုက်ခြင်းဖြစ်၏။

"ဆိုင်ပြီလားကွာ။ ဂျပန်ကြီးက အောဝမ်းကြည်ရဲ့ အစ်ကိုအရင်းကွ။ အောဝမ်းကြည်မှာ အစ်ကိုနှစ်ယောက်ရှိတာ သူက အောဝမ်းကြည်အထက်ကကောင်။ သူ့အထက်က အစ်ကိုအကြီး ပြာလောင်ဆိုတဲ့သူက အငြိမ့်ထဲမှာ လူပြက်လုပ်နေတယ်လေ"

"ဟာ ... ဒါဆို မင်းနဲ့ ဂျပန်ကြီးက အဓိက ပတ်သက်နေတာပဲ။ ငါက ဘာမှမပတ်သက်ဘဲ ကြားက ထွေးခါးနာရတယ်ဆိုတဲ့ အဖြစ်မျိုးပေါ့။ ဂျပန်ကြီး ကိုယ်က လေးလွှန်းတယ်ကွာ။ လယ်ကန်သင်းရိုးသောက ချောင်းထဲ ကန်ချလိုက်ချင်ပြီ"

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ သူငယ်ချင်းရယ်။ ငါ့မျက်နှာထောက်ပါဦး။ မင်းပဲ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်ဆို။ ကြက်ခြေနီဆိုတာ လူနာတိုင်းကို မခွဲခြားရဘူးဆို"

ကျွန်ုပ်နှင့် ပေါက်စကြီး အမောပြေ နောက်ပြောင်ပြောရင်း ဂျပန်ကြီးကို ထမ်းလာကြစဉ် ရွာထိပ်မှ လက်နှိပ်ဓာတ်မီးအရောင်များ လှမ်းမြင်လိုက်ရ၍ ရွာနားရောက်လာပြီဖြစ်ကြောင်း သိရှိအားတက်မိကြသည်။ ရှေ့ဆုံးမှာ ပင်စင်စားစခန်းမှူးတစ်ဖြစ်လဲ အဘဦးအောင်လှကို သူ့ရဲဘော် ပြည်သူ့စစ်အဖွဲ့သား လေးငါးယောက်နှင့် တွေ့လိုက်ရသည်။

"ဟာ ... ပေါက်စကြီးတို့ပါလား။ ဘာတွေဖြစ်လာကြတာလဲကွ။ ငါးကန်ဘက်က ဆူဆူညံညံအသံတွေကြားရလို့ ငါတို့ထွက်လာကြတာ"

ပေါက်စကြီးက မောမောနှင့် အရင်ပြောသည်။

"အဖေ ... အဖေ့လူတွေထဲက နှစ်ယောက်နဲ့ ကျွန်တော်တို့နှစ်ယောက်ကို အထမ်းအရင်လဲပါဦး။ ကျွန်တော်တို့ ငါးကန်ကနေ ဒဏ်ရာရထားတဲ့ ဂျပန်ကြီးကို လျှောက်ထမ်းလာရတာ အတော်မောနေပြီဗျာ ..."

"အေး ... အေး။ စစ်တင်နဲ့ ရော်ဂျာမိုး ... ငါ့သားနှစ်ယောက်အစား ဝင်ပြီးထမ်းပေးကြပါဦးကွာ။ ကဲ ... အဖြစ်ကို ပြောပါဦး"

ကျွန်ုပ်နှင့် ပေါက်စကြီးအတွက် လူစားဝင်ကြသဖြင့် ကျွန်ုပ်တို့ သက်သာသွားကြသည်။ ထိုအခါကျမှ ပေါက်စကြီး သူ့အဖေ ဦးအောင်လှကို အကြောင်းစုံ ပြောပြရတော့သည်။

ရွာလယ်ကျေးလက်ဆေးပေးခန်းဘက်သို့ စစ်တင်နှင့် ရော်ဂျာမိုးတို[...] လည်း အခြေအနေကို သဘောပေါက်[...] ဖြင့် ဘာမှုမပြောဘဲ ရှေ့မှ ထမ်းသွား[...] သည်။

အဘဦးအောင်လှမှာ ပေါက်စ[...] ပြောသမျှ နားထောင်ရင်း ခေါင်းတည်[...] ညိတ် ဖြစ်နေသည်။ ပေါက်စကြီး[...] လည်း သူ့လူ ဂျပန်ကြီးအတွက် [...] ကောင်မလေး အောဝမ်းကြည်မျက်နှာ[...] သူ့အဖေ အဘဦးအောင်လှ အထင်မ[...] စေရန် တတ်နိုင်သမျှ ဖာဖာထေးထေ[...] ပြောသည်။

"ဒီကောင် ငါးရစ်လိုက်ခုတ်[...] ကျွန်တော်တို့ ကန်ပေါင်အရောက်[...] စောစောက ကျွန်တော်ပြောတဲ့အကော[...] ကြီးနဲ့ တွေ့သွားပြီး သွေးသံရဲရဲ ဖြစ်သွာ[...] တာပါပဲ အဖေ ..."

"အေးကွာ ... ကံကောင်းလို့[...] မင်းတို့ အချိန်မီ လှမ်းတွေ့လို့မသေတာ[...] ဘဲ။ ရှမ်းဆရာကြီး စီရင်အစောင့်ချထာ[...] တဲ့ ငါ့ ငါးမွေးကန်အစောင့်ရဲ့အကြောင်[...] ကို ခင်းတို့ သိသွားတာပေါ့"

အဘဦးအောင်လှစကားကို တိ[...] ဆိတ်စွာနားထောင်နေသော ကျွန်ုပ်[...] ထိုအခါကျမှ ဝင်မေးမိသည်။

"အဘ ... ငါးမွေးကန်အစော[...] သရဲ မွေးထားတယ်ဆိုတာ တကယ်[...] လား"

"တကယ်ပေါ့ မောင်ကျော်ကြီး[...] ဒီသရဲက နယ်နယ်ရရ သရဲမဟုတ်[...] ကွ။ ဂျပန်သင်္ချိုင်းထဲကနေ ရှမ်းဆရာ[...] တကူးတကန့် ခေါ်လာပြီး မွေးထားတာ[...] တို့ရွာမြောက်ဘက်က ဂျပန်သင်္ချိုင်းပု[...] ကြီးထဲက ဒုတိယကမ္ဘာစစ်ကြီးတုန်[...] ကတည်းက သရဲကြီးကွ"

"အဖေ့ဂျပန်သရဲကြီးက ဂျပန်ကြ[...] ကို သေလုအောင်လုပ်ရသလားဗျာ[...] ကောင့်ကို ဂျပန်ကြီးမှန်းမသိလို့နဲ့တူတယ်[...]



www.burmeseclassic.com

www.burmeseclassic.com

ပေါက်စကြီး၏ ရွှတ်တွတ်တွတ် အပြောကို အဘဦးအောင်လှသည် အရေးထားပုံမရ။

"မင်းဘာသိလို့လဲ။ ဂျပန်ဆိုတာ သစ္စာရှိတယ်။ အမိန့်နာခံတယ်။ မင်းဂျပန်ကြီးက ဗမာပြည်ပေါက်ဂျပန်။ သူ့အမေ စိန်ကြည် ဂျပန်ခေတ်မှာ သူ့ကိုမွေးလို့ ဂျပန်နဲ့တူတာနဲ့ ဂျပန်ကြီးလို့ နာမည်မှည့်ထားတဲ့ ဗမာဂျပန်။ ဂျပန်အတု ...။ ငါထင်တာတော့ မင်းဂျပန်ကြီး ငါးခိုးရအောင် တိတ်တိတ်ဝင်လာလို့ ငါ့အစောင့်သရဲနဲ့ တွေ့သွားတာဖြစ်တယ်။ ရိုးရိုးသားသား လမ်းမှားလာရင် ဒီလောက်မလုပ်ပါဘူးကွာ။ ဘာပဲပြောပြော ငါ့အတွက် တာဝန်ကျေတဲ့ ဒီဂျပန်သရဲကြီးကို ရှမ်းဆရာကြီးနဲ့ မနက်ဖြန် သူကြိုက်တတ်တဲ့ အစာတော့ ကျွေးရလိမ့်မယ်ကွ"

ကျွန်ုပ်မှာ သူတို့သားအဖနှစ်ယောက် ကြားတွင် ဘာမျှဝင်မပြောတော့ဘဲ တကယ်ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားနေရလေသည်။

● ● ●

(ခြောက်)

ညကြီးအချိန်မတော်မို့ ကျန်းမာရေးမှူးကို အကော်နိုးယွှရသည်။

ကျန်းမာရေးဆေးခန်းမှာ အတော်အသင့် ကျယ်ဝန်းပြီး ဒါပြင်မှ တံခါးပိတ်ထားလေသည်။

သူ့ခြံသူ့ဝင်းနှင့် ရွာမှ သေသေသပ်သပ် လုပ်ပေးထား၍ ကျန်းမာရေးဆေးမှူးအတွက် အိမ်တစ်ဆောင်ပင် ခြံဝင်းထဲတွင် သီးသန့်ဆောက်ပေးထားနိုင်သည်။ ကျန်းမာရေးက သူ့အတွက် ဆောက်ပေးထားသော အိမ်မှာနေသည်။ လော်ကားဘူတာရုံမှတစ်ဆင့် ရွာလယ်လမ်းကို ဓာတ်မီးသွယ်တန်းပေးထားရာ ကျန်းမာရေးဆေးခန်း၊ ကျောင်းနှင့် သူကြီးအိမ်တို့သာ မီးရကြသည်။ ယခုအခါလို မီးသွယ်ချင်တိုင်း သွယ်မရသေးချေ။ ကျန်းမာရေးမှူးကို ပေါက်စကြီးက သွားနိုးသည်။

"ဆရာ ... ဆရာကိုဝင်းဦး။ ဆရာကိုဝင်းဦး ..."

ပေါက်စကြီးနိုးသံကို ကြားရသော်လည်း အိမ်ပေါ်မှလူပ်ရှားသံမကြားရ။

"ဆရာ ... ဆရာ ... ဆရာကိုဝင်းဦး"

ကျန်းမာရေးမှူး၏အမည်မှာ ထိုစဉ်က ခေတ်စားနာမည်ကြီးနေသော မင်းသားကြီး ကိုဝင်းဦး၏ အမည်ဖြစ်နေပြန်သဖြင့် ကျွန်ုပ်ပြုံးမိသည်။

"ဆရာ .. ဆရာကိုဝင်းဦး။ ဆရာ"

"ကော္က ... တို့ဆရာ မိုးအောအောမှာ ယမကာလေးနဲ့ ငြိမ့်နေပြီနဲ့ တူတယ်"

ပြည်သူ့စစ်အဖွဲ့ဝင်တစ်ယောက်၏ ထင်ကြေးစကားမှ မဆုံးခင် ...

"ချောက် ..."

ကျန်းမာရေးမှူး အိမ်ရှေ့ကပြင်မီးလင်းလာသည်။ အဘဦးအောင်လှက သူ့လူကို လှမ်းဟန့်သည်။

"မင်းတို့ကလည်း ကြားသွားပါဦးမယ်။ ရှေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်တဲ့ကွ ..."

ကျန်းမာရေးမှူးအိမ်တံခါးပွင့်လာကာ ကျန်းမာရေးမှူးဖြစ်ပုံရသော လူရွယ်တစ်ယောက် ထွက်လာသည်။ ကျွန်ုပ်မှာ ထွက်လာသော ကျန်းမာရေးမှူးကိုကြည့်ပြီး အံ့အားသင့်သွားသည်။ မီးရောင်ခပ်မှိန်မှိန်အောက်တက်မှာ မသိလျှင် တကယ့်ကို ရုပ်ရှင်မင်းသားကြီးဝင်းဦးနှင့်တူသော လူတစ်ယောက်။

ရှားရှားပါးပါး ဝင်းဦးဆံပင်ပုံ ဝင်းဦးနှုတ်ခမ်းမွေးနှင့် ခပ်ချောချော လူတစ်ယောက်။ ထိုလူမှာ မျက်နှာတင် ဝင်းဦးနှင့်တူသည်မဟုတ်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ဝင်းဦးနှင့်တူခရေနှ် အလေးမကစားထားပုံရသည်။ ဝတ်ထားသော အကျီမှာလည်း ဝင်းဦးဝတ်ဆင်လေ့ရှိသော စပို့ရှပ်အင်္ကျီ။

"ဘာကိစ္စများ အရေးပေါ်ဖြစ်လာကြပါလိမ့်"

"မင်း ..."ဟု ကျွန်ုပ်နှုတ်မှပင ခပ်တိုးတိုးအသံ ထွက်သွားရသည်။ ထိုသို့ဖြစ်မသွားဘဲလည်း မနေနိုင်ပါ။ ထိုသူ၏ အသံနှင့် လေယူလေသိမ်းပါ ရုပ်ရှင်မင်းသားကြီးဝင်းဦးနှင့် တစ်လေတည်း တစ်သံတည်း။ လမ်းလျှောက်ပုံ၊ ကျွန်ုပ်တို့ရှိရာ ဆေးခန်းအဆောက်အဦရှေ့ လျှောက်လာပုံကလည်း ဝင်းဦးအိုက်တင်မျိုး။ ကျွန်ုပ်မှာ ထိုညမှာမှ ထူးထူးခြားခြား တွေ့ကြုံနေရလေပြီ။

စောင်ပုခက်နှင့် သယ်တလင်းပေါ် ချထားသော သွေးသံရဲရဲလူနာကိုကြည့်ပြီး ဆေးခန်းတံခါးသော့ကို ဖွင့်သည်။

"လူနာကို အထဲသွင်းကြပါ"

သူက ဆေးခန်းအတွင်းဝင်ကာ မီးဖွင့်ရင်း ပြောသည်။

"သွေးသံရဲရဲနဲ့ ဘယ်လိုဖြစ်ကြတာလဲ။ ရန်ဖြစ်ကြတာဆိုရင် Police Case ပဲနော်။ အဘ ဦးအောင်လှပါလာတာပဲ အဘသိပါတယ်"

"ရန်ဖြစ်တာမဟုတ်ပါဘူး ဆရာ"

အဘဦးအောင်လှ ပြန်ပြောမှ ဂျပန်ကြီးကို လူနာခုတင်ပေါ်တင်စေပြီး ဒဏ်ရာများကို စစ်ဆေးကြည့်နေသည်။

"ရန်ဖြစ်တာမဟုတ်ဘူးသာ ဆိုတာ၊ သူ့ကိုယ်ပေါ်က ဒဏ်ရာတွေက ချွန်ထက်တဲ့အရာတွေနဲ့ ထိုးထား၊ ခြစ်ထားတာပဲ။ ပခုံးပေါ်က ဒဏ်ရာဆိုရင် တော်တော်နက်တယ်"

"နက်မှာပေါ့။ သရဲနဲ့ တွေ့ခဲ့တာကိုး"

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com

ဆေးမှူးကိုဝင်းဦး ထိတ်လန့်တကြား ရေရွတ်ပြီး ဂျပန်ကြီးဒဏ်ရာတွေပေါ်မှ သူ့လက်ကို အမြန်ပြန်ရုပ်၍ အဘဦးအောင်လှအား အံ့အားသင့်ဟန်ဖြင့် လှည့်ကြည့်သည်။ အဘဦးအောင်လှကတော့ ပေါက်စကြီးပြောသည့်အတိုင်း ကန့်ပေါင်ပေါ်မှ ဖြစ်ရပ်ကို လုံးစေ့ပတ်စေ့ရှင်းပြသည်။

အဘဦးအောင်လှ ရှင်းပြသမျှကို နားထောင်ရင်းက ဆေးမှူး၏မျက်နှာမှာ ကြောက်ရွံ့ထိတ်လန့်ဟန်တွေ ပေါ်လာသည်။ ပြီးမှ သူ့ခေါင်းကို ဖြည်းလေးစွာ ခါယမ်းရင်း ...

"ဖြစ်ရလေဗျာ။ ဒီကိစ္စမျိုး ကျွန်တော့်တစ်သက်မှာ တစ်ခါမှ မကြုံဖူး။ မကြားဖူးပါဘူး။ ဒါပေမဲ့ သူ့ကိုယ်ပေါ်က ဒဏ်ရာတွေကတော့ ကုတ်ခြစ်ရာတွေ၊ ကိုက်ခဲရာတွေနဲ့ဆိုတော့ ယုံရမလို ဖြစ်နေပြီ"

ဆေးမှူးကိုဝင်းဦးက ဂျပန်ကြီး၏ ဒဏ်ရာများကို အရက်ပျံနှင့် ဆေးကြောချပ်တန်ချပ်၍ ဆေးထည့်ကာ၊ ပတ်တီးစည်းပေးသည်။ သူ့အလုပ်ကိုသူ စိတ်ရှည်ကျွမ်းကျင်စွာ လုပ်ဆောင်သွားသည်။

"တာဝန်ကျရဲ ဘူတာရုံမှာရှိတယ်။ ကျွန်တော်တို့ စည်းကမ်းအရ လှမ်းအကြောင်းကြားမှ ဖြစ်မယ်"

"ဆေးမှူးကြီး ဝတ္တရားအတိုင်း လုပ်ပါဗျာ"

ဆေးမှူးကိုဝင်းဦး ကျန်းမာရေးဆေးခန်းမှနေ၍ လော်ဘာဘူတာရုံမှာ စခန်းချထားသော တာဝန်ကျရဲများကို ဖုန်းလှမ်းဆက်သည်။ သို့ဖြင့် ထိုညက အလုပ်တွေ ရှုပ်ကုန်တော့သည်။

လူနာကို စောင့်ကြည့်ရန် ကျန်းမာရေးဆေးခန်းမှာ ထားပြီး အခြေအနေဆိုးပါက အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ မနက်မိုးလင်းလျှင် ပို့တန်ပို့မည်ဟု ဆိုသဖြင့် ဂျပန်ကြီးအတွက် လူနာစောင့် လိုလာပြန်သည်။ ထိုအခါကျမှ ပေါက်စကြီးက သတိရပြီး ပြောသည်။

"ခုမှသတိရတယ်။ ကျွန်တော်တို့ သူ့အိမ်ကိုသွားပြီး အကြောင်းမကြားရသေးဘူး"

"ဒါဆိုရင် မင်းပဲသွားအကြောင်းကြားလိုက်ကွာ။ ပြီးတော့ သူ့အိမ်က လူနာစောင့်တစ်ယောက်ယောက်ပါ ခေါ်လာခဲ့ပေါ့"

သူ့အဖေ အဘဦးအောင်လှစကားကြောင့် ပေါက်စကြီး မိုးကျိုးတုတ်ဖြစ်သွားကာ ကျန်းမာရေးဆေးခန်းထဲမှ ချက်ချင်းထွက်သွားသည်။ ဂျပန်ကြီးတို့အိမ်မှာ ရွာတောင်ပိုင်းတွင်ရှိ၍ သိပ်ပြီးဝေးလှသည်တော့မဟုတ်။

ဂျပန်ကြီးကို ဆေးများထိုးပေးထား၍ ဒဏ်ရာမှ အနာတရဖြစ်ပြီး ညည်းညူခြင်းမရှိတော့။ သွေးထွက်ထားသောအရှိန်နှင့် ဂျပန်ကြီးသည် ခွေးကြောင့်မှိန်းနေသည်။

ခဏကြာတော့ ဂျပန်ကြီးညီမ အေဝမ်းကြည်နှင့် သူ့အစ်ကိုအကြီးဆုံး လူပြက် ကိုပြာလောင်တို့ ရောက်လာကြသည်။ အေဝမ်းကြည်သည် သူ့အစ်ကို ကြီးနှင့်အတူ အငြိမ့်လိုက်ကဖူးသည်ဆိုတော့ ...

"အမယ်လေး ... ဖြစ်မှဖြစ်ရလေ အစ်ကိုဂျပန်ရဲ့။ အစ်ကိုဂျပန်ကို ဂျပန်သရဲနဲ့ တွေ့ရသတဲ့လားရှင် ..."

အေဝမ်းကြည် ဇာတ်မင်းသမီးဟန် ငိုချလိုက်သောအသံက ကျန်းမာရေးဆေးခန်းတစ်ဝိုက်မှာ ကျက်ကျက်ညံသွားသည်။

"တော်သေးတာပေါ့ကွာ။ အိမ်မှာ အမေကြီးကလည်း မျက်စိမမြင်မကန်းနဲ့။ ငါဇာတ်နားပြီး ပြန်လာတုန်းရှိနေလို့သာပေါ့ ဂျပန်ကြီးရာ။ နို့မို့ရင် အေဝမ်းကြည်တစ်ယောက်တည်း ... ဒုက္ခ။ အင်း ...

အကုသိုလ်၊ အကုသိုလ်။ ဒီဂျပန်သ
ငါနဲ့ တွေ့လိုက်ချင်စမ်းတယ်ကွာ"

ကိုပြာလောင်ကလည်း သူ့ည
အတွက် မခံချင်စိတ်နှင့် ကြုံးဝါးသည်

"ကဲ ... ကဲ .. လူနာစောင့်အဖြ
ကိုပြာလောင်နေခဲ့။ အေဝမ်းကြည်က
မိန်းမသားဖြစ်လေတော့ အိမ်ကိုပြန်
တော့ ..."

ကျန်းမာရေးမှူးကိုဝင်းဦးက အပြေ
အစ်ကိုဖြစ်သူ ကိုပြာလောင်က အရက်မူ
မပြေသေးဘဲ ခပ်ထွေထွေနှင့် ဝင်ပြော
သည်။

"အေဝမ်းကြည်က မိန်းမသားစ
စစ်ဖြစ်လို့ သရဲလည်းကြောက်တတ်
သေးတယ်။ သူတစ်ယောက်တည်း ပြ
ရဲမှာမဟုတ်ဘူး"

"ဒါတော့ ပူမနေနဲ့ ကိုပြာလောင်
ကျွန်တော်လိုက်ပို့မှာပေါ့"

အာသွက်လျှာသွက် လှမ်းပြော
လိုက်သော ပေါက်စကြီးစကားကြောင့်
ကိုပြာလောင် မူးကြောင်မူးကြောင်နှင့်
ကျေးဇူးတင်စကား လှမ်းပြောသည်။

"ကျေးဇူးတင်လိုက်တာ ငါ့ည
ပေါက်စကြီးရယ်။ ပို့မယ့်ပို့ အိမ်အရောက်
ပို့ပေးလိုက်ပါကွာ။ ငါ့ညီမလေးက သရ
ကြောက်တတ်လွန်းလို့ပါကွာ"

● ● ●

(ခုနစ်)

ကျန်းမာရေးဆေးခန်းမှာ လူနာ
ဂျပန်ကြီးနှင့် သူ့အစ်ကို မူးကြောင်မူ
ကြောင် ကိုပြာလောင်အား ထားခဲ့ပြီး
နောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့
သည်။ ကိုပြာလောင်က အရက်နှင့်ပတ်
သက်၍ ခေသူမဟုတ်။ လူနာစောင့်
လိုက်လာတာတောင် သူ၏တိုက်ပုံထ
အိတ်ထဲမှာ အရက်ပုလင်းပြားကလေး
လာသေးသည်။ ကျန်းမာရေးမှူးကိုဝင်း



www.burmeseclassic.com

www.burmeseclassic.com

သည့်လည်း အသောက်သမားမို့ မသိချင်ယောင်ဆောင်နေလိုက်သည်။

ကျွန်းမာရေးမှူးက ကျွန်းမာရေးဆေးခန်းအနီးမှ သူ့အိမ်သို့ပြန်သည်။ အဘဦးအောင်လှနှင့်အတူ သူ့တပည့်ဖြစ်သူ စစ်တင်နှင့် ရော်ဂျာမိုးတို့ ကျွန်တော်နှင့်အတူ ငါးမွှေးကန်သို့ လိုက်လာကြသည်။

"တို့ … ဒီည ငါးမွှေးကန်မှာပဲ အစောင့်အဖြစ် အိပ်ကြတာပေါ့ …။ မောင်ညွန့်တင်ကျော်တစ်ယောက်တည်း ကြောက်နေဦးမယ်"

ထိုစဉ်က အတွေ့အကြုံ မရင့်ကျက်သေးသော ကျွန်တော်သည် တစ္ဆေသရဲဆိုလျှင် ကြောက်တတ်သောစိတ် ရှိနေပါသေးသည်။

"အဘ … ငါးမွှေးကန်မှာ ဂျပန်သရဲကြီး မွေးထားတယ်ဆိုတာ တကယ်လား"

"တကယ်ပေါ့ကွ"

"ဘယ်လိုမွေးတာလဲ အဘ"

"တို့ရွာနားမှာရှိတဲ့ ဂျပန်သင်္ချိုင်းဟောင်းက အဆိုးဆုံးသရဲကို အောက်လမ်းဆရာတစ်ယောက်နဲ့ပေါင်းပြီး သွားခေါ်ခဲ့တာပဲ။ ငါးမွှေးကန်မှာနေပြီး စောင့်ရှောက်အောင် စပါးလင်ဖုတ်ကို ကန်ထောင့်မှာနိုက်၊ ကြက်အရှင်လတ်လတ်ကို လည်လှီးလို့ရတဲ့ သွေးနဲ့ စပါးလင်ဖုတ်ကိုဖျန်း၊ ကြက်ခေါင်းကို စပါးလင်ဖုတ်ခြေရင်းမှာ ထားလိုက်ရတယ်"

"ဒါဆို ဂျပန်သရဲ နေရောလား"

"နေတာပေါ့ကွ။ သရဲနေတယ်၊ မနေတယ်သိရအောင် တစ်ပတ်ကြာရင် ကြည့်လိုက်။ သရဲနေတဲ့ စပါးလင်ဖုတ်က စပါးလင်ရွက်တွေ နီနေရင် သရဲပျော်နေပြီပဲကွ"

"ကြက်ခေါင်းပြုတ်ကြီး ထားခဲ့တာတော့ ဟုတ်ပါပြီ။ ကြက်ကိုယ်လုံးကို အဘတို့ ဘာလုပ်ပစ်သလဲ"

"ကြက်ကိုယ်လုံးလား။ ကာလသားချက်ချက်ပြီး အရက်နဲ့မြည်းပစ်လိုက်တာပေါ့ကွ။ ဟင်းချက်လို့ရတဲ့ အသားထဲက တောင်ပံတွေ၊ ခြေထောက်တွေတော့ အစောင့် ဂျပန်သရဲမြည်းဖို့ အရက်တစ်ခွက်နဲ့ သွားပို့ပေးထားလိုက်တယ်"

အဘဦးအောင်လှစကားကြောင့် ကျွန်ုပ် တော်တော်လေး သရဲမွေးပုံကို ဗဟုသုတရရှိလိုက်ပါ၏။

သို့သော် …

● ● ●

(ရှစ်)

သို့သော် …

ထိုသို့သော်ကား အရေးလည်းကြီး၏။ ထူးလည်း ထူးဆန်း၏။ ကြောက်ရွံ့ထိတ်လန့်စရာလည်း ကောင်းလှ၏။

ငါးမွှေးကန်သို့ ရောက်တော့ တဲတန်းရှည်တွင် ကျွန်ုပ်က ပေါက်စကြီးနှင့် ကျွန်ုပ်တို့ အိပ်ခဲ့သော အိပ်ရာတွင် မအိပ်ရှင်သေးဘဲ ဝင်အိပ်နေလိုက်သည်။အဘဦးအောင်လှတို့က မအိပ်တော့။ သူ့ဘသည့် စစ်တင်အား တဲမှာမွေးထားသော ကြက်တစ်ကောင်ကို ဖမ်းပြီး ခေါင်းဖြတ်ချက်နိုင်းသည်။

ကျွန်ုပ်အိပ်ရာထဲမှ အသာလှမ်းကြည့်နေစဉ် သူတို့ သရဲမွေးသည့် ထုံးစံအတိုင်း ကန်ထောင့် စပါးလင်ဖုတ်ဆီသို့ ကြက်လည်ပင်းမှ ကျလာသော ကြက်သွေးများကို ပန်းကန်နှင့်အကျအနခံပြီး သွားဖျန်းသည်။ ကြက်ခေါင်းပြုတ်ကြီးကို စပါးလင်ဖုတ်မှာ ထားခဲ့သည်၊ ကြက်သားဟင်းကျက်တော့ အရက်နှင့် ဝိုင်းဖွဲ့မြည်းကြသည်။

"ဟေ့ကောင်တွေ … အိပ်နေတဲ့ ငါ့သားတစ်ကောင်ကိုလည်း နှိုးလိုက်ပါဦး။ သူလည်း ပင်ပန်းနေပြီ။ ငါ့သရဲဂျပန်ကြီးကို ဆုအဖြစ် အစာကျွေးသလို၊ ရောက်လာတဲ့ ငါ့မွေးစားသားကိုလည်း ဆုအဖြစ် တို့နဲ့ တစ်ဝိုင်းတည်း အရက်သောက်ခွင့်ပေးရမယ် …"

သည့်လိုဆိုတော့ ကျွန်ုပ်မှာ ဘယ်နေသာပါတော့မလဲ။ ကိုစစ်တင်လာနှိုးသည်နှင့် နိုးနေသော ကျွန်ုပ် ထပြီး သူတို့အရက်ဝိုင်း ဝင်ထိုင်လိုက်ရတော့သည်။

သို့နှင့် မနက်မိုးစင်စင်လင်းသော အခါ …

လှော်ကားရွာဘက်မှ အူယားဖားယားပြေးလာသော လူတစ်စုကို မြင်လိုက်ရသည်။ ရှေ့ဆုံးမှာ မူးကြောင်မူးကြောင် ကိုပြာလောင်၊ နောက်မှာ ကျွန်ုပ်သူငယ်ချင်း ပေါက်စကြီးနှင့် အေဝမ်းကြည်။ နောက်ဆုံးမှာ ခပ်မှန်မှန်လိုက်လာသူက ကျွန်းမာရေးမှူး ကိုဝင်းဦး။

ရှေ့ဆုံးမှ ကိုပြာလောင် အမောဖောက်လျက်ကပင် ချေးကြီးသုတ်များဖြင့် အဘဦးအောင်လှကို လှမ်းပြောသည်။

"ကျွန်တော် လူနာဂျပန်ကြီးကို စောင့်ရင်း ညက ဇမ္မူးခနဲအိပ်ပျော်သွားတယ်။ အိပ်ရာကနိုးတော့ ကျွန်တော့်ညီ ဂျပန်ကြီး မရှိတော့ဘူးဗျ"

"ဟုတ်တယ် အဖေ။ ပျောက်သွားတဲ့ ဂျပန်ကြီးကို ကျွန်တော်တို့လိုက်ရှာကြတာ။ ဂျပန်ကြီး ဒီဘက်ကိုရောက်လာသလားလို့"

ပေါက်စကြီးကပါ ဝင်ပြောသည်။

သို့သော် လူနာဂျပန်ကြီးကို ထိုအချိန်ထိုအခါမှ ပျောက်ချက်သား ဆန်းကြယ်လှသည်မှာ ဘယ်သောအခါမျှ မတွေ့တော့ခြင်းပင်တည်း။

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

## မျက်မမြင်ခွေးမလေး ကရုဏာရှင်တို့ကြောင့် ပြန်မြင်ရ

အမေရိကန် ဖလော်ရီဒါရှိ အမင်္ဂလာပိုက်တစ်ခုတွင် ခွေးသန်း/မွှားတို့ကြောင့် မျက်စိကွယ် ဒုက္ခရောက်နေသော ခွေးမကလေးတစ်ကောင်ကို ကြင်နာတတ်သူတစ်ဦးက ကယ်တင်ရာမှ မျက်စိပြန်မြင်ရကြောင်း ကြင်နာဖွယ်သတင်းလေးကို အင်တာနက်တွင် ဖော်ပြထားသည်။

ဗီအိုနာအမည်ရှိ ခွေးမလေးသည် သန်းနှင့် မွှားတို့ ကိုက်ခြင်းဒဏ်ကြောင့် မျက်စိစုံလုံးကွယ်၊ အမှိုက်ပုံထဲတွင် စမ်းတဝါးဝါး၊ အနံ့ခံအစာရှာနေရသည်။ အစာရေစာ မဝသဖြင့် ချည့်နဲ့နေသော ဗီအိုနာကို ကရုဏာရှင်တစ်ဦးက တွေ့ပြီး ကယ်တင်ခေါ်ဆောင်သွား၍ ခွေး၏ဖြစ်စဉ်ကို ဗွီဒီယိုရိုက်ပြီး အွန်လိုင်းပေါ်တင်၍ ဆေးကုသရေးအတွက် ကူညီပါရန် မေတ္တာရပ်ခံခဲ့သည်။ တစ်နိုင်ငံလုံးက ဗီအိုနာ၏အဖြစ်ကို အွန်လိုင်းမှမြင်ရသဖြင့် သနားပို ကရုဏာထားကာ အလှူငွေများ ပေးပို့ကြသည်။ ထိုအလှူငွေများဖြင့် တန်ဖိုးကြီးသော ခွဲစိတ်ခြင်းကိစ္စကို ဗီအိုနာအတွက် ဆောင်ရွက်ခဲ့ရာ မျက်စိခွဲစိတ်မှုအောင်မြင်ပြီး အကောင်းပကတိကဲ့သို့ ပြန်လည်မြင်လာကြောင်း သတင်းကဆိုသည်။

ညီုမင်းလွင်(မော်ကျွန်း)

*Ref: Internet News, 10.2.2013*

## အိပ်စက်ခြင်းမှ နိုးလျှင်နိုးချင်း ထောင်ငါးနှစ်အပြစ်ချမှတ်ခဲ့သည့် တရားသူကြီး

ရုရှားနိုင်ငံ အရှေ့ဖျားရှိ ဗိလာဂိုးဗစ်ဟီနတ်စ်မြို့တော်တွင် တရားလို/တရားခံ အပြန်အလှန် တရားရင်ဆိုင်နေစဉ် ဆုံးဖြတ်ရမည့် တရားသူကြီးက အမှုဖြစ်စဉ် လက်ခံနားကြားခြင်းမရှိဘဲ ကုလားထိုင်ပေါ် ကောင်းမွန်နှစ်ခြိုက်စွာ အိပ်ပျော်နေပုံကို ဗွီဒီယိုရိုက်ပြီး အွန်လိုင်းပေါ်ရောက်ရာ ထိုတရားသူကြီး ရာထူးမှနုတ်ထွက်စာ တင်သွားသည်။

၂၀၁၂ ဇူလိုင်လက စီးပွားရေးသမားတစ်ဦး၏ လိမ်လည်မှု အမှုတွဲကို တရားသူကြီး မက်စ်ဟင်နီ၏ တရားရုံးတွင် စစ်ဆေးနေသည့် တရားခံ၏ ရှေ့နေက အသည်းအသန်အပြစ်မရှိကြောင်း လျှောက်ထားနေစဉ် ထိုတရားသူကြီးသည် ကုလားထိုင်နောက်မှီပေါ် ခေါင်းတစ်ဖက်စောင်းပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ အိပ်စက်ခြင်းမှနိုးသောအခါ တရားခံကို အလုပ်ကြမ်းနှင့် ထောင်(၅)နှစ်အပြစ်ပေးခဲ့သည်။ တရားသူကြီးအိပ်ပျော်နေပုံကို အမည်မသိသူတစ်ဦးက ဗွီဒီယိုခိုးရိုက်ပြီး အွန်လိုင်းပေါ်တင်ခဲ့ရာမှ အုတ်အော်သောင်းတင်းဖြစ်ပြီး အရှက်တော်ကွဲသည်ဆိုကာ ထိုတရားသူကြီး ရာထူးမှနုတ်ထွက်စာ တင်ခဲ့သည်။ ရင်းနှီးကချခဲ့သော အမိန့်သည် မသင့်လျော်ဟု ဆိုကာ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ထပ်မံကြားနာစစ်ဆေးမည် ဖြစ်သည်။

ညီုမင်းလွင်(မော်ကျွန်း)

*Ref: Internet News, 10.2.2013*

## ခွင့်ပြုပမာဏထက်ကျော်သော ဒေါ်လာသယ်လာမှု အဆိုတော်ကိုတရားစွဲ

အိန္ဒိယနိုင်ငံမှ အဆိုင်္ဂော် မီကာဆိုက်သည် ထိုင်းနိုင်ငံ၊ ဘန်ကောကမှ အိန္ဒိယနိုင်ငံတကာ လေဆိပ်ရှိ မွန်ဘိုင်းမြို့ လေယာဉ်ကွင်းတွင် နိုင်ငံခြားငွေများ တရားမဝင် လက်ဝယ်ထားမှုဖြင့် နိုင်ငံခြားငွေလဲလှယ်ရေး ဥပဒေအရ အကောက်ခွန်ဌာနက တရားစွဲထားသည်။ အိန္ဒိယနိုင်ငံသို့ ပြည်ဝင်ခွင့်ရသောသူသည် ရူပီးငွေ ၇၅၀၀ နှင့် US ဒေါ်လာ ၅၀၀၀ သာ သယ်ယူလာခွင့် ရှိသည်။ ထိုထက်ပိုမိုပါက သက်ဆိုင်ရာသို့ ကြေညာချက်(Declaration) ပြန်လုပ်ရသည်။ အဆိုတော် မီကာဆိုက်(၃၅ နှစ်)သည် လေဆိပ်အဝင်တွင် ၎င်း၌ USA ဒေါ်လာ ၁၂၀၀ နှင့် ရူပီးငွေ ၃ လာကာ ပါလာသည်ကို အကောက်ခွန်မှတွေ့ရှိပြီး ထိုငွေများ ပိုင်ဆိုင်ပုံကို ရေရာရှင်းလင်းစွာ မဖြေကြားနိုင်သဖြင့် တရားစွဲခဲ့ခြင်းဖြစ်သည်။ ၇-၂-၁၃ နေ့တွင် အာမခံဖြင့် အဆိုတော်ကို လွှတ်ပေးခဲ့သည်။

ညီုမင်းလွင်(မော်ကျွန်း)

*Ref: Internet News, 10.2.2013*



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက မျိုးတုံးသေားရင်ဆိုင်နေသည့် တိရစ္ဆာန်များကို ကုန်သွယ်ခွင့်ပြုသည့် (၇)နိုင်ငံ ပြစ်ဒဏ်ခတ်



ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပတ်ဝန်းကျင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်–သစ်တောထိန်းသိမ်းရေးအဖွဲ့က ရှားပါးတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးကို ဂျီနီဗာတွင် တွေ့ဆုံဆွေးနွေးပြီး ဝောင်သောင်းမကသော တောရိုင်းတိရစ္ဆာန်မျိုးစုံ ကုန်သွယ်ခဲ့သော (အသေ/အရှင်) (၇)နိုင်ငံကို ပြစ်ဒဏ်ခတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။



တန်ဖိုးရှိပြီး မျိုးတုံးမည့်သေား ရင်ဆိုင်နေရသည့် နှာကံ့ရှည်မျောက်များ ပေါက်ဖွားရာ ကွန်မိုရိုစ်ကျွန်းနိုင်ငံ။ အလားတူရင်ဆိုင်နေရသည့် ပင်လယ်လိပ်၊ ရေနွားနှင့် ချန်ပန်ဇီများရှိရာ ဂူနီဘစ်အေယူ။ ဂူဂွာကျားသစ်နက်ရှိရာ ပါရာဂွေးနိုင်ငံ။ ကျား၊ ကြံ့၊ ဆင်၊ နှင်းဖြူကျားသစ်၊ ပန်ဒါဝက်ဝံအနီတို့ မွေးဖွားရာ နီပေါနိုင်ငံ။ တောင်ပေါ်ဂေါ်ဇီလာ၊ ချန်ပန်ဇီ၊ ကြံ့အနက် မွေးဖွားရာ ရဝမ်ဒါနိုင်ငံ။ ကြက်တူရွေး၊ ဥဒေါင်းငှက် စသည့် ငှက်မျိုးစုံပေါသော ဆော်လမွန်ကျွန်းနိုင်ငံ။ ပုတ်သင်ညိုအကြီးစား၊ မြွေ၊ ကြက်တူရွေး၊ ခရုစုတ်ငှက်နှင့် ကြိုးကြာအနီတို့ ကျက်စားရာ Syria နိုင်ငံတို့သည် နိုင်ငံအလိုက် အသီးသီးရှိကြသော မျိုးတုံးအန္တရာယ်ရင်ဆိုင်နေရသော တောရိုင်းတိရစ္ဆာန်များကို တရားဝင်ကုန်သွယ်ခွင့်ပြုထား သည့်အတွက် ပြစ်တင်ဒဏ်ခတ်ပြီး ထိုတိရစ္ဆာန်များ ကာကွယ်ရေးအတွက် ဥပဒေများကို တိုးချဲ့ရန် UN က ဖိအားပေးခဲ့သည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံက နှစ်စဉ် တောရိုင်းတိရစ္ဆာန် ၃၅,၀၀၀ တရားဝင်ကုန်သွယ်မှုကိုလည်း တားမြစ်ခဲ့သည်။



ညီမြင်းလွင်(မော်ကျွန်း)

***Ref:- Internet News, 13.11.2013***

❐



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# သတင်းထောက်ဒီပဇော် နှင့် ကိုယ်ပျောက်ဝိဇ္ဇာမိုးဒင်

ဗညားဦး(အိမ်မဲ)

(၁)

ယွန်းစံအိမ်ရွှေဆိုင်ရှေ့တွင် ဆိုင်ကယ်တစ်စီး ထိုးရပ်လာသည်။ ဆိုင်ကယ်ပေါ်မှ သွက်သွက်လက်လက် ဆင်းလိုက်ပြီး ရွှေဆိုင်ရှေ့ကို လျှောက်သွားသူမှာ သတင်းထောက်ဒီပဇော်။

ညက ယွန်းစံအိမ်ရွှေဆိုင်ဖောက်ထွင်းမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဒီပဇော် လာခြင်းဖြစ်သည်။

"လာ ... ကိုဒီပဇော်"

ရွှေဆိုင်ရှေ့တွင် ရောက်ရှိနေသော ဒုရဲအုပ်မင်းနိုင်သည် ဒီပဇော်ကိုလှမ်းပြောလိုက်သည်။ ဒုရဲအုပ်မင်းနိုင်နံဘေးတွင် ရပ်နေသော ရွှေဆိုင်ပိုင်ရှင် ဦးမော်အောင်ကို လှမ်းမေးလိုက်သည်။

"ဦးမော်အောင် ဘယ်လိုဖြစ်တာလဲဗျ။ ပြောစမ်းပါဦး"

"ဒီလိုပါ ကိုဒီပဇော်။ ဒီမနက်ဆိုင်ဖွင့်တော့ ဆိုင်အတွင်းက ရောင်းထည် ရွှေပစ္စည်းတွေ မရှိတော့ဘူး။ ဒါကြောင့် စခန်းကို အကြောင်းကြားလိုက်တာ"

"ဒီဆိုင်ကိုဖွင့်တာ ဦးမော်အောင်ကိုယ်တိုင်ပဲလား"

"ဟုတ်ပါတယ် ကိုဒီပဇော်"

ဒီပဇော်သည် တံခါးဝတွင် ချိတ်ထားသည့် သော့ကို သွားကြည့်သည်။ သော့မှာ ပျက်စီးခြင်းမရှိ။ ဒီပဇော်သည်



www.burmeseclassic.com

www.burmeseclassic.com

သော့ကို သေချာကြည့်ပြီး ဦးမော်အောင်ထံ လျှောက်သွား၏။

"ဦးမော်အောင် ... ဒီဆိုင်ရဲ့သော့တံကို ဘယ်နှချောင်းထားလဲ"

"သော့တံကို နှစ်ချောင်းထားပါတယ် ကိုဒီပဇော်"

"အဲဒီသော့တံနှစ်ချောင်းကို ဘယ်သူတွေကိုင်သလဲ"

"သော့တံတွေကိုတော့ ဦးတို့မိသားစုပဲ ကိုင်ပါတယ်"

"မိသားစုတွေဆိုတာ ဘယ်သူတွေလဲ ဦးမော်အောင်"

"ဦး၊ မိန်းမရယ်၊ သမီးဖြိုးနန္ဒာရယ်ပါ"

ဒီပဇော်သည် မေးကိုပွတ်သပ်ရင်း သော့ကို စူးစူးစိုက်စိုက်ပြန် ကြည့်လိုက်သည်။ ပြီးမှ ဦးမော်အောင်ကိုလှမ်းမေးလိုက်၏။

"သော့တံတွေ ပွားထားသေးလား ဦးမော်အောင်"

"မထားပါဘူး ကိုဒီပဇော်"

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့သည် ဆိုင်အတွင်းကို လှည့်လည်ကြည့်ရှုသည်။ ဒီပဇော်သည် ကင်မရာကို ထုတ်ပြီး ဓာတ်ပုံရိုက်ယူနေမိလျက်။ ဆိုင်၏အပေါ်ပိုင်း တစ်နေရာကို ဓာတ်ပုံရိုက်ယူရန် လှုပ်ရှားလိုက်သော ဒီပဇော်သည် ကင်မရာမြင်ကွင်း မှန်ဘီလူးထဲတွင် နေရောင်ခြည် အလင်းရောင်တစ်ခု ထင်ဟပ်နေသည်။

"ဦးမော်အောင် ခဏလာပါဦး"

ဦးမော်အောင်သည် ဒီပဇော်ထံ လျှောက်သွားသည်။

"ကျွန်တော့်ကို ခုံမြင့်မြင့်၊ ဒါမှမဟုတ်ရင်လည်း လှေကားတစ်ခုယူပေးပါ"

ဦးမော်အောင်လည်း ဆိုင်ရှေ့တွင် ရပ်နေသည့် ဆိုင်ဝန်ထမ်းထဲမှ ဝန်ထမ်းတစ်ဦးကို ပြောလိုက်သည်။

"စံရွှေ ... ဆိုင်နံဘေးမှာ ထောင်ထားတဲ့ လှေကားကိုသွားယူလိုက်ပါ"

"ဟုတ်ကဲ့"

စံရွှေသည် ဆိုင်နံဘေးမှာထောင်ထားသည့် လှေကားကို ယူလာသည်။ ဒီပဇော်သည် လှေကားပေါ်ကို တက်ပြီး ဖြာကျနေသည့် နေရောင်ခြည်အလင်းတန်းရှိရာ ဆိုင်အပေါ်ဘက်ကို ကြည့်လိုက်တော့ သွပ်တစ်ချက်လှပ်နေသည်ကို တွေ့ရသည်။ သေချာကြည့်လိုက်တော့ သွပ်ချပ်မှာ ပြုတ်ထွက်နေသည်။ ဒီပဇော်သည် လှေကားအတိုင်းပြန်ဆင်းလိုက်ပြီး

"ကိုမင်းနိုင် ... ကျွန်တော်တို့ ဆိုင်အပြင်ဘက်ကို ကြည့်ကြရအောင်"

ဒုရဲအုပ်မင်းနိုင်ကို လှမ်းခေါ်ပြီး ဆိုင်အပြင်ဘက်နံဘေးကို လိုက်ကြည့်သည်။

"ဦးမော်အောင် .. လှေကားကို စောစောကအတိုင်း ထောင်ထားပေးပါ"

စံရွှေသည် လှေကားကိုပြန်ထောင်ထားလိုက်သည်။ ဒီပဇော်သည် လှေကားထောင်ထားသည့် ပုံသဏ္ဌာန်ကို ကြည့်သည်။

"ဒီလှေကားကို ဒီနေရာမှာပဲ အမြဲထောင်ထားသလား ဦးမော်အောင်"

"မဟုတ်ပါဘူး ကိုဒီပဇော်။ ဒီတစ်ရက် နှစ်ရက် ဆိုင်ကိုဆေးပြန်သုတ်နေလို့ပါ"

"အင်း ... ဟုတ်ပြီ။ ကိုမင်းနိုင် တရားခံဟာ လှေကားပေါ်ကနေတက်ပြီး ဖောက်ထွင်းသွားတာပဲ"

ဒုရဲအုပ်မင်းနိုင်ကို လှမ်းပြောလိုက်ပြီး လှေကားအပေါ်ပိုင်းထိပ်ကို မော့ကြည့်နေသူမှာ ဒီပဇော်။ ဒုရဲအုပ်မင်းနိုင်သည် ဆိုင်အပေါ်ဘက်ကိုကြည့်ပြီး ...

"ဖောက်ထွင်းတဲ့လူဟာ ကျွမ်းကျင်တဲ့လူ ဖြစ်ရမယ် ကိုဒီပဇော်"

"ဟုတ်တယ် ကိုမင်းနိုင်"

ဒီပဇော်သည် ရွှေဆိုင်မှ ဝန်ထမ်းများကို တစ်ရှုးတစိုက်ကြည့်နေလိုက်သည်။ ဒုရဲအုပ်မင်းနိုင်က ဦးမော်အောင်ကို မေ လိုက်သည်။

"ဦးမော်အောင် ... ခင်ဗျားရွှေ ဆိုင်က ပျောက်သွားတဲ့ရွှေတန်ဖိုး ဘယ် လောက်ရှိသလဲ"

"အင်း ... သိန်း ၅၀ ဖိုး ရှိလိ မယ် ကိုမင်းနိုင်"

"ကဲ ... ဦးမော်အောင်၊ ကျွ တော်တို့လည်း ပြန်လိုက်ဦးမယ်။ ဦးမေ အောင် စခန်းလာပြီး အမှုဖွင့်ပါ။ နောက် ပြီး ခင်ဗျားဆိုင်က ဝန်ထမ်းတွေအားလုံ ဒီရက်အတွင်း ခရီးမသွားပါစေနဲ့"

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်သည် ယွန်းစံရွှေအိမ်မှ ပြန်လည်ထွက်ခွာလာ ကြလေသည်။

*****

(၂)

"ယွန်းစံအိမ်ရွှေဆိုင်ကို ဖောက် ထွင်းသွားတဲ့လူဟာ မိုးခင်ဖြစ်ဖို့များတယ် ကိုမင်းနိုင်"

"ကိုယ်ပျောက်ဝိဇ္ဇာလို့ နာမည်ကြီး နေတဲ့ မိုးခင်လား ကိုဒီပဇော်"

ဒီပဇော်သည် ခေါင်းညိတ်ပြီး စီ ကရက်ကို ရှိုက်ဖွာနေလိုက်သည်။ ဒု အုပ်မင်းနိုင်သည် ဒီပဇော်ကို မေးလိုက်

"ဘာကြောင့် ကိုယ်ပျောက်ဝိ မိုးခင်လို့ ကောက်ချက်ချတာလဲ"

"အခု ရွှေဆိုင်ဖောက်ထွင်းသွား တဲ့ လက်ရာခြေရာတွေဟာ မိုးခင်လု ကိုင်ပုံနဲ့ တူနေတယ်"

"အေးဗျာ ... မိုးခင်ကိုဖမ်းလို့မ အောင်ဖြစ်နေတယ် ကိုဒီပဇော်။ သူက ကိုယ်ပျောက်ဝိဇ္ဇာနဲ့ ပျောက်ပျောက် တာ"

ဒီပဇော်သည် ခေါင်းကိုခါလိုက် အတန်ကြာစဉ်းစားနေသည်။ ပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"မိုးခင် ကိုယ်ပျောက်ဝိဇ္ဇာနဲ့ပျောက်နေတယ်ဆိုတာတော့ ကျွန်တော်လက်မခံနိုင်ဘူး။ ဒီမှာ ကိုမင်းနိုင် ... ကျွန်တော်တို့မြို့မှာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်ကျော်က သူခိုးကြီးလို့ နာမည်ကျော်ကြားခဲ့တဲ့ မိုးပျံဆိုတာရှိတယ်။ အဲဒီမိုးပျံရဲ့သားဟာ အခု မိုးခင်ပဲ။ မိုးပျံတုန်းကလည်း ကိုယ်ပျောက်ဝိဇ္ဇာမိုးပျံလို့ နာမည်ကျော်နေတာ။ နောက်ဆုံးတစ်နေ့ ရဲတွေက မိုးပျံကို မြေကျင်းထဲမှာ ဖမ်းလိုက်နိုင်တယ်။ ဒီလိုလုပ်ဗျာ၊ အခု ကျွန်တော်တို့ မိုးခင်အိမ်ဘက်ကို သွားကြည့်ရအောင်"

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့သည် မိုးခင်အိမ်ဘက်ကို ထွက်လာခဲ့သည်။ မိုးခင် အိမ်တံခါးဝမှာ သော့ခတ်ထားလျက်။ အိမ်ပတ်လည်ကို သေချာကြည့်လိုက်သည်။ မိုးခင်ကိုမတွေ့။

"ဟို ... လယ်ကွက်ထဲမှာ မိုးခင်ရဲ့ဦးလေး ညိုအေးတဲ့အိမ်ရှိတယ် ကိုဒီပဇော်"

"ကျွန်တော်တို့ အဲဒီတဲအိမ်ဘက်ကို သွားကြည့်ရအောင် ကိုမင်းနိုင်"

လယ်ကွက်နှစ်ကွက်ကျော်ပြီးမှ ဦးညိုအေးတဲအိမ်ကိုရောက်သည်။

"ဝုတ် .. ဝုတ် .. ဝုတ် .."

ခွေးနက်ကြီးတစ်ကောင် ထွက်လာပြီး ဟောင်နေသည်။ တဲအိမ်ထဲမှ ဦးညိုအေးပြေးထွက်လာပြီး အိမ်ရှေ့ကို လှမ်းကြည့်ရင်း ...

"ဘယ်သူတွေလဲဟေ့"

"ညိုအေးမရေ ... ငါတို့ပါ"

ဒီပဇော်တို့နှင့်အတူ လိုက်ပါလာသော ရပ်ကွက်ထဲမှ လူကြီးတစ်ဦးဖြစ်သော ဦးကံသိန်းက လှမ်းအော်ပြောလိုက်သည်။

"ဪ ... ကိုကံသိန်းတို့ပါလား။ လာကြဗျာ"

"ဝုတ် .. ဝုတ် .. ဝုတ် .."

ခွေးနက်ကြီးက ဟောင်နေပြန်သည်။ ဦးညိုအေးက ခွေးနက်ကြီးကို "သွားစမ်းနက်ကြီး"ဟု အော်လိုက်ရာ ခွေးနက်ကြီး တဲအိမ်ထဲကို ပြေးဝင်သွားသည်။ ဦးကံသိန်းက ဦးညိုအေးကိုကြည့်ရင်း ...

"သူတို့က မိုးခင်နဲ့တွေ့ချင်လို့တဲ့"

"ဟုတ်ပါတယ်။ ကျွန်တော်တို့က မြို့နယ်ရဲစခန်းကပါ။ မိုးခင်နဲ့တွေ့ချင်လို့ပါ"

ဦးညိုအေးသည် ဒုရဲအုပ်မင်းနိုင်ကို တစ်ချက်လှမ်းကြည့်ပြီး ...

"မိုးခင်ကတော့ ကျွန်တော့်တူပါပဲ။ ဒါပေမဲ့ မိုးခင် ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာ ဘယ်တော့မှ ကျွန်တော့်ကို မပြောဘူး။ ခုလည်း ဘယ်ခရီးထွက်သွားလဲမသိဘူး။ အိမ်တံခါးပိတ်ပြီး ပျောက်နေတယ်"

"တာဝန်အရပါ ဦးညိုအေး။ ကျွန်တော်တို့တဲအိမ်ထဲကို ဝင်ကြည့်ချင်ပါတယ်"

ဒီပဇော်သည် တဲအိမ်ထဲကိုလှမ်းကြည့်ပြီး ဦးညိုအေးကို ပြောလိုက်သည်။

"ဪ ... ရပါတယ်ကိုဒီပဇော်၊ ဝင်ကြည့်နိုင်ပါတယ်"

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့သည် တဲအိမ်ထဲသို့ လှမ်းဝင်လိုက်သည်။ တဲအိမ်အတွင်းမှာ အခန်းမရှိ၊ ကွပ်ပျစ်တစ်ခုသာရှိ၏။ ကွပ်ပျစ်ရှေ့တွင် မြက်ထုံးများ ပုံထားသည်ကို တွေ့လိုက်ရသည်။ မြက်ထုံးရှေ့တွင်ထိုင်ပြီး စိုက်ကြည့်နေသော ခွေးနက်ကြီး။ တဲအိမ်အတွင်းကို စူးစိုက်ကြည့်ပြီး တဲအိမ်အပြင်ဘက်ကို လှမ်းထွက်လာသည့် ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့သည် တံတားကြီးဘက်ဆီကို ပြန်လျှောက်လာသည်။ လျှောက်လာရင်း ဒီပဇော်သည် ဦးကံသိန်းကို ပြောလိုက်သည်။

**ဒီပဇော်သည် ပြတင်းပေါက်ဝန်းကျင်ကို စူးစိုက်ကြည့်နေမိသည်။ ပြတင်းပေါက်အနီး၌ တွေ့လိုက်ရသည့် မြင်ကွင်းမှာ မြက်ခြောက်မျှင်မျှင်လေး တစ်စကို သွားတွေ့သည်။**

"ဦးကံသိန်းရေ ... ဦးညိုအေးတဲအိမ်ကို မျက်ခြည်မပြတ်ကြည့်ထားပါ။ တစ်စုံတစ်ရာ သတင်းထူးရင် ကျွန်တော်တို့ကို အကြောင်းကြားပေးပါ"

"စိတ်ချပါ ကိုဒီပဇော်"

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့သည် ဆိုင်ကယ်ပြန်မောင်းနှင်လာခဲ့သည်။

*****

(၃)

"ဟိုမှာ ... ဦးညိုအေး မဟုတ်လား ကိုဒီပဇော်"

ဒုရဲအုပ်မင်းနိုင်က ဒီပဇော်ကိုပြောလိုက်သည်။ ဒီပဇော်က လက်ဖက်ရည်ကို မော့သောက်ပြီး ဈေးအတွင်းမှ ထွက်လာသော ဦးညိုအေးကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်ကိုမင်းနိုင်၊ ကျွန်တော်တို့ ဦးညိုအေးနောက်ကို ခြေရာခံကြည့်ရအောင်"

"ကောင်းသားပဲ ကိုဒီပဇော်"



www.burmeseclassic.com

www.burmeseclassic.com

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်သည် ဦးညို့နောက်သို့ လိုက်ကြည့်နေမိသည်။ ဦးညို့အေးသည် ဈေးဆိုင်တစ်ဆိုင်ထဲကို ဝင်သွားပြီး စီကရက်ဘူးဝယ်နေသည်ကို တွေ့ရသည်။ ပြီးမှ ဆိုင်အပြင်ဘက်ကို ထွက်သွားသည်။

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့သည် ရဲစခန်းသို့ပြန်လာကြသည်။ ရုံးခန်းထဲတွင် စောင့်နေသူမှာ ဦးကံသိန်း။

"ဘာသတင်းထူးရှိလို့လဲ ဦးကံသိန်း"

ဒီပဇော်သည် ကုလားထိုင်အလွတ်တွင်ဝင်ထိုင်ရင်း ဦးကံသိန်းကို မေးလိုက်သည်။

"ညက ကျွန်တော်တို့ကင်းလှည့်ရင်း ဦးညို့အေးတဲအိမ်ဘက်ကို ရောက်တယ်။ တဲအိမ်ရှေ့မှာ လူရိပ်နှစ်ရိပ်ကို တွေ့ရတယ်။ လကလည်းမှောင်မိုက်နေတော့ လူရိပ်ကို သဲသဲကွဲကွဲ မမြင်ရဘူး။ ခဏကြာတော့ လူရိပ်တစ်ရိပ် တဲအိမ်ထဲကို လိုမ့်ဝင်သွားတာတွေ့ရတယ်။ တဲအိမ်ရှေ့မှာ လူရိပ်တစ်ရိပ်ပဲ ကျန်ခဲ့တယ်။ တဲအိမ်ရှေ့ကိုရောက်သွားတော့ တဲအိမ်ရှေ့က လူရိပ်ဟာ ဦးညို့အေးဖြစ်နေတယ်။ တဲအိမ်အတွင်းကိုဝင်သွားတဲ့ လူရိပ်ကို မသင်္ကာဖြစ်လို့ တဲအိမ်ထဲကို ဝင်ကြည့်သေးတယ်။ ဒါပေမဲ့ ဘာမှမတွေ့ရဘူး"

ဒီပဇော်သည် ဦးကံသိန်းပြောသည့် စကားများကို စူးစူးစိုက်စိုက်နားထောင်ပြီး မေးကိုပွတ်သပ်ရင်း တစ်စုံတစ်ရာကို တွေးတောနေသည်။

"အေးဗျာ ... ကျွန်တော်တို့တော့ ဦး ညို့အေးရဲ့ တဲအိမ်ကိုစောင့်ကြည့်ဖို့လိုလာပြီ"

ဒုရဲအုပ်မင်းနိုင်သည် စားပွဲပေါ်မှ ဖိုင်တွဲများကို စနစ်တကျ နေရာချထားရင်း ပြောလိုက်သည်။ ဦးကံသိန်းသည် ရဲစခန်းအတွင်းမှ ပြန်ထွက်သွားသည်။

ဒီပဇော်သည် စီးကရက်မီးခိုးများ မှုတ်ထုတ်ပြီး ...

"အခု ကျွန်တော် ဦးညို့အေးတဲအိမ်ဘက်ကို သွားဦးမယ်"

ဒီပဇော်သည် ဦးညို့အေးတဲအိမ်ရှိရာဘက်ကို ဆိုင်ကယ်မောင်းနှင်လိုက်သည်။

"ဝုတ် .. ဝုတ် .. ဝုတ် .."

ခွေးနက်ကြီးသည် တဲအိမ်ရှေ့မှ ထွက်လာပြီး ဟောင်နေသည်။ တဲအိမ်အတွင်းမှ ထွက်လာသူမှာ ဦးညို့အေး။

"ဪ ... ကိုဒီပဇော်၊ လာပါ ခင်ဗျာ"

"ဦးညို့အေး ကိုမိုးဒင်နဲ့ပတ်သက်ပြီး မေးမြန်းစရာရှိလို့ လာတာပါ"

"မိုးဒင်နဲ့ ပတ်သက်ပြီး ဘာတွေ သိချင်လို့လဲ ကိုဒီပဇော်"

"တဲအိမ်ထဲ ဝင်ထိုင်ပြီး ပြောကြတာပေါ့ ဦးညို့အေး"

ဒီပဇော်သည် ဦးညို့အေးကို တစ်ချက်ကြည့်ပြီး တဲအိမ်ထဲကို လှမ်းဝင်လိုက်သည်။ ကွပ်ပျစ်တွင် ထိုင်လိုက်ပြီး တဲအိမ်အတွင်းသို့ မျက်လုံးကစားလိုက်သူမှာ ဒီပဇော်။

"ဦးညို့အေး ... မိုးဒင်က ဒီလိုပဲ ပျောက်ပျောက်နေတာ သူဘယ်ခရီးကို ထွက်သွားတယ်ဆိုတာ ဦးညို့အေးမသိတာ ကိုယ့်ကူကို ဂရုမစိုက်ဘူးနဲ့တူတယ်"

"မဟုတ်ပါဘူး။ ကျွန်တော်တို့ လ ... မိုးဒင်ကို ... ပါတယ်။ ဒါပေမဲ့ မိုးဒင်က ဆိုးတာဗျ။ သူက ကျွန်တော့်ကို ဘယ်သွားမယ်၊ ဘယ်ကိုလာမယ်၊ ဘာလုပ်မယ်မပြောတော့ ခက်တာပေါ့"

စကားပြောရင်း မြက်ထုံးရှေ့ကို လှမ်းကြည့်လိုက်သည်။ မြက်ထုံးရှေ့တွင် ခွေးနက်ကြီးထိုင်လို့။ ခွေးနက်ကြီးရှေ့တွင် တွေ့လိုက်ရသည့် မြင်ကွင်းမှာ စီးကရက် အတိုတစ်လိပ်။ ဒီပဇော်သည် စီးကရက်တိုကိုကြည့်ပြီး ဂျာကင်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်လိုက်ပြီး ...

"ဦးညို့အေး ဆေးလိပ်သောက် ... ဦး"

"ကျွန်တော် ဆေးလိပ်မသောက် ... တတ်ဘူး ကိုဒီပဇော်"

ဒီပဇော်သည် စီးကရက်တိုကို ... သေချာလှမ်းကြည့်ပြန်သည်။ စီးကရက် ... တိုမှာ မီးခိုး တလူလူနှင့်။ စီးကရက်တိုမှာ ... သောက်ပြီးချိန်မကြာနိုင်ကြောင်း ဒီပဇော် ... ကောက်ချက်ချလိုက်လျက်။ တဲအိမ်ပတ် ... လည်ကို မျက်လုံးဝေ့ယမ်းကြည့်လိုက်ပြီး ...

"ကဲ ... ဦးညို့အေး။ ကျွန်တော် ... ပြန်လိုက်ဦးမယ်။ မိုးဒင်ပြန်လာရင်လည်း ... အကြောင်းကြားပါဦးနော်"

"စိတ်ချပါ ကိုဒီပဇော်။ မိုးဒင်ပြန် ... လာရင် ပြောပါ့မယ်"

ဒီပဇော်၏ မျက်လုံးသည် မြက်ထုံး ... အနီးရှိ မီးခိုးတလူလူနှင့် စီးကရက်တိုကို ... စိုက်ကြည့်ပြီး တဲအိမ်အပြင်ဘက်သို့ ... လှမ်းထွက်လာခဲ့လေသည်။

*****

(၄)

"ညက အခန်းအနောက်ဘက်က ... အသံကြားလို့ ကြည့်တော့ လူရိပ်ကိုတွေ့ ... ရတယ်။ ကျွန်တော်လည်း လက်နှိပ်ဓာတ် ... မီးနဲ့ထိုးလိုက်တော့ လူရိပ်က ပြတင်း ... ပေါက်ကနေ ခုန်ဆင်းသွားတယ်။ အိမ် ... အပြင်ဘက်ကို လိုက်ကြည့်တော့ ဘာမှ ... မတွေ့ရဘူး"

ဒီပဇော်သည် ဦးစိုးလွင်၏ ပြောပြ ... ချက်တွေကို နားထောင်ရင်း မေးစေ့ကို ပွတ်သပ်နေမိသည်။ ဝါးကုန်သည်ကြီး ဦးစိုးလွင်၏ နေအိမ်ကို သူခိုးဝင်ရောက် ဖောက်ထွင်းရန် ကြိုးစားခဲ့ကြောင်း ရဲ ... စခန်းကို လာအကြောင်းကြားသဖြင့် ဒီပ ... ဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့ ဦးစိုးလွင်နေ ...

www.burmeseclassic.com

အိမ်ကိုရောက်လာပြီး ဦးစိုးလွင်ကို မေးမြန်းနေမိသည်။

ဒီပဇော်သည် ပြတင်းပေါက်ဝန်းကျင်ကို စူးစိုက်ကြည့်နေမိသည်။ ပြတင်းပေါက်အနီး၌ တွေ့လိုက်ရသည့်မြင်ကွင်းမှာ မြက်ခြောက်မျှင်မျှင်လေးတစ်စကို သွားတွေ့သည်။ မြက်ခြောက်ကို ကောက်ယူကြည့်မိလိုက်ပြန်သည်။ မြက်ခြောက်ကိုကြည့်ရင်း ဒီပဇော်သည် ခေါင်းညိတ်လိုက်လျက်။

ဦးစိုးလွင်အိမ်မှပြန်လာကြသည့် ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့သည် ဦးညိုအေးတဲအိမ်ဘက်သို့ မောင်းနှင်လိုက်သည်။ လယ်ကွက်များကို တစ်ကွက်ပြီးတစ်ကွက်ကျော်လာပြီး တဲအိမ်ရှေ့ကိုရောက်တော့ ခွေးနက်ကြီးထွက်လာပြီး ဟောင်နေပါသည်။ အတန်ကြာတော့ တဲအိမ်ထဲမှ ပျာပျာသလဲပြေးထွက်လာသူမှာ ဦးညိုအေး။

"ဩော် ... ကိုဒီပဇော်တို့ပါလား။ လာကြလေ"

ဒီပဇော်တို့သည် တဲအိမ်အတွင်းသို့ဝင်လိုက်ကြသည်။ တဲအိမ်အတွင်းကို ရောက်သည့်အခါ ကွပ်ပျစ်ရှေ့တွင် ပုံထားသည့် မြက်ထုံးများကို သေချာကြည့်လိုက်သည်။ မြက်ထုံးများမှာ စိမ်းစိမ်းစိုစိုမရှိ။ နွမ်းဖတ်လျက် အဝါရောင်သန်းနေ၏။ မြက်ထုံးမှာ ခြောက်ခြောက်သွေ့သွေ့။ ဒီပဇော်သည် မြက်ထုံးထဲမှ မြက်တစ်ပင်ကို ဆွဲနုတ်ယူပြီး ဂျာကင်အင်္ကျီအိတ်ထဲကို ထည့်လိုက်၏။

"ကိုဒီပဇော် လာရင်း ကိစ္စကိုပြောပါဦး"

ဦးညိုအေးသည် ခွေးနက်ကြီးကို ပွတ်သပ်နေရင်း ဒီပဇော်ကိုမေးလိုက်သည်။

"မိုးဒင်ပြန်ရောက်နေပြီ မဟုတ်လား။ မနေ့ညက ဈေးမှာ မိုးဒင်ကိုတွေ့လိုက်သလားလို့ပါ။ ဒါကြောင့် ဦးညိုအေးကို လာမေးတာပါ"

"ဟာ ... မဖြစ်နိုင်ပါဘူး။ မိုးဒင်ပြန်လာရင် ဦးသိရမှာပေါ့"

"အဲဒါကို သိချင်လို့လာမေးတာပါ။ ကဲ ... ကျွန်တော်တို့ပြန်လိုက်ပါဦးမယ်"

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့သည် တဲအိမ်အပြင်ဘက်ကို ထွက်လာပြီး ပြန်လာခဲ့သည်။ ရဲစခန်းရောက်တော့ ဒီပဇော်က ဂျာကင်အင်္ကျီအိတ်ထဲမှ မြက်ခြောက်ပင်ကို ထုတ်ယူလိုက်သည်။

"ကိုမင်းနိုင် ဦးစိုးလွင်အိမ်ပြတင်းပေါက်နားမှာတွေ့ခဲ့တဲ့ မြက်ပင်နဲ့ အခု ဦးညိုအေး တဲအိမ်ထဲက မြက်ပင်ဟာ တူနေတယ်ဗျာ။ မြက်က ခြောက်သွေ့နေတာ"

မြက်ပင်နှစ်ပင်ကို သေချာယှဉ်ကြည့်ပြီး ဒုရဲအုပ်မင်းနိုင်သည် ဒီပဇော်ကို ပြောလိုက်သည်။

"ဟုတ်တယ် ကိုဒီပဇော်။ မြက်ပင်နှစ်ပင်ဟာ ခြောက်သွေ့ပုံချင်း တူနေတယ်ဗျ"

---

ဒုရဲအုပ်မင်းနိုင်သည်
ရဲဘော်မြင့်စိုးကို
ပြောလိုက်သည်။
ရဲဘော်မြင့်စိုးက
ကျူထရံကို ဖယ်လိုက်သည်။
ဒီပဇော်သည်
ဦးညိုအေးမျက်နှာပေါ်ကို
လှမ်းကြည့်လိုက်သည်။
ဦးညိုအေးမျက်နှာမှာ
ချောက်ချားထိတ်လန့်နေလျက်။

"ဒီလိုလုပ်ဗျာ။ ကျွန်တော် ဦးကံသိန်းအိမ်ကို သွားလိုက်ဦးမယ် ကိုမင်းနိုင်"

ရဲစခန်းအတွင်းမှ ထွက်ခွာလာသည့် ဒီပဇော်သည် ဦးကံသိန်းအိမ်ရောက်တော့ ဦးကံသိန်းကိုပြောလိုက်သည်။

"ဦးကံသိန်း ကျွန်တော့်ကို ကူညီပါဦး"

"ဘာကူညီရမလဲ ကိုဒီပဇော်"

ဒီပဇော်သည် ဦးကံသိန်းကိုဆောင်ရွက်ပေးရမည့်အကြောင်း အရာကိုတိုးတိုးတိတ်တိတ် ပြောလိုက်သည်။

*****

(၅)

ဒီပဇော်၏ ခြေလှမ်းများသည် သွက်သွက်လက်လက်။

ဒီပဇော်သည် ဒုရဲအုပ်မင်းနိုင်နှင့် ရဲဘော်ပွဲဝင်တို့နှင့်အတူ ဦးညိုအေးတဲ အိမ်ရှိရာသို့ လှမ်းလာခဲ့သည်။

တဲအိမ်ရှေ့ကိုရောက်တော့ ခွေးနက်ကြီး၏ ခွေးဟောင်သံကို မကြားရ၊ ခွေးနက်ကြီးကိုလည်း မမြင်ရ။ ဒီပဇော်သည် တဲအိမ်အဝင်ဝမှရပ်ပြီး တဲအိမ်အတွင်းသို့ လှမ်းကြည့်ပြီး ...

"ဦးညိုအေး ဘာတွေလုပ်နေတာလဲဗျ"

ဦးညိုအေးသည် မြက်ထုံးများကို မ,ထားရင်း ဒီပဇော်၏အသံကြောင့် ပျာယာခတ်သွားမိသည်။ ဦးညိုအေး၏ မျက်နှာပေါ်တွင်လည်း ထိတ်လန့်ချောက်ချောက်ချားချား။

ဒီပဇော်သည် မြက်ထုံးပုံကို စူးစိုက်ကြည့်လိုက်သည်။ မြက်ထုံးများမှာ ရွှေ့ထားသောကြောင့် ခါတိုင်းက တွေ့သည့်နေရာတွင် မြက်ထုံးတစ်ထုံးနှစ်ထုံးသာ တွေ့ရသည်။ မြက်ထုံးအောက်ဘက်၌



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်သည့်အခါ အောက်ဘက်တွင် မြင်လိုက်ရသည်မှာ မီးခိုးငွေ့ငွေ့။ ဒီပဇော်သည် ဒုရဲအုပ်မင်းနိုင်ကို တိုးတိတ်စွာ ပြောလိုက်သည်။ ဒုရဲအုပ်မင်းနိုင်သည် ရဲတပ်ဖွဲ့ဝင်များကို ခေါ်လိုက်သည်။

''ရဲဘော်မြင့်စိုး ... ဒီမြက်ထုံးကို ဟိုဘက်ကိုရွှေ့လိုက်ပါ''

ရဲတပ်ဖွဲ့ဝင်များသည် မြက်ထုံးများကို မ,၍ရွှေ့လိုက်သည်။ ခင်းထားသည့် ကျူထရံတစ်ချပ်ကို တွေ့ရသည်။ ကျူထရံအောက်မှာ တငွေ့ငွေ့ထွက်နေသည်မှာ မီးခိုးငွေ့မျှင်မျှင်လေးများ။

''ကျူထရံကို ဖယ်လိုက်စမ်း ... ရဲဘော်''

ဒုရဲအုပ်မင်းနိုင်သည် ရဲဘော်မြင့်စိုးကို ပြောလိုက်သည်။ ရဲဘော်မြင့်စိုးက ကျူထရံကို ဖယ်လိုက်သည်။ ဒီပဇော်သည် ဦးညိုအေးမျက်နှာပေါ်ကိုလှမ်းကြည့်လိုက်သည်။ ဦးညိုအေးမျက်နှာမှာ ချောက်ချားထိတ်လန့်နေလျက်။

ကျူထရံကို ဖယ်လိုက်သည့်နေရာတွင် ဝါးခတ်ချပ်ခင်းထားသည်ကို တွေ့ရပြန်၏။ ဝါးခတ်ချပ်ကို ထပ်မံဖယ်ရှားလိုက်သည့်အခါ မြင်လိုက်ရသည့်မြင်ကွင်းမှာ မြေကျင်းဝပေါက်ကျယ်ကြီးတစ်ခု။ ထိုမြေကျင်းဝပေါက်ကြီးထဲမှ မီးခိုးငွေ့များ တလိမ့်လိမ့် လွင့်ပျံတက်လာလျက်။

ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်သည် မြေကျင်းထဲကို စူးစိုက်ကြည့်လိုက်သည်။ ထိုအခါ မြေကျင်းထဲဟွင် ထိုင်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ နံဘေးတွင်လည်း သောက်လက်စ စီးကရက်တိုတစ်လိပ်။ ထိုလူမှာ ကိုယ်ပျောက်ဝိဇ္ဇာမိုးဒင်။

''မိုးဒင် အပေါ်တက်ခဲ့စမ်း''

ဒုရဲအုပ်မင်းနိုင်က မိုးဒင်ကိုလှမ်းပြောလိုက်သည်။ မိုးဒင်မှာ လှုပ်ရှားခြင်းမရှိ။ ပေါ်ဘက်ကိုပြန်ကြည့်နေလျက်။

''ဟော့ကောင် မိုးဒင် ပြောနေတာ မကြားဘူးလား။ မင်းကို ငါတို့ရဲတပ်ဖွဲ့ဝင်တွေ ဝိုင်းထားပြီးပြီ။ အပေါ်ကိုတက်ခဲ့စမ်း။ မင်းမကြားဘူးလား''

မိုးဒင်သည် လှုပ်ရှားလာပြီး မြေကျင်းအပေါ်ကို လှမ်းတက်လာသည်။ မြေကျင်းပေါ်သို့ရောက်လာသည့် မိုးဒင်ကို ရဲတပ်ဖွဲ့ဝင်များက လက်ထိပ်ခတ်လိုက်ကြသည်။ ဒီပဇော်က ဦးညိုအေးကိုကြည့်ရင်း ...

''ဦးညိုအေး ဘာတတ်နိုင်သေးသလဲ။ ခင်ဗျားက ကျွန်တော်တို့ကိုလှည့်ဖြားပြီး လိမ်ညာခဲ့တယ်။ အမှန်ကိုဖုံးကွယ်ထားလို့ မရနိုင်ပါဘူး ဦးညိုအေး။ ခင်ဗျားတဲအိမ်ထဲကို ရောက်တော့ မြက်ထုံးပုံထားတာကို မသင်္ကာဘူး။ မြက်ထုံးဟာ မသုံးဘဲ ဒီအတိုင်းပုံထားတယ်။ နွမ်းဖတ်ပြီး အဝါရောင်သန်းလာတာတွေ့ရတယ်။ နွားလည်းမမွေးထားဘဲနဲ့ ခြောက်သွေ့နေတဲ့မြက်ထုံးတွေကို အကြောင်းမဲ့ပုံထားမှာ မဟုတ်နိုင်ဘူးဆိုတာ ကျွန်တော်တွေးမိတယ်။ နောက်တစ်ချက်က ဦးစိုးလွင်အိမ်မှာ ဖောက်ထွင်းဖို့လာတဲ့ ဖောက်ထွင်းသမားဆီက ကျန်ခဲ့တဲ့ သဲလွန်စတစ်ခုဟာ ခင်ဗျားကဲအိမ်ထဲက ပုံထားတဲ့မြက်ခြောက်ထဲကပဲ ဖြစ်နေဘာရယ်၊ ကျွန်တော်တို့လာတိုင်း ခင်ဗျားရဲ့ ခွေးနက်ကြီးက ဒီမြက်ထုံးနေရာမှာပဲ ထိုင်နေ တာတွေ့ရတယ်။ ခွေးဘီရဗ္ဗာန်ဆိုတာ သခင်ကို အမြဲတမ်း ကာကွယ်တတ်တဲ့ စရိုက် ရှိတယ်။ နောက်တစ်ချက်က မြက်ထုံးနားမှာ သောက်လက်စ စီးကရက်တိုကိုတွေ့ရတော့ ကျွန်တော်က ခင်ဗျားကို ဆေးလိပ်သောက်ပါဦးလို့ ပြောတော့ ခင်ဗျားက ဆေးလိပ်မသောက်တတ်ဘူးလို့ ပြောတယ်။ ဒီမှာကျွန်တော် ရိပ်မိခဲ့တယ်။ ခင်ဗျားအိမ်ထဲမှာ ခင်ဗျားအပြင် လူတစ်ယောက်ရှိရမယ်ဆိုတာ ကောက်ချက်ချမိတယ်။ နောက်ပြီးတော့ ခင်ဗျားရဲ့ ခွေးနက်ကြီးကိစ္စ။ ခင်ဗျားတဲအိမ်ကို ကျွန်တော်တို့လာတော့ ခွေးနက်ကြီးက ထွက်လာပြီးဟောင်တယ်။ ဒါကို လူလာပြီဆိုတာခင်ဗျားတို့သိလိုက်တယ်မဟုတ်လား။ ဒီတော့ တဲအိမ်ထဲမှာ မိုးဒင်ကို မြေကျင်းထဲဆင်းခိုင်းပြီးမှ တဲအိမ်အပြင်ဘက်ကို ခင်ဗျားထွက်လာတယ် မဟုတ်လား။ ဒါကြောင့် ခင်ဗျားရဲ့ ခွေးနက်ကြီးကို ဦးကံသိန်းကို တိတ်တဆိတ် ဖမ်းခိုင်းထားလိုက်တာ။ ခွေးနက်ကြီးမရှိတော့ ကျွန်တော်တို့ တဲအိမ်ရှေ့ကိုရောက်လာမှန်း ခင်ဗျား မသိတော့ဘူးမဟုတ်လား။ တဲအိမ်ထဲကို ဖြုန်းခနဲဝင်လိုက်တော့ ခင်ဗျားဖုံးကွယ်ထားတာတွေ ကျွန်တော်တို့အားလုံး သိခဲ့ရပြီ''

ထိုစဉ် မြေကျင်းထဲမှ ပြန်တက်လာသည့် ရဲဘော်မြင့်စိုးသည် အထုပ်တစ်ထုပ်ကိုပိုက်လျက်။

''ဆရာ ဒီမှာ ရွှေဆိုင်ကဖောက်ထွင်းလာခဲ့တဲ့ ရွှေပစ္စည်းတွေ''

ရဲဘော်မြင့်စိုးက ဒုရဲအုပ်မင်းနိုင်ကို အထုပ်လှမ်းပေးလိုက်သည်။ ဒုရဲအုပ်မင်းနိုင်သည် ရဲဘော်မြင့်စိုးထံမှ အထုပ်ကို လှမ်းယူပြီး ဒီပဇော်ကိုပြောလိုက်သည်။

''ကဲ ... ကိုဒီပဇော်၊ ကျွန်တော်တို့ ရဲစခန်းကိုပြန်ကြမယ်။ ရဲဘော်မြင့်စိုးရေ ... မိုးဒင်နဲ့ ဦးညိုအေးကို ခေါ်လာခဲ့''

မိုးဒင်နှင့် ဦးညိုအေးသည် ရဲတပ်ဖွဲ့ဝင်များခေါ်ဆောင်ရာကို လိုက်ပါလာခဲ့သည်။ ဒီပဇော်နှင့် ဒုရဲအုပ်မင်းနိုင်တို့ဆိုင်ကယ်နှစ်စီးသည် ရဲစခန်းဘက်သို့ မောင်းနှင်ပြေးလွှားနေပါသည်။ ဒီပဇော်မျက်နှာပေါ်တွင် အမှောင်ထုကို အနိုင်ယူသည့် အလင်းတန်းများ ခိုတွယ်နေ...နေမိပါသည်။

ဗညားဦး(အိမ်...



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊
ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ•ဆ•ပ•လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည်
ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို
ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၇၀၀၈၁၂)

# ခေတ်အဆက် သမိုင်းဝင်
# မြန်မာ့မှတ်တမ်းပုံရိပ်များ

## ဦးသန့်(လာဘ်မိုးစွေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်းဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း၊ ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီးဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

(တန်ဖိုး - ၁၀၀၁၀ ကျပ်)

**ထွက်ပြီ**

**ဖြန့်ချိရေး**

လာဘ်မိုးစွေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊
၀၉-၅၀၉၂၄၇၇။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ
ကျော်ကျော် စာပေ(မော်လမြိုင်)၊ သဇင် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဥပုသ်စောင့်သော ကျား

✣ မော်တင်သိန်းဇော်ဇ

တစ်နေ့နံနက် ရုံးတက်လက်မှတ်ထိုးနေစဉ် အရာရှိကခေါ်လာ၍ ဦးဘထူး ကပျာကယာနှင့် သွားတွေ့လေရာ -

စာရေးကြီး ဦးဘထူး ရုံးခန်းထဲသို့ ဝင်ဝင်ခြင်းပင် အထက်အရာရှိဖြစ်သူက ဦးဘထူးရေ ပြဿနာပဲ ခင်ဗျား ပို့လိုက်တဲ့ "နယ်ပို့ပစ္စည်းတွေ အဖောက်ခံရလို့တဲ့၊ ဒီမှာ ဆိုင်ရာ စစ်ဆေးရေးတွေ ရောက်နေကြတယ်၊ လိုအပ်သလို ဆောင်ရွက်ပေးလိုက်ပါဦး"ဟု အပူတပြင်းနှင့် ဆီးကြို၍ လှမ်းပြောဆိုသည်ကို ကြားလိုက်ရ၍ ဦးဘထူးမှာ အထူးပင် ရင်မို့ထူပူ သွားရှာလေသည်။ ချက်ချင်းလည်း စာရင်းအင်းများကို အပူတပြင်းနှင့် ရှာဖွေပြုစုရလေသည်။ တင်ပြရလေသည်။

သက်ဆိုင်ရာ စစ်ဆေးရေးပုဂ္ဂိုလ်တွေက နယ်ပို့ပစ္စည်းများအနက် လမ်း၌ အဖေါက်ခံရသည့် ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ပို့သောမြို့နယ်၊ ပို့သောလမ်းကြောင်း။ တန်ဆာလက်မှတ်ပြေစာများ။ ပို့သောနေ့ရက်စွဲ၊ ထုပ်ပိုးမှုအစီအမံနှင့် အနေအထားများ စသဖြင့် အသေးစိတ်များကို စနစ်တကျ အသေအချာပင် မေးမြန်း စစ်ဆေးကြပြီး စာရင်းမှတ်တမ်းများကို ယူကြလေသည်။ ဦးဘထူးကလည်း ပို့လိုက်သည့် အဖောက်ခံရ ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အပြည့်အစုံ စနစ်တကျနှင့် တင်ပြနိုင်လေသည်။ အစစ်ဆေးခံနိုင်ခဲ့လေသည်။ တာဝန်ပိုင်းရော၊ လုပ်ငန်းပိုင်းတို့၌ပါ မှားယွင်းမှုများ အလျဉ်းမရှိခဲ့ချေ။ စနစ်ရှိသူ ရိုးသား ဖြောင့်မတ်သူဖြစ်ချက်နှင့် အမှားအယွင်း၊ ကင်းရှင်းသော ဝန်ထမ်းပေါင်းတစ်ဦးဖြစ်လေသည်၊ မည်သို့ဆိုစေကာမူ ဦးဘထူးမှာ ယခုလက်ရှိ၌ ဖြစ်ပွား ကြုံတွေ့ ဖြေရှင်းရသော ယင်းနယ်ပို့ပစ္စည်းများ၊ အပေါက်အတွင်း အခိုးခံခဲ့ရသော လုပ်ငန်းသဘောအရ တာဝန်ရှိ၍ ပုထုဇဉ်လူသားတစ်ဦးပီပီ မဖြစ်စဘူး မကြုံစဘူး ကိစ္စရပ်နှင့်ပတ်သက်ပြီး စိတ်ပူမိ စိတ်မကောင်းဖြစ်မိခဲ့လေသည်။ ထိုအတူ ဦးဘထူးသည် အဖေါက်အထွင်းခံရသော ထိုနယ်ပို့ပစ္စည်းများနှင့် ပတ်သက်၍ စာရင်းဇယားများကို ထပ်ခါ ထပ်ခါပင် ထပ်မံ၍ ပြန်၍ သေချာအောင် စိစစ်ပြုစုမှုများကိုလည်း ဆောင်ရွက်ခဲ့ရှာလေသည်။ ပြင်ဆင်ခဲ့လေသည်။

ထိုမှ ရက်အတန်ကြာခန့်မျှတွင်ပင် ဦးဘထူးတို့ဌာနမှ ပို့လိုက်သောနယ်ပို့ လမ်းခရီးကြား၌ အဖေါက်အထွင်းအခိုးခံရသည့် နယ်ပို့ပစ္စည်းများအတွက် ဦးဘထူးတို့ဌာနမှ အမှုကျူးလွန်သူနှင့်



www.burmeseclassic.com

www.burmeseclassic.com

အခြားအပါအဝင် ဖြစ်မှုကျူးလွန် လုပ်ဆောင်သူဆိုင်ရာ တရားခံများကို လည်း ဝန်ထမ်းအားလုံးကို ဖော်ထုတ် ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်းကိုလည်း ဦးဘထူးတို့ ဌာနမှ ကြားသိခဲ့ရလေသည်။ ထိုအခါကျမှ တာဝန်ရှိသော ဝန်ထမ်း ဦးဘထူးအနေနှင့် စိတ်အေး၍ သက်သာခွင့်ရတော့ရသည်။ သက်ပြင်း ချနိုင်ရာတော့သည်။

နောင်လေးငါးနှစ်ခန့်အကြာ ဦးဘထူးသည် အလုပ်ကိစ္စတစ်ရပ်နှင့် တစ်နေ့၌ မြို့ထဲသို့ ထွက်ခဲ့လေသည်။ ဦးဘထူးသည် လိုအပ်သည်တို့ကို ထိုနေ့၌ဆောင်ရွက် စီစဉ်ခဲ့ပြီးနောက် မြို့နယ် လမ်းမကြီးတစ်ခု၏ ဘေးပလက်ဖောင်း ဆီမှ ဌာနဆိုင်ရာမှ မိမိ၏ နေ့စဉ်တာဝန်နှင့် အလုပ်ကိစ္စများကို စဉ်းစားရင်း ဖြည်းညင်းစွာပင် လျှောက်လှမ်းခဲ့လေသည်။ တစ်ခုသော လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ အရောက်တွင် ဆရာ ဦးဘထူးဟု ဝမ်းပန်းတသာ ဖက်လှဲတကင်နှင့် မိမိ၏ အမည်ကို ဘေးဆီမှ ရုတ်ခြည်း လျှပ်တစ်ပြက် အမှတ်မထင် မျှကျယ်လောင်စွာပင် အခေါ်ခံလိုက်ရ ကြားလိုက်ရ၍ ဦးဘထူးသည် အံ့အားသင့်သွားပြီး အသံလာရာ လမ်းဘေး လက်ဖက်ရည်ဆိုင်ဆီကို အမြန်လှမ်း ကြည့်လိုက်လေရာ အဖောက်အတွင်း ခံခဲ့ရသည့် ဖြစ်စဉ်အမှုကို ကျူးလွန် လုပ်ဆောင်ခဲ့သည့် အဓိကတရားခံ ဝန်ထမ်းဟောင်းဖြစ်မှု ခင်ကြီးကို မမျှော်လင့်၊ မထင်မှတ်ဘဲ အမှတ်မထင်ပင် တွေ့ရှိလိုက်ရလေသည်။ ဦးဘထူးက ခင်ကြီးကို အံ့သြစွာနှင့် လှမ်းကြည့်နေမိစဉ် ခင်ကြီးက လက်ဖက်ရည်ဖျော် နေရာမှ ရုပ်လိုက်ကာ ပြေးထွက်လာပြီး ဦးဘထူး၏ လက်နှစ်ဖက်ကို အမြန် ဆွဲကိုင်ဖမ်းယူလိုက်၍ "ဆရာရယ် ဝမ်းသာလိုက်တာ ကျွန်တော်ဆိုင်ဖွင့်ထားတာ၊ ကျွန်တော် ထောင်ကလွတ် ကတည်းက ဆရာ့ကို တွေ့ချင်နေတာ၊ ရုံးကို မေးကြည့်တော့ ဆရာက အလုပ် ပြောင်းသွားပြီလို့ သိရတယ်။ ဆရာ ခုဘယ်မှာ လုပ်နေတာလဲ? လိပ်စာ ပေးထားပါဦး" ဟု ဝမ်းပန်းတသာ အမောတကောနှင့် အငမ်းမရပင် ပြောဆိုပြီး ဦးဘထူးကို ခုံလွတ်တစ်နေရာ၌ ထိုင်စေကာ အမြန်ပင် လက်ဖက်ရည် မုန့်များကို ချပေး၍ ဧည့်ခံလေသည်။ ဦးဘထူးက ခင်ကြီး တည်ခင်းသော လက်ဖက်ရည် မုန့်များကို စားသောက် နေရင်းမှ ခင်ကြီး ကျူးလွန်ခဲ့သော ဖြစ်မှုများနှင့် စပ်လျဉ်း၍ စကားစပ်မိပြီး မေးမြန်းမိလေရာ ခင်ကြီးက "အဲဒီကျူးလွန်မိချက်နဲ့ ကျွန်တော် ထောင်ကျခဲ့တယ်။ အဲဒီဌာနမှာ ဆရာဆက်မရှိဘဲ ပြောင်းသွားတော့ ကျွန်တော်တို့ အကြောင်းတွေ ဆရာ ဆက်မသိ မကြားတော့ဘူးပေါ့"။ တစ်ခုကိုတော့ ဆရာကြားမိခဲ့လားမသိဘူး။ ကျွန်တော် မသမာမှု လုပ်မယ့် ကုန်ပစ္စည်းတွေကို ဆိုင်ရာကိုထောင်က အဲ့ဒီနေ့ အဲဒီတုန်းက သွားထုတ်ခဲ့တုန်းက ဆရာ့ လက်မှတ်အစစ်ပါတဲ့ နေ့စဉ်ဟာဝန် အရ ဘယ့်တကြည့်နဲ့ ဆရာပေးလိုက်တဲ့ ထုတ်ယူခွင့်ပြေစာ အစစ်အမှန်မှုရင်းကို မသုံးစွဲဘဲ ဆရာ့လက်မှတအတုကို ကျွန်တော်တို့ပြီး တခြားပုံစံတုနဲ့ ပြေ သွားရောက်ယူခဲ့ပြီး ကျွန်တော် မသ မှုတွေ လုပ်ခဲ့တာပါဆရာ။ ရိုးသား စိတ်ကောင်းထားတဲ့ ဆရာ့ကိုကျွန် လေးစားခဲ့ပြီး ဒုက္ခမရောက်စေချင်ခဲ့ ပါဆရာ။ ကျွန်တော် ဆိုင်ရာတွေ အမှန်အတိုင်းလဲ ဝန်ခံထုတ်ဖော် ပါတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်မှ ပါတယ်ဆရာဟု ရင်းပြ ရင်ဖွင့် ဝန် ဦးဘထူးကို တောင်းပန်ရှာလေသ

အသားစားသော "ကျား" ဥပုသ်စောင့်၍ သားကောင်ဖြစ် သက်သာ ချမ်းသာရာရသကဲ့သို့ ဖြ ကျူးလွန်ခဲ့သူ ခင်ကြီးကလည်း ဦး ထူး၏ လက်မှတ်မှုရင်းအစစ်ပြေတ မသုံးစွဲခဲ့ဘဲ ဦးဘထူး၏ လက်မှ အတုထိုးပြီး မသမာမှုလုပ်ခဲ့၍ ဦးဘထူးအနေနှင့် သက်သာရာရခဲ့ ပင်ဖြစ်ပေသည်။

ကျယ်ပြော နက်ရှိုင်း ထွေပြား သော လူ့လောက ပြင်ကျယ်ကြီး တစ်ကြောအတွင်း၌ "ရှိတော့ ရှိ ရှားတယ်" ဟူသည့် စကားအတိုင်း ဦးဘထူး၏ ဖြစ်အင်ကဲ့သို့ ဖြစ်တော ဖြစ်ခဲ့လသော ရှားပါး ဆန်းကြ နက်နဲလှသည့်ဖြစ်ရပ်များနှင့်အကြော ခြင်းရာ လူပုဂ္ဂိုလ်ဆန်းတို့ ရှိတတ်ကြ သည်။

"အထူးသဖြင့်" ဥပုသ်စောင့်သော "ကျား" က ပို၍ ရှားတတ်လှပါသည်

မော်တင်သိန်း




www.burmeseclassic.com

www.burmeseclassic.com

# အင်တာနက်မှ ဆေးလိပ်သောက်ခြင်း ဆန့်ကျင်ရေးအစီအစဉ်

ကျန်းမာရေးကျွမ်းကျင်သူများက အမေရိကန်နိုင်ငံတွင် နှစ်စဉ် ဆေးလိပ်ကြောင့် လူပေါင်း ၄၀၀,၀၀၀ ကျော် သေဆုံးကြောင်း ပြောကြားသည်။ ထို့ပြင် ဆေးလိပ်ကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် , လူပေါင်းအမြောက်အမြား သေဆုံးသည် ဆို၏။ အမေရိကန်မှ အဓိကကျသော ကျန်းမာရေးအုပ်စုတစ်စုသည် အင်တာနက်မှနေ၍ ဆေးလိပ်မသောက်ကြရန် အကူအညီပေးသည် ဆို၏။

၂၀၀၁ ခုနှစ် အစောပိုင်းက အမေရိကန်အဆုတ်အသင်း (American Lung Association) သည် ဝက်ဆိုက် (Website) တစ်ခုကို အသုံးပြုလျက် ဆေးလိပ်မသောက်ကြရန် လှုံ့ဆော်ပေးသည်။ ဖော်ပြပါ အသင်းသည် အဆုတ်နှင့် သက်ဆိုင်သော ရောဂါမှန်သမျှကို တိုက်ဖျက်ရာတွင် ပန်းနာ၊ ရင်ကျပ်၊ အင်းဖီးဆဝင်းမား (emphysema) နှင့် ကင်ဆာရောဂါတို့လည်း ပါဝင်သည်။ အသင်းမှ တာဝန်ရှိသူများက အင်တာနက်ကို အသုံးပြုခြင်းသည် လူများက ၎င်းတို့၏ အသက်ကို ကိုယ်တိုင်ကယ်တင်ရန် အကောင်းဆုံးနည်းဖြစ်ပြီး ၎င်းနည်းသည် ဆေးလိပ်ပြတ်သွားစေရန် အကောင်းဆုံးနည်းဖြစ်သည်ဟု ဆို၏။




ဆေးလိပ်၏အန္တရာယ်ရှိပုံ
ဖော်ပြသောပုံ

အမေရိကန်အဆုတ်အသင်း ဝက်ဆိုက်ဖြင့် တိုက်ဖျက်ရေးနည်းသစ်အစီအစဉ်တွင် ဆေးလိပ်သောက်ခြင်းမှ လွတ်မြောက်ရေးတိုက်ဖျက်ခြင်း (Freedom from Smoking Campaign) ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးရှိလူများ ဝက်ဆိုက်ကို တစ်နေ့လျှင် ၂၄ နာရီအသုံးပြုနိုင်သလို၊ ရက်သတ္တတစ်ပတ်လျှင် ခုနစ်ရက်အသုံးပြုနိုင်သည်ဆို၏။ ၎င်းအစီအစဉ်အတွက် အခကြေးငွေပေးရန်မလို။ လူတိုင်းပါဝင်နိုင်သည်။ လူတစ်ယောက် ဝက်ဆိုက်နှင့် ချိတ်ဆက်မှုရှိလျှင် ဆေးလိပ်ဖြတ်လိုသည့် အခြားသူများနှင့်လည်း ချိတ်ဆက်နိုင်သည်။ ၎င်းတို့အချင်းချင်း ဆေးလိပ်သောက်ခြင်းကြောင့် ရရှိသည့် အကျိုးအပြစ်များကို အပြန်အလှန်ဆွေးနွေးနိုင်သလို ဆေးလိပ်ကြောင့် စိတ်သောကရောက်ရပုံနှင့် စောစောပိုင်းက ဆေးလိပ်ဖြတ်ရန် အားထုတ်မှုများကိုလည်း မျှဝေခံစားနိုင်သည်ဆို၏။

ဆေးလိပ်သောက်ခြင်းမှ လွတ်မြောက်ရေးအစီအစဉ်၏ အဓိကအစိတ်အပိုင်းတစ်ခုအနေနှင့် အုပ်စုသည် လူတိုင်းအားပေးထောက်ခံမှု ရရှိရေးသည် အရေးပါပြီး ကောင်းသောနည်းလမ်းတစ်ခု ဖြစ်သည်။

အားပေးထောက်ခံမှုရရှိသည့် အုပ်စုများအနေနှင့် ဆေးလိပ်ပြတ်သွားစေရန် လိုအပ်ပြီး၊ အလွန်ခက်ခဲသည့် အလုပ်လည်းဖြစ်သည်။ လူများ ဆေးလိပ်သောက်ရခြင်း အဓိကအကြောင်းရင်းမှာ စီးကရက်သောက်သူသည် ဆေးလိပ်တွင်ပါဝင်သော နီကိုတင်းစွဲနေခြင်းကြောင့် ဖြစ်သည်။ ဆေးလိပ်သောက်သူများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးရန် နီကိုတင်းလိုအပ်နေခြင်း ဖြစ်သည်။ ဆေးလိပ်သောက်ခြင်းမှ လွတ်မြောက်ရေးအစီအစဉ်သည် ဖော်ပြပါ အကြောင်းပြချက်များကို အသိအမှတ်ပြုသည်။ ဝက်ဆိုက်နှင့် ချိတ်ဆက်မှုရှိသူများသည် မေးခွန်းပေါင်း အစီအရီကို ဖြေကြားပေးရ၏။ ၎င်းမေးခွန်းများတွင် ဘာကြောင့် ဆေးလိပ်သောက်သည်၊ အချိန်မည်မျှကြာအောင် ဆေးလိပ်သောက်ခဲ့သည်၊ ဆေးလိပ်ကြောင့် ဘယ်လိုအကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ကြောင်း စသည့် မေးခွန်းများပါဝင်သည် ဆို၏။

ထို့နောက် အစီအစဉ်မှ ဆေးလိပ်ဖြတ်ခြင်း အောင်မြင်သူနှင့်အတူတကွ အလုပ်လုပ်ရသည်။ ၎င်းနည်းဖြင့် လူတစ်ဦးတစ်ယောက်၏ဘဝ ပြောင်းလဲမှုပါဝင်သလို၊ ဆေးဝါးမှီဝဲခြင်းကို အကူအညီပေးရာ ရောက်သည်။ ထို့ကြောင့် လူပေါင်း ၁၀၀၀ ကျော်သည် အွန်လိုင်းအစီအစဉ်တွင် ပါဝင်လာကြသည်။

**မောင်မောင်စန်းထွေး**

***Ref: American Mosaic***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အကြားအမြင် ဦးဘဆန်းနှင့် ဂဏန်းဘုရားကျိန်စာ

**အောင်ဘုန်းမြင့်(ကချင်မြေ)**

မိုင်းရှူးရတနာမြေ

စိန်နီဟုတင်စားခေါ်ဆိုထားသော ပတ္တမြားထွက်သည့် မိုင်းရှူးရတနာမြေသည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရှမ်းနွယ်ဖွားများ အများစုနေထိုင်ကြသော မိုင်းရှူးမြို့၏ အနီးအနားဒေသများကို ခေါ်ဆိုခြင်းဖြစ်လေ၏။ မိုင်းရှူးမြို့မှ ကားလမ်းဖြင့်တောင်ဘက်သို့ဆင်းသွားလျှင် လဲချားမြို့ကိုရောက်ပြီးထိုမှတစ်ဆင့် တောင်ကြီးမြို့သို့ ရောက်နိုင်၏။ မြောက်ဘက်သို့ ဆန်တက်သွားပါက တန့်ယန်းမြို့သို့ အလျှင်ရောက်ပြီး လားရှိုးမြို့သို့ ပေါက်နိုင်သည်။ မြောက်ပိုင်းလမ်းသည် မိုးကာလ၌ သွားလာမှု အခက်အခဲရှိတတ်ပါသည်။ ချယ်ရီပင်များကြားတွင် လှပနေသော မိုင်းရှူးချောင်းကို ခွ၍ စည်ပင်ထွန်းကားနေသော မြို့လေးတစ်မြို့ဖြစ်၏။ တိုင်းရင်းသားမျိုးစုံကို တွေ့မြင်နိုင်ပြီး ဘာသာစကားအမျိုးမျိုးကိုလည်း ကြားရသော မြို့ဖြစ်လေ၏။ မိုင်းရှူးမြို့၏ ဘေးပတ်လည်၌ တောင်တန်းကြီးများ ထူထပ်နေပြီး သွေးချင်းပလောင်တိုင်းရင်းသားများ၏ လက်ဖက်ခြံများဖြင့် လှပစည်ကားလျှက်ရှိ၏။ မောမြေ၏သဘာဝအလှအပကို အယဉ်ဆုံးခံစားရှုစားနိုင်သော မြို့ဖြစ်သည်။

မိုင်းရှူးမြို့နှင့် ၁၈မိုင်ခန့် အလှမ်းဝေးသော အရပ်ရှိ ဝမ်ကန်နှင့်ဆိုင်လျှံဒေသတောင်ပေါ်လမ်းမြေခွက်၊ မြေချိုင့်များကြားတွင် နှစ်စဉ်မိုးရေတိုက်စား၍ အနည်ထိုင်စုစည်းနေသော အနီရောင်ကျောက်ပွင့်ကလေးများကို တွေ့ရှိခဲ့ကြသည်မှာ ကြာပြီဖြစ်၏။ စပ်စုတတ်သော ခရီးသည်များ၏ လေ့လာတွေ့ရှိချက်အရ အနီရောင်ကျောက်ပွင့်ကလေးများသည် အဖိုးတန်ပတ္တမြားဖြစ်နေသည်ကို ၁၉၉၀ခုနှစ်ဝန်းကျင်တွင် စတင်သိခဲ့ရခြင်းဖြစ်သည်ဟူ၏။

၁၉၉၁ခုနှစ်နောက်ပိုင်းတစ်စစနှင့် လူသိများလာကြပြီး ပတ္တမြားမြေသစ် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် စနစ်တကျဖက်စပ်လုပ်ကွက်များ ဖော်ထုတ်ချပေးပြီး ငွေအားလူအားဖြင့် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင် လာကြခြင်းဖြစ်၏။ မိုင်းရှူးနယ်မှ ထွက်သော ပတ္တမြားသည် မှန်သား အကြည်ရည်ဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ခိုသွေးရောင်ဟု ဆိုရမည့် အပြာရည် ဘက်သမ်းသော အဖိုးတန် ပတ္တမြားမျိုးဖြစ်၏။ အမည်းရည် မီးလိုးလျှင် အနီရောင်ပြောင်းလာတတ်သော ပတ္တမြားနက်ပွင့်ကောက်များနှင့် အဖြူရည်ဆန်သောအရောင်နမှများကို မီးဖုတ်ကျောက်အဖြစ် အဝယ်လိုက်၍ ဈေးကောင်းရတတ်သည်။ ရတနာမြေဖြစ်လာချိန်မှစ၍ မိုင်းရှူးမြို့နယ်သည် လူစည်ကား၍ အရောက်အပေါက်များသော မြို့ကြီးတစ်မြို့ဖြစ်လာတော့၏။ လွန်စွာသွားလာရခက်ခဲသော ဝမ်ကန်ပတ္တမြားမြေနှင့်ဆိုင်းလျှံပတ္တမြားမြေများသို့ တောင်ပေါ်ကားလမ်း တိုးချဲ့ဖောက်လုပ်နိုင်လာသဖြင့် အသွားအလာကောင်းမွန်လွယ်ကူလာကာ ပို၍စည်ကားလာသော မြို့ကြီးဖြစ်လာသည်။

**ကဏန်းတွင်း**

မိုင်းရှူးရတနာမြေ ဝမ်ကန်ဒေသရှိ ကဏန်းတွင်းဖက်စပ်လုပ်ကွက်သည် လွန်စွာအမည်နာမထင်ရှားသော ပတ္တမြားမော်ကြီးဖြစ်လေ၏။ တိုင်းရင်းသားတောင်ပေါ်သားများက ကဏန်းကျင်းဟုခေါ်ကြ၏။ သူဌေးတစ်ယောက်လက်မှ တစ်ယောက်အပြောင်းအလဲဖြစ်ကာ ချမ်းသာကြီးပွားစေခဲ့သော တွင်းလည်းဖြစ်သည်။

ကဏန်းတွင်း၏ နယ်နိမိတ်အတွင်း ခေါင်းစား၊ တွင်းဖောက်၊ မျောတိုက်၊ လက်တွင်း၊ စက်တွင်း စသည်ဖြင့် ကျောက်တူးနည်းမျိုးစုံနှင့် ကျူးဖော်ယူငင်ခဲ့ကြ၏။ သူဌေးဖြစ်ကံကောင်းသွားကြသူများချည်းဖြစ်သည်။ ကဏန်းတွင်း၏ နောက်ဆုံးပိုင်ရှင်သူဌေးကြီးသည် ရတနာလောကတွင်လူသိများသော လက်ကြီးသမား ဦးယောနဖြစ်၏။ ရတနာမည်သောအဖိုးတန်ပစ္စည်းသည် လွန်စွာနတ်ကြီးပြီး ကံထိုက်သူများကသာ ဆင်မြန်းနိုင်သော ပစ္စည်းမျိုးဖြစ်သည်။

ကဏန်းတွင်း အမည်ပေါက်လာပုံမှာ ရတနာမြေအဖြစ် စစည်ကားချိန်က ရှမ်းအဘိုးအိုတစ်ယောက် ကဏန်းရှာရင်း သိန်းကျောက်အောင်လာသောသတင်း ပြန့်နှံ့လာရာမှ ကဏန်းတွင်းဟူသော အမည်ဖြင့် ကျောက်တူး၊ ကျောက်ရှာသူများ တစ်နေ့တခြားများပြားလာကာ နာမည်သတင်းကျော်ကြားလူသိများလာခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ဖက်စပ်အမည်သွင်းလာပြီး လက်ကြီးဖက်စပ်လောပန်းများလက်ထဲ ရောက်သွားရသည်။ အမည်နှင့်လိုက်အောင် ထူးခြားသည်မှာ ကဏန်းတွင်းဖက်စပ်ကို အမြင့်ပေါ်က ငုံ့ကြည့်လိုက်လျှင် ကဏန်းတစ်ကောင်၏ ရုပ်သဏ္ဌာန်နှင့်တူနေခြင်းဖြစ်၏။ ပထမဖက်စပ်တွင်းပိုင်ရှင်သည် ကဏန်းကိုယ်လုံးနှင့်တူသော ပတ္တမြားတစ်ပွင့်တည်းနှင့် ထောင်တက်ကြီးပွားသွားပြီး သေချာသည့် စီးပွားရေးလုပ်ငန်းဘက် ကူးပြောင်းသွားသည်ဟူ၏။

နောက်ဆုံးကဏန်းတွင်းသူဌေး ဦးယောနသည် ကဏန်းတွင်းကို စက်ကြီးစက်ငယ်များဖြင့် နေ့တိုက်တူးဖော်၏။ မြောက်မြားစွာသော လာဘ်ကြီးလာဘ်ငယ်များဝင်၍ ကြီးပွားချမ်းသာလာ၏။ မိုင်းရှူးပတ္တမြားမြေရောက်ဖူးသူတိုင်း ဝမ်ကန်ကဏန်းတွင်းသို့ ရောက်ဖူးကြသည်ချည်းဖြစ်ကြသည်။ ကဏန်းတွင်းသည် သူဌေးလောင်းများကို ကြိုဆိုရင်း ယန်မျိုးစုံနှင့်စိမ်းညို့ဝေဆာနေသော လက်ဖက်ပင်များကြားတွင် ဂုဏ်ရှိန်ကြီးမားစွာဖြင့် စံမြန်းနေသည်။

ဗေဒင်ကိန်းခန်းများအဆိုအရ လူတစ်ဦးတစ်ယောက်သည် ကံလမ်းကြောင်းဖြောင့်စင်းကောင်းမွန်နေလျှင် အောင်မြင်ရေးလမ်းကြောင်း အကျိုးအပဲ့မရှိ ထောင်တက်နေလျှင် ရတနာလုပ်ငန်းနှင့်အကျိုးပေးကောင်းစားမည် ကံလမ်းကြောင်းနှင့်အောင်မြင်ရေးလမ်းကြောင်းနှစ်ခုစလုံးကောင်းမွန်ပြီး လက်ဝါးတည်ဆောက်ပုံနှင့်အခြံအရံများကောင်းလျှင် ရတနာ ၇-ပါး ရတနာ ၁၀ ပါးတို့နှင့် ပြည့်စုံ၍ ဘုန်းကျက်သရေနှင့်ပြည့်စုံမည်ဟူ၍ ဖြစ်ပေ၏။

**ထူးဆန်းသောကဏန်းကမ္ဘာ**

ကဏန်းတွင်းသည် ပိုင်ရှင်အဆက်ဆက်က မွှေနှောက်တူးဖော်ခဲ့သဖြင့် အပေါ်ယံကျောက်မျက်ပါသော မြုန်းမြေများကုန်သွားတော့၏။ သို့ဖြစ်၍ မြေအောက်အနက်ပိုင်းကို ဆက်တူးနေရသည်။ ကဏန်း



www.burmeseclassic.com

www.burmeseclassic.com

တွင်းသူဌေး ဦးယောနသည် ကျောက်တူးသမားလေးဘဝမှ ကျောက်လောပန်းဖြစ်လာသူ ဖြစ်သောကြောင့် ကျောက်ပညာကျွမ်းပြီး ကျောက်သမားဘဝကို အလွှာစုံ နားလည်နေသူဖြစ်သည်။

ထို့ကြောင့် ကျောက်ထွက်အား ကောင်းသော ကဏန်းတွင်းကို အဖိတ်အစဉ်ကင်းအောင် မိမိကိုယ်တိုင်ဦးထမ်းပဲ့ထမ်း ကွပ်ကဲဦးဆောင် လုပ်ကိုင်နေ၏။ မြေအောက်အနက်ပိုင်း ကျောက်တူးဖော်သည့်အခါ လွန်စွာသတိထားကြရ၏။ အမှားအယွင်းလုပ်မိလျှင် လုပ်ငန်းပျက်စီးတတ်သည်ပင်၊ အသက်ကိုပါ အန္တရာယ်ကျရောက်စေနိုင်၏။ ရွှေတွင်း၊ စိန်တွင်းများနည်းတူ မြေမပြိုမပိအောင် အကာအရံကောင်းများ ထောက်တိုင်များ ခိုင်ခံ့အောင်နှင့် လျှောက်လမ်းကောင်းအောင် အထူးသတိထား၍ လုပ်ဆောင်ကြရသည်။

ထို့ပြင် တွင်းနက်ပိုင်းလေဝင်လေထွက်ကောင်းအောင်၊ အလင်းအမှောင်ရှင်းအောင်နှင့် အထက်အောက် ဆက်သွယ်ရေးလမ်းကြောင်း အဆင်ပြေအောင် စီမံပေးထားရ၏။ တစ်နေ့ ဦးယောနနှင့်လူယုံအချို့ မြေအောက်အနက်ထဲ ဖြန်းမြေတူးနေကြရင်း မမျှော်လင့်ထားဘဲ လိုဏ်ဂူတစ်ခုထဲ ရောက်သွားကြသည်။

လိုဏ်ဂူသည် အဆုံးအစမရှိ ကျယ်ဝန်းနေပြီး ရေမြောင်းအရှယ်ချောင်းငယ်တစ်စင်းစီးဆင်းနေ၏။ လိုဏ်ဂူထဲတွင်း အလင်းရောင်မဲ့နေသော်လည်း သဘာဝလေကောင်းလေသန့်ရှိနေသဖြင့် သက်ရှိသတ္တဝါများ ကောင်းစွာလှုပ်ရှားနိုင်၏။ ဦးယောနနှင့်ယုံကြည်အားကိုးရသော တွင်းသားတစ်ယောက်သည် အဝင်အထွက်လမ်းကို ကောင်းစွာထင်ထင်ရှားရှားအမှတ်အသားပြုထားခဲ့ပြီး အားကောင်းသော ကျောက်တွင်းသုံးဦးထုပ်နဖူးမီးသီးကိုယ်စီနှင့် လိုဏ်ဂူအတွင်း စူးစမ်းကြည့်လိုက်သော အခါ လိုဏ်ကမ္ဘာကြီးတစ်ခု ဖြစ်နေသည်ကို တွေ့ရ၏။ ချောင်းညာအထက်ဘက်သို့ အချိန်အတန်ကြာဆန်တက်သွား၍ အနေအထားကို ဆက်လေ့လာကြသည်။

ချောင်းရေအဆုံးတွင် ချောင်းမြစ်ဖျားခံသော တောင်ကုန်းတောင်ကမူကို တွေ့ရ၏။ တောင်ကမူအထက်နားတွင် နတ်စင်ကဲ့သို့သော သဘာဝကျောက်စင်ကြီးတစ်ခုကိုမြင်ရသည်။ ကျောက်စင်ကြီး၏ အလယ်တည့်တည့်တွင် အမည်းရောင်ကျောက်သားနှင့်ပြီးသော ကျောက်ဂဏန်းဘုရားကြီးစံမြန်းနေသည်ကို အထင်အရှားတွေ့မြင်ရ၏။ ကျောက်တွင်းခေတ်မီးဖြင့် အနားကပ်ကြည့်လိုက်သောအခါ ကုန်းလိပ်ကြီးအရွယ်ခန့် ကဏန်းပုံကြီးဖြစ်နေသည်။

ကဏန်းဘုရား၏ မျက်လုံးနှစ်လုံးမှာ မီးရောင်အောက်တွင် လင်းလက် အရောင်ထွက်နေသော ဆယ်ကလပ်အထက်စီးသည့် ပတ္တမြားနှစ်ပွင့်ဖြစ်နေသည်ကို အံ့အားသင့်စွာတွေ့ရ၏။ ဦးယောန၏ လူယုံတွင်းသားသည် ကျောက်ဘုရားစင်ပေါ်သို့ တွယ်တက်သွားပြီး ကဏန်းဘုရား၏ ဘယ်ဘက်ပတ္တမြားမျက်လုံးကို သံဆူးချွန်နှင့်ခွာယူလိုက်ပြီး ဦးယောနကို ပစ်ပေးလိုက်၏။ ထို့နောက် ညာမျက်လုံးကို ဆက်ခွါယူပြီး ဦးယောန

---

**ကဏန်းဘုရား၏ မျက်လုံးနှစ်လုံးမှာ မီးရောင်အောက်တွင် လင်းလက် အရောင်ထွက်နေသော ဆယ်ကလပ်အထက်စီးသည့် ပတ္တမြားနှစ်ပွင့်ဖြစ်နေသည်ကို အံ့အားသင့်စွာတွေ့ရ၏။ ဦးယောန၏ လူယုံတွင်းသားသည် ကျောက်ဘုရားစင်ပေါ်သို့ တွယ်တက်သွားပြီး ကဏန်းဘုရား၏ ဘယ်ဘက်ပတ္တမြားမျက်လုံးကို သံဆူးချွန်နှင့် ခွာယူလိုက်ပြီး**

---



www.burmeseclassic.com

www.burmeseclassic.com

ကိုပစ်ပေးလိုက်ချိန်တွင် မိုးခြိမ်းသံပမာ လွန်စွာချောက်ချားဖွယ်ရာအသံ ကြီးကို ကြားလိုက်ရပြီးနောက် ကဏန်းဘုရားစင်အထက်မှ ကျောက်မျက်နှာ ပြိုကျလာလေတော့၏။ ဦးယောနသည် သည်းထိတ်ရင်ဖိုအသက်လုပြေးထွက်လာရသည်။

ကျောက်မျက်နှာကြက်အမိုးများမိုးရွာချသကဲ့သို့ ဦးယောနနောက်ကကြောက်မက်ဖွယ်ရာလိုက်ပြိုကျနေတော့၏။ ဦးယောနလိုဏ်ဂူမှထွက်၍ ကျောက်တွင်းသမားများရှိရာ စုရပ်ထဲစင်မိသည်နှင့် ကဏန်းဘုရားလိုဏ်ဂူတစ်ခုလုံး ပြိုကျပျက်စီးပျောက်ကွယ်သွားလေ၏။ ကဏန်းဘုရား၏ ပတ္တမြားမျက်လုံးဖောက်ယူခဲ့သော ဦးယောန၏ လူယုံတွင်းသားလေးမှာ ကဏန်းလိုဏ်ဂူကမ္ဘာနှင့်အတူ ပျက်စီးအသက်ဆုံးရှုံးသွားရသည်။

ဦးယောနနှင့်တွင်းသားများသည် အသက်ဘေးမှလွတ်မြောက်နိုင်ရန် ကဏန်းတွင်းပေါ်သို့ ဆက်တက်ပြေးကြရပြီး မကြာမီကဏန်းဘုရားလိုဏ်ဂူ၏ ပြိုကျပျက်စီးမှုအရှိန်ကြောင့် ဦးယောန၏ ကဏန်းတွင်းဖက်စပ်တစ်ခုလုံးသည်လည်း ဒဏ်မခံနိုင်သဖြင့် ပကတိပျက်စီးပျောက်ကွယ်နိဂုံးချုပ်သွားလေတော့သည်။

မည်သို့ပင်ဆိုစေကာမူ ဦးယောနသည် အသက်ဘေးက ရရှိပိုင်ဆိုင်ထားသော ဆယ်ကလပ်အထက်စီးသည့် ကဏန်းဘုရားမျက်လုံး ပတ္တမြားနှစ်ပွင့်တည်းဖြင့် မိမိဆုံးရှုံးသွားရသော ဖက်စပ်အရင်းအနှီးများထက်မြောက်မြားစွာ တန်ဖိုးမြင့်မားအကျိုးရှိနေပြီဖြစ်၏။ ပတ္တမြားအစင် ဆယ်ကလပ်အထက်သည် ကမ္ဘာပေါ်တွင် အလွန်ရှားပါးနေပြီဖြစ်၏။ စိန်ကိုကမ္ဘာအနှံ့ တူးဖော်ရရှိနေသဖြင့် တန်ဖိုးသတ်မှတ်၍ ရောင်းဝယ်နေကြသော်လည်း တစ်နေ့တခြားရှားပါးလာနေသော ပတ္တမြားအစင်များကိုမူပေါက်ဈေးမဖြတ်နိုင်ဘဲ ခေါ်ဈေးနှင့်ရောင်းဝယ်နေကြရ၏။ ကမ္ဘာ့ဈေးကွက်တွင် လေးကလပ်မန်ကျည်းစေ့လေးခန့် အစီးရှိသော ပတ္တမြားတစ်ပွင့်သည် ဒေါ်လာသန်းနှင့်ချီ၍ တန်ဖိုးသင့်ဝယ်ယူလျက်ရှိကြပါသည်။

## ကဏန်းမျက်လုံးပတ္တမြား

ဦးယောနသည် ဂဏန်းဘုရား၏ ပတ္တမြားမျက်လုံးကို ပိုင်ဆိုင်ရပြီးနောက် အမျိုးမျိုးသော အပြိုင်အဆိုင်အတားအဆီးအနှောင့်အယှက်ရောဂါဘယများနှင့် ကြုံရ၏။ အမည်မတပ်နိုင်သော ရောဂါတစ်ခုပြီးတစ်ခုခံစားရပြီး ရက်ရှည်ဆေးကုခံနေရရင်း အစာမဝင်ဆေးမစားဖြစ်ကာ သုံးနှစ်အတွင်း ကွယ်လွန်သွားသည်။

ဦးယောန၏ ဇနီးဒေါ်နန်းဆွယ်ခမ်းသည် ဦးယောနကျန်းမာရေးအတွက် ငွေအကုန်အကျများခဲ့သည်ပင်။ တစ်ဖက်က စီးပွားကျနေသဖြင့် ရရန်ငွေထက် ပေးရန်ငွေကများလွန်းနေ၏။ သို့ဖြစ်၍ ဦးယောန၏ နောက်ဆုံးလက်ကျန်အတွင်းပစ္စည်းဖြစ်သော ကဏန်းမျက်လုံးပတ္တမြားနှစ်ပွင့်ကို နယ်စပ်လက်ကြီးသမားများလက်ထဲ ရောင်းပြီးကြွေးဆပ်လိုက်လေ၏။ လက်ကျန်ငွေဖြင့် လုပ်ငန်းသစ်ထူထောင်ကာ အတော်အတန်ချမ်းသာသူပြန်ဖြစ်လာခဲ့သည်။

ယိုးဒယားနိုင်ငံမှ ကဏန်းမျက်လုံးပတ္တမြားဝယ်ယူသွားသော သူဌေးသည်လည်း ဓားပြတိုက်ခံရပြီး အသတ်ခံရသည်ဟူသော သတင်းဆိုသည် ကျောက်လောကထဲပျံ့နှံ့သွားခဲ့၏။ မကြာမီ မသူတော်တစ်စုနှင့်အတူ နယ်စပ်ရောက်သွားသော ကဏန်းမျက်လုံး ပတ္တမြားနှစ်ပွင့်သည် ကြမ္မာလည်ပြီး အမိမြန်မာနိုင်ငံသို့ ပြန်လည်ရောက်လာသည်။

ပတ္တမြားနှစ်ပွင့်သည် ကျောက်ကုန်သည်သူဌေးအနည်းအကျဉ်းလက်ထဲ လက်ပြောင်းလက်လွှဲဖြစ်ပြီးနောက် ဒိုင်လျှိုလက်သီးပုန်း ရတနာသူဌေးကြီး ဦးမြင့်မိုရ်လက်ထဲ အဆုံးသတ်သွားလေ၏။ ဦးမြင့်မိုရ်သည် ငွေကြေးပြည့်စုံပြီး နိုင်ငံတကာဗဟုသုတကြွယ်ဝသူဖြစ်သောကြောင့် မူလပုံပြောင်းသွားစေရန် ဆယ့်တစ်ကလပ်ကျန် တာပလာပုံ သွေးယူလိုက်၏။ ကမ္ဘာ့ဈေးကွက်သို့ ရောက်သွားလျှင် နိုင်ငံတကာစံနှုန်းအတိုင်း ဈေးကွက်ဝင် Perf[...] ဖြစ်အောင်ပြုပြင် သွေးလိုက်လျှင် အနည်းဆုံးကျောက် ချိန်တစ်ဆယ်ငါးမူးတင်မည်ဖြစ်သည်။

ဒါပေမဲ့ ဦးမြင့်မိုရ်ထင်သ[...]

www.burmeseclassic.com

ဖြစ်မလာပါ။ ကဏန်းဘုရားမျက်လုံးပတ္တမြားသည် ဦးမြင့်မိုရ်ကို ချမ်းသာမပေး ပုံစံအမျိုးမျိုးနှင့် မွေ့လျော်နေတော့၏။ ဦးမြင့်မိုရ်မခံနိုင်သည့်အဆုံး ဘဝကို အရှုံးပေးသွားရန် အခါခါ ကြိုးစားလာသည်ထိ အခြေအနေဆိုးလာသည်။ သို့နှင့်စိတ်ရောဂါဆရာဝန်နှင့် ကုသယူရသည့်အဆင့်မျိုး ရောက်သွားတော့သည်။

ရက်လကြာလာလေလေ ဦးမြင့်မိုရ်၏အခြေအနေဆိုးလာလေလေနှင့် မာရကဂြိုဟ်စီးနင်းခံရ၏။ စီးပွားရေးလုပ်ငန်းများ၌လည်း ကံမကောင်းနိုင်၊ နာလန်မထူနိုင်ဖြစ်ကာ လုံးပြားပြားလိုက် ပြားပိန်ပိန်လိုက်နှင့် စခန်းသွားနေရသည်။

တစ်နေ့ ဦးမြင့်မိုရ်၏ဇနီး ဒေါ်မာလာတင်မိတ်ဆွေ သူဌေးတစ်ဦးအိမ်တွင် အကြားအမြင်ဦးဘဆန်းဆိုသော ပုဂ္ဂိုလ်အကြားအမြင်ဖြင့် အမြင်ဖြင့်ဟောပြောသည်ကို ကံအားလျော်စွာ ကြုံတွေ့ရ၏။ ဒေါ်မာလာတင်သည် အိမ်ရှင်မိတ်ဆွေသူဌေးကြီးမှတစ်ဆင့် မိတ်ဆက်အသိအကျွမ်းပြုပြီး မိမိခင်ပွန်းဦးမြင့်မိုရ် ရင်ဆိုင်တွေ့ကြုံနေရသော အခက်အခဲပြဿနာအတားအဆီးများကို ဦးဘဆန်းထံ တင်ပြအကူအညီတောင်းခံလိုက်သည်။

**ဦးဘဆန်းနှင့်တွေ့ဆုံခြင်း**

ရှုလိုင်လ၏ Cancer ခေါ် ကဏန်းလက်မထောင်သော ကရကဋ်ရာသီထွန်းသည့်နေ့တစ်နေ့၊ စန်းခေါ်စန္ဒာလမင်းကြီးသည် ပြဿာသာဥ်နက္ခတ်နှင့်ယှဉ်၍ ပန်းဝင်ထွန်းလင်းတောက်ပနေ၏။ ဦးမြင့်မိုရ်နှင့်ဇနီးဒေါ်မာလာတင်တို့ စီးနင်းလာသော Honda Fit စလွန်းကားသည် ရန်ကုန်ကျောက်မြောင်း အောင်မင်္ဂလာလမ်းအတွင်းရှိ ဦးဘဆန်း၏ နေအိမ်ရှေ့တွင် အရှိန်လျှော့လိမ့်ဝင်လာပြီး စက်သတ် လိုက်သည်။

ကြိုတင်သိထားသော ဦးဘဆန်းသည် ဦးမြင့်မိုရ်နှင့်ဇနီးမောင်နှံတို့သည် ဦးဘဆန်း၏ ဘုရားခန်းတွင် အသင့်နေရာယူလိုက်ကြ၏။ ဦးဘဆန်းသည် ဦးမြင့်မိုရ်ကို ဘုရားရှိခိုးအာရုံပြုစေပြီး ဦးမြင့်မိုရ်၏ ဘယ်ဖက်လက်ချောင်းများကို မိမိ၏ညာဖက်လက်ဖြင့် ထိကိုင်ထားကာ အမြင်စွမ်းအားဖြင့် အာရုံပြုလိုက်သည်။ ဦးဘဆန်း၏ အမြင်အာရုံများ ကြည်လင်လာပြီး ကဏန်းဘုရားလိုဏ်ဂူထဲ ဖက်စပ်သူဌေး ဦးယောနနှင့်လူယုံတွင်းသားတွေ ကြုံခဲ့ရသော အဖြစ်အပျက်များကို အစမှအဆုံး ကဏန်းတွင်းဖက်စပ်တစ်ခုလုံး ပျက်စီးသွားသည်ထိ အစဉ်လိုက်မြင်တွေ့ရလေ၏။ ထို့နောက် ဓားပြလုသတ်မှုဖြစ်ပုံ ပတ္တမြားနှစ်ပွင့် သွေးစွန်းခံရပုံနှင့် ဝိညာဉ်စီးခံရပုံများကို ဆက်မြင်တွေ့ရသည်။

ဦးဘဆန်းသည် ဦးမြင့်မိုရ်နှင့် ဇနီးဒေါ်မာလာတင်တို့ကို ပယောဂနှောင့်ယှက်သဖြင့် ကံနိမ့်၍ အတိဒုက္ခရောဂါဘယကပ်ငြိခံနေရခြင်း မဟုတ်ဘဲ ကဏန်းဘုရား၏ ပတ္တမြားမျက်လုံးကြောင့် ကဏန်းဘုရားကျိန်စာသင့်နေခြင်းသာဖြစ်ကြောင်း ရှင်းပြလိုက်၏။ ကဏန်းဘုရားမျက်လုံး ပတ္တမြားနှစ်ပွင့်ကို ရေလယ်ဘုရားတစ်ဆူ၏ နဂါးရုံဘုရားစိန်ဖူးတော်တင်လှူပွဲတွင် သဒ္ဓါကြည်လင်စွာဖြင့် တပ်ဆင်လှူဒါန်းလိုက်ကြသည်။ စိန်ဖူးတော်လှူ ရေစက်ချအမျှအတန်းဝေပြီးနောက်ပိုင်း ဦးမြင့်မိုရ်နှင့်ဒေါ်မာလာတင်တို့၏ လူနေမှုဘဝနှင့်စီးပွားရေးသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြသည်။

မိုးထက်စဥ္စဓျိုင်းတာရာ၏ စကြာဓာတ်ခံပေါ်၌ကား ကဏန်းလက်မထောင်နေသော ကရကဋ်ရာသီသည် ကြယ်စင်ပေါင်းမြောက်မြားစွာ ခရံလျက် လှပစွာထွန်းလင်းတောက်ပလင်းလက်နေပေတော့သတည်း။ ဦးဘဆန်းပီတိဖြစ်ရလေ၏။

ပန်းလို စမ်းလို လမင်းလို
သာယာချမ်းမြေ့ကြပါစေ

အောင်ဘုန်းမြင့်(ကချင်မြေ)



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဇိဇ္ဇ ဗေဒပါရဂူပဒို၏ အဆိုအရ ကျွန်ုပ်တို့ ခန္ဓာကိုယ်ကြီးကို လွှမ်းမိုးခြယ်လှယ်နေနိုင်သော "စိတ်"ကို အကြမ်းအားဖြင့် သုံးမျိုးပိုင်းခြားထားသည် ဆို၏။ ၎င်းတို့မှာ . . .

(က) "Self" ခေါ် အတ္တစိတ်

(ခ) "Herd" ခေါ် အပေါင်းအသင်းစိတ်

(ဂ) "Sex" ခေါ် လိင်စိတ် . . . တို့ဖြစ်ကြ၏။

ကျွန်ုပ်တို့၏ မူရင်းစိတ်စာတ်ဖြစ်သော "အတ္တစိတ်"ကို လောဘ၊ ဒေါသ၊ မောဟ . . စသော ကိလေသာစိတ်ရိုင်းတို့ကထူ ထပ်စွာလွှမ်းမိုးသောအခါ "ငါတည်း" ဟူသော မာန်တို့က အလျှံလျှံတညီးညီး တောက်လောင်ကြရပါတော့သည်။

သတ္တဝါတိုင်းကား အတ္တစိတ်ကို အရင်း ခံကြရစမြဲ။ ကြောက်လန့်ခြင်း၊ ဒေါသဖြစ်ခြင်း၊ အယုံလွယ်ခြင်း၊ စိတ်ကောက်ခြင်းစသည်တို့မှာလည်း အတ္တစိတ် မှ ဖြာထွက်လာသော သဘောတရားများသာတည်း။ ထိုစိတ်တို့သည် ရုပ်ကိုကောင်းစွာ လွှမ်းမိုးစေနိုင်းတတ်သော သဘောရှိပေရာ ယခုဖေါ်ပြမည့် အကြောင်းရာတို့မှာ စိတ်ပညာ စိတ်သဘောတရားတို့ကို ကောင်းစွာအသုံးချ၍ လူတစ်ယောက်၏ ဘဝကို သေအောင် သတ်ခဲ့သော ဖြစ်ရပ်တစ်ခုဖြစ်ပါသည်။

အင်္ဂလိပ်အစိုးရ အုပ်စိုးစဉ်အခါက ကြည့်မြင်တိုင်မြို့နယ်၌ ဖြစ်ပွားခဲ့သော ထိုအဖြစ်အပျက်အား ကျွန်ုပ်၏ ဖခင်ဖြစ်သူမှ တဆင့် ပြန်လည် ပြောကြားသည်ကို ပြန်လည်စိကုံး၍ ဖေါ်ပြလိုက်ခြင်းပင်ဖြစ်သည်။ သတ္တဗေဒနှင့် ကိမိလဗေဒပညာရပ်များတွင် ဝါသနာထုံ၍ လွန်စွာမှလည်းထူးချွန်သော သတ္တဗေဒပါမောက္ခ "ဦးအုပ်စိုး" ဆိုသူသည် ကြည့်မြင်တိုင်မြို့နယ်ရှိ တစ်ခုသော ခြံကျယ်ကြီးတွင် နေထိုင်လျက်ရှိ၏။ ဦးအုပ်စိုးသည် သူ့ဝါသနာအတိုင်း မြွေများ၊ ပူးများ၊ ကြွက်များ၊ ယုန်များနှင့်တကွ ပင့်ကူမျိုးနွယ်များ အပါအဝင် ပိုးမွှားများကို တကူးတက မွေးမြူထားလေ၏။

ဦးအုပ်စိုး၏ ဇနီးဖြစ်သူ "ဒေါ်ခင်ချို [illegible]" ကား ခင်ပွန်းဖြစ်သူနှင့် ဝါသနာပတူ၊ အေးအေးဆေးဆေး သီးသီးသန့်သန့် နေလိုသူဖြစ်သည်။ ယခုကဲ့သို့ ခြံထဲတွင် သံလှောင်အိမ်များဖြင့် မွေးမြူ

www.burmeseclassic.com

ထားသော တိရိစ္ဆာန်မျိုးစုံကို လုံးဝ မနှစ်ခြိုက်။

သို့သော်လည်း အေးချမ်းလိုသော စိတ်အတိုင်း လင်ယောက်ျား၏ ဝါသနာနှင့်အလုပ်အပေါ် တစ်ခွန်းမျှ ကန့်ကွက်ငြင်းဆန်ခြင်း မပြုခဲ့ပေ။

တစ်နေ့တွင် ဦးအုပ်စိုး၏အိမ်သို့ အထူး ဧည့်သည်တစ်ဦး လာရောက်တည်းခိုလေ၏ အထူးဧည့်သည်ဟု ဆိုရခြင်းမှာ ထိုသူသည် သူတို့လင်မယားနှစ်ယောက်စလုံးနှင့် ငယ်ပေါင်းကြီးဖော်လည်းဖြစ်၊ ကွဲကွာနေသည်မှာ လေးနှစ်ကျော်ခန့်ရှိပြီလည်းဖြစ်သော စိတ်ပညာပါမောက္ခ တစ်ဦးဖြစ်သူ "ဒေါက်တာ ကျော်ခင်ဆင့်" ဆိုသူပင် ဖြစ်သည်။

ငယ်သူငယ်ချင်းတွေဖြစ်၍လည်း လိုလိုလားလား ကြည်ကြည်ဖြူဖြူပင် လက်ခံခဲ့ကြ၏။ "ကျေးဇူးပဲအုပ်စိုးရာ။ တခြားမှာမတည်းချင်တာနဲ့ ဒီကိုပဲ လာခဲ့တာ" ဒေါက်တာကျော်ခင်ဆင့်၏ စကားကြောင့် ဦးအုပ်စိုးက ခေါင်းကို ခါယမ်း၍ . . .

"မဟုတ်တာကွာ . . .

မင်းနှယ် . . .

အားနာရမဲ့လူတွေလား။ လည်ပင်း ဖက်နေခဲ့ကြတဲ့ သူငယ်ချင်းတွေပဲဟာ၊ တို့ လင်မယားအတွက် စကားပြောဖော် တောင်ရသေး . . ." ဟုဆို၏။

"ဟုတ်သားပဲရှင် . . . ဘာမှ အပန်းမကြီးဘူး။ လွတ်လွတ်လပ်လပ် နေလို့ရပါတယ်။ အိမ်ကြီးက အကြီးကြီး၊ အခန်းလွတ်လွတ်တွေလည်း အများကြီး ရှိပါတယ်။"

ဒေါ်ခင်ချိုဝင်းကလည်း ဝမ်းမြောက်စွာပင် ကြိုဆိုပါသည်။

"စိတ်ပညာနဲ့ ပတ်သက်ပြီး သုတေသန စာတမ်း တစ်စောင် တင်သွင်း စရာရှိလို့ပါ။ စာတမ်းဖတ်ပွဲက ရှေ့တစ်ပတ်မှာ စမှာလေ။"

"အိုကွာ··· ဘယ်နှစ်ရက်ဖြစ်ဖြစ်၊ ဆယ်ရက်ဖြစ်ဖြစ်၊ ဆယ်ရက်မဟုတ်ဘူး။ တစ်လပဲကြာကြာ၊ တစ်နှစ်ပဲကြာကြာ၊ စိတ် ထဲထည့်မထားပါနဲ့ သူငယ်ချင်းရာ"

ဒေါက်တာကျော်ခင်ဆင့်အတွက် နေရေး။ ထိုင်ရေး။ စားရေးသောက်ရေး အစစအရာရာ ဘာမှပူပင်စရာမရှိခဲ့။

သို့သော်၍နေရာတွင် ရှေးဟောင်းနှောင်းဖြစ် ဇာတ်လမ်းတစ်ပုဒ်ကိုတော့ သိထားရန်လိုလားပေသည်။ ဒေါ်ခင်ချိုဝင်းကား အထက်တန်းကျောင်းသူ ဘဝကပင် ထင်ပေါ်ကျော်ဇောသူဖြစ်၏။ အထူးသဖြင့် အလှဂုဏ် သတင်းမှာ ကာလသားများအကြား ရေပန်းစားဆုံးနှင်းဆီတစ်ပွင့်ဆိုလျှင် မှားမည်မထင်။

ပျားပိတုန်းများစွာ ဝိုင်းရံရစ်ဝဲနေသော ပန်းတစ်ပွင့်အပေါ် အခွင့်ထူးရသွားသူကား ဒေါက်တာကျော်ခင်ဆင့်ပင်တည်း။ သို့သော် ထိုစဉ်အခါက နှမ်းပါးချို့တဲ့သော မောင်ကျော်ခင်ဆင့်အပေါ် မိန်းကလေး မိဘအသိုင်းအဝိုင်းက သဘောမတူနိုင်ခဲ့။ ဆင်စီးပြီး

မြင်းရံတာကိုပဲ မြင်ချင်သော မိဘတို့ မေ့တာအတိုင်း ရှိုးသားသော လူငယ် နှစ်ဦး၏ ချစ်ခြင်းမေတ္တာကို အသိမှ မပြုနိုင်ခဲ့ပါ။

ကျော်ခင်ဆင့်ထက် အ အရာရာ သာလွန်သော ကျောက်တွင်း သူဌေးကြီး၏ တစ်ဦးတည်းသော သ ဖြစ်သူ မောင်အုပ်စိုးနှင့် ရွှေလမ်း လမ်းဖေါက်ခဲ့ကြပါသည်။ မောင်အုပ် နှင့် မခင်ချိုဝင်းတို့၏ ခြိမ့်ခြိမ့် မင်္ဂလာပွဲကို ကျော်ခင်ဆင့်တစ်ယော အပြုံးမပျက် တက်ရောက်ခဲ့ပါသည်

"ဂုဏ်ယူပါတယ်သူငယ်ချင်း···" ဟု သူတို့သားမောင်အုပ်စိုးကို အ မပျက်လက် ဆွဲနှုတ်ဆက်ခဲ့သော် သူ့ရင်ထဲက အပူမီးတောက်လောင် သည်ကို ဘယ်သူမှမသိနိုင်ခဲ့၊ ထို တူစွာ သတို့သမီးခင်ချိုဝင်း၏ အ မျက်နှာနှင့် မျက်ရည်စတို့ကို ဘယ် နားမလည်ပေးနိုင်ခဲ့။

သို့သော် ကိုအုပ်စိုးကတော ထိုဇာတ် အားလုံးကို သိထားပြီးဖြစ် "အချစ်နဲ့စစ်မှာ မတရားတာမ ဆိုတဲ့ခံယူချက်က ကျော်ခင်ဆင့် အ မှာထားရှိခဲ့တဲ့ ငယ်သူငယ်ချ သံယောဇဉ်ကို လှီးဖြတ်ပစ်ခဲ့ပြီဖြစ် လက်တွေ့ဝါဒီသမားဖြစ်သော ကိုအုပ် ကား သူလိုရာကို ရအောင် လက် ရယူနိုင်ခဲ့ပေပြီ။

ယခုတော့ လူငယ်ဘဝတွေမ တော့။ ဂုဏ်သရေရှိ ပညာတတ်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရောက်ခဲ့ပြီဖြစ်၏။ အတိတ်ကို ဘယ်သူကမှပြန်မဖော်လိုတော့ရင့်ကျက် တည်ငြိမ်မှုတို့ကို အချိန်က ပေးဆပ်ခဲ့ပြီဖြစ်သည်။ယခုလို သူတို့လင်မယားဆီ ကျော်ခင်ဆင့် တစ်ယောက်ရောက်လာတော့ ငယ်ပေါင်းဟူသော စိတ်ခါတ်ဖြင့် အကောင်းဆုံး ကြိုခဲ့ကြပါသည်။ အတိတ် ဇာတ်ရာဟူသည် နှစ်ဦး နှစ်ဘက်၌ မြူတစ်မှုန်မျှပင်မရှိကြ။

သို့သော်ငြားလည်း စိတ်ပညာသဘောအရ "မသိစိတ်" ဟူသည်ကား လွန်စွာ ဆန်းကြယ်ပေစွတကား။ ခန္ဓာကိုယ်၏ ဇီဝကမ္မလှုပ်ရှားမှု အားလုံးကို ထိန်းချုပ်ထားသည့်အပြင် ထူးခြားသော တန်ခိုးသတ္တိစွမ်းအားများကို ပိုင်ဆိုင်ထားသည်ကား "မသိစိတ်" ပင်ဖြစ်နေပါတော့၏။

ထိုကာလများအတွင်း ဒေါက်တာ ကျော်ခင်ဆင့် တစ်ယောက်ကောင်းစွာ နေသားကျ သွားပြီဖြစ်သည်။ ကိုယ့်အိမ် ကိုယ့်ယာလို သဘောပိုက်၍ လွတ်လပ်စွာ နေနိုင်လာခဲ့သည်။

တစ်နေ့မှာဦးအုပ်စိုးက သူမွေးထားသော တိရစ္ဆာန်တွေကို ဂုဏ်ယူစွာ လိုက်ပြ၏။ မြွေတွေကလည်း အရွယ်အစားအမျိုးမျိုး-အမျိုးအစားကလည်း စုံလင်လှ၏။ ကြွက်အရှင်များ၊ ဖားအရှင်များကို သူ့မြွေတွေကို ကျွေးနေတာကိုပြတော့ ဒေါက်တာကျော်ခင်ဆင့်တစ်ယောက် စိတ်မသက်မသာခံစားနေရသည်။ စိတ်ထဲမှာလည်း သိပ်မနှစ်မြို့ပြီးတော့ သူကမြွေဆိုလျှင် အကြောက်ဆုံး။ သွေးသားကပဲ လက်မခံတာလား မသိ။ မြွေဆိုလျှင် ကြောက်...ကြောက်သည်။ ယားလည်း ယား... ရွံလည်း ရွံသည်။ မကောင်းတတ်၍ "တအင်းအင်း" ခေါင်းညိတ်ပြပြီး ငိုက်ကြည့်နေရသည်။ ထွက်ပြေး ချင်နေပြီ။ ဦးအုပ်စိုး တစ်ယောက် အလုပ်ကိစ္စနဲ့ အပြင်ထွက်တော့မှ သူ့မှာဟင်းခနဲ သက်ပြင်းချနိုင်၏။

"ဘယ်လိုလဲ ကိုခင်ဆင့်၊ အတော် စိတ်ညစ်သွားပြီလား"

ဒေါ်ခင်ချိုဝင်းက အပြုံးကလေး ဆောင်၍ မေးလာသည်။ သားသမီး မထွန်းကားသောကြောင့်လား မပြောတတ်။ ဒေါက်တာကျော်ခင်ဆင့်၏ မျက်စိထဲမှာ ဒေါ်ခင်ချိုဝင်းက ယခုတိုင် ဖွံ့ဖြိုးနေဆဲ။

သို့သော်လည်း လောက စည်းကို ကောင်းစွာလက်ခံလိုက်နာ တတ်သော ပညာတတ် တစ်ယောက် အဖို့ အရာရာကို သတိကပ်၍ ချွန်းအုပ်နေရသည်။

"အင်း... သူကလည်း သူ့အကောင်တွေကို အတော်သံယောဇဉ်ကြီးတာပဲနော်"

"ဟုတ်တယ် ကိုခင်ဆင့်၊ မြွေတွေကိုအစာကျွေးလိုက်၊ ပူးတွေကို ခွဲစိတ်လိုက်နဲ့ တစ်နေ့နေ့ ထမင်းမေ့ ဟင်းမေ့ပဲ။ ဘာကိုမှလည်း စိတ်မဝင်စားတော့ဘူး"

ဒေါ်ခင်ချိုဝင်းက သက်ပြင်းလေး တစ်ချက်ကို မသိမသာချရင်း ခပ်ညည်းညည်း...ဆို၏။

"ဪ... ချိုလည်းပြောသာ ပြောရတယ်။ အခုထိ အလုပ်မပျက် သေးဘူးနော်"

"အို... ကိုခင်ဆင့်ကလည်း ဘာတွေ ပြောမှန်းမသိဘူး"

လွတ်ကနဲ ပါးစပ်ကထွက်သွားပြီးမှ ဒီစကား မပြောသင့်မှန်း ဒေါက်တာ ကျော်ခင်ဆင့် သိလိုက်၏။ အားတုံ့ အားနာလည်း ဖြစ်သွားရသည်။

"ဆောရီး... ချို ဆောရီး.. ဘာသဘောနဲ့မှ မဟုတ်ပါဘူးကွယ်"

ချစ်သူဘဝက ခေါ်ခဲ့သော "ချို" ဟူသော အသုံးနှုန်းကို သတိထားနေသည့်ကြားက ထွက်သွားမိပြန်သည်။

"အို...ကိုခင်ဆင့်ကလည်း။ မခင်ချိုဝင်းလို့ပဲခေါ်ပါနော်.. တော်ကြာ မကောင်းဘူးလေ"

"အို...ထပ်ပြီး Sorry လို့ ပြောပါရစေကွာ။ ကိုယ်သတိထားပါ့မယ်။"

"ဒါနဲ့နေပါအုံး ဒေါက်တာကြီးရဲ့ ဘာလို့ အခုထိ လူပျိုကြီးလုပ်နေရတာတုန်း.."ဟု ခပ်ပြုံးပြုံးဖြင့် မေးလိုက်၏။

"ဘာလို့ဆိုတော့ ကြိုက်မယ့်သူ မရှိလို့ ပေါ့ဗျာ.."

"အို... မဖြစ်နိုင်တာ၊ ဒီရုပ်ဒီရည် ဒီ အနေထားနဲ့ဆို ကြိုက်မယ့်သူ ဘာလို့မရှိရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"
ကာမည်။
ဤညို့ကွင်းမှ ငါ မရုန်းထွက်နိုင်တော့ . .."
ဟူသော အသိက သူ့ နှလုံးသားကို
စူးကာနဲ့ .. နင့်ကာနဲ့ဖြစ်၍ ချက်ချင်းပင်
အောင့်တက်လာတော့သည်။
ထွက်သက်၊ ဝင်သက်ကို ပင်ပန်းကြီးစွာ
ရှိုက်နေရင်းမှ သူ၏ခန္ဓာကိုယ်သည်
တဖြည်းဖြည်း ပျော့ခွေကျသွားပါတော့သည်။

"အင်း . . . ဒါပေမယ့် . .
ကိုချစ်တဲ့ သူက လောကမှာ တစ်ယောက်တည်းပဲ ရှိခဲ့တာပါ။ သူ့ကို မပိုင်ဆိုင် ရတော့တဲ့ ဘဝမှာ ကိုနှလုံးသားဟာလည်း ရှင်လျက်နဲ့ သေခဲ့ပါပြီချို"

ဒေါက်တာကျော်ခင်ဆင့်၏ စကားက ဘာကိုရည်ရွယ်ပြောမှန်း ကောင်းစွာ သိလိုက်သော ဒေါ်ခင်ချိုဝင်းမှာ အပျိုဖြန်းလေးပမာ ရှက်သွေးဖြာ၍ "တော်ပြီကွာ . . ဆက်မပြောတော့ဘူး . . . ထမင်းခူးထားတယ်"

ဟုပြော၍ အပေါ်ထပ်သို့ ပြေးတက်သွားတော့၏။

စိတ်ပညာရှင် တစ်ယောက်ဖြစ်သော ဒေါက်တာကျော်ခင်ဆင့်အတွက် စိတ်၏သိမ်မွေ့စွာ လှည့်စားတတ်သော ပရိယာယ်ကို ကိုယ်တိုင်ကိုယ်ကျ သိနားလည်ခဲ့ရသည်။

အမှန်ဆိုရသော် ကာမပိုင်မိန်းမ တစ်ယောက်ကိုဖြားယောင်း သွေးဆောင်ခြင်းလည်းမဟုတ်။ လှည့်စားဟန်ဆောင် လုပ်ဆောင်ခြင်းလည်းမမည်။

သိစိတ်နင့် မသိစိတ်ကြားက ပဋိပက္ခ၏ ရောင်ပြန်မှုတစ်ခုသည် နောင်တ တရားအဖြစ် ပြောင်းလဲ ပေါက်ဖွားလာမည်ကိုလည်း ထိုစဉ်က အလျဉ်းပင် မသိခဲ့ပါချေ။

သူတို့နှစ်ယောက်၏ စကားပြော
နေခြင်းကို အမှတ်တမဲ့ကြားလိုက်ရသူ
နောက်တစ်ဦးရှိနေပါသည်။

ထိုသူကား အခြားသူမဟုတ်
ဦးအုပ်စိုးပင်ဖြစ်ပါ တော့သည်။
မမျှော်လင့်ဘဲ ပြန်ရောက်ခဲ့ပြီးနောက်
မမျှော်လင့်သော စကားတို့ကို ကြား
လိုက်ရသည်။

ထိုဖြစ်ရပ်လေးက တကယ်တော့
သာမန်ကာလျှံ ကာဖြစ်ရပ်လေး တစ်
မျှသာဖြစ်သည်။ ဆိုးရွားလှသော
ဖောက်ပြန်မှုမျိုးမဟုတ်။

သို့သော် ဓာတ်သိအကြောင်း
ဖြစ်သော သူ့အတွက်တော့ ရေမီး
ပူလောင်စေခဲ့၏။

သူတို့နှစ်ယောက်က သမီးရည်း
ချစ်သူတွေ၊ မိမိက မိဘ အရှိန်အ
သုံး၍ ရယူပိုင်ဆိုင်ခဲ့သူ။ သူတို့နှစ်ဦး
ရင်ထဲက အချစ်တွေ ပျောက်ကွ
မသွားသေး။ ယနေ့အထိ ရင်သန်
ဆဲလို့ တထစ်ချယုံကြည် လိုက်တေ
သည်။ သံသယသည် အကော
အထည်ပေါ်လာသောအခါ ဒေါ်
ရပ်လုံး၊ မောဟပုံရိပ်က ထင်ရှ
လာစမြဲ။

"ငါဟာခုတုံးဘဝ"
ဆိုတဲ့ မောဟ အတွေးက သူ
ထဲ မီးပုံကြီးထည့်ဖို့ လိုက်သလိုပ
ထိုည၏ ညစာထမင်းဝိုင်းသ
မတိုင်ပင်ထားလောက်အောင် ထိ
ဆိတ်မှုက များနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခါတိုင်းဆို ငယ်သူငယ်ချင်းတွေ ဆုံယ်မောကြ၊ စကားစမြည်ပြောကြရင်းနဲ့ ဖြေပြေလှ၏။ အတန်ကြာမှ ဦးအုပ်စိုးက...

"သူငယ်ချင်း.. စားလေဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား၊ အင်း... မျက်နှာကလည်း ဖြူဖပ်ဖြူရော်နဲ့ သွေးမရှိသလိုဘဲ..."

ဟု ပြောလိုက်၏။

"ဩော်... ကိုခင်ဆင့်က နလုံးရောဂါရှိတယ် ကိုစိုးရဲ့၊ ချိုတောင် ဆေးမှန်မှန်သောက်ဖို့ သတိပေးနေရတာ"

ဒေါ်ခင်ချိုဝင်းက ဝင်ရှင်းပြလိုက်တော့မှ အခြေအနေက ပိုဆိုးသွား၏။ ဦးအုပ်စိုး စိတ်ထဲတွင်တော့..

"ငယ်သူငယ်ချင်းတွေဖြစ်တဲ့ ငါကတောင်မသိဘဲ၊ ငါ့မိန်းမက ဒီကောင့်မှာ နလုံးရောဂါရှိတာ သိနေတယ်။ ဆေးသောက်ဖို့တောင် ဂိုးရိုက်တကြီးသတိပေးနေရတယ်တဲ့..."

ထိုအတွေးက သူ့ကို ပူလောင်သထက် ပူလောင်စေခဲ့ပါသည်။ ထမင်းဝိုင်းသိမ်းပြီးလို့ ရေနွေးကြမ်းဝိုင်းမှာ ထိုင်ဖြစ်တော့ ဦးအုပ်စိုးနဲ့ ဒေါက်တာကျော်ခင်ဆင့် နှစ်ယောက်တည်း...

"သူငယ်ချင်း... မင်းမှာ နလုံးရောဂါရှိတယ်ဆို..."

"အင်း... ဟုတ်တယ်။ အတော်ကြာနေပြီဆိုပါတော့ကွာ၊ စိတ်လှုပ်ရှားမှုဖြစ်တာနဲ့ ရှူးပြီးအောင့်တက်လာတော့တာပဲ"

"ကေ့စ္တ... မင်းရောဂါက အသည်းကွဲလို့ ဖြစ်လာတဲ့ ရောဂါထင်တယ်..."

ဦးအုပ်စိုး၏ ခနဲ့တဲ့စကားကြောင့် နှစ်ယောက်သား မျက်လုံးချင်း ဆုံမိကြသည်။

ဦးအုပ်စိုး၏ စူးစူးရဲရဲမျက်လုံးအစုံက ဒေါက်တာကျော်ခင်ဆင့်၏ ရင်ထဲ ထိုးဖောက် သွားတော့၏။ စိတ်ပညာရှင် ဒေါက်တာကြီးမှာ ထိုအကြည့်၏အဓိပ္ပါယ်ကို ကောင်းစွာ အဓိပ္ပါယ်ဖော်နေမိပါသည်။

"သူငယ်ချင်း.. မင်းနဲ့ ခင်ချိုဝင်းတို့က သမီးရည်းစားဖြစ်ခဲ့ကြသေးတယ်နော်..."

တဲ့တိုးမေးလာသော ဦးအုပ်စိုး၏ စကားကြောင့်ဒေါက်တာကျော်ခင်ဆင့်မှာ ထိတ်ကနဲဖြစ်သွားရသည်။

"အိုကွာ... အခုချိန်မှာ ဒါတွေ မပြောသင့်ပါဘူး အုပ်စိုးရာ..."

"ဟား... ဟား... ဟား၊ ဘာဖြစ်လို့လဲကွာ၊ ပွင့်ပွင့်လင်းလင်းပဲပေါ့။ အားလုံးသိပြီး ကိစ္စတွေပဲဟာ"၊

"ဟုတ်ပါတယ်...

ဒါပေမယ့် ...

တော်ပါတော့ သူငယ်ချင်းရာ"

ဦးအုပ်စိုး၏စိတ်ဓါတ်ကို သူကောင်းကောင်းသိသည်။ တစွတ်ထိုး စိတ်မြန်လက်မြန်သမား၊ ဟောဟောဒိုင်းဒိုင်းသမား။ သူငယ်ချင်းဘဝက ဒီကောင့်စိတ်ကို ကောင်းစွာသိ၏။ လန့်လည်းလန့်၏။ ထို့ကြောင့်...

"ငါ... ဒီနေ့ပင်ပန်းလာလို့ စောစော အိပ်တော့မယ်သူငယ်ချင်းရာ။ ခေါင်းထဲမှာလည်း နောက်ကျိုကျိုနဲ့ သိပ်နေမကောင်းဘူး..."

ဟု ဒေါက်တာကျော်ခင်ဆင့်က ပြောရင်း ထိုင်ရာမှထလိုက်၏။

ဦးအုပ်စိုးက...

"ဩော်..အေး.. အေး.. နားလေသူငယ်ချင်း။ အဲ...တစ်ခုတော့ သတိပေးလိုက်မယ်နော်၊ ဟဲ.. ဟဲ.. ခင်ချိုဝင်းက အခုငါ့မိန်းမဖြစ်နေပြီဆိုတာမမေ့နဲ့နော်၊ မင်းစိတ်ကူးတွေ ပုံစံမကျရင်တော့ ဟဲ..ဟဲ.."

ငါမွေးထားတဲ့ စပါးကြီးမြွေကို မင်းတွေ့ဖူးတယ်နော်၊ မျက်လုံး စိမ်းစိမ်းနဲ့လေ။ အဲဒီမျက်လုံး စိမ်းစိမ်းတွေက မင်း ခုတင်အောက် ရောက်လာလိမ့်မနော် ...

ဟင်း..ဟင်း..ဟင်း.."

ဟုစသလို၊ နောက်သလို၊ ခြောက်သလိုဆို၏။

ဒေါက်တာကျော်ခင်ဆင့်မှာ ဇောချွေးများပြန်၍ သူ့အခန်းရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားလေတော့၏။

ည ၇ နာရီခွဲ ကတည်းက အိပ်ယာဝင်ခဲ့တာ အခုညကိုးနာရီထိုးပြီ အိပ်မပျော်သေး။

ခုတင်နံဘေးရှိ စာရေးပွဲပေါ်မှာ စားပွဲတင် မီးအိမ်တစ်ခုရှိရာ ပလတ်

www.burmeseclassic.com

www.burmeseclassic.com

စတစ်အစိမ်းရောင် အုပ်ဆောင်းဖြင့် အုပ်ထား၍ အစိမ်းရောင်အလင်းက သူ့အိပ်ခန်းအတွင်းဖြာကျ လျက်ရှိ၏။ ဒေါက်တာကျော်ခင်ဆင့်မှာ ညအိပ် တိုင်း ဤမီးလေးကို ဖွင့်ထားတတ်၏။ မီးအုပ်ဆောင်းကြောင့်လည်း အလင်း ရောင်က ခုတင်ခေါင်းရင်းတစ်ဝိုက်သာ ပိုလင်း၍ ခြေရင်းဘက်၌ အတန်ငယ် အမှောင်ကျလျက်ရှိ၏။

ဒေါက်တာကြီးသည် ပက်လက်လဲ လျောင်းနေရင်းမှ အာခေါင်များခြောက် လာသလိုဖြစ်၍ စားပွဲပေါ်မှ ဖန်ရေ တဲကောင်းရှိရာသို့ အိပ်ရင်းမှလက်လှမ်း လိုက်၏။ မိုလုမိုဆဲမှာ ပင် ပလက်စတစ် သောက်ရေခွက်ကလေးက လိမ့်ကျသွား တော့၏။

"ဟာ... အရေးထဲမှာကွာ..."

မဆချင်ဘဲ ထလိုက်ရတော့ သည်။ နံရံမှ လေးပေမီးချောင်းကို ဖွင့်မည်ကြံပြီးမှ မျက်စိကြောင်သွားမည် စိုး၍ မဖွင့်တော့ဘဲ ညအိပ်မီးစိမ်းလေး၏ အလင်းရောင်အားကိုးဖြင့်ထ၍ ရေခွက် ကိုရှာ၏။ ရေခွက်က ခုတင်ခြေရင်း ဘက်သို့ လိမ့်သွားပုံရသည်။

ခုတင်အောက်သို့ ငုံ့ကြည့်လိုက် စဉ်မှာတော့ ...

"ဟာ...ဘုရား ...ဘုရား..."

ဒေါက်တာကျော်ခင်ဆင့် ချက်ချင်း ပင် ခေါင်းနားပန်းကြီးသွားရသည်။ သူတွေ့လိုက်သည်က မျက်လုံးစိမ်း နှစ်လုံး..။

"ဘုရား...ဘုရား.. အုပ်စိုး က သူ့မြွေကြီးကို လွှတ်လိုက်ပါပြီ ကော..."

ပြောရင်ပြောသလိုလုပ်တတ်တဲ့ ဦးအုပ်စိုးအကြောင်းကို သူကောင်း ကောင်းသိသည်။ ယခုလည်း သူ၏ စပါးကြီးမြွေကြီးကို လွှတ်လိုက်ချေပြီ။

မျက်လုံးစိမ်းနှစ်လုံးသည် လှုပ်ရှားမှု မရှိဘဲ သူ့ကိုစူးစိုက်ကြည့်နေ၏။ သူသည် စပါးကြီးမြွေ၏ ညို့စက်ကွင်း ထဲ လုံးဝဥဿုံ ကျရောက်နေသော သားကောင်ဖြစ်နေချေပြီ။

ရှန်းကန်လှုပ်ရှားခြင်းလည်း မပြု နိုင်၊ အော်ဟစ်ထခုန်ပြေးဖို့ပင် သတိမရ။ ခုတင်အောက်မှ မျက်လုံးစိမ်းနှစ်လုံး ကား ပို၍စူးရှ တောက်ပြောင်လာသလို တွေ့နေရ၏။ ဟစ် အော် အကူအညီ တောင်းရန် ပါးစပ်ဟာလိုက် သော်လည်း ပါးစပ်ပင်မဟနိုင်တော့။

သူသည် အိပ်မက်ထဲတွင် တစ်လှမ်းချင်း လမ်းလျှောက်နေသူကဲ့သို့ ရှေ့သို့ထပ်မံ တိုးကပ်သွားမိပြန်သည်။ တစ်ကိုယ်လုံးမှာလည်း ချွေးစေးများ စို့ရွဲနေရုံမျှမက ခန္ဓာကိုယ်မှာ လည်း နတ်ဝင်သည်များပမာ ကသောင်းကနင်း တုန်ခါလာပါတော့သည်။

"ငါကားသေရတော့မည်၊ ဤ ညို့ကွင်းမှ ငါမရုန်းထွက်နိုင်တော့.." ဟူသော အသိက သူ့နှလုံးသားကို စူးကနဲ ..နင့်ကနဲဖြစ်၍ ချက်ချင်းပင် အောင့်တက်လာတော့သည်။ ထွက် သက်၊ ဝင်သက်ကို ပင်ပန်းကြီးစွာ ရှူရှိုက်နေ ရင်းမှ သူ၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း ပျော့ခွေကျ သွားပါတော့ သည်။

"ဒုန်း..."

ဟူသောအသံကြောင့် ဒေါ်ခင်[...] ဝင်းမှာ ဒိုးရိုမ်သံသယ စိတ်ဖြ[...] ဒေါက်တာကြီး၏အခန်းကို ပြေးတက်[...] ကြည့်လိုက်မိသည်။

အခန်းကတံခါးမရှိ လိုက်ကာသ[...] ချထား၍ အလွယ်တကူ ဝင်ရောက်နိုင်[...] သည်။ အခန်းထဲရောက်၍ မြင်လိုက်[...] သည်မှာကား ကလေးကစားစ[...] မြွေရုပ်တစ်ရုပ်ကို တင်းတင်းဆုပ်ကိုင်[...] ရင်းအသက်ကင်းမဲ့နေသော ဒေါက်တာ[...] ကြီး၏အဖြစ်ကို ယူကျုံးမရစွာ [...] လိုက်ရပါတော့သည်။

မြွေရုပ်ကြီး၏မျက်လုံးနေရာတွ[...] တပ်ထားသော မြွေမျက်လုံး စိမ်းနှစ်[...] မှာကား အမှောင်ထဲတွင် ဝင်းလက်လ[...] စူးရှတောက်ပ နေပါတော့သည်။

"ငါကား ...သေရတော့မည်.... ဤ ညို့ကွင်းမှ ငါမရုန်းထွက်နိုင်တော့.."

ဝသုန်ဟိန်းထ[...]

www.burmeseclassic.com

# ကမ္ဘာကျော်လက္ခဏာပညာရှင်ကြီး၏ ဖြစ်ရပ်ဆန်းကြယ်

မြသိန်း

ကမ္ဘာကျော် လက္ခဏာပညာရှင်ကြီးတစ်ယောက် ဖြစ်သော ကိုင်ရို၏ ဖြစ်ရပ်ဆန်းကြယ်ဖွယ်ရာမှတ်တမ်းများကို ''သိပ္ပံပညာထက် ပို၍ဆန်းကြယ်သည်''ဟူသော စာအုပ်တစ်အုပ်တွင် ရေးသားထားလေ၏။

၁၉ ရာစုနှစ်အကုန် ၂၀ ရာစုအစပိုင်းနှစ်များ၌ လက္ခဏာပညာရှင်ကြီး ကိုင်ရိုသည် ကမ္ဘာ၏ အထင်ရှား အကျော်ကြားဆုံး၊ လက္ခဏာပညာရှင်ကြီးတစ်ယောက် ဖြစ်၏။ ကိုင်ရိုလို ပညာရှင်သည် ယနေ့ထက်တိုင် မပေါ်ပေါက်သေး။

ကိုင်ရို၏ မူလအမည်ရင်းမှာ မြို့စားလူးဝစ်စ်ဟာမွန်း ဖြစ်သည်။ သူသည် ဗြိတိန်နိုင်ငံ၏ မျိုးကြီးမတ်ရာ မျိုးနွယ်တစ်ယောက် ဖြစ်၏။

ကိုင်ရိုတစ်ယောက် လက္ခဏာပညာကို မည်သို့မည်ပုံ သင်ကြားတတ်မြောက်ခဲ့သည်ကို ထိုစာအုပ်တွင် မဖော်ပြထားသော်လည်း ကိုင်ရိုကို ကမ္ဘာကျော်သွားစေသော ဟောစာတမ်းတစ်ခုအကြောင်းကိုမူ ထိုစာအုပ်တွင် ရေးသားထား၏။

ဗြိတိန်နိုင်ငံမှ စကော့တလန်ယာဒ်စုံထောက်ဌာနမှ စုံထောက်များသည် လန်ဒန်မြို့တစ်နေရာရှိ အိမ်တစ်အိမ်တွင် သေဆုံးနေသော လူသေအလောင်းတစ်လောင်းကို စစ်ဆေးနေကြသည်။ သေနေသူမှာ သက်ကြီးရွယ်အို အမျိုးသားကြီးတစ်ယောက်ဖြစ်သည်။ အလောင်းမှာ အေးစက်နေသလို၊ အလောင်းအနီးရှိ မီးဖိုမှာလည်း မီးငြိမ်းနေလေပြီ။ အလောင်းရှိရာအခန်းထဲ၌ အပူဓာတ်များမရှိတော့။ လူသတ်သမားသည် အဘိုးအိုကို ညဦးပိုင်းတွင် သတ်သွားခြင်းဖြစ်ကြောင်း စုံထောက်များက မှတ်ချက်ပြုလိုက်ကြသည်။ သူတို့သည် အခန်းထဲတွင်သာမက တစ်အိမ်လုံးတွင် သဲလွန်စများကို ရှာကြသည် သို့သော် သဲလွန်စများကို မတွေ့ကြ။

အသတ်ခံရသော သက်ကြီးရွယ်အို အဘိုးအိုမှာ အနေအထိုင်အေးသူတစ်ယောက် ဖြစ်၏။ သူ့တွင် ရန်သူများမရှိ။ သူသည် လူချမ်းသာတစ်ယောက် ဖြစ်သည်။ သူ၏ ရွှေငွေစသော အဖိုးတန်ပစ္စည်းများကို အိမ်တွင်မထား။ ဘဏ်တိုက်တွင်သာ ထား၏။

စကော့တလန်ယာဒ်စုံထောက်များသည် လူသေကောင်ရှိရာ အခန်းကို ဓာတ်ပုံတဖျပ်ဖျပ်ရိုက်ခြင်း၊ ပေကြိုးများဖြင့် တိုင်းထွာမှတ်သားခြင်းများကို ပြုလုပ်ပြီးမှ အခန်းထဲမှ ထွက်ခွာရန် ဟန်ပြင်နေခိုက် လူရွယ်အမျိုးသားတစ်ယောက် ထိုအခန်းဝသို့ ရောက်လာသည်။

''ကျွန်တော် အထဲကိုဝင်ပါရစေ'' လူရွယ်က ထိုသို့ခွင့်တောင်းသောကြောင့် စုံထောက်များက အထက်လူကြီးက စေလွှတ်လိုက်သော စုံထောက်ဟု မှတ်ယူကာ အခန်းထဲသို့ ဝင်ခွင့်ပြုလိုက်သည်။

ထိုလူရွယ်သည် လူသေကောင်ရှိရာ အခန်းတစ်ခုလုံးကို သူ၏ စူးရှသော မျက်လုံးများဖြင့် ကြည့်ပြီးနောက် အခန်းနံရံပေါ်ရှိ သွေးပွန်းရာထင်နေသော လက်ဖဝါးရာများကို အသေအချာကြည့်သည်။ သူ၏ မှန်ဘီလူးဖြင့် အသေအချာကြည့်သည်။ ထို့နောက် လက်ဖဝါးရာတစ်ခုကို အတန်ကြာကြည့်ပြီးသောအခါ ''လူသတ်သမားဟာ လူငယ်တစ်ယောက်ဖြစ်တယ်။ သူဟာ လူချမ်းသာတစ်ယောက်။ သူဝတ်ထားတဲ့ အပေါ်ကုတ်အင်္ကျီရဲ့ လက်ဖဲဘက်အပေါ်အိတ်ထဲမှာ ခပ်ရွယ်ရွယ် ရွှေနာရီတစ်လုံး ဆောင်ထားတယ်။ လူသတ်သမားဟာ သေသူရဲ့ အနီးကပ်ဆုံး ဆွေမျိုးသားချင်းဖြစ်တယ်''ဟု ပြောလိုက်၏။

ဤတွင် စုံထောက်များက သူတို့အလုပ်ထဲ ဝင်ရှုပ်သူဟု မှတ်ယူပြီး သူ့ကို အခန်းထဲမှ ဆွဲထုတ်ရန် ဟန်ပြင်ကြစဉ် သတင်းစာတိုက်များမှ ဓာတ်ပုံသတင်းထောက်များက ထိုလူရွယ်ကို ဝိုင်းရံ၍ ဓာတ်ပုံများရိုက်ခြင်း၊ သူတို့သိလိုသော အချက်အလက်များကို မေးမြန်းကြသောကြောင့် စုံထောက်များသည် မဆွဲထုတ်ဖြစ်တော့။ သတင်းထောက်များက စုံ



www.burmeseclassic.com

www.burmeseclassic.com

ထောက်များအား "ဒီလူရှယ်ဟာ ... လက္ခဏာပညာရှင် ကိုင်ရိုဖြစ်တယ်"ဟု ပြောပြသောအခါ စုံထောက်များသည် အံ့ဩသွားကြပြီး ကိုင်ရို၏ လူသတ်သမားဟောစာတမ်းကို မှတ်သားထားလိုက်ကြသည်။

ကိုင်ရို၏ လူသတ်သမားဟောစာတမ်းသည် နောက်နေ့ထုတ် လန်ဒန်သတင်းစာများတွင်ပါရှိသွားပြီး နောက်ထပ် ၂၄ နာရီအကြာတွင် လူသတ်သမားကို စုံထောက်များက ဖမ်းဆီးရမိလိုက်ကြသည်။

လူသတ်သမားမှာ အသတ်ခံရသူ၏ သားအရင်းဖြစ်ပြီး ကိုင်ရိုကြိုတင်ဟောသည့်အတိုင်း ရွှေနာရီတစ်လုံးကို သူ၏ ကုတ်အင်္ကျီဝဲဘက်အပေါ်အိတ်ထဲမှ တွေ့ရှိရ၏။

ကိုင်ရို၏ လူသတ်မှုဟောစာတမ်းကြောင့် ကိုင်ရို၏အမည်သည် လန်ဒန်တစ်မြို့လုံးသို့ ပျံ့နှံ့သွား၏။ သူ့ထံသို့ လက္ခဏာလာမေးသူများ အရေအတွက်သည် ရှေးကထက် ပိုများလာ၏။ လူတန်းစားအစုံ လာမေးကြ၏။ ပြည်ပ၌နေသော သူကြွယ်များပင်လျှင် လက္ခဏာမေးရန် လာကြ၏။ ထို့ကြောင့် ကိုင်ရိုသည် ဝင်ငွေကောင်းသည်ထက် ကောင်းလာ၏။ သူ၏ ဟောကိန်းများသည် အလွန်မှန်သည်ဟု လက္ခဏာလာကြည့်သူများက ပြောကြ၏။

၁၈၉၃ တွင် ကိုင်ရိုသည် နယူးယောက်သို့ ပြောင်းရွှေ့နေထိုင်သည်။ ပတ်ခ်အဲဗင့်ချူးတွင် ဈေးကြီးသောအခန်းတစ်ခန်း၌ ရုံးခန်းဖွင့်၍ လက္ခဏာဟော၏။ နယူးယောက်တွင်လည်း ကိုင်ရိုသည် ဝင်ငွေကောင်း၏။ သူ့ထံ လက္ခဏာလာကြည့်သူဦးရေမှာ နေ့စဉ်ပြည့်ကျပ်နေ၏။

တစ်နေ့တွင် ကိုင်ရိုသည် 'နယူးယောက်ကမ္ဘာ' သတင်းစာတိုက်ပိုင်ရှင် အမျိုးသမီး၏ လက္ခဏာနှင့်ပတ်သက်၍ စိန်ခေါ်ခြင်းခံရ၏။ လူတစ်ဆယ့်သုံးယောက်၏ လက္ခဏာများကို ကိုင်ရိုက ကြည့်ပြီး မည်သည့်လက္ခဏာသည် မည်သူ၏ လက္ခဏာဖြစ်သည်ဆိုသည်ကို ကိုင်ရိုက ဒိုင်လူကြီးသုံးယောက်ရှေ့တွင် လာရမည်။ ဒိုင်လူကြီးများထံတွင် ထိုလက္ခဏာရှင်များ၏ အမည်၊ အလုပ်အကိုင်များနှင့်ပတ်သက်၍ ကိုယ်ရေးရာဇဝင်အကျဉ်းများ ရှိသည်။

ထိုစိန်ခေါ်မှုကို ကိုင်ရိုက ရဲရဲတံ့တံ့ လက်ခံလိုက်ပြီး သတ်မှတ်ရက်တွင် သတ်မှတ်အခန်းတစ်ခန်းထဲ၌ ဒိုင်လူကြီးသုံးယောက်ရှေ့၌ လက္ခဏာများကိုကြည့်၍ ဟောရာ ၁၂ ယောက်အထိ ကိုင်ရိုသည် ဟောသွား၏။ မှန်လည်းမှန်၏။ ၁၃ ယောက်မြောက်၏ လက္ခဏာကို ကိုင်ရိုသည် ကြည့်အပြီးတွင် ကိုင်ရိုက "ကျွန်တော် ဒီလက္ခဏာရှင်ရဲ့က ရှေ့ခရီးကို မဟောချင်ဘူး၊ မဟောသင့်ဘူး။ ဒါပေမယ်လို့ အမည်မဖော်ဘဲ ဟောပါရစေ။ ဒီလက္ခဏာရှင်ဟာ လူသတ်သမားကြီးတစ်ယောက်။ မကြာမီရက်အတွင်းမှာ သူဟာ အကျဉ်းထောင်ထဲမှာ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး သေမည့်သူဖြစ်တယ်"ဟု ဟောလိုက်ရာ ဒိုင်လူကြီးများအားလုံး အံ့အားသင့်ပြီး မျက်လုံးများပြူးသွားကြသည်။ ကိုင်ရိုဟောသည့်အတိုင်း ယိုလက္ခဏာရှင်မှာ ဒေါက်တာဟင်နရီမေယာဟု အမည်တွင်သော လူသတ်သမားဖြစ်နေသောကြောင့်။

ကိုင်ရိုကြိုတင်ဟောသည့်အတိုင်း ရက်အနည်းငယ်အကြာ၌ ဟင်နရီမေယာသည် အကျဉ်းထောင်ထဲ၌ သေဆုံးသွား၏။

သတင်းထောက်များက ထိုသတင်းကို မရမက လိုက်လံထောက်လှမ်းပြီး သတင်းစာများထဲ၌ ဖော်ပြကြရာ ကိုင်ရို၏ အမည်သည် ကျော်ကြားသည်ထက် ကျော်ကြားသွားပြန်၏။

ကိုင်ရိုကို ဥရောပတိုက်မှ သူ...
သူကြွယ်များက ဖိတ်ကြားကြ...
ကြောင့် ကိုင်ရိုသည် ဥရောပသို့ ...
သည်၍ လက္ခဏာဟော၏။ သူ...
ဥရောပခရီးသည် အောင်မြင်၏။

၁၈၉၇ တွင် ကိုင်ရိုသည် ရု...
နိုင်ငံ၏ ဇာဘုရင် နီကိုလပ်စ်၏ လက္ခ...
ကို ကြည့်၍ နီကိုလပ်စ်သည် ရှေ့...
အရှုံးနှင့်သာ ကြုံတွေ့မည်။ ၁၉၁၇ ...
ဘဝနိဂုံးချုပ်မည်ဟုဟောရာ မှန်၏...

၁၉၀၆ တွင် ကိုင်ရိုသည် ရှေ့...
လက္ခဏာဆက်ဟောရန် မဖြစ်နိုင်...
ကြောင်း တွေ့လာ၏။ သူ၏ ဉာဏ်...
သည် ကျဆင်းလာသောကြောင့် (...
ကံဇာတာ မှေးမှိန်လာသောကြောင့်)...
သည် လက္ခဏာဟောခြင်းမှ အနား...
လိုက်လေတော့၏။

ကိုင်ရို၏သတင်းသည် မြုပ်...
လေတော့၏။

သို့သော် ၁၉၃၆ ခုနှစ်၏ တ...
သော နံနက်ခင်း၌ အမေရိကန်...
ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်၏ လ...
လမ်းပေါ်၌ လဲကျနေသော လူ...
ယောက်ကို ရဲတို့က စစ်ဆေးရာ ...
ဖြစ်ကြောင်း ရဲတို့က သိရှိလိုက်ပြီး ...
ဆေးရုံသို့ အမြန်ပို့လိုက်သည်။ သို့...
ဆေးရုံမရောက်မီ လမ်း၌ပင် ကိုင်ရို...
သေဆုံးသွား၏။ လေဖြတ်၍ သေ...
သွားခြင်းဖြစ်၏။ (ကိုင်ရိုသည် မသေ...
သူသည် လူတစ်ယောက်၏ လက္ခ...
ကိုကြည့်၍ အဘယ့်ကြောင့်မှန်...
ဟောနိုင်သောပညာကို မည်သို့မည်...
ခဲ့သည်ဆိုသည်ကို သူမသိပါ။ မ...
သော ပံ့ပိုးမှုကြောင့်သာ ဖြစ်သ...
သူပြောခဲ့၏။)

မြသ...

(Stranger than Science ...
မှ A handful of murder.)



www.burmeseclassic.com

www.burmeseclassic.com

# အမေရိကန်တပ်မတော်တွင် စစ်သားစုဆောင်းခြင်းအကြောင်း တစေ့တစောင်း



အမေရိကန်က စစ်တက္ကသိုလ် West Point တွင် ဗိုလ်လောင်းများကို စစ်ဆေးစဉ်

အမေရိကန်တပ်မတော်တွင် ကြည်းကြည်း၊ ရေ၊ လေ၊ မရိန်းနှင့် ကမ်းခြေစောင့်တပ်ဖွဲ့များရှိရာ ၎င်းတပ်ဖွဲ့များတွင် ငယ်ရွယ်နုပျိုသော လူငယ်မောင်မယ်များကို စစ်မှုထမ်းလိုလာသည်။

အမေရိကန်ပြည်ထောင်စုတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စစ်မှုထမ်းရန် အတင်းအကျပ်လုပ်၍မရ။ သို့ရာတွင် တိုင်းပြည်တွင် အရေးပေါ်အခြေအနေ ပေါ်ပေါက်လာခဲ့သော် အမေရိကန်ပြည်ထောင်စု၏ ကွန်ဂရက်လွှတ်တော်သည် ကျန်းမာသန်စွမ်းသူ အမျိုးသားများကို စစ်မှုထမ်းရန် ဆင့်ခေါ်နိုင်သည်။

အမေရိကန်လူငယ်များသည် ယနေ့အချိန်တွင် တပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းကြသည်။ လူငယ်များစစ်မှုထမ်းရခြင်းအကြောင်းရင်းမှာ ၎င်းတို့ ကမ္ဘာအရပ်ရပ်သို့ ရောက်ဖူးလိုကြခြင်းကြောင့် ဖြစ်သည်ဆို၏။ အချို့သည် တပ်ဖွဲ့များရှိ နည်းပညာရပ်များတွင် ကျွမ်းကျင်သူများအဖြစ် စစ်မှုထမ်းဆောင်ကြသလို အများစုမှာ တိုင်းပြည်ကာကွယ်ရေးအတွက် ဝင်ရောက်စစ်မှုထမ်းကြခြင်း ဖြစ်သည်။

အမေရိကန်တပ်မတော်တွင် ဝင်ရောက်စစ်မှုထမ်းဆောင်လိုသူများသည် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးများသည် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၏ ခွင့်ပြုချက်ဖြင့်သာ စစ်မှုထမ်းရန် လက်ခံသည်။ အမေရိကန် စစ်မှုထမ်းသည် အမေရိကန်နိုင်ငံသားများ ဖြစ်ရမည်။ သို့မဟုတ် ၎င်းတို့သည် အမေရိကန်ပြည်ထောင်စုတွင် နေထိုင်သူဖြစ်ကြောင်း အထောက်အထား တင်ပြနိုင်ရမည်။

ငယ်ရွယ်နုပျိုသော ယောက်ျားလေးများနှင့် မိန်းကလေးများသည် စစ်မှုထမ်းခွင့်မပြုမီအချိန်ကတည်းက အထက်တန်း အောင်မြင်ပြီးသူများ ဖြစ်ရမည်။ အချို့တပ်ဖွဲ့များက အထက်တန်းထိ သင်ကြားဖူးသူများကို စမ်းသပ်စစ်ဆေး၍ လက်ခံသည်။ ပြန်တမ်းဝင်အရာရှိများ ဖြစ်ရန်အတွက် တက္ကသိုလ်တွင် လေးနှစ်ပညာသင်ကြားပြီး အောင်မြင်ပြီးသူများ ဖြစ်ရမည်။ အမေရိကန်တပ်ဖွဲ့အားလုံးသည် အသစ်ဝင်ရောက်လာသော တပ်သားသစ်များကို လေ့ကျင့်ရေးသင်တန်းကျောင်းတွင် စစ်ပညာရပ်များ သင်ကြားပေးသည်။ လေ့ကျင့်သင်တန်းကျောင်းများက လူငယ်များအား လေယာဉ်စက်ပြင်ပညာ သင်ပေးသည်။ ဥပမာ–အီလက်ထရွန်နစ်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုပုံ နားလည်ရန် ဖြစ်သည်။ အမေရိကန်တပ်မတော်တွင် ထိုကဲ့သို့သော အလုပ်မျိုး ထောင်နှင့်ချီ၍ရှိသည်။ ၎င်းတို့ကို အထူးပညာသည်များနှင့် ကျွမ်းကျင်သူများဟု ခေါ်သည်။

တပ်မတော်သို့ ဝင်ရောက်အမှုထမ်းလိုသူ အမျိုးသား၊ သို့မဟုတ် အမျိုးသမီး ၂ နှစ်၊ ၃ နှစ်၊ ၄ နှစ်၊ သို့မဟုတ် ၆ နှစ် စစ်မှုထမ်းလိုကြောင်း မှတ်တမ်းတွင် ကိုယ်တိုင်ခံဝန်လက်မှတ်ရေးထိုးရမည်။ အချို့သော အထူးလေ့ကျင့်ရေးသင်တန်းကျောင်းများက ရဟတ်ယာဉ် လေယာဉ်မှူးသင်တန်း တက်လိုသူလူသစ်များသည် ၆ နှစ်အထိ စစ်မှုထမ်းရမည် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု တပ်မတော်သည် လူငယ်စစ်မှုထမ်းများအား တက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်နိုင်ရန်လည်း အကူအညီပေးသည်။ အချို့သော လူငယ်စစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ် တက္ကသိုလ်၊ ကောလိပ်တက်ခွင့်ရသည်။ အချို့စစ်မှုထမ်းများသည် စစ်မှုထမ်းခြင်းမှ အနားယူပြီးနောက် အထက်တန်းပညာရေးအစီအစဉ်များတွင် ပါဝင်အကူအညီပေးကြသည်။

စစ်မှုထမ်းအတော်များများသည် တပ်မတော်တွင် နှစ် ၂၀ မှ ၃၀ ထိ ဆက်လက်စစ်မှုထမ်းကြ၏။ ၎င်းတို့မှာ အဆင့်မြင့်အရာရှိကြီးများနှင့် စစ်မှုထမ်းခြင်းကို နှစ်သက်သူများ ဖြစ်သည်။ စစ်မှုထမ်းခြင်းမှ အနားယူချိန်တွင် စစ်မှုထမ်းသက် အငြိမ်းစားလစာ ခံစားခွင့် ရရှိကြောင်း သိရသည်။

**မောင်မောင်စန်းထွေး**

***Ref: American Mosaic***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လူ့သို့တာ ပျော်ရာမှာမနေရ၊ တော်ရာမှာနေရတာလည်း ရှိသည်။ တချို့မှာ ဆွေမျိုးမောင်နှမ ဝေးကွာရာ အရပ်မှာ အခြေချနေထိုင်ဖြစ်ရင်း ပိုင်းအနီး ပတ်ဝန်းကျင်အား အမိုသဟဲပြု၍ ခင်ရာဆွေမျိုးအဖြစ် အားကိုးနေထိုင်ကြရလေသည်။

ဒေါ်နန်းငွေသည် မုဆိုးမတစ်ဦးဖြစ်သည်။ ခင်ပွန်းဖြစ်သူ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့သည်။ ခင်ပွန်းသည် ခေါင်းချရာဒေသမှာပဲ အခြေချဖြစ်တော့သည်။ သမီးဖြစ်သူ ကေနွံက လည်း ဒီမြို့ကလေးမှာပင် ကျောင်းဆရာမ ဖြစ်နေခြင်းကတစ်ကြောင်းဖြစ်သည်။

ဒေါ်နန်းငွေက မြို့မ ဈေး ရှာမကသော ဒီမြို့ကလေးလဲ ... နိုင်ငံခြားဖြစ် အထည်မျိုးစုံ၊ ဒွာနိုးကုန်ပစ္စည်းမျိုးစုံ ဆိုင်ဖွင့်ကာ ရောင်းချနေသူ ဖြစ်သည်။ တစ်နေ့ကုန်ဆိုင်ထွက်၊ သမီးကျောင်းသွားဆိုတော့ အိမ်က အမြဲသော့ပိတ်ထားရသည်။ သားအမိနှစ်ယောက်မှုလေးအိမ်ကထွက်၊ ညနေခင်းမှ အိမ်ပြန်ရောက်ဆိုတော့ ခြံကို အုတ်တံတိုင်းခတ်ထားရသည်။

ဈေးပိတ်ရက်၊ ကျောင်းပိတ်ရက်ဆိုလျှင် ... 'မယ်အိ' ဆိုသူက လာကူညီပေးရှာသည်။

"ဒေါ်လေး ... နောက်ပေးစဉ်အိုးထဲ မြေပြည်ပြီးပြီ၊ ရေတွင်းက အဝတ်တွေ လျှော်လိုက်မယ်နော်"

မယ်အိတို့က ဖင်ပေါ့သူဟု ဆိုရမည်။ ဒေါ်နန်းငွေက ... ဒါကြောင့်



ဟန်ဆိုင်း

ခင်ရာဆွေမျိုး ဆိုပေမဲ့



www.burmeseclassic.com

www.burmeseclassic.com

ဒီဟာလုပ်နော်ဟု ခေါ်ပြီးခိုင်းစရာမလို။ မျက်စိထဲမြင်သော အိမ်မှု ... ကို ပြောစရာမလိုအောင် ဖယ်ဆက်သလို လုပ်ကိုင်တတ်သူ ...။

မီးဖိုချောင်ထဲ ချက်နေ၊ ပြုတ်နေတာ မြင်တာနှင့် ကြက်သွန်လှီးစရာ၊ ထောင်းစရာ ဖျိုးဖျိုးဖျတ်ဖျတ် လုပ်ကိုင်ပေးသူ။ ဟင်းရွက်သင်ပေး၊ သား,ငါး ခုတ်ထစ်ပေးတာမျိုး။ အိုးခွက်၊ ပန်းကန်ဆေးကြောစရာရှိ သန့်သန့်ရှင်းရှင်းဆေးကြောပေး၊ စနစ်တကျထားသိုတတ်သူမို့ ဒေါ်နန်းငွေအိမ်၏ လက်စွဲပင်။

"မယ်အိ ... နင့်အိမ်ပြန်ရင် ဟောဒီငါးဟင်းနဲ့ ချဉ်ရည်ဟင်းယူပြန်နော်"

ဟု ဆိုကာ စေတနာအလိုက်တသိပေးကမ်း၍ မယ်အိဈေးဖိုးသက်သာရသည်။

တစ်ခါတစ်ရံ အိမ်ရှိ ပစ္စည်းရှင်းလင်းသည့်အခါမှာ မယ်အိတို့ ပါရပြန်သည်။ ဆရာမကေခိုင်က ဝတ်စရာအပိုတွေ ရှုပ်သည်ဆိုကာ ပေးလိုက်ပြန်သည်။

"မယ်အိ ... ဒါ ကေခိုင်ငယ်ငယ်က ဝတ်ခဲ့တဲ့အင်္ကျီတွေ။ မယ်အိရဲ့ သမီးလေးနဲ့ တော်လောက်ပြီ။ ယူသွားတော့။ ဒါက မယ်အိနဲ့ တော်မယ့် ဝမ်းဆက်တွေ။ မဝတ်ချင်တော့ဘူး။ ယူသွားနော်"

အဝတ်အစားတွေအပြင် မှန်တင်ခုံပေါ် သန့်ရှင်းရေးလုပ်ပြန်ပါက –

"မယ်အိ ... မိတ်ကပ်လိမ်းလား"

"မရှိလို့ မလိမ်းတာပေါ့ ဆရာမရယ်။ မိန်းမပဲ မိတ်ကပ်လိမ်းချင်တာပေါ့"

"အဟင်းဟင်း ... မယ်အိက ပွင့်လင်းတာကို။ ရော ... ရော .. မိတ်ကပ်ရယ်၊ နှုတ်ခမ်းနီရယ်၊ ဟောဒီမှာ လက်သည်းနီပုလင်း"

သည်လို သဘောမနေကောင်းစွာ စွန့်ကြဲပေးကမ်းမှုကို ခံယူရင်း တစ်ခါတစ်ရံ ဈေးသွားရင်း ဒေါ်နန်းငွေ အမှာပါးလိုက်သော ပစ္စည်းများသယ်ကာ အိမ်ကို ပို့ပေးရတာမျိုး။ အိမ်မှ သမီးဖြစ်သူက–

"မယ်အိရေ ... ကူညီပါဦး။ အမေ့အတွက် ထမင်းချိုင့်ပို့ပေးပါနော်"

ဒေါ်နန်းငွေအိမ်၏ ကိစ္စမှန်သမျှ မယ်အိ မငြိုမငြင်ဆောင်ရွက်ပေးသဖြင့် မယ်အိအတွက် ဒေါ်နန်းငွေ၏ ဆိုင်နှင့် အိမ်ကို ဝင်၊ ထွက်ခွင့်ရသူပင် ...။

သည်လိုအလုပ်မျိုးသာမက ညဘက်များမှာ ...

"မယ်အိရေ ... ငါ့မလည်း တစ်နေကုန် ဈေးရောင်းရတော့ မောရပန်းရတယ်မထင်။ ဈေးသိမ်းလို့ နားတော့မှပဲ လူတစ်ကိုယ်လုံး ကိုက်ခဲနေတာပဲ။ နင်းပေး၊ နှိပ်ပေးစမ်းပါဦး"

ထိုကဲ့သို့ ကျန်းမာရေးပြုစုမှုမျိုး ဝန်ဆောင်ပေးရလေ၏။ ဒေါ်နန်းငွေကလည်း မုန့်ဖိုးဆိုပြီး ငါးရာတစ်ထောင်မျိုး ပေးတတ်သည်။ ဒါကြောင့် မယ်အိ ယောက်ျားကလည်း ဟိုဘက်အိမ်က ခေါ်လျှင် အဟန့်အတားမပြုပေ။

"မယ်အိရေ ... လူ့ဘဝမှာ ခင်ရာဆွေမျိုးဆိုတာ မှန်တယ်နော်။ ငါတို့က ဟိုးရေဝေးကြီးက၊ နင်က ကချင်ပြည်နယ်က။ ဟောဒီ ရှမ်းပြည်နယ်မှာ တစ်ရပ်တစ်ရွာတည်းနေကြရတာများ တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်ကြရတာနော်။ ခင်ရာဆွေမျိုးစကား မှန်တယ်မဟုတ်လား"

"ဟုတ်ပါ့ ဒေါ်နန်းရယ်။ မယ်အိလေ ... ယောက်ျားကခေါ်လို့သာ လိုက်လာရတယ်၊ အားက ခပ်ငယ်ငယ်။ ဒေါ်နန်းတို့နဲ့ အိမ်နီးချင်းဖြစ်ရတာ ကိုယ့်အဒေါ်သားချင်းနဲ့ တွေ့ရသလိုပါပဲ။ အားရှိတာအမှန်ပါ"

မယ်အိစကားကြောင့် ဒေါ်နန်းငွေ သဘောအကျကြီးကျကာ မုန့်ဖိုး ပိုပိုသာသာပေးရန် ပိုက်ဆံအိတ်ကို အံဆွဲထဲမှ ထုတ်ယူလိုက်သည်။ ပိုက်ဆံအိတ်ထဲမှာရော၊ အံဆွဲထဲမှာရော ပစ္စည်းများက သွားရည်ယိုစရာပင်။ ထိုနေ့က မယ်အိ မုန့်ဖိုးသုံးထောင် ရသွားလေ၏။

▢ ▢ ▢

သည်ကနေ့ လကွယ်နေ့ဖြစ်၍ ဒေါ်နန်းငွေ ဈေးနေ့ဝက်ပိတ်၍ အိမ်ပြန်လာခဲ့သည်။ သမီးဖြစ်သူ ကေခိုင်မှာ မြို့နယ်ပညာရေးမှူးရုံးသို့ အစည်းအဝေး ... ၍ သွားနေသည်။ သားအမိနှစ်ဦးသော အပိုထားသဖြင့် ကိုယ့်သော့နှင့်ကိုယ် ဖွင့်ဝင်ခဲ့သည်။ အိမ်တံခါးမကြီးဖွင့်ပြီး အလင်းရောင်ရစေရန် ပြတင်းတံခါးများ ဖွင့်လိုက်သည်။ ပြီး သမီးဖြစ်သူ၏ အိပ်ခန်းဘက်သို့ လှမ်းကြည့်မိသောအခါ ဗီရိုတံခါးက ပွင့်နေသည်၊ ခုတင်အောက်က သံသေတ္တာကလည်း ဖရိုဖရဲနှင့် အခြေအနေက ... မမှန်။ သို့နှင့် သံသေတ္တာထဲမှာ ထည့်ထားသော ရွှေထည်ပစ္စည်းများ ရှိမ... ကြည့်ရှာ မရှိ။ သမီးဖြစ်သူ အကုန်ဝတ်... သွားစရာမရှိ။ ဗီရိုအံဆွဲကလည်း ဖရိုဖရဲ... သိမ်းထားသည့် ငွေငါးသိန်းမရှိတော့။

အသာပင် အိမ်တံခါးပြန်ပိတ်ကာ လမ်းထိပ်သို့ထွက်၍ သမီးရှိရာ မြို့နယ်... သို့ ဖုန်းဆက်ခေါ်ရသည်။ သားအမိချင်း... သေချာအောင်မေးရသည်။ သူခိုးဝင်မှု... တာ မှန်ကန်ပြီဆိုတော့ သက်ဆိုင်ရာ... နယ်မြေရဲစခန်းသို့ သွားရောက်အမှုဖွင့်... တိုင်တန်းရတော့သည်။

"ကျွန်မအိမ်ကို အမြဲဝင်ထွက်သွား... လာသူကတော့ မယ်အိပဲ ရှိပါတယ်"

"မယ်အိဆိုတာက ဘယ်မှာနေ... သလဲ"

"အိမ်ရဲ့ခေါင်းရင်း ခြံချင်းကပ်... လျက်ကပါ။ သားသမီးလိုနေကြတာ... ရှင်"



www.burmeseclassic.com

www.burmeseclassic.com

"ခင်မင်ရင်းနှီးတာတော့ ဟုတ်ပါသယ်။ ကျွန်တော်တို့တာဝန်အရ ခေါ်မယူ အမြန်းရမှာပါပဲ"

သည်လိုနှင့် ရပ်ရွာသက်သေများနှင့် မယ်အိကို ရဲစခန်းသို့ ခေါ်ယူစစ်ဆေးသည်။

"ကျွန်မက ခေါ်လေးနန်းကို ကိုယ့်အခေါ်လို သဘောထားတာပါ။ ဒီလိုမျိုး စွပ်စွဲစွာယူဖို့ မစဉ်းစားရဲပါဘူးရှင်"

ဝမ်းနည်းစွာ ငိုလေ၏။ စခန်းမှူးကြီးကလည်း ရှင်းပြရလေ၏။ တာဝန်အရ မေးမြန်းရတာပါဟူ၍ ပြန်လွှတ်ပေးခဲ့သည်။ မယ်အိတစ်ယောက် သူ့အပေါ် ယခုကဲ့သို့ ထင်ရက်လေခြင်းဟု ခေါ်နန်းငွေအား စိတ်မကောင်းစကား ဆိုလေ၏။ ခေါ်နန်းငွေတို့ သားအမိမှာ အားနာစိတ်နှင့် တောင်းပန်ရသည်။ မယ်အိတစ်ယောက် ထိုကိစ္စနှင့် ခေါ်နန်းငွေအိမ်ဘက်သို့ အကူးအသန်းမလုပ်တော့ပေ။

ခေါ်နန်းငွေလည်း စိတ်မကောင်း။ ဥစ္စာပျောက်ငရဲရောက် ဟူ၍ တွေးမိပြီး အိမ်နီးချင်းကောင်း ဆုံးရှုံးရလေခြင်းဟူ၍ တွေးမိသည်။ ရွှေနှင့်ငွေများ ပျောက်ဆုံးပြီး (၇)ရက်အကြာမှာ နယ်မြေရဲစခန်းမှ ခဏလာပါရန် အခေါ်လွှတ်လိုက်သည် ဆို၍ သွားရပြန်သည်။

"လာပါ အဒေါ် ... အဒေါ်တိုင်ချက်ဖွင့်ထားတဲ့ ရွှေထည်ပစ္စည်းနဲ့ ငွေပျောက်ဆုံးမှု တရားခံမိထားပါပြီ"

"ရှင် .. ဟုတ်လား။ ဘယ်မှာပါလဲရှင် ..."

"ဟိုအတွင်းဘက် အချုပ်ခန်းထဲမှာပါ"

"ကျွန်မသွားကြည့်ခွင့် ရမလားရှင်"

"မကြည့်ပါနဲ့တော့ခင်ဗျား။ တရားခံက အဒေါ်ရဲ့အိမ်နီးချင်း မယ်အိဖြစ်နေလို့ပါပဲ"

"ရှင် ..."

မယုံကြည်နိုင်လောက်အောင် အံ့ဩသွားရတာအမှန်ပင်။ လူယုံ လူရင်းက နောက်ကျောကို ဓားနဲ့ထိုးတာပါလား။

"ဟုတ်ပါတယ်ခင်ဗျား။ ဟိုနေ့က တည်းက ဖမ်းလိုက်ချင်ပေမဲ့ သေချာအောင် လေ့လာစောင့်ကြည့်ချင်လို့ ပြန်လွှတ်ပေးခဲ့တာပါ"

"ကျွန်မတော့ နားမလည်နိုင်အောင်ပါပဲရှင်"

"ဒီလိုအဒေါ်ရဲ့ ...။ မယ်အိက အကြောင်းပြချက်အမျိုးမျိုးပြပြီး ယာယီခရီးသွားထောက်ခံစာလာလုပ်ကြောင်း ရပ်ရွာအုပ်ချုပ်ရေးမှူးက အကြောင်းကြားလာပါတယ်။ လူမှုရေးအရ ထောက်ခံစာလုပ်ပေးခဲ့ကြောင်း ရှင်းပြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တပ်ဖွဲ့ဝင်များက အခြေအနေစောင့်ကြည့်ပြီး မယ်အိကို ရဲစခန်းခေါ်လာပြီး စစ်ဆေးရပါတယ်။ သူဝန်မခံလို့မရတော့ဘူးလေ"

□ □ □

မယ်အိတို့ ဇနီးမောင်နှံမှာ ငွေကြေး အကျပ်အတည်း ကြုံတွေ့ရသည်။ ယောက်ျားဖြစ်သူက တောတိုး၊ ထင်းခွေအလုပ်ကလွဲ၍ မရှာဖွေတတ်။ မယ်အိတို့ အိမ်စရိတ်က ပုံမှန်မရှိ။ ခေါ်နန်းငွေသားအမိ ခေါ်နိုင်သမျှ လုပ်ပေးရင်း နေ့စဉ်အသက်ဆက်နေရသည်။

အလုပ်အကိုင် ပါးရှားရသည့်အတွက် စိတ်ထွက်ပေါက်အနေနှင့် ရွာထဲမှာ ချဲ နှစ်လုံးထီထိုးသည်။ အစပိုင်းတော့ ဟုတ်သလိုပင်။ ရရစားစား။ နောက်တော့ မထိုးဘဲမနေနိုင်၊ စွဲနေပြီ။ ဒိုင်ကလည်း အကြွေးပေးထိုးသည်၊ တစ်ပတ်ရှင်း။ သည်လိုနှင့် သည်ကစ်ပတ်ဟာ နောက်တစ်ပတ်ထိုး၍ပေါက်လျှင် အကြွေးနှင့် နှိမ်သည်။ လုံးချာလိုက်ရင်း ငွေစာရင်းကတက်လာသည်။ ကြံရာမရတော့။ ထိုအခါ ခေါ်နန်းငွေ အိမ်ဝင်းထရံအုတ်တံတိုင်းက သူတို့ခြံထောင့်အစပ်မှာ လူတစ်ကိုယ်ဝင်စာ ပြိုကျနေသည်။ ထို့ကြောင့် မယ်အိအသာပင် ဝင်သွားခဲ့သည်။ အိမ်နီးချင်းတွေကလည်း အမှတ်တမဲ့ပင်။ တွေ့ပါကလည်း ဒီအိမ်မှာ မယ်အိဝင်ထွက်နေတာသိ၍ မည်သူမျှ အရေးတယူမရှိနိုင်ပေ။

မယ်အိက ဒီအိမ်ရဲ့ အထာကိုသိပြီးသားပင်။ ထို့ကြောင့် အိမ်ဘေးပြတင်းတံခါးချက်ကို အသာတွန်းကာ ဖြုတ်ပြီးမှ ဝင်ရောက်ခဲ့သည်။ ဗီရိုတံခါးဖွင့်ပြီး ယူတုန်းက ငွေထုပ်ကိုပဲယူမလို့။ သို့သော် သော့တွဲတွေ့တော့ ဖွင့်ကြည့်ချင်တာနှင့် သေတ္တာသော့ဖွင့်ကြည့်ရာ ရွှေထည်ပစ္စည်းတွေက လောဘစိတ်ကို နှိုးဆွလိုက်သည်။

ကာလတန်ဖိုး သိန်းငါးဆယ်ကျော်။ မယ်အိကလည်း နပ်ပြီးသားပင်။ ချဲဒိုင်မှာ အကြွေးတွေပြေဆပ်ပြီး ရပ်ကွက်အနောက်ပိုင်းမှာနေသော ခေါ်လွှမ်းဆီမှာ ကျွန်ပစ္စည်းနဲ့ ငွေကို အပ်နှံထားသည်။ အကယ်၍များ ရဲစခန်းတိုင်၍ မသင်္ကာ၍ ရှာဖွေလျှင် မတွေ့စေရန်ဖြစ်သည်။

ခုတော့ ...

ရဲအရာရှိများ၏ အတွေ့အကြုံအရ ပါးနပ်သော စစ်ဆေးမှုကြောင့် မယ်အိတစ်ယောက် ရှောင်လွှဲမရတော့။ ပစ္စည်းခိုးယူသူရော၊ လက်ခံသူရော ဥပဒေက မနေပါ။ ပုဒ်မ–၃၈၀၊ ပုဒ်မ–၄၁၁ ပြစ်မှု ဥပဒေအရ ခေါ်ဆောင်ခြင်းခံရလေပြီ။

မယ်အိတစ်ယောက် မှားမှန်းသိပေမဲ့လည်း ကျူးလွန်မှုက ဖြစ်ခဲ့ပြီမို့ မျက်ရည်ကျလည်း မရနိုင်တော့ပေ။

ဟန်သီဇင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အသီးတစ်ခိုင် အသက်တစ်ချောင်း

## စိန်ဇော်တိက

မြောက်ဘက်မှ တောင်ဘက်သို့ ရှပ်ခွကာ စီးဆင်းနေသည့် ဧရာဝတီ မြစ်ကမ်းနံဘေး၌ တည်ရှိနေသည့် "ဗန်းမော်မြို့" ကလေးသည် ကချင်ပြည်နယ်၏ "ဒုတိယမြို့တော်" အဖြစ် လူသိများလေ၏။

ထိုမြို့ကလေးရှိ ရဲဌာန (ဗန်းမော်ရဲစခန်း)၌ တာဝန်ထမ်းဆောင်နေသည့် ဒုရဲအုပ် ဦးသိန်းရွှေဆိုသူသည် ရန်ကုန်သားကြီးတစ်ဦးဖြစ်လေ၏။ တာဝန်ကျရာ၌ လုပ်ကိုင်ကြရမည့် စည်းကမ်းချမှတ်ချက်ကြောင့် ယခုကဲ့သို့ ဒုရဲအုပ်ဦးသိန်းရွှေသည် "ဗန်းမော်ရဲစခန်း"၌ တာဝန်ထမ်းဆောင်နေရခြင်းဖြစ်လေ၏။

ဗန်းမော်ရဲစခန်း၌ တာဝန်ထမ်းဆောင်ချိန် ခြောက်နှစ်ခန့်ရှိပြီဖြစ်သော ဒုရဲအုပ်ဦးသိန်းရွှေသည် တစ်ခါတစ်ရံ ရန်ကုန်မြို့ကြီးသို့ စိတ်အစဉ်ကရောက်ရောက်နေ၏။ လွမ်းစိတ်ကလေးများဖြင့် ကျန်ရစ်ခဲ့သည်၊ ညီအစ်ကိုမောင်နှမများအား သတိရနေမိ၏၊ သို့သော် တာဝန်ကား အပျက်မခံ၊ ကျေပွန်အောင်ထမ်းဆောင်မှုကြောင့် အထက်လူကြီးများ၏ ချီးကျူးမှု၊ အားပေးမှုများကိုခံရ၏၊ လူချစ်လူခင်ပေါ်များသည့် ဒုရဲအုပ်ဦးသိန်းရွှေအား မသိသူရှား၏။

ယခုလည်း ဒုရဲအုပ်ဦးသိန်းရွှေသည် မှုခင်းတစ်ခုအတွက် အစီရင်ခံစာ ရေးသားနေချိန်၌ ဗန်းမော်မြို့ရှိ "ပင်လယ်ပြာစားသောက်ဆိုင်ပိုင်ရှင် "စိုင်း၊ သီဟ" ဆိုသူရောက်ရှိလာသဖြင့် ဒုရဲအုပ်ဦးသိန်းရွှေသည် ရေးလက်စ "အစီရင်ခံစာ"အားရပ်ကာ "စိုင်းသီဟ" အား ဤသို့ပြောလေ၏။

"လာ ထိုင်ကိုစိုင်း ဘယ်က မျက်စိလည် လမ်းမှားလာတာလဲ ကိုယ် ဘာလုပ်ပေးရမလဲ" ဟု ပြောလေသော် စိုင်းသီဟဆိုသူက -

"စခန်းနားရောက်တာနဲ့ ဆရာကြီးများရှိမလားလို့ ဝင်ကြည့်တာပါဗျာ၊ ကိစ္စထွေထွေထူးထူး မရှိပါဘူး၊ ဒါနဲ့ ဘာတွေရေးနေတာလဲဗျ"

"အော် အမှုအတွက် အစီရင်ခံစာ ရေးနေတာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေသော် စိုင်းသီဟ
က -

> ကျွန်တော်တို့
> စိုက်ပျိုးရေးခြံထောင်မှာ
> ပိန္နဲပင်ကြီး တစ်ပင်
> စိုက်ထားပါတယ်။
> အပင်ကမျိုးကောင်းတော့
> သီးလာတဲ့ အသီးတွေကလည်း
> မွှေးပျံ့ချိုသင်းနေတာပဲ ခင်ဗျ
> ထူးခြားတာက အဲဒီအပင်ဟာ
> ဒီပြင် ပိန္နဲပင်တွေလို
> အသီးအများကြီး မသီးဘူး
> ဆရာကြီးရဲ့၊ နည်းနည်းပဲ
> သီးတယ်၊ သီးရင်လည်း
> အကြီးကြီးသီးတယ် . . .

"စာရေးနေတယ်ဆိုလို့ ဆရာကြီးကိုမေးရဦးမယ်၊ ညက စုံထောက်ဝတ္ထုတစ်ပုဒ်မှာ ခြေရာကိုကြည့်ပြီး ခြေရာရဲ့ပိုင်ရှင် "အရပ်ဘယ်လောက်ရှည်တယ်" ဆိုတာ သိနိုင်တယ်လို့ ရေးထားတာ အဟုတ်ပဲလား။ ဆရာကြီး" ဟု မေးလေသော် ဒုရဲအုပ်ဦးသိန်းရွှေက-

"အဲဒါ အမှန်ပဲဗျ၊ ကျုပ်သင်တန်းတက်တုန်းက အဲဒီအကြောင်းတွေ သင်ရတယ်။ ခြေရာကိုတိုင်းကြည့်ခြင်းအားဖြင့် ခြေရာရှင်ရဲ့ "အရပ်"ဘယ်လောက်ရှည်သလဲဆိုတာကို သိခဲ့ရတယ်။ အမှန်ကတော့ ဒီလိုဗျ၊ ခြေရာရဲ့ အလျားကိုတိုင်းပြီး "ခြောက်ဒသမရှစ်လက်မ"နဲ့ မြှောက်လိုက်ရင် ခြေရာရှင်ရဲ့ "အရပ်အမြင့်"ကို သိနိုင်တယ် ကိုစိုင်းသီဟရဲ့" ဟု ပြောကြားနေချိန်၌ ကင်းသမားလေး မောင်မြ ဤသို့လာပြောမှုကြောင့် နှစ်ဦးသား စကားပြတ်သွားကြတော့၏။

"ဂိတ်ဝမှာ ဆရာကြီးနဲ့တွေ့ချင်တယ်၊ တွေ့ခွင့်ပေးပါလို့ ပြောနေတဲ့လူနှစ်ယောက်ကို ကျွန်တော်စောင့်ခိုင်းထားတယ်၊ လွှတ်လိုက်ရမလား ဆရာကြီး"

"အေး လွှတ်လိုက်ကွာ" ဟုပြောဆိုချိန်၌ ကိုစိုင်းသီဟသည် ဒုရဲအုပ်ဦးသိန်းရွှေအား နှုတ်ဆက်၍ နောက်မှလာလည်ဦးမည်ဖြစ်ကြောင်း ပြောဆိုကာ ထွက်ခွာသွားလေ၏၊ ဒုရဲအုပ်ဦးသိန်းရွှေအား တွေ့ချင်သည့် လူနှစ်ယောက်လည်း ရောက်၍လာလေ၏။

တစ်ယောက်ကား အရပ်ပု၍ တစ်ယောက်ကား အရပ်ရှည်၏။ နောက်မှသိရသည်ကား အရပ်ပုသောလူ၏အမည်မှာ စိုင်းဝင်းခုံ၊ အရပ်ရှည်သောလူမှာ စိုင်းဘုအောင် ဖြစ်၏။ ၎င်းတို့နှစ်ဦးမှာ ဗန်းမော်မြို့နယ်၊ မလှုလာရွာကလေး၌နေထိုင်ကာ စိုက်ပျိုးရေးလုပ်ကိုင်ကြောင်းသိရ၏။ ၎င်းတို့နှစ်ဦးမှာ ညီအစ်ကိုဝမ်းကွဲတော်စပ်ကြကြောင်း ထပ်ဆင့်သိရ၏။ ဒုရဲအုပ်ဦးသိန်းရွှေသည် ထိုညီအစ်ကိုအား ဤသို့ပြောလေ၏။

"ကဲ ကျုပ်ဘာလုပ်ပေးရမလဲ ပြော" ဟုဆိုသော် ၎င်းတို့ညီအစ်ကိုနှစ်ဦးသည် ဖြစ်ကြောင်းကုန်စင်အား မြန်မာစကားအား ရှမ်းသံကလေးနှော၍ ဤသို့စီကာပတ်ကုံး ပြောပြလေ၏။

"ဒီလိုပါဆရာကြီး ကျွန်တော်တ
စိုက်ပျိုးရေးခြံထောင်မှာ ပိန္နဲပင်ကြ
တစ်ပင် စိုက်ထားပါတယ်။ အပင်က
မျိုးကောင်းတော့ သီးလာတဲ့ အသီး
ကလည်း မွှေးပျံ့ချိုသင်းနေတာပဲ ခင်
ထူးခြားတာက အဲဒီအပင်ဟာ ဒီ
ပိန္နဲပင်တွေလို အသီးအများကြီး မ
ဘူးဆရာကြီးရဲ့ နည်းနည်းပဲ သီးတ
သီးရင်လည်း အကြီးကြီးသီးတယ်ခင်
အဲဒီမှာ ပြဿနာတက်တာပဲ ဆရာ
ရယ်" ဟု မောသွားဟန်ဖြင့် စ
ခထားနားကာ ဆက်ပြောပြန်၏။

"ကျွန်တော်တို့ စိုက်ထာ
အဲ့ဒီအပင်ကြီးဟာ သေးကခြံထဲ က
ညွှတ်နေတယ်။ ဖြစ်ချင်တော့ အဲဒီ
ညွှတ်နေတဲ့ အပင်ပိုင်းမှာ အသ
ပိုသီးနေတယ် ဆရာကြီးရဲ့ အဲ
သေးခြံက "စိုင်းဘိုးထူး" ဆိုတဲ့ က
က သူပိုင်တယ်၊ သူ့ခြံမြေဘက်
သီးတော့ သူဆိုင်တယ် ပြောပြီး ခူးတ
ပိုဆိုးတာက ရောင်းစားတာပဲခင်
ကျွန်တော်တို့အပင်က သီးတဲ့ အသ
ကျွန်တော်တို့ ရောင်းမစားဘူး။
တော်တင်တယ်၊ ရွာဦးကျောင်း
ဆရာတော်ကို ကပ်တယ်၊ ခင်မင်
မိတ်ဆွေ ဆွေမျိုးတွေကို ပေးနေကြ
ဒီကောင်က ဒီလိုမဟုတ်ဘူး။ သူ
အပိုင်းမှာ သီးတဲ့အသီးကိုသူပိုင်သ
ထားပြီး ခူးတယ်၊ ရောင်းစားတ
ကျွန်တော်တို့ကိုလည်း လူမထင်သ
လုပ်တယ်။ ဒါ ကျွန်တော်တို့
သက်သက်စော်ကားတာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး ကျွန်တော်တို့နဲ့ ရန်ဖြစ်ရမယ့် ကိစ္စဖြစ်နေလို့ အခုလို ဆရာကြီးတို့ဆီ လာတိုင်ရတာပါခင်ဗျာ"ဟု ပြောလေသော် ဓုရဲအုပ်ဦးသိန်းရွှေသည် ကျောင်းဆင်းကာလ ၁၉၇၀ ခုနှစ်အတွင်းက ( × × ×)စခန်း၌ တာဝန်ထမ်းဆောင်ချိန်၌ ကိုင်တွယ်ဖြေရှင်းရဖူးသည့် လူသတ်မှု" မှုခင်းကြီးတစ်မှုအား ဤသို့ အမှတ်ရမိလေ၏။

♦ ♦ ♦

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဗိုးကန်မြို့ကလေးကား ရန်ကုန်-ပြည်လမ်းမကြီးပေါ်၌ တည်တည်ငြိမ်ငြိမ်ရှိနေလေ၏။ ထိုမြို့ကလေးနှင့် နှစ်မိုင်ခွဲခန့်ဝေးသော လယ်တွင်းရွာကလေးကား စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်ကြသော လူအများ (ရွာသူရွာသား)နှင့် စည်ကားစွာရှိနေလေ၏။

ထို ရွာကလေးကား မြန်မာလူမျိုးများ အများစုနေထိုင်ကြသည့် ရွာကလေးဖြစ်သည် အားဖျော်စွာ ဧလူ့အတန်းများ၌ စည်ကား၏၊ ရုပေါင်းလုပ်ဆောင်မှုကြောင့် မြင်ရသူ အပေါင်း စိတ်ချမ်းသာကြရ၏။

တစ်နေ့ဖြစ်လေသည်။

ခြံလုပ်သားကြီး ဦးတင်ဦးသည် ဘေးခြံမှ "ဦးစိုး"ဆိုသူနှင့် စကားများကြလေ၏။ အကြောင်းကား ဦးတင်ဦး စိုက်ပျိုးထားသည့် သရက်ပင်မှ "အသီး" များသည် ဘေးခြံရှိ ဦးစိုးခြံထဲသို့ ကိုင်းညွတ်ကာ အသီးသီးခြင်းကြောင့်ဖြစ်၏။

ဦးတင်ဦးမှ ဦးစိုးဆိုသူအား ဤသို့ပြော၏။

"ငါစိုက်ထားတဲ့ အပင်ကသီးတဲ့ အသီးဟာ ငါ့အသီး ငါ့အပိုင်၊ မင်းနဲ့ ဘာမှမဆိုင်ဘူး ငါ့အသီးတွေ တစ်လုံးမှ မခူးပါနဲ့" ဟုပြော၏။

"မင်းစိုက်တာ မှန်ပေမယ့် အပင်ကိုင်းက ငါ့ခြံဘက်ရောက်နေတော့ ငါ့ခြံဘက်ရောက်နေတဲ့ကိုင်းက သီးတဲ့ အသီးဟာ ငါ့အသီး ငါ့အပိုင်၊

ထိုသို့စကားများရာမှ တုတ်စွဲ၊ ဓားစွဲဖြစ်ကာ ဒေါသမထိန်းနိုင်ကြဘဲ ဦးတင်ဦးမှ ဦးစိုးအား ဓားနှင့်ခုတ်လေသောကြောင့် ဦးစိုးဓားဒဏ်ရာဖြင့် သေဆုံးရလေ၏။

နောက်ဆုံး ကိုတင်ဦး လူသတ်မှုဖြင့် ထောင်ကျသွားရလေ၏။ အဖိုးမတန်သည့် "အသီး" ကြောင့် လူတစ်ယောက်သေဆုံးရလေ၏။ ဒေါသအမှားကြောင့် တစ်ယောက်က ထောင်ကျရ၏။

♦ ♦ ♦

ဖျပ်ခနဲဝင်လာသည့် "အသီ" ကြောင့် ဓုရဲအုပ်ဦးသိန်းရွှေသည် ထိုရှမ်းလူကြီးနှစ်ဦးအား ဤသို့ပြောလေ၏။

"ခင်ဗျားတို့အဖြစ်က ဘာမှ မဟုတ်ဘဲနဲ့ နာခေါင်းသွေးထွက်မယ့် ကိစ္စကြီးပဲ ခဏနေဦး။ ကျုပ် စခန်းမှူးကြီးဆီ အကျိုးအကြောင်းပြောပြီး လိုက်ခဲ့မယ်" ဟုဆိုကာ စခန်းမှူးကြီး၏ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရန် စခန်းမှ ၁၀ မိုင်ခွဲခန့် ဝေးကွာသော "မလှလာကျေးရွာ"သို့ ရဲသားအနည်းငယ်ခေါ်၍ စခန်းပိုင်ကားဖြင့် သွားကြလေ၏။

ရွာသို့ရောက်သော် ရွာလူကြီး (ကျေးရွာအုပ်ချုပ်ရေးမှူး)ကိုခေါ်၍ ၎င်းတို့ခြံသို့သွားလေ၏။ ခြံထောင့်၌ပေါက်နေသည့် ဝိန္နဲပင်ကိုကြည့်၏။ အပင်မှာ တစ်ဖက်ခြံထဲသို့ ကိုင်းညွတ်ကာ အသီးသီးနေလေ၏။ ဤတွင် ဓုရဲအုပ်ဦးသိန်းရွှေသည် ခြံပိုင်ရှင် နှစ်ဦးစလုံးအား ခေါ်၍ စခန်းမှူးကြီး၏ ညွှန်ကြားချက်ကို အသံထွက်အောင် ဤသို့ဖတ်ပြလေ၏။

"နှစ်ဦးနှစ်ဖက် ညှိနှိုင်း၍မရက အသီးသီးသော ဝိန္နဲပင်အား ခုတ်ပိုင်းဖြတ်လိုက်ပါ။ အမှုမဖြစ်မီက ကြိုတင်တားသည့်သဘောဖြစ်ပါသည်။ စခန်းမှူးကြီး"တဲ့။ ကဲ ခင်ဗျားတို့ နှစ်ဖက် ဘယ်လိုသဘောရသလဲ အပင်ကို ခုတ်ပစ်မလား၊ သီးတဲ့အသီးကို ခွဲဝေယူမလား ကဲ ဘယ်လိုသဘောရလဲပြော ဟုဆိုသော် နှစ်ဦးနှစ်ဖက် ညီညွတ်ခွဲဝေယူမည်ဖြစ်ကြောင်း ပြောကြားသဖြင့် ဓုရဲအုပ် ဦးသိန်းရွှေသည် ၎င်းတို့၏ ခံဝန်လက်မှတ်ထိုးချက်အား စခန်းမှူးကြီးဆီတင်ပြရန် ရွာအုပ်ချုပ်ရေးမှူးအား နှုတ်ဆက်၍ စခန်းသို့ပြန်လေ၏။


လမ်း၌ ဓုရဲအုပ်ဦးသိန်းရွှေ ဤသို့ စဉ်းစားမိ၏။ စခန်းမှူးကြီး၏ "အမှုမဖြစ်ရန် ဖြေရှင်းလိုက်သည့် နည်းပရိယာယ်"အား စိတ်ထဲမှ ချီးကျူးမိလေ၏။ အကယ်၍များ ဘာမဟုတ်သည့်အသီးကြောင့် "လူသတ်မှုဖြစ်ရခြင်းကိစ္စ"မှ လွဲချော်သွားရသည်မှာ "သဘာရင့် စခန်းမှူးကြီး၏ ဉာဏ်ရည်မြင့်မားမှု ပရိယာယ်"ပင်ဖြစ်ပါကြောင်း။

**စိန်ဇော်တိက**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ငှက်မှဆိုး၏ လျှို့ဝှက်ချက်

ကိုပိုက်

ပုဂံချောင်းများအတွင်း ဖက်လှဲ့ကြီးသည့်စခွဲ့ အသုပ်နှင့်တောင်းစွန့်ရသုံ့ကျသည့်ကြောင့် ...

''ကိုလင်းရေ ... မူးရူးပါးဝါးအနဲ့ မွှေးမွှေး အကောင်ကြီးကြီးဖြစ်ပါ့မယ်။ ဟင်းကောင်(ကျား) လှဲ့ထားသာဖြစ်မယ်''

လို့ ကျွန်တော်ပြောလေသည့်အတိုင်း ဆတ်ဖိုကြီးတစ်ကောင် ဖြစ်နေ၏။ သို့ပေမင့် ဟင်းကောင်လှဲ့ထားခြင်း မဟုတ်။ ထူးဆန်းအံ့ဖွယ်တော့ ကောင်းချေ၏။ ဆတ်ကောင်၏ မျက်နှာပိုင်းနှင့်လည်တိုင်တို့တွင် ဒဏ်ရာအတော်များများရှိချေ၏။ ခြေနှစ်ချောင်းတော့ မရှိချေပြီ။ ပေါင်ရင်းမှ ပုတ်ဖြတ်သွားဟန်တူ၏။

ရက်အတော်ကြာကြာက သေဆုံးခဲ့ခြင်းကြောင့် လွန်မင်းစွာ ပုပ်ဟောင်နေသည့်ကြောင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ခက်လှက်ခဲ့ကြတော့၏။

ကျွန်တော်တို့သည် ပုဂံချောင်းများတွင်ရှိ တောစံကြိုင်ဆင်စခန်းတွင် ဘောအုပ်ကြီး မောင်မောင်စိုးနှင့် ချိန်းထားသောကြောင့်ဖြစ်၏။

ကျွန်တော်တို့ သည် ရေ့ခရီးတွင် မျောက်သေကောင်ကို တွေ့ရပြန်သည်တွင် အံ့သြရပြန်သေး၏။ ထိုမျောက်ကောင်သေသည်လည်း မျက်နှာတွင် ဒဏ်ရာဒဏ်ချက်များ ရှိနေပြန်ပြီး ခြေနှစ်ချောင်းမရှိတော့ခြင်း ဖြစ်ပေ၏။

ဘယ်လိုသတ္တဝါ၏ လက်ချက်ပါလိမ့်။ သို့တည်းမဟုတ် ဘယ်လိုမုဆိုးလက်ချက်ပါလိမ့် ...

မျောက်သေကောင်သည် အသက်ခံရသည်မှာ ရက်သိပ်ကြာသေးသည့်ပုံမပေါ်ချေ။ အပုပ်နံ့မထွက်သေး။ တောင့်တင်းနေရုံသာရှိသေး၏။ ကျွန်တော်တို့သည် တောစံကြိုင်ဆင်စခန်းသို့ အချိန်မီမရောက်နိုင်သည်ကြောင့် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်၏။

ပုဂံချောင်းတစ်ဝိုက် ကျွန်တော်နှင့်သင်းမြင့်လှိုင်သည် အရောက်အပေါက်နည်းသည်ဆိုပေမင့် ချောင်းသာသည့်ကြောင့် လမ်းပြပင်မခေါ်ကြလေဘဲ ချောင်းအတိုင်း ဆန်တက်ခဲ့ကြခြင်းဖြစ်၏။ နွေဦးပေါက်ဖြစ်သည်ကြောင့် ချောင်းအတွင်း ရေရှိသေးသည်ဆိုပေမင့် ရေစီးတော့ဖြင့် မရှိချေ။ အချို့နေရာတို့တွင် အိုင်တို့ ဖြစ်ထွန်းရှိနေခြင်းသာပင်။ သို့လျှောက်ခဲ့ကြရာမှ ရေသောက်ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com

သော တောဝက်တစ်ကောင်တွေ့သည့်ကြောင့် ကပျာကသီဆိုသလို[illegible]လှိုင်က သူ့လက်တွင်းရှိ ဝင်ချက်[illegible]ဖယ်ဖြင့် လှမ်းပစ်လိုက်တော့၏။

"ဒိန်း ..."

ပြင်ထန်သော ယမ်းအား ပေါက်ကွဲသံနှင့်အတူ တောဝက်ကောင်သည် တစ်ချက်မျှသာ ယိုင်သွားပြီး တစ်ရှူးထိုးပြေးသွားချေတော့၏။

"အသေအချာ ချိန်မပစ်လိုက်ရတော့ကာ ချက်ကောင်းကို မထိဖြစ်သွားတယ်ဗျာ။ နို့ပေမင့်လို့ သည်ကောင် ဝေးဝေးပြေးသွားနိုင်မယ်မဟုတ်ပေဘူးဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် တောဝက်ကောင် ပြေးသွားရာနောက် အပြေးလိုက်သွားချေတော့၏။

ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်ကာ ပြုံးလိုက်ရင်း နောက်မှလိုက်သွားတော့၏။

တကယ်တော့ တောဝက်ကောင်ကိုပစ်လိုက်သော ကျည်သည် ကျောကုန်းကို ရှပ်ထိရုံသာဖြစ်နိုင်၏။ လင်းမြင့်လှိုင်က သူပစ်လိုက်သော တောဝက်ကောင်ကို အလွတ်မပေးလို၍ ဆင်ခြေပေးလိုက်သွားရခြင်း ဖြစ်သည်ကြောင့် ကျွန်တော်သည် တောဝက်ကောင်ကို ရဖို့မလွယ်မှန်းသိပေမင့် လင်းမြင့်လှိုင်အလိုကျ လိုက်လျှောရခြင်း ဖြစ်တော့၏။

"သည်ကောင် .. ဝေးဝေးပြေးနိုင်မယ် မဟုတ်ပေဘူးဗျ"

သို့လျှင် တတွတ်တွတ်ပြောရင်း တောတိုးနေသည်မှာ အတော်ကြာချေပြီ။ အတော်ခရီးပေါက်ချေပြီကြောင့် ...

"ကျွန်တော်တို့ ဆင်စခန်း ကနေ့ရောက်နိုင်ပါဦးမလား"

သို့တော့ဖြင့် သတိပေးပြောလိုက်ရ၏။

"ကနေ့မရောက်လည်း မနက်ဖြန်ပေါ့ဗျာ"

သို့လင်းမြင့်လှိုင်ပြောလာသည့်စကားကြောင့် ကျွန်တော်ကျိတ်ပြုံးမိသေးတော့၏။ လင်းမြင့်လှိုင်တစ်ယောက် တောဝက်ကောင်ကို မတွေ့မချင်း လာလမ်းပြန်လှည့်မည့်ပုံ မပေါ်ချေ။ သို့ကြောင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နှင့်အတူ ထွက်ပြေးသွားသော တောဝက်ကောင်ကို မတွေ့မနေ ရှာရပေဦးမည်။

သို့ဖြင့် ကျွန်တော်တို့သည် တဲတစ်လုံးသို့ ရောက်လာကြတော့၏။

တဲအတွင်း၊ လူရှိ မရှိ မသိရချေ။ တဲအရှေ့ သစ်တစ်ပင်(ကသစ်ပင်)၏ ကိုင်းထက်တစ်ခုတွင် သိမ်းငှက်တစ်ကောင် တွေ့ရလေသည့်ကြောင့် ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် ပစ်ခတ်ရန် အလို့ငှာ လှမ်းချိန်လိုက်၏။

တောဝက်မတွေ့မီ ဆာလောင်မှုကို ဖြေသိမ့်ရန် ထိုသိမ်းငှက်ကို ပစ်ခတ်စားရန် ရည်ရွယ်ချက်ဖြစ်၏။

သို့ပေမင့် ...

"ကျွပ်မွေးထားတဲ့ သိမ်းငှက်ပေပဲဗျ"

သို့ပြောဆိုဟန့်တားလာလေသံကြောင့် နောက်သို့လှည့်ကြည့်လိုက်တော့၏။

"ဟင် ..."

မျက်နှာစုတ်ချွန်းချွန်းနှင့် နှာခေါင်းမှာ ငှက်နှုတ်သီးအလား သဏ္ဍာန်ရှိ လူတစ်ယောက်ဖြစ်ချေ၏။

တဲပိုင်ရှင် ဖြစ်ချိမ့်မည်။ ထင်းကောက် ပြန်လာဟန်တူ၏။ ထင်းခြောက်တုံးများကို ထမ်းပိုးလာခြင်းဖြစ်၍ သူ့လက်တွင်းမတော့ အရှည်တစ်တောင်ခန့် ဖြက်လက်လေးလုံးသာသာရှိ ဓားတစ်ချောင်းသာရှိနေ၏။ အခြားမည်သည့်လက်နက်မျှဖြင့် မတွေ့ပါချေ။

"နို့ဖြင့်လည်း တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်က သိမ်းငှက်အရိုင်းကောင်ထင်ပြီး ပစ်မလို့ပါ။ ဆာကလည်း ဆာဆိုတော့ဗျာ"

သို့ကျွန်တော်က ပြောလိုက်ရင်း သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်၏။ ထိုသူ၏ မျက်လုံးအစုံသည် စူးရဲလှချေ၏။

သူသည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို စူးစူးရဲရဲ အကဲခတ်ကြည့်နေရင်းမှ

"အမဲပစ်ထွက်ရင်း လမ်းမှားလာကြတာလား"

လို့ မေးလေ၏။

"မဟုတ်ဘူး။ ဒဏ်ရာရသွားတဲ့ တောဝက်ကောင်နောက်လိုက်ရင်း သည်ရောက်လာကြတာ"

"ဩော် ..."

သို့သာ သူပြောပြီး သူ့ပခုံးထက် စုစည်းထမ်းလာသည့် သစ်ခြောက်တုံးများကို မြေပြင်သို့ ပစ်ချလိုက်တော့၏။

"ဘုတ် ..."

"လာကြဗျာ။ ကျွပ်ဓားစရာတစ်ခုခုတော့ ကျွေးနိုင်ပါတယ်"

သို့ဖြင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် ထိုသူ့တဲသို့ ထိုသူနှင့် လိုက်ဝင်ကြ၏။ ရောက်မဆိုက်ပင် ထိုသူက –

"ခင်ဗျားတို့ ဆာလောင်နေပုံပဲ။ အလျင်စားလိုက်ကြချေဗျာ"

သို့ဆိုလျက် ကျွန်တော်တို့ကို ဆတ်သားမီးကင်အသားတုံးတို့ကို ချပေးလာ၏။ ကျွန်တော်သည်လည်း ဟန်မဆောင်နိုင်တော့ချေ။ ဆာလောင်နေပြီကိုး။ ကျွန်တော်သည် အသားကင်တစ်တုံးလှမ်းယူကာ လင်းမြင့်လှိုင်ကို ကမ်းပေးလိုက်၏။

လင်းမြင့်လှိုင်သည် ကျွန်တော် ကမ်းပေးလိုက်သော အသားတုံးတို့ကို လှမ်းယူလိုက်ပြီး သူ့ဘောင်းဘီအိတ်တွင်းမှ ဝီစကီပုလင်းပြားလေးကို ထုတ်ပေးလာချေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားလည်း သောက်တတ်ရင်သောက်ပါလားဗျာ"

ကျွန်တော်တို့ သူ့ကိုပြောလိုက်၏။

"မသောက်တတ်ပေဘူးဗျ။ ခင်ဗျားတို့သာ သောက်ကြစားကြပေါ့ဗျာ။ အားနာနဲ့။ ကျုပ်ကတော့ ခင်ဗျားတို့ကို အားနာဘူးဗျာ။ နားချေဦးမယ်"

သို့ဆိုလေသည်ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အလိုက်တသိပင် ထိုသူ့ကို မည်သို့မျှ မပြောကြလေတော့ဘဲ ဝီစကီသောက်၊ ဆတ်သားမီးကင်စားနေကြတော့၏။

"ခေါ . . . ခေါ . . . ခေါ . . . ခလူး . . ခလူး . . ."

ကျွန်တော်တို့ သောက်စားနေစဉ် ထိုသူနားနေရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပုံပင်။ ဟောက်လို့ပင် နေသေးတော့၏။ သို့ဖြင့် ညနေစောင်းလေသည်တွင် –

"ကိုလင်းရေသွားကြစို့ဗျာ"

ဆိုလိုက်သည်တွင် –

"သည့်မယ် အိပ်ကြမယ်ဆိုရင်ရတယ်"

ထိုသူပြောလာသံကြောင့် အံ့ဩမိသေးတော့၏။ အင်မတန် အအိပ်ဆတ်သူပါကလား။

"ကျေးဇူးတင်ပါတယ်ဗျာ။ ဆင်စခန်းမယ် မိတ်ဆွေတစ်ယောက်နဲ့ ကနေ့ဆုံကြမယ် ချိန်းထားလို့ပါ"

သို့နှယ် ပြောနှုတ်ဆက်ကာ ကျွန်တော်တို့ နှစ်ယောက်တဲအတွင်းမှ ထွက်ခဲ့ကြသည်တွင် –

"ကီးလ်"လို့ သိမ်းငှက်ကောင်၏ စူးစူးဝါးဝါးအော်လိုက်သံကြောင့် လှမ်းကြည့်လိုက်၏။

ထိုသူ၏ သိမ်းငှက်ကောင်ပါကလား။ အတောင်ကို ဖြန့်ကားလျှပ်ခတ်ရင်း အော်လေခြင်းဖြစ်၏။

ကျွန်တော်သတိထားမိသည်မှာ ထိုသိမ်းငှက်ကောင်သည် အခွပ်များသောတိုက်ကြက်ဖကောင်ကဲ့သို့ ဦးခေါင်းထိပ်မှ အမွေးအမှင်တို့ ကျိုးတိုးကျိုးတဲရှိနေ၏။

"သားကြီး သည့်လာစမ်း"

ထိုသူသည် ဘယ်အချိန်က ကျွန်တော်တို့နောက် ရောက်နေလေသည် မသိ။ သို့သူပြောလိုက်သံကြောင့် သိမ်းငှက်ကောင်သည် သစ်ပင်ကိုင်းထက်မှ ပျံဝဲဆင်းကာ ထိုသူ၏ညာလက်ဖျံပေါ်သို့ သွားနားလေတော့၏။

ထိုသူ၏လက်ဖျံတွင် လွန်စွာမှ ထူထဲသော သားကောင်'သားရေ'ကို လက်အိတ်သဖွယ်ပတ်ထားလေ၏။

ကျွန်တော်တို့သည် ထိုသူ့ကို ပြုံးပြနှုတ်ဆက်လိုက်ပြန်ပြီး ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

တောအုပ်ကြီး စောစံကြိုင်တို့ ဆင်စခန်းသို့ ရောက်သွားကြသည်တွင် အတော်မှောင်နေပြီ ဖြစ်တော့၏။ တောအုပ်ကြီးမောင်မောင်စိုးသည် ရောက်နှင့်နေပြီ ဖြစ်တော့၏။ ဆင်ပိုင်ကြီး စောစံကြိုင်၊ တောအုပ်ကြီးမောင်မောင်စိုးတို့နှင့် ညစာစားကြသည်တွင် လမ်းတွင်ကြုံရသည့် ခြေပြတ်ဆတ်ကောင်၊ မျောက်ကောင်တို့ အကြောင်းနှင့် သိမ်းငှက်ကောင်နှင့် တဲရှင်လူအကြောင်း ပြောပြလိုက်သည်တွင် သူတို့နှစ်ယောက်စလုံး အံ့အားသင့်သွားကြရင်း

"သည့်တောတစ်ပိုက် အဲဒီငှက်လူကို မတွေ့ဖူးပါဘူးဗျာ။ အဲ . . . တစ်ခုတော့ရှိတယ်။ လွန်ခဲ့တဲ့နှစ်ရက်လောက်က ကိုပိုက်တို့ပြောသလိုပဲ တောဝက်သေကောင်ကို တွေ့တယ်။ ခြေနှစ်ဖက် ပေါင်ရင်းက ပြတ်နေတယ်။ မျက်နှာမှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့။ ကိုပိုက်တို့တွေ့ခဲ့တဲ့ သားကောင်တွေလိုပဲ။ အတော်ထူးဆန်းတာကလား"

လို့ ဆင်ပိုင်ကြီးစောစံကြိုင် ပြောလေ၏။

သို့ဖြင့် ကျွန်တော်တို့သည် စားသောက်ကြပြီးနောက် ပင်ပန်းလာသည့်လည်းဖြစ်၍ စောစောအိပ်ရာဝင်လိုက်ကြတော့၏။

နောက်တစ်နေ့ နံနက်စောစောတွင် တောအုပ်ကြီးမောင်မောင်စိုး၊ စောစံကြိုင်တို့နှင့်အတူ အမဲပစ်ထွက်ခဲ့ကြတော့၏။

"စပါးကြီးမြောင်ဖျားမယ် မျောက်မြီးရှည်တွေပေါတယ်"ဆိုသည့် စောစံကြိုင်ဆန္ဒအတိုင်း စပါးကြီးမြောင်ဖျားသို့တက်ခဲ့ကြ၏။

စပါးကြီးမြောင်သည် ကျွန်တော်တို့ ဆုံခဲ့သည့် ငှက်လူတဲနှင့် ဆင်စခန်းကြားပုဂံချောင်းမှ ခွဲထွက်သော မြောင်လေးဖြစ်ချေ၏။

စပါးကြီးမြောင် ဆိုသည့်အတိုင်း ထိုကြောသည့် မြွေကောင်တို့ ခိုအောင်းရန်အကောင်းဆုံးဖြစ်သည့် မြက်ရိုင်းပင်နှင့် ဝါးသုန်းပင်တို့ ပေါလေ၏။

သို့ကျွန်တော်တို့ တောတိုးလျှောက်ခဲ့ကြရာမှ –

"ကွိစ် . . ကွိစ် . . ခွီးလ် . . ခွီးလ် . . ကွီးစ် . . . ဂီးလ် . . ဂီးလ်"

လို့ မျောက်ကောင်၏ ဆူညံသောအသံနှင့် ငှက်သံကို့ကြောင့် . . .

"ကိုလင်းရေ . . . ဆူဆူညံညံတွေပဲဗျ။ မျောက်ကောင်တွေ ဘာများဖြစ်နေကြပါလိမ့်"

ဆိုလျက် အသံလာရာသို့ ခပ်သွက်သွက် တောတိုးသွားလိုက်ကြ၏။

"ဟာ"

"ဟင်"

အလိုလေးဗျာ။ အံ့ဖွယ်မြင်ကွင်းပါကလား။ သစ်ပင် တစ်ပင်ထက်တွင်ရှိ မျောက်ကောင်နှင့် သိမ်းငှက်ကောင် သဲ



www.burmeseclassic.com

www.burmeseclassic.com

ကြီးမဲကြီးတိုက်ခိုက်နေခြင်းပါကလား။

"ထူးဆန်းတဲ့မြင်ကွင်းပဲဗျ။ သိမ်းငှက်ကောင်က မျောက်ကောင်ကို တိုက်ခိုက်နေပါကလား။ ကင်မရာပါရင် သိပ်ကောင်းမှာပဲဗျာ"

သို့ဆိုသလို လင်းမြင့်လှိုင်ကလည်း တအံ့တသြ ကြည့်ကာ ပြောလေ၏။ တကယ်တော့ သည်တိုက်ပွဲသည် တစ်ဖက်သတ်ဖြစ်ချေ၏။ သိမ်းငှက်ကောင်သည် မျောက်ကောင်ကို တစ်ဖက်သတ် တိုက်ခိုက်နေခြင်းသာ ဖြစ်၏။ မျောက်ကောင်သည် သနားစရာဖြစ်ချေတော့၏။ ခုခံရုံသာရှိချေ၏။ မျောက်ကောင်၏ မျက်နှာတစ်ပြင်လုံး သိမ်းငှက်ကောင်၏ ခြေသည်းကုတ်ခြစ်ချက်ကြောင့် သွေးခြင်းခြင်း နီနေလေ၏။

ကျွန်တော်တို့ တအံ့တသြကြည့်နေရင်းမှာပင် မျောက်ကောင်သည် သစ်ပင်ပေါ်မှ ပြုတ်ကျလာတော့၏။

"ဟာ ..."

"ဟိုလူပဲဗျ ..."

မျောက်ကောင် သစ်ပင်အောက်ပြုတ်ကျလေမှ ကျွန်တော်တို့သည် မြေပြင်တွင်ရှိ ထိုလူကို မြင်လိုက်ရခြင်းဖြစ်တော့၏။

"ငှက်လူပါကလား"

"ဟာ ..."

ထိုလူသည် မျောက်ကောင်၏ ခြေနစ်ဖက်ကို သူ့တွင်ပါလာသည့် ဓားဖြင့် ပေါင်ရင်းမှ ကပျာကသီဖြတ်ယူလိုက်ကာ ထိုနေရာလေးမှ လှည့်ထွက်သွားလေတော့၏။

"ကီးလ် ..."

မျောက်ကောင်ကို တိုက်ခိုက်လိုက်သော သိမ်းငှက်ကောင်သည် ထိုငှက်လူနောက် ပျံဝဲလိုက်သွားလေတော့၏။

ကျွန်တော်တို့သိလိုသော အဖြေကို သိလိုက်ရသည်ဆိုပေမင့် အပြည့်အစုံတော့ဖြင့် မဟုတ်သေးချေ။

သားကောင်တွေကို ပေါင်နှစ်ချောင်းသာ ဖြတ်ယူသွားသည့် မုဆိုးဘယ်သူဆိုတာ သိလိုက်ရပေမင့် သိမ်းငှက်ကောင်သည် ဘယ်လိုကြောင့် သားကောင်ကြီးတွေကို အသေသတ်ဖြတ်နိုင်ပါလိမ့်။ ကျွန်တော်သိထားသလောက် သိမ်းငှက်ကောင်တို့သည် မြွေကောင်၊ ယုန်ကောင်၊ ဖွတ်ကောင်၊ လိပ်ကောင်စသည့် တွားသွားသတ္တဝါကောင်လေးတွေကိုသာလျှင် သူ၏အစားအလို့ငှာ သတ်ဖြတ်နိုင်သည် မဟုတ်ပါကလား။ ယခုသိမ်းငှက်ကောင်သည် ဆတ်ကောင်၊ ဝက်ကောင်၊ မျောက်ကောင်တို့ကို အသေတိုက်ခိုက်နိုင်ခြင်းသည် အံ့ဖွယ်ပင်ဖြစ်တော့၏။

"သူ့သခင်က စနစ်တကျလေ့ကျင့်ထားလို့ဖြစ်မပေါ့"

တောအုပ်ကြီးမောင်မောင်စိုးက သို့ပြောလာသည်ကို ကျွန်တော်လက်မခံနိုင်ချေ။

"အေးဗျာ။ ကျွန်တော်တော့ စိတ်ဝင်စားတယ်။ လာဗျာ ... ငှက်လူနောက်ကို လိုက်သွားကြမယ်"

စိတ်မြန်သော လင်းမြင့်လှိုင်က ပြောလည်းပြော၊ ထိုလူသွားရာလမ်းကြောင်းနောက် ခပ်သုတ်သုတ်လျှောက်သွားလေခြင်းကြောင့် ကျွန်တော်တို့သုံးယောက်သည်လည်း လင်းမြင့်လှိုင်နောက်မှ လိုက်သွားကြရတော့သည်။

ကျွန်တော်တို့သည် ငှက်လူနောက် အတော်လှမ်းလှမ်းမှ လိုက်သွားကြသည်ဆိုသော်လည်း မျက်ခြည်ပြတ်ခြင်းမရှိချေ။ သို့ပေမင့် မထင်မှတ်လေဘဲ မိုးရွာချလာခြင်းကြောင့် အရွက်ဖားဖား အုံ့အုံ့ဆိုင်းဆိုင်း ကျွန်းပင်ကြီးတစ်ပင်အောက် မိုးဝင်ခိုကြသည်တွင် မျက်ခြည်ပြတ်သွားကြတော့၏။ သို့ပေမင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ငှက်လူ၏တဲနေရာ သိ...
ခြင်းကြောင့် မိုးစဲသည်တွင် စမ်းတဝါး...
လိုက်သွားကြတော့၏။

တစ်ခေါက်ရောက်ခဲ့ဖူးခြင်း...
၍ လမ်းညွှန်မပြောပြတတ်သော်လည်း...
အမြင်အာရုံအမှတ်သညာဖြင့် ထိုငှက်...
နေထိုင်ရာတဲသို့ ရောက်သွားကြတော့...

"ကီးလ် ..."

ကျွန်တော်တို့ကို မြင်လိုက်သည်...
တဲ့ရှေ့ကသစ်ပင်ပေါ်ရှိ သိမ်းငှက်ကော...
သည် သို့ဆိုသလို စူးစူးရှရှအော်လိုက်...
နှင့်အတူ တောင်ပံကိုခတ်၍ လွှားခနဲ ...
သစ်ကိုင်းထက်မှ ကျွန်တော်တို့ထံသို့ ...
ထွက်ပျံဝဲလာမည် လုပ်လေတော့၏...

ကျွန်တော်သိလိုက်လေပြီ။ ကျွ...
တော်တို့ကို တိုက်ခိုက်ရန်ဖြစ်၏။ ...
ကြောင့် ကျွန်တော်သည် လက်တွင်...
သေနတ်ကို မောင်းတင်လိုက်ပြီး ...
တော့၏။

"ချောက် ..."

သို့ရှိစဉ်

"ဟိတ်ကောင် ... သားကြီး"

တဲအတွင်းမှ ငှက်လူထွက်လာရင်း...
သို့အော်လိုက်ခြင်းဖြစ်၏။ သည်တွင် သိ...
ငှက်ကောင်သည် ကျွန်တော်တို့ကို ...
ရောက်တိုက်ခိုက်ရန် တာစူနေရာမှ ငှ...
လူရှိရာသို့ ရှတ်ခြည်းလှည့်ပျံသန်းသွ...
လေတော့၏။

ငှက်လူက သူ့ထံပျံဝဲလာသေ...
သိမ်းငှက်ကောင်ကို ညာလက်ဆန့်တန်း...
ဆီးကြိုလိုက်တော့၏။

သိမ်းငှက်ကောင်သည် ငှက်လူ...
သားကောင်သားရေထူထူကို လက်အိတ်...
သဖွယ်ပတ်ထားလေသည့် လက်ဖျံပေ...
တွင် ခြေကုပ်နားလိုက်လေ၏။ ကျွန်တော်...
သည် ငှက်လူကို ပြုံးပြလိုက်၏။

ငှက်လူသည် ကျွန်တော်နှင့် လ...
မြင့်လှိုင်ကို မှတ်မိပုံ မပေါ်။ ဘယ်သူ...



www.burmeseclassic.com

www.burmeseclassic.com

အလာလုပ်ကြပါလိမ့် သဘောဖြင့် တွေးတွေးဆဆကြည့်ရင်း ကျွန်တော်တို့ထံ ရောက်လာလေတော့၏။ သည့်တွင်

"ဟာ ..."

"အား ..."

မိုးရွာထားလေခြင်းကြောင့် ထိုသူ့အရှေ့ မြေပြင်တွင် ရွှံ့စေးမြေများဖြစ်နေလေခြင်းကြောင့် ခြေချော်လဲသွားသည်နှင့် သူ့လက်ဖျံတွင်နားနေသော သိမ်းငှက်ကောင်သည်လည်း ထိုငှက်လူ မြေပေါ်လဲဖြစ်လဲသွားသည်နှင့် လန့်ဖျပ်ကာ ခြေကားယား တောင်ပံကားယားဖြစ်သွားသည်ကြောင့် သိမ်းငှက်ကောင်၏ခြေအစုံသည် ငှက်လူ၏ မျက်နှာကို ထိခတ်ကုတ်ခြစ်မိသွားသည်ကြောင့် ငှက်လူကြောက်လန့်တကြား အော်ဟစ်လဲကျသွားခြင်းဖြစ်တော့၏။

သိမ်းငှက်ကောင်သည်လည်း သူ့သခင်အပေါ်မှ ကသောင်းကနင်းရှိရာသို့ ပျံသန်းသွားနားလိုက်ချေတော့၏။

"ဟား ... ဟား ... ဟား ... ဟား ..."

ခြေချော်လဲသွားသော ငှက်လူထံသို့ ခပ်သုတ်သုတ်သွားရင်း ရယ်မောမိသေးတော့၏။

ထိုငှက်လူ၏ ရယ်စရာကောင်းသော ဖြစ်ရပ်သည် ထိတ်လန့်အံ့ဖွယ်အဖြစ်သို့ ပြောင်းသွားတော့၏။

"ဟင် ..."

"ဟာ ..."

သိမ်းငှက်ကောင်ခြေအစုံနှင့် ငှက်လူမျက်နှာ ကုတ်ခြစ်မိရုံမျှဖြင့် ငှက်လူသေဆုံးသွားသည် သိလိုက်ခြင်းကြောင့် လွန်မင်းစွာ အံ့ဩမိတော့၏။

"ဘယ်လိုဖြစ်ရတာပါလိမ့်ဗျာ"

မစဉ်းစားတတ်အောင်ပါကလား။

"ဘယ်လိုဖြစ်ရမှာတုံးဗျာ။ သိမ်းငှက်ကောင်ခြေက ခြေသည်းတွေမယ် အဆိပ်ရှိလို့ ဖြစ်မပေါ့"

"ဗျာ ..."

သို့ပြောလာသည့် လင်းမြင့်လှိုင်စကားကြောင့် တအံ့တဩဖြစ်ကာ ငှက်လူမျက်နှာကို အသေအချာကြည့်မိလိုက်၏။

"ဟာ ..."

အညိုအမည်းကွက်များ ရုတ်ချင်းဖြစ်လာပါကလား။

"ဘယ်လိုကြောင့် သည်သိမ်းငှက်ခြေသည်းတွေမယ် အဆိပ်တွေရှိနေရတာလဲ"

"ဘယ်လိုကြောင့် သည်သိမ်းငှက်ခြေသည်းတွေမယ် အဆိပ်တွေရှိနေရတာလဲဆိုတာတော့ ကျွန်တော်လည်းမပြောတတ်သေးဘူး။ နို့ပေမယ်လို့ သူ့ခြေသည်းမယ် အဆိပ်တွေရှိနေလို့လည်း သူကုတ်ခြစ်မိတဲ့ သားကောင်တွေ သေကြရတာပဲပေါ့"

သို့လင်းမြင့်လှိုင်က ပြောသလို -

"နို့ကြောင့်လည်း သည်ငှက်လူက အဆိပ်မိသေသွားတဲ့ သားကောင်တွေရဲ့ ခြေထောက်နှစ်ချောင်းကိုသာလျှင် အဆိပ်မပျံ့မီ ကပျာကသီခုတ်ဖြတ်ယူတတ်တာကိုး ..."

"နေဦးဗျ ..."

ဆိုလျက် လင်းမြင့်လှိုင်သည် ထိုငှက်လူ၏ တဲအတွင်းသို့ ပြေးဝင်သွားတော့၏။

အတန်ကြာအချိန်တွင် လင်းမြင့်လှိုင် တဲအတွင်းမှ ပြန်ထွက်လာ၏။ သူ့လက်ထဲတွင် ဟောလစ်ပုလင်းတစ်လုံးပါလာ၏။

ထိုပုလင်းကိုလှမ်းပြလာရင်း -

"သည်မယ် အဆိပ်တွေလေ။ ကျွန်တော်သဘောပေါက်ပြီဗျ"

ဆိုလေတော့၏။

"နို့ဖြင့်လည်း ရှင်းအောင်ပြောဗျာ" ကျွန်တော်က ပြောလိုက်၏။

"သည်လူ့အဆိပ်တွေကိုယူပြီး သိမ်းငှက်ခြေမှာ သုတ်လိမ်းပေးပြီး အမဲရှာထွက်တာဗျ"

"ခုတော့ သူလည်း ဝဋ်လည်ပြီး ငှက်မုဆိုးရဲ့ သားကောင်ဖြစ်သွားရတာလေ"

သို့ ကျွန်တော်က ပြောလိုက်လေတော့၏။

"ချောက် ..."

ကျွန်တော်စကားဆုံးသည်နှင့် လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိ သေနတ်ကို မောင်းတင်လိုက်လေပြီး ကသစ်ပင်ပေါ်မှ သိမ်းငှက်ထံသို့ လှမ်းချိန်လိုက်သည်ကြောင့် -

"မသတ်ပါနဲ့တော့ ကိုလင်းရယ်။ သူ့ခြေသည်းတွေမယ် အဆိပ်တွေရှိရင်ဖြင့်လည်း အနည်းအကျဉ်းပေါ့။ နောက်ထပ်သုတ်လိမ်းပေးမယ့် သူ့သခင်မှ မရှိတော့တာ။ သည်တော့ သူလည်း သူ့သားကောင်ရယ်လို့ သတ်မှတ်ထားတဲ့ သားကောင်ကြီးတွေရဲ့ လက်ချက်နဲ့ သေရတော့မှာပေါ့"

လို့ပြောလိုက်သည့်တွင် လင်းမြင့်လှိုင်သည် ကျွန်တော့်ကို ပြုံး၍ကြည့်လာလေပြီး သူ့လက်တွင်းမှ သေနတ်ကို မြေစိုက်လိုက်သည်ဆိုပေမင့် ...

"ဒိန်း ..."

ကျည်တစ်တောင့်က ပေါက်ကွဲထွက်သွားပြီးဖြစ်သလို၊ ကသစ်ပင်ပေါ်မှ သိမ်းငှက်တစ်ကောင်သည်လည်း မြေပြင်သို့ အရှုပ်ကြိုးပြတ်ထိုးကျသွားလေတော့သည်။

"ပင်ကိုစရိုက်ပျောက်နေတဲ့ သိမ်းငှက်တစ်ကောင်ကို စောစောဓာတ်သိမ်းပေးလိုက်တာ အကောင်းဆုံးပေါ့ဗျာ"

(ကိုပိုက်)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မိုးတွေ ညို့နေသည် . . .

ဒါရိုက်တာ မျိုးဇော်အောင်

ကာလ . . . အချိန်အားဖြင့် အတန်ကြာခဲ့လေပြီဖြစ်သော်လည်း ကျွန်တော့်စိတ်ထဲ၌မူ မနေ့တစ်နေ့ကအဖြစ်ကဲ့သို့ ထင်နေမိသည်။

"ပေကလပ်"ကို အမှတ်မထင် အာရုံ၌ မြင်နေမိ၏။ ဝင်ဝင် ပေကလပ်ကား ကျွန်တော့်တပည့်။ ကျွန်တော်၏ လက်ကတုံး တောင်ဝေး။ မျက်ပေါက်ကျဉ်း၍ မျက်စိ ဖွင့်ပိတ်၊ ဖွင့်ပိတ် မကြာခဏ ပြုလုပ်တတ်သောကြောင့် သူ့ကို "ပေကလပ်" ဟု ကျွန်တော်ကိုယ်တိုင် အမည်နာမပေးခဲ့ခြင်းဖြစ်သည်။ သူ့အမည်ရင်းက မောင်အေးသောင်း ဖြစ်သော်လည်း ထိုအမည်နာမ မတွင်၊ ကျွန်တော်ကစ၍ အားလုံး၏ နှုတ်ဖျား၌ "ပေကလပ်" "ပေကလပ်" ဟုသာ တွင်ခဲ့၏။

ကျွန်တော့်အနေနဲ့ကား စာရေးဆရာတစ်ယောက်ဖြစ်မြောက်ဖို့ ကြိုးစားရသကဲ့သို့ ရုပ်ရှင် စီဒီယို ဒါရိုက်တာ တစ်ယောက်အနေနဲ့ကား ကျွန်တော့်ရဲ့ အမိမြေဖြစ်သည်။ သည်တွင် ပေကလပ်ကတော့ ကျွန်တော်၏ နိုင်းဖတ် တောက်တိုမယ်ရ လုပ်ကိုင်ပေးရသူဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်တော်က

"ဟေ့ကောင် . . တောက်တီး . . တောက်တဲ့ ပေကလပ်" ဟုခေါ်၍ ဟိုဟာလုပ်ပေးစမ်း ဒီဟာ ကိုင်ပေးစမ်း စသည်ဖြင့် နိုင်းစေတတ်သောကြောင့် တောက်တီး တောက်တဲ့ ပေကလပ်ဟုလည်း အမည်တွင်နေပြန်၏။

ကျွန်တော် မည်သို့ဆိုဆို မည်သို့ ခေါ်ခေါ် သူကတော့ "ဟုတ်ကဲ့ဆရာ" ဟုသာ၊ အနှာသုတ်သုတ် ပြေးကာ လာပြီး "ဘာ ခိုင်းမလို့လဲဆရာ" ဟု ဆိုကာ မျက်စိကလေး မှိတ်ချည် ဖွင့်ချည်ဖြင့် လက်ကလေးနောက်ပစ်၍ ငြိမ်သက်စွာ အမိန့်နာခံတတ်လေသည်။

အလွန် ဖင်ပေါ့၍ သွက်လက်ချက်ချာသော "ပေကလပ်" သည်ပင် ကျွန်တော်ရုပ်ရှင်ရိုက်ဖို့ ရှုကွက်ကြည့်တိုင်း၊ ကျွန်တော် ရိုက်ကွင်း ရှာတင်သွားတိုင်း သူ့အမြဲပါသည်။ ကျွန်တော်ကလည်း အမြဲခေါ်သည်။ ကျွန်တော်၏ ကိုယ်ရေးကိုယ်တာ အလုပ်၌၊ သူ့ကို ခိုင်း၏။ စိတ်ချရသည်။

တစ်ခါတရံ ရုပ်ရှင်ရိုက်ကွင်း၌ လိုအပ်နေသော မီးထိုး မှန်ထိုး လုပ်ခိုင်းလည်း သူလုပ်သည်၊ လုပ်လည်း လုပ်တတ်အောင်၊ သူများလုပ်တာတွေကြည့်ထားသည်၊ နောက် ကလက်ရိုက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ လုပ်သည်။ ဘာခိုင်းခိုင်း သူ မညည်းမညူလုပ်၍လည်း ရုပ်ရှင်အဖွဲ့သားအားလုံးကလည်း သူ့ကိုချစ်ခင်ကြသည်။

တစ်နေ့ သ ူ့ကို ဇာတ်ဝင်ခန်းတစ်ခုဠ မင်းသားကျော်ကပ် (အဖော်) လူရှင်တော် လုပ်နိုင်သည်။ သူကြိုးစားပြီး ပီပီပြင်ပြင် ဇာတ်ပို့သရုပ်ဆောင်လုပ်နိုင်သည်ကိုတွေ့ရ၏။

"မင်းက ဘယ်ဆိုးလို့လဲ ပေကလပ်"

"ဆရာ့ တပည့်ပဲ ဒီလောက်တော့ ဖြစ်ပါတယ်။ ဆရာကြိုက်တယ်မို့လား။ ဆရာကြိုက်ဖို့အရေးကြီးတယ် ဒါပဲလေ ဆရာကောင်း တပည့်၊ ပန်းကောင်းပန် ဆိုတာ ဟဲ··ဟဲ··"

မျက်စိ ပေကလပ် ပေကလပ်ဖြင့် သည့်နယ်လည်း၊ ပြန်၍ ပြောတတ် ဆိုတတ်လေသည်။

တော်တော်လေး ဉာဏ်ပြေးသော ပေကလပ်ပေ၊ သူ့ကို ကျွန်တော် စတွေ့စဥ်တုန်းက တော်တော်လေး ဉာဏ်တုံးလိမ့်မည်ဟုထင်သည်။ ပေစုတ်စုတ်၊ ညှင်းသိုးသိုး နေတတ်သည်။ ကျွန်တော့ ရိုက်ကွင်းတစ်ခုသို့ သူရောက်လာသည်။ ကျွန်တော်ကတော့ အမှတ်မထားမိ။

ကျွန်တော့် ခြေသလုံးသား နှိပ်ပေးသည်။ ကျွန်တော်မှာက ရိုက်ချက်နှင့် ဇာတ်ထဲ အာရုံကျနေသောကြောင့် ကျွန်တော် သူ့ကို သတိအမှတ်မထားမိ၊ ထို့နောက် ပခုံးနှင့် လက်မောင်းတို့ကို ဆက်နှိပ်သည်။ ကျွန်တော် သတိမပြုမိ၊ မောင်ငယ်နှိပ်ပေးနေသည်ဟုကျွန်တော် ထင်သည်။ မောင်ငယ်ကား လူရှင်တော် တစ်ယောက်ဖြစ်သည်။ ကျွန်တော်ရိုက်သော ဇာတ်ကားတိုင်းမှာ သူ ပါတတ်သောကြောင့် မောင်ငယ် နှိပ်နယ်ပေးနေသည်ဟု စိတ်ကထင်ပြီး သူ့ကို သတိမပြုမိ။

ရိုက်ချက် တစ်ကပ်ပြီးမှ သူ့ကို မြင်၍···

"ဟဲ မင်းက ဘယ်သူတုံး" ဟု သတိတရမေးဖြစ်၏။

"ကျွန်တော် မောင်အေးသောင်းပါ ဆရာ" ဟု သူပြောရင်း···

"ကျွန်တော် ရုပ်ရှင်ကို ဝါသနာပါလွန်းလို့ပါ ဆရာ၊ ဆရာဘာခိုင်းခိုင်း ကျွန်တော် လုပ်ပေးပါ့မယ် ထမင်းတစ်လုပ် ရေတစ်မှုတ်လောက် တိုက်ကျွေးရင်လဲ ဖြစ်ပါတယ် ဆရာ" ဟု ဆို၍ ဆက်နှိပ်နေသဖြင့်···

"တော်ပါပြီ မောင်အေးသောင်း ထထ" ဟု ကျွန်တော်က အားနာ ပါးနာဖြင့်တားလိုက်ရ၏။

သည်နောက်တော့ ကျွန်တော် အနေဖြင့် ခပ်တိုတို ခပ်တုတ်တုတ်ပြောရလျှင် ထို့နောက်ပိုင်းတွင်မူ "ပေကလပ်"တစ်ယောက် ကျွန်တော်၏ တပည့် ဖြစ်သွားလေတော့၏။

◆ ◆ ◆

ပေကလပ်တစ်ယောက် ကျွန်တော့် ဘဝထဲက ထွက်ခွာသွားတာကြာပြီ။ ကျွန်တော့်ဘဝထဲက ထွက်ခွာသွားသည် ဆို၍ ပေကလပ်တစ်ယောက် သေဆုံးသွားပြီဟုတော့ မထင်လိုက်ပါနှင့်။ ကျွန်တော် ရုပ်ရှင် အရိုက်ကျဲသွား၍ ကျွန်တော့်ကို ခွင့်တောင်းကာ သူ အလုပ်သစ်ရှာရန် နှုတ်ဆက်ထွက်ခွာသွားခြင်းဖြစ်သည်။

ထိုနောက်ပိုင်း ကာလအတန်ကြာစွာ သူနှင့်မတွေ့ဖြစ်တော့။ (၁၀)နှစ်တာကာလသည် ဘဝကစ်ခုအတွက် လျှပ်ရှားရန်းကန်ရင်း ကုန်မှန်းမသိ ကုန်လွန်သွားသော်လည်း ပြောင်းလဲခြင်းများစွာတို့သည်လည်း ကျွန်တော့်ဘဝထဲတွင် အသစ်အဆန်းတို့ ဝင်ရောက်နေရာယူလာကြ၏။

မှတ်မှတ်ရရ ကျွန်တော် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အား/ကာကော်မတီဠ ဥက္ကဋ္ဌအဖြစ် ဘောလုံးပွဲနှင့် ဖျော်ဖြေရေးကို ကျွန်တော်တာဝန်ယူစဥ် ကျွန်တော့်ဇာတိမြို့ဖြစ်သော ဖြူးမြို့သို့ ရုပ်ရှင်မင်းသား/မင်းသမီးများနှင့် လွှတ်လပ်ရေး ဖျော်ဖြေရေးနှင့် ဘောလုံးပွဲသို့ သွားရောက်စဥ် မမျှော်လင့်ပဲ ကျွန်တော် ပေကလပ်နှင့် ထပ်မံတွေ့ဆုံခြင်းဖြစ်သည်။

"ဆရာ···ကျွန်တော့်ကို မမှတ်မိဘူးလား။ ဆရာ့တပည့် ပေကလပ်လေ"

လက်အုပ်ကလေးချီ၍ ကျွန်တော့်ရှေ့မှာ သူရပ်၍ နှုတ်ဆက်သည်။

"ယော့ကောင် ပေကလပ် မင်းဘယ်ပျောက်နေတာလဲကွာ သတင်းလဲမကြား။ လူလဲပျောက်နဲ့ကွာ၊ မင်း အခြေအနေ ကောင်းတယ်မို့လား"

ကျွန်တော့် သူ့မျက်နှာကြည့်ရတာ သိပ်မကောင်းလှပေ"

"ကျွန်တော် ဇာတ်နဲ့လိုက်ရင်း နယ်မှာ အိမ်ထောင်ကျခဲ့တယ် ဆရာ၊



www.burmeseclassic.com

www.burmeseclassic.com

သားလေးတစ်ယောက် ထွန်းကားတယ်။ ခု သားအသက် (၇)နှစ်ရှိပြီ"ဟု သူပြောသည်၊ သံစဉ်မလှသလို သူ့ရုပ်အဆင်းလည်း အရင်ကလို အလန်းအဆန်း မဟုတ်တော့ ခပ်နွမ်းနွမ်း သူ့မျက်နှာ ဖေါ်သွပ်သွပ်နှင့် မွဲခြောက်ခြောက် သဏ္ဌာန်ရှိနေသည်။ သူ့သားလေးက သူ့ဖအေ ပေကာလပ် လက်ကို ကိုင်ဆွဲထားသည်။

"မင်းကြည့်ရတာ ကျန်းမာရေး မကောင်းသလိုပဲ ပေကာလပ် မင်းနေကော ကောင်းရဲ့လား"

"ကောင်းပါတယ် ဆရာ၊ ဆရာ ကျွန်တော့်အကြောင်း ဆက်မမေးတော့ဘူးလား" ဟု သူမေးသည်။

"ဪ အေး မင်းပြောမှပဲ မင်းတို့ မိသားစု ဘယ်မှာနေကြလဲ၊ မင်းဇာတ်နဲ့ကော အဆင်ပြေရဲ့လား" ဟု သူ့အခြေအနေကို ကျွန်တော် အကဲခတ်၍ မေးလိုက်တယ်။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်တော့်မိန်းမ ဆုံးသွားတယ် . . . ကျွန်တော်တို့ သားအဖ အခု တောင်ဥက္ကလာ၊ မြင်သာမှာနေပါတယ်။ အလုပ်ကတော့ ဇာတ်အလုပ်ပဲပေါ့ ဆရာရယ်" ဟု ကျွန်တော်မေးခဲ့သမျှ သူအကုန်ဖြေသည်။

မိန်းမ ဆုံးသွားပြီဆို၍ ကျွန်တော့် စိတ်မကောင်းဖြစ်မိ၏။

"ဪ မင်းက အနုပညာကို ဆက်ခံနေတုန်းပဲကိုး၊ ကောင်းပါတယ်။ ပေကာလပ်ရေ အနုပညာဆိုတာပြည်သူ ခွန်အား တစ်ရပ်ပဲကွ၊ ပြည်သူတွေနဲ့ ကင်းလို့မရတဲ့ လုပ်ငန်းတစ်ခုပဲကွ"

"ကျွန်တော် မှတ်မိနေတုန်းပဲဆရာ၊ ဆရာ့ ကျေးဇူးကိုလည်း ကျွန်တော် တစ်သက် မမေ့ပါဘူး"

"အေး . . ခင်ပွန်းကြီး (၁၀)ပါး ဆိုတာကိုတော့ မေ့ကောင်းတဲ့အရာ မဟုတ်ဘူး ပေကာလပ်"

"ဟုတ်ပါတယ် ဆရာ ကျွန်တော့် ရင်ထဲမှာ စွဲနေတာက ဆရာ့ဖေဖေ ဒါရိုက်တာကြီး ဦးသန်းကျော်ဌေး ဟို အလုပ်သမားနေ့ မြင်းကွင်းမှာ ကခဲ့တဲ့ "ကီသာဂေါတမီ" ဇာတ်ပါဆရာ။ အဲဒီဇာတ်မှာက အကယ်ဒမီရုပ်ရှင်မင်းသမီးကြီးဝါဝါဝင်းရွှေရဲ့ သရုပ်ဆောင်မှုတွေ ရယ်၊ နောက်ပြီး ဆရာကိုယ်တိုင် ရေးစပ်ညွှန်းဖွဲ့ပြီး ဒါရိုက်တာ လုပ်ခဲ့တဲ့ "ဂီတရှုနဲ့ ဆေးမီးပုံး" ပြဇာတ်ရယ်၊ အဲဒီ အနုပညာတွေ ကျွန်တော့်ရင်ထဲမှာ ပင်လယ်ကြီးတစ်ခင်းလိုမမေ့မပျောက်ပဲ ပြည့်နေအောင် အခုထိ ခံစားနေရတုန်းပါပဲဆရာ . . ."

"အဲဒါပဲ ပေကာလပ် အနုပညာဆိုတာ အဲဒါပဲ လူဆယ်ယောက်ကို သတ်လို့ လွယ်ပေမယ့် အနုပညာတစ်ရပ်ကို သတ်ဖို့က မလွယ်ဘူးကွ၊ အမြဲတမ်း အသက်မကြီးပဲ၊ မအိုပဲ ဘယ်တော့မှလဲ မသေဘူး။ အမြဲတမ်း နုပျိုလန်းဆန်းနေလို့ အနုပညာလို့ ခေါ်တာ ပေကာလပ်ရ မင်းပဲ ကြည့်လေ . . . ရုပ်ရှင်လောကကနေ ဇာတ်ထဲကူးသွားတာ နနေလို့ပေါ့ကွ၊ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ ဇာတ်ပဲဖြစ်ဖြစ်၊ ဂီတပဲဖြစ်ဖြစ်၊ ရင်ဘတ်ထဲက အင်အားနဲ့ ဖြည့်ဆည်းရတဲ့ အလုပ်တိုင်းဟာ အနုပညာအလုပ်ပဲ ပေကာလပ်"

"ဟုတ်ပါတယ်ဆရာ . . ကျွန်တော် ယုံကြည်ပါတယ်၊ လက်လဲလက်ခံပါတယ်။ နောက်ပြီး ဆရာ့လက်တွက်ဆိုတော့ ကျွန်တော့်ရင်ဘတ်ထဲမှာ ဆရာ ထည့်ပေးလိုက်တဲ့ အနုပညာခွန်အားတွေ အခုထိ ပြည့်ဆဲ၊ လျှံဆဲ၊ ရှင်သန်နေဆဲပါဆရာ . . ဪ . . ဆရာ့ကို တောင်းပန်စရာတစ်ခုရှိတယ်၊ ဆရာနဲ့ မတွေ့မိ မဆုံမိလို့ ဆရာ့ကိုခွင့်မတောင်းပဲ ဆရာ့ဇာတ်ကို ကျွန်တော်ကခဲ့တယ် ဆရာ၊ ဒီညလဲ အဲဒီဇာတ်ကိုပဲ ဆက်ကဖို့ ကျွန်တော် ဇာတ်တိုက်ထားပြီးပြီ ဆရာ ခွင့်ပြုပါနော်ဆရာ"

"ဘာ ဇာတ်တုန်းကွ"

"ဆရာ မေဒေး မြင်းကွင်းမှာကတဲ့ ဂီတရှုနဲ့ ဆေးမီးပုံး"

"ဪ အေး . . အေး . . ကနိုင်က ပေါ့ကွာ၊ ငါတောင် ခပ်မေ့မေ့တော့ဖြစ်နေပြီ . ."

ကျွန်တော်က မမေ့ဘူးဆရာ အိုက်တင်ရော၊ စကားလုံးတွေရော ဓါသည်မရွေ့ မှတ်မိနေတာ ဆရာရဲ့ ဒီည ဆရာလာကြည့်ပါ၊ ဆရာ့တပည့် ပေကာလပ် ဘာတွေ လုပ်ပြထားတယ် ဆိုတာ ဆရာ့ကိုပြချင်တယ်၊ ဒီ ညက နောက်ဆုံးည။ နောက်ညဆို မကတော့ဘူး ဆရာရဲ့ . ."

သူ အားပါးတရ တက်ကြွစွာ ပြောပြီး သူ့သားဖက်လှည့်၍ . . .

"သားလေး ပတ်ကလေ၊ ဒီ ဆရာက ဖေဖေရဲ့ဆရာ၊ သားလေး ဆရာ့ကို ကန်တော့လိုက်၊ ဆရာ့ကို ကန်တော့လိုက်" ဟုဆိုကာ ကန်တော့ခိုင်းသဖြင့် သူ့သား ကျွန်တော့်ကို ကန်



www.burmeseclassic.com

www.burmeseclassic.com

တော့သည်၊ ကျွန်တော်က ငွေတစ်ထောင်တန်သုံးရွက် ထုတ်၍ပေးရင်း-

"ဘာလဲကွ မင်းသားနာမည်က ပတ်ကလေ ဆိုတာ" ဟုကျွန်တော်မေးလိုက်၏။

"ခြော် . . အဲဒါက ဒီလိုဆရာ ကျွန်တော်က ဆရာ့ကို လေးစားလို့ ကျွန်တော့်သားလေးနာမည်ကို "ပတ်ကလေ"လို့ပေးခဲ့တာ ဆရာ ကျွန်တော့်ကို နာမည်ပေးခဲ့သလို ဖအေ ပေကလပ်သား ပတ်ကလေ ဆင်အောင်လို့ပါ ဆရာ"

"ကျလဲ ကျပါ့ ပေကလပ်ရာ မင်းတို့ဟာက ရီစရာတွေဖြစ်နေပြီ"

"သူများတွေအဖို့တော့ ရီစရာဖြစ်ကောင်းဖြစ်မယ်ဆရာ၊ ဆရာနဲ့ပတ်သက်တဲ့ ကျွန်တော်တို့ဘဝမှာတော့ ရီစရာ တစ်စက်မှ မပါဘူး။ ရှိသေလေးမြတ်ခြင်းနဲ့ တန်ဖိုးကလွဲပြီး တခြားဘာမှ မရှိပါဘူးဆရာ၊ ကျွန်တော်တို့ သားအဖဟာ၊ ဆရာ့ရဲ့ အနုပညာ အမွေခံသားနဲ့မြေးပါ ဆရာရယ်"

"ပေကလပ် စကားရပ်တွေက ကျွန်တော့်ရင်ဘတ်ကို ပြင်းစွာ လာထိခတ်လေသည်။

ဒီ အမွေတွေက အဖေပေးတာလဲ မဟုတ်ဘူး။ အမေပေးတာလဲ မဟုတ်ဘူး ဆရာပေးခဲ့တဲ့ အမွေတွေပါဆရာ . . ဆရာအမွေနဲ့ ကျွန်တော် သေတဲ့အထိ လုပ်စားသွားမှာပါ ဆရာရယ်"ဟုဆိုကာ ကျွန်တော့်ကို လက်အုပ်ချီ၍ ထိုင်ကန်တော့ပြန်၏၊ ပတ်ဝန်းကျင်ရှိလူတွေ ကျွန်တော်တို့ကို အထူးအဆန်းဖြစ်ကာ ဝိုင်းကြည့်နေကြ၏။ လူအုပ်ထဲက တစ်ယောက်က "ပြဇာတ်ရေးဆရာကြီး ဦးပေကလပ် မဟုတ်လား" ဟု မေးသံကိုကြားလိုက်ရ၏။

ထို့နောက် ပေကလပ်တို့သားအဖက "ဆရာ ဆက်ဆက် လာကြည့်နော်" ဟုဆိုကာ နှုတ်ဆက်၍ထွက်သွားကြလေ၏။

◆ ◆ ◆

ပေကလပ်တို့ဇာတ်ကို ကျွန်မတော် သွားရောက်ကြည့်ဖြစ်၏။ ဇာတ်ကနေဆဲမှာပင် ပုလင်းတစ်လုံးနှင့် ပေကလပ်။ ဇာတ်စင်ရဲ့ တိုင်ဖုံးအကွယ်မှာ ရှိနေ၏။ သူ့သားပတ်ကလေသည်အနားမှာရှိသည်။

"ဖေဖေ . . သိပ်မသောက်နဲ့တော့နော်၊ ဟိုမှာ ဇာတ်ကနေတယ်၊ မင်းသားဦးဦးက ဖေဖေ့ကို ကြည့်နေတယ် ဘာမေးမလို့လဲ မသိဘူး . . ."

"ဝေါ့" "ဝေါ့"

သူ့သား ပတ်ကလေ စကားအဆုံးမှာ ဝေါခနဲ ပေကလပ်တစ်ယောက် အန်ထုတ်လိုက်တာ ကျွန်တော်မြင်လိုက်၏။ ကျွန်တော့် မျက်ဝန်းအစုံကို သွေးတွေနဲ့ ပက်ဖြန်းလိုက်သလို ပူခနဲ ကျွန်တော်ခံစားလိုက်ရသည်။ပေကလပ် သွေးတွေအန်နေမှန်း ကျွန်တော်သိလိုက်ရ၏၊ ပေကလပ် တိုင်ဖုံးကြားမှာ တဖြည်းဖြည်း မှောက်လဲကျသွားကာ ထပ်၍မြင်လိုက်ရပြန်၏။ ကျွန်တော် အပြေးကလေး ရောက်သွားချိန်မှာတော့ ပေကလပ် သွေးသုံးကြိမ် အန်ခဲ့ပြီးပြီ။ သူ မဟာန်နိုင်တော့မှန်းသိ၍ ကျွန်တော် ပွေ့ထားလိုက်သည်။

"ဆရာ . . ဆရာ . ."

"ပေကလပ် . . ပေကလပ် . ."

သူ့ အသံတွေက တိမ်ဝင်သွား၏။ အသံအနေဖြင့်ကား သူ့ပါးစပ်မှ ဆက်မထွက်လာတော့။ သူ့ နှုတ်ခမ်းအစုံကမူ ကျွန်တော့်ကိုကြည့်ပြီး တစ်စုံ တစ်ခုကို ပြောနေဟန်ဖြင့် လှုပ်ခတ်နေသည်။

ပေကလပ် သူ့သားလေးရဲ့လက်ကို ကိုင်၍ ကျွန်တော့်လက်နှင့်ဆက်ပေးလိုက်ပြီး ပေကလပ်တစ်ယောက် လုံးဝ ငြိမ်သက်သွား၏။ လှုပ်ခတ်နေသော သူ့ နှုတ်ခမ်းအစုံတို့သည်လည်း ငြိမ်သက်စွာရပ်ဆိုင်းသွား၏။ သူ့မျက်စိ အစုံတို့သည်လည်း ပိတ်၍သွား၏။ တစ်ကိုယ်လုံး ငြိမ်သက်သွားသလို သူ့နောက်ဆုံးစကားများက ကျွန်တော်၏ နားစည်အကြား၌ ပဲ့တင်သကဲ့သို့ ကြားနေမိ၏။

"ဒီ အမွေတွေက ဖေဖေပေးခဲ့တာလဲမဟုတ်ဘူး။ မေမေ ပေးခဲ့တာလဲ မဟုတ်ဘူး။ ဆရာ ပေးခဲ့တဲ့ အမွေတွေပါဆရာ" ဆရာ့ အမွေနဲ့ ကျွန်တော် သေတဲ့အထိ လုပ်စားသွားမှာပါ ဆရာရယ်" ဟူသော သူသွားခါနီး ကျွန်တော့်ကိုနှုတ်ဆက်သွားသော စကားဖြစ်သည်။

နိမိတ်ပြ စကားလားတော့မသိ၊
ကျွန်တော့် ရင်ထဲမှာတော့ . . .

"မိုးတွေ ညို့နေသည် . . ."

ဒါရိုက်တာ မျိုးဇော်အောင်

www.burmeseclassic.com

# မြွေကို မွေးရန်၊ စားရန်၊ ဆေးဖော်ရန်နှင့် ဖက်ရှင်ဒီဇိုင်းလုပ်ရန် ဝယ်ကြသည်

မြသိန်း



တွားသွားသတ္တဝါများစာရင်းဝင် မြွေများကို ယနေ့ခေတ်လူတို့သည် ရှေးအထက် ပို၍ စိတ်ဝင်စားလာကြ၏။ အိမ်များ ခြံများထဲတွင် မွေးရန်၊ အသားကို စားရန်၊ တိုင်းရင်းဆေးဝါးများ ဖော်စပ်ရန်၊ မြွေအရေခွံဖြင့် ဖိနပ်၊ ခါးပတ်၊ အိတ်အမျိုးမျိုး ပြုလုပ်ရန်အတွက် ဝယ်ကြ၏။

၂၀၁၃၊ ဇန်နဝါရီလထဲတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာလေဆိပ်၌ မြွေဟောက်သည်းခြေ လေးသောင်းကျော်၊ မြွေဟောက် ၃၂၀၀၀ နီးပါးကို ဖမ်းဆီးရမိခဲ့၏။ ၂၀၁၂ တွင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံခန့်ရှိသည့် စပါးကြီး၊ စပါးအုံးမြွေအရေခွံ ငါးသိန်းခန့်ကို အရှေ့တောင်အာရှနိုင်ငံများမှ နှစ်စဉ်မှောင်ခိုထုတ်ရောင်းနေသည်ဟု ၂၀၁၂၊ နိုဝင်ဘာလ၌ ဂျာကာတာမြို့မှ သတင်းဌာနတစ်ခုက သတင်းထုတ်ပြန်ခဲ့သည်။ (အင်ဒိုနီးရှားရှိ ကျွန်းများပေါ်တွင် တောထူထပ်သောကြောင့် မြွေများများစွာ ခိုအောင်းနိုင်၏။)

မြွေအပါအဝင် တွားသွားသတ္တဝါများကို လူတို့စားသုံးလာမှုသည်လည်း ပိုများလာ၏။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးလာသော အာရှနိုင်ငံများသည် တွားသွားသတ္တဝါများ၏ အသားများကို ပိုစားလာကြ၏။

လိပ်သားများစားမှု များလာသောကြောင့် လိပ်ကောင်ရေများ လျော့နည်းလာသလို တွားသွားသတ္တဝါများ၏ ကောင်ရေမှာလည်း နည်းလာနေပြီဟု သဘာဝတောရိုင်းထိန်းသိမ်းရေးအဖွဲ့ဝင်များက ပြောနေကြ၏။

စပါးအုံးမြွေများတွင် အင်ဒိုနီးရှားကျွန်းများပေါ်၌ အများဆုံးတွေ့ရသော အစိမ်းရောင် သစ်ပင်စပါးအုံးသည် လူကို ဒုက္ခမပေးသောကြောင့် အဝယ်လိုက်နေရာ ၎င်းမြွေမျိုးတုံးရန် နီးကပ်လာပြီဟု ပြောကြသည်။

မှောင်ခိုအရောင်းအဝယ်လောကတွင် စပါးကြီး၊ စပါးအုံးမြွေများ၊ ငန်းမြွေများ၊ မြွေဟောက်များသည် အများဆုံး အရောင်းအဝယ် ဖြစ်နေ၏။

၂၀၁၁ တွင် မလေးရှားနိုင်ငံမှ မြွေအရှင် ၄၀ ကောင်၊ မြွေအရေခွံ သုံးသောင်းနီးပါး၊ မြွေသား ၁၂,၅၀၈ ကီလိုဂရမ်တို့ကို တင်ပို့ရောင်းချခဲ့သည်ဟု သတင်းတစ်ပုဒ်၌ ဖော်ပြထား၏။






ဒီဇိုင်းပုံစံအနေဖြင့် တစ်မူထူးခြားသော မြွေအရေခွံများကို ဥရောပတိုက်သားများ၊ အထူးသဖြင့် အမျိုးသမီးများသည် နှစ်သက်ကြ၏။

လူကြိုက်များသော စပါးကြီးနှင့် စပါးအုံးမြွေအရေခွံများကို မလေးရှားနှင့် အင်ဒိုနီးရှားမှ အများဆုံးရ၏။ မြွေအရေခွံ ဈေးကောင်းရသောကြောင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် စပါးကြီး၊ စပါးအုံးမြွေများကို မွေးမြူခြင်းလုပ်ငန်းသည် ကြီးထွားလာနေ၏။

မြွေအရေခွံများကို အများဆုံးတင်ပို့ရောင်းချနေသော နိုင်ငံမှာ အင်ဒိုနီးရှားဖြစ်သည်။ မလေးရှားက ဒုတိယလိုက်၏။ လောနိုင်ငံသည် မြွေအရေခွံအရောင်းလုပ်ငန်းထဲသို့ ဝင်စပြုလာ၏။ ၂၀၀၉ ၌ လောသည် မြွေအရေခွံ ၅၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၁၀ တွင် အရေခွံ ၂၀,၀၀၁ အထိ တင်ပို့ရောင်းချခဲ့၏။ (လောတွင် မြွေမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လာ၏။)


မြသိန်း

*Star. 29-1-2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(၁)

ရှမ်းဘာသာစကားဖြင့် မန်မော်သည် ရွှေလျားလာမှုကြောင့် မန်မော်အစား ဗန်းမော်ဟု အမည်တွင်ခဲ့၏။ မန်မော်ဆိုသည်မှာ ရှမ်းဘာသာဖြင့် "အိုးလုပ်သောရွာ" ဟု အဓိပ္ပါယ်ရ၏။ သို့သော် ဗန်းမော်မြို့တွင် အိုးလုပ်သူတို့ လုံးဝမရှိတော့၊ ရွှေကူမြို့မှာသာ ယနေ့တိုင်အိုးလုပ်ငန်းရှိနေဆဲပင်။

ဗန်းမော်မြို့သည် အလွန်အေးမြသော နှင်းဆောင်းမြို့ မြူခိုးဝေသော အလှအပဆုံးမြို့တစ်မြို့။ ထိုမြို့ပေါ်တွင် နေထိုင်လာကြသူများမှာ အလွန်ရိုးသားသူတို့မြို့ဟု ဆိုရပါမူ မမှားနိုင်၊ နေထိုင်သူတွေကြည့်လိုက်ကြပါ၊ အများဆုံး ရှမ်းနှင့် ကချင်၊ မြန်မာတွေ၊ တရုတ်၊ ကုလားလည်းရှိ၏။ ရှမ်းထဲတွင် ရှမ်းကြီး ရှမ်းဗမာ၊ ရှမ်းတရုတ်များ စုဝေးနေထိုင်ကြသည်သာ။ သမိုင်းအထောက်အထား ဖွင့်ဆိုရာတွင် ဗန်းမော်မြို့သည် ရှေးမြို့တော်ကြီး ဓမ္မာနဂိုရ်၏ ယှဉ်တွဲ၍ တစ်မိုင်ခန့်အကွာတွင် တည်ရှိ၏။ ယခင်က မန်မော်သည် ယခုဗန်းမော်အမည်တွင်သကဲ့သို့ ရှေးမြို့ကြီးဟု ဆိုသော ဓမ္မာနဂိုရ်ဆိုသည်မှာ ယခု စံပါရွာနှင့် နောင်ခိုရွာတစ်ဆက်တစ်စပ်တည်း တည်ရှိနေသော ကျေးရွာများသည် ယခင်ဓမ္မာနဂိုရ်ပင် ဖြစ်ပေမည်။

ထိုနောင်ခိုရွာနှင့် မင်းလှရွာတို့၏ နောက်ကျောမှာကား ယခင်တောကြီးဖြစ်ခဲ့သော်လည်း သစ်ကြီး ဝါးကြီးတော့ မရှိသလောက် ရှားသွား၏။ နီးစပ်ရာ ရွာသူ ရွာသားများ အလွယ်တကူ အိမ်အတွက် ခြံကာရန်အတွက် မြေပဲခင်းတွေကာရံနိုင်ရန် သစ်ခုတ် ဝါးခုတ်သည့်အပြင် ထိုတောထဲတွင် တောကျောင်းလေးတစ်ကျောင်းရှိ၏။ ထိုတောကျောင်းမှာဝါးကျောင်း။ နောင်ရွာသူ ရွာသားတွေကြည်ညိုကြပြီး သစ်လုံးများနှင့် ကျောင်းကြီးဆောက်လှူကြပါသော်လည်း ဆရာတော်ကား တစ်ပါးတည်းပင်သီတင်းသုံး၍ တောကျောင်းပီပီ အေးအေးလူလူရှိ၏။

တစ်ဖန် ရွာသူ ရွာသားတွေမှ တောကောင်တွေပေါသဖြင့် ကျောင်းပတ်ဝန်းကျင် ရှင်းကာ ကျောင်း၏ အကျယ်အဝန်းမှာ ပေသုံးရာပေတစ်ရာ ငါးဆယ်ခန့်ရှင်းပြီး စားသုံးပင်ဖြစ်သော လိုက်ချိုသီးခေါ် တရုတ်ဆီးသီးပင်အများဆုံးနှင့် ညောင်းပင်တွေ စိုက်ပျိုးပေးကြပြီး ထိုကျောင်းတွင် ကထိန်ခင်း၏။ ဝါတွင်းကာလသီတင်းဆောက်တည်ကြသည်။ ဆရာတော်သည် နောင်ခိုရွာထဲသို့ နေ့ဆွမ်း ဆွမ်းခံထွက်၏။ တစ်ပါးတည်း



www.burmeseclassic.com

www.burmeseclassic.com

ခွန်းစားပြီး ပိုသမျှထမင်းဟင်းတွေအား ကျောင်း၏ မြောက်ဘက်တောတောင်ထဲမှ ထွက်လာကြသည့် တောကြက်တွေ၊ တောခွေး ချေအပြင် ယခင်အခါက တောဝက်တွေပါ လာရောက်သည့်အတွက် နေ့စဉ် ကျွေးမွေးသဖြင့် ကျီးငှက်၊ ဆက်ရက်၊ စာမှအစ ငှက်မျိုးစုံ အချိန်မှန် လာရောက်စားသောက်ကြသည်သာ။

ဆရာတော်သည် တရားအားထုတ်၍ နံနက်မိုးလင်းသည်နှင့် အာရုံဆွမ်းအတွက် ရွာမှလာပို့သော ကောက်ညှင်းပေါင်း၊ ခေါပုတ်တို့နှင့် အာရုံဆွမ်းစား၏ ကျောင်းဝန်းကျင်ပြောင်လက်နေအောင် တံမြက်စည်းလှဲရင်း မေတ္တာသုတ်ရွတ်ဖတ်သရဇ္ဈာယ်ပြီး တရားထိုင်၏၊ တစ်ဖန် ဆယ်နာရီခန့် ရွာထဲဆွမ်းခံကြွ၊ နေ့ဆွမ်းစား ပိုလျှံသမျှ တိရစ္ဆာန်လေးတွေ ကျွေးမွေး၏။ သို့သော် ရွာထဲမှ ခွေးတွေ ကြောင်တွေ ခြံထဲအဝင်မခံ၊ ရွာနှင့်လည်း အနည်းငယ်ဝေး၍ လူမွေး တိရစ္ဆာန်များရောက်မလာကြ။

"ဟဲ့ ဟဲ့ တောတိရစ္ဆာန်လေးတွေ ရန်မဖြစ်ကြနဲ့လေ"

"ဩော် သူတော်ကောင်း ချေထိပ်ကွက်လေးလည်း ရောက်လာတာကိုး။ အင်း၊ ချေထိပ်ကွက်ဆိုတာ သူတော်ကောင်းလေး"

တစ်ပါးတည်း နေ့စဉ်လိုလိုပြော၏။ မေတ္တာပို့၏။ အမျှအတန်းပေးဝေ၏။ ပြီး တရားထိုင်၊ တရားအားထုတ်၊ ညဉ့်အခါဆိုပါမှ တစ်နာရီမှသာကြိမ်း၏။ လေးနာရီဆို ပြန်ထ တရားထိုင်လေသည်။

မြတ်ဗုဒ္ဓ၏ တန်ဖိုးကြီးမား သတိပေးတရား၏ "အပ္ပမာဒေန သမ္ပာဒေထ" ဆိုသည့် မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့၊ "သတ္တဝါအများ အို ချစ်သားတို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှ ခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး သခ်ါရတရားတို့သည် ဖြစ်လျှင်ပျက်သော သဘောရှိကုန်၏၊ မြဲမြံသောသတိဖြင့် သီလ သမာဓိ ပညာ တရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့" ဆိုသည့်အတိုင်း မြဲမှတ်လိုက်နာနေသော တောကျောင်းဆရာတော်။

(၂)

"ဟဲ့ . . စစ်သား၊ ဒကာနဲ့ ဒကာမတွေ တရုတ်ဆီးသီးတွေမကျွေအောင် ဂရုပြုခူးကြဟဲ့"

"မှန်ပါဘုရား"

"အရှင်ဘုရား ရောင်းရတဲ့ငွေတွေ ဘာလုပ်မှာလည်းဘုရား"

"ဟဲ့ ရတဲ့ငွေတွေ ရွာလူကြီးအပ်ရမှာပေါ့ သူတို့လာစိုက်ကြတာ"

"ရွာလူကြီးရတာပေါ့ဘုရား"

"တော်တော်လျှာရှည်တဲ့ မိချောင်းမ၊ ရွာလူကြီးတွေ ရသမျှရပြီး ကထိန်ခင်းကြတာ နင်တို့အသိပဲဟဲ့၊ ငါကငွေဆိုတာ တန်ဘိုးမသိဘူးဟဲ့၊ ငွေရတော့ ငါဘာလုပ်ရမှာလည်း။ အင်း ဆွမ်းကျန် ပ... ကျန်တွေကသာ ငါ့အတွက် ဒါနတ...
အရှိဆုံး"

"အရှင်ဘုရား၊ တစ်ခါက ချေ...
ကွက်လေးတွေ့မိပါတယ်ဘုရား"

"အင်း ချေထိပ်ကွက်ဆို...
သူတော်ကောင်းချေ၊ အကောင်...
ထောင်မှာ တစ်ကောင်မရှိဘူး၊ သ...
လည်းမကိုက်၊ လူမိုက်တွေ သတ်...
မသေဘူး"

"သတ်လို့မသေဘူး"

"အေး . . သတ်မယ်ဆို...
ပျောက်သွားတတ်တယ်၊ အဲ့ဒီရ...
လည်း တစ်ခုခုထိရဖြစ်တတ်တယ်"

"ဒါ့ကြောင့် သူတော်ကောင်း...
ဆရာတော်ပြောတာပေါ့နော်"

"ဒါပေါ့ ဒါပေါ့ တောဝက်ဆိုလ...
အနက်ပဲလေ၊ ဒါပေမဲ့ ထီးဖိုးလို့ခေါ်...
ကြီးမားတဲ့ တောဝက်ထီးကြီးတွေမှာ...
ပတ်အဖြူပတ်နေရင် မပစ်ကောင်း...
သူက ရန်လည်း မမူဘူး။ သူလ...
သူတော်ကောင်းပဲမှတ်ထား၊ မပစ်မှ...

"မှန်လှပါဘုရား"

ကျွန်တော်တို့ တနင်္ဂနွေနေ့...
မိသားစုတွေစုဝေးပြီး တရုတ်ဆီးသီး...
ပေး၏။ လုပ်အားလှူရင်း ဖိုးသည်...
မိသားစုစားဖို့အပြင် ဆရာတော်အတွ...
ပါ ဆွမ်း။ ဆွမ်းဟင်းမွှယ်မွှယ်ရာရာ...
ချက်လာသည့်အခါ ဆရာတော်...
ဆွမ်းခံမကြွပါရန် တားမြစ်မရ၊ ဆ...
တော်ကား နေ့စဉ်ပြုနေကြအတိုင်း...



www.burmeseclassic.com

www.burmeseclassic.com

အပျက်မခံ တရားထိုင်ချိန်ထိုင်၏။ ကျွန်တော်တို့ဝနီးတွေမှ တရုတ်ဆီးသီးတွေ တစ်ရာစီ စီးပြီးနောက် အားလုံးပြီးသွားလျှင် ဆရာတော်လျှောက်ပြီး အပ်ရသည်။ ဆရာတော်သည် ရွာလူကြီးခေါ်ကာ သယ်ယူရောင်းချစေပြီး ရသမျှ ရွာလူကြီးသုံးဦးမှ စနစ်တကျ ထိန်းသိမ်းကြလေ၏။ ကျွန်တော်တို့တစ်တွေအား တရုတ်ဆီးသီး အကြွေတွေပေး၏။ အခိုင်တစ်ခိုင်မျှပင် မပေး။ ငည်းကမ်းကြီးမားသလို ဆရာတော်ပြောသလို ငွေရေးကြေးရေး လုံးဝတွေးမသိသောဆရာတော်ကြီး။

ဆရာတော်ကြီး၏ သက်တော်မှာ (၇၆)နှစ်ထဲသို့ရောက်ပါပြီ။ ဆရာတော်ကြီးကျန်းမာဆဲ၊ သို့သော် အရပ်ရှည်၍ လားတော့မသိ ခါးအနည်းငယ် ကုန်းသော်လည်း ရောဂါဝေဒနာ ဘာမျှမရှိ။ ဆရာတော် ဆေးဝါးမမှီဝဲ၊ မုံဝဲသောဆေးမှာ သခော်ပင်အဖိုမှ အပွင့်အခက်ထိပ်တွင် သီးသော အဖိုသီးလက်မသာသာအသီးခူး၏။ ထိပ်ဖွင့်ပြီး နောက်ဆားသိပ်၊ ဆားပြည့်လျှင် ဖွင့်ထားသောအသီးထိပ်ပိုင်း ပြန်ကပ် ဝါးတုတ်ကလေးဖြင့် ကွာမသွားအောင် သပ်ထိုးစိုက်ပြီးနောက် မီးခံရဲရဲတွင် မီးပုတ်၏။ သခော်သီးလေး လုံးဝကျွမ်းသွားမှ ဆယ်ယူအအေးခံ နောက်အမှုန့်ဖြစ်အောင် ဆရာတော်၏ သံဆုံလေးဖြင့်ကာ၊ ပိတ်စကလေးဖြင့် သေသေချာချာ ဟိုက်ချ ထိုအမှုန့်လေးတွေအား ဖန်ပုလင်းဖြင့်ထည့် အလုံပိတ်၍ ဆွမ်းစားပြီးတိုင်းမှီဝဲ၏။ ညဘက် မကြိမ်းစက်ခင်လည်းလျှက် အမြဲမှီဝဲသုံးစွဲသည်မှအပ မည်သည့်ဆေးမျှ မသုံးစွဲ၊ ဝမ်းချုပ်ခြင်း အစာမကြေခြင်းဟူ၍ တစ်ခါမျှမကြားဘူး။ သူတော်ကောင်း ဆရာတော်ကြီးကား ဗုဒ္ဓ၏ အဆုံးအမ သတိပေးတရားအတိုင်း "အပ္ပမာဒေန သမ္ပာဒေထ" အနေမြဲတ်လှသည်သာ။

(၃)

"ဆရာကျော်မင်း ဆရာကျော်မင်း"

"ဆရာရေ ဆရာ ဆရာ"

တပ်သား ကိုကြည်တင်နှင့် ဝနီးမင်းလုရွာသူ မခင်သီတို့ အပြေးအလွှားရောက်လာ၏။ မခင်သီကား မျက်ရည်များဖြင့် ငိုယိုနေသည့်အတွက် တစ်စုံတစ်ခုတော့ ဖြစ်ပြီဟုတွေးကာ အိမ်ပေါ်သို့တက်လာသည်နှင့်

"ဘာ ဘာ ဖြစ်ကြတာလည်း"

"ဆရာတော်ကြီး အသတ်ခံလိုက်ရပြီ"

"ဘယ်က ဆရာတော်လည်း ကိုကြည်တင်"

"ရော် တောကျောင်းဆရာတော်ကြီးပ ဟီး ဟီး ဟီး"

မခင်သီသည် ဆရာတော်ကြီး၏ မွေးစားသမီးဖြစ်၏။ မခင်သီ၏ ဖခင်ကြီးဒေါ်အေးစိန်မှာ ဆရာတော်ကြီးအား ကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်ကျော်ခဲ့ပေပြီ။ မခင်သီငယ်စဉ် နေမကောင်း၍ ဆရာတော်မှ ငွေတစ်မတ်ဖြင့် ဝယ်ယူပြီး ထိုငွေတစ်မတ်အား အပေါက်ဖောက်လျှက် ပရိတ်ကြိုးကို ကျစ်ကာ လည်မှာဆွဲပေးခဲ့သည့်အတွက် အသက်သခင် မွေးစားဖခင်ဟု အယူသီးကာ အလွန်ချစ်မြတ်နိုးစွာ ကိုးကွယ်ကြလေ၏။

"ဒီလို ဆရာကျော်ရေ၊ မနက်သုံးနာရီ လေးနာရီလောက်မှာ ဆရာတော်ကြီးကျောင်းဝင်းထဲဝင်ပြီး ကျောင်းပေါ်ကိုတက် ဆရာတော်ကြီးရဲ့ ဘုရားခန်းထဲအရောက် ဆရာတော်ကြီးထံက တရုတ်ဆီးသီးရောင်းရငွေတွေ တောင်းတယ်။ မရှိဘူးပြောတော့ ဆရာတော်ကြီးကို ကြေးစည်ထုတဲ့ ဘုကြီးနဲ့ထုသတ်တယ်တဲ့"

"ဟင် ဘယ်လိုသိတာလည်း သတ်တဲ့သူကော မိသလား"

"ဘယ်မိမလဲ ဆရာတော်ကြီးသေပြီဆိုပြီး ထားခဲ့တာ ရွာကလူကြီး နွားနို့ခံခေါ်မှပ်သွားမှ့သိရတယ်။ ဆရာတော်ကြီးပြောပြပြီး ခြောက်နာရီလောက်မှာ ဆုံးသွားတယ်"

"ဟူး‥ရက်စက်လိုက်ကြတာဗျာ၊ ဆရာတော်ကြီးထံမှ ဘာငွေမှမရှိတာပဲ တောက် တွေ့လို့ကတော့ဗျာ"

ကျွန်တော် ဒေါသထွက်မိသလို မောဟတွေပါလာပြီး ထိုလူသတ်ကောင်အား အစိမ်းလိုက်ဝါးစားချင်ပါဘိ၊ သနားစရာကောင်းသောဆရာတော်ကြီးအတွက် ကြိတ်မနိုင်ခဲမရဖြစ်ရသလို ဆရာတော်ကြီး၏ ဘဝအကျိုးပေးမကောင်းမှု တွေး



www.burmeseclassic.com

www.burmeseclassic.com

မိသလို၊ ရဟန္တာမထေရ်မြတ်ကြီး ဖြစ်ခဲ့သောရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးပင်လျှင် ဘဝဝဋ်ကြွေးကြောင့် ခိုးသားတွေ ရိုက်ပုတ်ခြင်းခံရဘူးသည်ကို အတွေးက ပြေးရောက်သွား၏။

တစ်ဖန် ကျွန်တော်၏ဖခင်သည် ဗုဒ္ဓ၏ ဓမ္မစကားတရားတွေ အမြဲဖတ်၏။ မှတ်၏။ပြန်လည်သွန်သင်ဆုံးမလမ်းညွှန်ပြသည့်အပြင် ဖခင်ကြီးလည်းထုတ်၏။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတွေလည်းမှတ်သားစေသည့် စကားပြန်ကြားမိပါသည်။

ဓမ္မပဒဗာလဝဂ်-၂၃တွင် စောင့်ကြည့်ပါဆိုသည့် အဆုံးအမထဲ၌ ဖော်ပြထားသော စာပိုဒ်ကလေးနှစ်ကြောင်းကို ပြော၍ သတိရမိပြန်ပါသည်။

* မကောင်းမှုကား အကျိုးမပေးသမျှ လူမိုက်သည် မကောင်းမှုကို ပျားရည်ကဲ့သို့ ချိုသည်ဟုမှတ်၏။

* အချိန်တန်၍ မကောင်းမှု အကျိုးပေးလာသောအခါ၌ကား လူမိုက်သည် လွတ်လမ်းမရှိ ဆင်းရဲဒုက္ခအထိ ရောက်ရလေသည်။

"ဟူး ကိုကြည်တင်နဲ့ မခင်သီရေ လူယုတ်မာဟာ လူသားအချင်းချင်း သတ်ဖြတ်တာတဲ့၊ အဝါရောင်သင်္ကန်းဆင်မြန်းပြီး ဗုဒ္ဓသားတော်၊ တရားဓမ္မနဲ့ သီလဆောက်တည်သူကိုမှ ရက်စက်သူဟာ မတွေးရဲစရာပဲဗျာ ခံရမှာသေချာပြီ"

"ရက်စက်လိုက်တာ ဆရာကျော်ရယ်"

"ကျွန်တော်တို့ ကျောင်းကိုသွားကြရအောင်ဗျာ"

———• • •

*ဆရာတော်ကြီးကား ပျံလွန်တော်မူသွားပါပြီ၊*

*ရက်စက်ယုတ်မာသော တရားခံကား*

*ဖော်ထုတ်၍မရ၊ အကြောင်းမှာပြစ်မှုကျူးလွန်*

*သူသည် တစ်ဦးတစ်ယောက်တည်းဖြစ်ပြီး*

*နယ်မြေခံ ဗန်းမော်သူ၊ ဗန်းမော်သားဖြစ်နိုင်၊*

*ဗန်းမော်မြို့နယ်အတွင်း*

*ကျေးရွာအသီးသီးတို့တွင် နေထိုင်ကြသူများသည်*

*လူဆိုး လူမိုက် စရိုက်စုံကြ၏ . . .*

• • •———

ကျွန်တော်တို့တစ်တွေ ကျောင်းရောက်တော့ ရဲတွေ စစ်ဆေးမှုပြုပြီး ကြောင်း၊ ရွာလူကြီးတွေနှင့်အတူ ဆရာတော်ကြီးများ၏ မေတ္တာရပ်ခံချက်ဖြင့် ထိုတောရကျောင်း၏ အရှေ့ဘက်တောင်စောင်း ဆရာတော်ကြီးမှတောတိရစ္ဆာန်လေးတွေ အစားကျွေးစဉ် ပြေးဆင်းလာသည့် တောင်ကုန်းမို့မို့လေးကွင်းပြင် မီးသင်္ဂြိုလ်လိုက်ပါသည်။

ဆရာတော်ကြီးကား ပျံလွန်တော်မူသွားပါပြီ၊ ရက်စက်ယုတ်မာသော တရားခံကား ဖော်ထုတ်၍မရ၊အကြောင်းမှာပြစ်မှုကျူးလွန်သူသည် တစ်ဦးတစ်ယောက်တည်းဖြစ်ပြီး နယ်မြေခံ ဗန်းမော်သူ ဗန်းမော်သားမဖြစ်နိုင်၊ ဗန်းမော်မြို့နယ်အတွင်း ကျေးရွာအသီးသီးတို့တွင် နေထိုင်ကြသော လူဆိုး လူမိုက် စရိုက်စုံကြ၏။ ထောင်ထွက် သူခိုး ဓားပြ ဘိန်းစား၊ အရက်သမား၊ ဖဲသမားတွေကား မြို့စည်ကားမှုအပေါ် မှီခိုတွယ်ကပ်နေကြ၏။ ဗန်းမော်သူ ဗန်းမော်သားများမှာကား စောစောက ရေးသားသကဲ့သို့ အလွန်ရိုးကြ၊ အေးကြ၊ ဓားပြ သူခိုး လူဆိုးမရှိသလောက်ပင်။ တစ်ဖန် ဘာသာရေးလည်း ကိုင်းရှိုင်းကြလေ၏။ ပြစ်မှားကြမည်ဟု ကျွန်တော်မထင်မိ၊ တရားခံအား ဆရာတော်ကြီး မိန့်ကြားခဲ့သည်မှာ တစ်ဦးတစ်ယောက်တည်းဟုလည်း ပြောပြခဲ့လေသည်။

ရိုးသားလွန်းသော နောင်ခိုရွာသားများ၊ မင်းလှရွာသူ ရွာသားတွေ ဂို



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝင်းအတွင်းသို့ လုံးဝမသွားရဲကြတော့၊ ကောလဟာလတွေ ထွက်လာကြသည်။

"ကျောင်းဝင်းထဲမှာ ဆရာတော်ကြီး တံမြက်စည်းလှဲနေကြောင်း"

"ဆရာတော်ကြီး၏ ကြေးစည်သံ နံနက်တိုင်း ကြားရကြောင်း"

"ဆွမ်းစားပြီးချိန်ခန့်တွင် တောထဲမှ တိရစ္ဆာန်လေးတွေ ရောက်လာသည်တွင် ဆရာတော်ကြီးမှ ဆွမ်းကျန် ဟင်းကျန်တွေကျွေးမွေးနေကြောင်း စသည် စသည် သတင်းများကြားရ၏။ ကျွန်တော်နှင့် ကိုကြည်တင်တို့ကမထင်၊ ဆရာတော်ကြီး၏သမီး ကိုကြည်တင်၏ဇနီးတို့ မိသားစုကတော့ ကျောင်းဝင်းထဲတွင် ဆရာတော်ကြီးရှိနေကြောင်း တွင်တွင်ပြောကြ၏။ သူတို့သွားမကြည့်ရဲသော်လည်း အိပ်မက်တွေပေးကြောင်းစုံနေ၏။

"ကိုကြည်တင် မခင်သီတို့ သူ့အမေတို့ကတော့ အစွဲအလန်းကြီးနေကြပြီဗျ"

"ဟုတ်တယ်၊ ရွာထဲမှာလည်း အဲ့ဒီသတင်းတွေ ပျံ့နေလေရဲ့ဗျာ"

"အင်း သူတို့ပြောသလိုဆိုရင် သူတော်ကောင်းဆရာတော်ကြီးဟာ မကျွတ်မလွတ်ပဲ၊ ဟိုဗျာ မကောင်းဆိုးဝါး တစ္ဆေသူရဲ ဖြစ်နေသလိုလိုပေါ့"

"ဟုတ်တယ် ကျွန်တော် အသိကို ပြောတယ်၊ ကိုယ်လည်း မမြင်မတွေ့ရဘူး။ သူများပြောသလို လျှောက်ပြောနေရင် တရားမရှိတဲ့ဆရာတော်၊ ကျောင်းမက်တဲ့ဆရာတော် သရဲဖြစ်မှာပေါ့လို့ ပြောတော့ ဒေါသထွက်တယ်၊ ဒါကြောင့် အသိရယ် ဆရာတော်ကြီးအတွက် ဒါန သီလတွေသာ ပွားပါကွာလို့ပြောရတယ်"

"ကျွန်တော် ကြားတာကတော့ ရွာလူကြီးသုံးယောက် မနက်စောစော ကျောင်းဘက်သွားပြီး လေ့လာကြတယ်၊ ကျောင်းဝင်းထဲမှာ တံမြက်စည်းလှဲသံကို သေသေချာချာကြားရပြီး ဘာမှတော့ မတွေ့ရဘူးတဲ့"

"ဟုတ်တယ်၊ ကြားတယ်ဆရာကျော်"

"တံမြက်စည်းလှဲတာမဟုတ်ဘဲ လေတိုက်တော့ အပင်တွေ အကိုင်းလှုပ်ခါတဲ့ အသံပဲထင်ပါတယ်ဗျာ၊ ဆရာတော်ကြီးဟာ သူတော်ကောင်းကြီးပါဗျာ"

"ဟုတ်ပါတယ်ဗျာ၊ စိတ်မကောင်းလိုက်တာ၊ ရက်ရက်စက်စက်သတ်ရဲတဲ့ အကောင်တော့ ဘယ်လိုခံစားရမလည်း မသိဘူးနော်"

"ကျွန်တော့် ဖေဖေပြောဘူးတယ်၊ ဟိုဗျာ (ဓမ္မပဒ ဗာလဝဂ်)ထဲမှာ ဖော်ပြထားတယ်ဗျ"

* **ညှစ်ခါစနို့သည် မချဉ်မသိုး**
  **အမှိုး မထွက်သကဲ့သို့**
* **မကောင်းမှုသည် ပြာခါ၍ အမှိုး မလွတ်တတ်**
  **ပြာဖုံးသော မီးကျီခဲကဲ့သို့**
  **လူမိုက်ကို တငွေ့ငွေ့လောင်ကျွမ်းလျက်ရှိရာ၏**

ဟု ပြာဖုံးမီးခဲ လောင်မစဲဆိုတာ အဲဒီ အလင်း ဖော်ပြထားတယ်လေ၊ ပြစ်မှုမပေါ်ပေမဲ့ ပြုလုပ်သူတော့ တမြေ့မြေ့ တငွေ့ငွေ့ လောင်နေမှာ သေချာပြီ ကိုကြည်တင်ရေ"

ကျွန်တော်တို့နှစ်ယောက် ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်း တရုတ်ဆီးသီးတွေ ခူးခဲ့ပုံ၊ ဆရာတော်ကြီးလျှောက်ထားသောအခါ ရသမျှ ငွေကြေးတွေ ရွာလူကြီးတွေထံ အပ်ပြီး ဆရာတော်ကြီး တပြားတစ်ချပ်မျှ မကိုင် သမီးကဲ့သို့ ဖြစ်နေသော မခင်သီမှ ငွေကိစ္စပြောတော့

"တော်တော်လျှာရှည်တဲ့ မိချောင်းမ၊ ရွာလူကြီးတွေရသမျှစုပြီး ကထိန်ခင်းကြတာ နင်တို့အသိပဲ့၊ ငါက ငွေဆိုတာ တန်ဘိုး မသိဘူး။ ငွေရတော့ ငါဘာလုပ်ရမှာလည်း အင်း ဆွမ်းကျန်ဟင်းကျန်တွေကသာ ငါ့အတွက် ဒါနတန်ဖိုး အရှိဆုံး"ဟု မိန့်ကြားသံများ ပြန်လည်ကြားနေမိသည်ကား ယနေ့တိုင် နှစ်ပေါင်းသုံးဆယ်ကျော် ၁၉၇၄ ခုနှစ်က အဖြစ်ကို ပြန်လည်သတိတရဖြင့် ဓမ္မပဒ၊ ဗာလဝဂ်ထဲမှ လူမိုက်ကို တငွေ့ငွေ့ လောင်ကျွမ်းမည်မှာကား ကေန်မလွှဲ ငရဲတစ်လမ်းသွားသာ ဖြစ်ပေတော့မည် ဟုတွေးနေမိပါတော့သည်။

ထွဏ်းသစ် (ဗန်းမော်)



www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ . . .

မိမိဘဝရဲ့ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွေတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို သုစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

- အမှတ်(၂၀၅/က)၊
  ဝိတောက်(၅)လမ်း၊
  မြို့သစ်(ဂ)၊
  ဘုရင့်နောင်ရိပ်သာ၊
  အင်းစိန်မြို့နယ်၊ ရန်ကုန်၊
  ဖုန်း-၀၁-၆၄၃၀၃၀

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ဆုံးရှုံးသွားတဲ့ ငွေလေးတွေ ပြန်ရတတ်တဲ့ကာလ ဖြစ်ပါတယ်။ စီးပွားတက်မယ့်အချိန်ကာလ ဖြစ်နေတတ်တယ်။ ပညာရပ်တစ်ခုလည်း မမျှော်လင့်ဘဲ သင်ကြားရတတ်တယ်။ ကိုယ်နေထိုင်တဲ့အရပ်ရဲ့ အရှေ့အရပ်မှလည်းကောင်း၊ အနောက်အရပ်မှလည်းကောင်း ငွေများစွာ ဝင်လာတတ်ပါတယ်။ ယခုရောက်ရှိနေတဲ့ ကာလထဲမှာ ကဆုန်လ၊ နတ်တော်လများ ပါဝင်နေရင်တော့ ငွေများစွာ ဝင်လာတတ်ပါတယ်။ ဒါပေမဲ့လည်း ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ ရုတ်တရက် အရိုးအကြောနဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ သင်သည် မိန်းကလေး ဖြစ်ခဲ့ရင်တော့ အလုံးအကျိတ် ဖြစ်တတ်တယ်။ အထင်အမြင် လွဲမှားနေတတ်တယ်။ ဒါကြောင့် အကျိုးပေးသူကို တိုင်ပင်လိုက်ပါ။ အကျိုးကျေးဇူး ရရှိမှာ ဖြစ်ပါတယ်။ အိမ်ထောင်မရှိသေးတဲ့သူတွေ အိမ်ထောင်ဘက် ရမှာဖြစ်ပါတယ်။ တရားတဘောင် ရင်ဆိုင်ခဲ့ရရင်လည်း မိမိဘက်က ကြိမ်းသေပေါက် နိုင်မှာဖြစ်ပါတယ်။ မိမိရဲ့ အထက်လူကြီး၊ အတူနေမိသားစု အကြီးထဲမှ အဘိုးအဘွားများ ကျန်းမာရေး ညံ့တတ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်တတ်သောကာလ ဖြစ်ပါတယ်။ အမှုထမ်း၊ အရာထမ်းများအဖို့ ရာထူးတက်ခြင်း၊ အခြေအနေ မြင့်မားတိုးတက်ခြင်းများ ကြုံတွေ့တတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးနဲ့ပတ်သက်သောဝေဒနာ၊ မျက်စိ မကြာခဏ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆန်းညွှန့်(၁)ညွှန့်၊ ကံ့ကော်ညွှန့်(၁၅)ညွှန့်၊ ထီးဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

တနင်္လာ၊ စနေ

## ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

## ကံကောင်းသောနံပါတ်

၇၁၊ ၇၂၊ ၂၇၊ ၂၃

## အထူးသတိပြုရန်

ဤကာလအတွင်း မိမိမျက်စိရှေ့တွင် ကြက်နှစ်ကောင် ခွပ်နေသော နိမိတ်တွေ့ကလည်းကောင်း၊ ရိုးရာနတ်ကနေသော နိမိတ်တွေ့ကလည်းကောင်း ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကောက်ညှင်းပေါင်း လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စိတ်မောလူမောလေးတွေ ဖြစ်နေတတ်တယ်။ ကိုယ်က ပင်ပန်းပြီး အရာမရောက်တတ်တော့ တစ်ခါတလေ စိတ်ဒုက္ခရောက်ရတတ်ပါတယ်။ ဤကာလအတွင်း အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့ ပစ္စည်းများ ရခြင်းမျိုး ကြုံရ တတ်သော်လည်း ယခုကာလတွင် လက်ခံလိုက်ပါက အလဟဿ ကုန်သွားတတ်ပါ တယ်။ မိမိအလုပ်မှ ပြဿနာပေါင်းများ ပြန်ပေါ်လာတတ်တယ်။ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်း ကြုံတွေ့ရ တတ်ပါတယ်။ နိုင်ငံခြားသွားမည့်သူများ အဆင်ပြေပါလိမ့်မယ်။ စိတ်ရော ကိုယ်ပါ တည်ငြိမ်မှု မရှိသော ကာလဖြစ်နေတာကြောင့် မည်သည့်အရာမဆို ဆုံးဖြတ်ချက် မမြန်ပါနှင့်။ ခွေမျိုးသားချင်းတွေထဲက အကြီးအကဲ မိန်းမများ နာရေးကြုံရတတ် တယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ ပြုလုပ်လျှင် ခွေခန်းမျိုးခန်း ပျက်တတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆေးရုံတက်ကိန်းအထိ ဖြစ်တတ်ပါတယ်။ ခြေသည်း၊ လက်သည်းပုပ်ခြင်း ခြေထောက်သွေးခြေဥခြင်း၊ သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် ဝန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၉)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၇၊ ၇၅၊ ၇၂

### အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်၊ အိမ်ဆောက်၊ အိမ်ပြောင်းခြင်းမျိုး လုံးဝမလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေ့အိမ်ကဘုရားတွင် မြေပြူပန်း ၁၉ ပွင့်ကို လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ ဘုရားဆင်းတု တော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူအဖို့ ဤကာလတွင် လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါနှင့်ဦး။ ဝန်ထမ်းတွေအဖို့ လည်း လက်ရှိအလုပ်အကိုင်မှ ပြောင်းချင်စိတ်ပေါ်မယ်။ ပြောင်းလျှင် ဝိုဆိုးသွားတတ် တယ်။ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ မိသားစု အတွင်းမှာလည်း တစ်ယောက်နှင့်တစ်ယောက် အယူအဆ ကွဲလွဲခြင်း၊ အကြောင်း အရာတစ်ခုခုကို မဖော်ပြနိုင်ဘဲ စိတ်များ ရှုပ်ထွေးနေတတ်တယ်။ ဤကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရာနှင့်၊ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့လိမ့်မယ်။ ဆေးရုံ ဆေးခန်းသို့ သွားရတတ်တယ်။ အိမ်အောက်ပိုင်း ဒုက္ခပေး တတ်တယ်။ မိမိကိုယ်တိုင်လည်း ကျန်းမာရေး ညံ့တတ်တယ်။ ဖြစ်လျှင် ရုတ်တရက် ဖြစ်တတ်တယ်။ ကျောဒုက္ခပေးခြင်း၊ ကျောက်ကပ် ရောဂါရခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ ထန်း(၇)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| စနေ၊ ကြာသပတေး |

| ညံ့သောရက် |
|---|
| သောကြာ၊ တနင်္လာ |

| ကံကောင်းသောနံပါတ် |
|---|
| ၅၆၊ ၅၇၊ ၇၁၊ ၇၅ |

| အထူးသတိပြုရန် |
|---|
| ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းမျိုး မပြုလုပ်ပါနှင့်။ အပျော်ခရီး မသွားရပါ။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|
| မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နို့ဆွမ်း လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ လုပ်လိုက်ရတဲ့ အလုပ်တွေကလည်း မမောနိုင် မပန်းနိုင် လုပ်ရပြီး လုပ်သမျှအလုပ်တွေ အလွဲလွဲ အချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူး ဖြစ်နေမယ်။ ကိုယ့်အပူတင် မဟုတ်ဘူး။ မိသားစုအပူ၊ ပတ်ဝန်းကျင်အပူတွေကလည်း ကိုယ့်ကို ဟပ်စေပါတယ်။ မိသားစုဝင်တွေထဲက ကျန်းမာရေးညံ့လို့ ဆေးခန်းတွေ မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးက သက်ကြီးရွယ်အိုတွေ အိမ်ကို ဆေးကုသဖို့ လာတည်းခဲ့လျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညံ့ပြီး ဆုံးပါးသွားတတ်တယ်။ အထူးသဖြင့် အသက် ၅၃ နှစ် ရောက်နေတဲ့ တနင်္ဂနွေသားတွေဆိုရင် ဒီအချိန်မှာ ပိုဂရုစိုက်ပါ။ ဒီကာလမှာ ခရီးတွေ မကြာခဏ သွားရတတ်တယ်။ ခရီးကောင်းတွေပါပဲ။ ဒါပေမဲ့ ကူးသန်းသွားလာ ရောင်းဝယ်ခြင်းတွေကိုတော့ လုံးဝမပြုလုပ်သင့်ပါ။ ဒီကာလအတွင်းမှာ ကဆုန်လ၊ ဝါခေါင်လများမှာ ပါဝင်နေရင်တော့ မိမိရဲ့ အိမ်သူ၊ ဇနီးမယားနဲ့ စကားအခြေအတင် ပြောရခြင်း အခြားအမျိုးသမီးများနှင့် စွပ်စွဲပြောဆိုခြင်း၊ ရှုပ်ထွေးခြင်းမျိုး ကြုံတွေ့ရတတ်ပါတယ်။ ငွေလည်း ဆုံးရှုံးတတ်တယ်။ သင်သည် အိမ်ထောင်ရှင် အမျိုးသမီး ကိုယ်ဝန်ဆောင် ဖြစ်နေရင်တော့ ကလေးမီးဖွားရ ခက်ခဲတတ်ပါတယ်။ စက်ပစ္စည်း ဖုက္ခပေးတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ထီးနက်(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၃၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

မိမိပတ်ဝန်းကျင်တွင် ဆေးကိုးမားခြင်း၊ အစာအဆိပ်သင့်ခြင်း၊ အဝတ်အစား မီးလောင်ခြင်းနိမိတ်မျိုး တွေ့ပါက အမှုအခင်း ကြုံတွေ့ရတတ်တယ်။ သတိထားပါ။ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု သွေးထွက်သံယို ဖြစ်တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းဆွမ်း မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံနေမယ့်ကာလ ဖြစ်ပါတယ်။ ငွေတွေလည်း ဟိုက ဒီက ဝင်လာတတ်တယ်။ သင်သည် အဘက်ဘက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့ရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းပြုရခြင်း မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာတတ်တယ်။ သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ငွေနှင့်ပတ်သက်ပြီးတော့လည်း ဘာမှအခက်အခဲမရှိ လုပ်သမျှ အောင်မြင်နေမယ့်အချိန် ဖြစ်ပါတယ်။ အိမ်ထောင်ရှိတဲ့သူတွေကတော့ အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ငွေရှာရလွယ်ပေမယ့် စုဆောင်း၍ မရဘဲ ဖြစ်နေမယ်။ ဇွေဝင်လျှင် ကိုင်မထားရ၊ ရွှေဝယ်ထားပါ။ အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်တတ်တယ်။ အပျို လူပျိုတွေ အဖို့လည်း အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ ဒီကာလမှာ အင်္ဂါနံ၊ သောကြာနံနှင့်စသော အမည်ရှင်တွေကို ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစားမှား ဖြစ်တတ်တယ်။ ရက်တရက် သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိ၏မွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်၌ မြတ်စွာဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်ကို ရွှေသင်္ကန်းကပ်လှူခြင်း ရေသပ္ပာယ်ခြင်းများ ပြုလုပ်ပေးပါ။

## ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

## ညံ့သောရက်

သောကြာ၊ အင်္ဂါ

## ကံကောင်းသောနံပါတ်

၄၂၊ ၂၄၊ ၂၇

## အထူးသတိပြုရန်

အမှုအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြံရည် ၆ ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# သောကြာ သားသမီး



သင်သည် ယခုကာလတွင် အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မိမိနေအိမ်ကို ပြင်ဆင်မွမ်းမံရတတ်တယ်။ အိမ်အသစ်ဆောက်လျှင်လည်း ကိုယ့်အတွက် အကျိုးပေးသောအိမ်မျိုး ဖြစ်လိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်ပြီး လက်ရှိအလုပ်အပြင် အဆက်အသွယ်သစ်များ ပေါ်ပေါက်လာတတ်တယ်။ လုပ်ငန်းသစ်များလည်း ပြုလုပ်ရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူတွေဆိုရင် လုပ်ငန်းတွေ တိုးချဲ့ရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတက်ခြင်း၊ ပူးတွဲတာဝန်ထမ်းဆောင်ရတတ်တယ်။ အိမ်ထောင်မရှိသေးသူများအဖို့ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ သင်သည် ယောကျ်ားလေးဖြစ်ပါက မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲမျိုး ဖြစ်တတ်တယ်။ ဘုရားဆင်းတုတော်၊ ဓာတ်တော်၊ ရှင်သီဝလိ ရုပ်ပွားပုံတော်များ ကြွရောက်လာတတ်တယ်။ လူမျိုးခြား၊ ဘာသာခြားတွေ မ,စ တတ်ပါတယ်။ အလုပ်တွေ ကောင်းတယ်ဆိုပေမယ့် အတိုက်အခံတွေ ရှိတတ်တယ်။ မိမိအထက်လူကြီး(သို့မဟုတ်)ဖခင်မှ အထင်အမြင် လွဲမှားတတ်တယ်။ အိုးပိုင်၊ အိမ်ပိုင် ရှိနိုင်သောကာလ၊ အိုး၊ အိမ် ရှိပြီးသူများအဖို့လည်း ထပ်မံရနိုင်သော ကာလဖြစ်သောကြောင့် မိမိနေထိုင်ရာ အိမ်ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂ ပစ္စည်းများ အဝင်မခံရ။ သူတစ်ပါး၏အိမ်ကို တာဝန်ယူဆောက်လုပ်ပေးခြင်းမျိုး မပြုလုပ်သင့်ပါ။ ထို့ကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)မှာတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၃)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ငြိမ်းဖယောင်းတိုင်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| ဗုဒ္ဓဟူး၊ သောကြာ |

| ညံ့သောရက် |
|---|
| တနင်္ဂနွေ၊ ကြာသပတေး |

| ကံကောင်းသောနံပါတ် |
|---|
| ၆၅၊ ၆၄၊ ၄၆၊ ၄၃ |

| အထူးသတိပြုရန် |
|---|
| ယခုကာလတွင် မိမိအိမ်အနီးအနားတွင်လည်းကောင်း၊ မိမိအိမ်မျက်နှာချင်းဆိုင်တွင်လည်းကောင်း အိမ်ဖျက်ချခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မီးမ အရှုပ်အထွေး ပြဿနာများ ကြုံတွေ့ရလျှင် ညံ့တတ်ပါတယ်။ ထိုကဲ့သို့ ကြုံတွေ့ရပါက အကြောင်းကြားပါ။ အခက်အခဲများကို ဖြေရှင်းပေးပါမယ်။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|
| မိမိနေအိမ်ကဘုရားတွင် မကြာခဏ မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com



# စနေ သားသမီး



သင်သည် ယခုကာလတွင် လုပ်ပန်းပေမယ့် စိတ်ချမ်းသာမယ့် ကာလလေးဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အသေးအဖွဲ့ယ်ကောင်းများ ပေါ်လာလိမ့်မယ်။ စိန်ထည်ပစ္စည်း၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလအတွင်း မိမိပိုင်ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ဤကာလအတွင်း ထိမတိုသင့်ပါ။ ထိပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့တတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေကြေးဆုံးရှုံးတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အလှူသဖြင့် အနောက်အရပ်မှလာသော မိန်းမမျိုး ဖြစ်တတ်တယ်။ မိမိကိုးကွယ်သော ဆရာတော်တစ်ပါး ပျံလွန်တော်မူသည်မှာလေး သတင်းကြားပါက ကားမှတ်တိုက်မိတတ်တယ်။ ဂရုစိုက်ပါ။ မသွားချင်သော ခရီးများ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အသက်ကြီးသူ၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ရုတ်တရက် ဗိုက်အောင့်ခြင်း၊ ကားမှတ်တိုက်မိခြင်းမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံ့ (၉၄၅)ရက်တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွှန့်(၁)ညွှန့်၊ ကံ့ကော်ညွှန့်(၁၅)ညွှန့်၊ ကုက္ကား(၁၉)ခု တို့ကို လှူပေးပါ။ အညှို့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

## ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

## ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၄၂

## အထူးသတိပြုရန်

မိမိအိမ်ပတ်ဝန်းကျင်တွင် အလှူမင်္ဂလာပျက်သောနိမိတ်၊ မီးချောင်း ရုတ်တရက် ကျွမ်းသောနိမိတ်၊ ဖန်ခွက်တစ်ခွက် ကျကွဲသောနိမိတ် တွေ့ပါက ငွေကြေးဆုံးရှုံးခြင်း တစ်စုံတစ်ယောက်က မိမိကို အတတ်ပညာဖြင့် ပြုလုပ်ခြင်းမျိုး ကြုံရတတ်တယ်။ ကားမှတ်တိုက်မိတတ်တယ်။ အထူးဂရုစိုက်ပါ။

## ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ဆီး(ဇီး)ညွှန့်(၁)ညွှန့်၊ ဇာနီညွှန့်(၆)ညွှန့် ပူးချည်ပြီး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

# ရာဟု သားသမီး



သင်သည် ယခုကာလတွင် မမျှော်လင့်ဘဲ စာချုပ်စာတမ်းတစ်ခု ရရှိတတ်တယ်။ ဘုရားကိုးဆူ၊ ဘုရားအနေကဗာတင်တဲ့ ဗိတ်စာရရင် လူမျိုးခြားနဲ့ ပတ်သက်တဲ့ ကိစ္စတစ်ခု မုချအောင်မြင်ပါလိမ့်မယ်။ မမျှော်လင့်ဘဲ ပညာရပ်တစ်ခု သင်ကြားရတတ်တယ်။ အဲဒီပညာရပ်ကလည်း သင့်အတွက် အကျိုးပေးတဲ့ ပညာရပ် ဖြစ်နေတတ်ပါတယ်။ မိမိအိမ်မှာသော်လည်းကောင်း၊ အိမ်အနီးအနားမှာသော်လည်းကောင်း ပျားစွဲတဲ့နိမိတ်တွေ့ပါက သင်ဖြေဆိုထားတဲ့ စာမေးပွဲ အောင်မြင်ပါလိမ့်မယ်။ မြေဝယ်ဖို့ကိစ္စလည်း အဆင်ပြေမယ်။ ယခုကာလအတွင်း၊ တနင်္လာသားသမီး၊ သောကြာသားသမီး(သို့မဟုတ်)အဲဒီနေ့နံများပါသော သူများနှင့် အခက်အခဲ ဖြစ်တတ်တယ်။ ထိုသူများနှင့် ပြုလုပ်ရမယ့် ကိစ္စတွေဆိုရင် ကြာသပတေး၊ စနေ သားသမီးများနှင့် ပြုလုပ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်နဲ့ အသည်းကို ဂရုစိုက်ပါ။ ရတ်တရက် ဆီးကျင်၊ ဆီးအောင့် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၅၇၊ ၅၃၊ ၃၅

### အထူးသတိပြုရန်

ယခုကာလအတွင်း သွားရင်းလာရင်း ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်၊ တစ်စုံတစ်ယောက် သွားကျိုးသည်၊ သွားနာသည်ကို တွေ့ပါက ညံ့တတ်ပါတယ်။

ယခုကာလတွင် သခွားသီး နှင့် သကြား မစားရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် အင်္ဂါနေ့တိုင်း ဆီထမင်း ဆွမ်းကပ်ပေးပါ။

www.burmeseclassic.com